

# ဂေါတမဗုဒ္ဓ

နှင့်

# ကောသလမင်း

တို့၏

## လောကဓမ္မသဘာဝပြဿနာများဖြေရှင်းမှု


မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ.အေ)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)

ကျမ်းပြုရဟန်းတော်များနှင့်သုတေသီများအတွက်

# ဂေါတမဗုဒ္ဓနှင့်ကောသလမင်းတို့၏

# လောကဓမ္မသဘာဝပြဿနာများ

## ဖြေရှင်းမှု


ဦးကိုကိုမြင့်

(ပါမောက္ခ/တွဲဖက်ဌာနမှူး)

သုတ္တန္တပိဋကမဟာဌာန

---

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ ဘီ-အေ)

**ပုံနှိပ်မှတ်တမ်း**

၂၀၁၄ - ခုနှစ်၊ မေလ
ပထမအကြိမ်
အုပ်ရေ(၁၀၀၀)

ထုတ်ဝေသူ

ဦးကိုကိုမြင့်(မြ - ၀၄၈၉၉)
"ဆွေသဟာ"စာပေ
စ/၅၅၊ သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပမြို့နယ်

အဖုံးနှင့်အတွင်းစာသားပုံနှိပ်သူ

ဒေါ်လှမှူသိန်း
ဂုဏ်လင်းကျော်ပုံနှိပ်တိုက်
၂၄၊ ဗဟိုလမ်း၊ အလုံမြို့နယ်

**ဓမ္မဒါနအလှူရှင်**

နှစ်ဘက်သောမိဘများနှင့်ဆွေမျိုးများအား

အမှူးထား၍

အမှတ်(၈၂၀)၊ (၉)ရပ်ကွက်၊ ဝေဇယန္တာလမ်း

တောင်ဥက္ကလာပမြို့နယ်နေ

# အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစံငြိမ်း
# (မွေးနေ့အထိမ်းအမှတ်)

**+**

# ဒေါ်သိန်းဝင်း

မိသားစု

မှ

တက္ကသိုလ်ဘာဂသာပြန်နှင့်စာအုပ်ထုတ်ဝေရေးအတွက်

ပဒေသာပင်အဖြစ်

**ရိုက်နှိပ်ထုတ်ဝေလှူဒါန်းပါသည်**

လှူဒါန်းငွေပေါင်း-၁၄,၇၀၀၀၀ိ/-

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | ဏ |
| ၂။ | **ဂေါတမဗုဒ္ဓနှင့်ကောသလမင်း** | |
| | - ကောသလမင်းနှင့် ဗန္ဓုလစစ်သူကြီး | ၁ |
| | - ဘုရားဟုတ်-မဟုတ်မေးမှု- ဝန်ခံမှု | ၁၃ |
| | - ဂေါတမဗုဒ္ဓက မလ္လိကာကိုမိဖုရားဖြစ်မည်ဟု ကြိုတင်ဟောကြားမှု | ၁၆ |
| | - အမျိုးသမီးကောင်းကျင့်ဝတ်နှင့် ပြည့်စုံလျက်လင်ကိုနတ်ကဲ့သို့ ကိုးကွယ်သူမလ္လိကာ | ၁၉ |
| | - မိန်းမတို့အဆင်းလှ-မလှ | ၃၀ |
| | - ကောသလမင်းမက်သော အိပ်မက် (၁၆)ချက်ပြဿနာ | ၃၅ |
| | - ပုဂ္ဂိုလ်ခင်မှတရားမင်မှုပြဿနာ | ၅၆ |
| | - ကောင်းမှုမှန်သမျှ မမေ့မလျော့ကျင့်သင့်ပုံ | ၆၄ |
| | - မိမိသတ်သူကိုပြန်သတ်၍ ရန်မငြိမ်းမအေးနိုင်ပါ | ၆၉ |
| | - အင်္ဂုလိမာလကို နှိမ်နင်းရန်သွားသော ကောသလမင်း | ၇၂ |
| | - ရရှိပစ္စည်းမသုံးဆောင်တတ်က အကျိုးမဲ့ဖြစ်ရပုံ | ၇၆ |
| | - လောက၌ပုဂ္ဂိုလ်လေးမျိုးကွဲပုံ | ၈၀ |
| | - အစားအစာအတိုင်းအရှည်ပမာဏကိုသိသင့်ပုံ | ၈၄ |
| | - အောင်နိုင်သူကရန်ပွား၍ ရှုံးသူကဆင်းရဲစွာနေရ၏ | ၈၇ |

စဉ် အကြောင်းအရာ စာမျက်နှာ


- အကြွင်မျှလောက်မကောင်းမှုကအကျိုးမပေးသေး ထိုမျှလောက်လူမိုက်သည် အကောင်းထင်နေ၏။ ၈၉
- မျက်မှောက်-တမလွန်ခံစားရသော တစ်ခုတည်းသော တရားရှိ-မရှိ ၉၀
- အဆွေခင်ပွန်းကောင်း ၉၁
- အသက်ရှည်ခြင်းသည် သေခြင်းလျှင်အဆုံးရှိ၏ ၉၄
- လူအပေါင်းအားစီးပွားမဲ့၊ အကျိုးမဲ့ဖြစ်စေသောတရား ၉၅
- အဘယ်ပုဂ္ဂိုလ်၌အလှူကိုပေးအပ်ပါသနည်း ၉၆
- အိုသေ၊ တောင်မင်းကိုမည်သူမျှမကျော်ဖြတ်နိုင် ၉၉
- ဝိဋူဋဘမင်းသားနှင့်မိခင်၏ဘဝပြဿနာ ၁၀၂
- တရား၌ရိုသေမြတ်နိုးမှုသည် အကျိုးစီးပွားနှင့်စပ်သည် ၁၁၄
- အပြစ်တင်ထိုက်သောအမှုအကျင့် ၁၁၉
- သတ္တဝါသေသည်နောက်ဖြစ်-မဖြစ်ပြဿနာ ၁၂၃
- နောက်မှမိန်းမရိပ်လိုက်နေသောရဟန်းအား ကောသလမင်း ကိုယ်တိုင်ဖမ်းပုံ ၁၂၇
- ကောသလမင်း၏ ဒု-သ-န-သော အိပ်မက်ပြဿနာ ၁၃၅
- ချစ်ခြင်းကြောင့် ဆင်းရဲမှုဖြစ်ပေါ်သည် ၁၆၃
- မြတ်စွာဘုရား၌ပျပ်ဝပ်မြတ်နိုးပူဇော်ရမှု ၁၆၆
- အခြေအနေနှင့်အချိန်အခါကိုကြည့်၍လုပ်သင့်ပုံ ၁၇၁
- ကောသလမင်း၏အခါမဟုတ်စစ်ထွက်မှု ၁၇၄
- အမျိုးလေးပါး ထူးခြား-ခြားနားမှုရှိမှု ၁၇၆
- ကောသလမင်း၏လာဘ်စားမှုကိုဆုံးမခြင်း ၁၈၃

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- မင်းတို့ကျင့်အပ်သောတရားများ ၁၈၉
- မိမိအာဏာတန်ခိုးမတရားမစိုးမိုးရပါ ၂၀၆
- ပြည့်ရှင်မင်းတို့အဂတိလေးစားလိုက်စားသောအပြစ် ၂၀၉
- အုပ်ချုပ်သူတို့တရားပျက်က သစ်သီးဩဇာအဆီပျက်၏ ၂၂၀
- အစိုးရသောမင်းသည် အမျက်ကိုထိန်းသင့်သည် ၂၂၄
- သတ္တဝါတို့၏ဆင်းရဲမှုကို ဖြစ်စေသောတရား ၂၃၀
- အဘယ်သူသည် မိမိကိုယ်ကိုချစ်အပ်-မချစ်အပ်ပါသနည်း ၂၃၁
- မိမိကိုယ်ကိုစောင့်ရှောက်သူ-မစောင့်ရှောက်သူ ၂၃၃
- ဤလောက၌ကာမဂုဏ်မမက်သူတို့နည်းလှပုံ ၂၃၄
- သိလျက်နှင့်စစ်မှန်သောစကားကိုဆိုကြသောအကျိုးကြီးသူများ ၂၃၅
- မိမိထက်ပိုချစ်သောသူ ဤလောက၌မရှိပါ ၂၃၆
- ကောသလမင်းကြီး၏သားကောင်များနှင့်ယာဇ်စီရင်မှု ၂၃၇
- နှောင်ဖွဲ့မှုအစစ်အမှန်ဟူသည် ၂၃၈
- အချို့သောမိန်းမမြတ်၏သားကောင်းမိခင်ဖြစ်၍ နိုင်ငံတော်အတွက်အကျိုးရှိစေ၏ ၂၃၉
- အဆင်းမြင်ကာမျှရွှေမဟုတ်၊ အပြင်ရွှေရောင်အတွင်းအပုပ်ကျီးအာသီးပမာရှိသူ ၂၃၉
- အမြတ်ဆုံးသောအာရုံငါးပါးကာမဂုဏ်တရား ၂၄၂
- ကောသလမင်းအား ဘုရားရှင်ကဆုံးမသောမင်းကျင့်တရား ၂၄၅
- ကျေးဇူးရှိသောအမတ်ကိုသူတစ်ပါး၏ဂုံးတိုက်စကားကိုယုံမိ၍ပျက်စီးစေခြင်း ၂၅၁

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

- တရားစောင့်သူအား တရားကပြန်စောင့်၏ ၂၅၇
- ကောသလမင်းက မိဖုရားနှစ်ပါးကိုနန်းတွင်း၌ တရားစာသင်ခိုင်းမှု ၂၅၉
- ကောသလမင်းနှင့်ပြည်သူတို့၏အသဒိသဒါနပြိုင်ဆိုင်မှု ၂၆၅
- အလှူခံပုဂ္ဂိုလ်ကိုရွေးချယ်စိစစ်၍လှူဒါန်းသင့်ပုံ ၂၇၅
- ကောသလမင်းကြီး၏ စစ်သူကြီးအမတ်နှစ်ဦးခိုက်ရန်ဖြစ်မှုပြဿနာဖြေရှင်းခြင်းနှင့်မေတ္တာအကျိုး ၂၈၄
- ညီညွတ်သင့်တင့်ဘေးမဆင့်၊ အေးခွင့်လွန်သာယာ ၂၈၈
- ကာမဂုဏ်သော့သွမ်းသောမျောက် ၂၉၀
- ကောသလမင်းနှင့်မိဖုရားများ ရှင်အာနန္ဒာအားပုဆိုးတစ်ထောင်လှူဒါန်းမှုနှင့်ကျေးဇူးတရားသိမှု ၂၉၂
- မိမိအားအကျိုးပြုသူကိုသည်းခံရသည် ၃၀၅
- ကောသလမင်းကြီးအား မိတ်ဆွေနှင့်ရန်သူလက္ခဏာကိုခွဲခြားပြခြင်း ၃၀၈
- စည်းစိမ်မာန်ယစ်၊ ဘဝဟောင်းမေ့သူ၏အပြစ် ၃၁၂
- မလ္လိကာမိဖုရားအား အမျက်ထွက်မှုနှင့်ပတ်သက်၍တစ်ညဉ့်မျှကင်း၍ အနှစ်ခုနှစ်ရာငိုကြွေးရပုံ ၃၁၆
- မလ္လိကာမိဖုရား၏လားရာဘဝပြဿနာ ၃၂၂
- ကောသလမင်းကြီး၏ဘဝနိဂုံး ၃၂၈
- ဝိဋူဋဘမင်း၏ဆွေတော်မျိုးတော်များအားဂလဲ့စားချေသောအရေးအခင်း ၃၃၀

# အမှာစာ

ကျွန်တော်သည် အသက် (၁၉) နှစ်သားက ဓမ္မာစရိယအောင်ခဲ့သည်။ ဓမ္မာစရိယတန်းတွင် ဝိနယပိဋကတ်အတွက် ပါရာဇိကပါဠိတော်နှင့် အဋ္ဌကထာ သုတ္တန်တွင် သီလက္ခန္ဓပါဠိနှင့် အဋ္ဌကထာ၊ အဘိဓမ္မာတွင်ဓမ္မသင်္ဂဏီနှင့် ယင်းအဋ္ဌကထာ (အဋ္ဌသာလိနီ) ကိုသာသင်ယူခဲ့ရပြီး ဓမ္မာစရိယဘွဲ့ရခဲ့သည်။ ကျန်နိကာယ်များကို ဆက်လက်မသင်ခဲ့ရပါချေ။

ထိုမှတစ်ဆင့် ၁၉၆၀-ခုနှစ် နိုင်ငံခြားသာသနာပြုသံဃာတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားရသောအခါ အခြားအင်္ဂုတ္တနိကာယ်၊ မဇ္ဈိမနိကာယ၊ သံယုတ္တနိကာယများကို မိတ်ဆက်သဘောလောက်သာ လေ့လာခွင့်ရခဲ့သည်။ သို့သော် အနှစ်သာရကိုကား မခံစားမိ၊ မခံစားခဲ့ပါ။

ထိုမှတစ်ဆင့် ၁၉၉၅-ခုနှစ်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မြန်မာစာဌာန၌ တွဲဘက်ကထိက၊ ထိုမှတစ်ဖန် ဗုဒ္ဓဒေသနာပြန့်ပွားရေးဌာနသို့ တွဲဘက်ပါမောက္ခ၊ ထိုမှတစ်ဆင့် သုတ္တန္တပိဋကတ်ဌာနသို့ တွဲဘက်ပါမောက္ခအဖြစ် ပြောင်းရွှေ့သင်ကြားပေးရသည်။

ထိုအချိန်တွင် စာရေးသူသင်ရမည့် ဘာသာရပ်မှာ သုတ္တန်လာတရားများကိုခေတ်အမြင်ဖြင့် သုတေသနပြုလေ့လာသုံးသပ်ခြင်း ဘာသာရပ်ကို သင်ကြားပို့ချရသဖြင့် သုတ္တန္တပိဋကမဟာဌာနပြဋ္ဌာန်းပါ ဒီဃနိကာယ၊ အင်္ဂုတ္တရနိကာယ၊ မဇ္ဈိမနိကာယ၊ သံယုတ္တနိကာယ၊ ခုဒ္ဒကနိကာယများကို လေ့လာခွင့်ရပြီး ကောင်းနိုး

ရာကိုထုတ်နှုတ်၍ ခေတ်အမြင်ဖြင့် သုတေသနပြု သုံးသပ်အကဲခတ်သင်ပြခဲ့ရပါသည်။

ထိုအခါ သုတ္တန္တရပိဋကတ်ထဲတွင် ပါဝင်သောအကြောင်းအရာများကို လေ့လာကြည့်သောအခါ ဗုဒ္ဓကိုပြဿနာရှာသူ၊ လောကဓမ္မသဘာဝဆွေးနွေးသူ၊ မေးမြန်းသူပရိဗိုဇ်များ၊ တက္ကတွန်းများ၊ ပုဏ္ဏားများ၊ မင်းများ၊ သူဌေးများ၊ သူကြွယ်များ၊ သာမာန်လူတန်းစားများ၊ လူတန်းစားမျိုးစုံပါဝင်ခဲ့ပါသည်။ ထိုပြဿနာများ လောကဓမ္မသဘာဝများကို လေ့လာသုံးသပ်ကြည့်သောအခါ လောကီနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စသည်ကဏ္ဍမျိုးစုံပါဝင်နေသည်ကို တွေ့ရပါသည်။

ဗုဒ္ဓ၏ထိုပြဿနာ၊ ထိုလောကဓမ္မသဘာဝများတို့သည် ဗုဒ္ဓစာပေ၌ လူသားတို့လက်လှမ်းမမှီနိုင်သော ပါဠိစာပေနှင့်သာရှိနေ၍ လူသားတို့ ထိုပြဿနာ၏ အနှစ်သာရ၊ ထိုလောကဓမ္မသဘာဝများ၏အနှစ်သာရများကို လူသားတို့မခံစားနိုင်ဘဲ ရှိနေရပါသည်။

ထိုပြဿနာ ထိုဓမ္မသဘာဝတရားများသည် ပစ္စုပ္ပန်လက်ရှိလူသားတို့ တကယ်လိုက်နာကျင့်သုံးက တကယ်အကျိုးကျေးဇူးခံစားရမည့် လမ်းညွှန်ချက်များဖြစ်ကြပါသည်။

သို့အတွက် စာရေးသူသည် ပိဋကတ်သုတ္တန်ပါ လောကလူသားအကျိုးပြုအနှစ်သာရကျင့်စဉ်များကို လူသားတို့သိရှိနားလည် သဘောပေါက်ပြီး ကျင့်သုံးနိုင်ရန်အတွက်-

- ဗုဒ္ဓဂေါတမနှင့်ပုဏ္ဏားကြီးများတို့၏လောကဓမ္မပြဿနာများဖြေရှင်းနည်း
- ဗုဒ္ဓဂေါတမနှင့်သာမန်ပုဏ္ဏားများတို့၏ လောကဓမ္မသဘာဝဓမ္မပြဿနာဖြေရှင်းနည်း၊
- ဗုဒ္ဓဂေါတမနှင့် ပရိဗိုဇ်များ၏လောကဓမ္မသဘာဝပြဿနာဖြေရှင်းနည်း
- ဗုဒ္ဓဂေါတမနှင့် တက္ကတွန်းများ၏ လောကဓမ္မသဘာဝပြဿနာဖြေရှင်းနည်း
- ဗုဒ္ဓဂေါတမနှင့် သူဌေးကြီးများ၏ လောကဓမ္မသဘာဝပြဿနာဖြေရှင်းနည်း
- ဗုဒ္ဓဂေါတမနှင့် သူကြွယ်များ၏ လောကဓမ္မသဘာဝပြဿနာဖြေရှင်းနည်း

- ဗုဒ္ဓဂေါတမနှင့် ဖြဟ္မာသိကြားများ၏ လောကဓမ္မသဘာဝပြဿနာဖြေရှင်းနည်း
- ဗုဒ္ဓဂေါတမနှင့် နတ်ဒေဝတာများ၏ လောကဓမ္မသဘာဝပြဿနာဖြေရှင်းနည်း
- ဗုဒ္ဓဂေါတမနှင့် မင်းတို့၏လောကဓမ္မသဘာဝပြဿနာဖြေရှင်းနည်း

ဟူ၍ အပိုင်းလိုက်၊ အပိုင်းလိုက်ရေးသားပြုစုခဲ့ပါသည်။

ဗုဒ္ဓဂေါတမနှင့် မင်းများ၏လောကဓမ္မပြဿနာများကိုရေးစဉ် ကောသလမင်းကြီး၏အကြောင်းများစွာကို စိတ်ဝင်စားဖွယ်ရာ တွေ့မြင်လေ့လာဖတ်ရှုခဲ့ရပါသည်။

စာရေးသူတို့ငယ်စဉ် ပညာသင်စဉ်က ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းများ ပညာသင်စဉ်က နှစ်အလိုက်ဇာတ်တော်များ ပါဝင်ခဲ့၍ ကောသလမင်းအကြောင်းကို အနည်းငယ်သိရသည်။ သို့သော် ကောသလမင်းနှင့် ဒု-သ-န-သော ဇာတ်လမ်းနှင့် ကောသလအိမ်မက်တို့က ဘုရားတော်တော်များ၌ ပန်းချီဆွဲပြထား၍ အတော်ပင်ရင်းနှီးနေရပါသည်။

ကမ္ဘာ့ဒေသံဃတက္ကသိုလ်၌ ပညာသင်စဉ်ချိန်ဝယ် ဗုဒ္ဓ၏ပါဠိစာပေသမိုင်းနှင့် ပိဋကတ်အတော်များများကို လေ့လာခွင့်ရသလို သီဟိုဠ်ပြည်ဖြစ်ဗုဒ္ဓဝင်၊ အနာဂတဝင်၊ ဒီပဝင်၊ မဟာဝင်၊ ဗောဓိဝင်၊ ဒါဌာဓာတုဝင်၊ နလာဋဓာတုဝင်၊ ထူပဝင်၊ ရွှေပြည်ဝင်၊ ဆကေသဓာတုဝင် ဟူသောဝင် (၉) ဝင်ကျမ်းတို့ကို လေ့လာခွင့်ရခဲ့သည်။

ထိုဝင် (၉) ဝင်တွင် အနာဂတဝင်ကျမ်းကို လေ့လာရသောအခါ အနာဂတဝင်ကျမ်းလာ **"နူမှာငါးရာ၊ ရင့်မှာတစ်ကျိပ်"**ဟူသော နောင်အနာဂါတ်ကာလတွင် ပါရမီရင့်ကြ၍ ပွင့်တော့မည်။ ဘုရားလောင်း (၁၀)နှင့် ပါရမီမရင့်ကြသေးသော ဘုရားဆုပန်ပုဂ္ဂိုလ် ၅၀၀-ကို လေ့လာခွင့်ရပါသည်။ ဤစကားသည် စူဠဗုဒ္ဓဃောသစီရင်သော သောတ္ထဂီကျမ်း၌လည်း လေ့လာတွေ့ရှိခဲ့ရပါသည်။ ယင်းရင့်မှာတစ်ကျိပ်မှာ -

၁။ အဇိတမထေရ်သည် - အရိမေတ္တေယျဘုရား

၂။ ရာမသည် - ရာမဘုရား

၃။ ပသေနဒီကောသလမင်းသည် ဓမ္မရာဇာဘုရား

| | | |
|---|---|---|
| ၄။ | အဘိဘူနတ်သည် | ဓမ္မသာမိဘုရား |
| ၅။ | ဒီဃသောဏိသည် | နာဒရဘုရား |
| ၆။ | စင်္ကီပုဏ္ဏားသည် | ရိသိမုနိဘုရား |
| ၇။ | သုဘပုဏ္ဏားသည် | ဒေဝဒေဝဘုရား |
| ၈။ | တောဒေယျပုဏ္ဏားသည် | နရသီဟဘုရား |
| ၉။ | ဓနပါလဆင်မင်းသည် | တိဿဘုရား |
| ၁၀။ | ပုလလဲဆင်မင်းသည် | သုမင်္ဂလဘုရား |

ဤရင့်မာတစ်ကျိပ်တို့သည် အစဉ်အတိုင်းဘုရားအဖြစ်ကို ရောက်ကုန်လတ့်၊ ဤဘုရား (၁၀) ဆူတို့သည် ဂေါတမဘုရားနောက် မေတ္တေယျစသည်ဖြင့် ဆင့်ကာဆင့်ကာအစဉ်အတိုင်း ပွင့်တော်မူကြမည့် အရင့်အမာဘုရားလောင်းဖြစ်ကြ၍ ရင့်မာတစ်ကျိပ်ဟုခေါ်ကြသည်။

ထိုဘုရား (၁၀) ဆူနောက်ပွင့်တော်မူကြသည့်ဘုရားလောင်း (၅၀၀)တို့က ဘုရားဖြစ်ရန်ပါရမီ အလွန်နုသေးသောကြောင့် နုမှာငါးရာဟု ဆိုထားပါသည်။

အနာဂတဝင်၌ မဏ္ဍကမ္ဘာ၌ ရာမဘုရားသခင် သာသနာတော်ကွယ်ပြီးသော် ပသေနဒီကောသလမင်းသည် ဓမ္မရာဇာဘုရားဖြစ်လတ့်၊ သက်တော်ကားငါးသောင်း၊ အရပ်တော်ကသန်းတောင်ခြောက်ဆယ်၊ ကံ့ကော်ပင်ဗောဓိပင်ဖြစ်လတ့်၊ ကြွသွားတိုင်းကြွသွားတိုင်း ကြာပန်းနှစ်ပွင့်တို့သည် မြေကိုခွဲ၍ ခြေတော်ကို ခံလတ့်၊ ကြာပန်းတစ်ပွင့်တစ်ပွင့်သည် လှည်းဘီးပမာဏရှိလတ့်၊ ရပ်တော်မူသောအခါ၌လည်း ကြာပန်းနှစ်ပွင့်တို့သည်သာလျှင် ခြေတော်နှစ်ဘက်တည်လတ့်၊ ထိုင်တော်မူသော်ကား ရတနာခုနှစ်ပါးဖြင့်ပြီးသော ပဒုမာကြာတစ်ပွင့်မြေမှ ပေါ်လာ၍ ခံလတ့်၊

ထိုဘုရားလောင်း၏ ဘုန်းကံအာနုဘော်ကြောင့် ပဒေသာပင်မြေမှ ပေါက်လတ့်၊ လူအပေါင်းသည် ထိုပဒေသာပင်ကိုအမှီပြု၍ မိမိတို့ကိုယ်ကို မွေးမြူလတ့်၊ လယ်မထွန်ရ၊ ကုန်မသွယ်ရပဲ ဘုရားရှင်၏အာနုဘော်ကြောင့် ဤပြည့်စုံမှုဖြစ်လတ့်၊

ဓမ္မရာဇာဖြည့်ဆည်းအပ်သော ပါရမီတို့တွင်တစ်ပါးသည် အလွန်တရာထင်ရှား၏။ ထိုပါရမီကြောင့် ဤပြည့်စုံမှုဖြစ်လတ့်၊

ကောဏဂုံဘုရားလက်ထက်၌ ဘုရားအလောင်းပဿေနဒီကောသလမင်းသည် သုဒ္ဓလုလင်အမည်ရှိလေသည်။ သူသည် အိုင်တစ်ခု၌ ကြာပွင့်ကိုစောင့်ရ၏။ နေ့စဉ်နေ့တိုင်း ကြာနှစ်ပွင့်ကိုယူ၍ ရောင်း၏။ ကြာပန်းနှစ်ပွင့်အဖိုးဖြင့် ဆန် (၈) လက်ဆွန်းရ၏။ ထိုအဖိုးအခအားဖြင့် မိမိကိုယ်ကိုအသက်မွေး၏။

တစ်နေ့တွင် ထိုကြာပွင့်ကိုရောင်းရန် လမ်းထွက်ခဲ့၏။ ထိုအချိန်တွင် ကောဏဂုံမြတ်စွာဘုရားသည် ဆွမ်းအလို့ငှါလှည့်လည်သည်ရှိသော် ထိုသုဒ္ဓလုလင်ကို မြင်တော်မူလျှင် သဗ္ဗညုတဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူ၍ -

ဗုဒ္ဓအန္တယ်၌တည်သော ဤသုဒ္ဓလုလင်သည် ပါရမီတို့ကိုဖြည့်ကျင့်လတ့်ယခုခါ ထိုဘုရားလောင်းကို ဗျာဒိတ်ကြားအံ့ဟု ကြံစည်တော်မူလေ၏။

ထိုသို့ကြံစည်ပြီးနောက် ဘုရားရှင်သည်ပြုံးတော်မူ၏။ လုလင်သည် ဘုရားရှင်ပြုံးတော်မူခြင်းကိုမြင်၍ တည်ခြင်းငါးပါးဖြင့် ရှိခိုး၍ -

"အရှင်ဘုရား. . . တပည့်တော်သည် အရှင်ဘုရားတို့၏ ဆွေမျိုးမဟုတ်ပါ၊ အဆွေခင်ပွန်းလည်း မဟုတ်ပါ။ အဘယ့်ကြောင့်ပြုံးရယ်ခြင်းကို အထင်အရှားပြုတော်မူပါသနည်း"

ဟု မေးလျှောက်သည်။

ထိုအခါ ကောဏဂုံဘုရားက သုဒ္ဓလုလင်ကို-

"သုဒ္ဓ. . . သင်သည် ငါ၏ညီတည်း၊ တစ်မိတစ်ဖတည်းဖြစ်ပေအံ့။"

ဟု မိန့်တော်မူသည်။

"တပည့်တော်သည် အရှင်ဘုရားတို့၏ ညီအဘယ်သို့ဖြစ်ပါသနည်း။"

"သုဒ္ဓ. . . ဤဘဒ္ဒကမ္ဘာလွန်သည်ရှိသော် ဘုရားမပွင့်သောအသင်္ချေယျကပ်ဖြစ်လတ့်၊ ထိုအသင်္ချေယျကပ်လွန်သော် မဏ္ဍကမ္ဘာဖြစ်လတ့်၊ ထိုမဏ္ဍကမ္ဘာ၌ ဘုရားနှစ်ဆူပွင့်လတ့်၊ ရှေးဦးစွာရာမမည်သောဘုရား ဖြစ်လိမ့်မည်။ ရာမဘုရားလွန်သော် နောင်အနာဂါတ်၌ အရှင်သည်ဓမ္မရာဇာမည်သော ဘုရားဖြစ်လိမ့်မည်။ ငါသည် ရှေးဖြစ်သောဘုရားတည်း၊ သင်ကားနောက်ဘုရားတည်း၊ ထို့ကြောင့် သင်သည် ငါ၏ညီတည်းဟု ငါဆို၏။

ကောဏဂုံဘုရား၏စကားကိုကြားလျှင် သုဒ္ဓလုလင်သည် စိတ်ကြည်လင်ပြီး

"ဘုရားရှင်တို့ စကားမည်သည် တစ်မျိုးတစ်မည်ဖြစ်ရိုးမရှိ မှန်သည်သာ တည်း၊ ငါကားပန်းဖိုးဖြင့် အသက်မွေးရ၏။ ဤကြာပန်းနှစ်ပွင့်ကို ဘုရားအား ငါလှူမည်။"

ဟု ကြံစည်ပြီးလျှင် ဘုရားရှင်အား ကပ်လှူလေသည်။

ဘုရားရှင်သည် ကြာပန်းကိုခံယူပြီး ကြာပန်းနှစ်ပွင့်အထက်၌ ထိုင်တော်မူသည်။ သုဒ္ဓလုလင်သည် ကြာပန်းအထက်၌ထိုင်သော ဘုရားရှင်ကိုဖူးမြင်ရလေလျှင်-

"နေပူရှိန်သည် ဘုရားရှင်ကို မပူလောင်စေသတည်း။"

ဟု ကျူရိုးလေးချောင်းကိုယူပြီးလျှင် အရပ်လေးမျက်နှာ၌ စိုက်ထူ၍အဝတ်နှစ်ထည်ကိုယူပြီးလျှင် ကျူရိုးတို့ဖြင့် အကာအရံပြု၍ နေကာပြီးလျှင်-

"အရှင်ဘုရား. . . ဤကြာပန်းအလှူကြောင့်လည်းကောင်း၊ အဝတ်အလှူကြောင့်လည်းကောင်း၊ ဘုရားဖြစ်ရပါလို၏။"

ဟု ဆုတောင်းလေသည်။ ထိုအခါ ကောဏဂုံဘုရားရှင်က-

"သင့်စိတ်အကြံအစည်အတိုင်း အလျှင်အမြန်သာလျှင်ဖြစ်စေ"

ဟု ပြဟ္မာမင်းအသံနှင့်တူသော အသံဖြင့်မိန့်ကြားလေသည်။

ထိုအသံသည် အောက်နဂါးပြည်၊ အထက်ပြဟ္မာပြည်တိုင်အောင် တက်လေသည်။ ထိုအခါ နဂါးများ၊ နတ်ပြဟ္မာများသည် လာရောက်ကြ၍ ဘုရားရှင်ကို-

"အရှင်ဘုရား. . . ပြည့်စုံစေသတည်းဟု အဘယ်ကြောင့်မိန့်တော်မူပါသနည်း။"

ဟု မေးလျှောက်ကြသည်။

"အချင်းတို့. . . ဤသုဒ္ဓလုလင်သည် နေပူကျဲကျဲ၌ထိုင်နေသော ငါကို အဝတ်ဖြင့်နေကာပေး၏။ ထိုကောင်းမှုကြောင့်သာလျှင် သူ၏ဆုတောင်းပြည့်စေဟု ငါဆို၏။"

"ပြည့်စုံရသောအဖြစ်သည် အဘယ်ပါနည်း၊ အဘယ်အထောက်အပံ့ပါနည်း။ အဘယ်သို့ဖြစ်ရပါသနည်း။"

"အချင်း. . . နဂါး၊ နတ်၊ ပြဟ္မာတို့ ဤကမ္ဘာမှလွန်သော် ဘုရားမပွင့်သော အသင်္ချေယျသုညကပ်ဖြစ်လတ့်၊ ထိုသုညကပ်လွန်သော် မဏ္ဍာကမ္ဘာဖြစ်ပေါ်လတ့်၊ ထိုမဏ္ဍာကမ္ဘာ၌ ရှေးဦးစွာရာမဘုရား၊ နောက်၌သုဒ္ဓလုလင်သည် ဓမ္မရာဇမည်သော ဘုရားဖြစ်လတ့်"

ဟု သူ၏ဆုတောင်းပြည့်အံ့သောအကြောင်းကို မိန့်ကြားသည်။

ထိုအခါ နဂါး၊ နတ်၊ ပြဟ္မာတို့သည် သုဒ္ဓလုလင်အားကောင်းချီးပေး၍ အကြီးအကျယ် ပူဇော်ကြလေသည်။

ကောဏာဂုံဘုရားအား ကြာပန်းလှူသောအကျိုးကြောင့် သုဒ္ဓလုလင်၏ ဘုရားဖြစ်ရာကာလ၌ ကြွတော်မူတိုင်း လှည်းဘီးပမာဏရှိသော ကြာပွင့်နှစ်ပွင့် ခြေတော်အပြင်၌ခံလတ့်၊ ကြာပန်းလှူခဲ့သောအကျိုးအားကြောင့် ထိုင်လေရာ၊ အိပ်လေရာ၌ ရတနာခုနှစ်ပါးဖြင့်ပြီးသော အလွန်နီရဲသော ပဒုမ္မာကြာရုံဖြစ်ပေါ်လတ့်၊ အသက်စွန့်၍ ပဒုမ္မာကြာပန်းအလှူကို လှူခဲ့ဖူးသောကြောင့် သက်တမ်း ငါးထောင်ရှိလတ့်၊

ကောဏာဂုံဘုရား ဗျာဒိတ်ကြားရာနေရာ၌ ပဒေသာပင်တစ်ပင်ပေါက်လတ့်၊ ထိုဗုဒ္ဓလုလင်သည် ထိုအခါမှစ၍ အလှူ၏အစွမ်းအားဖြင့် ထိုပဒေသာပင်ကို လူအပေါင်းတို့နှင့် ဆက်ဆံသည်ကိုပြု၏။ လူခပ်သိမ်းတို့သည် ပဒေသာပင်ကို အမှီပြု၍အသက်မွေးကုန်၏။သုဒ္ဓလုလင်သည် ကြီးစွာသောစည်းစိမ်ကို အစဉ်ခံစား၍ မိမိ၏အသက်ထက်ဆုံးတည်နေပြီးလျှင် အသက်၏အဆုံး၌ နတ်ပြည်ကိုရောက်စေလေသည်။

လူခပ်သိမ်းတို့သည် မေတ္တေယျဘုရားကို တောင့်တကြကုန်၏။ အကယ်၍ ထိုမေတ္တေယျဘုရားဖူးခွင့်မရမူ ရာမဘုရားကိုဖူးတွေ့ခွင့်ရရာ၏။ အကယ်၍ မရကြလျှင် ဓမ္မရာဇာဘုရားကို စောင့်တကြကုန်လတ့်၊"

ဟု သေဗောဓိသတ္တုပ္ပတ္တိကထာ၌ ကောသလမင်း၏ ရင့်မှာတစ်ကျိပ်ပါပုံကို ဖော်ပြထားပါသည်။

ယခုကောသလမင်းဘဝတွင် ပိဋကတ်စာတို့၌ ကောသလမင်းသည် ဉာဏ်ပညာ ထုံထိုင်း၊ အသိဉာဏ်အားနည်း၍ မလ္လိကာလှည့်စားသမျှကို ခံစားရသည်။

တိုင်းပြည်အုပ်ချုပ်ရာ၌ မဆင်မခြင်အာဂတိလေးပါးလိုက်စားလုပ်သည်။ မင်းကျင့်တရား ပျက်ပြား၍ မင်းကျင့်တရားကို ဗုဒ္ဓကဟောကြားသည်။ သူတစ်ပါးသားမယားကို မတရားသိမ်းပိုက်လိုသဖြင့် ဒု-သ-န-သော- ပြဿနာပေါ်ရသည် စသည်ကောသလမင်း၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စစ်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားနည်းချက်များကို ဖော်ပြထားသည်။ ထိုအားနည်းချက်များကို ဘုရားရှင်က ဟောကြားဆိုဆုံးမသည်။

ထိုသို့ ကောသလမင်းကို ဘုရားရှင်က ဆိုဆုံးမရာမှဗုဒ္ဓ၏ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နည်းစနစ်များကို လေ့လာခွင့်ရခဲ့ကြရသည်။

စာရေးသူသည် ဘုရားလောင်းကောသလမင်းဟုဆိုထားလျက် အဘယ်ကြောင့် ယခုဘဝဉာဏ်ထိုင်းပြီး အသိအလိမ္မာအားနည်းရသနည်းကို သုံးသပ်လေ့လာလိုစိတ်ပေါ်လာသည်။ ဘုရားရှင်နှင့် အကြိမ်များစွာဖူးတွေ့ရခြင်း၊ အတုမရှိသောအသဒိသဒါနကို ပေးလှူခဲ့ရခြင်း၊ တရားနာကြားခွင့်ရခြင်းရှိလျက် ဗိမ္ဗိသာရနှင့် အခြားမင်းများလို သောတာပန်အရိယာမျှမဖြစ်ခြင်းတို့ကို စိတ်ဝင်စားမိပါသည်။ ဘုရားဆုပန်ပုဂ္ဂိုလ်ရင့်မှာ တစ်ကျိပ်ဖြစ်သူဖြစ်၍ သောတာပန်စသောအရိယာမဖြစ်စေနိုင်သော်လည်း အဘယ်ကြောင့်ဉာဏ်ထိုင်း အသိဉာဏ်နည်းရသည်ဟုဆိုသည်ကို ဘဝင်မကျဖြစ်ပေါ်မိသည်။

သို့အတွက် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတို့၌ ပါဝင်သောကောသလမင်း၏ ဘုရားရှင်နှင့်တွေ့ဆုံမှုများကို လေ့လာမိပါသည်။

ထိုသို့လေ့လာရာမှ ဗုဒ္ဓသည် ကောသလမင်းနှင့်ပတ်သက်၍ ဟောကြားချက်များကို သံဂါယနာမထေရ်တို့က ကောသလသံယုတ်ဟု သီးသန့်ထုတ်နှုတ်ပြရသည်အထိရှိခဲ့သည်ကို တွေ့ရပါတော့သည်။

ကောသလမင်းနှင့် ဗုဒ္ဓတို့တွေ့ဆုံပြီး ပြဿနာမေးပြဿနာဖြေကြားရာ၌ သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ရေးအတွက် မေးသည်ကိုမတွေ့ရ၊ ဗုဒ္ဓက ကောသလမင်းကြီးကို သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ရေးကျင့်စဉ် အနည်းဆုံး သောတာပတ္တိမဂ်အဆင့်ရရေး တရားအထိဟောသည်ကို မတွေ့ရပါ။ ကောသလ

မင်းနိုင်ငံအုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စစ်ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ဆိုင်ရာဟောပြောလမ်းညွှန်ချက်များသာ အများဆုံးရပါသည်။

သို့အတွက် ဗုဒ္ဓဂေါ်တမနှင့်ကောသလမင်းတို့၏ လောကဓမ္မသဘာဝ ပြဿနာဖြေရှင်းမှုများသည် ယနေ့လောကလူသားတို့အတွက် လိုက်နာကျင့်သုံးရန် ယခုလည်းလိုအပ်နောင်လည်းလိုအပ်ဦးမည့် ကျင့်ဝတ်များ၊ နည်းပရိယာယ်များ၊ လုပ်ထုံးလုပ်နည်းများ ဖြစ်နေသည်ဟု စာရေးသူယုံကြည်မျပါသည်။

သို့အတွက် စာရေးသူသည် ဗုဒ္ဓဂေါ်တမနှင့် ကောသလမင်းတို့၏ အကြောင်း ကို နိကာယ်ငါးရပ်တွင် ဟောကြားထားသည်များကို ထုတ်နှုတ်၍ ဤမည်သော **ဗုဒ္ဓဂေါ်တမနှင့်ကောသလမင်းတို့၏ လောကသဘာဝဓမ္မပြဿနာဖြေရှင်းနည်း** ဟူသော စာမူကိုရေးသားပြုစုရပါသည်။

ဤစာကိုဖတ်ရသော တိုင်းပြည်အုပ်ချုပ်ကြမည့်ခေါင်းဆောင်များ စစ်ရေး ခေါင်းဆောင်များ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆောင်ရွက်ကြသူများ အတွက် များစွာအထောက်အကူ ရကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စိတ်အေးချမ်းစွာနှင့် ရေးသားပြုစုနိုင် ရန် ပါရမီဖြည့်ပေးသော ဇနီးဒေါ်တင်အေး၊ ကွန်ပျူတာစီစဥ်ပေးသော သမီး ခင်သူဇာ (ဘီ. အေ၊ စီးပွားစီမံ) (ဆွေသဟာစာပေထုတ်ဝေရေး) စာအုပ်စာတမ်း ကူညီရှာပေးကြသောပုဂ္ဂိုလ်များ၊ ကွန်ပျူတာစာစီပေးသော မမြမြသင်း(ဘီအေ၊သမိုင်း) နှင့် ထုတ်ဝေသူစာပေတိုက်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်း ပြုအပ်ပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ**
**တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီ.အေ)**

**ဦးကိုကိုမြိုင်**
**အမှတ်(၅၅)၊ သုနန္ဒာ (၃)လမ်း**
**စ-ရပ်ကွက်၊ မ/ဥက္ကလာပ**
**ဖုန်း- ၆၉၀၃၂၄**

## ကောသလမင်းနှင့် ဗန္ဓုလစစ်သူကြီး

သာဝတ္ထိပြည်၌ မဟာကောသလမင်းကြီး ထီးနန်းစိုးစံသည်။ ထိုမင်းကြီး၏ သားတော်သည် ပသေနဒီကောသလအမည်ရှိသည်။ ဝေသာလီပြည်၌ လိစ္ဆဝီမင်း၏သားတော်သည် မဟာလီအမည်ရှိသည်။

ကုသိနာရုံပြည် မလ္လမင်း၏သားတော်သည် ဗန္ဓုလအမည်ရှိ၏။

ဤမင်းသားသုံးယောက်သည် တက္ကသိုလ်ပြည်သို့ ပညာသင်သွားစဉ် တက္ကသိုလ်၏မြို့ပြင်ဇရပ်၌ ကောင်းစွာပေါင်းဆုံမိကြပြီး အချင်းချင်းလာရောက်ကြောင်း၊ အမျိုးအနွယ်အမည်တို့ကို အသီးသီးမိတ်ဆက်ပြီးကြသော် အဖော်အဆွေခင်ပွန်းဖြစ်ကုန်ကြသည်။

တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာထံ၌ အတတ်ပညာတို့ကို အတူတကွ အပြီးတတ်မြောက်အောင် သင်ယူခဲ့ကြသည်။ ပညာသင်ကြားတတ်မြောက်ပြီးသောအခါ ဆရာအားပညာသင်အဖိုးအခကိုပေးပြီး အတူတကွ တက္ကသိုလ်ထွက်ခဲ့ကြပြီး မိမိတို့၏တိုင်းပြည်အသီးသီးသို့ ပြန်ခဲ့ကြသော်။

ပသေနဒီမင်းသားသည် ခမည်းတော်မင်းကြီးအား အတတ်ပညာမျိုးစုံကို ပြသပြီးသော် မင်းကြီးကတပ်နှစ်သက်၍ မင်းအဖြစ်တိုက်ရိုက် အဘိသိက်သွန်း၍ မင်းမြှောက်လေးလေသည်။

မဟာလီမင်းသားသည် လိစ္ဆဝီမင်းတို့အား အတတ်ပညာကို ပြသည်ရှိသော် ကြီးကျယ်သောလုံ့လဖြင့်ပြသရာ မျက်စိကွဲပျက်ခြင်းခြင်းသို့ ရောက်ခဲ့သည်။

လိစ္ဆဝီမင်းတို့သည်-

"ဆရာသည် အံ့ဖွယ်ရှိပေစွတကား၊ မျက်စိပျက်စီးခြင်းသို့ ရောက်ခဲ့ရလေပြီတကား ထိုသို့ပျက်စီးခြင်းသို့ရောက်သော်လည်း ဆရာကိုငါတို့မစွန့်ကုန်၊ လုပ်ကျွေးပြုစုကုန်အံ့"

ဟု တိုင်ပင်စည်းဝေးပြောဆို၍ အခွန်တစ်သိန်းထွက်သော တံခါးမုခ်တစ်ခုကိုပေးကြသည်။ မဟာလီမင်းသားသည် ထိုတံခါးမုခ်အမှီပြု၍ လိစ္ဆဝီမင်းသားငါးရာတို့ကို အတတ်ပညာ သင်ပေးလျက်နေသည်။

ဗန္ဓုလမင်းသားသည် အတောင်(၈၀)စီရှိသော ဝါးတို့ကိုယူ၍အလယ်၌ သံတိုင်သံချောင်းကို ထည့်သွင်းပြီးဝါးစည်း(၆၀)တို့ကို စိုက်ထောင်၍ထားစေသည်။

"မလ္လမင်းတို့က. . . ဤဝါးစည်းတို့ကို ဖြတ်ပြပါလော"

ဆိုသည်ရှိသော် ဗန္ဓုလသည် အတောင်(၈၀)မျှ ကောင်းကင်သို့ခုန်တက်၍ သန်လျက်ဖြင့်ဝါးတို့ကို ပိုင်းဖြတ်သွားလေသည်။ အဆုံးဖြစ်သော ဝါးစည်း၌ သံတိုင်သံချောင်း၏ ကျစ်ကျစ်၊ ချင်ချင် ဟူသောအသံကိုကြား၍-

"ဤအသံကား အဘယ်အသံနည်း"

ဟုမေးသော် အလုံးစုံသောဝါးစည်းတို့၌ သံတိုင်သံချောင်းတို့ထည့်သွင်းထားအပ်သည်အဖြစ်ကို သိသောအခါ သံလျက်ကိုစွန့်ပစ်ပြီးလျှင် ငိုကြွေးလျက်-

"ငါအား ဤမျှလောက် အတိုင်းအရှည်ရှိကုန်သော ဆွေမျိုးတို့၏အလယ်၌ တစ်ယောက်သောသူမျှသည်လည်း ချစ်ခင်စုံမက်နှစ်သက်ခြင်းရှိသည်ဖြစ်၍ ဤကဲ့သို့သောအကြောင်းကို မပြောကြားကြပေ။ အကယ်၍ ငါသည်သိသည်ဖြစ်အံ့၊ သံတိုင်သံချောင်းအသံကို မထွက်ကြားစေဘဲ ဖြတ်ပိုင်းရာ၏။"

ဟုဆို၏။

"ငါသည် အလုံးစုံသောသူတို့ကို သတ်၍မင်းအဖြစ်ကိုပြုအံ့"

ဟု မိခင်၊ ဖခင်တို့ကို ပြောပြသည်။

"ချစ်သား. . . ဤမင်းစဉ်မင်းဆက်မည်သည် ဤသို့ပြုခြင်းငှါ မရအပ်"

ဟု အထူးထူးသော အခြင်းအရာဖြင့် တားမြစ်ကြသည်။

"ထိုသို့ဖြစ်လျှင် ငါ၏မိတ်ဆွေခင်ပွန်းဖြစ်သော ပသေနဒီကောသလမင်းသားထံ သွားတော့အံ့"

ဟုပြောဆို၍ သာဝတ္ထိပြည်သို့ ထွက်ခွာသွားခဲ့သည်။

ပသေနဒီကောသလမင်းသည်လည်း ဗန္ဓုလမင်းသားလာကြောင်း ကြားသိသော် ကောင်းစွာခရီးဦး ကြိုဆိုပြုသည်။

မိမိထံ၌နေမည့် အကြောင်းစုံကို သိသောအခါ ဗန္ဓုလကိုစစ်သူကြီး အရာ၌ထား၍ ချီးမြှောက်ထားသည်။ ဗန္ဓုလစစ်သူကြီးသည် သာဝတ္ထိပြည်၌ ရာထူးနေရာရပြီးသော် မိဘနှင့်မယားတို့ကိုပါခေါ်ကာ သာဝတ္ထိမြို့၌ ချမ်းသာစွာ နေလေသည်။

ဗန္ဓုလစစ်သူကြီးအား ကုသိနာရုံပြည် မလ္လမင်း၏သမီး မလ္လိကာအမည်ရှိသော မယားရှိပေသည်။ ထိုမလ္လိကာသည် ကာလရှည်ကြာစွာ နေခဲ့သော်လည်း သားသမီးရတနာ တစ်စုံတစ်ရာမထွန်းကားခဲ့ချေ။

ထိုအခါ ဗန္ဓုလစစ်သူကြီးက-

"ချစ်နှမ. . . အသင်သည် အသင်၏အမျိုးဖြစ်သော မိခင်, ဖခင်တို့ထံ သာလျှင် ပြန်သွား၍နေပါ"
ဟု ပြန်လွှတ်သည်။

(အိန္ဒိယယဉ်ကျေးမှုအရ သားသမီးမထွန်းကားသော မိန်းမတို့ကို ယောကျ်ားတို့ကစွန့်ရသည်။ သို့မဟုတ် နောက်တစ်ယောက်ရှာဖွေ လက်ဆက်ပေးရသည်)

"ငါသည် မြတ်စွာဘုရားကို ရှိခိုးပြီးမှ သွားမည်"
ဟု မလ္လိကာသည် စဉ်းစားပြီး အိမ်မှထွက်လာရင်း ဇေတဝန်ကျောင်းဘက်သို့ လှည့်ဝင်ပြီး ဘုရားရှင်ကို ရှိခိုးပူဇော်သည်။

"မလ္လိကာ. . . အဘယ်အရပ်သို့ သွားအံ့နည်း"

"ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား တပည့်မ၏ခင်ပွန်းလင်က အမျိုးဖြစ်သောမိဘတို့ထံ ပြန်ခိုင်း၍ပြန်ပါမည် ဘုရား"

"မလ္လိကာ. . . အဘယ်အကြောင်းကြောင့် အိမ်သို့စစ်သူကြီးက ပြန်လွှတ်ပါသနည်း"

"မြတ်စွာဘုရား. . . သားသမီးတစ်ယောက်မှ မဖွားမြင်၍ လူလောက၌ အသရေမဲ့လှသော မိန်းမမြို့ဟုဆိုကာ အိမ်မှနှင်ထုတ်၍ မိဘအိမ်ပြန်ရခြင်း ဖြစ်ပါသည် ဘုရား"

"ဒါယိကာမ မလ္လိကာ. . . သားသမီးမရ၍ မိန်းမမြုံဟုဆိုကာ မိဘရပ်ထံ ပြန်ရန် အကြောင်းမရှိ မိမိနေထိုင်ရာ လင်အိမ်ဖြစ်သော စစ်သူကြီး အိမ်သို့သာ ပြန်သွားပါလေ"

မလ္လိကာသည် နှစ်သက်ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ကြင်လင်ဝမ်းမြောက်သော စိတ်ဖြင့်ရှိခိုးပြီးလျှင် အထုပ်အပိုးနှင့် မိမိအိမ်သို့သာ ပြန်လေသည်။

"အဘယ်ကြောင့် အိမ်ပြန်လာပါသနည်း"

ဟု ဗန္ဓုလစစ်သူကြီးက မေးသောအခါ ဘုရားရှင်ကပြန်လာခိုင်း၍ ပြန်လာခြင်းဖြစ်ကြောင်းပြောပြသည်။

"မြတ်စွာဘုရားသည် ကာလမြင့်တည် ရှည်လှစွာသော အကြောင်းဖြစ်အင်ကို သိမြင်တော်မူပေလိမ့်မည်"

ဟု စစ်သူကြီးက ကြံစည်စဉ်းစားမိပြီး-

"ချစ်နှမ. . . ကောင်းလှပေပြီ၊ ကောင်းမွန်စွာနေပါလော"

ဟု ဆိုလေသည်။

မလ္လိကာသည် မကြာခင်ကိုယ်ဝန်ရလာပြီး ချင်ခြင်းတပ်မှုဖြစ်ပေါ်၍ လာလေသည်။

"အရှင်. . . ကျွန်မအား နှလုံးငြိုငြင် ခင်မင်တောင့်တခြင်းဟူသော ချင်ခြင်းတပ်မှု ဖြစ်ပေါ်နေပါသည်"

"ချစ်နှမ. . . အဘယ်ကဲ့သို့သော ချင်ခြင်းဖြစ်ပေါ်လာသနည်း"

"ချစ်လင်. . . ဝေသာလီပြည်၌ အလုံးစုံကုန်သော လိစ္ဆဝီမင်းတို့၏ ဘိသိက်သွန်းရာ မင်္ဂလာရေကန်သည်ရှိပါသည်။ ထိုမင်္ဂလာရေကန်အတွင်း သို့ သက်ဆင်းပြီး ရေချိုးသုံးသပ်ပြီး ရေကိုသောက်လိုသော အလိုဆန္ဒရှိပါသည်။ ဤသို့ အမြဲနှလုံးထဲ၌ စွဲကပ်နေသော ချင်ခြင်းရှိပါသည်။

"နှမ. . . ကောင်းလှပြီ"

ဗန္ဓုလ စစ်သူကြီးသည် မလ္လိကာကို နှစ်သိမ့်စေပြီး ဗိုလ် ခြေတစ်ထောင်မ, နိုင်မှ တင်နိုင်သောလေးကိုယူကာ မလ္လိကာကိုရထားပေါ်တင်ပြီး သာဝတ္ထိမှ ထွက်၍ ဝေသာလီပြည်သို့ မောင်းနှင်ထွက်ခဲ့သည်။

ဝေသာလီပြည်သို့ရောက်သော် မဟာလီလိစ္ဆဝီမင်းသားအား ပေးထားသော တံခါးပေါက်ဖြင့် ပြည်တွင်းသို့ဝင်လေသည်။ မဟာလီလိစ္ဆဝီမင်းသား၏ နေရာအိမ်သည်လည်း တံခါးအနီး၌သာလျှင် ဖြစ်သည်။

မဟာလီမင်းသားသည် ရထား၏တံခါးခုံ၌ ထိခိုက်သောအသံကို ကြား၍-

"ဤအသံကား ဗန္ဓုလစစ်သူကြီး၏ အသံတည်း၊ ယနေ့လိစ္ဆဝီမင်းတို့အား ဘေးအန္တရာယ် ငြိတွယ်ကျရောက်ခြင်း ဖြစ်လတံ့"

ဟု ဆိုလေသည်။

ရေကန်၌လည်း အဝ၌လည်းကောင်း၊ အတွင်း၌လည်းကောင်း၊ အစောင့်အရှောက်လွန်စွာ အားကြီးလေသည်။ အထက်၌သံကွန်ယက်ဖြင့် မြေးယှက်အုပ်ကာ ထားအပ်သောကြောင့် ကောင်းကင်ပျံသွားသော ငှက်များ ပင်သော်လည်း ဝင်နိုင်ရန်အခွင့်မရှိပေ။

ဗန္ဓုလစစ်သူကြီးသည် ရထားမှသက်ဆင်း၍ အစောင့်အရှောက်တို့ကို သန်လျက်ဖြင့် ပုတ်ခတ်၍ထွက်ပြေးစေပြီးလျှင် သံကွန်ယက်ကို ဖြတ်ပြီးသော် မလ္လိကာကို ရေကန်အတွင်းသို့ သက်ဆင်း၍ချိုးစေ၊ သောက်စေပြီး မိမိသည်လည်း ချိုး၍တစ်ဖန် မလ္လိကာကိုရထားပေါ်တင်ကာ ဝေသာလီပြည်မှ ထွက်လာခဲ့သည်။

ရေကန်အစောင့်အရှောက်တို့သည် ထိုအကြောင်းကို လိစ္ဆဝီမင်းတို့အား ကြားလျှောက်ကြသည်ရှိသော် လိစ္ဆဝီမင်းတို့သည်လည်း ဒေါသအမျက်ထွက်၍ ရထားငါးရာတို့ကို တက်စီးကုန်လျက် ဗန္ဓုလတို့လင်မယားကို ဖမ်းယူရန်ထွက်လိုက်ကြသည်။

ထိုသို့သော အကြောင်းကိုလည်း မဟာလိစ္ဆဝီမင်းသားအား ပြောကြားကြသည်။

"အသင်တို့သည် မလိုက်ကြကုန်လင့်၊ ဗန္ဓုလသည် အလုံးစုံသော အသင်တို့ကို သတ်ပေလတံ့"

ဟု တားမြစ်ပြောဆို၏။

"ဆရာ. . . ငါတို့သည် တားမြစ်သော်လည်း ယနေ့လိုက်၍ ဖမ်းမည်သာ ဖြစ်သည်။

"ထိုသို့ဖြစ်လျှင် ဗန္ဓုလရထား၏ လှည်းဘီးစက်ဝန်း၏ ပုံတောင်ချက်မျှ တိုင်အောင် မြေသို့ဝင်ရာအရပ်ကို မြင်သည်ရှိသော် ပြန်လှည့်ခဲ့ကြကုန်လော့၊ ထိုမျှလောက်သောအရပ်ဌာနမှ မဆုတ်နစ်၊ မပြန်လှည့်ခဲ့ကြမူ ရှေးမှမိုးကြိုးစက် အသံကဲ့သို့သောအသံကို ကြားရကုန်လတ့်၊ ထိုသို့ကြိုးစက်ကဲ့သို့သော အသံကဲ့ သို့သော အသံကြားရသော အရပ်မှပြန်လည် လှည့်ခဲ့ကြကုန်လော။ ထိုအရပ်မှ ပြန်မဆုတ်ခဲ့သည်ရှိသော် သင်တို့၏ရထားဦး၌ အပေါက်ကိုမြင်ရကုန်လတ့်၊ ယင်းသို့မြင်သော် ထိုနေရာဌာနမှ ဆုတ်နစ်၍ပြန်လှည့်လာကြကုန်လော။ ထိုအရပ် မှ တစ်ဖန်မပြန်ခဲ့သည်ရှိသော် ရှေ့နောက်စဉ်လာ မသွားကြကုန်လင့်"
ဟု မှာလိုက်သည်။

လိစ္ဆဝီမင်းသားတို့သည် မဟာလီမင်းသား မှာထားသောစကားဖြင့် မဆုတ်နစ်၊ မပြန်လှည့်မူ၍ လျင်မြန်စွာ အစဉ်လိုက်ကြလေသည်။

မလ္လိကာသည် နောက်ကလိုက်လာသော ရထားတို့ကို မြင်လျှင်-

"အရှင်. . . နောက်က ရထားတို့လိုက်လာပါ၏"
ဟု ပြောပြသည်။

"ချစ်နှမ. . . အလုံးစုံကုန်သော ရထားတို့သည် တစ်ခုတည်းသော ရထား ကဲ့သို့ ထင်သောကာလ၌ ငါ့အားပြောကြားလော့"
ဟု မှာထားပြီး ရထားကို ဆက်လက်မောင်းနှင်သည်။

မလ္လိကာသည် လိစ္ဆဝီမင်းသားတို့၏ ရထားကိုရှေ့နောက်စဉ်လျက် တစ်ခု တည်းအဖြစ်ကို မြင်သောအခါ ဗန္ဓုလစစ်သူကြီးကို ပြောပြသည်။

"ချစ်နှမ. . . ထိုသို့ဖြစ်လျှင် ဤမြင်းကြိုးတို့ကို ငင်လော"
ဟုဆိုကာ မလ္လိကာကို ကြိုးပေးပြီးရထား၌ တည်လျှက်ပင် လေးကိုတင်သည်။ လေးကိုတင်သောအားကြောင့် ရထားဘီးသည် ပုံတောင်ချက်တိုင်အောင် မြေသို့ ဝင်လေသည်။

လိစ္ဆဝီမင်းတို့သည် ထိုသို့သော အရာဌာနကို မြင်ပါလျက်လည်း ပြန် မဆုတ်ကြ၊ ပြန်မလှည့်ကြဘဲ ဆက်လက်လိုက်ကြသည်။

ဗန္ဓုလစစ်သူကြီးသည် အတန်ငယ်ညို့ကို ပုတ်ခတ်သော် မိုးကြိုးစက်ကဲ့ သို့သော အသံဖြစ်ပေါ်လာသည်။ လိစ္ဆဝီမင်းတို့သည် ထိုအရပ်မှလည်း မဆုတ်နစ်

မပြန်လှည့်ကြဘဲ အစဉ်အတိုင်းလိုက်လေသော် ဗန္ဓုလစစ်သူကြီးသည် ရထားထက်၌တည်လျက်သာလျှင် မြားတစ်စင်းကို ပစ်လွှတ်လိုက်လေသည်။ ထိုမြားသည် ရထားငါးရာတို့၏ ရထားဦးတို့၌ အပေါက်ပြု၍ လိစ္ဆဝီမင်းငါးရာတို့၏ ရှေ့နောက်ဝိုင်းညှပ်ဖွဲ့အပ်သောနေရာ၌ ထုတ်ချင်းဖောက်ထွက်၍ မြေသို့ဝင်လေသည်။

လိစ္ဆဝီမင်းသားတို့သည် မိမိတို့အား မြားပေါက်ထွင်းသွားသည်ကို မသိကြဘဲ-

"အချင်း. . . ဗန္ဓုလရပ်ဦးလော၊ အချင်း ဗန္ဓုလရပ်ဦးလော"

ဟု အော်ဟစ်ဆိုကုန်လျက် အစဉ်လိုက်ကုန်သည်သာတည်း။

ဗန္ဓုလသည် ရထားကိုမောင်းနှင်လျက်သာလျှင်-

"အသင်တို့သည် သေကုန်ပြီ၊ သေကုန်ပြီးသော အသင်တို့နှင့် ငါအား အတူတကွစစ်ထိုးဖွယ် ကိစ္စမည်သည်မရှိ"

"ဗန္ဓုလ. . . သေလွန်သောသူတို့သည် ငါတို့နှင့်တူသည် မဟုတ်ကုန်၊ ငါတို့သည်မသေပါကုန်"

"ထိုသို့ဆိုလျှင် သင်တို့၏ရှေ့နောက်၌ ဖွဲ့ချည်ထားသော ချပ်ဝတ်တန်ဆာကို ဖြေလွှတ်ကြည့်ကြကုန်"

ဗန္ဓုလက ဤသို့ပြောဆိုသောအခါ လိစ္ဆဝီမင်းသားတို့သည် မိမိတို့၏ မြဲမြံစွာချည်ထားသော ချပ်ဝတ်တန်ဆာကို ချွတ်ကြည့်ကြသည်။ ထိုခဏ၌မှာပင် ဒဏ်ရာမှသွေးလွန်၍ ရှေ့ဆုံးမှ လဲကျသေဆုံးကြလေသည်။

"အလုံးစုံကုန်သော သင်တို့သည်လည်း ဤသို့သဘောရှိသည်သာလျှင် ဖြစ်ကုန်၏။ သင်တို့သည် မိမိတို့အိမ်လျှင်မြန်စွာ ပြေးသွား၍ စီရပ်အပ်သည်တို့ကိုစီရင်၍ သားမယားတို့ကို ဆုံးမ၍ချပ်ဝတ်တန်ဆာကို ဖြေကြကုန်လော" ဟု ဗန္ဓုလစစ်သူကြီးက ကျန်သောလိစ္ဆဝီမင်းသားတို့ကို ပြောပြသည်။ ထိုအခါ ချပ်ဝတ်တန်ဆာ မချွတ်ရသေး၍ မသေသေးသော လိစ္ဆဝီမင်းသားတို့သည် ဗန္ဓုလစစ်သူကြီးပြောသည့်အတိုင်း အိမ်သို့အမြန်လှည့်ပြန်၍ မှာကြားပြီး အားလုံးသေဆုံးကုန်ကြလေသည်။

ဗန္ဓုလသည် မယားမလ္လိကာကို သာဝတ္ထိပြည်သို့ သယ်ဆောင်၍ ပြန်လာခဲ့သည်။

မလ္လိကာသည်လည်း (၁၆)ကြိမ်ထိ တစ်ခါမွေးလျှင် (၂)မွှာပူးအစုံမွေးရာ သား(၃၂)ယောက် မွေးဖွားသည်။

အလုံးစုံသောသားတို့သည် အလွန်ရဲရင့်ပြီး အားအစွမ်းနှင့် ပြည့်စုံကြကာ အတတ်ပညာအလုံးစုံကို တတ်မြောက်ကြလေသည်။

သားတစ်ယောက်, တစ်ယောက်အား အခြံအရံ (၁၀၀၀)စီရှိလေသည်။ ဖခင်နှင့်အတူ မင်းနန်းတော်ခ, စားရန် သွားသည်ရှိသော် ထိုသားတို့ဖြင့်ပင်လျှင် မင်းရင်ပြင်သည် ပြည့်လေသည်။

တစ်နေ့သောအချိန် တရားဆုံးဖြတ်သော အမတ်တို့သည် တံစိုးလက်ဆောင်စားလျက် ကောက်ကျစ်စဉ်းလဲသောအားဖြင့် အမှန်ကိုအမှားဆုံးဖြတ်ကြသည်။ အမှန်မှအမှားဆုံးဖြတ်ခံရသော ပစ္စည်းရှင်သည် တရားရုံးမှအထွက်တွင် ဗန္ဓုလစစ်သူကြီးကိုမြင်၍ ကျယ်လောင်သောအသံဖြင့် မြည်တမ်းအော်ဟစ်ကြပြီး-

"တရားဆုံးဖြတ်သော အမတ်တို့သည် မဖြောင့်မတ်ဘဲ စဉ်းလဲချွတ်ချော် မတော်မတရား တရားဆုံးဖြတ်ကြပါသည်။"

ဟု ဗန္ဓုလစစ်သူကြီးကို လျှောက်ထားတိုင်ကြားသည်။

ဗန္ဓုလစစ်ကြီးသည် တရားဆုံးဖြတ်ရာ နေရာသို့သွား၍ ထိုတရားကို ပြန်လည်စစ်ဆေးလေသည်။ တရားမှန်ကိုပြုပြီး ပစ္စည်းရှင်အစစ်ကိုသာ ပစ္စည်းပြန်ရစေသည်။

များစွာသောလူများအပေါင်းသည် ကျယ်လောင်စွာသောအသံဖြင့် ကောင်းချီးပေးခြင်းကို ဖြစ်စေကုန်သည်။

"ထိုအသံကား အဘယ်သို့သော အသံနည်း"

ဟု ကောသလမင်းကြီးက မေးသည်။

အကြောင်းစုံကို သိရသောအခါ နှစ်သက်တော်မူသောကြောင့် တရားဆုံးဖြတ်သော အလုံးစုံသော အမတ်တို့ကို ရာထူးမှနုတ်ထွက်စေ၍ ဗန္ဓုလစစ်သူကြီးအားသာလျှင် တရားဆုံးဖြတ်သောနေရာ၌ အပ်နှင်းထားလေသည်။

ထိုအခါမှစ၍ ဗန္ဓုလစစ်သူကြီးက တရားဆုံးဖြတ်သောကြောင့် ရှေးက တရားဆုံးဖြတ်ကြသော အမတ်တို့သည် လာဘ်လာဘနည်းကုန်ကြသဖြင့် ဗန္ဓုလ

နှင့် မင်းကြီးအကြားဝယ် အချစ်ပြယ်အောင် ဂုံးတိုက်စကားကို အခွင့်အခါသင့်တိုင်း တင်လျှောက်ပြောကြားကြသည်။ ထီးနန်းလုလိမ့်မည်ဟူ၍လည်း ချောက်တွန်းစကား တင်လျှောက်ကြသည်။

ကောသလမင်းကြီးသည် ကြာလာသော် ထိုအမတ်များ၏ စကားကို ယုံကြည်လာမိသည်။ မိမိ၏စိတ်ကို ဗန္ဓုလအပေါ်၌ရိုးသားစွာထားသောစိတ်ကို မဖြစ်ပေါ်တော့ချေ။

ကြံ့ခိုင်မြဲမြံဖွဲ့ထားသော ရန်တို့ဖြင့် အတန်တန်စိုးရိမ်ပူပန်ငြူစူသဖြင့်

"ဤသူတို့သည် ဤအရပ်ဒေသ၌ သတ်အပ်သည်ရှိသော် ငါအားကဲ့ရဲ့ရှုတ်ချခြင်းဖြစ်ကုန်လတ့်"

ဟု ကြံတော်မူပြီး မိမိ၏အမှုကို လျှို့ဝှက်ဆောင်ရွက်တတ်သော မင်းချင်းကို ခေါ်ကာ ပစ္စန္တရာဇ်၌ သူပုန်ထစေသည်၊ ပစ္စန္တရာဇ်ကို တုန်လှုပ်ချောက်ချားစေသည်။

ထိုသို့ ပစ္စန္တရာဇ်မငြိမ်မသက်ဖြစ်သောအခါ ကောသလမင်းသည် ဗန္ဓုလစစ်သူကြီးကိုခေါ်၍-

"ပစ္စန္တရာဇ်ဒေသသည် သူပုန်၊ သူကန်တို့ထကြွဖျက်ဆီးကြ၍ ပျက်စီးနေသည်။ အသင်၏သားတို့နှင့်တကွသွား၍ ခိုးသူတို့ကိုဖမ်းယူပါလော"

ဟုစေလွှတ်သည်။

တစ်ဖန် တစ်ဘက်စွမ်းဆောင်နိုင်သော အုပ်စုခေါင်းဆောင်ကို ဗန္ဓုလစစ်သူကြီးနှင့် သား(၃၂)ယောက်တို့၏ဦးခေါင်းကို ထိုအရပ်၌ဖြတ်၍ ယူဆောင်လာခဲ့ကြကုန်ဟုမှာ၍ လျှို့ဝှက်စေလွှတ်လိုက်သည်။

ဗန္ဓုလစစ်သူကြီး ပစ္စန္တရာဇ်အရပ်သို့သွားရောက်ခါမျှဖြင့်သာလျှင်

"စစ်သူကြီးလာလေသတတ်"

ဟု လုယက်ဖျက်ဆီးပုန်ကန်သောင်းကျန်းသော ခိုးသူတို့သည် ထွက်ပြေးတိမ်းရှောင်ကုန်ကြသည်။

ဗန္ဓုလစစ်သူကြီးသည် ထိုပစ္စန္တရာဇ်ဒေသ တည်ငြိမ်အေးဆေးအောင် ဆောင်ရွက်ပြီးသော် သာဝတ္ထိပြည်သို့ ပြန်လာခဲ့သည်။ သာဝတ္ထိမြို့အနီးရောက်ခါနီးဝယ် မင်းကြီးစေလွှတ်ထားသော စစ်သည်တို့က ဗန္ဓုလစစ်သူကြီးနှင့် သား

(၃၂)ယောက်တို့ကို ပရိယာယ်မာယာဖြင့် ဖမ်းဆီးချုပ်နှောင်ပြီး ခေါင်းဖြတ်၍ သတ်လေသည်။

ထိုနေ့၌ မလ္လိကာသည် အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့ အမှူးပြုသောရဟန်း (၅၀၀)တို့ကို ပင့်ဖိတ်၍ထားသည်။

နံနက်မိုးသောက်ကျရောက်စဉ်ကာလဝယ် သား(၃၂)ယောက်နှင့် ဗန္ဓုလစစ်သူကြီးတို့ ဦးခေါင်းဖြတ်အသတ်ခံရကြောင်း စာသည် မလ္လိကာထံ ရောက်လာသည်။

မလ္လိကာသည် ထိုစာကိုမည်သူမျှမပြ၊ ထိုအကြောင်းကိုမည်သူ့ကိုမျှမ ပြောဘဲ စာကိုရင်ခွင်ထဲထည့်ပြီး ဆွမ်းကိုတည်ငြိမ်စွာနှင့်ပင် ဆက်လက်လုပ်ကျွေးသည်။

ထိုအခါ မလ္လိကာ၏အလုပ်အကျွေးတို့သည် ရဟန်းတို့အား ဆွမ်းကပ်လှူပြီး၍ ထောပတ်အိုးကို ဆောင်ခဲ့သည်ရှိသော် မထေရ်တို့၏ရှေ့ကျမှ ထောပတ်အိုးသည် ကျကွဲလေသည်။

တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာက-

"ဒါယိကာမ. . . အနိစ္စသဘောဖြင့် ရွေ့လျော့မတည် ကွဲပြိုတတ်သော တရားသည်သဘောအားလျော်စွာ ကွဲအက်ပြုန်းတီးလေတော့သည်။ ငါ၏ ပစ္စည်းဥစ္စာသည် ကွဲပြိုပျက်စီးပြုန်းတီးရာသလောဟု စိတ်ဒေါသသောက ရှုပ်ထွေးပူဆွေး မသာယာခြင်းမဖြစ်ပေါ်အပ်၊ မပြုအပ်"
ဟု ဆုံးမဟောကြားတော်မူသည်။

ထိုအခါ မလ္လိကာသည် မိမိ၏ရင်ခွင်ထဲရှိစာကို ထုတ်ပြ၍-

"အရှင်ဘုရား. . . သားသုံးကျိပ်နှစ်ယောက်နှင့်တကွ ဖခင်ဖြစ်သော စစ်သူကြီး၏ဦးခေါင်းကို ဖြတ်အပ်၏ဟု ဤကဗ္ဗည်းကိုဆောင်ယူ၍ ပို့လာကုန်ပါသည်။ တပည့်တော်မသည် ဤသို့သောအကြောင်းကို ကြားသိပါလျက်လည်း ကြံစည်စိုးရိမ်ကြောင့်ကြ၊ သောကဗျာပါဒဖြစ်ကာ ငိုကြွေးခြင်းမပြုခဲ့ပါ။ ဤထောပတ်အိုး ကွဲရုံမျှဖြင့် အဘယ်မှာကြံစည်စိုးရိမ်ခြင်း ဖြစ်ပါမည်နည်း ဘုရား"
ဟု လျှောက်ထားလေသည်။

တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာသည်

"အနိမိတ္တမနညာတံ၊ ပစ္စာနံ က္လဗိဝိတံ"

အစရှိသည်တို့ကို ရွတ်ဆိုတော်မူပြီး တရားဟောကြားပြီးသောအခါ နေရာမှ ထ, ၍ ကျောင်းသို့ပြန်ကြွလေသည်။

အားလုံးကိစ္စပြီးသောအခါ မလ္လိကာသည် ချွေးမ (၃၂)ယောက်တို့ကို ခေါ်ကာ-

"ချစ်သမီးတို့. . . အသင်တို့၏ အရှင်သခင်၊ ငယ်ချစ်လင်တို့သည် ကင်းစင်အပြစ်ဖြူညစ် ထင်မှေးသောအရာမရှိပါသော်လည်း ရှေးအခါကာလ သံသရာကပြုကျင့်ပြစ်မှားမိခဲ့သော ကံအကျိုးကံကသာလျှင် ပြုပြင်စီမံရာကို ခံရသောသတ္တဝါမျိုးဖြစ်၍ မရှောင်မငြင်းသာသောအားဖြင့် ခံစားရကုန်လေပြီ၊

အသင်ချစ်သမီးတို့သည် ငါတို့၏ချစ်လင်သေလွန်ရသည်ဟု မစိုးရိမ်ကြပါကုန်လင့်၊ ရှေ့ဖြစ်နောက်ကြောင်း တပြောင်းတပြန်ကြံဖန်တွေးဆလျက် မငိုကြွေးကြပါကုန်လင့်၊ ကျေးဇူးတော် အရှင်ပသေနဒီကောသလမင်းအပေါ်၌လည်း အပြစ်အနည်းငယ်မျှ မတင်ကြပါနဲ့၊ သက်သက်သူတစ်ပါးတို့ ကုန်းချောစကားဖြင့် အမျက်ထွက်ပြီး သတ်ရာလေသလောဟု စိတ်ပြစ်မှား၍ မပြုကြကုန်လင့်"

ဟု အဆုံးအမကို ပေးလေသည်။

သတင်းစကားကို နားထောင်လှည့်လည်ကုန်သော မင်းချင်းယောကျ်ားတို့သည် မလ္လိကာကိုပြောဆို ဆုံးမသောစကားကိုကြား၍ မှတ်သားပြီး ကောသလမင်းကြီးအား သွားရောက်လျှောက်ပြကြသည်။ ဗန္ဓုလစစ်သူကြီးနှင့် သားတို့၌ အပြစ်မရှိပုံကိုလည်းကောင်း ထောက်လှမ်းရေးမင်းချင်းတို့က လျှောက်ထားပြကြသည်။

ထိုအခါ ကောသလမင်းကြီးသည် ထိတ်လန့်ခြင်းသို့ရောက်၍ မလ္လိကာနေအိမ်သို့ မိမိကိုယ်တိုင်သွားရောက်ပြီး မလ္လိကာနှင့်ချွေးမတို့ကို သည်းခံစေ၍ မလ္လိကာအားဆုကို ပေးလေသည်။

"အရှင်မင်းမြတ်သည် ပေးသနားတော်မူအပ်သော ဆုကိုယူအပ်သည် ဖြစ်ပါစေလော"

ဟု လျှောက်ထားသည်။

မလ္လိကာသည် သေသူတို့အတွက် ရည်ညွှန်းသော မကကဘတ်ကို ကျွေးမွေးလှူဒါန်းမှုကို ပြုသည်။

ထိုကိစ္စအားလုံးပြီးသော် မင်းကြီးထံသို့ဝင်၍ ရှိခိုးပြီးသော်-

"အရှင်မင်းမြတ်. . . အရှင်မြတ်တို့သည် ကျွန်တော်အားအစဉ်သနားသဖြင့် ဆုတစ်ခုကိုပေးသနား ထားပါသည်။ ဤဆုဖြင့်အခြားသော ကိစ္စအလိုမရှိပါ။ ချွေးမသုံးကျိပ်နှစ်ယောက်နှင့် ကျွန်တော်မကို ဆွေမျိုးညာတိမိဘအိမ်သို့ ကောင်းစွာပြန်လည်ရန် အခွင့်ဆုကိုသာ ပေးတော်မူပါ"
ဟု လျှောက်ထားပြီးဆုကို တောင်းခံသည်။

ကောသလမင်းကြီးကလည်း ဝန်ခံသဘောတူသည် သို့တွက်မလ္လိကာသည် ချွေးမတို့ကို ထိုက်သင့်သောဥစ္စာတို့ကိုပေး၍ မိဘတို့အိမ်အသီးသီးသို့ ပြန်ပို့စေလွှတ်သည်။

နောက်ဆုံးကျမှ မိမိသည် မိမိ၏မိဘများရှိရာ ကုသိနာရုံပြည်သို့ ပြန်လာခဲ့လေသည်။

ပသေနဒီကောသလမင်းကြီးသည် သူငယ်ချင်းလည်းဖြစ်၊ မိမိ၏စစ်သူကြီးလည်းဖြစ်သော ဗန္ဓုလကို ဂုံးချောစကားယုံပြီး သတ်မိ၍အလွန်စိတ်ဆင်းရဲစွာခံစားရသည်။ ထိုသောကကို ဖြေဖျောက်စေသောသဘောဖြင့် ဗန္ဓုလစစ်သူကြီး၏ တူဖြစ်သူ ဒီဃကာရာယနအား စစ်သူကြီးအရာကို ပေးလေသည်။

ဤစစ်သူကြီးကလည်း-

"ဤမင်းကြီးသည် အပြစ်မရှိသော ငါ၏ဦးရီးတော်ကို သတ်ဖြတ်သူတည်း" ဟု စိတ်၌ကြံစည်အောက်မေ့လျက် မင်းကြီး၏ သတိမေ့လျော့သောအခွင့်ကို စောင့်နေလေသည်။

**(ဓမ္မပဒအဋ္ဌကထာ၊ မလ္လိကာဝတ္ထု)**

# ဘုရားဟုတ်-မဟုတ်မေးမှု-ဝန်ခံမှု

ဗုဒ္ဓဂေါတမသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။ တစ်နေ့တွင် ပသေနဒီကောသလမင်းသည် ဘုရားရှင်ထံသို့လာရောက်ချဉ်းကပ်၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြီးလျှင် အပြစ်လွတ်သောနေရာ၌ထိုင်ပြီးလျှင်-

"အရှင်ဂေါတမသည်လည်း အတုမရှိသော သမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍သိ၏ဟူ၍ ဝန်ခံပါသလော"

ဟုမေးလျှောက်သည်။

"မင်းကြီး. . . အတုမရှိသော သမ္ဗောဓိဉာဏ်တော်ကို ထိုးထွင်း၍သိ၏ဟူသောစကားကို ကောင်းစွာဆိုသူသည် ငါကိုသာလျှင် ရည်ညွှန်း၍ဆိုသည်ဖြစ်ရာ၏။ မင်းကြီး. . . မှန်၏၊ ငါဘုရားသည် အတုမရှိသော သမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍သိ၏"

"အရှင်ဂေါတမ. . . အကြင်သမဏ၊ ဗြဟ္မဏတို့သည် သံဃာနှင့်ပြည့်စုံ၏။ ဂိုဏ်းနှင့်ပြည့်စုံ၏၊ ဂိုဏ်းဆရာလည်းဖြစ်ကုန်၏၊ ထင်ရှားကုန်၏၊ များသောအခြံအရံရှိကုန်၏၊ အယူဝါဒကို တီထွင်ကုန်၏၊ လူအများက သူတော်ကောင်းဟုသမုတ်အပ်ကုန်၏။

ဤသမဏ၊ ဗြဟ္မဏတို့ကား မက္ခလိဂေါသာလ၊ ပူရဏကဿပ၊ နိဂဏ္ဌနာဋပုတ္တ၊ ဗေလဋ္ဌ၏သားသိဉ္စည်း၊ ပကုဓကစ္စာယန၊ လူတို့၏ဆံပင်ဖြင့်ရက်သောကမ္ဗလာကိုဆောင်သော အဇိတတို့ ဖြစ်ကြပါ၏။

ထိုသမဏ၊ ဗြာဟ္မဏတို့သော်မှလည်း ငါသည် အတုမရှိသော သဗ္ဗညုတ ညာဏ်တော်ကို ထိုးထွင်း၍သိအပ်၏ဟု ဝန်ခံကုန်သလောဟု ကျွန်ုပ်က မေးအပ် သည်ရှိသော် အတုမရှိသော သဗ္ဗညုတညာဏ်တော်ကိုသိ၏ဟု ဝန်မခံကုန်၊ အရှင်ဂေါတမသည် ဇာတ်အနွယ်အားဖြင့် ငယ်လည်းငယ်၏။ ရဟန်းပြုသစ်စ လည်း ဖြစ်၏။ သို့ဖြစ်လျက် အဘယ်ကြောင့် ဝန်ခံသနည်း"

"မင်းကြီး. . . ငယ်၏ဟူ၍ မထေမဲ့မြင် မပြုအပ်၊ ပြက်ရယ်မပြုအပ်သော အရာလေးမျိုးရှိပါ၏။"

- မင်းသားငယ်ကို ငယ်၏ဟူ၍ မထေမဲ့မြင်မပြုအပ်၊ ပြက်ရယ်မပြုအပ်၊
- မီးကိုသေးငယ်၏ဟူ၍ မထေမဲ့မြင်မပြုအပ်၊ ပြက်ရယ်မပြုအပ်၊
- ရဟန်းကို ငယ်၏ဟူ၍ မထေမဲ့မြင်မပြုအပ်၊ ပြက်ရယ်မပြုအပ်၊
- မြွေကို ငယ်၏ဟူ၍ မထေမဲ့မြင်မပြုအပ်၊ ပြက်ရယ်မပြုအပ်၊

မင်းကြီး. . . ဇာတ်အမျိုးနှင့် ပြည့်စုံသော ဇာတ်သုံးမျိုးကိုလွန်၍ဖြစ် သော၊ များသောအခြံအရံရှိသော မင်းသားကိုငယ်၏ဟူ၍ မထေမဲ့မြင်မပြုရာ၊ ပြက်ရယ်မပြုရာ၊ အကြောင်းသော်ကား လူသာမာန်တို့ထက်မြတ်သော ထိုမင်း သားငယ်သည် မင်းအဖြစ်ကိုရသည်ရှိသော် အမျက်ထွက်၍ ရာဇဒါဏ်ဖြင့် ထိုသူအား ပြင်းစွာလှံ့လပြုတတ်၏။ ထို့ကြောင့် မိမိ၏အသက်ကို စောင့်ရှောက် လိုသူသည် ထိုသို့မထေမဲ့မြင်ပြုခြင်းကို မပြုရာ။

မင်းကြီး. . . လူသည် များသောလောင်စာရှိသော အလျှံရှိသော မည်း နက်သော သွားရာလမ်းရှိသော ထိုမီးကိုသေးငယ်သည်ဟူ၍ မထေမဲ့မြင်မပြုရာ ပြက်ရယ်မပြုရာ၊ ထိုမီးသည် လောင်စာကိုရသော် ကြီးမားသည်ဖြစ်၍ တစ်ခါ တစ်ရံ မိမိအနီးသို့ရောက်လာသော မလိမ္မာသော လူယောကျ်ား၊ မိန်းမတို့ကို လောင်ရာ၏။ ထို့ကြောင့် မိမိအသက်ကို စောင့်ရှောက်လိုသောသူသည် မီးကို မထေမဲ့မြင်ပြုခြင်းမှ ရှောင်ကြဉ်ရာ၏။

လောင်သည်၏ အစွမ်းဖြင့်သုတ်သင်အပ်သော မည်းနက်သောသွား ရာလမ်းရှိသောမီးသည် အကြင်တောကို လောင်၏။ ထိုတော၌မြက်သစ်ပင် စသည်တို့သည် နေ့ညဉ့်များစွာ ကုန်သော်မှသာ ပေါက်ရောက်နိုင်၏။

လူသည် ရွာ၌လည်းကောင်း၊ တော၌လည်းကောင်း၊ အကြင်အရပ်၌ မြွေကိုမြင်ရာ၏။ ထိုအရပ်၌ မြွေသည်ငယ်သည်ဟူ၍ မထေမဲ့မြင်မပြုရာ၊ ပြက်ရယ်မပြုရာ။

တန်ခိုးရှိသောမြွေသည် အထူးထူးအပြားပြားရှိသော အဆင်းသဏ္ဌာန်တို့ဖြင့် လှည့်လည်တတ်၏။ ထိုမြွေသည် တစ်ခါတစ်ရံ မိမိအနီးသို့ရောက်၍ မလိမ္မာသောယောကျ်ား၊ မိန်းမတို့ကို ကိုက်ရာ၏၊ ထို့ကြောင့် မိမိအသက်ကို စောင့်ရှောက်လိုသောသူသည် ထိုသို့မထေမဲ့မြင်မပြုခြင်းကို ရှောင်ကြဉ်ရာ၏။

- မင်းကြီး. . . သီလနှင့်ပြည့်စုံသော ရဟန်းသည် သီလတည်းဟူသော တန်ခိုးဖြင့် အကြင်မထေမဲ့မြင်ပြုအပ်သောသူကို လောင်တတ်၏။ ထိုသူအား သားသမီးတို့သည်လည်းကောင်း၊ ကျွဲ၊ နွားတို့သည်လည်းကောင်း၊ မဖြစ်ထွန်းကုန် အမွေခံတို့သည်လည်း အမွေဥစ္စာတို့သည်လည်း မရကုန်၊ ထိုသူတို့သည် သားသမီးမရှိကုန်သည်။ အမွေခံမရှိကုန်သည်ဖြစ်၍ ထန်းပင်ငုတ်နှင့်တူကုန်၏။

ထို့ကြောင့်သာလျှင် မိမိ၏အကျိုးစီးပွားကို လောက်းစွာသိမြင်သော ပညာရှိသောပုဂ္ဂိုလ်သည် မီး, မြွေ, အခြံအရံရှိသောမင်း၊ သီလနှင့်ပြည့်စုံသော ရဟန်းတို့အပေါ်၌ ကောင်းစွာသာလျှင် ကျင့်ရာ၏။”

“အရှင်ဘုရား တရားတော်သည် အလွန်နှစ်သက်ဖွယ်ရှိပါ၏။ ဥပမာ သော်ကား မှောက်ထားသော ဝတ္ထုကိုလှန်ဘိသကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းထားသော ဝတ္ထုကိုဖွင့်လှစ်သကဲ့သို့လည်းကောင်း၊ မျက်စိလည်သောသူအား လမ်းမှန်ကိုပြောကြားသကဲ့သို့လည်းကောင်း၊ မျက်စိအမြင်ရှိသောသူတို့သည် အဆင်းကိုမြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ဆီမီးတန်ဆောင်းကို ဆောင်ပြသကဲ့သို့လည်းကောင်း၊ ဤအတူသာလျှင် ဘုရားရှင်သည် အကြောင်းအမျိုးမျိုးတို့ဖြင့် တရားကိုပြတော်မူ၏။

အရှင်ဘုရား. . . ကျွန်ုပ်သည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ မြတ်စွာဘုရားသည် ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါဘုရား”

ဟု လျှောက်ထား၍ပြန်ခဲ့လေသည်။

**သဂါထာဝဂ္ဂသံယုတ်၊ ကောသလသံယုတ်**

## ဂေါတမဗုဒ္ဓက မလ္လိကာမိဖုရားကို မိဖုရားဖြစ်မည်ဟု ကြိုတင်ဟောကြားမှု

မလ္လိကာသတို့သမီးသည် သာဝတ္ထိပြည်၌ ပန်းစိုက်ပျိုးသော ပန်းသည်ကြီးတစ်ဦး၏သမီးဖြစ်သည်။ ရှေးဘုန်းကံ ရှေးကံအထူးနှင့် ပြည့်စုံသူဖြစ်၍ လှပတင့်တယ်သောရုပ်အဆင်းရှိသူလေးတစ်ဦးဖြစ်သည်။

ထိုသတို့သမီး (၁၆)နှစ်အရွယ်သို့ရောက်သောအခါ တစ်နေ့သ၌ အဖော်မိန်းကလေးများနှင့်အတူ ပန်းခူးရန်ပန်းခြံသို့သွားသည်ရှိသော် မုယောမုန့်ဆုပ်(၃) ခုတို့ကို ပန်းတောင်း၌ထည့်ကာ ယူဆောင်သွားလေသည်။

သူတို့မြို့မှအထွက်တွင် ရောင်ခြည်တော်ခြောက်သွယ်ကိုလွှတ်၍ ရဟန်းအပေါင်းခြံရံကာ မြို့တွင်းသို့ဆွမ်းခံကြွလာသော မြတ်စွာဘုရားရှင်ကို ဖူးတွေ့ရ၍ အလွန့်အလွန်သဒ္ဓါရွှင်းစို ကြည်ညိုသောစိတ်ရှိလာကာ မိမိယူဆောင်လာသော မုယောမုန့်ဆုပ်သုံးခုတို့ကို ဘုရားရှင်အား လှူဒါန်းဆက်ကပ်လေသည်။ ဘုရားရှင်ကလည်း စတုမဟာရာဇ်နတ်မင်းကြီးတို့ ဆက်ကပ်ထားသောသပိတ်ဖြင့် ထိုမုန့်ကို ခံယူလေသည်။

မလ္လိကာသည် ဘုရားရှင်၏ခြေတော်အစုံကိုဦးခေါင်းဝပ်လျှိုးရှိခိုးပြီးသော် ဘုရားဂုဏ်လျှင်အာရုံရှိသောနှစ်သက်ခြင်း ပီတိကိုရယူကာ သင့်လျှောက်ပတ်ရာအရပ်၌ ရပ်တည်နေလေသည်။

မြတ်စွာဘုရားရှင်သည် မလ္လိကာသတို့သမီးကို ကြည့်ရှုတော်မူ၍ ပြုံးတော်မူသည်။ နောက်ကပါလာသော ရှင်အာနန္ဒာမထေရ်သည် ဘုရားရှင်ပြုံးတော်မူခြင်းအကြောင်းကိုမေးလျှောက်သည်။

“ချစ်သားအာနန္ဒာ. . . ဤသတို့သမီးသည် ဤမုယောမုန့်ဆုပ်သုံးခုတို့ကို လှူဒါန်းရသော ပထမဇောစေတနာကောင်းမှုကြောင့် ဤယနေ့ပင်လျှင် ကောသလမင်း၏ မိဖုရားခေါင်ကြီး ဖြစ်ပေလိမ့်မည်။

မလ္လိကာသည် ထိုစကားကိုကြားသိဝမ်းမြောက်ကာ ပန်းခြံသို့အဖော်အမျိုးသမီးတို့နှင့်အတူ သွားရောက်၍ပန်းခူးကြသည်။

ထိုအချိန်တွင် ကောသလမင်းသည် တူတော်အဇာတသတ်မင်းနှင့် စစ်ထိုးကြရာတွင် စစ်ရှုံးပြီးတစ်ပါးတည်း ထွက်ပြေးလာခဲ့ရာ မလ္လိကာတို့ပန်းခူးရာပန်းခြံသို့ ရောက်ရှိလာသည်။

ကောသလမင်းသည် မလ္လိကာ၏သီချင်းဆိုသံကိုကြား၍ တပ်နှစ်သက်သောကြောင့် မြင်စီးလျက်ပင် ပန်းခြံထဲသို့ဝင်လာသည်။ မြင်းနှင့်ဝင်လာသောမင်းကိုတွေ့၍ အဖော်မိန်းကလေးတို့သည် ကြောက်လန့်ကြပြီး ထွက်ပြေးတိမ်းရှောင်သွားကြသည်။

မလ္လိကာသည်ကား မိဖုရားဖြစ်မည့်ဘုန်းကံပါလာ၍ မတိမ်းရှောင်မပုန်းအောင်းဘဲ ရဲတင်းစွာလာလတ်၍ မြင်း၏ဇက်ကြိုးကို ဆွဲကိုင်ယူလေသည်။

ကောသလမင်းကြီးသည် မြင်းပေါ်၌ထိုင်ရင်းပင် မလ္လိကာကိုစူးစမ်းဆင်ခြင်ကြည့်ပြီး-

“ကာမပိုင်လင်ယောကျ်ားရှိသလော၊ မရှိဘူးလော။”

ဟု မေးတော်မူသည်။

မလ္လိကာက ကာမပိုင်လင်ယောကျ်ားမရှိကြောင်း လျှောက်ထားသော် ကောသလမင်းကြီးသည် မြင်းပေါ်မှဆင်းပြီး လေ, နေပူတို့ဖြင့် ပင်ပန်းနွမ်းနယ်လှ၍ မလ္လိကာရင်ခွင်ဝယ် လျောင်းစက်ကာတစ်ခဏမျှ အပန်းဖြေအနားယူသည်။

နောက်ပါစစ်သည် ဗိုလ်ပါတို့ရောက်လာသောအခါ မလ္လိကာကိုမိမိ၏မြင်းပေါ်တွင်တင်၍ စစ်သည်ဗိုလ်ပါတို့ခြံရံလျက် မြို့တော်သို့ဝင်သည်။

မလ္လိကာကိုလည်း မိဘများအိမ်သို့ပို့စေပြီး ညနေချမ်းအချိန်သို့ရောက်သော် မိဖုရားကြီးတို့စီးသော ယာဉ်တော်ကိုလွှတ်၍ ကြီးစွာသောအဆောင်အယောင် အခမ်းအနားဖြင့် မိဘအိမ်မှတခမ်းတနား ဆောင်ယူကာရတနာအစုအပုံပေါ် ထား၍ အဘိသိက်ရေချမ်း သွန်းဖျန်းပြီးလျှင် မိဖုရားကြီးအရာတင်မြှောက်လေသည်။

ထိုအချိန်မှစ၍ မလ္လိကာသည် ကောသလမင်းကြီး အလွန်တစ်ရာချစ်မြတ်နိုးသော မိဖုရားခေါင်ကြီး ဖြစ်လေသည်။

**(သတ္တကနိပါတ်၊ ကုမ္မာသပိဏ္ဍိဇာတ်၊ တတိယအုပ်)**

# အမျိုးသမီးကောင်းကျင့်ဝတ်နှင့်ပြည့်စုံလျက်လင်ကို
# နတ်ကဲ့သို့ကိုးကွယ်သူမလ္လိကာ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ကာလဖြစ်သည်။

မလ္လိကာမိဖုရားသည် သုံးဆုပ်သောမုယောမုန့်အလှူကို လှူခဲ့သောအာနုဘော်ကြောင့် ပန်းသည်မဘဝမှ ထိုနေ့၌ပင်ကောသလမင်းကြီး၏ မိဖုရားကြီးဖြစ်ခဲ့ရသည်။ မလ္လိကာသည် ထိုအချိန်မှစ၍-

- လင်၏ရှေးဦးစွာထ,ခြင်းအစရှိသော ငါးပါးကုန်သောအကျင့်ကျေးဇူးနှင့် ပြည့်စုံသည်။
- ဉာဏ်ပညာနှင့်ပြည့်စုံသည်။
- ဘုရားသခင်အားလုပ်ကျွေးသည်။
- လင်ကိုနတ်ကဲ့သို့ ရှိသေသည် ဖြစ်သည်။

ထိုမလ္လိကာ၏ ဤဂုဏ်သတင်းသည် သာဝတ္ထိတစ်ပြည်လုံး၌ ကျော်စောထင်ရှားသည်။

ထိုမလ္လိကာမိဖုရား၏လင်ကို နတ်ကဲ့သို့ရိုသေတတ်ပုံ အကြောင်းစုံသည် ရဟန်းတို့လောက၌လည်း ထင်ရှားကျော်ကြား၍ ရဟန်းတို့၏ညနေတရားသဘင်မစခင် ထိုမလ္လိကာအကြောင်းကို ပြောဆိုဆွေးနွေးမိကြသည်။

ထိုအခါ ဘုရားရှင်သည်ကြွ၍ ဘုရားရှင်ကအဘယ်စကားဖြင့် ဆွေးနွေး

နေကြသနည်းဟု မေးသောအခါ ရဟန်းတို့က မလ္လိကာမိဖုရား၏လင်ကို နတ်ကဲ့သို့ရှိသေပုံကိုပြေနေကြကြောင်း လျှောက်ထားပြကြသည်။

"ရဟန်းတို့. . . ဤမလ္လိကာသည် ယခုအခါ၌သာလျှင် ကျင့်ဝတ်နှင့်ပြည့်စုံသည်။ လင်ကိုနတ်ကဲ့သို့ ရိုသေပုံကိုပြောနေကြကြောင်း လျှောက်ထားပြသည်။

"ရဟန်းတို့. . . အတိတ်အကြောင်းကို ဖုံးလွှမ်းအပ်သောထိုအကြောင်းကို အကျယ်သိပါရစေဘုရား၊"

"ရဟန်းတို့. . . ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းအား သောတ္ထိသေန-ဟုအမည်ရှိသော သားတော်တစ်ပါးရှိသည်။ ထိုသားအရွယ်ရောက်သော်မင်းကြီးက အိမ်ရှေ့မင်းအရာ၌ ထားသည်။ ထိုအိမ်ရှေ့မင်း၏မိဖုရားကား သမ္ဗုလအမည်ရှိသည်။

နောက်အဖို့၌ သောတ္ထိသေနအိမ်ရှေ့မင်းသားအား နူနာသည်ဖြစ်ပေါ်လာသည်။ ဆေးသမားတို့သည် ကုစားခြင်းငှါ မတတ်နိုင်ကုန်၊ မင်းသားသည် နူနာများပေါက်လာသည်ရှိသော် စက်ဆုပ်ရွံရှာသည်ဖြစ်၍ နှလုံးမသာယာယာခြင်းသို့ရောက်ကာ-

"ငါအား မင်းအဖြစ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ နန်းတော်ပြင်ပ၌ ကိုးကွယ်ရာမရှိသောသေခြင်းဖြင့် သေအံ့။"

ဟု ဆုံးဖြတ်ပြီး ခမည်းတော်မင်းကြီးအားပန်ကြား၍ ရွှေနန်းစည်းစိမ်ကိုစွန့်ကာ မြို့မှထွက်လေသည်။

သမ္ဗုလဒေဝီကို အိမ်ရှေ့မင်းသည် နန်းတော်၌နေခဲ့စေရန် များစွာသောအကြောင်းတို့ဖြင့် ပြောပြတားမြစ်ကြသော်လည်းမရ-

"ငါသည်အရှင်ဖြစ်သော ထိုမင်းသားကိုတော၌လိုက်၍ လုပ်ကျွေးအံ့"

ဟု ဆုံးဖြတ်ကာ အတူတကွလျှင် ပြည်မှထွက်သည်။

သောတ္ထိသေနမင်းသားသည် တောသို့ဝင်၍ရလွယ်သော သစ်သီးကြီးငယ်ရှိသောအရိပ် ရေနှင့်ပြည့်စုံသောအရပ်၌ သစ်ခက်တဲကျောင်းဆောက်၍နေသည်။

သမ္ဗုလသည် နံနက်စောစောကထပြီးလျှင် ကျောင်းကိုတံမြက်လှည်း၍ သောက်ရေသုံးရေကိုတည်ထားသည်။ ဒန်ပူ၊ မျက်နှာသစ်ရေဆက်ကပ်၍ ခံတွင်း

သုတေသနစာကြည့်တိုက်


ဆေးပြီးသည်ရှိသော် အထူးထူးသောဆေးတို့ကိုကြိတ်၍ ထိုမင်းသား၏ နူနာ၌ လိမ်းကျံပေးသည်။ ချို၍အရသာရှိသောသစ်သီး ကြီး-ငယ်တို့ကို စားစေပြီး ခံတွင်းကို ဆေးပေးသည်။

ထိုနောက် မိမိ၏လက်ကိုကောင်းစွာဆေးကြောပြီး-

"အရှင်သား. . . မမေ့မလျော့ဖြစ်လော"

ဟု ပြောဆိုရှိခိုးပြီးလျှင် တောင်း, တုရွင်း, ချိတ်, တံချူတို့ကိုယူကာ သစ်သီးကြီးငယ်အလို့ငှါ တောသို့ဝင်သည်။ သစ်သီးကြီးငယ်တို့ကို ဆွတ်ခူးယူသည်။ ထို့နောက် ပြန်လာပြီး သစ်သီးများကိုထားကာ ရေအိုးဖြင့်ရေသယ်ကာ မင်းသားကိုအထူးထူးသော ကသယ်မှုန့်ဖြင့်လည်းကောင်း၊ မြေညက်တို့ဖြင့်လည်းကောင်း၊ မင်းသားကို ရေချိုးစေသည်။ ပြီးလျှင်သစ်သီးတို့ကို နံနက်စာအဖြစ်စားစေသည်။ စားပြီးသောအခါ နံ့သာဖြင့်ထုံအပ်သောရေကို ဆက်ကပ်၍ မိမိသည်သစ်သီးတို့ကို သုံးဆောင်သည်။

ထို့နောက် ပျဉ်အခင်းကိုစီရင်၍ မင်းသားကိုထိုပျဉ်အခင်း၌ လျောင်းစေကာ မင်းသား၏ခြေတို့ကို ရေဆေးသည်။ ဦးခေါင်းကိုဆုပ်နယ်ပေးသည်။ ကျောနှင့်ခြေလက်တို့ကို ဆုပ်နယ်ပေးလျက် မင်းသား၏အိပ်ရာနံပါး၌ အနားယူအိပ်စက်သည်။

ဤသို့သောနည်းဖြင့် သမ္ဗုလသည် နူနာသည်လင်သောတ္ထိသေနကို မရွံမရှာပြုစုလုပ်ကျွေးနေခဲ့သည်။

သမ္ဗုလမင်းသမီးသည် တစ်နေ့သောအခါ တော၌သစ်သီးကြီးငယ်တို့ကိုဆောင်သည်ရှိသော် ချောင်းငယ်တစ်ခုသို့ရောက်၍ တောင်းကိုချပြီးရေချိုးရန်သက်ဆင်းသည်။ ကသယ်မှုန့်ဖြင့်ပွတ်၍ ရေချိုးသည်။ ရေချိုးပြီးသော် လျော်သောအဝတ်ကိုဝတ်ကာ ချောင်းနား၌ရပ်နေသည်။

သမ္ဗုလ၏ကိုယ်ရောင်ဖြင့် တောအားလုံးသည် တပြိုင်နက်ထဲ လင်းသည်။

ထိုခဏဝယ် တစ်ကောင်သောဒါနဝဘီလူးသည် အစာရှာအံ့သောငှါ လာသည်ရှိသော် သမ္ဗုလမင်းသမီးကိုမြင်၍ တပ်စွန်းသောစိတ်ရှိကာ-

"ကောင်းစွာပေါင်းအပ်သော မြတ်သောနိရုလက္ခဏာရှိသောမိန်းမ၊ တောင်ခြားချောင်းနား၌ ချမ်းအေးသည်ဖြစ်၍ တုန်လှုပ်သည်ကားအဘယ်သူနည်း၊

သင်သည် တစ်ယောက်တည်းတည်း၏။ လက်ဖြင့်ညှတ်စေအပ်သော ခါးရှိသော မိန်းမ၊ ငါသည်မေးလိုပါ၏။ သင်၏အမည်၊ အမျိုးအနွယ်ကိုပြောကြားပါလော"

"ကောင်းခြင်းငါးပါးနှင့်ပြည့်စုံသောမိန်းမ၊ ခြင်္သေ့ကျားတို့၏နေရာဖြစ်သော မွေလျော်ဘွယ်ရှိသော တောအားလုံးသည် ကိုယ်ရောက်ဖြင့် ထွန်းလင်း၏။ သင်သည် အဘယ်သူသည်မူလည်း ဖြစ်သနည်း။

ခါးစည်တင်ကျယ်သောခါးရှိသောမိန်းမ သင်သည်အဘယ်သူ၏သမီးနည်း၊ အဘယ်ဒါနော အမည်ရှိသော ငါသည်သင့်ကိုရှိခိုးပါ၏။ သင့်အားရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။"

"ဒါနောဘီလူး. . . ကာသိမင်း၏သား သောတ္ထိသေနဟူ၍ လူအများသိကြသည်။ ငါသည် ထိုမင်းသား၏မယား သမ္ဗုလဖြစ်၏-ဟု သိပါလေ"

အရှင်ဘီလူး. . . သမ္ဗုလအမည်ရှိသောငါသည် သင့်ကိုရှိခိုးပါ၏။ သင့်အား ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။ သောတ္ထိသေနမင်းသည် ကျင်နာသည်ဖြစ်၍ တော၌နေ၏။ ရောဂါဖြင့်နှိပ်စက်အပ်သော ထိုမင်းသားကိုတစ်ယောက်တည်းသော ငါသည်လုပ်ကျွေး၏။ ငါသည်ကား တော၌ခြင်္သေ့ကျားတို့၏ စားကြွင်းဖြစ်သော ပျားအမဲကိုရှာမှီး၍ အကြင်အစာကိုငါသည်ဆောင်ခဲ့၏။ ထိုအစာကိုစား၏။ ယနေ့မူကား ထိုမင်းသား၏ကိုယ်သည် ပူလောင်လိမ့်မည်တကား။"

"သမ္ဗုလမင်းသမီး အနာ၌ကျင်လည်ရသောအနာဖြင့်ကျင်နာသော မင်းသားဖြင့် တော၌အသို့ပြုအံ့နည်း။ ငါသည်သင်၏ လင်သည်ဖြစ်လို၏။"

"အရှင်ဒါနောဘီလူး. . . စိုးရိမ်ခြင်းဖြင့် နှိပ်စက်အပ်သော ဆင်းရဲခြင်း၊ အထီးကျန်ခြင်းသို့ရောက်သော ကိုယ်ရှိသောငါအား အရောင်အဆင်းသည် အဘယ်မှာ ရှိပါအံ့နည်း၊ အရှင်ဒါနောဘီလူး ကျွန်ုပ်တို့ထက်အလွန်အဆင်းလှသော တစ်ပါးသောမိန်းမကို ရှာပါလေ။"

"သမ္ဗုလမင်းသမီး. . . လာလှည့်၊ ဤတောင်သို့တက်လော့၊ ငါ၏မယားတို့သည် လေးရာရှိကုန်၏။ ထိုလေးရာသောမယားတို့ထက် သင်သည်အလုံးစုံသော အလိုဆန္ဒနှင့်ပြည့်စုံသည်ဖြစ်၍ မြတ်သည်ဖြစ်လော၊"

"ကြယ်ရောင်အဆင်းနှင့်တူသော အဆင်းရှိသောသမ္ဗုလမင်းသမီး၊ အလုံးစုံသောအသုံးအဆောင်ကိုစိတ်ဖြင့် သင်သည်အလိုရှိ၏။ ထိုအလုံးစုံသောဥစ္စာအသုံး

အဆောင်သည် ငါ့အားစင်စစ်များပြား၏။ ယနေ့ငါနှင့်အတူတကွ မွေ့လျော်ပါလော”

“နူးညံ့သောကိုယ်ရှိသော သမ္မုလမင်းသမီး သင်သည်မိဖုရားကြီးအဖြစ်ကို အကယ်၍မပြုအံ့၊ သင်သည်ငါ၏နံနက်စာအဖြစ် ဖြစ်လတ့်”

ဒါနောဘီလူးသည် ထိုသို့ပြောပြီး သမ္မုလလက်ကိုဆွဲကိုင်သည်။ သမ္မုလသည် ပြင်းစွာသော စိုးရိမ်ခြင်းသို့ရောက်သွားသည်။

“အို. . . အရှင်နတ်အပေါင်းတို့ အကြင်အခြင်းဖြင့် ရက္ခိုက်ဘီလူးသည် ကျွန်ုပ်ကိုအကြင်စားရာ၏။ ထိုအခြင်းဖြင့် ဤသို့စားခြင်းသည် ကျွန်ုပ်၏အရှင်သားအား တစ်ပါးသောအခြင်းအရာဖြင့် စိတ်သည်အကြင်တစ်ခြားဖြစ်လတ့်၊ ဤအရှင်သားတော်၏ စိတ်တစ်ခြားဖြစ်ခြင်းသည်လျှင် ကျွန်ုပ်အားအလွန်ဆင်းရဲလှစွာ၏”

“အရှင်နတ်မြတ်တို့သည် မရှိကုန်လေသော်တကား၊ ဤအရပ်မှတစ်ပါးသွားလေကုန်ယောင်တကား၊ ဤလောက၌ လူတို့ကိုစောင့်တတ်ကုန်သော လောကပါလနတ်တို့သည် မရှိလေကုန်ယောင်တကား၊ ကိုယ်, နှုတ်, နှလုံးကိုမစောင့်ကုန်သော နှိပ်စက်ကလူပြုတတ်ကုန်သောသူတို့ကို တားမြစ်တတ်ကုန်သော နတ်တို့သည် မရှိလေကုန်ယောင်တကား၊”

ထိုသို့ငိုကြွေးမြည်တမ်းသောအခါ သမ္မုလမင်းသမီး၏သီလ အာနုဘော်ကြောင့် သိကြားမင်း၏ဘုံဗိမာန်သည် တုန်လှုပ်၏။ ပဏ္ဍုကမ္ဗလာကျောက်ဖျာသည် ပူသောအခြင်းအရာကိုပြသည်။

သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိ၍ ဝရဇိန်လက်နက်ကိုယူ၍ လျင်မြန်စွာလာလတ်ပြီးလျှင် ဘီလူးခေါင်းထက်၌ရပ်၍ ထိုဒါနောဘီလူးကို-

“ရက္ခိုက်ဘီလူး. . . ဤမိန်းမသည် မိန်းမတကာတို့ထက်မြတ်၏။ များသောအခြံအရံရှိ၏။ ငြိမ်သက်သောဣန္ဒြေရှိ၏။ ညီမျှသော အကျင့်ရှိ၏။ မီးကဲ့သို့တက်သော တန်ခိုးရှိ၏။ သင်သည်ထိုမင်းသမီးကို အကယ်၍စားအံ့၊ ဤသို့စားသည်ရှိသော် သင်၏ဦးခေါင်းသည်လည်း ခုနှစ်စိတ်ကွဲရာပေအံ့၊ သင်သည်လင်ဝတ်နှင့်ပြည့်စုံသော မိန်းမသောမိန်းမကို မစားလင့်လွှတ်လော့”

ထိုစကားကိုကြား၍ ဒါနောဘီလူးသည် သမ္မုလမင်းသမီးကိုလွှတ်သည်။ သိကြားမင်းသည် တစ်ဖန်လည်း-

"အရှင်မ. . . ခိုး၍ကျင့်တတ်ကုန်သော များသောမာယာရှိကုန်သော မိန်းမတို့အား အကြင်မိန်းမတို့၌မှန်သောစကားသည် ဖြစ်၏။ ထိုမိန်းမတို့၏အလို ကို သိနိုင်ခဲ၏။ ထိုမိန်းမတို့၌မှန်သောစကားကို အလွန်ရခဲ၏။ ဥပမာသော်ကား- ရေ၌ငါး၏သွားရာကို သိနိုင်ခဲသကဲ့သို့ဆိုတည်း။"

"အရှင်သား. . . အကျွန်ုပ်သည် မယုံကြည်သောအရှင်သားကို ကျွန်ုပ်၏ သစ္စာအစွမ်းဖြင့်သာလျှင် ကုစားပါအံ့၊"

ဟုဆိုပြီး အိုးကိုရေဖြင့်ပြည့်စေပြီးလျှင်-

"အရှင်. . . ကျွန်ုပ်သည် အရှင်သားမှတစ်ပါး အရှင်သားထက်သာလွန်၍ ချစ်သောသူကို အကြင်အခြင်းအရာအားဖြင့် မသိစဖူး။ ထိုအခြင်းအရာအားဖြင့် ကျွန်ုပ်၏စကားသည် အကယ်၍မှန်ငြားအံ့၊ ဤသို့မှန်သည်ရှိသော် ယခုအခါ၌လည်း စောင့်မပါစေသတည်း၊ ဤမှန်သောစကားကို ဆိုခြင်းကြောင့်အရှင်သား၏ အနာ သည် ကင်းပျောက်ပါစေသတည်း။"

ဟု သစ္စာဆိုကာ ရေကိုမင်းသားအပေါ်သို့ သွန်းလောင်းချလိုက်သည်။

ထိုခဏ၌ပင် သောတ္ထိသေနမင်း၏နူနာသည် ကြေးနီအညစ်အကြေးကို အချဉ်ရည်ဖြင့် ဆေးသကဲ့သို့ ထိုခဏ၌ပင် ကင်းပျောက်သွားလေသည်။

မင်းသား၊ မင်းသမီးတို့သည် အလွန်ပင်ဝမ်းမြောက်ရွှင်လန်းကြလျက် ထိုအရပ်၌ နှစ်ရက်သုံးရက်နေပြီးလျှင် ဗာရာဏသီပြန်၍ ဥယျာဉ်တော်၌ နေကြ ကုန်သည်။

ဗြဟ္မဒတ်မင်းကြီးသည် သားတော်နှင့်သမီးတော်တို့ပြန်လာကြောင်းသိရ လျှင် ဥယျာဉ်တော်သို့ အခြံအရံတို့ဖြင့်သွားပြီး ထိုဥယျာဉ်၌ပင် သားတော်သောတ္ထိ သေနမင်းသားအား အဘိသိက်သွန်း၍ မင်းပြုစေသည်။

မိမိသည်ကား ရသေ့ရဟန်းပြု၍ ဥယျာဉ်၌သာနေပြီး သားတော်၏နန်း တော်၌သာ အမြဲဆွမ်းစားလေသည်။

သောတ္ထိသေနမင်းသည် သမ္ဗုလကိုမိဖုရားကြီးအရာ၌သာပေးပြီး တစ်စုံ တစ်ခုသောချီးမြှောက်ခြင်း၊ မြတ်နိုးမှုပြုခြင်းသည်ကား မရှိချေ။ သမ္ဗုလမင်းသမီး ရှိပါသော်လည်း တစ်ပါးကုန်သောမောင်းမတို့နှင့်သာ အတူတကွမွေ့လျော်၍ နေ လေသည်။

သမ္ဗူလသည် လင်ဖြစ်သောမင်းက ဤသို့ပစ်ပယ်ထားသဖြင့် စိတ်ခံစားရကာ ကြုံလှီသောကိုယ်ရှိသည်။ ဖြောင့်တော့သောအဆင်းရှိသည်၊ အကြောပြိုင်းရရိုင်းထ,သော ကိုယ်ရှိသည်။

သမ္ဗူလသည် တစ်နေ့သ၌ သောကကိုဖျောက်အံ့သောငှါ ဆွမ်းစားကြွလာသော ယောက္ခမရှင်ရသေ့ထံသို့သွား၍ ဆွမ်းစားခြင်းကိုစွပြီးလတ်သော်ရှိခိုး၍ သင့်တင့်လျှောက်ပတ်သောနေရာ၌ နေသည်။ ရသေ့သည်ညှိုးနွမ်းသော ဣန္ဒြေရှိသော သမ္ဗူလကိုမြင်၍-

"ရှင်မသမ္ဗူလ. . . လက်နက်လက်စွဲသော သူရဲစီးကုန်သော မြတ်ကုန်သော ခုနှစ်ရာကုန်သော အကြင်ဆင်တို့သည် ရှိကုန်၏။ ထိုဆင်တို့သည်လည်းကောင်း၊ လေးသမားတို့၏တစ်ထောင့်ခြောက်ရာတို့သည်လည်းကောင်း၊ နေ့ည၌မပြတ်ဗာရာဏသီပြည်ကို စောင့်ရှောက်ကုန်၏။ အဘယ်သို့သဘောရှိသောရန်သူတို့ကို သင်သည်မြင်သနည်း။"

"အရှင်ရသေ့. . . အရှင်၏သားသည် ရှေးကနှင့်မတူ၊ အရှင်၏သားသည် တန်ဆာဆင်အပ်ကုန်သော၊ ပဒုမာကြာပွင့်ချပ်နှင့်တူသော ကိုယ်ရေရှိကုန်သော အထူးထူးသော ချစ်ခင်နှစ်လိုဖွယ်ရှိကုန်သော ဟင်္သာကဲ့သို့ သာယာသောအသံရှိကုန်သော မိန်းမတို့ကိုသာ ကြည့်၏။ ပျော်မွေ့၏။

ဖခင်ရသေ့. . . သင်ဖခင်၏သားသည် ထိုမိန်းမတို့၏ညှင်းဆဲသာယာသီဆိုးဖြင့် တီးမှုတ်ခြင်းကိုကြားနာ၍ ရှေးသကဲ့သို့ ယခုအခါ၌ကျွန်ုပ်အပေါ်၌ မကျင့်ခဲ့တော့ပါ။"

"ဖခင်ရသေ့. . . ရွှေတံဘက်လည်းဆင်ဝတ်ကုန်သော လွန်စွာကာမဂုဏ်တို့ဖြင့် ဖမ်းယူဆွဲငင်တတ်ကုန်သော ခပ်သိမ်းသောတန်ဆာဖြင့် တန်ဆာဆင်တတ်ကုန်သော လူမိန်းမဖြစ်လျက် နတ်သမီးနှင့်တူကုန်သော သောတ္ထိသေနမင်းသည် ချစ်အပ်ကုန်သော မကဲ့ရဲ့အပ်သော ကိုယ်အင်္ဂါလက္ခဏာရှိကုန်သော မင်းသမီးတို့သည် ထိုဖခင်၏သားတော်ကို ဖြားယောင်းကုန်ပါ၏။ "

"ဖခင်. . . အကယ်၍ကျွန်ုပ်ကို အရိုအသေမြတ်နိုးတနာပြုအံ့၊ ကျွန်ုပ်ကို မရိုမသေမထေမဲ့မြင်ပြုအံ့၊ ရှေးကကဲ့သို့ ထိုအတူကျင့်အံ့၊ ဤသို့ကျင့်သည်ရှိသော်

ကျွန်ုပ်သည် တစ်ဖန်တော၌ ထိုလင်ကိုသစ်သီးသစ်မြစ်ရှာမှီးခြင်းဖြင့် ကျွေးမွေးပါအံ့

"ဖခင်. . . ကျွန်ုပ်အား ထိုတောသည် ဤဗာရာဏသီပြည်ထက်မြတ်သည် သာလျှင် ဖြစ်ပါ၏။"

"ဖခင်ရသေ့. . . အကြင်မိန်းမသည် စီရင်အပ်သော များမြတ်သောထမင်း အဖျော်ရှိသောအိမ်၌ ပြေပြစ်သောတန်ဆာဆင်ယင်လျက်နေရ၏။ အင်္ဂါငါးပါး ကျေးဇူးများနှင့်ပြည့်စုံ၏။ ထိုမိန်းမကို လင်သည်ကားမချစ်၊ ထိုလင်မချစ်သော မယားအား ထိုလင်အိမ်၌နေသည်ထက် သေရခြင်းကားမြတ်ပါသေး၏။"

(အင်္ဂါငါးပါးမှာ

၁။ လင်၏ရှေးဦးစွာ ထ,လေ့ရှိခြင်း

၂။ လင်၏နောက်မှအိပ်လေ့ရှိခြင်း

၃။ အဘယ်သို့ပြုစေလိုသနည်းဟုမေး၍ အလိုသို့လိုက်၍ ပြုလေ့ရှိ၏။

၄။ ချစ်နှစ်သက်ဖွယ်ကျင့်လေ့ရှိ၏။

၅။ ချစ်ခင်နှစ်လေးမြတ်စွာပြောဆိုလေ့ရှိ၏။)

"ဖခင်ရသေ့. . . စင်စစ်အကယ်၍ အကြင်မိန်းမသည် ဆင်းရဲ၏။ အထီးကျန်၏။ မှီခိုကိုးကွယ်ရာမရှိ၊ ဖျာလျှင်နှစ်ခုမြောက်ရှိ၏။ ထိုမိန်းမကိုလင်သည်ချစ်မြတ်နိုးသော မယားသည်သာလျှင် မြတ်ပါ၏။ လင်ချစ်သောမယားသည် အလုံးစုံသောအင်္ဂါနှင့် ပြည့်စုံသော်လည်း မမြတ်သည်သာလျှင်တည်း။"
ဟု သမ္ဗုလကရှင်ရသေ့အား လျှောက်ထားပြသည်။

ရှင်ရသေ့သည် သားတော်သောတ္ထိသေနကိုခေါ်စေ၍ -

"ချစ်သားသောတ္ထိသေန. . . သင်ချစ်သားသည် နူနာနှိပ်စက်အပ်သည် ဖြစ်၍ တောသို့ဝင်သည်ရှိသော် သင်ချစ်သားနှင့်အတူတကွတောသို့ဝင်၍ သင်ချစ်သားကို ရိုသေစွာပြုစုလုပ်ကျွေးသဖြင့် မိမိ၏သစ္စာအာနုဘော်ဖြင့် သင်ချစ်သား၏ နူနာကိုငြိမ်းစေ၍ အကြင်မိန်းမသည် အသင်၏မင်းအဖြစ်၌ တည်ရခြင်းအကြောင်းကို ပြုပေး၏။ ထိုမိန်းမအားခင်လျက်လည်း သင်သည်တည်ရာအရပ်ကိုမသိ၊ နေရာအရပ်ကိုမသိ၊ သင်ချစ်သားသည် မသင့်မလျော်ပြုဘိ၏။ အဆွေခင်ပွန်းပြစ်မှားသောအမှုမည်သည်ကား အလွန်ယုတ်မာ၏။"

"ချစ်သား. . . အကြင်မိန်းမသည် ယောကျ်ား၏အစီးအပွားကို အလိုရှိ၏၊ ထိုမိန်းမမျိုးကို အလွန်ရခဲ၏။ အကြင်လင်သည် မယား၏အစီးအပွားကိုအလိုရှိ၏။ ထိုလင်မျိုးကို အလွန်ရခဲ၏။ သင်ချစ်သား၏မယားသည်ကား လင်၏အကျိုးစီးပွား ကို အလွန်အလိုရှိ၏။ သီလနှင့်လည်းပြည့်စုံ၏။ မင်းမြတ်သား. . . သမ္ဗုလ အပေါ်၌ တရားကိုကျင့်ပါလော။"

ရှင်ရသေ့သည် သားတော်ကိုဆုံးမပြီး ဥယျာဉ်သို့ပြန်ကြွလေသည်။ ထိုအခါသောတ္ထိသေနမင်းသည် သမ္ဗုလကိုခေါ်တော်မူ၍-

"အရှင်မိဖုရား. . . ဤမျှလောက်သောကာလပတ်လုံး ငါသည်ပြုမိသော အပြစ်တို့ကို ရှင်မိဖုရားသည်းခံပါလော့၊ ဤနေ့မှစ၍ အလုံးစုံသောစည်းစိမ်ဥစ္စာကို ရှင်မိဖုရားအားသာလျှင် ငါပေးပါအံ့။"

"အရှင်မိဖုရား. . . အကယ်၍အရှင်မိဖုရားသည် များမြတ်ကုန်သော စည်းစိမ်ဥစ္စာတို့ကိုရသော်လည်း ငြူစူခြင်းသို့သက်သည်ဖြစ်၍ သေခြင်းသို့ကပ်ရလတ့်၊ ငါသည်လည်းကောင်း၊ ဤမင်းသမီးအပေါင်းသည်လည်း အလုံးစုံသော ငါတို့သည် သင်၏စကားကိုလိုက်နာကုန်သည် ဖြစ်ပါကုန်အံ့။"
ဟူ၍ ဝန်ခံကတိပေးတော်မူသည်။

ထိုအချိန်မှစ၍ နှစ်ပါးကုန်သောမင်း-မိဖုရားတို့သည် ညီညွတ်သင့်တင့်စွာ နေကြကုန်လျက် ဒါနအစရှိသော ကုသိုလ်တို့ကိုပြုလျက် နေကြသည်။ သေသော် ကံအားလျော်စွာသွားကြပြီး ရှင်ရသေ့သည် ဈာန်အဘိညာဉ်ကိုဖြစ်စေပြီး ဗြဟ္မာ ပြည်သို့လားရ၏။

"ရဟန်းတို့. . . ယခုအခါ၌သာလျှင် မလ္လိကာသည် လင်ကိုနတ်ကဲ့သို့ ရိုသေလေးမြတ်သည်မဟုတ်သေး၊ ရှေးကလည်း နတ်ကဲ့သို့ရိုသေလေးမြတ်သည် သာတည်း။"
ဟု မိန့်ကြားပြီး မလ္လိကာသည် ထိုအခါကသမ္ဗုလမိဖုရားဖြစ်သည်။ ယခုကောသလ မင်းသည် ထိုအခါက်သောတ္ထိသေနမင်းဖြစ်သည်။ ငါဘုရားက ထိုအခါက အဘ ရသေ့ဖြစ်ခဲ့သည်ဟု ဇာတ်တော်ကိုပေါင်း၍ အဆုံးသတ်တော်မူသည်။

**(တိသနိပါတ်၊ သမ္ဗုလဇာတက)**

# မိန်းမတို့အဆင်းလှ-မလှ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် အချိန်ကာလဖြစ်သည်။

မလ္လိကာမိဖုရားသည် မြတ်စွာဘုရားထံချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်ရာတစ်နေရာ၌ထိုင်ကာ-

"အရှင်ဘုရား. . . ဤလောက၌ အချို့သောအမျိုးသမီးတို့သည် အဆင်းလည်းမလှ၊ အသွင်လည်းမကောင်း၊ ရှုချင်ဖွယ်လည်းမရှိ၊ ဆင်းလည်းဆင်းရဲ၏။ ကိုယ်ပိုင်ဥစ္စာလည်းမရှိ၊ အသုံးအဆောင်လည်းနည်း၏။ တန်ခိုးလည်းနည်း၏။ ထိုအဆင်းမလှခြင်းစသည်၏ အကြောင်းအထောက်အပံ့ကား အဘယ်နည်း။"

"အရှင်ဘုရား. . . ဤလောက၌ အချို့သောမိန်းမသည် အဆင်းလည်းမလှ၊ အသွင်လည်းမကောင်း၊ ရှုချင်ဖွယ်လည်းမရှိ၊ သို့သော်လည်း ကြွယ်ဝ၏။ များသောဥစ္စာရှိ၏။ များသောအသုံးအဆောင်ရှိ၏။ တန်ခိုးလည်းကြီး၏။ ထိုအဆင်းမလှခြင်းအကြောင်းသည်ကား အဘယ်ပါနည်း။"

"အရှင်ဘုရား. . . ဤလောက၌အချို့သောမိန်းမသည် အလွန်အဆင်းလှ၏။ ရှုချင်ဖွယ်လည်းရှိ၏။ ကြည်လင်ဖွယ်လည်းဖြစ်၏။ လွန်မြတ်သောအဆင်းအသွင်နှင့်ပြည့်စုံ၏။ ကြွယ်လည်းကြွယ်ဝ၏။ များစွာသောဥစ္စာလည်းရှိ၏။ များသောအသုံးအဆောင်လည်းရှိ၏။ တန်ခိုးလည်းကြီး၏။ ထိုအဆင်းလှခြင်းစသည် အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း။"

ဟု လျှောက်ထားသည်။

“မလ္လိကာ. . . ဤလောက၌ အချို့မိန်းမသည် အမျက်ဒေါသကြီး၏။ စိတ်ပင်ပန်းခြင်းများ၏။ အနည်းငယ်မျှကို ပြောဆိုကာမျှဖြင့်လည်း ကပ်ငြိတတ်၏။ အမျက်ထွက်တတ်၏။ ဖောက်ပြန်တတ်၏။ ရန်ငြိုးထားတတ်၏။

စိတ်ဆိုးခြင်းကိုလည်းကောင်း၊ အမျက်ထွက်ခြင်းကိုလည်းကောင်း၊ မနှစ်သက်ခြင်းကိုလည်းကောင်း ထင်စွာပြု၏။

ထိုမိန်းမသည် ရဟန်းအားဖြစ်စေ၊ ပုဏ္ဏားအားဖြစ်စေ၊ ဆွမ်းကိုလည်းကောင်း၊ အဖျော်ကိုလည်းကောင်း၊ အဝတ်သင်္ကန်းကိုလည်းကောင်း၊ ယာဉ်ကိုလည်းကောင်း၊ ပန်းကိုလည်းကောင်း၊ နံ့သာပျောင်းကိုလည်းကောင်း၊ အိပ်ရာ၊ နေရာကိုလည်းကောင်း၊ ဆီမီးအဆောက်အဦးကိုလည်းကောင်း မပေးလှူတတ်၊ ငြူစူခြင်းနှင့်ယှဉ်သောစိတ်ရှိ၏။ သူတစ်ပါးတို့ထက်လာဘ်ရခြင်း၊ အရိုအသေခံရခြင်း၊ အလေးပြုခံရခြင်း၊ ရှိခိုးခံရခြင်း၊ အပူဇော်ခံရခြင်းတို့၌ ငြူစူ၏။ ပြစ်မှား၏။ ငြူစူခြင်းကိုဖွဲ့၏။

ထိုမိန်းမသည် ထိုဘဝမှစုနေ၍ ဤလူ့ပြည်ဘဝသို့ အကယ်၍ရောက်လာသည်ဖြစ်ငြားအံ့၊ ထိုမိန်းမသည်ဖြစ်လေရာ ဘဝတိုင်း၌ အဆင်းလည်းမလှ၊ အသွင်လည်းမကောင်း၊ ရှုချင်ဖွယ်မရှိ၊ ဆင်းရဲလည်းဆင်းရဲ၏၊ ကိုယ်ပိုင်ဥစ္စာမရှိ၊ အသုံးအဆောင်မရှိ၊ တန်ခိုးလည်းနည်း၏။

“မလ္လိကာ. . . ဤလောက၌ အချို့သောမိန်းမသည် အမျက်ဒေါသကြီး၏ စိတ်ပင်ပန်းခြင်းများ၏။ အနည်းငယ်မျှကိုပြောဆိုကာမျှဖြင့်လည်း ကပ်ငြိတတ်သည်။ အမျက်ထွက်တတ်၏။ ဖောက်ပြန်တတ်၏။ ရန်ငြိုးထားတတ်၏။ စိတ်ဆိုးခြင်းကိုလည်းကောင်း၊ အမျက်ထွက်ခြင်းကိုလည်းကောင်း၊ မနှစ်သက်ခြင်းကိုလည်းကောင်း ထင်စွာပြုတတ်၏။

ထိုမိန်းမသည် ရဟန်းအားဖြစ်စေ၊ ပုဏ္ဏားအားဖြစ်စေ၊ ဆွမ်းကိုလည်းကောင်း၊ အဖျော်ကိုလည်းကောင်း၊ အဝတ်သင်္ကန်းကိုလည်းကောင်း၊ ယာဉ်ကိုလည်းကောင်း၊ ပန်းကိုလည်းကောင်း၊ နံ့သာပျောင်းကိုလည်းကောင်း၊ အိပ်ရာ၊ နေရာကိုလည်းကောင်း၊ ဆီမီးအဆောက်အဦးကိုလည်းကောင်း ပေးလှူတတ်၏။

ငြူစူခြင်းနှင့်ယှဉ်သောစိတ်မရှိ၊ သူတစ်ပါးတို့လာဘ်ရခြင်း၊ အရိုအသေပြုခံရခြင်း၊ မြတ်နိုးခံရခြင်း၊ ရှိခိုးခံရခြင်း၊ အပူဇော်ခံရခြင်းတို့၌ မပြစ်မှား၊ ငြူစူခြင်းဖြင့်မဖွဲ့။

ထိုမိန်းမသည် ထိုဘဝမှစုတေ၍ ဤလူ့ဘဝသို့အကယ်၍ ရောက်လာသည်ဖြစ်ငြားအံ့၊ ထိုမိန်းမသည်ဖြစ်လေရာဘဝ၌ အဆင်းမလှ၊ အသွင်မကောင်း ရှုချင်ဖွယ်လည်းမရှိ သို့သော် ကြွယ်ဝချမ်းသာ၏။ များသောဥစ္စာရှိ၏။ များသော အသုံးအဆောင်ရှိ၏။ တန်ခိုးလည်းကြီး၏။

"မလ္လိကာ. . . ဤလောက၌ မိန်းမသည်အမျက်ဒေါသမကြီး၊ စိတ်ပင်ပန်းခြင်းမများ၊ များစွာပြောဆိုသော်လည်း မကပ်ငြိတတ်၊ အမျက်မထွက်တတ်၊ မဖောက်ပြန်တတ်၊ ရန်ငြိုးမထားတတ်။"

စိတ်ဆိုးခြင်းကိုလည်းကောင်း၊ အမျက်ထွက်ခြင်းကိုလည်းကောင်း၊ မနှစ်သက်ခြင်းကိုလည်းကောင်း၊ ထင်စွာမပြုတတ်၊ ထိုမိန်းမသည် ရဟန်းအားဖြစ်စေ၊ ပုဏ္ဏားအားဖြစ်စေ၊ ဆွမ်းကိုလည်းကောင်း၊ အဖျော်ကိုလည်းကောင်း၊ အဝတ်သင်္ကန်းကိုလည်းကောင်း၊ ယာဉ်ကိုလည်းကောင်း၊ ပန်းကိုလည်းကောင်း၊ နံ့သာပျောင်းကိုလည်းကောင်း၊ အိပ်ရာ၊ နေရာကိုလည်းကောင်း၊ ဆီမီးအဆောက်အဦးကိုလည်းကောင်း၊ မပေးလှူတတ်၊

ငြူစူခြင်းနှင့်ယှဉ်သောစိတ်ရှိသည်ဖြစ်၍ သူတစ်ပါးတို့လာဘ်ရခြင်း၊ အရိုအသေပြုခံရခြင်း၊ အလေးပြုခံရခြင်း၊ ရှိခိုးခံရခြင်း၊ အပူဇော်ခံရခြင်းတို့၌ ငြူစူတတ်၏။ ပြစ်မှားတတ်၏။ ငြူစူခြင်းဖြင့်ဖွဲ့တတ်၏။

ထိုမိန်းမတို့သည် ထိုဘဝမှစုတေ၍ ဤလူ့ဘဝသို့အကယ်၍ ရောက်လာသည်ဖြစ်အံ့၊ ထိုမိန်းမသည်ဖြစ်လေရာရာဘဝ၌ အဆင်းလည်းလှ၏။ ရှုချင်ဖွယ်လည်းရှိ၏။ ကြည်လင်ဖွယ်လည်းဖြစ်၏။ မြတ်သောအဆင်းနှင့်လည်း ပြည့်စုံ၏။ သို့သော် ဆင်းရဲ၏။ ကိုယ်ပိုင်ဥစ္စာလည်းမရှိ၊ အသုံးအဆောင်လည်းမရှိ၊ တန်ခိုးလည်းနည်း၏။

"မလ္လိကာ. . . ဤလောက၌ အချို့သောမိန်းမသည် အမျက်ဒေါသမကြီး စိတ်ပင်ပန်းခြင်းမများ၊ များစွာပြောဆိုသော်လည်း မကပ်ငြိတတ်၊ အမျက်မထွက်တတ်၊ မဖောက်ပြန်တတ်၊ ရန်ငြိုးမထားတတ်၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ မနှစ်သက်ခြင်းကိုထင်စွာမပြုတတ်၊"

ထိုမိန်းမသည် ရဟန်းအားဖြစ်စေ၊ ပုဏ္ဏားအားဖြစ်စေ၊ ဆွမ်းကိုလည်းကောင်း၊ အဖျော်ကိုလည်းကောင်း၊ အဝတ်သင်္ကန်းကိုလည်းကောင်း၊ ယာဉ်ကိုလည်းကောင်း၊ ပန်းကိုလည်းကောင်း၊ နံ့သာပျောင်းကိုလည်းကောင်း၊ အိပ်ရာ၊ နေရာကိုလည်းကောင်း၊ ဆီမီးအဆောက်အဦးတို့ကို ပေးလှူတတ်၏။

ငြူစူခြင်းနှင့်ယှဉ်သေယစိတ်မရှိ၊ သူတစ်ပါးလာဘ်ရခြင်း၊ အရိုအသေခံရခြင်း၊ မြတ်နိုးခံရခြင်း၊ ရှိခိုးခံရခြင်း၊ အပူဇော်ခံရခြင်းတို့၌ မငြူစူမပြစ်မှား၊ ငြူစူခြင်းဖြင့်မဖွဲ့။

ထိုမိန်းမသည် ထိုဘဝမှစုတေ၍ ဤလူ့ဘဝသို့အကယ်၍ ရောက်လာသည်ဖြစ်အံ့၊ ထိုမိန်းမသည် ဖြစ်လေရာရာဘဝ၌အဆင်းလည်း၏။ ရှုချင်ဖွယ်လည်းရှိ၏။ ကြည်လင်ဖွယ်လည်းဖြစ်၏။ လွန်မြတ်သော အဆင်းအသွင်နှင့်လည်းပြည့်စုံ၏။ ချမ်းသာကြွယ်ဝ၏။ များသောဥစ္စာလည်းရှိ၏။ များသောအသုံးအဆောင်လည်းရှိ၏။ တန်ခိုးလည်းကြီး၏။

မလ္လိကာ. . . ဤသို့ ဤသို့သောအကြောင်းအထောက်အပံ့များကြောင့် ရုပ်မလှခြင်း-ရုပ်လှခြင်း၊ အဆင်းလှခြင်း-မလှခြင်း၊ ဥစ္စာရှိခြင်း-မရှိခြင်း၊ တန်ခိုးကြီးခြင်း-နည်းခြင်း၊ အသုံးအဆောင်များခြင်း-နည်းခြင်း စသည်တို့ဖြစ်ရပေသည်။ ဟု ဗုဒ္ဓက သုတ္တအကြောင်း အထောက်အပံ့ လိုက်ရှင်းပြတော်မူသည်။

ဘုရားရှင်က ဤသို့ရှင်းပြသော် မလ္လိကာသည် ဘုရားရှင်အား မိမိကိုယ်ကို နှင့် မိမိဘဝကိုသုံးသပ်ဆင်ခြင်၍-

"အရှင်ဘုရား. . . တပည့်တော်မသည် တစ်ပါးသောဘဝ၌ အမျက်ကြီးခဲ့ဖူးလေယောင်တကား၊ စိတ်ပင်ပန်းခြင်းများခဲ့လေယောင်တကား၊ အနည်းငယ်ပြောဆိုကာမျှဖြင့်လည်း ငြိကပ်တတ်လေယောင်တကား၊ အမျက်ထွက်ခဲ့လေယောင်တကား၊ ဖောက်ပြန်ခဲ့လေယောင်တကား၊ ရန်ငြိုးထားခဲ့လေယောင်တကား၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ မနှစ်သက်ခြင်းကို ထင်စွာပြုဘူးခဲ့ယောင်လေယောင်တကား၊

အရှင်ဘုရား. . . ယခုဘဝ တပည့်တော်မသည် အဆင်းမလှ၊ အသွင်မကောင်း၊ ရှုချင်ဖွယ်မရှိပါဘုရား။"

အရှင်ဘုရား. . . တပည့်တော်သည် တစ်ပါးသောဘဝ၌ ရဟန်းအားဖြစ်စေ၊ ပုဏ္ဏားအားဖြစ်စေ၊ ဆွမ်း, အဖျော်, အဝတ်သင်္ကန်း, ယာဉ်, ပန်းနံ့သာ, နံ့သာပျောင်း, အိပ်ရာနေရာ, ဆီမီးအဆောက်အဦးတို့ကို လှူခဲ့ဖူးလေယောင်တကား၊

အရှင်ဘုရား. . . ဤဘဝ၌ တပည့်တော်မသည် ကြွယ်ဝပါ၏။ များသောဥစ္စာရှိပါ၏။ များသောအသုံးအဆောင်ရှိပါ၏။"

"အရှင်ဘုရား. . . တပည့်တော်မသည် တစ်ပါးသောဘဝ၌ ငြူစူလိုစိတ်မရှိယောင်တကား၊ သူတစ်ပါးလာဘ်ရခြင်း၊ အရိုမအသေပြုခံရခြင်း၊ အလေးပြုခံရခြင်း၊ မြတ်နိုးခံရခြင်း၊ ရှိခိုးခံရခြင်း၊ အပူဇော်ခံရခြင်းတို့၌ မငြူစူတတ်၊ မပြစ်မှားတတ်၊ ငြူစူခြင်းဖြင့်မနှောင်ဖွဲ့တတ်သည်ဖြစ်ခဲ့ဖူးယောင်တကား၊

အရှင်ဘုရား. . . တပည့်တော်မသည် ဤဘဝ၌တန်ခိုးကြီးပါ၏။ ဤမင်းကြီး၏နန်းတော်၌ အကြင်မင်းသမီးတို့သည်လည်းကောင်း၊ ပုဏ္ဏားတို့၏သမီးတို့သည်လည်းကောင်း၊ သူကြွယ်သမီးတို့သည်လည်းကောင်း၊ ရှိပါကုန်၏။

အရှင်ဘုရား. . . တပည့်တော်မသည် ထိုသတို့သမီးအပေါင်းတို့ကို အစိုးရခြင်းဖြင့် အကြီးအမှူးအဖြစ်ကို ပြုရပါ၏။

အရှင်ဘုရား. . . တပည့်တော်မသည် ယနေ့မှစ၍အမျက်မကြီးတော့ပါအံ့၊ များသောစိတ်ပင်ပန်းခြင်းမရှိတော့ပါအံ့၊ များစွာဆိုပါသော်လည်း မကပ်ငြိပါအံ့၊ အမျက်မထွက်ပါအံ့၊ မဖောက်ပြန်ပါအံ့၊ ရဟန်းဖြစ်စေ၊ ပုဏ္ဏားဖြစ်စေ၊ ဆွမ်းအဖျော်, အဝတ်သင်္ကန်း, ယာဉ်, ပန်းနံ့သာ, နံ့သာပျောင်း, အိပ်ရာနေရာ၊ ဆီမီးအဆောက်အဦးတို့ကို ပေးလှူပါအံ့၊ ငြူစူစိတ်မဖြစ်တော့ပါအံ့၊ လာဘ်ရခြင်း၊ အရိုအသေပြုခံရခြင်း၊ အလေးပြုခံရခြင်း၊ မြတ်နိုးခံရခြင်း၊ ရှိခိုးခံရခြင်း၊ အပူဇော်ခံရခြင်းတို့၌ မငြူစူမပြစ်မှားပါအံ့၊ ငြူစူခြင်းဖြင့်မဖွဲ့ပါအံ့။

အရှင်ဘုရား၏ တရားတော်သည် အလွန်နှစ်သက်ဖွယ်ဖြစ်ပါသည်။ တပည့်တော်မသည် ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သောဥပါသိကာမဟူ၍ မှတ်တော်မူပါဘုရား။"

ဟု လျှောက်ထားလေသည်။

**(အင်္ဂုတ္တရ်ပါဠိတော်၊ စတုက္ကနိပါတ မဟာဝဂ်၊ မလ္လိကာသုတ်)**

# ကောသမင်းမက်သော အိပ်မက်-၁၆-ချက် ပြဿနာ

ဂေါတမဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန် ဖြစ်သည်။

တစ်နေ့သောညတွင် ကောသလမင်းကြီးသည် ညဥ့်အခါမျောက်မျှင်း အိပ်ပျော်လျက် ပစ္ဆိမယံ၌ (၁၆) ချက်သော အိပ်မက်တို့ကို မြင်မက်လေသည်။ ညဥ့်အခါ၌ဖြစ်၍ ကြောက်လန့်လျက်နိုးပြီး အိပ်မက်မြင်မက်သောအကြောင်းကို စဉ်းစားရင်း-

"ငါအား မည်သို့သော အပြစ်ဖြစ်လတံ့နည်း"

ဟု စဉ်းစားရင်း ကြောက်လန့်လျက် အိပ်ရာအပြင်၌ ထိုင်လျက်သာ ညဥ့်ကို ကုန်လွန်စေသည်။

နံနက်မိုးသောက်သော် မင်းကြီးသည်ပုရောဟိတ်တို့ကို ခေါ်ယူပြီး ထိုအိပ်မက်,မက်သော ကိစ္စနှင့်ပတ်သက်၍ ကြောင်းကျိုးမေးကြည့်သည်။ မက်သော အိပ်မက်တို့ကို ပြောပြသည်။

"မြတ်သောမင်းကြီး. . . အိပ်မက်တို့သည် ကြမ်းကုန်၏"

ဟု ပုဏ္ဏားတို့က လက်ကိုခါ၍ခါ၍ လျှောက်ထားကြသည်။

"ဆရာတို့. . . ထိုအိပ်မက်တို့၏ အကျိုးသည်အသို့ဖြစ်လတံ့နည်း"

"မြတ်သောမင်းကြီး. . . တိုင်းပြည်၏ အန္တရာယ်သည်သော်လည်း ကောင်း၊ မိဖုရား၏အန္တရာယ်သော်လည်းကောင်း၊ မင်းကြီး၏အသက်အန္တရာယ်သော်

လည်းကောင်း၊ ဤသုံးပါးသောအန္တရာယ်တို့တွင် တစ်ပါးပါးသော အန္တရာယ်သည် ဖြစ်လတ့်”

“ ဆရာတို့. . . ကုစားအပ်သော အိပ်မက်လော၊ မကုစားနိုင်သော အိပ်မက်တို့လော”

“မြတ်သောမင်းကြီး. . . ထိုအိပ်မက်သည် အလွန်ကြမ်းတမ်းသဖြင့် ကုစား၍ရနိုင်သော အိပ်မက်မျိုးမဟုတ်ပါဘုရား၊ သို့သော်လည်း ကျွန်တော် မျိုးတို့ ကုစားနိုင်သည်ကို ပြုပေးပါအံ့၊ ထိုအိပ်မက်တို့ကို ကျွန်ုပ်တို့မကုစားနိုင်က ကျွန်ုပ်တို့တတ်ထားအပ်သော အတတ်ပညာတို့သည် အဘယ်အကျိုးရှိပါ တော့အံ့နည်း”

“ဆရာတို့. . . အဘယ်ပြု၍ ကုစားနိုင်အံ့နည်း”

“မြတ်သောမင်းကြီး. . . လေးခုအစုံသောယာဇ်ကို ပူဇော်ပါကုန်အံ့”

ထိုစကား ယာဇ်ပူဇော်မှုပြုမည်ဟူသော စကားကိုကြားလျှင် မင်းကြီး သည် ယခင်ကထက်ပင် အလွန်ထိတ်လန့်ကြောက်ရွံ့ထိတ်လန့်သွားသည်။

“ဆရာတို့. . . ထိုသို့ဖြစ်လျှင် ငါ၏အသက်သည် သင်တို့၏လက်၌ ဖြစ်ပါစေ၊ လျင်စွာပင်ချမ်းသာခြင်းကို ပြုကုန်လော”

ပုဏ္ဏားတို့သည် မိမိတို့အတွက် များစွာသောဥစ္စာ၊ ခဲဘွယ်၊ ဘောဇဉ်တို့ ကို ရကုန်မည်ဖြစ်ကြ၍ အလွန်နှစ်သက်ရွှင်လန်းသောစိတ် ရှိကုန်ကြပြီး”

“မြတ်သောမင်းကြီး. . . ကြောက်ရွံ့တော်မမူပါလင့်”

ဟု မင်းကြီးအား စိတ်သက်သာရာကို ရစေပြီးလျှင် မြို့ပြင်ပ၌ ယာဇ်တွင်းကို ပြုလုပ်စီမံရန် ထွက်ခွါသွားကြသည်။

ယာဇ်အတွက်များစွာသော အခြေလေးချောင်းရှိသော သတ္တဝါ၊ အခြေ နှစ်ချောင်းရှိသော ငှက်စသောသတ္တဝါတို့ကို စီမံပြုလုပ်ကြသည်။

မလ္လိကာမိဖုရားကြီးသည် ထိုအကြောင်းကိုသိ၍ မင်းကြီးထံသို့ သွား ပြီးလျှင်-

“မြတ်သောမင်းကြီး. . . ပုဏ္ဏားတို့သည် အဖန်တလဲလဲ မြို့ပြင်ထွက် လိုက်၊ မြို့ထဲဝင်လိုက် အဘယ်ကြောင့်ပြုလုပ်နေပါသနည်း”

ဟု လျှောက်သည်။

"အရှင်မိဖုရား. . . သင်ကား ချမ်းသာပေ၏။ ငါ၏နားရင်း၌ သွားသော မြွေဟောက်ကို မသိသလော"

"အရှင်မင်းကြီး. . . ထိုသို့သွားသော မြွေဟောက်ဟူသည် အဘယ်နည်း"

" ငါသည် ဤသို့သဘောရှိကုန်သော မကောင်းသောအိပ်မက်ကို မြင်မက်ကုန်၏၊ ပုဏ္ဏားတို့သည် သုံးပါးသောအန္တရာယ်တို့တွင် တစ်ပါးပါးသော အန္တရာယ်သည်ထင်၏ဟုဆို၍ ထိုအန္တရာယ်တို့ကို ဖျောက်ခြင်းငှါ ယာဇ်ပူဇော်ရန် အဖန်တလဲလဲ သွားနေကြခြင်း ဖြစ်ပါသည်"

"အရှင်မင်းကြီး. . . နတ်နှင့်တကွသော လောက၌မြတ်သော ပုဏ္ဏား ကို အိပ်မက်ကိုကုစားခြင်းငှါ အရှင်မင်းကြီး မေးပြီးပါပြီးလော"

"ရှင်မိဖုရား. . . ထိုသို့သော ပုဏ္ဏားမြတ်ဟူသည် အဘယ်နည်း"

"အရှင်မင်းကြီး. . . နတ်နှင့်တကွသော လောက၌မြတ်သောပုဂ္ဂိုလ်ဖြစ်တော်မူသော ခပ်သိမ်းသောတရားတို့ကို သိတော်မူသော အထူးသဖြင့် ကိလေသာတို့မှ စင်ကြယ်သော ဂေါတမအနွယ်ဖြစ်သော ပုဏ္ဏားကိုမသိပါသလော၊ ထိုမြတ်စွာဘုရားသည် အိပ်မက်၏အကျိုးကို သိရာ၏။ အရှင်မင်းကြီး ကြွ၍ ထိုမြတ်သောပုဏ္ဏားကို မေးပါလေလော့"

" ရှင်မိဖုရား. . . ကောင်းလှပါ၏"

ကောသလမင်းကြီးသည် စောစောပင်လျှင် ကျောင်းတော်ကိုသွား၍ မြတ်စွာဘုရားကို ရှိခိုးလျက်နေလေသည်။

မြတ်စွာဘုရားရှင်သည် သာယာသောအသံကိုပြု၍ -

"မြတ်သောမင်းကြီး. . . အဘယ်ကြောင့် စောစောအလျင်လာပါသနည်း" ဟုမေးတော်မူသည်။

ထိုအခါ ကောသလမင်းကြီးက မိမိအိပ်မက် (၁၆)ချက်မက်ပုံနှင့် ပုဏ္ဏား တို့က ယာဇ်ပူဇော်ရန်ပြောပုံ အကြောင်းစုံကို လျှောက်ထားပြီး-

"မြတ်စွာဘုရား. . . များစွာသော သတ္တဝါတို့သည် သေဘေးမှကြောက် ကုန်ပါ၏။ အရှင်ဘုရားသည် နတ်နှင့်တကွသော လောက၌ မြတ်သောပုဂ္ဂိုလ် ဖြစ်တော်မူပါ၏။ အတိတ်, အနာဂါတ်, ပစ္စုပ္ပန်ကိုခွဲ၍ အကြွင်းသိအပ်သော တရား တို့သည် အရှင်ဘုရား၏ဉာဏ်တော်၌ ထင်ခြင်းသို့မရောက်သော တရားမည်သည် မရှိဟု တပည့်တော်သိမြင်ပါ၏။ အရှင်ဘုရားသည် တပည့်တော်၏ ဤအိပ်မက် တို့ကောင်းကျိုး-ဆိုးပြစ်တို့ကို ဟောကြားပေးတော်မူပါ ဘုရား"

"မြတ်သောမင်းကြီး. . . သင်ဆိုတိုင်းမှန်၏။ ဤလောက၌ ငါဘုရားကို ထား၍ တစ်ပါးသောအိပ်မက်တို့၏ အကျိုးကိုလည်းကောင်း၊ ဖြစ်ခြင်းကိုလည်း ကောင်း သိခြင်းငှါစွမ်းနိုင်သောသူမည်သည် မရှိပါ။ ငါသည်သင်မင်းကြီးအား ဟောပြပါအံ့၊ သင်မင်းကြီးသည် မြင်တိုင်းမြင်တိုင်းသော အမှတ်ဖြင့်သာလျှင် အိပ်မက်တို့ကို ဆိုပါလော"

"အရှင်ဘုရား. . . ကောင်းပါပြီ"

ကောသလမင်းကြီးသည် ဤသို့ဝန်ခံလျှောက်ထားပြီး မိမိမက်သော အိပ်မက်တို့ကို တစ်ခုစီလျှောက်ပြသည်။

"မြတ်စွာဘုရား. . . မျက်စဉ်းညိုအဆင်းနှင့်တူကုန်သော နွားနက် ဥသဘတို့သည် ဝေ့ကုန်အပ်ဟု အရပ်လေးမျက်နှာတို့မှ မင်းရင်ပြင်သို့လာ လတ်ကုန်၍ နွားဥသဘတို့ ဝှေ့ခြင်းကိုကြည့်ကုန်အံ့-ဟု လူအများသည် မင်း ရင်ပြင်သို့ စည်းဝေးကြသည်ရှိသော် ဝှေ့အံ့သောအခြင်းအရာကိုပြု၍ တွံ- ကြုံးဝါးကြကာ မဝှေ့ကြဘဲ ဖွဲ့ခွာသွားကြသည်ဟု အိပ်မက်မက်ပါသည်ဘုရား။ ဤအိပ်မက်၏ အကျိုးသည်မည်သို့ ဖြစ်နိုင်ပါသနည်းဘုရား"

"မင်းမြတ်. . . ဤအိပ်မက်၏အကျိုးသည် သင်မင်းကြီး၏ လက်ထက် ငါဘုရားလက်ထက်တော်၌ မဖြစ်လတ့်၊ နောင်သောအခါ တရားမစောင့်ကုန် သော မင်းဆင်းရဲ၊ လူတို့၏လက်ထက်၌ လူတို့သည်ပြောင်းပြန်ဖြစ်ကုန်သည် ရှိသော် ကုသိုလ်တရားများ ဆုတ်ယုတ်၍အကိုသိုလ်တရားများ ပြန့်ပြောသည်

ရှိသော် ယုတ်မာသောလူတို့၏ လောက၌မိုးသည်ကောင်းစွာမရွာ၊ မိုးရွာခြင်းတို့သည် ပြတ်ကုန်လတ့်၊ ကောက်တို့သည် ညှိုးကုန်လတ့်၊ ဝတ်မွတ်ခြင်းတို့သည် ဖြစ်ကုန်လတ့်၊ ရွာအံ့ဘိသကဲ့သို့အရပ်လေးမျက်နှာမှ မိုးတို့သည် တက်လာကုန်၍ မိန်းမတို့သည် နေပူ၌ဖြန့်၍ လှန်းအပ်ကုန်သော ကောက်အစရှိသည်တို့ကို မိုးရွာအံ့ထင်၍ စွတ်အံ့သည်မှ ကြောက်၍အိမ်တွင်းသို့သွင်းသော ကာလ၌ ယောကျ်ားတို့သည် ပေါက်တူး၊ တောင်း၊ လက်စွဲကုန်ချက် လက်ကန်သင်းတည်အံ့သောအခါ ထွက်သည်ရှိသော် ရွာအံ့သော အခြင်းအရာကိုပြ၍ ထစ်ချုန်းကာလျှပ်စစ်နွယ်တို့ လင်းလက်ပြီး နွားလားဥဿဘတို့ မဝှေ့ကုန်၍ ဖွဲ့ကုန်သကဲ့သို့ မရွာမူ၍ ပြေးကုန်လတ့်"

ဤရှေးဦးစွာသော အိပ်မက်သည် အိပ်မက်ဟူသော အကြောင်းကြောင့် သင်မင်းကြီးအား တစ်စုံတစ်ခုသော အန္တရာယ်သည် မရှိပါ။ ပုဏ္ဏားတို့သည်ကား မိမိ၏အသက်မွေးခြင်းကိုမှီ၍ ဆိုကုန်ခြင်းဖြစ်ပါ၏။"

"မြတ်သောမင်းကြီး. . . ဒုတိယအိပ်မက်ကို ဆိုလော"

"မြတ်စွာဘုရား. . . အလွန်ငယ်စွာကုန်သော သစ်ပင်တို့သည်လည်းကောင်း၊ ချုံတို့သည်လည်းကောင်း၊ မြေကိုဖောက်ကုန်၍ တစ်ထွာမျှလည်းကောင်း၊ တစ်တောင်မျှလည်းကောင်း တက်ကုန်၍ ပွင့်လည်းပွင့်ကုန်၏။ သီးလည်းသီးကုန်၏ဟု နှစ်ခုမြောက်သောအိမ်မက်ကို မြင်မက်ပါ၏။ အကျိုးပေးအသို့ပါနည်း ဘုရား"

"မြတ်သောမင်းကြီး. . . လောက၌ ဆုတ်ယုတ်သောအခါ အသက်တိုသောအခါ၌ ဖြစ်လတ့်၊ နောင်အခါ သတ္တဝါတို့သည် ထက်သောတဏှာရာဂရှိကုန်သည်ဖြစ်၍လတ့်၊ အရွယ်မရောက်ကုန်သေးသော သတို့သမီးငယ်တို့သည် ယောကျ်ားတစ်ပါးသို့ ရောက်ကုန်၍ ဥတုလာ၍လည်းကောင်း၊ ကိုယ်ဝန်ဆောင်၍လည်းကောင်း၊ ဖြစ်ကုန်၍သားသမီးတို့ကို ဖွားကုန်လတ့်၊ ငယ်ကုန်သော သစ်ပင်ချုံတို့၏အပွင့်တို့ကဲ့သို့ သတို့သမီးတို့အား ဥတုလာသောအဖြစ်သည် ဖြစ်လတ့်၊ ဤအိမ်မက်ဟူသောအကြောင်းကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိပါ"

"မင်းကြီး. . . သုံးခုမြောက်အိပ်မက်ကို ဆက်ဆိုလော"

"အရှင်ဘုရား. . . နွားမကြီးတို့သည် ယနေ့မွေးကုန်သော နွားမငယ်တို့၏ နို့ကိုစို့ကုန်သည်ကို မြင်မက်ပါ၏၊ ဤအိပ်မက်၏အကျိုးကား အဘယ်သို့ရှိပါသနည်း"

"မြတ်သောမင်းကြီး. . . ဤအိပ်မက်၏အကျိုးသည်လည်း နောင်အခါ၌ သတ္တဝါတို့သည် အမိအဖတို့ကိုလည်းကောင်း၊ ယောက္ခမမိဘတို့ကိုလည်းကောင်း၊ အရှက်ကိုမဖြစ်စေမူ၍ မိမိတို့သည်သာလျှင် ဥစ္စာကိုစီရင်ကုန်၍ စားရုံ ဝတ်ရုံမျှကိုသာ ကြီးသူတို့အား ပေးကုန်လိုသောသူတို့က ပေးကုန်လတ့်၊ မပေးကုန်လိုသူတို့က မပေးကုန်လတ့်၊

ထိုနေ့၌ ဖွားသောနွားမငယ်၏နို့ကို နွားမကြီးစို့သကဲ့သို့ ကြီးသောသူတို့သည် ကိုးကွယ်ရာမရှိကုန်သည်ဖြစ်၍ မိမိတို့မှဖြစ်သော သူငယ်တို့ကို နှစ်သက်စေ၍ အသက်မွေးရကုန်လတ့်၊ ဤအိပ်မက်မက်ဟူသော အကြောင်းကြောင့် သင်မင်းကြီးအား ဘေးမရှိပါ။

"မင်းမြတ်. . . စတုတ္ထမြောက် အိပ်မက်ကိုဆိုပါလော"

"အရှင်ဘုရား. . . ဝန်ကိုရွက်ဆောင်နိုင်သော အလုံးအရပ်နှင့် ပြည့်စုံသော နွားကြီးတို့ကို ထမ်းပိုးအဆင့်ဆင့်တို့ဖြင့် မကကုန်မူ၍ နို့စို့နို့ ခွာစဖြစ်ကုန်သော နွားငယ်တို့ကို က,၍ ထိုနွားငယ်တို့သည် ဝန်ကိုရွက်ဆောင်ခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ ဝန်ကိုစွန့်၍နေကုန်၏၊ လှည်းတို့သည် မလည်ကုန်၊ ဤအိပ်မက်အကျိုးကား အဘယ်ပါနည်း"

"မြတ်သောမင်းကြီး. . . ဤအိပ်မက်၏ အကျိုးသည်လည်း နောင်အခါ၌သာလျှင် တရားမစောင့်သော မင်းတို့လက်ထက်၌ ဖြစ်လတ့်၊ နောင်အခါ၌ တရားမစောင့်ကုန်သော မင်းဆင်းရဲတို့သည် ပညာရှိကုန်သော အစဉ်အဆက်၌ လိမ္မာကုန်သော မင်းမှုတို့ကိုဆောင်ရွက်ခြင်းငှါ စွမ်းနိုင်သောအမတ်ကြီးတို့အား စည်းစိမ်ကိုပေးကုန်လတ့်၊ တရားသဘင်၌ တရားဆုံးဖြတ်သောအရာ၌လည်း ပညာရှိကုန်သော တရားဆုံးဖြတ်ခြင်း၌ လိမ္မာကုန်သော အမတ်တို့ကို မထားကုန်လတ့်၊ ထိုအမတ်ကြီးတို့မှ ပြန်ကုန်သော အလွန်ငယ်ကုန်သော သူတို့အားကား စည်းစိမ်ကိုပေးကုန်လတ့်"

ထိုသို့ သဘောရှိသည်သာလျှင်ဖြစ်သောသူတို့ကို တရားဆုံးဖြတ်ရာ၌ ထားကုန်လတ့်၊ ထိုငယ်ကုန်သောသူတို့သည် မင်းမှုတို့ကိုလည်းကောင်း၊ သင့် မသင့်ကိုလည်းကောင်း၊ မသိကုန်ဖြစ်၍ ထိုစည်းစိမ်ကိုရွက်ဆောင်အံ့သောငှါ မတတ်နိုင်လတ့်၊ မင်းမှုတို့ကိုလည်း ရွက်ဆောင်ခြင်းငှါ မတတ်နိုင်ကုန်လတ့်၊

ထိုအလွန်ငယ်သောသူတို့သည် မတတ်နိုင်ကုန်သည်ဖြစ်၍ မင်းမှုဝန်ကို စွန့်ကုန်လတ့်၊ ကြီးကုန်သောပညာရှိ အမတ်တို့သည် စည်းစိမ်ကိုမရသည် ဖြစ်၍ မင်းမှုကိစ္စတို့ကို ရွက်ဆောင်အံ့သောငှါ တတ်နိုင်ကုန်သော်လည်း၊ ငါတို့အား ထိုမင်းအမှုဖြင့် အဘယ်သို့ပြုမှုအံ့နည်း၊ ငါတို့သည် ပြင်ပသာဖြစ်ကုန်၏။ အတွင်း သားဖြစ်ကုန်သော ငယ်ကုန်အလွန်ငယ်ကုန်သော သူတို့သည် သိကုန်လတ့်ဟု ဖြစ်ကုန်သောမင်းမှုတို့ကို မစောင့်ကုန်လတ့်၊

ဤသို့ဖြစ်သည်ရှိသော် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ထိုတရား မစောင့်ကုန်သော မင်းတို့အား ဆုတ်ယုတ်သည်သာလျှင် ဖြစ်ကုန်လတ့်၊

ဝန်ကိုရွက်ဆောင်ခြင်းငှါ မတတ်နိုင်ကုန်သော နို့စို့နို့ခွာစဖြစ်ကုန်သော နွားတို့ကိုလှည်း၌ က,သောအခါကဲ့သို့ ဝန်ကိုရွက်ဆောင်နိုင်ကုန်သော နွားကြီး တို့ကို ထမ်းပိုးအဆင့်ဆင့်မကသော အခါကဲ့သို့ဖြစ်လတ့်၊

ဤအိပ်မက်အကြောင်းကြောင့်လည်း သင်မင်းကြီးအား ဘေးမရှိပါ”

“ပဉ္စမအိပ်မက်ကို ဆက်ဆိုပါလော”

“အရှင်ဘုရား. . . ကျွန်ုပ်သည် တစ်ကောင်သောနှစ်ဖက်မျက်နှာရှိသော မြင်းကိုမြင်မက်ပါ၏။ ထိုမြင်း၏နှစ်ဘက်သော နံပါးတို့၌ မုယောနှမ်းကိုပေးကုန်၏။ ထိုမြင်းသည်နှစ်ဘက်သောခံတွင်းဖြင့် စား၏။ ဤအိပ်မက်၏ အကျိုးကား အသို့ပါနည်း”

“မင်းမြတ်. . . ဤအိပ်မက်၏ အကျိုးသည်လည်း နောင်အခါ၌ တရား မစောင့်သော မင်းတို့၏လက်ထက်၌သာလျှင် ဖြစ်လတ့်၊ နောင်အခါ တရား မစောင့်သော မင်းမိုက်တို့သည် တရားမစောင့်သော လျှပ်ပေါ်လော်လီသော သူတို့ကို တရားဆုံးဖြတ်သောအရာ၌ ထားကုန်လတ့်၊ ကောင်းမှု-မကောင်းမှုတို့ကို မရှုသောလူမိုက်သည် တရားသဘင်၌နေ၍ အဆုံးအဖြတ်ကို ပေးသည်ရှိသော်

မြင်းသည်နှစ်ဘက်သောခံတွင်းဖြင့် မုယောနှမ်းကိုစားသကဲ့သို့ နှစ်ဘက်ဖြစ်သော တရားခံ-တရားလိုဘက်တို့မှ တံစိုးကိုယူ၍ စားကုန်လတ့်၊ ဤအိပ်မက်ဟူသော အကြောင်းကြောင့် သင်မင်းကြီးအား အပြစ်မရှိပါ၊ ခြောက်ခုမြောက် အိပ်မက်ကို ဆက်ဆိုပါလေ”

“အရှင်ဘုရား. . . လူအများသည် အဖိုးတစ်သိန်းထိုက်သော ရွှေခွက်ကို သုတ်သင်၍ ဤရွှေခွက်၌ ကျင့်ငယ်စွန့်လော့ဟု တစ်ကောင်သောမြေခွေးဖို့ အတွက် ထား၏။ ထိုရွှေခွက်၌ ကျင်ငယ်စွန့်သော မြေခွေးကိုမြင်မက်မိပါ၏။ ဤအိမ်မက်အကျိုးကား အဘယ်နည်း”

“မြတ်သောမင်းကြီး. . . ဤအိပ်မက်၏အကျိုးသည် နောင်အခါ၌သာ ဖြစ်လတ့်၊ နောင်အခါ တရားမစောင့်သောမင်းတို့သည် အမျိုးနှင့်ပြည့်စုံကုန် သောသူကောင်းတို့အား ရွံ့ရှာခြင်းကြောင့် စည်းစိမ်ကိုမပေးကုန်လတ့်၊ အမျိုးမြတ် သောသူတို့ကို စွန့်ကုန်လတ့်၊ အမျိုးယုတ်သောသူတို့အားသာ စည်းစိမ်ကိုပေးလတ့်၊

ဤသို့ဖြစ်သည်ရှိသော် အမျိုးမြတ်ကုန်သော သူတို့သည် ဆင်းရဲကုန်လတ့်၊ အမျိုးယုတ်သောသူတို့သည် အစိုးရသည်ဖြစ်လတ့်၊ အမျိုးမြတ်သော ယောကျ်ားတို့ သည်လည်း အသက်မွေးခြင်းငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ ဤသူယုတ်တို့ကိုမှီ၍ အသက်မွေးကုန်အံ့ဟု အမျိုးယုတ်သောသူတို့အား သားသမီးကို ပေးကုန်လတ့်၊

ဤသို့လျှင် မြေခွေးဖိုအား ရွှေခွက်၌ကျင်ငယ်စွန့်ခြင်းနှင့်တူသော အမျိုး ကောင်းသမီးတို့၏ အမျိုးယုတ်ကုန်သောသူတို့နှင့်တကွ ပေါင်းသင်းခြင်းသည် ဖြစ်လတ့်၊

ဤအိပ်မက်ဟူသော အကြောင်းကြောင့် သင်မင်းကြီးအား ဘေးမရှိပါ မြတ်သောမင်းကြီး ခုနှစ်ခုမြောက်သော အိမ်မက်ကိုဆိုပါလော”

“အရှင်ဘုရား. . . ယောကျ်ားတစ်ယောက်သည် လွန်ကိုကျစ်၍ ခြေရင်း၌ထား၏၊ ထိုယောကျ်ားသည် ထိုင်အပ်သောအင်ပျဉ်အောက်၌ အိပ်သော ဆာမွတ်သောမြေခွေးမတစ်ကောင်သည် ထိုယောကျ်ားမသိစဉ် လွန်ကိုစား၏ ဟု မြင်မက်ပါသည်။ ထိုအိပ်မက်၏ အကျိုးကားအဘယ်သို့ ဖြစ်နိုင်ပါသနည်း”

“မြတ်သောမင်းကြီး. . . ဤအိပ်မက်၏အကျိုးသည် နောင်အခါ၌ ဖြစ်လတ့်၊ နောင်အခါ၌ မိန်းမတို့သည်ယောကျ်ား၌လည်းကောင်း၊ သေသောက်

ခြင်း၌လည်းကောင်း၊ တန်ဆာဆင်ခြင်း၌လည်းကောင်း၊ လှည့်ပတ်ခြင်း၌လည်းကောင်း၊ ဝတ္ထုပစ္စည်းရလိုမှု၌လည်းကောင်း လော်လည်ကုန်သည်ဖြစ်လတ့်၊

သီလမရှိကုန်သည်ဖြစ်လတ့်၊ ယုတ်မာသောအကျင့်ရှိကုန်သည်ဖြစ်လတ့်၊ ထိုမိန်းမတို့သည် လင်တို့ကလယ်ထွန်ခြင်း၊ နွားကျောင်းခြင်း၊ ကုန်သွယ်ခြင်း အစရှိသော အမှုတို့ကိုပြုကုန်၍ ငြိုငြင်သဖြင့် ဆည်းပူးရရှိသောဥစ္စာတို့ကို လင်ငယ်တို့နှင့် တကွ သေကိုသောက်ကုန်လျက်၊ ပန်းနံ့သာပျောင်းတို့ကို ဆင်ယင်ကုန်လျက် အိမ်၌ အဆောတလျင်ပြုအပ်သောအမှုကိစ္စတို့ကိုမကြည့်မူ၍ အိမ်နံရံ၏အထက်အဖို့ဖြင့် လည်းကောင်း၊ အပေါက်ရှိရာအရပ်တို့ဖြင့်လည်းကောင်း၊ လင်ငယ်ကိုစုံစမ်းကြည့်ရှုကုန်လျက် နက်ဖြန်ပျိုးကြဲအပ်သည်နှင့်ယှဉ်သော မျိုးစပါးကိုလည်းထောင်း၍ ယာဂု၊ ထမင်း၊ ခဲဘွယ်အစရှိသည်တို့ကို ပြည့်စုံစေ၍ ခိုးစားလတ့်၊

အဘယ်သို့ ခိုးစားသနည်းဟူမူကား အင်ပျဉ်အောက်၌နေသော ဆာလောင်သောခွေးသည် ကျစ်၍ကျစ်၍ထားသောလွန်ကို ခိုးစားသကဲ့သို့ စားလတ့်၊

ဤအိမ်မက်သည်လည်း မင်းကြီးအားဘေးမရှိပါ။ မင်းကြီးရှစ်ခုမြောက်အိပ်မက်ကို ဆိုပါလော”

“အရှင်ဘုရား. . . မင်းအိမ်တံခါး၌ များစွာကုန်သော အချည်းနှီးသော် ရေအိုးတို့ဖြင့်ခြံရံ၍ ထားအပ်သောတစ်စုံတစ်ခုသော ကြီးစွာသော ရေပြည့်အိုးကို မြင်မက်ပါ၏။ အမျိုးလေးပါးတို့သည် တူရူဖြစ်သောအရပ်လေးမျက်နှာတို့မှလည်းကောင်း၊ ထောင့်ဖြစ်သောအရပ်လေးမျက်နှာတို့မှလည်းကောင်း၊ အိုးတို့ဖြင့် ရေကိုဆောင်ကုန်ဆောင်ကုန်၍ ရေပြည့်သောအိုးကို လောင်းကုန်၏။ လောင်းတိုင်း-လောင်းတိုင်းသောရေသည် အထက်သို့လျှံတက်၍ စီးသွား၏။

ထိုလူတို့သည် အဖန်တလဲလဲ ထိုပြည့်သောအိုး၌သာလျှင် ရေကို လောင်းကုန်၏။ အချည်းနှီးသော အိုးတို့ကိုကြည့်သောသူသည်မရှိဟု မြင်မက်ပါ၏။ ဤအိပ်မက်၏ အကျိုးကားအဘယ်ပါနည်း”

“မြတ်သောမင်းကြီး. . . ဤအိပ်မက်၏အကျိုးသည်လည်း နောင်အခါ၌သာ ဖြစ်ပါမည်။ နောင်အခါ၌ လူတို့သည်ယုတ်ကုန်လတ့်၊ တိုင်းနိုင်ငံသည် ဩဇာမရှိသည်ဖြစ်လတ့်၊ မင်းတို့သည် ဆင်းရဲသည်ဖြစ်လတ့်၊ အကြင်သူတို့သည် အစိုးရသောမင်းဖြစ်၍ ထိုမင်း၏ဘဏ္ဍာတိုက်၌ တစ်သိန်းမျှသော အသပြာတို့

သည် ဖြစ်ကုန်လတ့်၊ ထိုမင်းတို့သည် ဤသို့ဆင်းရဲကုန်သော် ခပ်သိမ်းသော ဇနပုဒ်သားတို့ကို မင်း၏လယ်ယာစိုက်ပျိုးရေးစသော လုပ်ငန်းများကိုသာ လုပ်ကိုင်စေသဖြင့် ဇနပုဒ်သားတို့၏ အိမ်အသီးသီး၌ အချည်းနှီးသောကျီတို့သာ ဖြစ်ကုန်လတ့်၊ အချည်းနှီးသောအိုးတို့ကိုမကြည့်မူ၍ ပြည့်သောအိုးတို့ကို လောင်းသည်နှင့်တူစွာ ဖြစ်သည်ဟုဆိုရပါမည်။

မင်းကြီး. . . ဤအိပ်မက်သည်လည်း မင်းကြီးအားဘေးမရှိပါ။ မင်းကြီး၏ကိုးခုမြောက်သော အိပ်မက်ကို ဆိုပါလော"

"အရှင်ဘုရား. . . ငါးပါးသောဆင်းရှိသော ကြာပဒုမ္မာတို့ဖြင့် ဖုံးလွှမ်းသောနက်စွာသောထက်ဝန်းကျင် ဆိပ်ရှိသောရေကန်တစ်ခုကိုမြင်မက်ပါ၏။ ထက်ဝန်းကျင်မှ အခြေနှစ်ချောင်း၊ အခြေလေးချောင်းရှိကုန်သောသားငှက်တို့သည် သက်ဆင်းကုန်၍ ရေကိုသောက်ကြကုန်၏။

ထိုရေကန်၏အလယ်ဖြစ်သော နက်ရာအရပ်၌ ရေသည်နောက်၏၊ ကမ်းနားအရပ်၊ သားငှက်တို့နှင်းရာအရပ်၌ ရေသည်မနောက်၊ ကြည်လင်နေပါ၏ဟု မြင်မက်ပါ၏။ ဤအိပ်မက်၏အကျိုးကား အဘယ်ပါနည်း။

"မြတ်သောမင်းကြီး. . . ဤအိမ်မက်၏အကျိုးသည် နောင်အခါ၌သာဖြစ်လတ့်၊ နောင်အခါ၌မင်းတို့သည် တရားမစောင့်သည်ကုန်လတ့်၊ ဆန္ဒာဂတိအစရှိသည်တို့၏ အစွမ်းဖြင့် အဂတိသို့လားကုန်လျက် မင်းပြုကုန်လတ့်၊ တရားသဖြင့်ဆုံးဖြတ်ခြင်းမည်သည်ကို မပေးကုန်လတ့်၊ တံစိုးစားသည်ဖြစ်လတ့်၊ ဥစ္စာ၌လော်လည်သည်ဖြစ်၍ တိုင်းနိုင်ငံ၌နေကုန်သောသူတို့၌ ခန္တိ၊ မေတ္တာ၊ ကရုဏာမဖြစ်ကုန်လတ့်၊ ကြမ်းကြုတ်ကုန်သည်ဖြစ်လတ့်၊ ကြံ့စ်ယန္တရား၌ ကြံချောင်းကဲ့သို့လူတို့ကိုနှိပ်စက်ကုန်လျက် အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့် အခွန်အထုပ်ကိုဖြစ်စေ၍ ဥစ္စာကိုယူကုန်လတ့်၊

လူတို့သည် အခွန်အထုပ်ဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ တစ်စုံတစ်ခုကိုမျှပေးအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ရွာနိဂုံးစသည်တို့ကိုစွန့်၍ ရပ်စွန့်ပြည်ဖျားသို့သွား၍နေကုန်လတ့်၊ ရေကန်အလယ်၌ ရေသည်နောက်၍ ကမ်းနား၌ရေကြည်သကဲ့သို့ အလယ်ဖြစ်သောဇနပုဒ်သည် ဆိတ်သည်ဖြစ်၍ ရပ်စွန်ပြည်နားသည်တခဲနက်သောလူနေရှိသည် ဖြစ်လတ့်၊

မင်းမြတ်. . . ဤအိပ်မက်ဟူသောအကြောင်းကြောင့် သင့်မှာဘေးမရှိပါ ဆယ်ခုမြောက်သော အိပ်မက်ကိုဆိုပါလော့"

"အရှင်ဘုရား. . . တစ်အိုးတည်းဖြင့်ချက်သော ထမင်းသည်တစ်ခုသော နံပါး၌အလွန်ပျော့ပြီး တစ်ခုသောနံပါး၌မနပ်၊ တစ်ခုသောနံပါး၌ကောင်းစွာကျက်၏၊ ဤသို့သုံးစုအားဖြင့် ကျက်သည်ကိုမြင်မက်ပါ၏။ အကျိုးကား အဘယ်သို့ရှိပါသနည်း"

"မြတ်သောမင်းကြီး. . . ဤအိပ်မက်၏အကျိုးသည်လည်း နောက်အချိန်၌သာ ဖြစ်ပါမည်။ နောင်အချိန်၌ မင်းတို့သည်တရားမစောင့်သည် ဖြစ်လတ္တံ့၊ ထိုအခါ ထိုသူတို့၏အစောင့်ရှောက်နတ်၊ ပူဇော်သက္ကာရကို ခံယူသောနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ်တို့သည်လည်း တရားမစောင့်သည် ဖြစ်ကုန်လတ္တံ့၊

တရားမစောင့်သောမင်းတို့၏ နိုင်ငံ၌လေတို့သည် မညီညွတ်ကုန်သည် ဖြစ်၍ ပြင်းထန်ကုန်သည်ဖြစ်၍ လာကုန်လတ္တံ့၊

ထိုလေတို့သည် ကောင်းကင်၌တည်ကုန်သော ဗိမာန်တို့ကို တုန်လှုပ်စေကုန်၏။ ထိုသို့တုန်လှုပ်စေသော် နတ်တို့သည် အမျက်ထွက်ကုန်သည်ဖြစ်၍ မိုးမရွာစေကုန်အံ့၊ ရွာသော်လည်းအလုံးစုံသောတိုင်း၌ တပြိုင်တည်းမရွာလတ္တံ့၊ အလုံးစုံသောတိုင်း၌ လယ်ထွန်အမှု၊ စိုက်ပျိုးအမှုတို့၌ ကျေးဇူးရှိသည်ဖြစ်၍ မရွာလတ္တံ့၊ တိုင်း၌ကဲ့သို့ ဇနပုဒ်၊ ရွာ၊ တစ်ခုသောတစ်ဘက်ဆည်ကန်၏ အထက်အဖို့၌ ရွာသောမိုးသည် အောက်အဖို့၌ မရွာလတ္တံ့၊ အောက်အဖို့၌ရွာသောမိုးသည် အထက်အဖို့၌ မရွာလတ္တံ့၊

တစ်ခုသော အရပ်အဖို့၌ ကောက်တို့သည်အလွန်မိုးရွာသဖြင့် ပျက်စီးလတ္တံ့၊ တစ်ခုသောအရပ်အဖို့၌ မိုးမရွာ၍ကောက်တို့သည် ညှိုးကုန်လတ္တံ့၊ တစ်ခုသောအရပ်၌ မိုးရွာ၍ပြည့်စုံကုန်လတ္တံ့၊

ဤသို့လျှင် တစ်အိုးတည်းသော ထမင်းအိုး၌ ထမင်းတည်သကဲ့သို့ တစ်ယောက်သောမင်း၏ တိုင်းနိုင်ငံ၌စိုက်ပျိုးသော ကောက်တို့သည် သုံးထွေပြားသည်ဖြစ်လတ္တံ့၊

ဤအိမ်မက်အကြောင်းကြောင့်လည်း သင်မင်းကြီးအားဘေးမရှိပါ။ မင်းကြီး. . . ဆယ်ခုမြောက်သော အိပ်မက်ကို ဆိုပါလော"

"အရှင်ဘုရား. . . အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနှစ်ကို ရတက်ပုပ် ရည်ဖြင့် ရောင်းစားသည်ကို မြင်မက်၏ အကျိုးသည် အဘယ်ပါနည်း"

"မြတ်သောမင်းကြီး. . . ဤအိပ်မက်၏အကျိုးသည်လည်း နောင်အခါ၌ ငါဘုရား၏သာသနာတော် ဆုတ်ယုတ်သောအခါ၌ ဖြစ်လတ္တံ့၊ နောက်အခါ၌ ပစ္စည်း၌လော်လည်ကုန်သော အလဇ္ဇီရဟန်းတို့သည် များကုန်လတံ၊ ထိုအလဇ္ဇီ ရဟန်းတို့သည် ပစ္စည်း၌သော်လည်ကုန်သည်ဖြစ်၍ ငါဘုရားသည် ပစ္စည်း၌လော် လည်ခြင်းကို ဖျက်ဆီး၍ ဟောတော်မူအပ်သော တရားကိုသက်န်းစသော လေး ပါးသောပစ္စည်းဟူသောအကြောင်းကြောင့် သူတစ်ပါးတို့အား ဟောကုန်လတ္တံ့၊

ပစ္စည်းလေးပါး၌ မက်မောကုန်၍ ဝဋ္ဋဆင်းရဲမှလွတ်မြောက်စေတတ်သော အဖို့၌တည်ကုန်လျက် နိဗ္ဗာန်သို့ရှေ့ရှုပြု၍ တရားကိုမဟောကုန်လတ္တံ့၊

စင်စစ်သော်ကား ပုဒ်အက္ခရာတို့ဖြင့် ပြည့်စုံခြင်းကိုလည်းကောင်း၊ သာယာ သောအသံမျှနာရ၍ အဖိုးများစွာထိုက်ကုန်သော သက်န်းအစရှိသည်တို့ကို လှူ လိမ့်မည်။ လှူချင်စိတ်ဖြစ်လိမ့်မည်ဟု ဟောကုန်လတ္တံ့၊

အသပြာမက် ရဟန်းပျက်အချို့သည်လည်း ခရီးလမ်းမ၊ လမ်းလေးခွနား မင်းအိမ်တံခါးနား အစရှိသည်တို့၌နေကုန်၍ ကျပ်-ပြား၊ မူး-မတ်စသော မအပ် သော အကပ္ပိယပစ္စည်းတို့ကိုမှီ၍ အလီလီအလာလာ အသပြာကို လိုလား၍တရား ကိုဟောကုန်လတ္တံ့၊

ဤသို့လျှင် ငါဘုရားသည် နိဗ္ဗာန်တရားအဖို့အားဖြင့် ဟောကြားအပ်သော တရားမြတ်ဒေသနာကြီးကို ပစ္စည်းလေးပါး၊ ကျပ်-ပြား၊ မူး-ပဲအတွက် လက်ကား လက်လီတရားကုန်သည် မထေရ်ကြီး၊ မထေရ်ငယ်တို့သည် အဖိုးတစ်သိန်းထိုက် သော စန္ဒကူးနှစ်ကို ရက်တက်ပုပ်ဖြင့် ရောင်းသကဲ့သို့ ဒါယကာ၊ ဒါယိကာမ အပေါင်းအား ရောင်းစားကုန်လတ္တံ့၊

"မင်းကြီး. . . ဤအိပ်မက်ဟူသောအကြောင်းကြောင့်လည်း သင့်အား ဘေးမရှိပါ၊ တစ်ဆယ်နှစ်ခုမြောက်သော အိပ်မက်ကိုဆိုပါလော"

"အရှင်ဘုရား. . . အချည်းနှီးသောဗူးတောင်းတို့သည် ရေ၌နစ်ကုန်၏ဟု မြင်မက်ပါ၏။ ဤအိပ်မက်၏အကျိုးကား အဘယ်ပါနည်း"

"မြတ်သောမင်းကြီး. . . ဤအိပ်မက်၏အကျိုးသည် နောင်အခါတရားမစောင့်သော မင်းတို့လက်ထက် လူတို့ဖော်ပြန်သောအခါ၌သာလျှင် ဖြစ်လတ္တံ့"

ထိုအခါ တရားမစောင့်သောမင်းတို့သည် အမျိုးနှင့်ပြည့်စုံကုန်သော သူတော်ကောင်းတို့အား စည်းစိမ်ကိုမပေးကုန်လတ္တံ့၊ အမျိုးယုတ်ကုန်သောသူတို့အားသာလျှင် စည်းစိမ်ကိုပေးကုန်လတ္တံ့၊ အမျိုးကောင်းကုန်သောသူတို့သည် ဆင်းရဲကုန်သည်ဖြစ်လတ္တံ့၊

မင်းပွဲသဘင်၌လည်းကောင်း၊ မင်းအိမ်တံခါး၌လည်းကောင်း၊ အမတ်တို့ပွဲသဘင်၌လည်းကောင်း၊ တရားဆုံးဖြတ်ရာအရပ်၌လည်းကောင်း၊ အချည်းနှီးသေစာ ဗူးတောင်းနှင့်တူကုန်သော အမျိုးယုတ်ကုန်သောသူတို့၏စကားသည်သာလျှင် နစ်၍တည်သကဲ့သို့ မတုန်မလှုပ် ကောင်းစွာတည်သည်ဖြစ်လတ္တံ့၊

သံဃာအစည်းအဝေး၌လည်းကောင်း၊ သံဃကံကိုဆောင်ရွက်ရာ၌လည်းကောင်း၊ သီလမရှိသော၊ ယုတ်မာကုန်သော ရဟန်းတို့၏စကားသည်သာလျှင် ကောင်းစွာတည်သည်ဖြစ်လတ္တံ့

သီလကိုချစ်မြတ်နိုးကုန်သော ရဟန်းတို့၏စကားသည် မတုန်မလှုပ် ကောင်းစွာမတည်လတ္တံ့၊ ဤသို့လျှင်ခပ်သိမ်းသောအခြင်းအရာအားဖြင့် အချည်းနှီးသောဗူးတောင်း၏ ရေ၌နစ်သောအခါကဲ့သို့ ဖြစ်လတံ၊

"မင်းကြီး၊ ဤအိပ်မက်သည် မင်းကြီးအားဘေးမရှိပါ၊ တစ်ဆယ့်သုံးခုမြောက်သော အိမ်မက်ကိုဆိုပါလော"

"အရှင်ဘုရား. . . ကြီးကုန်၊ အလွန်ကြီးကုန်သော စုလစ်မွတ်ချွန်တပ်သော အိမ်ပမာရှိသော တခဲနက်သောကျောက်ဖျာကြီးသည် လှေကဲ့သို့ရေပေါ်၌နေသည်ကိုမြင်မက်ပါ၏။ ဤအိပ်မက်၏အကျိုးသည်လည်း အဘယ်ပါနည်း"

"မြတ်သောမင်းကြီး. . . ဤအိပ်မက်၏အကျိုးသည် နောင်အခါ၌ဖြစ်လိမ့်မည်။ တရားမစောင့်သော မင်းတို့သည် အကျိုးယုတ်ကုန်သော သူတို့အား စည်းစိမ်ကိုပေးကုန်လတ္တံ့၊ ထိုသူတို့သည် အစိုးရသည်ဖြစ်လတ္တံ့၊ အမျိုးမြတ်သောသူတို့သည် ဆင်းရဲကုန်လတ္တံ့၊ အမျိုးမြတ်သောသူတို့၌ တစ်စုံတစ်ယောက်သောသူတို့သည် ရိုသေခြင်းမပြုကုန်လတ္တံ့၊ အမျိုးယုတ်သောသူတို့ကိုသာ ရိုသေခြင်းပြုကုန်လတ္တံ့၊

မင်းသဘင်ပွဲ၊ အမတ်တို့၏ပွဲ၊ တရားဆုံးဖြတ်ရာအရပ်၌လည်းကောင်း၊ တရားဆုံးဖြတ်ခြင်း၌လိမ္မာကုန်သော တခဲနက်သောကျော်ဖျာကြီးနှင့်တူကုန်သော အမျိုးကောင်းသားတို့၏ စကားသည်သက်ဝင်၍ မတည်လတ့်၊

ထိုအမျိုးသားတို့ စကားပြောဆိုကုန်သည်ရှိသော် ဤသူတို့သည် အဘယ်စကားကိုပြောဆိုကုန်သနည်းဟု အမျိုးယုတ်ကုန်သော သူတို့သည်ပြက်ရယ်ကို သာလျှင် ပြုကုန်လတ့်၊

ဆိုအပ်ပြီးသော အပြားရှိကုန်သော ဆရာဖြစ်ကုန်သော ရဟန်းတို့၏ အစည်းအဝေး၌လည်း သီလကိုချစ်မြတ်နိုးကုန်သော ရဟန်းတို့ကိုအရိုအသေ အလေးအမြတ်ပြုအပ်သည်ဟူ၍ မအောက်မေ့ကုန်လတ့်၊ သီလကိုချစ်မြတ်နိုးကုန်သော ရဟန်းတို့၏စကားသည် သက်ဝင်၍မတည်ကုန်လတ့်။

"ကျော်ဖျာတို့၏ပေါ်လာသောအခါကဲ့သို့ ဖြစ်လတ့်၊ ဤအိမ်မက်ဟူသော အကြောင်းကြောင့်ပင် သင်မင်းကြီးအား ဘေးမရှိပါ။ မင်းကြီး . . . တစ်ဆယ်လေးခုမြောက်သော အိပ်မက်ကိုဆိုပါလော"

"အရှင်ဘုရား. . . သစ်မည်သည့်ပွင့်ငယ်ပမာဏရှိကုန်သော ဖားငယ်တို့သည် ကြီးကုန်အလွန်ကြီးကုန်သော မြွေဟောက်တို့ကို လျင်သောအဟုန်ဖြင့် ကိုက်လတ်၍ ကြာစွယ်ကြာရိုးတို့ကို ဖြတ်၍ဖြတ်၍စားသကဲ့သို့ အသားကိုစား၍ မျိုကုန်သည်ကို မြင်မက်ပါ၏။ ဤအိပ်မက်၏ အကျိုးကားအဘယ်ပါနည်း။"

"မြတ်သောမင်းကြီး. . . ဤအိပ်မက်၏အကျိုးသည်လည်း နောင်အခါ၌ လူတို့သည်ဆုတ်ယုတ်သောအခါ၌ ဖြစ်ကုန်လတ့်၊ ထိုအခါလူတို့သည် ပြင်းထန်သောရာဂရှိကုန်သည်ဖြစ်၍ ယုတ်သောသဘောရှိကုန်သော ကိလေသာတို့၏ အလိုသို့လိုက်၍ ငယ်ကုန်၊ အလွန်ငယ်ကုန်သော မိမိ၏မယားအလိုသို့လိုက်လတ့်၊

အိမ်၌ကျွန်အမှုလုပ် အစရှိသည်တို့သည်လည်းကောင်း၊ နွား, ကျွဲအစရှိသည်တို့သည်လည်းကောင်း၊ သုံးဆောင်ပြီးသောရွှေ မသုံးဆောင်သေးသောရွှေ အစရှိသည်တို့သည်လည်းကောင်း၊ အလုံးစုံလျှင်တို့မိန်းမငယ်တို့နှင့်သာလျှင် စပ်သည်ဖြစ်လတ့်၊

ဤမည်သောသုံးဆောင်ပြီးသောရွှေ မသုံးဆောင်သေးသောရွှေ ဤမည်သော အခြံအရံအစရှိသောအမျိုးသည် အဘယ်မှာနည်းဟု မေးသည်ရှိသော် ရှိလိုရာအရပ်၌ရှိသည်ဖြစ်စေ၊ သင့်အားဤကြောင့်ကြခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း

သင်သည် ငါအိမ်၌ရှိသည်ကိုလည်းကောင်း၊ မရှိသည်ကိုလည်းကောင်း၊ အဘယ်ကြောင့်သိလိုသနည်းဟုဆို၍ အထူးထူးသော စကားတို့ဖြင့်ဆဲရေး၍ နှုတ်လုံ့တို့ဖြင့်ထိုး၍ ကျွန်အစေအပါးတို့ကဲ့သို့ အလိုသို့လိုက်စေ၍ မိမိ၏အစိုးရခြင်းကို ဖြစ်စေကုန်လတ့်။

ဤသို့လျှင် သင်မည်စည်ပွင့်မှု ပမာဏရှိသော ဖားမငယ်တို့၏လျင်သော အဆိပ်ရှိသောမြွေဟောက်ကို မျိုသောအခါကဲ့သို့ဖြစ်လတ့်၊

"မင်းကြီး. . . ဤအိပ်မက်ဟူသောအကြောင်းကြောင့် အသင်မင်းကြီးအားဘေးမရှိပါ။ မင်းကြီး. . . တစ်ဆယ့်ငါးခုမြောက်သော အိပ်မက်ကိုဆိုပါလော"

"မြတ်စွာဘုရား. . . ဆယ်ပါးကုန်သော သူယုတ်မာတို့အကျင့်နှင့်ပြည့်စုံသောအရာ၌ ကျက်စားသောကျီးကို ရွှေအဆင့်နှင့်တူသော အဆင်းရှိသော ရွှေဟင်္သာတို့သည် ခြံရံ၍နေသည်ဟု အိပ်မက်မြင်မက်ပါသည်။ ဤအိပ်မက်၏ အကျိုးကားအဘယ်ပါနည်း။"

"မြတ်သောမင်းကြီး. . . ဤအိပ်မက်၏အကျိုးကား နောင်သောအခါ၌ အားနည်းသောမင်းတို့၏ လက်ထက်၌သာလျှင် ဖြစ်လတ့်၊

နောက်အခါ၌ အားနည်းသောမင်းတို့သည် ဆင်အတက်အစရှိသည်တို့၌ မလိမ္မာကုန်သည်ဖြစ်လတ့်၊ စစ်ထိုးခြင်း၌မရဲရင့်သည် ဖြစ်ကုန်လတံ၊ ထိုအားနည်းသောမင်းတို့သည် မိမိတို့၏ပြည်၊ စည်းစိမ်ပျက်ခြင်းကို ရွံ့ရှာကုန်သည်ဖြစ်၍ တူသောဇာတ်ရှိကုန်သော သူတော်ကောင်းသားတို့အား အစိုးရခြင်းကိုမပေးမူ၍ မိမိခြေရင်း၌ ခ,စားကုန်သော ဆေတ္တာသည်အစရှိကုန်သောသူတို့အား စည်းစိမ်ကိုပေးကုန်လတ့်၊ အမျိုးအနွယ်နှင့် ပြည့်စုံကုန်သော သူတော်ကောင်းတို့သည် မိမိအိမ်၌ကိုးကွယ်ရာကို မရကုန်သည်ဖြစ်၍ အသက်မွေးခြင်းငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ အစိုးရခြင်း၌တည်ကုန်သော အမျိုးအနွယ်ယုတ်ကုန်သော၊ မမြတ်ကုန်သော သူတို့၌ခ,စားကုန်သည် ဖြစ်လတ့်။

ရှေးဟောင်းတို့သည် ကျီးကိုခြံရံအပ်သော ညအခါကဲ့သို့ဖြစ်ကုန်လတ့်၊ ဤအိပ်မက်ဟူသောအကြောင်းကြောင့် အသင်မင်းကြီးအား ဘေးမရှိပါ။ တစ်ဆယ့်ခြောက်ခုမြောက် အိပ်မက်ကိုဆိုပါစေလော”

“အရှင်ဘုရား. . . ရှေးအခါက သစ်တို့သည် ဆိတ်တို့ကိုစားကုန်၏။ ယခု ဆိတ်တို့သည် သစ်တို့ကိုကြွပ်ကြွပ်မြည်အောင် စားကြသည်ကို မြင်မက်ပါ၏။ ထိုနောက်မှ ထိတ်လန့်ခြင်းကိုဖြစ်စေကုန်သော သစ်တို့သည် ဆိတ်တို့ကိုအဝေးမှ သာလျှင်မြင်၍ ကြောက်ခြင်းကြောင့် တောချုံထဲသို့ ပြေးဝင်ကြကုန်သည်ကို မြင်မက်ပါသည်။ ဤအိပ်မက်၏အကျိုးကား အဘယ်ပါနည်း”

“မြတ်သောမင်းကြီး. . . ဤအိပ်မက်သည်လည်း နောင်အခါ၌တရားမစောင့်သော မင်းတို့၏လက်ထက်၌သာ ဖြစ်လတ့်။

ထိုအခါ အမျိုးယုတ်သော မင်းကျွမ်းဝင်ဖြစ်ကုန်သောသူတို့သည် အစိုးရကုန်သည်ဖြစ်လတ့်၊ အမျိုးမြတ်ကုန်သောသူတို့သည် မထင်မရှားသည်ဖြစ်၍ ဆင်းရဲသည်ဖြစ်ကုန်လတ့်၊

ထိုမင်းကျွမ်းဝင်သောသူတို့သည် မင်းကိုမိမိ၏အလိုသို့ လိုက်စေကာမိမိတို့၏စကားကို ယူစေ၍ တရားဆုံးဖြတ်ရာအရပ် စသည်တို့၌အားရှိကုန်သည်ဖြစ်၍ အမျိုးမြတ်ကုန်သော သူတော်ကောင်းအပေါင်းတို့၏ အစဉ်အဆက်မှ လာကုန်သော လယ်ယာအစရှိသည်တို့သည် ငါတို့၏ဥစ္စာတည်းဟု တရားတွေ့ကုန်၍ ထိုသို့တရားတွေ့ခြင်းကြောင့် သင်တို့၏ဥစ္စာတည်း၊ ငါတို့၏ဥစ္စာတည်းဟု လာလတ်ကုန်၍ တရားဆုံးဖြတ်ရာ အရပ်စသည်တို့၌ ငြင်းခုန်ကြသည်ရှိသော် ကြိမ်နွယ်အစရှိသည်တို့ဖြင့် ပုတ်ခတ်စေ၍ လည်၌ကိုင်၍ ငင်စေပြီးလျှင်-

“မိမိတို့၏ ပမာဏကိုမသိကြကုန်၊ ငါတို့နှင့်တကွ ငြင်းခုန်ကြဘိ၏။ ယခုခါ မင်းအားလျှောက်ထား၍ လက်ခြေတို့ကို ဖြတ်ခြင်းအစရှိသည်တို့ကိုပြုအံ့” ဟု ခြိမ်းခြောက်ကုန်လတ့်၊

ဤအမျိုးမြတ်သောသူတို့သည် မင်းကျွမ်းဝင်သောသူတို့မှ ကြောက်တတ်သောကြောင့် မိမိတို့၏ဥစ္စာဖြစ်ကုန်သော လယ်ယာအစရှိသည် တို့ကို-----

“ဤလယ်ယာအစကုန်ရှိသော ဝတ္ထုတို့သည် သင်တို့၏ဥစ္စာသာလျှင်တည်း ထိုဥစ္စာတို့ကို ယူကုန်လော”

ဟု မေးအပ်၍မိမိတို့၏ အိမ်သို့ဝင်၍ ကြောက်ကုန်သည်ဖြစ်၍ အိပ်ကုန်လတ့်။

အကျင့်ယုတ်မာကုန်သော ရဟန်းတို့သည်လည်း သီလ၌ချစ်မြတ်နိုးကုန်သော ရဟန်းတို့ကို အလိုရှိတိုင်းညှင်းဆဲကုန်လတ့်၊ သီလကိုချစ်မြတ်နိုးသော ရဟန်းတို့သည် ကိုးကွယ်ရာမရသည်ဖြစ်၍ တောသို့ဝင်ပြီးလျှင် ချုံတို့၌ပုန်းအောင်းကုန်လတ့်။

ဤသို့သောယုတ်သော ဇာတ်ရှိသောသူတို့သည်လည်းကောင်း၊ အကျင့်ယုတ်သောရဟန်းတို့သည်လည်းကောင်း၊ နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ဇာတ်နှင့်ပြည့်စုံသော အမျိုးသားတို့သည်ကောင်း၊ သီလချစ်မြတ်နိုးကုန်သော ရဟန်းတို့သည်ကောင်း၊ ဆိတ်တို့မှကြောက်ခြင်းကြောင့် ထိတ်လန့်ခြင်းကိုဖြစ်စေတတ်ကုန်သော သစ်တို့၏ပြေးသောအခါကဲ့သို့ ဖြစ်လတ့်။

ဤအိပ်မက်ဟူသောအကြောင်းကြောင့် သင်မင်းကြီးအား ဘေးမရှိပါ။ ဤအိပ်မက်တို့သည် အနာဂါတ်ကိုစွဲ၍ မြင်မက်၏။ ပုဏ္ဏားတို့သည်ကား များစွာသော ဥစ္စာကိုရကုန်လတ့်ဟု အာမိသကိုငဲ့သဖြင့် အသက်မွေးခြင်းကိုမှီ၍ ပြောဆိုကုန်ကြကုန်၏။

ဗုဒ္ဓဂေါတမသည် ဤသို့လျှင် ကောသလမင်းကြီးအား တစ်ဆယ့်ခြောက်ချက်သော အိမ်မက်ပြဿတို့ကို ထုတ်ဖော်ရှင်းလင်း ပြောကြားပြပြီးနောက်-

"မင်းမြတ် . . . ယခုခါ၌ မင်းမြတ်သာလျှင် ဤတစ်ဆယ့်ခြောက်ချက်သော အိမ်မက်တို့ကိုမြင်မက်သည် မဟုတ်သေး။ ရှေးမင်းတို့သည်လည်း မြင်မက်ဖူးကုန်ပြီ၊ ပုဏ္ဏားတို့သည်လည်း ရှေးမင်းတို့အား ဤအတူသာလျှင် အိပ်မက်ကိုယူ၍ ယာဇ်ထက်၌ချဖူးကုန်ပြီ၊ ထိုနောက်မှပညာရှိတို့သည် ပေးအပ်သောနည်းဖြင့် သွား၍ ဘုရားလောင်းကို မေးကုန်၏။ ရှေးပညာရှိတို့သည်လည်း ထိုရှေးမင်းတို့အား ဤအိမ်မက်တို့ကို ဟောကုန်သည်ရှိသော် ဤယခုအခါ၌ ငါဘုရားဟောတော်မူနည်းဖြင့်သာလျှင် ဟောတော်မူကုန်ပြီ"

ဟု မိန့်တော်မူရာ ကောသလမင်းကြီးက တောင်းပန်အပ်၍ အတိတ်ဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော်

ရသေ့ရဟန်းပြု၍ အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးရရှိပြီး ဟိမဝန္တာတောင်၌နေကာ စျာန်ကစားလျက်နေလေသည်။

ထိုအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးတွင် တစ်ညသောအချိန်၌ ဤကဲ့သို့သော အိပ်မက်(၁၆)ချက်တို့ကို မက်၍ပုဏ္ဏားတို့ကို မေးသည်။

ပုဏ္ဏားတို့သည် ဤအတူသာလျှင် ယာဇ်ပူဇော်အံ့သောငှါ အားထုတ်ကုန်သည်။

ထိုပုဏ္ဏားတို့တွင် ပုရောဟိတ်၏ပညာရှိသော လိမ္မာသောတပည့်လုလင်သည် ဆရာကို-

"ဆရာ. . . သင်တို့သည် ကျွန်ုပ်ကိုဗေဒင်ကို သင်ပေးကုန်၏။ ထိုဗေဒင်၌ တစ်ယောက်သောသူကို သတ်၍တစ်ယောက်သောသူ၏ ချမ်းသာခြင်းအမှုကို ပြုခြင်းမည်သည် မရှိသည်မဟုတ်ပါလော"

ဟု ပြောဆိုမေးသည်။

"အမောင်လုလင်. . . ဤဥပါယ်ဖြင့် ငါတို့အားများစွာသောဥစ္စာသည် ဖြစ်လတံ့၊ သင်သည်ကား မင်းဥစ္စာကိုစောင့်လိုယောင်တကား"

"ဆရာ. . . ထိုသို့ဖြစ်လျှင် သင်တို့အားသာလျှင် သင်တို့၏အမှုကိုပြုကြကုန်လော့၊ ကျွန်ုပ်သည်ကား ဆရာတို့ထံ၌မပြုလို"

ဟုဆိုကာ မင်းဉယျာဉ်၌-

ထိုနေ့၌လျှင် ဘုရားလောင်းသည်လည်း ထိုအကြောင်းကိုသိ၍-

"ယနေ့ ငါသည်လူပြည်သို့သွားသည်ရှိသော် များစွာသော သတ္တဝါတို့၏ အနှောင်အဖွဲ့မှ လွတ်ခြင်းသည်ဖြစ်လတံ့"

ဟု နှလုံးသွင်းကောင်းကင်ခရီးဖြင့် လာလတ်ပြီးသော် မင်း၏ဉယျာဉ်၌ ဆင်းသက်၍ ရွှေဆင်းတုကဲ့သို့ မင်္ဂလာကျောက်ဖျာ၌ နေလေသည်။

လုလင်သည် ဘုရားလောင်းရသေ့ကိုမြင်သော် သွားရောက်ရှိခိုးပြီး သင့်တင့်လျောက်ပတ်စွာနေ၍ နှုတ်ခွန်းဆက်ခြင်းကိုပြုသည်။

ဘုရားလောင်းသည်လည်း ထိုလုလင်နှင့်တကွ သာယာစွာသော နှုတ်ခွန်းဆက်ခြင်းကိုပြု၍-

"လုလင်မင်းကြီးသည် တရားသဖြင့် မင်းပြုပါ၏လော"

ဟုမေး၏။

"အရှင်ဘုရား. . . မင်းသည်ကားတရားစောင့်ပါ၏။ ထိုသို့စောင့်သော်လည်း ပုဏ္ဏားတို့သည် မင်းကြီးကိုစိတ်မဟုတ်ရာ၌ ပြေးသွားစေကုန်၏။ မင်းကြီးသည် တစ်ဆယ့်ခြောက်ချက်သော အိမ်မက်တို့ကိုမြင်မက်၍ ပုဏ္ဏားတို့အား ပြောကြား၏။ ပုဏ္ဏားတို့သည် ယဇ်ပူဇော်အံ့ဟု အားထုတ်ကုန်၏။ အရှင်ဘုရား. . . ဤအိမ်မက်တို့၏ ဤမည်သောအကျိုးသည် ဖြစ်လတ္တံ့ဟု မင်းကိုသိစေ၍ အရှင်ဘုရားတို့အား များစွာသောသတ္တဝါအပေါင်းကိုဘေးမှ လွတ်စေခြင်းငှါမအပ်ပါလော"

"လုလင်. . . ငါသည်မင်းကို မသိကုန်။ မင်းကလည်း ငါ့ကိုမသိကုန်။ ဤအရပ်သို့ လာလတ်၍ အကယ်၍မေးငြားအံ့၊ ငါတို့သည် မင်းတို့အားဖြေကြားပြောဆိုပါအံ့။"

"အရှင်ဘုရား. . . ကျွန်ုပ်သည် ထိုမင်းကိုဆောင်ယူခေါ်ခဲ့ပါမည်။ ခဏတ္တခဏဤနေရာ၌ စောင့်လင်းနေပေးပါ။"

"လုလင်. . . ကောင်းပေပြီ"

လုလင်သည် ကောင်းကင်ပျံ့ရှင်ရသေ့၏ ဝန်ခံချက်ကိုရပြီးသော် မင်းကြီးတံသို့ဝင်၍-

'မြတ်သောမင်းကြီး. . . ကောင်းကင်ပျံရှင်ရသေ့တစ်ပါးသည် ရှင်မင်းကြီးမြင်မက်သောအိမ်မက်တို့အကျိုးကို ဟောပေးအံ့ဟုဆို၍ ရှင်မင်းကြီးကိုခေါ်စေပါသည်။" ဟုလျှောက်ထားသည်။

မင်းကြီးသည် လုလင်၏စကားကိုကြား၍ ထိုခဏ၌သာလျှင် များစွာသောအခြံအရံဖြင့် ၊ ဥယျာဉ်သို့သွားပြီးလျှင် ရှင်ရသေ့ကိုရှိခိုးကာ သင့်တင့်သောအရပ်၌နေလျက်-

"အရှင်ဘုရား. . . အရှင်တို့သည် ကျွန်ုပ်မြင်မက်သောအိမ်မက်တို့၏အကျိုးကို သိပါ၏လော"

"မြတ်သောမင်းကြီး . . . သိပါ၏။"

"အရှင်ဘုရား. . . ထိုသို့ဖြစ်လျက် ဟောကြားပေးတော်မူပါ။"

"မြတ်သောမင်းကြီး . . . ဟောကြားပေးအံ့။ မြင်မက်သောအိပ်မက်ကို ပြောပြပါလေ"

"အရှင်ဘုရား. . . ကောင်းပါပြီ"

ဟု မင်းကြီးကဝန်ခံကာ ဂါထာဖြင့်မိမိမက်သော အိမ်မက်တို့ကို ပြောပြသည်။

- နွားနက်လေးကောင်သည် ဝှေ့အပ်သောအခြင်းအရာကိုပြ၍ ဖဲရှောင်ကုန်၏။
- ငယ်စွာကုန်သော သစ်ပင်ချုံပုတ်တို့သည် ပွင့်ကုန်၏။ သီးကုန်၏။
- နွားမကြီးတို့သည် ယနေ့မွေးဖွားသော နွားမငယ်၏ နို့ကိုစို့ကုန်၏။
- လှည်း၌ကပ်,အပ်ကုန်သော နွားပျို-နွားလားစနွားငယ်တို့သည် ဝန်ကိုမရွက်ဆောင်နိုင်ကုန်။
- နှစ်ဖက်မျက်နှာရှိသော မြင်းသည်နှစ်ဖက်သောခံတွင်းဖြင့် အစာကိုစား၏။
- အဖိုးတစ်သိန်းထိုက်သော ရွှေလင်ပန်းကို ဤ၌ကျင်ငယ်စွန့်လော့ဟ မြေခွေးအားဆောင်နှင်း၏။
- အထက်၌ကျစ်အပ်သောလွန်ကို အောက်ကမြေခွေးမကစား၏။
- အချည်းနှီးသော အိုးတို့ဖြင့် ခြံရံအပ်သော ရေပြည့်အိုး၌သာ ရေလောင်း၏။
- ရေကန်အလယ်၌ ရေတို့သည်နောက်ကုန်၍ ကမ်းနား၌ရေတို့သည် ကြည်ကုန်၏။
- တစ်အိုးတည်းဖြင့် ချက်အပ်သောထမင်းသည် သုံးစုအားဖြင့် ကျက်၏။
- အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနံ့သာကို ရက်တက်ရည်ပုပ်ဖြင့် ရောင်းစား၏။
- ဗူးတောင်းတို့သည် ရေ၌နစ်ကုန်၏။
- ကျောက်ဖျာကြီးတို့သည် ရေ၌ပေါ်ကုန်၏။
- ဖားမငယ်တို့သည် မြွေဟောက်တို့ကို မျိုကုန်၏။
- ကျီးကိုရွှေဟင်္သာတို့သည် ခြံရံကုန်၏။
- ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော သစ်တို့သည် ဆိတ်တို့အား ကြောက်ကုန်၏။

ဘုရားလောင်းသည် ထိုအိမ်မက်တို့၏ အကျိုးတို့ကို ယခုဘုရားရှင်ဟောကြားဖြေရှင်းသည့်နည်းအတိုင်း အကျယ်အားဖြင့် ဟောကြားဖြေရှင်းပြပေးသည်။

"မြတ်သောမင်းကြီး. . . ဤအိမ်မက်ဟူသောအကြောင်းကြောင့် သင်မင်းကြီးအား ဘေးသည်လည်းကောင်း၊ ကိုယ်ခက်တရော်ဖြစ်ဖွယ်သည်လည်းကောင်း၊

"မြတ်သောမင်းကြီး. . . ဤအိပ်မက်၏အကျိုးသည် နောင်အခါတရားမစောင့်သော မင်းတို့လက်ထက် လူတို့ဖော်ပြန်သောအခါ၌သာလျှင် ဖြစ်လတ္တံ့"

ထိုအခါ တရားမစောင့်သောမင်းတို့သည် အမျိုးနှင့်ပြည့်စုံကုန်သော သူတော်ကောင်းတို့အား စည်းစိမ်ကိုမပေးကုန်လတ္တံ့၊ အမျိုးယုတ်ကုန်သောသူတို့အားသာလျှင် စည်းစိမ်ကိုပေးကုန်လတ္တံ့၊ အမျိုးကောင်းကုန်သောသူတို့သည် ဆင်းရဲကုန်သည်ဖြစ်လတ္တံ့၊

မင်းပွဲသဘင်၌လည်းကောင်း၊ မင်းအိမ်တံခါး၌လည်းကောင်း၊ အမတ်တို့ပွဲသဘင်၌လည်းကောင်း၊ တရားဆုံးဖြတ်ရာအရပ်၌လည်းကောင်း၊ အချည်းနှီးသေစာ ဗူးတောင်းနှင့်တူကုန်သော အမျိုးယုတ်ကုန်သောသူတို့၏စကားသည်သာလျှင် နစ်၍တည်သကဲ့သို့ မတုန်မလှုပ် ကောင်းစွာတည်သည်ဖြစ်လတ္တံ့၊

သံဃာအစည်းအဝေး၌လည်းကောင်း၊ သံဃကံကိုဆောင်ရွက်ရာ၌လည်းကောင်း၊ သီလမရှိသော၊ ယုတ်မာကုန်သော ရဟန်းတို့၏စကားသည်သာလျှင် ကောင်းစွာတည်သည်ဖြစ်လတ္တံ့

သီလကိုချစ်မြတ်နိုးကုန်သော ရဟန်းတို့၏စကားသည် မတုန်မလှုပ် ကောင်းစွာမတည်လတ္တံ့၊ ဤသို့လျှင်ခပ်သိမ်းသောအခြင်းအရာအားဖြင့် အချည်းနှီးသောဗူးတောင်း၏ ရေ၌နစ်သောအခါကဲ့သို့ ဖြစ်လတ်၊

"မင်းကြီး၊ ဤအိပ်မက်သည် မင်းကြီးအားဘေးမရှိပါ၊ တစ်ဆယ့်သုံးခုမြောက်သော အိမ်မက်ကိုဆိုပါလော"

"အရှင်ဘုရား. . . ကြီးကုန်၊ အလွန်ကြီးကုန်သော စုလစ်မွတ်ချွန်တပ်သော အိမ်ပမာရှိသော တခဲနက်သောကျောက်ဖျာကြီးသည် လှေကဲ့သို့ရေပေါ်၌ နေသည်ကိုမြင်မက်ပါ၏။ ဤအိပ်မက်၏အကျိုးသည်လည်း အဘယ်ပါနည်း"

"မြတ်သောမင်းကြီး. . . ဤအိပ်မက်၏အကျိုးသည် နောင်အခါ၌ဖြစ်လိမ့်မည်။ တရားမစောင့်သော မင်းတို့သည် အကျိုးယုတ်ကုန်သော သူတို့အားစည်းစိမ်ကိုပေးကုန်လတ္တံ့၊ ထိုသူတို့သည် အစိုးရသည်ဖြစ်လတ္တံ့၊ အမျိုးမြတ်သောသူတို့သည် ဆင်းရဲကုန်လတ္တံ့၊ အမျိုးမြတ်သောသူတို့၌ တစ်စုံတစ်ယောက်သောသူတို့သည် ရိုသေခြင်းမပြုကုန်လတ္တံ့၊ အမျိုးယုတ်သောသူတို့ကိုသာ ရိုသေခြင်းပြုကုန်လတ္တံ့၊

မင်းသဘင်ပွဲ၊ အမတ်တို့၏ပွဲ၊ တရားဆုံးဖြတ်ရာအရပ်၌လည်းကောင်း၊ တရားဆုံးဖြတ်ခြင်း၌လိမ္မာကုန်သော တခဲနက်သောကျော်ဖျာကြီးနှင့်တူကုန်သော အမျိုးကောင်းသားတို့၏ စကားသည်သက်ဝင်၍ မတည်လတ့်၊

ထိုအမျိုးသားတို့ စကားပြောဆိုကုန်သည်ရှိသော် ဤသူတို့သည် အဘယ်စကားကိုပြောဆိုကုန်သနည်းဟု အမျိုးယုတ်ကုန်သော သူတို့သည်ပြက်ရယ်ကို သာလျှင် ပြုကုန်လတ့်၊

ဆိုအပ်ပြီးသော အပြားရှိကုန်သော ဆရာဖြစ်ကုန်သော ရဟန်းတို့၏ အစည်းအဝေး၌လည်း သီလကိုချစ်မြတ်နိုးကုန်သော ရဟန်းတို့ကိုအရိုအသေ အလေးအမြတ်ပြုအပ်သည်ဟူ၍ မအောက်မေ့ကုန်လတ့်၊ သီလကိုချစ်မြတ်နိုးကုန်သော ရဟန်းတို့၏စကားသည် သက်ဝင်၍မတည်ကုန်လတ့်။

"ကျောက်ဖျာတို့၏ပေါ်လာသောအခါကဲ့သို့ ဖြစ်လတ့်၊ ဤအိမ်မက်ဟူသော အကြောင်းကြောင့်ပင် သင်မင်းကြီးအား ဘေးမရှိပါ။ မင်းကြီး . . . တစ်ဆယ်လေးခုမြောက်သော အိပ်မက်ကိုဆိုပါလော"

"အရှင်ဘုရား. . . သစ်မည်သည်ပွင့်ငယ်ပမာဏရှိကုန်သော ဖားငယ်တို့သည် ကြီးကုန်အလွန်ကြီးကုန်သော မြွေဟောက်တို့ကို လျင်သောအဟုန်ဖြင့် ကိုက်လတ်၍ ကြာစွယ်ကြာရိုးတို့ကို ဖြတ်၍ဖြတ်၍စားသကဲ့သို့ အသားကိုစား၍ မျိုကုန်သည်ကို မြင်မက်ပါ၏။ ဤအိပ်မက်၏ အကျိုးကားအဘယ်ပါနည်း။"

"မြတ်သောမင်းကြီး. . . ဤအိပ်မက်၏အကျိုးသည်လည်း နောင်အခါ၌ လူတို့သည်ဆုတ်ယုတ်သောအခါ၌ ဖြစ်ကုန်လတ့်၊ ထိုအခါလူတို့သည် ပြင်းထန်သောရာဂရှိကုန်သည်ဖြစ်၍ ယုတ်သောသဘောရှိကုန်သော ကိလေသာတို့၏ အလိုသို့လိုက်၍ ငယ်ကုန်၊ အလွန်ငယ်ကုန်သော မိမိ၏မယားအလိုသို့လိုက်လတ့်၊

အိမ်၌ကျွန်အမှုလုပ် အစရှိသည်တို့သည်လည်းကောင်း၊ နွား, ကျွဲအစရှိသည်တို့သည်လည်းကောင်း၊ သုံးဆောင်ပြီးသောရွှေ မသုံးဆောင်သေးသောရွှေ အစရှိသည်တို့သည်လည်းကောင်း၊ အလုံးစုံလျှင်တို့မိန်းမငယ်တို့နှင့်သာလျှင် စပ်သည်ဖြစ်လတ့်၊

ဤမည်သောသုံးဆောင်ပြီးသောရွှေ မသုံးဆောင်သေးသောရွှေ ဤမည်သော အခြံအရံအစရှိသောအမျိုးသည် အဘယ်မှာနည်းဟု မေးသည်ရှိသော် ရှိလိုရာအရပ်၌ရှိသည်ဖြစ်စေ၊ သင့်အားဤကြောင့်ကြခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း

သင်သည် ငါ့အိမ်၌ရှိသည်ကိုလည်းကောင်း၊ မရှိသည်ကိုလည်းကောင်း၊ အဘယ်ကြောင့်သိလိုသနည်းဟုဆို၍ အထူးထူးသော စကားတို့ဖြင့်ဆဲရေး၍ နှုတ်လုံ့တို့ဖြင့်ထိုး၍ ကျွန်အစေအပါးတို့ကဲ့သို့ အလိုသို့လိုက်စေ၍ မိမိ၏အစိုးရခြင်းကို ဖြစ်စေကုန်လတ့်။

ဤသို့လျှင် သင်မည်စည်ပွင့်မှု ပမာဏရှိသော ဖားမငယ်တို့၏လျင်သော အဆိပ်ရှိသောမြွေဟောက်ကို မျိုသောအခါကဲ့သို့ဖြစ်လတ့်၊

"မင်းကြီး. . . ဤအိပ်မက်ဟူသောအကြောင်းကြောင့် အသင်မင်းကြီး အားဘေးမရှိပါ။ မင်းကြီး. . . တစ်ဆယ့်ငါးခုမြောက်သော အိပ်မက်ကိုဆိုပါလော"

"မြတ်စွာဘုရား. . . ဆယ်ပါးကုန်သော သူယုတ်မာတို့အကျင့်နှင့်ပြည့်စုံသောအရာ၌ ကျက်စားသောကျီးကို ရွှေအဆင့်နှင့်တူသော အဆင်းရှိသော ရွှေဟင်္သာတို့သည် ခြံရံ၍နေသည်ဟု အိပ်မက်မြင်မက်ပါသည်။ ဤအိပ်မက်၏ အကျိုးကားအဘယ်ပါနည်း။"

"မြတ်သောမင်းကြီး. . . ဤအိပ်မက်၏အကျိုးကား နောင်သောအခါ၌ အားနည်းသောမင်းတို့၏ လက်ထက်၌သာလျှင် ဖြစ်လတ့်၊

နောက်အခါ၌ အားနည်းသောမင်းတို့သည် ဆင်အတတ်အစရှိသည်တို့၌ မလိမ္မာကုန်သည်ဖြစ်လတ့်၊ စစ်ထိုးခြင်း၌မရဲရင့်သည် ဖြစ်ကုန်လတံ၊ ထိုအားနည်းသောမင်းတို့သည် မိမိတို့၏ပြည်၊ စည်းစိမ်ပျက်ခြင်းကို ရွံ့ရှာကုန်သည်ဖြစ်၍ တူသောဇာတ်ရှိကုန်သော သူတော်ကောင်းသားတို့အား အစိုးရခြင်းကိုမပေးမူ၍ မိမိခြေရင်း၌ ခ,စားကုန်သော ဆေတ္တာသည်အစရှိကုန်သောသူတို့အား စည်းစိမ်ကို ပေးကုန်လတ့်၊ အမျိုးအနွယ်နှင့် ပြည့်စုံကုန်သော သူတော်ကောင်းတို့သည် မိမိအိမ်၌ကိုးကွယ်ရာကို မရကုန်သည်ဖြစ်၍ အသက်မွေးခြင်းငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ အစိုးရခြင်း၌တည်ကုန်သော အမျိုးအနွယ်ယုတ်ကုန်သော၊ မမြတ်ကုန်သော သူတို့၌ခ,စားကုန်သည် ဖြစ်လတ့်။

ရွှေဟင်္သာတို့သည် ကျီးကိုခြံရံအပ်သောည အခါကဲ့သို့ဖြစ်ကုန်လတ့်၊ ဤအိပ်မက်ဟူသောအကြောင်းကြောင့် အသင်မင်းကြီးအား ဘေးမရှိပါ။ တစ်ဆယ့်ခြောက်ခုမြောက် အိပ်မက်ကိုဆိုပါစေလော"

"အရှင်ဘုရား. . . ရှေးအခါက သစ်တို့သည် ဆိတ်တို့ကိုစားကုန်၏။ ယခု ဆိတ်တို့သည် သစ်တို့ကိုကြွပ်ကြွပ်မြည်အောင် စားကြသည်ကို မြင်မက်ပါ၏။ ထိုနောက်မှ ထိတ်လန့်ခြင်းကိုဖြစ်စေကုန်သော သစ်တို့သည် ဆိတ်တို့ကိုအဝေးမှ သာလျှင်မြင်၍ ကြောက်ခြင်းကြောင့် တောချုံထဲသို့ ပြေးဝင်ကြကုန်သည်ကို မြင်မက်ပါသည်။ ဤအိပ်မက်၏အကျိုးကား အဘယ်ပါနည်း"

"မြတ်သောမင်းကြီး. . . ဤအိပ်မက်သည်လည်း နောင်အခါ၌တရား မစောင့်သော မင်းတို့၏လက်ထက်၌သာ ဖြစ်လတ့်။

ထိုအခါ အမျိုးယုတ်သော မင်းကျွမ်းဝင်ဖြစ်ကုန်သောသူတို့သည် အစိုးရကုန်သည်ဖြစ်လတ့်၊ အမျိုးမြတ်ကုန်သောသူတို့သည် မထင်မရှားသည်ဖြစ်၍ ဆင်းရဲသည်ဖြစ်ကုန်လတ့်၊

ထိုမင်းကျွမ်းဝင်သောသူတို့သည် မင်းကိုမိမိ၏အလိုသို့ လိုက်စေကာမိမိတို့၏စကားကို ယူစေ၍ တရားဆုံးဖြတ်ရာအရပ် စသည်တို့၌အားရှိကုန်သည် ဖြစ်၍ အမျိုးမြတ်ကုန်သော သူတော်ကောင်းအပေါင်းတို့၏ အစဉ်အဆက်မှ လာကုန်သော လယ်ယာအစရှိသည်တို့သည် ငါတို့၏ဥစ္စာတည်းဟု တရားတွေ့ကုန်၍ ထိုသို့တရားတွေ့ခြင်းကြောင့် သင်တို့၏ဥစ္စာတည်း၊ ငါတို့၏ဥစ္စာတည်းဟု လာလတ်ကုန်၍ တရားဆုံးဖြတ်ရာ အရပ်စသည်တို့၌ ငြင်းခုန်ကြသည်ရှိသော် ကြိမ်နွယ်အစရှိသည်တို့ဖြင့် ပုတ်ခတ်စေ၍ လည်၌ကိုင်၍ ငင်စေပြီးလျှင်-

"မိမိတို့၏ ပမာဏကိုမသိကြကုန်၊ ငါတို့နှင့်တကွ ငြင်းခုန်ကြဘိ၏။ ယခုခါ မင်းအားလျှောက်ထား၍ လက်ခြေတို့ကို ဖြတ်ခြင်းအစရှိသည်တို့ကိုပြုအံ့" ဟု ခြိမ်းခြောက်ကုန်လတ့်၊

ဤအမျိုးမြတ်သောသူတို့သည် မင်းကျွမ်းဝင်သောသူတို့မှ ကြောက်တတ်သောကြောင့် မိမိတို့၏ဥစ္စာဖြစ်ကုန်သော လယ်ယာအစရှိသည် တို့ကို-----

"ဤလယ်ယာအစကုန်ရှိသော ဝတ္ထုတို့သည် သင်တို့၏ဥစ္စာသာလျှင်တည်း ထိုဥစ္စာတို့ကို ယူကုန်လော"

ဟု မေးအပ်၍မိမိတို့၏ အိမ်သို့ဝင်၍ ကြောက်ကုန်သည်ဖြစ်၍ အိပ်ကုန်လတ့်။

အကျင့်ယုတ်မာကုန်သော ရဟန်းတို့သည်လည်း သီလ၌ချစ်မြတ်နိုးကုန်သော ရဟန်းတို့ကို အလိုရှိတိုင်းညှင်းဆဲကုန်လတ့်၊ သီလကိုချစ်မြတ်နိုးသော ရဟန်းတို့သည် ကိုးကွယ်ရာမရသည်ဖြစ်၍ တောသို့ဝင်ပြီးလျှင် ချုံတို့၌ပုန်းအောင်းကုန်လတ့်။

ဤသို့သောယုတ်သော ဇာတ်ရှိသောသူတို့သည်လည်းကောင်း၊ အကျင့်ယုတ်သောရဟန်းတို့သည်လည်းကောင်း၊ နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ဇာတ်နှင့်ပြည့်စုံသော အမျိုးသားတို့သည်ကောင်း၊ သီလချစ်မြတ်နိုးကုန်သော ရဟန်းတို့သည်ကောင်း၊ ဆိတ်တို့မှကြောက်ခြင်းကြောင့် ထိတ်လန့်ခြင်းကိုဖြစ်စေတတ်ကုန်သော သစ်တို့၏ပြေးသောအခါကဲ့သို့ ဖြစ်လတ့်။

ဤအိပ်မက်ဟူသောအကြောင်းကြောင့် သင်မင်းကြီးအား ဘေးမရှိပါ။ ဤအိပ်မက်တို့သည် အနာဂါတ်ကိုစွဲ၍ မြင်မက်၏။ ပုဏ္ဏားတို့သည်ကား များစွာသော ဥစ္စာကိုရကုန်လတ့်ဟု အာမိသကိုငဲ့သဖြင့် အသက်မွေးခြင်းကိုမှီ၍ ပြောဆိုကုန်ကြကုန်၏။

ဗုဒ္ဓဂေါတမသည် ဤသို့လျှင် ကောသလမင်းကြီးအား တစ်ဆယ့်ခြောက်ချက်သော အိမ်မက်ပြဿတို့ကို ထုတ်ဖော်ရှင်းလင်း ပြောကြားပြီးနောက်-

"မင်းမြတ်. . . ယခုခါ၌ မင်းမြတ်သာလျှင် ဤတစ်ဆယ့်ခြောက်ချက်သော အိမ်မက်တို့ကိုမြင်မက်သည် မဟုတ်သေး။ ရှေးမင်းတို့သည်လည်း မြင်မက်ဖူးကုန်ပြီ၊ ပုဏ္ဏားတို့သည်လည်း ရှေးမင်းတို့အား ဤအတူသာလျှင် အိပ်မက်ကိုယူ၍ ယာဇ်ထက်၌ချဖူးကုန်ပြီ၊ ထိုနောက်မှပညာရှိတို့သည် ပေးအပ်သောနည်းဖြင့်သွား၍ ဘုရားလောင်းကို မေးကုန်၏။ ရှေးပညာရှိတို့သည်လည်း ထိုရှေးမင်းတို့အား ဤအိမ်မက်တို့ကို ဟောကုန်သည်ရှိသော် ဤယခုအခါ၌ ငါဘုရားဟောတော်မူနည်းဖြင့်သာလျှင် ဟောတော်မူကုန်ပြီ"

ဟု မိန့်တော်မူရာ ကောသလမင်းကြီးက တောင်းပန်အပ်၍ အတိတ်ဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော်

ရသေ့ရဟန်းပြု၍ အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးရရှိပြီး ဟိမဝန္တာတောဌ်နေကာ ဈာန်ကစားလျက်နေလေသည်။

ထိုအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးတွင် တစ်ညသောအချိန်၌ ဤကဲ့သို့သော အိပ်မက်(၁၆)ချက်တို့ကို မက်၍ပုဏ္ဏားတို့ကို မေးသည်။

ပုဏ္ဏားတို့သည် ဤအတူသာလျှင် ယာဇ်ပူဇော်အံ့သောငှါ အားထုတ်ကုန်သည်။

ထိုပုဏ္ဏားတို့တွင် ပုရောဟိတ်၏ပညာရှိသော လိမ္မာသောတပည့်လုလင်သည် ဆရာကို-

"ဆရာ. . . သင်တို့သည် ကျွန်ုပ်ကိုဗေဒင်ကို သင်ပေးကုန်၏။ ထိုဗေဒင်၌ တစ်ယောက်သောသူကို သတ်၍တစ်ယောက်သောသူ၏ ချမ်းသာခြင်းအမှုကို ပြုခြင်းမည်သည် မရှိသည်မဟုတ်ပါလော"

ဟု ပြောဆိုမေးသည်။

"အမောင်လုလင်. . . ဤဥပါယ်ဖြင့် ငါတို့အားများစွာသောဥစ္စာသည် ဖြစ်လတ့်၊ သင်သည်ကား မင်းဥစ္စာကိုစောင့်လိုယောင်တကား"

"ဆရာ. . . ထိုသို့ဖြစ်လျှင် သင်တို့အားသာလျှင် သင်တို့၏အမှုကိုပြုကြကုန်လော့၊ ကျွန်ုပ်သည်ကား ဆရာတို့ထံ၌မပြုလို"

ဟုဆိုကာ မင်းဥယျာဉ်၌-

ထိုနေ့၌လျှင် ဘုရားလောင်းသည်လည်း ထိုအကြောင်းကိုသိ၍-

"ယနေ့ ငါသည်လူပြည်သို့သွားသည်ရှိသော် များစွာသော သတ္တဝါတို့၏ အနှောင်အဖွဲ့မှ လွတ်ခြင်းသည်ဖြစ်လတ့်"

ဟု နှလုံးသွင်းကောင်းကင်ခရီးဖြင့် လာလတ်ပြီးသော် မင်း၏ဥယျာဉ်၌ ဆင်းသက်၍ ရွှေဆင်းတုကဲ့သို့ မင်္ဂလာကျောက်ဖျာ၌ နေလေသည်။

လုလင်သည် ဘုရားလောင်းရသေ့ကိုမြင်သော် သွားရောက်ရှိခိုးပြီး သင့်တင့်လျောက်ပတ်စွာနေ၍ နှုတ်ခွန်းဆက်ခြင်းကိုပြုသည်။

ဘုရားလောင်းသည်လည်း ထိုလုလင်နှင့်တကွ သာယာစွာသော နှုတ်ခွန်းဆက်ခြင်းကိုပြု၍-

"လုလင်မင်းကြီးသည် တရားသဖြင့် မင်းပြုပါ၏လော"

ဟုမေး၏။

"အရှင်ဘုရား. . . မင်းသည်ကားတရားစောင့်ပါ၏။ ထိုသို့စောင့်သော်လည်း ပုဏ္ဏားတို့သည် မင်းကြီးကိုစိတ်မဟုတ်ရာ၌ ပြေးသွားစေကုန်၏။ မင်းကြီးသည် တစ်ဆယ့်ခြောက်ချက်သော အိမ်မက်တို့ကိုမြင်မက်၍ ပုဏ္ဏားတို့အား ပြောကြား၏။ ပုဏ္ဏားတို့သည် ယဇ်ပူဇော်အံ့ဟု အားထုတ်ကုန်၏။ အရှင်ဘုရား. . . ဤအိမ်မက်တို့၏ ဤမည်သောအကျိုးသည် ဖြစ်လတ့်ဟု မင်းကိုသိစေ၍ အရှင်ဘုရားတို့အား များစွာသောသတ္တဝါအပေါင်းကိုဘေးမှ လွတ်စေခြင်းငှါမအပ်ပါလော"

"လုလင်. . . ငါသည်မင်းကို မသိကုန်။ မင်းကလည်း ငါကိုမသိကုန်။ ဤအရပ်သို့ လာလတ်၍ အကယ်၍မေးငြားအံ့၊ ငါတို့သည် မင်းတို့အားဖြေကြားပြောဆိုပါအံ့။"

"အရှင်ဘုရား. . . ကျွန်ုပ်သည် ထိုမင်းကိုဆောင်ယူခေါ်ခဲ့ပါမည်။ ခေတ္တခဏဤနေရာ၌ စောင့်လင်းနေပေးပါ။"

"လုလင်. . . ကောင်းပေပြီ"

လုလင်သည် ကောင်းကင်ပျံ့ရှင်ရသေ့၏ ဝန်ခံချက်ကိုရပြီးသော် မင်းကြီးတံသို့ဝင်၍-

'မြတ်သောမင်းကြီး. . . ကောင်းကင်ပျံရှင်ရသေ့တစ်ပါးသည် ရှင်မင်းကြီးမြင်မက်သောအိမ်မက်တို့အကျိုးကို ဟောပေးအံ့ဟုဆို၍ ရှင်မင်းကြီးကိုခေါ်စေပါသည်။" ဟုလျှောက်ထားသည်။

မင်းကြီးသည် လုလင်၏စကားကိုကြား၍ ထိုခဏ၌သာလျှင် များစွာသောအခြံအရံဖြင့် ၊ ဥယျာဉ်သို့သွားပြီးလျှင် ရှင်ရသေ့ကိုရှိခိုးကာ သင့်တင့်သောအရပ်၌ နေလျက်-

"အရှင်ဘုရား. . . အရှင်တို့သည် ကျွန်ုပ်မြင်မက်သောအိမ်မက်တို့၏ အကျိုးကို သိပါ၏လော"

"မြတ်သောမင်းကြီး . . . သိပါ၏။"

"အရှင်ဘုရား. . . ထိုသို့ဖြစ်လျက် ဟောကြားပေးတော်မူပါ။"

"မြတ်သောမင်းကြီး . . . ဟောကြားပေးအံ့။ မြင်မက်သောအိပ်မက်ကို ပြောပြပါလေ"

"အရှင်ဘုရား. . . ကောင်းပါပြီ"

ဟု မင်းကြီးကဝန်ခံကာ ဂါထာဖြင့်မိမိမက်သော အိမ်မက်တို့ကို ပြောပြသည်။

- နွားနက်လေးကောင်သည် ဝှေ့အပ်သောအခြင်းအရာကိုပြ၍ ဖဲရှောင်ကုန်၏။
- ငယ်စွာကုန်သော သစ်ပင်ချုံပုတ်တို့သည် ပွင့်ကုန်၏။ သီးကုန်၏။
- နွားမကြီးတို့သည် ယနေ့မွေးဖွားသော နွားမငယ်၏ နို့ကိုစို့ကုန်၏။
- လှည်း၌က,အပ်ကုန်သော နွားစို-နွားခွာစနွားငယ်တို့သည် ဝန်ကိုမရွက်ဆောင်နိုင်ကုန်။
- နှစ်ဖက်မျက်နှာရှိသော မြင်းသည်နှစ်ဖက်သောခံတွင်းဖြင့် အစာကိုစား၏။
- အဖိုးတစ်သိန်းထိုက်သော ရွှေလင်ပန်းကို ဤ၌ကျင်ငယ်စွန့်လော့ဟ မြေခွေးအားဆောင်နှင်း၏။
- အထက်၌ကျစ်အပ်သောလွန်ကို အောက်ကမြေခွေးမကစား၏။
- အချည်းနှီးသော အိုးတို့ဖြင့် ခြံရံအပ်သော ရေပြည့်အိုး၌သာ ရေလောင်း၏။
- ရေကန်အလယ်၌ ရေတို့သည်နောက်ကုန်၍ ကမ်းနား၌ရေတို့သည် ကြည်ကုန်၏။
- တစ်အိုးတည်းဖြင့် ချက်အပ်သောထမင်းသည် သုံးစုအားဖြင့် ကျက်၏။
- အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနံ့သာကို ရက်တက်ရည်ပုပ်ဖြင့် ရောင်းစား၏။
- ဗူးတောင်းတို့သည် ရေ၌နစ်ကုန်၏။
- ကျောက်ဖျာကြီးတို့သည် ရေ၌ပေါ်ကုန်၏။
- ဖားမငယ်တို့သည် မြွေဟောက်တို့ကို မျိုကုန်၏။
- ကျီးကိုရွှေဟင်္သာတို့သည် ခြံရံကုန်၏။
- ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော သစ်တို့သည် ဆိတ်တို့အား ကြောက်ကုန်၏။

ဘုရားလောင်းသည် ထိုအိမ်မက်တို့၏ အကျိုးတို့ကို ယခုဘုရားရှင်ဟောကြားဖြေရှင်းသည့်နည်းအတိုင်း အကျယ်အားဖြင့် ဟောကြားဖြေရှင်းပြပေးသည်။

"မြတ်သောမင်းကြီး. . . ဤအိမ်မက်ဟူသောအကြောင်းကြောင့် သင်မင်းကြီးအား ဘေးသည်လည်းကောင်း၊ ကိုယ်ခက်တရော်ဖြစ်ဖွယ်သည်လည်းကောင်း၊

မရှိပါဟု ဘုရားလောင်းရှင်ရသေ့သည် မင်းကြီးအားသိစေပြီး သတ္တဝါအပေါင်းကို အနှောင်အဖွဲ့မှလွတ်စေ၍ တစ်ဖန်ကောင်းကင်၌ရပ်လျက် မင်းကြီးအားအဆုံးအမကိုပေးကာ ငါးပါးသီလ၌ တည်စေသည်။

"မြတ်သောမင်းကြီး. . . ဤနေ့မှစ၍ ပုဏ္ဏားတို့နှင့်တပေါင်းတည်းဖြစ်၍ သားတို့ကိုသတ်ခြင်းငှါ ယာဇ်မည်သည်ကိုမပူဇော်လင့်"
ဟုဆိုကာ တရားဟောပြီးလျှင် ကောင်းကင်ခရီးဖြင့် မိမိနေရာဟိမဝန္တာသို့သွားသည်။

"မင်းမြတ်. . . ထိုအိမ်မက်၏အကျိုးကို ဖျောက်ခြင်းငှါအကြင်ယာဇ်အမှုသည် ဖြစ်၏။ ထိုယာဇ်အမှုသည် ဖော်ပြန်သောအားဖြင့်ဖြစ်၏။ ဤမင်းကြီးလက်ထက် ငါလက်ထက်ဖြစ်သောကာလ၌ ထိုအိပ်မက်တို့၏အကျိုးသည်မရှိပါ။"
ဟု ဘုရားရှင်ကကောသလမင်းကြီးကို နိဂုံးချုပ်ဟောကြားပြီးလျှင်-

"မြတ်သောမင်းကြီး. . . ဤအိမ်မက်ဟူသောအကြောင်းကြောင့် သင်မင်းကြီးအား ဘေးမရှိပါ။ ယာဇ်ပူဇော်ခြင်းကိုပယ်လော့"
ဟု မိန့်ကြားကာ ယာဇ်ကိုပယ်စေ၍ များစွာသောသတ္တဝါတို့ကို ဇီဝိတဒါနပေးစေသည်။

ဇာတ်အနုသန္ဓေစပ်သောအခါ ရှင်အာနန္ဒာသည် ဗာရာဏသီမင်း
- ပညာရှိလုလင်သည် သာရိပုတ္တရာ။

ဈာန်ပျံရသေ့သည် ယခုဘုရားရှင်ဖြစ်တော်မူသည်ဟု ဇာတ်ကိုပေါင်းကို ပေါင်းပြတော်မူသည်။

လောက၌ ရဲရင့်သည်ဟုဆိုသော ခတ္တိယမင်းမျိုးတို့သော်မှ အသက်ဘေးကြုံလာသော် အားကိုးရာကိုရှာဖွေတောင့်တကြသည်။

ရေနစ်သူသည် ကောက်ရိုးတစ်ပင်ကို လှမ်းကိုင်သကဲ့သို့ကိုင်မိပြီး အားမကိုးရာကို အားကိုးမိကြသည်။

မိမိအသက်တစ်ချောင်းရှင်ဖို့အတွက် သူတစ်ပါးအသက်များစွာစတေးသော သဘာဝဓမ္မသည် မဟုတ်မှန်ကြောင်း ဤအိမ်မက်နှင့်ဘုရားရှင်အဖြေကဖြေရှင်းပြထားသည်။

အားကိုးမှု၊ ယုံကြည်မှုမမှားကြစေရန် ဤကောသလအိမ်မက်အဖြစ်အပျက်က ဓမ္မသဘာဝအဖြေကို ဖြေရှင်းပေးထားခဲ့ပါသည်။

**(ကေက နိပါတ-ဝရုဏာဝဂ်၊ မဟာသုပိနဇာတ်)**

# ပုဂ္ဂိုလ်ခင်မှုတရားမင်းမှုပြဿနာ

တစ်နေ့သောအချိန်တွင် ပသေနဒီကောသလမင်းကြီးသည် ပြာသာဒ်ထက်၌ရပ်တည်လျက် ခရီးလမ်းကိုကြည့်မိသော်-

"မဟာအနာထပိဏ်သူဋ္ဌေး၊ စူဠအနာထပိဏ်သူဋ္ဌေး၊ ဝိသာခါဒါယိကာမ၊ သုပ္ပဝါသဒါယိကာမ အိမ်တို့သို့အမြဲနိစ္စဘတ် မပြတ်ဆွမ်းစားခြင်းငှါ နေ့စဉ်နှစ်ထောင်မကများစွာသောရဟန်းတို့ကို မြင်တွေ့၍ စုံစမ်းမေးမြန်းသည်။

"အရှင်တို့သည် အဘယ်အရပ်သို့ ကြွကြကုန်ပါသနည်း"

"အရှင်မင်းမြတ်. . . အနာထပိဏ်သူဋ္ဌေးအိမ်၌ နိစ္စဘတ်၊ သလာကဘတ်၊ ဂိလာနဘတ်စသည်တို့အလို့ငှါ နေ့စဉ်နှစ်ထောင်မျှသော ရဟန်းတို့သည် ကြွရောက်ကုန်၏။ စူဠအနာထပိဏ်သူဋ္ဌေးအိမ်၌ ရဟန်းငါးရာ၊ ဝိသာခါအိမ်၌ ရဟန်းငါးရာ၊ သုပ္ပဝါသဒါယိကာမအိမ်၌ ရဟန်းငါးရာတို့ကို အမြဲနိစ္စဘတ်ဆွမ်းကပ်၍ ဆွမ်းစားကြွကြခြင်း ဖြစ်ပါသည်။"

ဟု မိန့်ကြားသောအခါ ကောသလမင်းကြီးသည် မိမိလည်းရဟန်းသံဃာများကို ပြုစုလုပ်ကျွေးလိုသောဆန္ဒဖြစ်ပေါ်လာသည်အတွက် ဇေတဝန်ကျောင်းသို့လိုက်သွားပြီးလျှင် ရဟန်းတစ်ထောင်နှင့်တကွ ဘုရားရှင်ကိုပင့်ဖိတ်သည်။ ခုနှစ်ရက်လုံးလုံးမိမိလက်ဖြင့် ကိုယ်တိုင်ပြုစုလုပ်ကျွေးသည်။

ခုနှစ်ရက်မြောက်သောနေ့၌-

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . ဘုရားရှင်သည် ရဟန်းငါးရာတို့နှင့်အတူတကွ အမြဲမပြတ်ဒကာတော်၏ဆွမ်းကို အလျှုခံယူ၍ သုံးတော်မူပါဘုရား'

ဟုလျှောက်ထားသည်။

"ဒကာတော်မင်းမြတ်. . . ဘုရားတို့မည်သည်ကာ တစ်ခုသောအရပ်၌ အမြဲမပြတ်ဆွမ်းကိုမခံယူကုန်၊ လူများစွာတို့သည် ဘုရားရှင်၏လာခြင်းကို တောင့်တကြပါသည်။"

"ဤသို့ဖြစ်လျှင် ရဟန်းတစ်ပါးကို အမြဲစေလွှတ်ပေးပါ"

ဟု လျှောက်ထားသောအခါ ဘုရားရှင်က ရှင်အာနန္ဒာကို တာဝန်ယူစေသည်။

ကောသလမင်းသည် ရဟန်းသံဃာတော်များကြွလာပါက သပိတ်ကိုယူ၍

"ဤမည်ကုန်သောသူတို့သည် လုပ်ကျွေးပြုစုစေကုန်သတည်း"

ဟု မစီစစ်၊ မစီရင်မူ၍ ခုနှစ်ရက်ပတ်လုံး မိမိကိုယ်တော်တိုင်သာလျှင် လုပ်ကျွေးပြီးလျှင် (၈)ရက်မြောက်သောနေ့၌ကား စိတ်ပျံ့လွင့်ကာ မေ့လျော့လေသည်။

မင်းနန်းတော်အိမ်မည်သည်ကား မစေခိုင်း၊ တာဝန်မပေးအပ်သည်ရှိသော် နေရာတို့ကိုခင်းစေ၍ ရဟန်းတို့ကိုပြုစုလုပ်ကျွေးခြင်းငှါ မတတ်နိုင်ကြပေ။ မင်းအမိန့်တာဝန်ပေးမှုမရှိ၍ ရဟန်းများကြွလာသော် ဆွမ်းဆက်ကပ်မည်သူမရှိ၍ ရဟန်းတို့သည် မကြွရောက်တော့ပေ။

မင်းကြီးသည် ခုနှစ်ရက်မြောက်သောနေ့၌လည်းမေ့၍ တာဝန်မပေးသုံးရက်မြောက်သောနေ့၌လည်းမေ့၍ တာဝန်မပေးသောကြောင့် ရဟန်းတို့သည် ဖွဲခွါကြွကြကုန်သည်။ ရှင်အာနန္ဒာတစ်ပါးတည်းသာနေခဲ့သည်။

ပြုအပ်ပြီးသော ကောင်းမှုရှိကုန်သောပုဂ္ဂိုလ်တို့သည်ကား အကြောင်းကို ထောက်ညှာသဖြင့် နေပေးကြသည်။ ဒါယကာတို့၏သဒ္ဓါ ကြည်ညိုခြင်းကို စောင့်ရှောက်ကြကုန်သည်။

အာနန္ဒာမထေရ်သည်လည်း ကမ္ဘာတစ်သိန်းကာလပတ်လုံးဖြည့်ဆည်းဖူးအပ်သော ပါရမီဖြစ်၍ ဆုတောင်းနှင့်ပြည့်စုံသောကြောင့် ကြီးသောဘုန်းကံရှိပေသည်။

အကြောင်းကိုထောက်ညှာ၍ မိမိ၏ကရုဏာဖြင့် ဒါယကာတို့၏ သဒ္ဓါတရားကိုစောင့်ရှောက်သောအားဖြင့် တစ်ပါးတည်းနေခဲ့ပေသည်။ ထိုအရှင်အာနန္ဒာတစ်ပါးကိုသာလျှင် ထိုင်နေသီတင်းသုံးစေသည်ဖြစ်၍ လုပ်ကျွေးပြုစုကြကုန်သည်။

မင်းကြီးသည် ရဟန်းတို့ပြန်ကြွသွားသောအခါလာ၍ ခဲဘွယ်ဘောဇဉ်တို့သည် ထားမြဲတိုင်းသောနေရာ၌ တည်နေကုန်သည်တို့ကိုမြင်၍-

"အရှင်တို့သည် အဘယ်ကြောင့်မကြွလာကြကုန်ပါသနည်း" မေးသည်။

"အရှင်မင်းကြီး. . . အာနန္ဒာတစ်ပါးတည်းသာ ကြွလာတော်မူပါသည်"

"ရဟန်းတို့သည် ငါ၏ဥစ္စာတို့ ပျက်စီးခြင်းကုန်ပြတ်ခြင်းကို ပြုကြလေကုန်သည်တကား"

ဟု ရဟန်းတို့၌ အမျက်ထွက်၍ ဘုရားရှင်ထံသို့ ကိုယ်တိုင်သွားရောက်ကာ

"မြတ်စွာဘုရား. . . ဒကာတော်တို့သည် ရဟန်းငါးရာတို့အားဆွမ်းကို ပြုပြင်စီရင်၍ ထားပါကုန်သည်။ ရှင်အာနန္ဒာမထေရ်တစ်ပါးတည်းသာ ကြွတော်မူလာချိန် ပြုပြင်စီရင်ထားအပ်သော ဆွမ်းတို့သည် ထားမြဲအတိုင်းသာ ထိုအရပ်၌ တည်ရှိနေကြပါကုန်။ ရဟန်းတို့သည် ဒကာတော်၏နန်းအိမ်တော်၌ ဆွမ်းဘုန်းပေးခြင်းငှါ အမှတ်ကိုမပြုကြပါကုန်။ အကြောင်းကားအဘယ်သို့ပါနည်းဘုရား" ဟု မေးလျှောက်သည်။

ဘုရားရှင်သည် ရဟန်းတို့ကို အပြစ်မဆိုမူ၍-

"ဒကာတော်မင်းကြီး. . . ငါ၏တပည့်သား သာဝကတို့အား အသင်မင်းကြီးတို့နှင့် အတူတကွ ကျွမ်းဝင်ခြင်းမရှိ၍ ထို့ကြောင့် မကြွလာကုန်သည် ဖြစ်ပေမည်။ "

ဟုမိန့်ကြားတော်မူသည်။

ထို့နောက်ဘုရားရှင်က ရဟန်းတော်များကိုခေါ်၍ ဒါယကာတို့အိမ်သို့ မသွားရောက်၊ မကပ်အပ်သောအကြောင်းကိုလည်းကောင်း၊ သွားရောက်ချဉ်းကပ်အပ်သောအကြောင်းကိုလည်းကောင်း ဟောကြားတော်မူသည်။

"ချစ်သားရဟန်းတို့. . . အင်္ဂါကိုးပါးနှင့်ပြည့်စုံသော ဒါယကာအိမ်သို့ အဖန်တလဲလဲ မသွားမူ၍သာလျှင် ကပ်ခြင်းငှါမသင့်။ ကပ်ပြီးထိုင်နေခြင်းငှါမသင့် ကိုးပါးဟူသည်-

- နှစ်လိုခြင်းဖြင့်ထ, ၍ ခရီးဦး မကြိုဆိုခြင်း
- နှစ်သက်ခြင်းဖြင့် ရှိသေစွာရှိမခိုးကုန်

- နှစ်သက်ခြင်းဖြင့် ရှိသေစွာရှိမခိုးကုန်
- ထင်ရှားရှိသောဝတ္ထုပစ္စည်းကို လျှို့ဝှက်ဖွက်ထား၏
- များများလှူအပ်သည်ကို အနည်းငယ်ပေးလှူကုန်၏။
- မွန်မွန်မြတ်မြတ်လှူအပ်သည်ကိုလည်း ယုတ်ညံ့သည်ကို ပေးလှူ၏။
- တရားနာခြင်း အကျိုးငှါချဉ်းကပ်မထိုင်ကုန်။
- ဟောအပ်သောတရားကို ကောင်းစွာမနာကုန်။

"ချစ်သားရဟန်းတို့. . . အင်္ဂါကိုးပါးနှင့်ပြည့်စုံသော ဒါယကာအိမ်သို့ အဖန်တလဲလဲထိုင်နေခြင်းငှါ သင့်လျော်လျောက်ပတ်၏။ ကိုးပါးဟူသည်

- ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုဆိုကုန်၏။
- ကြည်ညိုစွာရှိခိုးကုန်၏။
- စုံမက်မြတ်နိုးစွာနေရာကိုပေးကုန်၏။
- ထင်ရှားရှိသောဝတ္ထုကို လျှို့ဝှက်မထားကုန်။
- များစွာလှူအပ်သည်ကို များစွာလှူ၏။
- မွန်မွန်မြတ်မြတ်လှူအပ်သည်ကို မွန်မွန်မြတ်မြတ်ပေးလှူ၏။
- ရိုသေကောင်းမွန်စွာ ပေးလှူ၏။ မရိုသေမပေးလှူကုန်။
- တရားနာခြင်းအကျိုးငှါ ချဉ်းကပ်ထိုင်ကုန်၏။
- ဟောအပ်သောတရားကို ကောင်းစွာနာကုန်၏။

ဟု ဟောတော်မူပြီးမှ

"မင်းကြီး. . . ငါ၏တပည့်သာဝကတို့သည် ဒကာတော်မင်းကြီးတို့အထံ၌ အကျွမ်းဝင်ခြင်းကို မရကုန်သောကြောင့် မကြွလာကုန်သည်ဖြစ်လတံ့။ ဒကာတော်မင်းကြီး. . . ရှေးပညာရှိတို့သည်လည်း အကျွမ်းမဝင်သောနေရာ၌ ရိုသေစွာကောင်းမွန်စွာလုပ်ကျွေးပြုစုပါသော်လည်း သေကာနီးမျှလောက်သောရောဂါခံစားခြင်းသို့ရောက်သောအခါ အကျွမ်းဝင်သောအရပ်၌ ဌာနသို့သွားကြပေကုန်သည်သာတည်း"

"မြတ်စွာဘုရား. . . အဘယ်အခါ၌ပါနည်း"

ဟု မင်းကြီးကလျှောက်ထားသောအခါ ဘုရားရှင်က အတိတ်ကိုဆောင်၍ ဟောတော်မသည်မှာ-

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုချိန်ဖြစ်သည်။

ကေသဝအမည်ရှိသော မင်းကြီးသည်လည်း မင်းအဖြစ်ကိုစွန့်လွှတ်၍ ရသေ့ရဟန်းအဖြစ်ကိုပြုသော် တပည့်ငါးရာတို့သည်လည်း အစဉ်ကိုလိုက်၍ ရသေ့ပြုကြသည်။ ရသေ့၏အမည်သည် ကေသဝရသေ့အမည်ပင်ဖြစ်သည်။

ကေသဝမင်းဘဝက မုတ်ဆိတ်-ဆံပင်စသည်ကို ပြုပြင်ခြင်း၊ တန်ဆာဆင်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခြင်းစသော မင်းကြီး၏အမှုကိစ္စတို့ကို ဆောင်ရွက်ရသော ကပ္ပကသည်လည်း ရသေ့ပြုပြီး ကေသဝရသေ့၏အတွင်းနေ တပည့်အဖြစ်နေသည်။

ကေသဝရသေ့သည် ပရိတ်သတ်နှင့်အတူ (လေးလပတ်လုံးဟိမဝန္တာ၌နေ၍ မိုးရွာသွန်းသောအခါ ချဉ်ဆားမှီဝဲခြင်းအလို့ငှါ ဗာရာဏသီပြည်သို့ သွားရောက်၍ ဆွမ်းအလို့ငှါ မြို့ထဲသို့ကြွဝင်သည်။

ဗာရာဏသီဗြဟ္မဒတ်မင်းသည် ကေသဝရသေ့ကိုမြင်လျှင်မြင်ချင်းပင် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ သဒ္ဓါတရားထက်သန်ကာ မိုးလေးလ မိမိထံ၌နေရန် လျှောက်ထားသည်။ ပဋိညာဉ်တောင်းခံသည်။

ဗာရာဏသီမင်းသည် ကေသဝရသေ့ကို ဥယျာဉ်၌နေစေ၍ ညချမ်းတစ်ချိန်၊ နံနက်တစ်ချိန် ဆည်းကပ်ခ, စားသည်။

ကျန်သောရဟန်းတို့သည် နှစ်ရက်သုံးရက်နေပြီး မြို့၏ဆင်သံ၊ မြင်းသံ၊ စသည်တို့ဖြင့် နှိပ်စက်အပ်သောဒဏ်ကို မခံနိုင်ကြ၍-

"ဆရာ. . . ကျွန်ုပ်တို့သည် မြို့၏ဆင်သံ၊ မြင်းသံစသည်တို့ကို မခံနိုင်ပါ။ သွားကြပါကုန်အံ့"

"အမောင်တို့. . . မင်းကြီးသည် ငါတို့အားရောက်လာသောနေ့၌သာလျှင် မိုးလေးလပတ်လုံး ဤအရပ်၌နေစေခြင်းငှါ ငါ့ကိုပဋိညာဉ်ယူအပ်သည်။ အဘယ်သို့သွား၍ ဖြစ်ပါမည်နည်း"

"ဆရာ. . . အရှင်တို့သည် ငါတို့အားမပြောကြားမတိုင်ပင်ပဲ ပဋိညာဉ်ကို ပေးအပ်ကုန်၏။ ငါတို့သည်နေခြင်းငှါ မစွမ်းနိုင်ပါ။ ဤမှမနီးမဝေး အရှင်ဆရာ

တို့၏ သတင်းစကားကို ကြားကောင်းသောအရပ်ဌာနၶသာလျှင် နေပါကုန်အံ့” ဟုပြောဆိုရှိခိုး၍ ဖဲ့ခွါသွားကြသည်။

ကပ္ပကရသေ့အတွင်းနေတပည့်သာ အတူကျန်ရစ်ခဲ့သည်။

ဗာရာဏသီမင်းကြီးသည် ကေသဝရသေ့ထံဆည်းကပ်လာသော ရသေ့တို့ကို မမြင်၍-

“အရှင်တို့ . . . အဘယ်မှာနည်း”

ဟုမေးသည်။

“မင်းကြီး. . . အရှင်တို့သည် ဆန့်ကျင်ခြင်းဖြစ်ကုန်ကြသည်ဖြစ်၍ ဟိမဝန္တာသို့သွားကုန်ကြသည်”

ဟုဆိုသည်။

“အတွင်းနေကပ္ပကရသေ့သည်လည်း မကြာမြင့်မီပင် ဆန့်ကျင်ခြင်းရှိသည်ဖြစ်၍ ဆရာရသေ့ကအဖန်တလဲလဲ တောင်းပန်တားမြစ်သော်လည်း မစွမ်းနိုင်ပါဟုဆိုကာ ဖဲ့ခွါသွားပြီးဟိမဝန္တာရှိရသေ့တို့ထံသွားရောက်နေသည်။ ဆရာ၏ သတင်းစကားကိုမူ အမြဲနားထောင်နေလေသည်။

နောင်အဖို့၌ ဆရာရသေ့သည် တပည့်တို့ကိုအစဉ်မပြတ်အောက်မေ့သောကြောင့် ဝမ်းကွဲရောဂါသည် ဖြစ်ပေါ်ခံစားလာရသည်။

ဗာရဏသီမင်းက ဆေးသမားတို့ကိုခေါ်၍ ကောင်းစွာပြုစုကုသစေသည်။

“ဒကာတော်မင်းကြီး ငါ၏ရောဂါကိုချမ်းသာပျောက်ငြိမ်းရန်သင်အလိုရှိပါသလော”

“အရှင်ဘုရား. . . အရှင်မြတ်၏ရောဂါသည် ချမ်းသာခြင်းငှါ အကယ်၍ စွမ်းနိုင်သည်ဖြစ်ခဲ့ပါတုံအံ့၊ ဒကာတော်သည် ဤယခုပင်လျှင် ချမ်းသာခြင်းကိုပြုလိုပါ၏။”

“ဒကာတော်မင်းကြီး. . . ငါ၏ရောဂါ ချမ်းသာခြင်းကို အကယ်၍အလိုရှိသည်ဖြစ်အံ့၊ ငါ၏အတွင်းနေတပည့်တို့ကို နေရာဌာနိသို့စေလွှတ်ပို့သလိုက်ပါလော”

“အရှင်ဘုရား. . . ကောင်းပါပြီ”

မင်းကြီးသည် ရသေ့ကိုညောင်စောင်းထက်၌ အိပ်စေပြီးလျှင် နာရဒ အမတ်အမှူးရှိသော အမတ်လေးယောက်တို့ကို-

"ငါ့အရှင်ဆရာမြတ်၏အကြောင်းဖြစ်ခြင်းသတင်းစကားကို ကြားသိအောင်ပြု၍ ငါ့အားသတင်းစကားကို စေလွှတ်လိုက်ကြကုန်လော"
ဟု မှာကြားစေလွှတ်လိုက်သည်။

ကပ္ပအတွင်းနေတပည့်သည် ဆရာလာသည်ဟု သင်းကိုကြား၍ ခရီးဦးကြိုဆိုပြီးလျှင် ထိုမှတစ်ပါးသော တပည့်ရသေ့တို့၏နေရာကိုမေးသော် ကပ္ပကတပည့်က အခြားရသေ့တို့ရှိရာနေရာသို့ ပြောပြသည်။

တပည့်ရသေ့အပေါင်းတို့သည်လည်း ဆရာရသေ့ကြွလာသည်ကို သတင်းကြား၍ ထိုအရပ်သို့စုဝေးရောက်လာကြပြီး ဆရာရသေ့အား ရေနွေးကိုပေး၍ သစ်သီးကြီးငယ်တို့ကို ကျွေးမွေးကြသည်။

ထိုခဏ၌သာလျှင် ရောဂါသည် ငြိမ်းပျောက်ချမ်းသာလေသည်။ ကေသဝရသေ့သည် နှစ်ရက်သုံးရက်ဖြစ်လာလျှင် ရွှေအဆင်းကဲ့သို့ အဆင်းရှိသည်သာဖြစ်လေသည်။ ထိုအခါ နာရဒအမတ်ကား ကေသဝရသေ့ကို

"အရှင်ရသေ့. . . အရှင်သည်ခပ်သိမ်းသော အလိုကိုမပြုမငြင် မြန်စွာရအောင်ပြည့်ဝသော ဘုန်းကျက်သရေရှိတော်မူသော လူများစွာတို့ကို အစိုးရတော်မူသော ပြည့်ရှင်မင်းကြီးဘဝကို ပယ်ခွါရှောင်လျက် မည်သို့သောအကြောင်းကြောင့်တောအရပ်ရှိ ကပ္ပကရသေ့၏ကျောင်းသခ်နး၌ ပျော်မွေ့နေရပါသနည်း"
ဟု မေးသည်။

"နာရဒအမတ်. . . ငါ့ရှင်တပည့်သည် ကပ္ပကရသေ့၏ ဤကျောင်းသခ်နး၌ကား လူသံမနှော၊ တောကြီးအစပ် အရပ်မွေ့သိမ်၊ ဆိတ်ငြိမ်ကောင်းမွန်ကုန်သည်ဖြစ်သောကြောင့် နှလုံးမွေ့လျော်ပျော်ဖွယ်ကောင်းပါ၏။ နှလုံးမွေ့လျော်ပျော်ဖွယ်ရာရှိကုန်သော ပွင့်သီးညွန့်စို စိမ်းညိုသောသစ်ပင်အပေါင်းတို့သည် မြိုင်တောစပ်၌ အထင်အရှားရှိပါကုန်၏။

အိုနာရဒအမတ်. . . ငါ့ရှင်တပည့်ကပ္ပရသေ့၏ သာယာပြေပြစ်ကျစ်လစ်ညင်းပျောင်းကောင်းစွာပြောဆိုအပ်ကုန်သောစကားတို့သည် သည်းကြားနှလုံးသို့ သိမ်းကျုံးယူဘိသကဲ့သို့ အလွန်အားဖြင့် နှလုံးမွေ့လျော်ခြင်း ဖြစ်ပေကုန်၏။

"ရှင်ရသေ့မြတ်. . . အလွန်တရာသန့်ရှင်းစင်ကြယ်စွာရသော ကြိုင်မွှမ်းသားဖြင့် ပြွမ်းအပ်သော၊ နံ့သာကြိုင်မွှေး သလေးထမင်းကို သုံးဆောင်စားသောက်

နေရသည်ဖြစ်ပါလျက် ယခုတစ်ဖန် ဆားမျှမခတ် တောအရပ်၌ဖြစ်သော ရှန့်ရှင်းကြမ်းတမ်းသော မြက်သီးဆန်ကျိတ်ထမင်းဆန် အစာအာဟာရကို မျှတစားသောက်လျက် တောမြိုင်ကြား၌အဘယ်အကြောင်းကြောင့် ပျော်ပါးမွေ့လျော်နိုင်နေပါသနည်း”

“နာရဒအမတ်. . . အရသာကြမ်းတမ်း မကောင်းသောအစာအာဟာရဖြစ်စေ၊ နူးညံ့သိမ်မွေ့သောအတွေ့အထိကောင်းမွန်သော အစာအာဟာရပင်ဖြစ်စေ၊ မသုံးမစားလောက်သဖြင့် နည်းသောအစာအာဟာရပင်ဖြစ်စေ၊ သုံးစားမကုန်ပြည့်စုံပေါ်များသော အစာအာဟာရပင်ဖြစ်စေ၊ အကြင်သို့သော ခဲဘွယ်ဘောဇဉ်ချိုချဉ်အာဟာရ၌ ရဲရဲဝံ့ဝံ့မတွန့်တို မငြိုငြင်သောမျက်နှာဖြင့် ကောင်းစွာစားသောက်ရပေ၏။ ယင်းသို့မတွန့်တို မညိုမျက်နှာကျွမ်းဝင်ကာဖြင့် ကောင်းစွာစားသောက်မှီဝဲရခြင်းသည် လွန်ကဲသောအရသာ မည်ပါပေ၏။”

နာရဒအမတ်သည် ထိုအကြောင်းအရာအလုံးစုံကို ဗြဟ္မဒတ်မင်းကြီးထံသို့ပြန်ကြားလျှောက်ထားပြလေသည်။

ဘုရားရှင်သည် ဤဇာတ်တော်အတိတ်ကို ဟောကြားပြီးနောက်-ဒကာတော်ကောသလမင်းကြီး ထိုအချိန်အခါက ဗာရာဏသီမင်းကြီးသည် ယခုငါဘုရား၏သားတော် ရှင်မောဂ္ဂလန်ဖြစ်သည်။ နာရဒအမတ်သည် သာရိပုတ္တရာဖြစ်သည်။ အတွင်းနေကပ္ပကသည် ရှင်အာနန္ဒာဖြစ်သည်။ ဆရာဖြစ်သောကေသဝရသေ့သည် ယခုငါဘုရားဖြစ်ပေသည်”
ဟု မိန့်ဆိုတော်မူပြီး ဆက်လက်၍-

“ဒကာတော်မင်းကြီး. . . ဤသို့သောနည်းဖြင့် ရှေးရှေးသောအခါ၌ပညာရှိဖြစ်တော်မူကြသောပုဂ္ဂိုလ်တို့သည် သေကာနီးလောက် ရွံ့ကြောက်ဖွယ်ရာဖြစ်သောဆင်းရဲခံစားရခြင်းကို မခံစားခြင်းဟုဆိုအပ်သော ရောဂါဗျာဓိတွေ့ထိခြင်းကိုရောက်၍ ချစ်ကျွမ်းဝင်သောအရပ်ဌာနသို့သာလျှင် သွားကြလေကုန်ဘိသည်။

ဒကာတော်မင်းကြီး ငါဘုရား၏သားတော်ဖြစ်ကုန်သော ရဟန်းတို့သည်လည်း အသင်၏ထံ၌ ချစ်ကျွမ်းဝင်ခြင်းကို မရသောဟန်သဏ္ဍာန်လက္ခဏာထင်လေသည်ဟု မိန့်ကြားတော်မူသည်။

# ကောင်းမှုမှန်သမျှ မမေ့မလျော့ကျင့်သင့်ပုံ

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

အခါတစ်ပါး၌ ကောသလမင်းကြီးသည် မင်းမာန်ယစ်သဖြင့် ကိလေသာဟူသော မွေ့လျော်ခြင်း၌ ချမ်းသာကိုမှီ၍ ခံစားနေသည်။ တရားဆုံးဖြတ်ခြင်းလည်းမဖြစ်။ ဘုရားရှင်အားခ,စားခြင်းကိုလည်း မေ့လျော့နေလေသည်။

ကောသလမင်းကြီးသည် တစ်နေ့တွင်ဘုရားရှင်ကိုအောက်မေ့၍ ဘုရားရှင်ကိုရှိခိုးအံ့. . ဟု စဉ်းစားပြီး နံနက်စာစားပြီးသော် မြတ်သောရထားကိုစီးကာ ဇေတဝန်ကျောင်းသို့သွား၍ ဘုရားရှင်အားရှိခိုးကာ သင့်ရာနေရာ၌နေသည်။

"မြတ်သောမင်းကြီး. . . အဘယ်ကြောင့် ကြာမြင့်စွာမမြင်ရပါသနည်း"

"အရှင်ဘုရား. . . တပည့်တော်အား အမှုကိစ္စများသောကြောင့် အရှင်ဘုရားအား ဆည်းကပ်ခ, စားခြင်း အခွင့်ကိုမရနိုင်ခဲ့ပါဘုရား"

"မြတ်သောမင်းကြီး. . . ငါကဲ့သို့သော အဆုံးအမကိုပေးတတ်သော သဗ္ဗညုတဘုရားရှင်သည် မြို့ဦးကျောင်း၌ နေတော်မူလျက် သင်မင်းကြီးအား မေ့လျော့ခြင်းငှာမသင့်၊ ပြည်ထဲအရှင်မင်းမည်သည်ကား ဆယ်ပါးသောရာဇကိစ္စ၌ မမေ့မလျော့သဖြင့် တိုင်းပြည်သူတို့၏မိဘနှင့်တူသဖြင့် အဂတိလေးပါးသို့ လိုက်စားခြင်းကိုပယ်၍ မင်းကျင့်တရားဆယ်ပါးတို့၌ တည်အပ်ကုန်၏။

စင်စစ်သော်ကား ငါဘုရားသည် ဆုံးမတော်မူသည်ဖြစ်၍ ရှင်မင်းကြီး သည် တရားနှင့်အညီ မင်းပြု၏။ ထိုတရားနှင့်အညီ မင်းပြုခြင်းသည် အံ့ဘွယ်မရှိ သေး၊ ရှေးပညာရှိတို့သည် ဆုံးမတတ်သော ဆရာမရှိသော်လည်း မိမိ၏ပကတိ အားဖြင့် သုံးပါးအပြားရှိသော သုစရိုက်တရား၌တည်၍ လူများအပေါင်းအား တရားဟော၍ နတ်ပြည်ခရီးသို့ ပြည့်စေကုန်လျက် သွားခဲ့ဖူးကုန်ပြီ။

"အရှင်ဘုရား. . . ထိုအကြောင်းအကျယ်ကို သိပါရစေဘုရား"

"မြတ်သောမင်းကြီး. . . လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏မိဖုရားကြီးဝမ်း၌ သန္ဓေတည်ပြီး ဇနသန္ဓမင်းသားဟူသော အမည်ကိုမှည့်ကုန်သည်။

ထိုမင်းသားအရွယ်ရောက်၍ တက္ကသိုလ်ပြည်၌ အတတ်ပညာစုံလင်ပြီး သော် ခမည်းတော်မင်းကြီးက အိမ်ရှေ့မင်းအရာ၌ ထားတော်မူသည်။

ထိုအိမ်ရှေ့မင်းသားသည် အဘလွန်သော် ထီးနန်းကိုဆက်ခံ၍ မင်းပြု လေသည်။

ထိုဇနသန္ဓမင်းသည် မင်းဖြစ်သည်နှင့်တပြိုင်နက် မြို့တံခါးလေးမျက်နှာ တို့၌လည်းကောင်း မြို့လယ်၌လည်းကောင်း၊ နန်းတော်တံခါး၌လည်းကောင်း၊ ဤသို့ (၆)ဆောင်သော အလှူတင်းကုပ်တို့ကို ဆောက်စေ၍နေ့စဉ်နေ့တိုင်း(၆) သိန်းသောဥစ္စာတို့ကိုစွန့်၍ လှူသည်။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို ချောက်ချားစေသည်၊ နှောင်အိမ်တို့ကို အမြဲဟင်းလင်းဖွင့်သည်ကို ပြုစေပြီးလျှင် တရားဘဏ္ဍာတိုက်ကို သုတ်သင်စေ၍ သင်္ဂဟတရားလေးပါးဖြင့် လူအပေါင်းတို့အား ထောက်ပံ့ပေးသည်၊ ငါးပါးသီလဆောက်တည်လျက် တရားနှင့်အညီ မင်းပြုသည်။

အကြား အကြား၌လည်း တိုင်းသူပြည်သားတို့ကို စည်းဝေးစေ၍ အလှူ ပေးကုန်၊ သီလဆောက်တည်ကြကုန်၊ ဘာဝနာကိုပွားစေကြကုန်၊ တရားနှင့်အညီ အမှုကိုလည်းကောင်း၊ ရောင်းဝယ်ခြင်းကိုလည်းကောင်း ယှဉ်ကြကုန်။

ငယ်သောအခါ၌ အတတ်ပညာကိုသင်ကြကုန်၊ ဥစ္စာဖြစ်စေကုန်၊ စဉ်းလဲ သောသက်သေအမှုကိုလည်းကောင်း၊ ဂုံးတိုက်ဂုံးချောသော စကားဆိုခြင်းကိုလည်း ကောင်း၊မပြုကြကုန်လင့်၊ ကြမ်းတမ်းကြမ်းကြုတ်သည်မဖြစ်ကြကုန်လင့်၊ မိဘတို့

အား ရိုသေစွာလုပ်ကျွေးခြင်းဝတ်ကို ဖြည့်ကြကုန်၊ အမျိုး၌ကြီးသောသူတို့အား အရိုအသေပြုကြကုန်။"

ဟု တရားကိုဟော၍ လူအပေါင်းကို သုစရိုက်တရား၌တည်စေတော်မူသည်။ ဥပုသ်ဆောက်တည်သည်ဖြစ်၍ လူအများအား တစ်နေ့သောလပြည့်နေ့ဥပုသ် အခါ၌ တရားဟောအံ့. . . ဟု ကြွေပြီးမြို့၌စည်လည်စေသည်။

မိမိကိုယ်လုပ်မောင်းမတို့ကို အစပြု၍ အလုံးစုံသောပြည်သူတို့ကို စည်းဝေးစေပြီးလျှင် မင်းယင်ပြင်၌တန်ဆာဆင်၍ ဆင်ယင်ထားအပ်သောရတနာပလ္လင်ထက်၌ကောင်းစွာ ခင်းထားအပ်သော ရာဇပလ္လင်၌နေတော်မူလျက်-

"အို. . . ပြည်သူအပေါင်းတို့ သင်တို့အားအလိုရှိအပ်သော တရားတို့ကို ဟောပေးအံ့၊ မမေ့မလျော့သဖြင့် အာရုံစိုက်သောနားရှိကုန်လျက် ရိုသေစွာနာကြားကြကုန်လော့"

ဟု မိန့်ကြားပြီးတရားကို ဆက်လက်ဟောကြားပေးလေသည်။

မြတ်စွာဘုရားသည် ထိုတရားတော်ကို ပြန်လည်ဟောပြောပြရာ၌ ကောသလမင်းကြီးကို ရည်ညွှန်း၍ ပြန်ဟောသောကြောင့် ကောသလမင်းကြီးကို

"မြတ်သော ကောသလမင်းကြီး. . . ဆယ်ပါးကုန်သော အကြင်အကြောင်းတို့ကို ရှေး၌မပြုသည်ရှိသော် ထိုသူသည် နောက်၌စိုးရိမ်ရတတ်၏ဟု ဇနသန္ဓမင်းကြီးက စတင်ဟောပြပါသည်။"

ဟု မိန့်ကြားကာ ဆက်လက်ဟောပြတော်မူသည်။

"ရအပ်ဖူးသောဥစ္စာကို မရသည်ရှိသော် စိုးရိမ်ရတတ်၏။ ရှေး၌ဥစ္စာကို မဆည်းပူးမိလေ၊ ရှေးငယ်သောအခါ၌ ဥစ္စာကိုမရှာမိလေ။ ဤသို့နောင်အိုသော အခါ၌ စိုးရိမ်ပူပန်တတ်ရ၏။"

"ရှေးငယ်သောအခါ၌ ငါသည်အလုံးစုံသောဆင်စီး၊ မြင်းစီးအစရှိသော အတတ်မျိုးစုံတို့ကို မသင်မိလေ၊ အတတ်မရှိသောသူအား အသက်မွေးခြင်းသည် ငြိုငြင်ဆင်းရဲရ၏။ ဤသို့နောက်အိုသောအခါ၌ စိုးရိမ်တတ်ရ၏။"

"ရှေးငယ်သောအခါ၌ စဉ်းလဲစဉ်းစားပြုမိသည်ဖြစ်၏။ သူတစ်ပါးတို့၏ ကျောက်ကုန်းသားကို စားတတ်သော ချောပစ်သောစကားကိုဆိုမိသည်ဖြစ်၏။

ငါသည်ကြမ်းတမ်းသည်လည်းကောင်း၊ ကြမ်းကြုတ်သည်လည်းကောင်းဖြစ်၏။ ဤသို့သေရာညောင်စောင်း၌ လျောင်းသောနောင်ကာလ၌ နောင်တရှိရတတ်၏။

"ငါသည် ရှေး၌သူအသက်သတ်ခြင်းကို ပြုမိသည်ဖြစ်၏။ ကြမ်းကြုတ်သည်လည်းဖြစ်၏။ သူတော်မဟုတ် သူယုတ်မာသည်ဖြစ်၏။ သတ္တဝါတို့ကို သနားခြင်း မပြုမိ။ ဤသို့နောင်ကာလ၌ စိုးရိမ်ရတတ်၏။"

"သူတစ်ပါးတို့သည် သိမ်းဆည်းကုန်သော များစွာကုန်သော မိန်းမတို့သည် ရှိကုန်လျက် သူတစ်ပါးမယားကို မှီဝဲချေမိ၏တကား။ ဤသို့နောက်၌ စိုးရိမ်ရတတ်၏။ "

"ဖြစ်သောများစွာသော ထမင်းအဖျော်တို့သည် ရှိပါလျက်ငါသည် ရှေး၌ အလှူကိုမပေးလှူပါတကား။ ဤသို့နောင်အိုသောအခါ၌ နောင်တရှိရတတ်၏"

"အိုမင်းသည်ဖြစ်၍ ကြီးသောအရွယ်သို့ရောက်သော အမိကိုလည်းကောင်း၊ အဖကိုလည်းကောင်း၊ ဥစ္စာကိုယ်အားဖြင့် စွမ်းနိုင်သည်ဖြစ်ပါလျက် ငါမကျွေးမွေးမိလေ။ ဤသို့နောင်အခါ၌ နောင်တရတတ်၏။"

"လက်ဦးဆရာဖြစ်သော အဖန်တလဲလဲဆုံးမတတ်သော အလုံးစုံသော ဝတ္ထုကာမ၊ အရသာကိုဆောင်၍ မွေးကျွေးသောအဘကို မထေမဲ့မြင် ငါပြုမိ၏။ ဤသို့နောက်ကာလ၌ စိုးရိမ်ရတတ်၏။"

"သီလမရှိကုန်သော များသောအကြားအမြင်ရှိကုန်သော ရဟန်းတို့ကိုလည်းကောင်း၊ မကောင်းမှုမှအပပြုပြီးသောသူတို့ကိုလည်းကောင်း၊ ငါသည်ရှေး၌ ပစ္စည်းလှူလျက် မဆည်းကပ်မိ။ ဤသို့နောက်၌ နောင်တတစ်ဖန်စိုးရိမ်ရတတ်၏။

"ငြိမ်သက်သော၊ ဆည်းကပ်အပ်သော၊ မြိုးခြံသော၊ အလေ့အကျင့်သည် ကောင်းသည်ဖြစ်၏။ ရှေးဦးကလျှင် မြိုးခြံသောအကျင့်ကိုမကျင့်မိ။ ဤသို့နောက်၌ စိုးရိမ်ရတတ်၏။"

အကြင်သူသည်ကား ဤဆယ်ပါးသောအကြောင်းတို့ကို အသင့်အဖြစ်ကျင့်၏။ ထိုသူသည် သူတော်တကာတို့၏ကိစ္စတို့ကို ပြုသည်ဖြစ်၍ နောင်၌စိုးရိမ်နောင်တမရှိရပြီ။

ဇနသန္ဓမင်းကြီးသည် လခွဲတစ်ကြိမ် ဤနည်းဖြင့်လူများအပေါင်းတို့အား

တရားဟောတော်မူသည်။ လူအများသည်လည်း ဇနသန္ဓမင်းကြီး၏ အဆုံးအမ၌ တည်သည်ဖြစ်၍ ထိုဆယ်ပါးသောအကြောင်းတို့ကို ဖြည့်ကျင့်သဖြင့် သေသောအခါ နတ်ပြည်သို့လားကြရသည်။

"မြတ်သောကောသလမင်းကြီး. . . ဤသို့လျှင် ရှေးပညာရှိတို့သည် ဆရာမရှိသော်လည်း မိမိ၏ပညာဖြင့်သာလျှင် တရားဟော၍ လူအပေါင်းတို့ကို နတ်ပြည်သို့တည်စေကုန်ပြီ"

ဟု ဘုရားရှင်သည် တရားဒေသနာကို အဆုံးသတ်၍ ယခုအခါငါဘုရား၏ ပရိသတ်တို့သည် ထိုအခါဇနသန္ဓမင်းကြီး၏ ပရိသတ်တို့ဖြစ်ခဲ့ကြပြီး ငါဘုရားသည်ကား ဇနသန္ဓမင်းဖြစ်ခဲ့ပြီ ဟု ဇာတ်ကိုပေါင်းပြတော်မူသည်။

**(ဒွါဒသကနိပါတ် ၅-ဇနသန္ဓဇာတက)**

# မိမိသတ်သူကို ပြန်သတ်၍ ရန်မငြိမ်းမအေးနိုင်ပါ

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။ ကောသလမင်းနန်းတော်၌ မင်းမွေးထားသောကြိုးကြာမသည် မင်း၏တမန်အမှုကို ဆောင်ရွက်သည်။ ထိုကြိုးကြာမ၌ သားငယ်နှစ်ကောင်ရှိသည်။

တစ်နေ့တွင် ကောသလမင်းသည် ကြိုးကြာငှက်မကို မင်းတစ်ပါးထံသို့ အမှာစာကိုပို့ဆောင်စေသည်။

ထိုကြိုးကြာမ အမှာစာသွားပို့နေစဉ် မင်းအိမ်ရှိသူငယ်နှစ်ယောက်တို့သည် ကြိုးကြာငှက်ငယ်နှစ်ကောင်ကိုလက်ဖြင့်ညှစ်၍ သတ်ပစ်ကြလေသည်။

ကြိုးကြာမငှက်ပြန်ရောက်လာသောအခါ မိမိ၏သားငယ်များသေဆုံးနေသည်ကိုမြင်၍ စုံစမ်းကြည့်သော် ထိုသူငယ်နှစ်ယောက်သတ်သည်ကို သိလေသည်။

ထိုအချိန်တွင် မင်းအိမ်၌မွေးထားသော ကျားတစ်ကောင်ရှိသည်။ ထိုကျားသည် ကြမ်းကြုတ်ရုန့်ရင်း၏။ လှောင်အိမ်ဖြင့်အထားခံရသည်။

တစ်နေ့တွင် ထိုလက်ဆော့၊ ခြေဆော့ကလေးနှစ်ဦးတို့သည် ထိုကျားကို ကြည့်ရှုရန်သွားကုန်သော်။ ကြိုးကြာမသည် ထိုသူငယ်တို့နှင့်အတူသွား၍-

"ဤသူငယ်တို့သည် ငါ၏သားများကိုသတ်အပ်ကုန်သကဲ့သို့ ထိုအတူဤသူငယ်တို့ကို ငါပြုအံ့"

ဟုကြံ၍ ထိုသူငယ်တို့ယူ၍ ကျား၏ခြေရင်း၌ထားပေးလိုက်သည်။

ကျားသည် ထိုသူငယ်များကို ကျွပ်ကျွပ်မည်စေ၍ စားလေသည်။

"ယခုခါ ငါ၏နှလုံးအလိုသည် ပြည့်လေပြီ"

ဟု ကြံစည်၍ ဟိမဝန္တာသို့ ပျံသန်းသွားလေသည်။

ထိုသတင်းစကားသည် ပျံ့နှံ့ခဲ့ပြီး ရဟန်းတို့သည် ညနေတရားသဘင်၌ ထိုအကြောင်းကို ဆွေးနွေးပြောဆိုစဉ် ဘုရားရှင်ကြွလာပြီး ဆွေးနွေးနေသော အကြောင်းကိုလျှောက်ထားကြသည်။

"ရဟန်းတို့. . . ယခုအခါသာလျှင် ကြိုးကြာမသည် မိမိသားငယ်တို့ကို သတ်ကုန်သောသူငယ်တို့ကိုယူ၍ ကျား၏ခြေရင်း၌ထားပြီး ဟိမဝန္တာသို့ပျံသည် မဟုတ်သေး။ ရှေးကလည်း၎င်းအတူလုပ်ခဲ့ဘူးလေပြီ"

"မြတ်စွာဘုရား. . . အတိတ်ဖြင့်ဖုံးလွှမ်းအပ်သော ထိုအကြောင်းကို အကျယ်သိပါရစေဘုရား"

"ရဟန်းတို့. . . ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဘုရားလောင်းသည် တရားသဖြင့်မင်းပြု၏။ ထိုမင်း၏နန်းတော်၌ တစ်ကောင်သော ကြိုးကြာမသည် မင်း၏တမန်အမှုကိုပြုလေသည်။"

ထိုကြိုးကြာမသည် ယခုကြိုးကြာကဲ့သို့ သားများအသတ်ခံရ၍ မိမိသားကိုသတ်သူများကို ကျားစာကျွေး၍ သတ်ပြီး၍-

"ယခုငါသည် ဤအရပ်၌နေခြင်းကား မတတ်ကောင်း၊ သွားအံ့၊ သို့သော် မင်းကိုမကြားမူ၍ မသွားသင့်။ မင်းကိုအကြောင်းကြားပြီးမှ သွားသင့်၏။" ဟုကြံစည်ပြီး မင်းထံသို့သွားကာ ရှိခိုး၍-

"အရှင်. . . အရှင်တို့သည် ကျွန်ုပ်စေခိုင်း၍ မေ့လျော့သဖြင့် ကျွန်ုပ်၏ သားငယ်တို့ကို သူငယ်တို့သည် သတ်အပ်ကုန်ပြီ။ ကျွန်ုပ်သည်အမျက်ကိုအလိုလိုက်၍ ထိုသူငယ်တို့ကို ကျားစာကျွေး၍ တစ်ဖန်သတ်အပ်ပါပြီ။ ယခုကျွန်ုပ်၌အရပ်၌ နေခြင်းငှါမသင့်တော့ပါ"

"မင်းကြီး. . . ကျွန်ုပ်သည် သင်မင်းကြီး၏အိမ်၌ အမြဲရိုသေပြုအပ်၊ ပူဇော်အပ်ကုန်သည်ဖြစ်၍ နေခဲ့သည်။ ယခုအခါသင်မင်းကြီးသည်ပင်လျှင် ကျွန်ုပ်၏နှလုံးမသာယာခြင်း၏အကြောင်းကို ပြုအပ်ပြီ၊ ယခုကျွန်ုပ်ကိုခွင့်ပြုပါလော၊ ကျွန်ုပ်သွားပါတော့အံ့"

"ကြိုးကြာမ. . . အကြင်သူသည် စဝ်စစ်သူတစ်ပါးသည် သားငယ်ကို သတ်ခြင်း အစရှိသောကြမ်းကြုတ်သောအမှုကို ပြုအပ်သည်ရှိသော် မိမိသည်

အစားသတ်ခြင်းအစရှိသော ကြမ်းကြုတ်သောအမှုကို အစားပြုအပ်သည်ရှိသော် ငါသည် ငါ့အစားပြုအပ်ပြီးဟုသိ၏။ ဤမှုဖြင့် ထိုရန်သည်ငြိမ်း၏။ သင်သည်နေပါ မသွားပါလင့်”

“မြတ်သောမင်းကြီး. . . နှိပ်စက်သောသူအားလည်းကောင်း၊ အကြင်သူသည် နှိပ်စက်တတ်၏။ ထိုနှိပ်စက်တတ်သောသူအားလည်းကောင်း၊ ချစ်ခြင်းသည် တစ်ဖန်မစပ်ပါ။ ကျွန်ုပ်၏စိတ်သည် မနှစ်သက်ပါ။ သွားပါအံ့”

“ကြိုးကြာမ. . . နှိပ်စက်အပ်သောသူအားလည်းကောင်း၊ အကြင်သူသည် နှိပ်စက်တတ်၏။ ထိုနှိပ်စက်တတ်သောသူအားလည်းကောင်း၊ ကွဲသည်ရှိသော် ပညာရှိတို့အား တဖန်ချစ်ခြင်းသည်စပ်၏။ သူမိုက်တို့အားသာမစပ်ပါ။ သင်သည် နေပါ၊ မသွားပါလင့်”

“အရှင်မင်းကြီး. . . ဤသို့ဖြစ်ငြားသော်လည်း ကျွန်ုပ်သည်ဤအရပ်၌ နေခြင်းငှါ မတတ်ကောင်းတော့ပါ၊”

ဟုပြောပြီး မင်းကိုရှိခိုးကာ ဟိမဝန္တာသို့ပျံလေသည်။

ယခုအခါ ကြိုးကြာမသည် ထိုအခါကြိုးကြာမဖြစ်ခဲ့ပြီး၊ ထိုအခါမင်းသည် ယခုပါဘုရား ဖြစ်ခဲ့သည်။”

ဟု ဇာတ်တော်ကိုပေါင်း၍ ဒေသနာကိုနိဂုံးချုပ်လေသည်။

(စတုက္ကနိပါတ၊ စူဠကုဏာလဝဂ်၊ ကုန္တိနီဇာတ်)

# အင်္ဂုလိမာလကို နှိမ်နင်းရန်သွားသောကောသလမင်း

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ်အချိန် ဖြစ်သည်။

ကောသလမင်း၏ နိုင်ငံတော်ဝယ် ကြမ်းကြုတ်ရက်စက်၍ သွေးစွန်းနေသော လူဆိုးတစ်ယောက်သည် ပေါ်ပေါက်နေခဲ့သည်။

ထိုအင်္ဂုလိမာလ၏ရန်ကြောင့် ရွာ၊ နိဂုံး၊ ဇနပုဒ်၌ အချို့ပင်ပျက်သုဉ်းသွားကြသည်။

အင်္ဂုလိမာလသည် လူတို့ကိုဖမ်းဆီးသတ်ဖြတ်ပြီး ထိုသူတို့၏လက်ညှိုးတို့ကို ဖြတ်ယူပြီး ပန်းကုံးသဖွယ်သီကုံးကာ လည်ပင်း၌ဆွဲထား၏။

တစ်နေ့တွင် ဗုဒ္ဓသည်သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွပြီး ဆွမ်းကိစ္စပြီးသောအခါ အင်္ဂုလိမာလရှိရာအရပ်သို့ ခရီးထွက်ခဲ့လေသည်။

နွားကျောင်းသား၊ ဆိတ်ကျောင်းသားစသောသူများက ဘုရားကိုမြင်လျှင်

"အရှင်ရဟန်း. . . ဤလမ်းကိုမသွားပါလင့်။ ဤလမ်း၌ သွေးစွန်းသောလက်ရှိသောအင်္ဂုလိမာလအမည်ရှိ လူဆိုးရှိပါ၏။ ဤလမ်း၌လူလေး၊ငါးဆယ်စုပေါင်း၍ သွားသောယောကျ်ားသည်ပင် အင်္ဂုလိမာလလက်တွင်းသို့ ကျရောက်ကြပါကုန်၏"

ဟု သတိပေးစကားပြောဆိုကြသည်။

ထိုသူတို့က သုံးကြိမ်တိုင်တိုင် တားမြစ်ပြောဆိုကြသော်လည်း ဘုရားရှင်က မည်သို့မျှတုန့်ပြန်ပြောဆိုခြင်းမရှိဘဲ ခရီးကိုသာဆက်လက်ကြွသွားတော်မူသည်။

ထိုအချိန်တွင် အင်္ဂုလိမာလ၏မိခင် မန္တာနီပုဏ္ဏေးမသည် ခင်ပွန်းဖြစ်သူ ပုဏ္ဏားကြီး၏ပြောပြချက်အရ ယနေ့ကောသလမင်းက တပ်နှင့်ချီ၍ထွက်ဖမ်းတော့မည်ဟု သတင်းရသဖြင့် သားကိုခေါ်ရန်တစ်ယောက်တည်းထွက်လာခဲ့သည်။

အင်္ဂုလိမာလကလည်း ယနေ့ပထမဆုံးတွေ့မြင်သူမည်သူမဆို ကျန်သော လက်ညှိုးတစ်ချောင်းရဖို့အတွက် သတ်မည်ဟုအဓိဋ္ဌာန်ထားသည်။ မိခင်လာသည် ကိုမြင်သောအခါ မိခင်ကိုသတ်ရန် နောက်မှအတင်းလိုက်လေသည်။ မိခင်နှင့်သား ကြားတွင် ဘုရားရှင်သည် ဝင်၍ရပ်ရာ အင်္ဂုလိမာလသည် မိခင်နောက်လိုက်နေ ရာမှ ဘုရားရှင်နောက်သို့ဆက်လိုက်သည်။

အင်္ဂုလိမာလသည် ဆင်များ၊ မြင်းများကိုပင် အမှီလိုက်နိုင်ပါလျက် ပကတိ အတိုင်းကြွသွားသော ဗုဒ္ဓအား အမှီတိုမလိုက်နိုင်ချေဘဲ ဖြစ်နေသောအခါ လွန် စွာအံ့ဩသဖြင့် ရပ်တန့်ကာ -

"ရဟန်း. . . ရပ်လော့၊ ရဟန်း. . . ရပ်လော့"

ဟု အော်ဟစ်ပြောဆိုလေသည်။

"အင်္ဂုလိမာလ. . . ငါသည်ရပ်နေ၏။ သင်သာပြေးသွားနေသည်။ သင် သာရပ်လော့"

ဟု ဘုရားရှင်ကပြန်၍ မိန့်ကြားသောအခါ အင်္ဂုလိမာလက-

"ဤရဟန်းသည်ကား သွားနေပါလျက်နှင့် ငါရပ်နေ၏ဟုဆိုအပ်၏။ အကြောင်းထူးတစ်စုံတစ်ရာရှိနိုင်ရာ၏။ ထိုအကြောင်းကို ငါမေးအံ့"

ဟုကြံစည်မိပြီး-

"အို. . . ရဟန်း သင်သည်သွားနေပါလျက်ပင် ငါရပ်နေ၏ဟု ဆိုဘိ၏။ ရပ်နေသောကျွန်ုပ်ကိုကား မရပ်ဟုဆိုဘိ၏။ ထိုအကြောင်းကိုမေးလိုပါ၏။ အဘယ် သို့လျှင် သင်သည်ရပ်နေပြီး ကျွန်ုပ်သည် မရပ်ဟုဆိုဘိ၏။ ထိုအကြောင်းကို မေး လိုပါ၏။ အဘယ်သို့လျှင် သင်သည်ရပ်နေပြီး ကျွန်ုပ်သည်မရပ်နေပါသနည်း။"

ဟုမေးသည်။

"အင်္ဂုလိမာလ. . . ငါသည် အခါခပ်သိမ်း အလုံးစုံကုန်သော သတ္တဝါတို့ အပေါ်ဝယ် တုတ်, လှံ, စွဲကိုင်ခြင်းမပြုတော့ဘဲ ပစ်ချထားပြီးဖြစ်၏။ သင်သည်ကား သတ္တဝါအားလုံးအပေါ်ဝယ် သတ်ဖြတ်ညှင်းဆဲခြင်းမှ စောင့်ဆည်းခြင်းမရှိ၊ ထို့ကြောင့် ငါသည်ရပ်သူဖြစ်၍ သင်သည်ရပ်မနေသူဖြစ်သည်။"

ဘုရားရှင်၏ဖြေစကားကို ကြားရသောအခါ အင်္ဂုလိမာလသည် လွန်စွာ ထိတ်လန့်လျက်-

"ကျွန်ုပ်သည် မကောင်းမှုကိုစွန့်ပယ်ပါတော့အံ့"

ဟုလျှောက်၍ လက်နက်များကို ချောက်ကမ်းပါးထဲသို့ ပစ်ချပြီးသောအခါ မိမိအား ရဟန်းပြုခွင့်ကို တောင်းပန်လေသည်။"

ဘုရားရှင်သည် အင်္ဂုလိမာလအား-

"ရဟန်းလာလော့"

ဟူသောစကားကို မိန့်ကြားလိုက်သောခဏဝယ် အင်္ဂုလိမာလသည် ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်စေတော်မူသည်။

ထို့နောက် ဘုရားရှင်သည် အင်္ဂုလိမာလကိုခေါ်ဆောင်၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ပြန်ကြွလာခဲ့လေသည်။

ထိုအချိန်တွင် ကောသလမင်းကြီးကလည်း ပြည်သူအများ၏ကြွေးကြော်တောင်းဆိုမှုကြောင့် အင်္ဂုလိမာလကိုဖမ်းယူရန် မြင်းငါးရာဖြင့် နေ့လည်ပိုင်းတွင် သာဝတ္ထိမြို့မှ ထွက်လာခဲ့သည်။ စစ်ထွက်သွားရင်း ဘုရားရှင်အားဖူးမြင်သွားမည်ဟု စိတ်ကူးရပြီး ဇေတဝန်ကျောင်းသို့ဝင်၍ ဘုရားရှင်ကိုဖူးတွေ့လေသည်။

ဘုရားရှင်သည် ကောသလမင်းကြီးနှင့် ပဋိသန္ထာရနှုတ်ဆက်စကား မိန့်ကြားပြီး-

"မင်းကြီး. . . သင်သည် မာဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရနှင့် စိတ်ဆိုးနေသလော၊ သို့မဟုတ် ဝေသာလီပြည် လိစ္ဆဝီမင်းတို့ကို စိတ်ဆိုးနေသလော"

ဟုမေးသည်။

"အရှင်ဘုရား. . . တပည့်တော် မည်သည့်မင်းနှင့်မျှ စိတ်မဆိုးပါ။ အင်္ဂုလိမာလ လူဆိုးအတွက်ကြောင့် ပြည်သူအများက တောင်းဆို၍ထိုလူဆိုးကို ဖမ်းရန် ထွက်လာခဲ့ပါသည်ဘုရား။"

"မင်းကြီး. . . သင်သည် အင်္ဂုလိမာလအား သီလနှင့်ပြည့်စုံသောရဟန်းအဖြစ်ဖြင့် တွေ့မြင်ရသော် မည်သို့ပြုမည်နည်း"

"အရှင်ဘုရား. . . တပည့်တော်သည် အင်္ဂုလိမာလအား ရဟန်းအဖြစ်ဖြင့် တွေ့မြင်ရသည်ရှိသော် ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း ပြုပါမည်။ ပစ္စည်းလေးပါးဖြင့် ဖိတ်ကြား၍ တရားနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများကိုလည်း ပြုလုပ်စီမံပေးပါမည်။ သို့ရာတွင် အင်္ဂုလိမာလကဲ့သို့သော ဆိုးသွမ်းယုတ်မာသော လူဆိုးပုဂ္ဂိုလ်အား သီလစောင့်ထိန်းခြင်းရှိနိုင်မည် မဟုတ်ပါ"

ဤသို့ကောသလမင်းကြီးက ဖြေကြားသောအခါ ဘုရားရှင်သည် အနီးတွင် ထိုင်နေသော ရှင်အင်္ဂုလိမာလကို လက်ျာလက်ဖြင့်ညွှန်၍-

"မင်းကြီး. . . အင်္ဂုလိမာလဟူသည် သူပင်တည်း"

ဟု မိန့်ကြားတော်မူသည်။

မင်းကြီးနှင့်ပရိတ်သတ်သည် အင်္ဂုလိမာလကိုမြင်တွေ့ရသောအခါ အင်္ဂုလိမာလ၏အရှိန်ကြောင့် ထိတ်လန့်တုန်လှုပ်ကြောက်ရွံ့သွားကြသည်။

"မင်းကြီး. . . သင့်အား အင်္ဂုလိမာလနှင့် ပတ်သက်၍တစ်စုံတစ်ရာ အန္တရာယ်မရှိတော့ပါ။ ကြောက်ရွံ့ထိတ်လန့်စရာလည်း မရှိပါ။"

ဟု ဘုရားရှင်က မိန့်ကြားသောအခါ ကောသလမင်းကြီးသည် အင်္ဂုလိမာလရဟန်းနားချဉ်းကပ်ပြီး အမျိုးအနွယ်တို့ကို မေးလျှောက်သည်။ အားလုံးယုံကြည်စိတ်ချ၍သွားသောအခါ ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားသည်။

အင်္ဂုလိမာလမထေရ်က ဓုတင်အကျင့်ကိုဆောက်တည်ထားပြီးဖြစ်၍ မင်းကြီး၏ဖိတ်ကြားချက်ကို လက်မခံဘဲငြင်းပယ်လိုက်လေသည်။

ထို့နောက် ကောသလမင်းကြီးသည် ဘုရားရှင်ထံချဉ်းကပ်၍ အင်္ဂုလိမာလကဲ့သို့ ကြမ်းကြုတ်ရက်စက်သူတစ်ဦးကို တုတ်၊ ဓား၊ လက်နက်မဆောင်ဘဲ လိမ္မာယဉ်ကျေးအောင် ဆုံးမနိုင်သည်ကို ချီးကျူးလျှောက်ထားပြီး နန်းတော်သို့ပြန်လည်ထွက်ခွာသွားခဲ့လေသည်။

**(မဇ္ဈိမပဏ္ဏာသ၊ ရာဇဝဂ် အင်္ဂုလိမာလသုတ်)**

## ရရှိပစ္စည်းမသုံးဆောင်တတ်က အကျိုးမဲ့ဖြစ်ရပုံ

တစ်နေ့သောအခါ ကောသလမင်းကြီးသည် နေ့မွန်းတည့်အခါ၌ မြတ်စွာဘုရားထံချဉ်းကပ်၍ ဘုရားရှင်အားရှိခိုးကာ သင့်ရာနေရာ၌ ထိုင်နေသည်။

"မင်းကြီး. . . သင်သည် ယခုနေ့မွန်းတည့်အခါ အဘယ်အရပ်ကလာခဲ့သနည်း။"

"အရှင်ဘုရား. . . ဤသာဝတ္ထိပြည်၌ သူဌေးကြီးသည် သေခဲ့ပါ၏။ အမွေခံသားသမီးမရှိသော ထိုသူဌေးကြီး၏ဥစ္စာကို ကျွန်ုပ်သည်နန်းတော်တွင်းသို့ သွင်း၍လာခဲ့ပါသည်။ အရှင်ဘုရား ရွှေချည်းပင်ရှစ်သန်းရှိပါ၏။ ငွေမူကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း"

အရှင်ဘုရား. . . ထိုသူဌေး၏ ထမင်းသုံးဆောင်ခြင်းသည် ပုန်းရည်လျှင်နှစ်ခွက်မြောက်သောဆန်ကွဲထမင်းကို စားသုံး၏။ အဝတ်ပုဆိုးသုံးဆောင်ခြင်းသည်လည်း သုံးလွှာစပ်၍ချုပ်သော ပိုက်ဆံလျှော်အဝတ်ကို ဝတ်၏။ ယာဉ်ကိုသုံးဆောင်ရာ၌ သစ်ရွက်ထီးကိုဆောင်းလျက် ဆွေးမြေ့သောရထားငယ်ဖြင့် သွားပါ၏။ "

"မင်းကြီး. . . ဤစကားသည် ဤအတိုင်းမှန်ပါ၏။ မင်းကြီးသူတော်မဟုတ်သော သူယုတ်မာသည် များမြတ်ကုန်သောစည်းစိမ်တို့ကိုရ၍ မိမိကိုယ်ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ၊ အမိအဖတို့မချမ်းသာစေ၊ မပြည့်ဖြိုးစေ၊ မိတ်ဆွေခင်ပွန်းတို့ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ"

အထက်နတ်ဘုံ၌ မြတ်သောအကျိုးကိုဖြစ်စေတတ်သော နတ်ပြည်၌ဖြစ်စေတတ်သော ချမ်းသာသောအကျိုးနှင့် ပြည့်စုံသောမွန်မြတ်သောအကျိုးကို ဖြစ်စေတတ်သော အလှူကိုသမဏ- ဗြာဟ္မဏတို့၌ မဖြစ်သင်စေ၊

ထိုသူ၏ ဤသို့ကောင်းစွာ မသုံးဆောင်အပ်ကုန်သော ထိုစည်းစိမ်ဥစ္စာတို့ကို မင်းတို့သည်လည်း ဆောင်ကုန်၏။ ခိုးသူတို့သည်လည်း ဆောင်ကုန်၏။ မီးမှုသည်လည်းလောင်၏။ ရေ၌လည်းမျောကုန်၏။ မချစ်မနှစ်သက်သော အမွေခံတို့သည်မူလည်း ဆောင်ကုန်သည်။

မင်းကြီး. . . ဤသို့ထိုသူ၏ ထိုစည်းစိမ်ဥစ္စာတို့သည် ကောင်းစွာမသုံးဆောင်အပ်သည်ဖြစ်၍ ကုန်ခမ်းခြင်းသို့ရောက်ကုန်၏။ သုံးဆောင်ခြင်းသို့မရောက်ကုန်။

မင်းကြီးဥပမာသော်ကား. . . လူမရှိသောအရပ်သည် ကြည်လင်သောရေ၊ ချမ်းအေးသောရေ၊ ချိုမြိန်သောရေ၊ ဖြူသောရေ၊ ကောင်းသောရေ၊ နှလုံးမွေ့လျော်ပျော်ဖွယ်ရာရှိသော ရေသည်ရှိ၏။ ထိုရေကိုလူအပေါင်းသည် မဆောင်ယူရာ မသောက်မချိုးရာ၊ အလိုရှိတိုင်းမပြုရာ။ မင်းကြီး. . . ထိုသို့မပြုသော်လည်း ထိုရေသည် ကောင်းစွာမသုံးဆောင်ဘဲလျက် ကုန်ခမ်းခြင်းသို့ရောက်ရ၏။ သုံးဆောင်ရာသို့မရောက်။

မင်းကြီး. . . ဤဥပမာအတူသာ ဖြစ်၏။

မင်းကြီး. . . သူတော်ကောင်းဖြစ်သောသူသည် များမြတ်သောစည်းစိမ်ဥစ္စာတို့ကိုရ၍ မိမိကိုယ်ကိုချမ်းသာစေ၏။ ပြည့်ဖြိုးစေ၏။ အမိ, အဖ, သားမယား ကျွန်လုပ်သား မိတ်ဆွေခင်ပွန်းတို့ကို ပြည့်ဖြိုးစေ၏။ ချမ်းသာစေ၏။

အထက်နတ်ပြည်၌ မြတ်သောအကျိုးကိုဖြစ်စေတတ်သော နတ်ပြည်၌ဖြစ်စေတတ်သော ချမ်းသာအကျိုးနှင့် ပြည့်စုံစေတတ်သော အလှူကိုသမဏ၊ ဗြာဟ္မဏတို့အားပေးလှူ၏။ ထိုသူ၏ကောင်းစွာသုံးဆောင်အပ်ကုန်သော ထိုစည်းစိမ်ဥစ္စာတို့ကို မင်း, မီး, ရေ, ခိုးသူ, မချစ်မနှစ်သက်သောအမွေခံတို့သည်လည်း မဆောင်ကုန်၊

မင်းကြီး. . . ထိုသူ၏စည်းစိမ်ဥစ္စာတို့သည် ကောင်းစွာသုံးဆောင်အပ်ကုန်သည်ဖြစ်၍ သုံးဆောင်ခြင်းသို့ ရောက်၏။ ကုန်ခမ်းခြင်းသို့မရောက်ပါ။

မင်းကြီး. . . ဥပမာသော်ကား ရွာ၊ နိဂုံး၊ မနီးမဝေး၌ ကြည်လင်သော ချမ်းအေးသော ချိုသော၊ ဖြူသော၊ ကောင်းသော ရေဆိပ်ရှိသော၊ နှလုံးမွေ့လျော် ဖွယ်ရာရှိသော ရေကန်သည်ရှိ၏။ ထိုရေကိုလူအပေါင်းသည် ဆောင်ယူ၍သောက် လည်းသောက်ရာ၏။ ချိုးလည်းချိုးရာ၏။ အလိုရှိတိုင်းပြုရာ၏။

မင်းကြီး. . . ထိုသို့လျှင် ထိုရေသည်ကောင်းစွာသုံးဆောင်အပ်သည်ဖြစ်၍ သုံးဆောင်ခြင်းသို့ရောက်၏။ ကုန်ခမ်းခြင်းသို့မရောက်၊ မင်းကြီး. . . ဤဥပမာတူ သာလျှင် ဖြစ်၏။

လူမရှိရာအရပ်၌ အေးမြသောရေသည် မသောက်အပ်သည်ဖြစ်၍ ခြောက်ခန်းခြင်းသို့ ရောက်သကဲ့သို့ ထို့အတူယုတ်မာသောယောက်ျားသည် ဥစ္စာ ကိုရ၍ မိမိယူသည်၊ မသုံးဆောင်၊ သူတစ်ပါးကိုလည်းမပေး၊ ထိုဥစ္စာသည် အလိုလို ကုန်ခမ်းခြင်းသို့ ရောက်ရ၏။

သိကြားလိမ္မာသော ပညာရှိသည် စည်းစိမ်ဥစ္စာကိုရ၍ သုံးဆောင်ခံစား ၏။ ကိစ္စကိုလည်းပြု၏။ ထိုပညာရှိသည် ဆွေမျိုးအပေါင်းအား ချီးမြှောက်ထောက်ပံ့ ခြင်းကိုပြုလျက် မကဲ့ရဲ့အပ်သည်ဖြစ်၍ ကောင်းမှုပြုသူတို့၏တည်ရာ နတ်ပြည် သို့ရောက်ရ၏။"

ဟူ၍ ဗုဒ္ဓကသြဝါဒပေးတော်မူသည်။

**ကောသလသံယုတ် အပုတ္တကဝတ္ထု**

* * * * *

ထိုသားသမီးအမွေမရှိသော သူဌေးကြီးနှင့်ပတ်သက်၍ ဗုဒ္ဓက မင်းကြီး အား ဆက်လက်၍ဟောကြားပြပါသည်။

မင်းကြီး. . . ထိုသူဌေးနှင့် ပတ်သက်၍ ရှေး၌ဖြစ်ခဲ့ဘူးသည်က ထိုသူဌေး ကြီးသည် တဂ္ဂရသီခိအမည်ရှိသော ပစ္စေကဗုဒ္ဓါအား ဆွမ်းကိုလှူစေသည်။

ရဟန်းအားဆွမ်းကို လှူကြကုန်လော. ဟုဆိုပြီး နေရာမှထ,သွား ဖဲ့ခွါသွား ၏။ ပေးလှူပြီးနောက်၌ကား ထိုဆွမ်းကိုကျွန်ယောက်ျားတို့နှင့် အမှုလုပ်အလုပ်သမား တို့အား ကျွေးရမူ စားရမူကား မြတ်ပေ၏။"

ဟု နှလုံးမသာမယာ ဖြစ်မိလေသည်။

တစ်ဖန် အမွေပေးရမည်ကိုစိုးရိမ်ပြီး အစ်ကို၏တစ်ယောက်တည်းသော သားကိုတိတ်တဆိတ်သတ်ခဲ့၏။

မင်းကြီး. . . ထိုသူဌေးသည် ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူသောအကျိုး ကြောင့် ကောင်းသောလားရာဖြစ်သောနတ်ပြည်၌ ခုနှစ်ကြိမ်ရောက်ရ၏၊ ထိုကံ၏ အကျိုးအကြွင်းအနေဖြင့်သာလျှင် ဤသာဝတ္ထိပြည်၌ ခုနှစ်ကြိမ်သူဌေးဖြစ်၏။

မင်းကြီး. . . ထိုသူဌေးကြီးသည် ပေးလှူပြီးနောက် နှလုံးမသာမယာဖြစ်မှု ဟူသော ကံ၏အကျိုးကြောင့် မွန်မြတ်သောအစားအစာ၊ အဝတ်အထည်၊ အသုံး အဆောင်ကိုသုံးဆောင်ခြင်းငှာ စိတ်မညွတ်၊ ကာမဂုဏ်ငါးပါး၌ ခံစားလိုစိတ်မရှိ။

မင်းကြီး. . . အစ်ကို၏တစ်ဦးတည်းသောသားကိုသတ်ဖြတ်မှု အကုသိုလ် ကံကြောင့် များစွာသောနှစ်တစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်းတို့ပတ် လုံး ငရဲ၌ကျခဲ့ရ၏။

ထိုကံ၏အကျိုးအကြွင်းဖြင့်သာလျှင် အမွေခံသားသမီးမရှိသော ဤဥစ္စာ တို့ကို ခုနှစ်ကြိမ်တိုင်တိုင် မင်း၏ဘဏ်တိုက်သို့သွင်းစေ၏။

မင်းကြီး. . . ဤသူဌေးကြီးကား အဟောင်းဖြစ်သောကုသိုလ်ကံသည် ကုန်ကြီးအသစ်ဖြစ်သော ကုသိုလ်ကံကိုလည်း မဆည်းပူးအပ်။

မင်းကြီး. . . ယခုမူကား ထိုသူဌေးကြီးသည် မဟာရောရုဝငရဲ၌ ကျက် နေရလေပြီ။

"အရှင်ဘုရား. . . ဤသူဌေးကြီး မဟာရောရုဝငရဲရောက်သည်မှာ အမှန် ပါဘဲလား"

"မင်းကြီး. . . ဤအတိုင်းမှန်ပါ၏"

ဟု ဗုဒ္ဓကမိန့်ကြားပြီး ဆက်လက်၍ ဗုဒ္ဓက-

"အကြင်စပါးသည်လည်းကောင်း၊ ဥစ္စာသည်လည်းကောင်း၊ ရွှေ၊ ငွေသည် လည်းကောင်း၊ သိမ်းဆည်းထားအပ်သော တစ်စုံတစ်ရာသောအရာဝတ္ထုသည် ရှိ၏၊ ထိုသူအားမှီ၍ အသက်မွေးကုန်သော အကြင်ကျွန်ယောက်ျား၊ အမှုလုပ်၊ အခိုင်းအစေတို့သည် ရှိကုန်၏။

အလုံးစုံသော ဥစ္စာကျေးကျွန်ကိုယူ၍မသွားနိုင်၊ အလုံးစုံကိုစွန့်၍ သွားရ၏၊ ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ အကြင်ကံကိုပြု၏၊ ထိုကံသည်သာလျှင် ထိုသူ၏ဥစ္စာဖြစ်၏၊ ထိုကံကိုပင်ယူ၍ သွားရ၏။

အရိပ်သည် ကိုယ်သို့အစဉ်လိုက်သကဲ့သို့ ထိုကံသည်ပင် ထိုသူအား အစဉ်လိုက်၏၊ ထို့ကြောင့် တမလွန်၌ဖြစ်သောအကျိုးကို ဆည်းပူးသောသူသည် ကုသိုလ်ကောင်းမှုကိုပြုရာ၏၊ ကောင်းမှုတို့သည် တမလွန်ဘဝ၌ သတ္တဝါတို့တည်ရာဖြစ်ကုန်၏”

ဟူ၍ ဗုဒ္ဓထံ ဆက်လက်ဟောကြားပြတော်မူသည်။

**(ကောသလသံယုတ်၊ ဒုတိယအပုတ္တသံယုတ်)**

## လောက၌ပုဂ္ဂိုလ်လေးမျိုးကွဲပုံ

တစ်နေ့သောအချိန်တွင် ကောသလမင်းကြီးသည် ဘုရားရှင်ထံသို့ချဉ်းကပ်၍ တစ်ခုသောနေရာ၌ထိုင်နေသည်။

“မင်းကြီး. . . ဤလောက၌ ဤသို့သောပုဂ္ဂိုလ်လေးယောက်တို့သည် ထင်ရှားရှိကုန်၏-

- အမှောင်မှလာ၍ အမှောင်သို့သွားသောပုဂ္ဂိုလ်
- အမှောင်မှလာ၍အလင်းသို့သွားသောပုဂ္ဂိုလ်
- အလင်းမှလာ၍ အမှောင်သို့သွားသောပုဂ္ဂိုလ်
- အလင်းမှလာ၍ အလင်းသို့သွားသောပုဂ္ဂိုလ်

ဤပုဂ္ဂိုလ်(၄)ယောက်တို့သည် -

“မင်းကြီး. . . အမှောင်မှလာ၍အမှောင်သို့သွားသောပုဂ္ဂိုလ်ဟူသည် ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဆင်းရဲ၍ထမင်းအဖျော်စားဖွယ်နည်းလျက် ခဲယဉ်းငြိုငြင်စွာ အသက်မွေးရသောဒွန်းစဏ္ဍားအမျိုး၌ဖြစ်စေ၊ နှီးသမားအမျိုး၊ တံငါမုဆိုးအမျိုး၊ သားရေလုပ်သမားအမျိုး၊ ပန်းပျိုက်သွန်းအမျိုးစသော ယုတ်ညံ့သောအမျိုး၌ဖြစ်ရ၏။

ယင်းအမျိုး၌ ဆင်းရဲငြိုငြင်သဖြင့် အစားအဝတ်ကိုရ၏၊ ထိုသူသည် အဆင်းမလှ၊ ရှုချင်ဖွယ်မရှိ ပုကွ၏၊ ကန်းသည်၊ ကောက်သည်၊ ခွင်သည်၊ ဆွံ့သည် ဖြစ်၍လည်းကောင်း အနာများ၏၊ ထမင်းအဖျော်အဝတ်ပုဆိုးယာဉ်၊ ပန်းနံ့သာ၊ နံ့သာပျောင်းအိပ်ရာ၊ နေရာ၊ ဆီမီးကိုမရနိုင်။

ထိုသူသည် ကိုယ်ဖြင့်မကောင်းသောအကျင့်ကိုကျင့်၏၊ နှုတ်ဖြင့် မကောင်းသောအကျင့်ကိုကျင့်၏၊ စိတ်ဖြင့် မကောင်းသောအကျင့်ကိုကျင့်၏။

ထိုသူသည် ကိုယ်၊ နှုတ်၊ စိတ်ဖြင့် မကောင်းသောအကျင့်ကိုကျင့်ခဲ့သောကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေသည်နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာဖြစ်သောငရဲ၌ဖြစ်ရ၏။

မင်းကြီး. . . ဤသူသည် အမိုက်တိုက်မှလာ၍ အမိုက်တိုက်သို့သွားရာသကဲ့သို့လည်းကောင်း၊ အမှောင်မှလာ၍ အမှောင်သို့သွားရာသကဲ့သို့လည်းကောင်း၊ အညစ်အကြေးရှိရာမှလာ၍ အညစ်အကြေးရှိရာသို့သွားသကဲ့သို့လည်းကောင်း ထိုပုဂ္ဂိုလ်ကို ထိုဥပမာနှင့်တူ၏ဟူ၍ ငါဆိုပါ၏"

"မင်းကြီး. . . အမှောင်မှလာ၍ အလင်းသို့သွားသောပုဂ္ဂိုလ်ဟူသည်ကား အထက်ဖော်ပြပါ အမျိုးအောက်တန်းစားကျ အဆင်းမလှ၊ စားဝတ်နေရေးမပြည့်စုံသောပုဂ္ဂိုလ်သည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ကောင်းသောအကျင့်ကိုကျင့်၏။

ထိုသူသည် သေသည်မှနောက် ကောင်းသောလားရာဖြစ်သောနတ်ပြည်၌ဖြစ်ရ၏။

မင်းကြီး. . . ဤသူသည် မြေမှသည် ပလ္လင်သို့တက်ရောက်သကဲ့သို့လည်းကောင်း၊ မြင်းကျောက်ကုန်းမှသည် ဆင်ကျောက်ကုန်းသို့တက်ရာသကဲ့သို့လည်းကောင်း၊ ဆင်ကျောက်ကုန်းမှပြဿဒ်သို့တက်သကဲ့သို့လည်းကောင်း ဤပုဂ္ဂိုလ်သည် ထိုဥပမာနှင့်တူပါ၏။

မင်းကြီး. . . အလင်းမှလာ၍ အမှောင်သို့သွားသောပုဂ္ဂိုလ်ဟူသည်ကား ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကြွယ်ဝ၍များသောအသုံးအဆောင်၊ များသောရွှေ၊ ငွေ၊ နှစ်သက်ဖွယ်အဆောက်အဦး၊ များသောဥစ္စာစပါးရှိသော ခတ္တိယမဟာသာလမျိုး၌ဖြစ်စေ၊ ပြဟ္မဏာသမဟာသာလမျိုး၌ဖြစ်စေ၊ ဂဟပတိသာလမျိုး

၌ဖြစ်စေ မြင့်မြတ်သောအမျိုး၌ဖြစ်ကြရ၏။

ထိုသူသည် အလွန်အဆင်းလှ၏၊ ရှုချင်စဖွယ်ရှိ၏၊ ကြည်လင်၏၊ မြတ်သောအဆင်းအင်္ဂါနှင့်ပြည့်စုံ၏၊ ထမင်းအဖျော်အဝတ်ပုဆိုး၊ ယဉ်၊ ပန်းနံ့သာ၊ နံ့သာပျောင်း၊ အိပ်ရာ၊ နေရာ၊ ဆီမီးတို့ကိုရ၏။

ထိုသူသည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း မကောင်းသောအကျင့်ကိုကျင့်၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်နောက်ဝယ် မကောင်းသောလားရာ ပျက်စီးကျရောက်ရာငရဲ၌ ဖြစ်ရ၏။

မင်းကြီး. . . ဤသူသည် ပြဿာဒ်မှ ဆင်ကျောက်ကုန်း၊ ဆင်ကျောက်ကုန်းမှမြင်းကျောက်ကုန်း၊ မြင်းကျောက်ကုန်းမှပလ္လင်၊ ပလ္လင်မှမြေကြီး၊ မြေမှအမှိုက်တိုက်သို့ဝင်ရောက်သကဲ့သို့ ဤဥပမာနှင့်အလားတူပါ၏။

မင်းကြီး. . . အလင်းမှလာ၍အလင်းသို့သွားသောပုဂ္ဂိုလ်ဟူသည်ကား လောက၌ အကြင်သူသည်မြင့်မြတ်သောခတ္တိယ၊ ပြဟ္မဏ၊ ဂဟပတိအမျိုးတို့၌ ဖြစ်၏၊ အဆင်းလှ၏၊ ဥစ္စာပစ္စည်းစသည်တို့နှင့်ပြည့်စုံ၏၊ ထိုသူသည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့်ကောင်းမှုတို့ကိုပြု၏၊ ထိုသူသည် သေသည်မှနောက် ကောင်းသောလားရာဖြစ်သောနတ်ပြည်သို့ရောက်ရ၏။

မင်းကြီး. . . ဤသူသည် ပလ္လင်တစ်ခုမှပလ္လင်တစ်ခုသို့ မြင်းကျောက်ကုန်းမှမြင်းကျောက်ကုန်းသို့၊ ဆင်ကျောက်ကုန်းမှဆင်ကျောက်ကုန်းသို့၊ ပြဿာဒ်မှ ပြဿာဒ်သို့ပြောင်းရွှေ့ရာသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုဥပမာနှင့်တူ၏”
ဟု ငါဘုရားမိန့်ဆိုဟောအပ်၏။

မင်းကြီး. . . ပုဂ္ဂိုလ်သည် ဆင်းရဲ၏၊ သဒ္ဓါတရားမရှိ၊ ဝန်တို၏၊ စေးနှဲ၏၊ ယုတ်ညံ့သောအကြံရှိ၏၊ မကောင်းသောအယူရှိ၏၊ ရိုသေခြင်းမရှိ၊ သမဏ၊ ပြဟ္မဏတို့ကိုလည်းကောင်း၊ အခြားတောင်းစားသူတို့ကိုလည်းကောင်း၊ ဆဲရေးတတ်၏၊ ရေရွတ်တတ်၏၊ အလိုမရှိချုပ်ချယ်တတ်၏။

အစားကိုတောင်းကုန်သောသူတို့အား ပေးသည်ကိုတားမြစ်တတ်၏၊ ထိုသို့သဘောရှိသောပုဂ္ဂိုလ်သည် သေသည်ရှိသော် ကြမ်းတမ်းလှစွာသောငရဲသို့ ရောက်၏။

ထိုပုဂ္ဂိုလ်သည် အမှောင်မှလာ၍အမှောင်သို့သွားသောပုဂ္ဂိုလ်မည်၏။

မင်းကြီး. . . ပုဂ္ဂိုလ်သည် ဆင်းရဲ၏၊ သဒ္ဓါတရားရှိ၏၊ ဝန်တိုခြင်းမရှိ၊ ပေးလှူတတ်၏၊ မြတ်သောအကြံကိုကြံတတ်၏၊ တည်ကြည်သောစိတ်ရှိ၏။

သမဏ၊ ဗြာဟ္မဏတို့ကိုလည်းကောင်း၊ အခြားတောင်းစားသောသူတို့ကိုလည်းကောင်း နေရာမှထ၍ ရိုသေစွာရှိခိုး၏၊ ညီမျှသောအကျင့်ကိုကျင့်၏။

အစာကိုတောင်းကုန်သောသူတို့အား ပေးလှူသည်ကိုမတားမြစ်၊ ထိုသို့သဘောရှိသောပုဂ္ဂိုလ်သည် သေသည်ရှိသော် ကောင်းသောလားရာဖြစ်သောနတ်ပြည်ဌာနသို့ရောက်၏။

ထိုပုဂ္ဂိုလ်သည် အမှောင်မှလာ၍အလင်းသို့သွားသောပုဂ္ဂိုလ်မည်၏။

မင်းကြီး. . . ပုဂ္ဂိုလ်သည် ကြွယ်ဝ၏၊ သဒ္ဓါတရားမရှိ၊ ဝန်တို၏၊ စေးနှဲ၏၊ ယုတ်ညံ့သောအကြံရှိ၏၊ မှားသောမကောင်းသောအယူရှိ၏၊ ရိုသေခြင်းမရှိ၊ သမဏ၊ ဗြာဟ္မဏတို့ကိုလည်းကောင်း၊ အခြားတောင်းစားသောသူတို့ကိုလည်းကောင်း ဆဲရေးတတ်၏၊ ရေရွတ်တတ်၏၊ အလိုမရှိ၊ ချုပ်ချယ်တတ်၏၊ အစာကိုတောင်းကုန်သောသူတို့အား ပေးလှူသည်ကိုတားမြစ်တတ်၏၊ ထိုသို့သောပုဂ္ဂိုလ်သည် သေသည်ရှိသော် ကြမ်းတမ်းလှစွာသောငရဲသို့ရောက်ရ၏။

ထိုပုဂ္ဂိုလ်သည် အလင်းမှလာ၍အမှောင်သို့သွားသောပုဂ္ဂိုလ် မည်၏။

မင်းကြီး. . . ပုဂ္ဂိုလ်သည် ကြွယ်ဝ၏၊ သဒ္ဓါတရားရှိ၏၊ ဝန်တိုခြင်းမရှိ၊ ပေးလှူတတ်၏၊ မြတ်သောအကြံကိုကြံတတ်၏၊ တည်ကြည်သောစိတ်ရှိ၏။

သမဏ၊ ဗြာဟ္မဏတို့ကိုလည်းကောင်း၊ အခြားတောင်းစားသူတို့ကိုလည်းကောင်း နေရာမှထ၍ ရိုသေစွာရှိခိုးတတ်၏၊ ညီမျှသောအကျင့်ကိုကျင့်၏။

အစာကိုတောင်းကုန်သောသူတို့အား ပေးလှူသည်ကိုမတားမြစ်တတ်၊ ထိုသို့သဘောရှိသောပုဂ္ဂိုလ်သည် သေသည်ရှိသော် ကောင်းသောလားရာ နတ်ပြည်သို့ရောက်ရ၏။

ထိုပုဂ္ဂိုလ်သည် အလင်းမှလာ၍အလင်းသို့သွားသောပုဂ္ဂိုလ် မည်ဟူ၍ ဗုဒ္ဓက ရှင်းပြတော်မူသည်။

(ကောသလသံယုတ်၊ ပုဂ္ဂလသုတ်)

# အစားအစာ အတိုင်းအရှည်ပမာဏကို သိသင့်ပုံ

ကောသလမင်းကြီးသည် တစ်ထပ်လျှင် တစ်စိတ်ချက်ထမင်းကိုစားသည်၊ ထမင်းအဆီယစ်ခြင်းကိုပယ်ပျောက်ခြင်း (ခဏမျှအိပ်ခြင်း)အမှုကိုမပြုဘဲ မအီအသာနှင့်ပင်ပန်းလျက် ဘုရားရှင်ထံသို့သွားရောက်ပြီး ဘုရားရှင်ကိုရှိခိုးကာ တစ်နေရာ၌ ထိုင်နေတော်မူသည်။

"မြတ်သောမင်းကြီး. . . အသို့ပေနည်း၊ အပန်းမဖြေဘဲသာ လာခဲ့သလော"

"မြတ်စွာဘုရား. . . မှန်လှပါ၏၊ စားပြီးကာလမှစ၍ တပည့်တော်အား ကြီးမားသောဆင်းရဲခံစားရမည် ဖြစ်ပါ၏"

"အကြင်အခါ၌ ပညာမဲ့သောသူသည် အစားများစွာစား၍ ငိုက်မျည်းလေ့ရှိ၏၊ တပြောင်းပြန်ပြန် လူးလှိမ့်အိပ်လေ့ရှိ၏၊ အိမ်၌မွေးမြူအပ်သော ဝက်ကြီးကဲ့သို့ဖြစ်နေ၏၊ ထိုပညာမရှိသောပုဂ္ဂိုလ်သည် အမိဝမ်းတွင်းသို့ အဖန်ဖန်ကပ်ရောက်ရ၏"

ဟူ၍ ဂါထာကိုဟောတော်မူ၏၊ ထို့နောက် ဗုဒ္ဓကဆက်လက်၍-

"မြတ်သောမင်းကြီး. . . ဘောဇဉ် မည်သည်ကို အတိုင်းအရှည်ဖြင့် စားခြင်းငှာသင့်လျော်၏၊ အတိုင်းအရှည်ဖြင့်စားသောသူသည် ချမ်းသာခြင်းရှိသည် ဖြစ်ပေ၏"

ဟု ဂါထာဖြင့်ဟောကြားပြီးနောက်-

"ရရှိသောဘောဇဉ်အစာ၌ အတိုင်းအရှည်ကိုသိသော၊ အမြဲသတိရှိသော သူအား ဝေဒနာသည် နည်းပါးလေ၏၊ အသက်ကိုစောင့်ရှောက်လျက် ဖြည်းညင်းစွာအိုမင်းရ၏။

ကောသလမင်းကြီးသည် ဘုရားရှင်ဟောကြားသော ဤဂါထာကို အလွန်နှစ်သက်သော်လည်း ကျက်မှတ်သင်ယူခြင်းငှာ မစွမ်းနိုင်၊ မိမိအနား၌တည်ရှိသော တူတော်ဖြစ်သောသုဒဿနလုလင်ကို-

"ချစ်သား သုဒဿန. . . ဘုရားရှင်ပေးသနားသော ဤဂါထာကို ကောင်းစွာသင်ယူခဲ့ပါသလော"

ဟု မိန့်ကြားစေခိုင်းသည်။

သုဒဿနလုလင်သည် ထိုဂါထာကိုကောင်းစွာသင်ယူပြီးနောက်-

"မြတ်စွာဘုရား. . . ဤဂါထာကို အဘယ်သို့ပြုရပါမည်နည်း"

"လုလင်. . . ဤဂါထာကို မင်းကြီး၏ပွဲတော်တည်စဉ် အဆုံးဖြစ်သော ထမင်းလုပ်သုံးဆောင်အံ့သောကာလ၌ ဤဂါထာကိုရွတ်ဆိုလေလော့၊ ဤသို့ရွတ်ဆိုသည်ရှိသော် မင်းကြီးသည် ဂါထာ၏အနက်ကို ကွက်ကွက်ကွင်းကွင်းသိမြင်မှတ်သား၍ မစားရသေးသော အကြွင်ထမင်းလုပ်ကို ကိုင်ဆုပ်ပြီးမှ ပယ်ချစွန့်ပစ်လတံ့၊ ထိုပယ်ချစွန့်ပစ်အပ်သောထမင်းလုပ်၌ပါရှိသော ထမင်းလုံးအပေါင်းကို ရေတွက်၍ မင်းကြီး၏ပွဲတော်ချက်သောအခါ ထိုမျှလောက်အရေအတွက်ရှိကုန်သောဆန်လုံးတို့ကို မသုံးမထည့် ပယ်ရှားဘိလော"

"မြတ်စွာဘုရား. . . ကောင်းလှပါပြီဘုရား"

သုဒဿနလုလင်သည် မင်းကြီး၏နံနက်စာ၊ ညစာ စားသုံးသောအခါတို့၌ နောက်ဆုံးထမင်းလုပ်တိုင်း၌ ထိုဂါထာကိုရွတ်ဆိုပြသည်၊ မင်းကြီးစွန့်ပစ်အပ်သောထမင်းလုပ်၌ ထမင်းလုံးအရေအတွက်ဖြင့် ပွဲတော်ချက်သောကာလတို့၌ ဆန်လုံးတို့ကို နှုတ်ပယ်ယုတ်လျော့စေသည်။

မင်းကြီးသည် သုဒဿနလုလင်ကို ဂါထာရွတ်ပြီးတိုင်း-ရွတ်ပြီးတိုင်း အသပြာတစ်ထောင် တစ်ထောင်ဆုချပေးသည်။

ကောသလမင်းကြီးသည် တဖြည်းဖြည်းလျော့၍-လျော့၍စားလာရာ နောင်ကာလ၌ တစ်ကွမ်းစားအလွန်ရှိသောထမင်းဖြင့် ကောင်းစွာမျှတတည်၍ ဣရိယာပထ သင့်မျှလွန်စွာ-လွန်စွာချမ်းသာခြင်းသို့ရောက်ရှိသွားသည်၊ ကိုယ်ခန္ဓာသည်လည်း သေးငယ်လာသည်။

တစ်နေ့သောအခါ ကောသလမင်းကြီးသည် ဘုရားရှင်ထံသို့ သွားရောက်ခ,စား၍-

"မြတ်စွာဘုရားသည် မျက်မှောက်ဘဝ၌ဖြစ်သော အကျိုးဖြင့်လည်းကောင်း၊ တမလွန်ဘဝ၌ဖြစ်သောအကျိုးဖြင့်လည်းကောင်း၊ နှစ်ပါးစုံအကျိုးဖြင့်လည်းကောင်း၊ ကျွန်ုပ်အား အစဉ်စောင့်ရှောက်ပေးတော်မူပါ၏"

ဟု ဥဒါန်းကျူးရင့်မြွက်ဆိုသည်။

ထို့နောက် ဆက်လက်၍-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ဤယခုအခါ၌ ဒကာတော်အား ချမ်းသာခြင်းတိုးပွားလာပါ၏၊ သား၊ သမင်ကိုလည်းကောင်း၊ မြင်းကိုလည်းကောင်း အစဉ်တစိုက်မှီအောင်လိုက်၍ ဖမ်းယူခြင်းငှာစွမ်းနိုင်သည်ကိုယ် ဖြစ်လာပါ၏။

ရှေးအခါ၌ ဒကာတော်အား တူတော်အဇာတသတ်မင်းနှင့်အတူတကွ စစ်ထိုးရပါ၏၊ ယခုအခါ၌ ဝဇိရကုမာရီမည်သော သမီးတော်ကို တူတော် အဇာတသတ်အား ပေးအပ်ဆောင်နှင်း၍ အချင်းဖြစ်ပွားရာ ဖြစ်သောထိုကာသိရွာကို သမီးတော် ဝဇိရကုမာရီအားသာလျှင် ရေချိုးကသယ်မှုအဖိုးထားလျက် ပေးသနား အပ်ပါသည်။

ထိုတူတော်အဇာတသတ်မင်းနှင့်အတူတကွ ခိုက်ရန်ဖြစ်နေသောကိစ္စ အရေးသည် ငြိမ်းအေးသွားပါပြီ၊ ထိုသို့သောအကြောင်းကြောင့်လည်း ဒကာတော် အား ချမ်းသာခြင်းတရားဖြစ်ပွားပါ၏။

မင်းစဉ်မင်းဆက်မပျက် အမျိုး၏ဥစ္စာဖြစ်သော မင်းသုံးအစဉ် တော်ဝင် ထိုက်စွာ ပတ္တမြားရတနာသည် ဒကာတော်၏နန်းတော်၌ ရှေးရှေးနေ့၌ မတွေ့ ပျောက်ဆုံးခဲ့ရပါသည်၊ ယခုအခါ ဤပတ္တမြားရတနာသည်လည်း ဒကာတော်၏ လက်သို့ပေါ် ထွက်ပြီးခါ ပြန်ရောက်လာပါပြီ။

ဤသို့သောအကြောင်းကြောင့်လည်း ဒကာတော်အား ချမ်းသာတရားတို့ ပွားဖြစ်ပေါ် လာပါသည်။

အရှင်ဘုရားတို့၏တပည့်အများတို့နှင့်အတူတကွ အကျွမ်းဝင်ခြင်းကို အလိုရှိသဖြင့် တောင့်တအပ်သည့်အားလျော်စွာ အရှင်မြတ်ဘုရား၏ဆွေတော် မျိုးတော် သမီးတော်သည်လည်း ဒကာတော်၏နန်းတော်ကြီးသို့ အပြီးတိုင်မြောက် ရောက်လာသည်ရှိပါပြီ။

ဤသို့သောအကြောင်းကြောင့်လည်း ဒကာတော်အား ချမ်းသာတရား ဖြစ်ပွားရပါသည်" ဟု လျှောက်ထားသည်။

"မြတ်သောမင်းကြီး. . . အနာရောဂါကောင်းစွာကင်းရှင်းသောအဖြစ် မည်သည် အလွန်မြတ်သောလာဘ်ကြီးပေတည်း၊ ရရာသမျှသောပစ္စည်းဖြင့်

ရောင့်ရဲသောအဖြစ်နှင့်တူသောဥစ္စာသည်လည်း လောက၌မရှိချေ၊ အကျွမ်းတဝင်ခင်မင်သောသူနှင့်တူသော တိုင်းထက်လွန်ကဲသောဆွေမျိုးမည်သည် မရှိပါချေ၊ နိဗ္ဗာန်နှင့်တူသောတိုင်းထက်လွန်ကဲသောချမ်းသာမည်သည်မရှိပါချေ”
ဟု ဗုဒ္ဓကဟောကြားပြီး ဆက်လက်၍ဂါထာဖြင့်-

“အနာရောဂါကင်းခြင်းသည် အမြတ်ဆုံးလာဘ်တည်း၊ ရောင့်ရဲခြင်းသည် အမြတ်ဆုံးဥစ္စာတည်း၊ အကျွမ်းဝင်ခြင်းသည် အမြတ်ဆုံးဆွေမျိုးတည်း၊ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာတည်း”
ဟု ဟောကြားတော်မူသည်။

**ဓမ္မပဒအဋ္ဌကထာ၊ သုခဝဂ်၊ ကောသလမင်းကြီးဝတ္ထု (စတုတ္ထတွဲ)**
**ကောသလသံယုတ်၊ ဒေါဏပါကသုတ်**

# အောင်နိုင်သူသည် ရန်ပွား၍ ရှုံးသူက ဆင်းရဲစွာနေရ၏

တစ်ချိန်သောအခါတွင် ဝေဒေဟီမိဖုရား (ကောသလမင်းနှင့်မောင်နှမတော်စပ်သူ)၏သား အဇာတသတ်နှင့် ဦးရီးတော်ကောသလမင်းတို့သည် စစ်အင်္ဂါလေးပါးစုံ အသီးသီးစုံလင်စွာနှင့် ကာသိရွာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ စစ်ထိုးကြသည်။

ကောသလမင်းကြီးသည် ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရနှင့်ဝေဒေဟီမိဖုရားတို့ ထိမ်းမြားမင်္ဂလာပြုစဉ်အခါက မဟာကောသလမင်းကြီးက ပေးသနားအပ်သော ကာသိကရွာကိုပြန်လည်ရလိုမှုကိုအကြောင်းပြု၍ စစ်ပွဲဆင်နွှဲကြခြင်းဖြစ်သည်။

ထိုကာသိရွာအရေးအခင်းနှင့်ပတ်သက်၍ ဦးရီးတော်ကောသလမင်းနှင့်တူတော် အဇာတသတ်တို့စစ်ထိုးပွဲသည် သုံးကြိမ်တိုင်တိုင်ရှိခဲ့သည်၊ သုံးကြိမ်လုံး ကောသလမင်းက စစ်ရှုံးခဲ့သည်။

သုံးကြိမ်တိုင်တိုင် စစ်ရှုံးသောကောသလမင်းအား-

"ငါသည် ဤသူငယ်ကလေးကိုပင်လည်း ရှုံးစေခြင်းငှာ မစွမ်းနိုင်၊ အသက်ရှည်နေခြင်းဖြင့် အဘယ်အကျိုးရှိတော့အံ့နည်း"
ဟူသောအကြံသည် ဖြစ်ပေါ်လေသည်။

ကောသလမင်းသည် အစာမစား၊ ရေမသောက်၊ အစာအာဟာရဖြတ်ခြင်းကိုပြုလျက် ညောင်စောင်းတစ်ခုထက်၌အိပ်၍နေလေသည်။

ထိုအခါ ကောသလမင်းကြီး၏စစ်ရှုံးသတင်း၊ အစားအစာမစားသောသတင်းသည် တစ်မြို့လုံးပျံ့နှံ့သွားသည်။

သာဝတ္ထိမြို့ထဲသို့ဆွမ်းခံကြွကြသော ရဟန်းတို့သည် ထိုသတင်းစကားကို ကြားသိကြပြီး နေ့ဆွမ်းစားပြီးသော် ထိုကောသလမင်းကြီးစစ်ရှုံးခဲ့သောအကြောင်း အစာမစားဘဲ အာဟာရဖြတ်ပြီးအိပ်နေကြောင်းတို့ကို ဘုရားရှင်အား လျှောက်ထားပြကြသည်။

ထိုအခါ ဘုရားရှင်က-

"ရဟန်းတို့ . . . မာဂဓတိုင်းကို အစိုးရသောဝေဒေဟီမိဖုရား၏သား အဇာတသတ်သည် ယုတ်မာသောအဆွေခင်ပွန်းရှိ၏၊ ယုတ်မာသောအပေါင်းအဖော်ရှိ၏၊ ယုတ်မာသောသူတို့၌ ကိုင်းညွတ်သောစိတ်ရှိ၏။

ရဟန်းတို့ . . . ကောသလမင်းသည်ကား ကောင်းသောအဆွေခင်ပွန်းရှိ၏၊ ကောင်းသောအပေါင်းအဖော်ရှိ၏၊ ကောင်းသောသူတို့၌ ညွတ်သောစိတ်ရှိ၏။

ရဟန်းတို့ . . . ယနေ့သည်သာလျှင် ကောသလမင်းသည် စစ်ရှုံးသည်ဖြစ်၍ တစ်ညဉ့်တာပတ်လုံး ဆင်းရဲစွာနေရလတံ့"
ဟု မိန့်ကြားပြီး ဆက်လက်၍-

"အောင်နိုင်သောသူသည် ရန်ပွားရန်များ၏၊ ရှုံးသောသူသည် ဆင်းရဲစွာအိပ်နေရ၏၊ ကိလေသာငြိမ်းပြီးသောရဟန္တာသည် အောင်ခြင်းရှုံးခြင်းမရှိဟူ၍ ချမ်းသာစွာနေထိုင်ရ၏"
ဟု ဂါထာဖြင့် ဟောပြတော်မူသည်။

(ကောသလသံယုတ်၊ ပထမသင်္ဂါမသုတ်)
ဓမ္မပဒ၊ သုခဝဂ်၊ ကောသလမင်းစစ်ရှုံးဝတ္ထု)

## အကြင်မျှလောက် မကောင်းမှုက အကျိုးမပေးသေး
## ထိုမျှလောက် လူမိုက်သည် အကောင်းထင်နေ၏

ကသိရှာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဦးရီးတော်ကောသလမင်းနှင့်တူတော် အဇာတသတ်မင်းတို့သည် ဒုတိယအကြိမ် စိတ်မကြေပွဲစစ်ပွဲကို စစ်အင်္ဂါလေးပါး နှင့်အစုံအညီတိုက်ခိုက်ကြပြန်သည်။

ဤတစ်ကြိမ်စစ်ပွဲတွင် ကောသလမင်းက စစ်နိုင်ပြီး တူတော်အဇာတသတ် ကိုပါ အရှင်ဖမ်းမိလေသည်။

ထိုအခါ ကောသလမင်းအား-

"ဤအဇာတသတ် တူတော်မင်းသည် မပြစ်မှားအပ်သောငါ့အား ပြစ်မှား ၏၊ ထိုသို့ပြစ်မှားသော်လည်း သူကား ငါ၏တူတော်ဖြစ်၏၊ ငါသည် အဇာတသတ် ၏ ဆင်၊ မြင်း၊ ရထားခြေသည် စစ်အင်္ဂါလေးပါးတို့ကို သိမ်းယူ၍ အဇာတသတ်ကို လွှတ်ရပါမူ ကောင်းလေစွ"

ဟု အကြံဖြစ်လေသည်။

ထိုအကြံအစည်တိုင်းပင် စစ်အင်္ဂါလေးပါးကိုသိမ်းယူပြီး အဇာတသတ်မင်း ကိုမူ ပြန်၍လွှတ်လိုက်လေသည်။

ရဟန်းတို့သည် သာဝတ္ထိမြို့ထဲသို့ ဆွမ်းခံကြွကြရင်း ထိုအကြောင်းကို ကြားသိကြ၍ ဆွမ်းကိစ္စပြီးကြသော် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထား ပြကြသည်။

ထိုအခါ ဘုရားရှင်က ဂါထာဖြင့်-

"ယောကျ်ားသည် အကြင်မျှလောက် သူတစ်ပါးအား ညှင်းဆဲဖျက်ဆီး၏၊ ထိုသူသည် ထိုမျှလောက်ပင် လုယက်ဖျက်ဆီးခြင်းကို ခံရသည်သာလျှင်တည်း၊ အကြင်အခါ၌ ထိုသူကို တစ်ပါးသောသူတို့သည် လုယက်ဖျက်ဆီးကုန်၏။ ထိုအခါ လုယက်ဖျက်ဆီးခံရသော ထိုသူသည်ပြန်လည်လုယက်ဖျက်ဆီးခံရတတ်၏။

အကြင်မျှလောက်ကာလပတ်လုံး မကောင်းမှုသည် အကျိုးမပေးသေး၊ ထိုမျှလောက် ကာလပတ်လုံး သူမိုက်သည်သင့်လျော်သောအကြောင်းဟူ၍သာ

လျှင် မှတ်ထင်၏၊ အကြင်အခါ၌ မကောင်းမှုသည် အကျိုးပေး၏၊ ထိုအခါ သူမိုက်သည် ဆင်းရဲသို့ရောက်၏။

သူတစ်ပါးကိုသတ်ဖြတ်ညှင်းဆဲတတ်သောသူသည် မိမိအား သူတစ်ပါး သတ်ဖြတ်ညှင်းဆဲခြင်းကိုခံရ၏၊ သူတစ်ပါးကိုအောင်နိုင်သောသူသည် မိမိအား သူတစ်ပါးအနိုင်ခံရ၏၊ သူတစ်ပါးကိုဆဲရေးတတ်သောသူလည်း မိမိအား သူတစ်ပါးက ဆဲရေးခြင်းကိုခံရ၏၊ သူတစ်ပါးကိုချုပ်ချယ်တတ်သောသူသည် မိမိအား သူတစ်ပါးကချုပ်ချယ်ခြင်းကိုခံရတတ်၏၊ စင်စစ် အကျိုးပေးလည်သဖြင့် လုယက်ဖျက်ဆီးတတ်သောထိုယောကျ်ားသည် တစ်ဖန်လုယက်ခြင်းကိုခံရ၏"

ဟု ဗုဒ္ဓက ရွတ်ဆိုမိန့်ကြားလေသည်။

**(ကောသလသံယုတ် ဒုတိယသင်္ဂါမသုတ်)**

## မျက်မှောက် တမလွန်ခံစားရသော တစ်ခုတည်းသောတရားရှိ-မရှိ

တစ်နေ့သောအချိန်တွင် ကောသလမင်းကြီးသည် ဘုရားရှင်ထံသို့ချဉ်းကပ်၍ ရှိခိုးကာ-

"အရှင်ဘုရား. . . မျက်မှောက်ဘဝ၌ ခံစားရသောအကျိုး၊ တမလွန်ဘဝ၌ခံစားရသောအကျိုးဟူ၍ အကျိုးနှစ်ပါးတို့ကို သိမ်းကျုံးယူ၍ တည်သောတစ်ခုသောတရားသည် ရှိပါသလော"

ဟု မေးလျှောက်သည်။

"မင်းကြီး. . . ရှိပါ၏"

"အရှင်ဘုရား. . . အဘယ်ပါနည်း"

"မင်းကြီး. . . မမေ့မလျော့မှု (အပ္ပမာဒ)တရားပင်တည်း"

မင်းကြီး. . . ဥပမာသော်ကား ကုန်းသတ္တဝါတို့၌ ခြေရာဟူသမျှတို့သည် ဆင်၏ခြေရာ၌သာပေါင်းစုခြင်းသို့ရောက်ရ၏၊ ဆင်ခြေရာကို ကြီးသည်၏အပြစ်ကြောင့် ထိုကုန်းသတ္တဝါတို့၏ခြေရာတို့ထက် လွန်ကဲဟူ၍ ပြောကြားအပ်သကဲ့သို့ မင်းကြီး ဤအတူသာလျှင် မျက်မှောက်ဘဝ၌ ခံစားရသောအကျိုး၊ တမလွန်ဘဝ၌

ခံစားရသောအကျိုးဟူသော အကျိုးခုနှစ်ပါးလုံး ခံစားရသောတရားဟူသည် မမေ့မလျော့ခြင်းသာ ဖြစ်ပါ၏။

အသက်ရှည်ခြင်းကိုလည်းကောင်း၊ ရောဂါမရှိခြင်းကိုလည်းကောင်း၊ အဆင်းလှခြင်းကိုလည်းကောင်း၊ နတ်ပြည်ကိုလည်းကောင်း၊ အမျိုးမြတ်ခြင်းကိုလည်းကောင်း၊ မွေ့လျော်ခြင်းတို့ကိုလည်းကောင်း၊ အဆင့်ဆင့်အမြတ်တို့ကို တောင့်တသောသူသည် မမေ့မလျော့ပြုအပ်၏"

ပညာရှိတို့သည် ကုသိုလ်ပြုရာ ပုညကြိယာဝတ္ထုတို့၌ မမေ့မလျော့ခြင်းကို ချီးမွမ်းကုန်၏၊ မမေ့မလျော့သောပညာရှိသည် အမျိုးနှစ်ပါးကို သိမ်းယူနိုင်၏၊ မျက်မှောက်ဘဝ၌ ခံစားရသောအကျိုး၊ တမလွန်ဘဝ၌ခံစားရသောအကျိုးဟူသောအကျိုးနှစ်ပါးကို ရခြင်းကြောင့် ပညာရှိသောသူကို ပဏ္ဍိတ ဟူ၍ ဆိုအပ်၏"

ဟူ၍ ဘုရားရှင်က မိန့်ကြားဖြေရှင်းပေးသည်။

**ကောသလသံယုတ်-အပ္ပမာဒသုတ်**

## အဆွေခင်ပွန်းကောင်း

အခါတစ်ပါး၌ ကောသလမင်းကြီးသည် ဘုရားရှင်ထံသို့ချဉ်းကပ်၍ ရှိခိုးကာ-

"အရှင်ဘုရား. . . ဆိတ်ငြိမ်ရာသို့ ကပ်သည်ဖြစ်၍ တစ်ယောက်တည်းနေသောကျွန်ုပ်အား ဤသို့သောစိတ်အကြံသည် ထင်ရှားဖြစ်ပါ၏၊ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာဟောတော်မူအပ်၏၊ ထိုတရားသည်လည်း ကောင်းသောအဆွေခင်ပွန်းရှိသူအားသာဖြစ်၏၊ ကောင်းသောအပေါင်းအဖော်ရှိသူအားသာဖြစ်၏၊ သူတော်ကောင်းတို့၌ ညွတ်သောစိတ်ရှိသောသူတို့အားသာဖြစ်၏၊

ယုတ်မာသောအဆွေခင်ပွန်းရှိသူအားမဖြစ်၊ ယုတ်မာသောအပေါင်းအဖော်ရှိသူအားမဖြစ်၊ ယုတ်မာသောသူတို့၌ညွတ်သောစိတ်ရှိသောသူအားမဖြစ်ဟူသောအကြံသည် ဖြစ်မိပါ၏" ဟု လျှောက်ထားသည်။

"မင်းကြီး. . . ဤအကြံသည် ဤအတိုင်းမှန်ပါ၏"

"မင်းကြီး. . . အခါတစ်ပါး၌ ငါဘုရားသည် သက္ကတိုင်း၊ သာကီဝင်တို့၏ နဂရကမည်သောနိဂုံး၌ သီတင်းသုံးနေ၏။

ထိုအခါ ရှင်အာနန္ဒာမထေရ်သည် ငါ့အား-

"အရှင်ဘုရား. . . ကောင်းသောအဆွေခင်ပွန်းရှိသော သူ၏အဖြစ် ကောင်းသောအပေါင်းအဖော်ရှိသောသူ၏အဖြစ်၊ သူတော်ကောင်းတို့၌ညွတ်သောစိတ်ရှိသောသူ၏အဖြစ်သည်မြတ်သောမင်းအကျင့်၏ထက်ဝက်ကို ပြီးစေနိုင်ပါ၏"ဟု လျှောက်ထားခဲ့သည်။

"အာနန္ဒာ. . . ဤသို့မဆိုလင့်၊ ကောင်းသောအဆွေခင်ပွန်းရှိသူ၏အဖြစ် ကောင်းသောအပေါင်းအဖော်ရှိသောသူ၏အဖြစ်၊ သူတော်ကောင်းတို့၌ညွတ်သောစိတ်ရှိသောသူ၏အဖြစ်သည် မြတ်သောမဂ်အကျင့်အားလုံးကိုပင် ပြီးစေနိုင်၏။

အာနန္ဒာ. . . ထိုစိတ်ရှိသောပုဂ္ဂိုလ်အား မြတ်သောအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောမဂ်ကိုပွားလတ့်၊ ကြိမ်ဖန်များစွာပြုလတ့် ဟူသောအကျိုးကို မချွတ်ရလိမ့်မည်ဟု မျှော်လင့်အပ်၏။

အာနန္ဒာ. . . ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်မှုကိုမှီသော ရာဂကင်းခြင်းကိုမှီသော၊ ချုပ်ခြင်းကိုမှီသောကိလေသာကိုစွန့်ရာနိဗ္ဗာန်သို့ညွတ်သော-

- မှန်ကန်သောအမြင် (သမ္မာဒိဋ္ဌိ)ကို ပွား၏
- မှန်ကန်သောအကြံ (သမ္မာသင်္ကပ္ပ)ကို ပွား၏
- မှန်ကန်သောစကား (သမ္မာဝါစာ)ကို ပွား၏
- မှန်ကန်သောအမှု (သမ္မာကမ္မန္တ)ကို ပွား၏
- မှန်ကန်သောအသက်မွေးမှု (သမ္မာအာဇီဝ)ကို ပွား၏
- မှန်ကန်သောအားထုတ်မှု (သမ္မာဝါယမ)ကိုပွား၏
- မှန်ကန်သောအောက်မေ့မှု (သမ္မာသတိ)ကို ပွား၏
- မှန်ကန်သောတည်ကြည်မှု (သမ္မာသမာဓိ)ကို ပွား၏

အာနန္ဒာ. . . ဤသို့လျှင် ကောင်းသောအဆွေခင်ပွန်းရှိသော၊ ကောင်းသောအပေါင်းအဖော်ရှိသောသူ၏အဖြစ်၊ သူတော်ကောင်းတို့၌ညွတ်သောစိတ်ရှိသောသူ၏အဖြစ်သည် မြတ်သောမဂ်အကျင့်အားလုံးကိုပင် ပြီးစေနိုင်ပါ၏ ဟူသောထိုစကားကို ဤအကြောင်းဖြင့်ပင် သိအပ်၏။

အာနန္ဒာ. . . အဆွေခင်ပွန်းကောင်းဖြစ်သော ငါဘုရားကိုအကြောင်းပြု၍ ပဋိသန္ဓေနေခြင်းသဘောရှိသောသတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်ကုန်၏၊ အိုခြင်းသဘော၊ နာခြင်းသဘော၊ သေခြင်းသဘော၊ ပူဆွေးခြင်းသဘော၊ ငိုကြွေးခြင်းသဘော၊ ဆင်းရဲခြင်း၊ နှလုံးမသာမယာခြင်းသဘော၊ ပြင်းပြစွာပူပန်ခြင်းသဘောတို့မှလွတ်ကင်းကုန်၏ ဟူ၍ ငါဘုရားမိန့်ကြားခဲ့သည်။

မင်းကြီး. . . ထိုသို့အလုံးစုံသောမြတ်သောအကျင့်ကိုကောင်းသောအဆွေခင်ပွန်းကိုမှီ၍ရသည်အဖြစ်ကြောင့် သင်မင်းကြီးသည်လည်း ဤသို့ကျင့်ရပါမည်”

ငါသည် ကောင်းသောအဆွေခင်ပွန်းရှိသူ၊ ကောင်းသောအပေါင်းအသင်းရှိသူ၊ သူတော်ကောင်းတို့၌ညွတ်သောစိတ်ရှိသူဖြစ်အံ့ ဟု မင်းကြီးလည်း ဤသို့ကျင့်ရမည်။

“မင်းကြီး. . . ဤသို့သဘောရှိသော သင်သည် ကုသိုလ်တရားတို့၌ မမေ့မလျော့မှုဟူသော ဤအပ္ပမာဒတရားတစ်ခုကို မှီ၍နေအပ်၏။

မင်းကြီး. . . မမေ့မလျော့ခြင်းကိုမှီ၍ မမေ့မလျော့နေသော သင်မင်းကြီး၏မောင်းမအပေါင်းအား ဤအကြံသည်ဖြစ်လတ့်”

မင်းကြီးသည် မမေ့မလျော့ခြင်းကိုမှီ၍ မမေ့မလျော့နေ၏၊ ယခု ငါတို့သည်လည်း မမေ့မလျော့ခြင်းကိုမှီ၍ မမေ့မလျော့နေကုန်အံ့”
ဟု အကြံဖြစ်လတ့်၊ အလားတူနောက်လိုက်မင်းများ၊ မှူးမတ်မင်းကြီးဗိုလ်ပါအပေါင်းများ၊ နိဂုံးဇနပုဒ်နေသူများလည်း မမေ့မလျော့နေကြကုန်သည် ဖြစ်လတ့်။

မင်းကြီး. . . မမေ့မလျော့ခြင်းကိုမှီ၍ မမေ့မလျော့နေသော သင်၏ကိုယ်သည်လည်း လုံခြုံစေအပ်သည်၊ စောင့်ရှောက်အပ်သည်ဖြစ်လတ့်၊ မင်းအပေါင်းသည်လည်း လုံခြုံစေအပ်သည်၊ စောင့်ရှောက်အပ်သည်ဖြစ်လတ့်၊ ဘဏ္ဍာတိုက်ကျီကြတို့သည်လည်း လုံခြုံစေအပ်သည်၊ စောင့်ရှောက်အပ်သည်ဖြစ်လတ့် ”

ဟု ဘုရားရှင်ကမိန့်ကြားသည်။

"အဆင့်ဆင့်မြတ်ကုန်သော စည်းစိမ်တို့ကိုတောင့်တသောသူသည် မမေ့မလျော့ပြုအပ်၏၊ ကုသိုလ်ပြုရာ (ပုညကြိယာ)ဝတ္ထုတို့၌ မမေ့မလျော့ခြင်းကို ပညာရှိသူတို့သည် ချီးမွမ်းကုန်၏။

မမေ့မလျော့သောပညာရှိသည် အကျိုးနှစ်ပါးတို့ကိုသိမ်းယူနိုင်ကုန်၏၊ မျက်မှောက်ဘဝ၌ခံစားရသောအကျိုး၊ တမလွန်ဘဝ၌ခံစားရသောအကျိုးဟူသော အကျိုးနှစ်ပါးကိုရခြင်းကြောင့် ပညာရှိသောသူကို ပဏ္ဍိတဟု ဆိုအပ်၏"

ဟု မိန့်ကြားတော်မူပါသည်။

**(ကောသလသံယုတ်၊ ကလျာဏမိတ္တသုတ်)**

## အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးရှိ၏

တစ်နေ့သောအခါ ကောသလမင်းကြီးသည် ဘုရားရှင်ထံချဉ်းကပ်ရှိခိုး၍ သင့်ရာတစ်နေရာ၌ ထိုင်နေသည်။

"မင်းကြီး. . . ယခုနေမွန်းတည့်အခါ အဘယ်အရပ်က လာခဲ့ပါသနည်း" ဟု ဗုဒ္ဓကမေးသည်။

"အရှင်ဘုရား. . . အသက်ကြီးပြီး အိုမင်းကာအသက် (၁၂၀)ရှိသော ကျွန်ုပ်၏အဖွားသည် သေလွန်ပါ၏။ ကျွန်ုပ်သည်အဖွားကို အလွန်ချစ်မြတ်နိုးပါ၏။ အဖွား၏အသက်ရှင်ဖို့အတွက် ဆင်ရတနာ၊ မြင်းရတနာ၊ ဥစ္စာရတနာ၊ ရွာမြတ်ရတနာ၊ ဇနပုဒ်နယ်ပယ်ပေး၍ ရမည်ဆိုပါက လဲလှယ်ပေး၍ အသက်ရှင်စေလိုပါသည်။

"မင်းကြီး. . . အလုံးစုံသောသတ္တဝါတို့သည် သေခြင်းသဘောရှိကုန်၏။ သေခြင်းလျှင်အဆုံးရှိကုန်၏။ သေခြင်းကိုမလွန်ဆန်နိုင်ကုန်။"

"အရှင်ဘုရား. . . အံ့ဘွယ်ရှိပါ၏။ မဖြစ်ဖူးမြဲဖြစ်ပါ၏။ သတ္တဝါများသည် သေခြင်းသဘောရှိကုန်၏ စသည်ဖြင့် အရှင်ဘုရားဟောကြားအပ်သော ဤစကားသည် အလွန်လျှင်ကောင်းစွာ ဆိုအပ်သောစကား ဖြစ်ပါ၏။"

"မင်းကြီး. . . ဤစကားသည် ဤအတိုင်းမှန်၏။ အလုံးစုံသောသတ္တဝါတို့သည် သေခြင်းသဘောရှိကုန်၏။ သေခြင်းလျှင်အဆုံးရှိကုန်၏။ သေခြင်းကို မလွန်မြောက်နိုင်။"

"မင်းကြီး. . . မဖုတ်ရသေးသော အစိမ်းသက်သက်လည်း ဖြစ်ကုန်သော ဖုတ်ပြီးအကျက်လည်းဖြစ်ကုန်သော အိုးထိန်းသည်တို့၏ အိုးခွက်ဟူသမျှအားလုံးတို့သည် ကွဲခြင်းသဘောရှိကုန်သကဲ့သို့ ကွဲခြင်းလျှင်အဆုံးရှိသကဲ့သို့ ကွဲခြင်းကို မလွန်ဆန်နိုင်ကုန်သကဲ့သို့ မင်းကြီးဤဥပမာ အတူပင်ဖြစ်၏။"

"မင်းကြီး. . . သတ္တဝါအားလုံးတို့သည် သေကုန်လတ့်၊ အသက်ရှင်ခြင်းသည် သေခြင်းလျှင်အဆုံးရှိ၏။ သတ္တဝါအားလုံးတို့သည်ကောင်းကျိုး၊ မကောင်းကျိုးကိုရကုန်၍ မိမိတို့ကံအားလျော်စွာ လားရကုန်လတ့်၊ မကောင်းမှုကိုပြုသော သူတို့သည် အပါယ်ငရဲသို့လားရကုန်လတ့်၊ ကောင်းမှုကိုပြုသောသူတို့သည် နတ်ပြည်သို့လားရကုန်လတ့်၊

ထို့ကြောင့် တမလွန်အကျိုးကို ဆည်းပူးသောသူသည် ကုသိုလ်ကောင်းမှုကိုပြုရာ၏။ ကောင်းမှုတို့သည် တမလွန်လောက၌ သတ္တဝါတို့၏တည်ရာဖြစ်ကုန်၏" ဟု ဗုဒ္ဓကဖြေရှင်းမိန့်ကြားပေးသည်။

**(ကောသလသံယုတ်၊ အယျိကသုတ်)**

## လူအပေါင်းအား စီးပွားမဲ့ အကျိုးမဲ့ဖြစ်စေသောတရား

တစ်နေ့သောအချိန် ကောသလမင်းသည် ဘုရားရှင်ထံသို့ချဉ်းကပ်၍ ရှိခိုးကာသင့်ရာနေရာ၌ ထိုင်သည်။

"အရှင်ဘုရား. . . အဘယ်မျှကုန်သော တရားတို့သည် လူအပေါင်းအား ဖြစ်ကုန်သည်ရှိသော် အစီးအပွားမဲ့ရန်၊ ဆင်းရဲရန်၊ ချမ်းသာစွာမနေရန်၊ ဖြစ်ကုန်ပါသနည်း။"

"မင်းကြီး. . . လိုချင်မှု (လောဘ)၊ အမျက်ထွက်မှု (ဒေါသ)၊ တွေဝေမှု

(မောဟ) ဤသုံးပါးသောတရားတို့သည် လူအပေါင်းအား ဖြစ်ကုန်သည်ရှိသော် အစီးအပွားမဲ့ရန် ဆင်းရဲရန်၊ ချမ်းသာစွာနေရန် ဖြစ်စေပါ၏။

မင်းကြီး. . . လိုချင်မှု၊ အမျက်ထွက်မှု၊ တွေဝေမှုတို့သည် ကိုယ်တွင်း၌ ဖြစ်သည်ရှိသော် အခွံလျှင်အနှစ်ရှိသော ဝါး၊ ကျူစသော အပင်ကိုမိမိ၏အသီးသည် ညှင်းဆဲဖျက်ဆီးသကဲ့သို့ မိမိ၌ဖြစ်သော မကောင်းမှုစိတ်ရှိသော ယောက်ျားကို ဖျက်ဆီးကုန်၏။”

ဟု ဗုဒ္ဓက ဖြေရှင်းဟောပြတော်မူသည်။

**(ကောသလသံယုတ်၊ လောကသုတ်)**

## အဘယ်ပုဂ္ဂိုလ်၌အလှူကိုပေးလှူအပ်ပါသနည်း

တစ်နေ့သောအချိန် ကောသလမင်းကြီးသည် ဘုရားရှင်ထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးကာတစ်နေရာ၌ ထိုင်ပြီးလျှင်-

“အရှင်ဘုရား. . . အဘယ်ပုဂ္ဂိုလ်၌ အလှူကိုပေးလှူအပ်ပါသနည်း။” ဟု မေးလျှောက်သည်။

“မင်းကြီး. . . အကြင်ပုဂ္ဂိုလ်၌ စိတ်သည်ကြည်ညို၏။ ထိုပုဂ္ဂိုလ်အားပေးလှူအပ်ပါ၏။”

“အရှင်ဘုရား. . . အဘယ်ပုဂ္ဂိုလ်၌ ပေးလှူခြင်းသည် အကျိုးကြီးပါသနည်း။”

“မင်းကြီး. . . အဘယ်ပုဂ္ဂိုလ်၌ အလှူကိုပေးလှူအပ်ပါသနည်း။ ဤအမေးသည် တစ်မျိုးသာတည်း။ ထို့ပြင် အဘယ်ပုဂ္ဂိုလ်၌ ပေးလှူခြင်းသည် အကျိုးကြီးပါသနည်း။ ဤအမေးသည် တစ်မျိုးသာတည်း။

မင်းကြီး. . . စင်စစ်သီလရှိသောပုဂ္ဂိုလ်အား ပေးလှူခြင်းသည် အကျိုးကြီး၏။ သီလမရှိသောပုဂ္ဂိုလ်အား ပေးလှူခြင်းသည် အကျိုးမကြီး။ မင်းကြီး. . . ဤအရာ၌ သင်မင်းကြီးကိုပင် တစ်ဖန်မေးဦးအံ့၊ သင်နှစ်သက်သလိုဖြေကြားပါလော။”

မင်းကြီး. . . ဤအရာကို အဘယ်သို့မှတ်ထင်ပါသနည်း။ သင်အားစစ်သည်စုရုံး၍ စစ်ထိုးခြင်းသည် ရှေ့ရှုထင်၏။ ထိုသို့ထင်လတ်သော် လေးအတတ်ကို မသင်ရသေးသော လက်ကျင့်မရသေးသော လေးအတတ်၌မလေ့လာဖူးသေးသော ပြုလုပ်ထားသောစက်ဝန်း၌ မြားကိုမကျစေနိုင်သော ကြောက်တတ်, တုန်လှုပ်တတ်, ထိတ်လန့်တတ်, ပြေးတတ်သောမင်းသားသည် လာရာ၏။ ထိုပုဂ္ဂိုလ်ကို သင်သည်မွေးမြူမည်လော။ သင့်အား ထိုသို့သဘောရှိသောပုဂ္ဂိုလ်ကို အလိုရှိမည်လော။"

"အရှင်ဘုရား. . . ထိုပုဂ္ဂိုလ်ကိုကျွန်ုပ် မမွေးမြူပါ။ ထိုပုဂ္ဂိုလ်မျိုးကိုအလိုမရှိပါ။"

"မင်းကြီး. . . အလားတူလေးအတတ်ကို မသင်ရသေးသော ပုဏ္ဏားလုလင်၊ ကုန်သည်လုလင်၊ သူဆင်းရဲလုလင်တို့လာသော် သင်အလိုရှိပါမည်လော၊ မွေးမြူပါမည်လော။"

"အရှင်ဘုရား. . . အလိုမရှိပါ။ မမွေးမြူပါ။"

"မင်းကြီး. . . ထိုအရာကို အဘယ်သို့မှတ်ထင်ပါသနည်း။ ဤအရပ်၌ သင်အား စစ်သည်စုရုံး၍ စစ်ထိုးခြင်းသည် ရှေ့ရှုထင်၏။ ထိုသို့ထင်လတ်သော် လေးအတတ်ကိုသင်ပြီးသော လေးအတတ်၌လေ့ကျင့်ရပြီးသော ပြုလုပ်ထားသော စက်ဝန်း၌မြားကိုကျစေနိုင်သော မကြောက်တတ်၊ မတုန်လှုပ်တတ်၊ မထိတ်မလန့်တတ်၊ မပြေးတတ်သော မင်းသားသည်လာရာ၏။ ထိုပုဂ္ဂိုလ်ကိုသင်သည် မွေးမြူမည်လော၊ ထိုပုဂ္ဂိုလ်မျိုးကို သင်အလိုရှိမည်လော။"

"အရှင်ဘုရား. . . ထိုပုဂ္ဂိုလ်မျိုးကိုကျွန်ုပ် အလိုရှိပါသည်။ မွေးမြူပါမည်"

"မင်းကြီး. . . အလားတူတတ်မြောက်သော ပုဏ္ဏားလုလင်၊ ကုန်သည်လုလင်၊ သူဆင်းရဲလုလင်တို့လာလျှင်ကော မွေးမြူပါမည်လော၊ အလိုရှိပါမည်လော"

"အရှင်ဘုရား. . . အလိုရှိပါသည်။ မွေးမြူပါမည်။"

"မင်းကြီး. . . ဤအတူသာလျှင် မည်သည့်အမျိုးမှမဆိုထွက်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်းပြုအံ့၊ ထိုရဟန်းသည် အင်္ဂါငါးပါးကိုပယ်ပြီးသည်ဖြစ်၍ အင်္ဂါငါးပါးတို့နှင့် ပြည့်စုံသည်ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်၌လှူအပ်သော အလှူသည် အကျိုးကြီးပါ၏။

"အဘယ်အင်္ဂါငါးပါးကို ပယ်အပ်သနည်း။"

- ကာမဂုဏ်ကိုလိုလားမှု (ကာမစ္ဆန္ဒ)ကို ပယ်အပ်၏။
- ပျက်စီးစေလိုမှု (ဗျာပါဒ) ကိုပယ်အပ်၏။
- လေးလံထိုင်းမှိုင်းမှု (ထိနမိဒ္ဓ) ကိုပယ်အပ်၏။
- ပျံ့လွင့်မှု၊ နောင်တတစ်ဖန်ပူပန်မှုာ (ဥဒ္ဓစ္စ၊ ကုက္ကုစ္စ) ကိုပယ်အပ်၏။
- မဝေခွဲနိုင်မှု (ဝိစိကိစ္ဆာ) ကို ပယ်အပ်၏။

ဤအင်္ဂါငါးပါးကို ပယ်ရပါမည်။

အဘယ်အင်္ဂါငါးပါးနှင့် ပြည့်စုံရမည်နည်း။

- ရဟန္တာတို့၏ ဥစ္စာဖြစ်သော-
- သီလဂုဏ်ကျေးဇူးနှင့် ပြည့်စုံရ၏။
- သမာဓိဂုဏ်ကျေးဇူးနှင့် ပြည့်စုံရ၏။
- ပညာဂုဏ်ကျေးဇူးနှင့် ပြည့်စုံရ၏။
- ကိလေသာမှလွတ်မြောက်မှု ဝိမုတ္တိဂုဏ်ကျေးဇူးနှင့် ပြည့်စုံရ၏။
- ကိလေသာမှလွတ်မြောက်သော ဝိမုတ္တိဉာဏဒဿန ဂုဏ်ကျေးဇူးနှင့် ပြည့်စုံရ၏။

ဤဂုဏ်ငါးပါးနှင့် ပြည့်စုံရပါမည်။

ထို့နောက် ဗုဒ္ဓကဆက်လက်၍ ဂါထာဖြင့်-

"အကြင်လုလင်၌ လေးအတတ်သည်လည်းကောင်း၊ ခွန်အား၊ လုံ့လသည်လည်းကောင်းရှိ၏။ မင်းသည်ထိုလုလင်ကိုသာ စစ်ထိုးရန်အလိုရှိသည်ဖြစ်၍ မွေးမြူရာ၏။ ရဲရင့်ခြင်းမရှိသောသူကို အမျိုးဟူသောအကြောင်းကြောင့် မမွေးမြူရာ"

ထိုအတူသာလျှင် အကြင်ပုဂ္ဂိုလ်၌သည်းခံခြင်းသည်လည်းကောင်း၊ ရဲရင့်သည်၏အဖြစ် (အရဟတ္တဖိုလ်) သည်လည်းကောင်း၊ တရားနှစ်ပါးတို့သည်လည်း တည်ကုန်၏။ အရိယာတို့၏ အသက်မွေးခြင်းဖြင့် အသက်မွေးသော ပညာရှိသူကို အမျိုးပင်ယုတ်သော်လည်း ပူဇော်ရာ၏။

"နှလုံးမွေ့လျော်ဖွယ်ဖြစ်သောကျောင်း၊ သင်္ခမ်းတို့ကိုပြုလုပ်ရာ၏။ ဤကျောင်း၌ အကြားအမြင်များသူတို့ကိုနေစေရာ၏။ တောအရပ်၌ ရေအိုးစင်တို့ကိုလည်း ပြုလုပ်ရာ၏။ မညီညွတ်သောအရပ်၌ တံတားလမ်းတို့ကိုလည်း ပြုလုပ်ရာ၏။

- ဖြောင့်မတ်စွာကျင့်ကုန်သော ပုဂ္ဂိုလ်တို့အားကြည်လင်သောစိတ်ဖြင့် ဆွမ်း, အဖျော်, ခဲဘွယ်, အဝတ်သင်္ကန်း, အိပ်ရာနေရာတို့ကို ပေးလှူရာ၏။

- လျှပ်စစ်နွယ်ရှိသော၊ အရာသောတိမ်ထွတ်ရှိသောမိုးသည် ထစ်ချုန်း၍ မြေကြီးကိုစိုစွတ်စေလျက် ကြည်ကုန်းကိုလည်းကောင်း၊ နိမ့်ရာအရပ်ကိုလည်း ကောင်း၊ ပြည့်စေသကဲ့သို့ ထိုအတူပင် သဒ္ဓါတရားရှိသော အကြားအမြင်များသော ပညာရှိသည် စားသုံးဖွယ်ကိုစီရင်၍ တောင်းစားသူတို့ကို ထမင်းအဖျော်ဖြင့် ရောင့်ရဲစေ၏။

- အလွန်ဝမ်းမြောက်ဖွယ်သောစိတ်ရှိသည်ဖြစ်၍ ပေးကမ်းစွန့်ကြဲ၏။ လှူကြပါကုန်၊ လှူကြပါကုန်ဟု ပြောဆို၏။ ရွာသောမိုး၏ထစ်ချုန်းသံကဲ့သို့ ထိုသို့ ဆိုခြင်းသည်သာလျှင် ထိုပညာရှိထစ်ချုန်းသံမည်၏။ ပြန့်ပြောသော ထိုကောင်းမှု အယဉ်သည်လည်း ပေးလှူတတ်သူကို စိုစွတ်စေတတ်၏။"

ဟု ဘုရားရှင်က ရှင်းလင်းဖြေကြားပေးတော်မူသည်။

**(ကောသလသံယုတ်၊ ဣဿတ္တသုတ်)**

## ၁၀-သေ တောင်မင်းကိုမည်သူမျှ မကျော်ဖြတ်နိုင်

အခါတစ်ပါး၌ ကောသလမင်းကြီးသည် ဘုရားရှင်ထံချဉ်းကပ်ပြီး ရှိခိုး ကာတစ်နေရာ၌ ထိုင်နေသည်။

"မင်းကြီး. . . ယခုနေလည်း နေမွန်းတည့်အချိန်၌ အဘယ်ကလာခဲ့ပါ သနည်း။"

"အရှင်ဘုရား. . . အဘိသိက်အသွန်းခံထားရပြီး ရေမြေကိုအစိုးရသော မင်းတို့အား မင်းရေးမင်းရာ ပြုဖွယ်ကိစ္စတို့သည်ရှိပါကုန်၏။ ကျွန်ုပ်သည် ထိုကိစ္စ အတွက် ယခုအခါ၌ ကြောင့်ကြခြင်းသို့ ရောက်နေရပါ၏။

"မင်းကြီး. . . ထိုအရာကို အဘယ်သို့မှတ်ထင်ပါသနည်း။ ယုံကြည်အပ် သော စကားရှိသော လူယုံတော်ဖြစ်သော မင်းချင်းယောက်ျားအသီးသီးသည် အရှေ့အရပ်၊ တောင်အရပ်၊ အနောက်အရပ်၊ မြောက်အရပ်မှ ရောက်လာကြပြီး မင်းကြီးထံသို့ ချဉ်းကပ်ကြကာ-

"မင်းကြီးသိပါလော၊ ကျွန်ုပ်သည် အရှေ့အရပ်မှလာခဲ့၏။ ထိုအရှေ့အရပ်၌

ကြီးစွာသောတိမ်တိုက်နှင့်တူသော တောင်ကိုမြင်ခဲ့ပါ၏။ ထိုတောင်သည် အလုံးစုံသောသတ္တဝါတို့ကို ကြိတ်လျက်လာ၏။ သင်မင်းကြီးအား ပြုဖွယ်ကိစ္စရှိသည်တို့ကို ပြုပါလော့၊ အလားတူ တောင်၊ အနောက်၊ မြောက်၊ အရပ်ကလာသူတို့ကလည်း အလားတူ လျှောက်ထားကြမည်။

မင်းကြီး. . . လူအဖြစ်သည် ရခဲပါလျက် ဤသို့သဘောရှိသော လူကုန်လောက်အောင် ပြင်းထန်ကြမ်းကြုတ်သော ဘေးကြီးဖြစ်လာခဲ့သော် သင်အဘယ်သို့ ပြုလုပ်ပါမည်နည်း။

"အရှင်ဘုရား. . . လူအဖြစ်ကိုရခဲ့ပါလျက် ဤသို့သဘောရှိသော လူကုန်လောက်အောင် ပြင်းထန်ကြမ်းကြုတ်သောဘေးကြီးဖြစ်လာခဲ့သော် တရားကျင့်ခြင်း အညီအမျှကျင့်ခြင်း၊ ကုသိုလ်ပြုခြင်း၊ ကောင်းမှုပြုခြင်းမှတစ်ပါး အခြားအဘယ်မှာ ပြုဖွယ်ရှိပါအံ့နည်း။"

"မင်းကြီး. . . သင့်အားပြောကြားသိစေပါအံ့၊ သင့်အားစင်စစ်အိုခြင်း၊ သေခြင်းတရားသည် လွှမ်းမိုးသည်သာလျှင်တည်း။ သင်အားအိုခြင်း၊ သေခြင်းသည်လွှမ်းမိုးသည်ရှိသော် အဘယ်သို့ပြုလုပ်မည်နည်း။"

"အရှင်ဘုရား. . . ကျွန်ုပ်အား ထိုအိုခြင်း၊ သေခြင်း၊ လွှမ်းမိုးလာသော် တရားကျင့်ခြင်း၊ အညီအမျှကျင့်ခြင်း၊ ကုသိုလ်ပြုခြင်း၊ ကောင်းမှုပြုခြင်းမှတစ်ပါး အခြားအဘယ်မှာ ပြုဖွယ်ရာရှိပါအံ့နည်း။"

အရှင်ဘုရား. . . အဘိသိက်သွန်းခံ၊ ရေမြေကိုအစိုးရသောမင်းတို့အား ဆင်ဖြင့်စစ်ထိုးခြင်း၊ မြင်းဖြင့်စစ်ထိုးခြင်း၊ ရထားဖြင့်စစ်ထိုးခြင်း၊ ခြေလျင်စစ်သည်တို့သည် ဖြစ်ကုန်ပါ၏။ ထိုသူတို့အားလည်း အိုခြင်း၊ သေခြင်းတရားသည်ရှိသော် လားရာမရှိပါ။ မှီရာမရှိပါ။

အရှင်ဘုရား. . . မင်းတို့အားအတိုင်ပင်ခံပြုအပ်သော အမတ်ကြီးတို့သည် ရှိပါ၏။ ထိုအမတ်ကြီးတို့သည် တစ်ဖက်ကနေမိမိနိုင်ငံသို့လာရောက်တိုက်ခိုက်ကြသော ရန်သူတို့ကိုတိုင်ပင်ပြု၍ ကွဲပြားအောင်ပြုနိုင်ကြသော်လည်း အို၊ နာ၊သေခြင်းလွှမ်းမိုးသည်ရှိသော် လားရာမရှိပါ။ မှီရာမရှိပါ။

"အရှင်ဘုရား. . . ဤမင်းမျိုး၌ မြေ၌မြှုပ်ထားအပ်သော ဟင်းလင်းပြင်၌လည်း ထားအပ်သောများစွာသော ရွှေ၊ ငွေသည်ရှိ၏။ ထိုရွှေ၊ ငွေဖြင့်ရောက်လာသောရန်သူတို့ကို ဖြားယောင်းခြင်းငှါ စွမ်းနိုင်ပါ၏။ ဥစ္စာဖြင့်စစ်ထိုးကုန်သော

ထိုမင်းတို့အားသော်လည်း အိုခြင်း၊ သေခြင်းတရားသည် လွှမ်းမိုးသည်ရှိသော် လားရာမရှိပါ။ မှီရာမရှိပါ။

အရှင်ဘုရား. . . ဤမင်းမျိုး၌ မြေ၌မြှုပ်ထားအပ်သော ဟင်းလင်းပြင်၌ လည်းထားအပ်သော များစွာသောရွှေ ငွေသည်ရှိ၏။ ထိုရွှေ ငွေဖြင့်ရောက်လာသောရန်သူတို့ကို ဖြားယောင်းခြင်းငှါ စွမ်းနိုင်ပါ၏။ ဥစ္စာဖြင့်စစ်ထိုးကုန်သော ထိုမင်းတို့အားသော်လည်း အိုခြင်း၊ သေခြင်းတရားသည် လွှမ်းမိုးသည်ရှိသော် လားရာမရှိပါ။ မှီရာမရှိပါ။

အရှင်ဘုရား. . . ကျွန်ုပ်အား အိုခြင်း၊ သေခြင်းတရား လွှမ်းမိုးသည်ရှိသော် တရားကျင့်ခြင်း၊ အညီအမျှကျင့်ခြင်း၊ ကုသိုလ်ပြုခြင်း၊ ကောင်းမှုမှတစ်ပါး အခြားအဘယ်မှာပြုဘွယ်ရှိပါအံ့နည်း။"

"မင်းကြီး. . . ဤစကားသည် ဤအတိုင်း မှန်ပါ၏။"

ထို့နောက် မြတ်စွာဘုရားက ဂါထာဖြင့်-

"ပြန့်ကျယ်သော ကျောက်တောင်တို့သည် ကောင်းကင်ကိုထိ၍ ထက်ဝန်းကျင် အရပ်လေးမျက်နှာမှ သတ္တဝါတို့ကို ကြိတ်ချေကုန်လျက် အစဉ်လိမ့်၍လာကုန်သကဲ့သို့ ထို့အတူအိုခြင်း၊ သေခြင်းတရားတို့သည် သတ္တဝါတို့အား လွှမ်းမိုးနှိပ်စက်ကုန်၏။ မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ သူဆင်းရဲ၊ ဒွန်းစဏ္ဍားအမှိုက်သွန်းတို့ကိုလည်း လွှမ်းမိုးနှိပ်စက်ပါကုန်၏။ တစ်စုံတစ်ယောက်ကိုမျှမရှောင်၊ အလုံးစုံသောသူတို့ကိုပင် လွှမ်းမိုးခြေမှုန်းပါ၏။

ထိုအရာ၌ ဆင်၊ မြင်း၊ ရထား၊ ခြေသည်တို့၏ အရာမဟုတ်အတိုင်းပင် ဖြစ်သော စစ်ထိုးခြင်းဖြင့်လည်းကောင်း၊ ရွှေ၊ ငွေ၊ ဥစ္စာပေးသဖြင့်လည်းကောင်း၊ အောင်ခြင်းငှါမတတ်ကောင်း၊

ထို့ကြောင့်လျှင် မိမိ၏အကျိုးကိုကောင်းစွာမြင်သော ပညာရှိသောမြဲမြံတည်ကြည်သောပုဂ္ဂိုလ်သည် ဘုရား၊ တရား၊ သံဃာ၌ ယုံကြည်ခြင်းကိုတည်စေရာ၏။

အကြင်သူသည် ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် တရားကိုကျင့်၏။ ထိုသူကို ဤဘဝ၌ပင် ချီးမွမ်းကုန်၏။ တမလွန်ဘဝ၌ နတ်ပြည်သို့လားရကုန်၏။"

ဟု ဗုဒ္ဓကဖြေရှင်းဟောကြားပေးပါသည်။

**(ကောသလသံယုတ်၊ ပဗ္ဗတူပမသုတ်)**

## ဝိဋူဍ္ဍဘမင်းသားနှင့် မိခင်၏ဘဝပြဿနာ

ပသေနဒီကောသလမင်းကြီးသည်-

"ငါသည် ရဟန်းသံဃာနှင့် အကျွမ်းတဝင်ဆက်ဆံခြင်းငှါ သင့်လျော်လျောက်ပတ်ပေ၏။ အဘယ်သို့ပြုရအံ့နည်း၊ မြတ်စွာဘုရား၏ဆွေတော်မျိုးတော်ဖြစ်သော သတို့သမီးတစ်ယောက်ကို ငါ၏နန်းတော်အိမ်၌ ထားရသည်ရှိသော် ရဟန်းငယ်တို့သည်လည်းကောင်း၊ သာမဏေတို့သည်လည်းကောင်း၊ ဤမင်းကြီးသည်ကား ငါတို့၏ဖခင်ဖြစ်သော မင်းပေတည်း-ဟု ငါ၏အထံသို့ ရဲရဲဝံ့ဝံ့ အမြဲမပြတ် ချဉ်းကပ်လာရောက်ကြကုန်လတံ့"

ဟု ကြံစည်မိလေသည်။

ထို့နောက် သာကီဝင်တို့ထံသို့ တမန်စေလွှတ်ကာ-

"ငါ့အားသတို့သမီးငယ်တစ်ယောက်ကို ပေးစေသတည်း။"

ဟု သတင်းစကား ပြောကြားစေသည်။

စေလွှတ်အပ်သော တမန်အမတ်က-

"အဘယ်မည်ရှိသော သာကီဝင်မင်း၏သမီးကို ဆောင်ယူရမည်နည်း"

ဟု မေးသောအခါ-

"သာကီဝင်မင်းမျိုးစစ်သော သမီးကိုသာစီစစ်၍ ယူဆောင်ခဲ့ကြလော့"

ဟု မှာကြားလိုက်သည်။

ကောသလမင်းကြီး၏ တမန်တို့သည် ကပိလဝတ်ပြည်သို့ သွားကြ၍ ကောသလမင်း၏သာကီဝင်မင်းသမီးတောင်းဆိုသော အခြင်းအရာအကြောင်းစုံကို ပြောကြားလျှောက်ထားကြလေသည်။

ထိုအခါ သာကီဝင်မင်းအပေါင်းတို့သည် ကောင်းစွာစုပေါင်းဆွေးနွေးကြပြီး

"တိုင်းတစ်ပါးမှ ဖြစ်သောမင်းသည် ဆွေရင်းမျိုးရင်းသက် ဆက်လိုသောအကြောင်းဖြင့် တောင်းဆိုထားသောအရေးကို မပေးမဆောင်နှင့်လျှင် အမျက်ဒေါသထွက်ကြကာ ရန်ငြိုးဖွဲ့ပြီး ငါတို့၏အကျိုးကို ဖျက်ဆီးပေလိမ့်မည်။

ငါတို့၏အမျိုးနှင့် တူမျှသောအမျိုးသည်လည်းမရှိ၊ ငါတို့၏အမျိုးကိုတစ်ပါးသော အမျိုးတို့နှင့်ဆက်ဆံခြင်းငှါလည်းမတတ်ကောင်း၊ အဘယ်သို့ပြုကုန်ကြအံ့နည်း။"

ဟု ကြံစည်တိုင်ပင်ကြသည်။

"ငါ၏ကျွန်မဝမ်းဝယ်ဖွားမြင်အပ်သော ဝါသဘခတ္တိယာအမည်ရှိသောသတို့သမီးငယ်တစ်ယောက်သည် အဆင်းသဏ္ဌာန်၊ ကြွန်အင်လက္ခဏာ အသွယ်သွယ်၌ တင့်တယ်ပြည့်ဟိတ် အထွတ်အထိပ်သို့ ရောက်ရှိပေ၏။ ထိုသတို့သမီးငယ်ကို ပေးကုန်အံ့၊"

ဟု မဟာနာမ်မင်းကြီးက ဆွေးနွေးတင်ပြသည်။

ထိုသည်ကို သာကီဝင်မင်းသားအားလုံးက သဘောတူကြပြီး ကောသလမင်း၏ တမန်တို့ကို သတို့သမီးကိုပေးရန် သဘောတူကြောင်း အကြောင်းပြန်ကြလေသည်။

"အဘယ်သူ၏သမီးကိုပေးနည်း။"

ဟု တမန်တို့ကမေးကြသော်-

"မြတ်စွာဘုရား. . . ဘထွေးတော်၏သား မဟာနာမအမည်ရှိသော သာကီဝင်မင်း၏သမီး ဝါသဘခတ္တိယအမည်ရှိသော မင်းသမီးဖြစ်ပါ၏။"

ဟု ပြေကြားကြကုန်သည်။

ထိုတမန်တို့က သာဝတ္ထိပြည်သို့ပြန်သွား၍ မင်းကြီးအားလျှောက်ကြလေသည်။

"ယင်းသို့ဖြစ်လျှင် ကောင်းလှပေပြီ၊ လျှင်မြန်စွာဆောင်ယူခဲ့ကြကုန်လော မင်းတို့မည်သည်ကား များသောမာယာရှိကုန်၏။ ကျွန်မ၏သမီးကိုသော်လည်း ပို့ဆက်စေလွှတ်တတ်ချေကုန်၏။ ဖခင်ဖြစ်သောမင်းကြီးနှင့် ထမင်းအုပ်တစ်ပွဲ၌ အတူတကွသုံးဆောင်စားသောက် သင်သမီးကိုသာ ဆောင်ယူခဲ့ကြကုန်လော" ဟု မှာထားစေလွှတ်လိုက်လေသည်။

တမန်တို့သည် ကပိလဝတ်ပြည်သို့သွား၍ မဟာနာမ်မင်းတို့ထံသို့၍ ဝင်ကြကာ ကောသလမင်းကြီးမှာကြားသော အကြောင်းစုံကိုလျှောက်ထားကြသည်။

"ကောင်းလှပေပြီ. . . အမောင်တို့"

ဟု မဟာနာမ်မင်းက ဝန်ခံကာဝါသဘခတ္တိယမင်းသမီးကို တန်ဆာဆင်၍ မိမိ ဘောဇဉ်သုံးဆောင်သောအခါ၌ မင်းသမီးကိုခေါ်စေကာ ထိုမင်းသမီးနှင့်တစ်စား ပွဲတည်း၌ စားသကဲ့သို့ မင်းသမီးခွက်နှိုက်သောအခါ မင်းကြီးကမနှိုက်ယူ၊ မင်းကြီး ကနှိုက်ယူသောအခါ၌ မင်းသမီးကမနှိုက်ယူသော အခြင်းအရာဖြင့် ပြုလုပ်ပြသည်။

ကောသလမင်းကြီး၏ တမန်တို့သည် သကျမင်း၏ပရိယာယ်ကိုမသိဘဲ မင်းကြီးနှင့်အတူတူထမင်းစားသော မင်းသမီးဖြစ်၍ မင်းကြီး၏သမီးအစစ်ဟု မှတ် ထင်၍ဝါသဘခတ္တိယကို သာဝတ္ထိပြည်သို့ သယ်ဆောင်ကြလေသည်။

ရောက်သောအခါ ကောသလမင်းကြီးကို အကြောင်းစုံလျှောက်ထားပြ ပြီး မင်းသမီးကိုအပ်နှံကြသည်။ ကောသလမင်းကြီးလည်း ဝါသဘခတ္တိယကို အလွန်နှစ်သက်သဘောကျသဖြင့် မိန်းမငါးရာတို့၏ အကြီးအမှူးပြု၍ မြတ်သော မိဖုရားကြီးအရာ၌ အဘိသိက်သွန်းလောင်းတော်မူလေသည်။

ထိုဝါသဘခတ္တိယဝယ် မကြာခင်ပင်လျှင် ကိုယ်ဝန်ရှိပြီး ရွှေအဆင်းကဲ့သို့ အဆင်းရှိသော သားကိုဖွားမြင်လေသည်။

သားတော်ကို အမည်ယူအံ့သောနေ့၌ ကောသလမင်းကြီးသည် အဘိုး မဟာနာမ်ထံသို့ -

"သာကီဝင်မင်းသမီးဖြစ်သော ဝါသဘခတ္တိယမှ သတင်းစကားကိုလည်း သားရတနာကို မွေးဖွားမြင်ပါသည်။ ထိုသားငယ်၏အမည်ကို ပေးတော်မူပါလော့" ဟု သတင်းစကားပြောကြား စေလွှတ်လိုက်လေသည်။

ဤသုတင်းစကားကို ယူဆောင်၍သွားသော အမတ်ကြီးသည် အနည်းငယ် နားထိုင်းဆွဲအသည်။

မဟာနာမ်မင်းကြီးသည် တမန်ထံမှသတင်းစကားကိုကြားသော်-

"ဝါသဘာခတ္တိယသည် သားကိုမဖွားမြင်ပဲသော်လည်း အလုံးစုံသောသူတို့ကို နှိပ်စက်ညှင်းပန်းညှိုးနွမ်းသော စိတ်နှလုံးရှိအောင်ပင် အကျွမ်းဝင်ခြင်း(ဝလ္လဘ) ဖြစ်ပေလတ့်"

ဟုမိန့်ဆိုလိုက်သည်။

ထိုသို့မဟာနာမ်မင်းကြီးက ဝလ္လဘဟူသောစကားကို နားထိုင်းဆွဲအသော အမတ်ကြီးက အမှတ်မှားပြီး ဝိဋူဍ္ဍဘဟူသော ဘွဲ့အမည်ပေးလိုက်သည်ဟု မှတ်ထင်၍ပြန်လာကာ ကောသလမင်းကြီးကို

"မဟာနာမ်မင်းကြီးက ဝိဋူဍ္ဍဘ-ဟူ၍ အမည်ပေးလိုက်ပါသည်ဘုရား"

ဟု လျှောက်ထားသည်။

"ရှေး၌ဖြစ်သော အမျိုးတို့၏အနွယ်အဆက် ဥစ္စာဖြစ်သောအမည် ဖြစ်ပေလိမ့်မည်။"

ဟု ကြံစည်အောက်မေ့ပြီး ထိုအမည်ကိုပင် အမည်ပေးထားလေသည်။

ထို့နောက် ဝိဋူဍ္ဍဘမင်းသားငယ်စဉ်ကာလ၌ပင် ခမည်းတော်မင်းကြီးသည်-

"မြတ်စွာဘုရားအား ချစ်မြတ်နိုးခြင်း ဖြစ်လတ့်"

ဟု ကြံစည်၍စစ်သူကြီးအရာကို ပေးသနားထားလေသည်။

ဝိဋူဍ္ဍဘ- မင်းသားသည် မင်းသားတို့၏ အစောင့်အရှောက် အခြံအရံဖြင့်သာလျှင် ကြီးပွားလာခဲ့ပါသည်။

ခုနှစ်နှစ်သားအရွယ်ရောက်သောအခါ၌ တစ်ပါးကုန်သော မင်းသားတို့အား မယ်တော်၊ ဖွားတော်၊ စသောမြတ်သောအမျိုးမှ ဆင်ရုပ်၊ မြင်းရုပ်အစရှိသည်များ လက်ဆောင်ပို့ပေးကြပြီး သယ်ဆောင်လာသည်ကိုမြင်၍ မိခင်ထံသို့ချဉ်းကပ်ကာ-

"မိခင်. . . တစ်ပါးသော မင်းသားငယ်တို့အား မယ်တော်၊ ဘွားတော်စသော မြတ်သောအမျိုးမှ လက်ဆောင်ကိုဆောင်ယူကြပါကုန်၏။ ကျွန်ုပ်သားတော်

အား တစ်စုံတစ်ယောက်သောသူသည် တစ်စုံတစ်ယောက်သောလက်ဆောင်ကို မပို့သကြချေ။ အကြောင်းအသို့နည်း။ အသင်မိခင်အား အမိအဖမရှိလေသလော" ဟုမေးလေသည်။

"ချစ်သား. . . သင်၏အဘိုးအဘွားဖြစ်ကုန်သော သာကီဝင်မင်းတို့သည် ဝေးကွာသောအရပ်ဒေသ၌ နေကြကုန်၏။ ထို့ကြောင့် တစ်စုံတစ်ခုသောလက်ဆောင်ကို မပို့လွှတ်မစေခိုင်းကြခြင်း ဖြစ်ပေသည်။"
ဟု ပြောဆိုဖြောင့်ဖြ၍ လှည့်ပတ်သည်။

"တစ်ဖန် (၁၆)နှစ်အရွယ်သို့ရောက်သော်-

"မိခင်. . . မယ်တော်၏ဆွေတော်မျိုးတော်တို့ကို ကြည့်ရှုဖူးမြော်ခြင်းငှါ အလိုရှိပါသည်။"
ဟု တောင်းဆိုကြပြန်သည်။

"ချစ်သား. . . ထိုအရပ်သို့သွားသဖြင့် အဘယ်အကျိုးရှိပါအံ့နည်း။ ငါ သားသည် မသွားလိုပါလင့်။"
ဟု တားမြင်ပိတ်ပင်ပါသော်လည်း ဖန်တလဲလဲ တောင်းပန်လာသဖြင့် နောက်ဆုံး မိခင်က ချစ်သားသွားပါလော့ဟု ခွင့်ပြုလိုက်ရလေသည်။

ဝိဋူဍဘ-မင်းသားသည်ခမည်းတော် ကောသလမင်းကြီးအား လျှောက်ထား၍ များစွာသောအခြံအရံဖြင့် သာဝတ္ထိပြည်မှ ကပိလဝတ်ပြည်သို့ ထွက်လာခဲ့သည်။

ဝါသဘခတ္တိယ မိဖုရားသည် ရှေးဦးစွာကပင်-

"ကျွန်တော်မသည် ဤအရပ်၌ချမ်းသာစွာ နေရပါ၏။ ယခုရောက်လာမည့် ကျွန်တော်မ၏သား ဝိဋူဍဘအား အရှင်တို့သည် တစ်စုံတစ်ရာညစ်ကျူးမျှော်တွယ်အန္တရာယ်ဖြစ်ရန် ဇာတိမာန်ကိုဖော်လှန်ကျနပြတော်မမူလိုက်ကြပါနဲ့"
ဟု တောင်းပန်လျှောက်ထားသော ကမ္ပည်းစာကိုလျင်မြန်စွာပို့စေလိုက်သည်။

သာကီဝင်မင်းတို့သည် ဝိဋူဍဘလာခြင်းကို ကြားသိ၍-

"ငါတို့သည် ဝိဋူဍဘကိုရှိခိုးခြင်းငှါ မစွမ်းနိုင်ကုန်။"
ဟု ဆိုကြကာ ဝိဋူဍဘအောက် အသက်အရွယ်ငယ်ကုန်သော မင်းသားတို့ကို ဇနပုဒ်သို့စေလွှတ်ထားကြသည်။

ထိုဝိဋူဋဘ ကပိလဝတ်သို့ရောက်လာသော် မင်းကွန်း၌စည်းဝေးကြကုန်သည်။ ဝိဋူဋဘသည် ထိုမင်းကွန်းသို့သွားရောက်တွေ့ဆုံရသည်။

"ချစ်သား. . . ဤသူသည်ကား သင်ချစ်သား၏ ဖွားတော်တည်း။ ဤသူသည်ကား သင်ချစ်သား၏ဦးရီးတော်တည်း။"
ဟု ပြောဆို၍ရှိခိုးစေသည်။ ဝိဋူဋဘသည် အလုံးစုံသောသူတို့ကို လှည့်လည်၍ရှိခိုးရသည်။

တစ်စုံတစ်ယောက်သောသူမျှ မိမိအားလာရောက်ရှိခိုးသည်ကို မမြင်၍

"အသို့ပါနည်း. . . ငါ့ကိုရှိခိုးထိုက်သောသူတို့ မရှိလေသလော"
ဟု မေးသည်။

"ချစ်သား. . . သင့်အောင်ငယ်ရွယ်ကုန်သော အသင်၏ညီတော်ဖြစ်ကုန်သောမင်းသားတို့သည် ဇနပုဒ်သို့သွားကြကုန်ပါသည်။
ဟု ပြောဆိုကြလျက် ဝိဋူဋဘမင်းသားအား ကြီးကျယ်စွာသော ပူဇော်စက္ကာရပြုကြကုန်သည်။

ဝိဋူဋဘမင်းသားသည် နှစ်ရက်သုံးရပ်မျှသာနေ၍ ကြီးစွာသောအခြံအရံဖြင့် ကပိလဝတ်ပြည်မှ ထွက်လာခဲ့သည်။

ထိုအခါ ကျွန်မတစ်ဘောက်သည် မင်းကွန်းဇရပ်၌ ဝိဋူဋဘမင်းသား၏ထိုင်နေရာပျဉ်ချပ်ကို-

"ဤနေရာသည်ကား ဝါသဘခတ္တိယ ကျွန်မ၏သားနေရာပျဉ်ချပ်တည်း"
ဟု ဆဲရေးရေရွတ်၍ နို့ရေဖြင့်ဆေးကြောနေသည်။

ဝိဋူဋဘ၏ နောက်လိုက်မင်းချင်းယောကျ်ားတစ်ယောက်သည် မိမိ၏လက်နက်ကိုမေ့လျော့၍ ချန်ထားမိခဲ့သောကြောင့် ပြန်လာ၍ထိုလက်နက်ကိုယူသည်ရှိသော် ဝိဋူဋဘမင်းသားကို ဆဲရေးသောအသံကိုကြား၍ ရေဆေးနေသောကျွန်မကိုအကျိုးအကြောင်းကို မေးကြည့်သည်။

"ဝိဋူဋဘခတ္တိာမိဖုရားသည် ကျွန်မဝမ်းဝယ် မဟာနာမ်သာကီဝင်မင်းကို အစွဲပြု၍ဖွားမြင်လာသော သမီးတည်း။"
ဟု စစ်သည်လည်း ကျွန်မထံမှကြားသိရ၍ မိမိအပေါင်းအသင်းအား ပြောကြားသည်။

"ဝါသဘခတ္တိယသည် ကျွန်မသမီးဖြစ်သတတ်။"
ဟူသော အသံသည်တစ်ယောက်စကားတစ်ယောက်နားဖြင့် အုတ်အုတ်ကျက်ကျက် ပျံ့နှံ့၍ထွက်သွားလေသည်။

ထိုကဲ့သို့သောစကားကို ကြားသိသောဝိဋူဋဘမင်းသားသည်-

"ဤသာကီဝင်မင်းတို့သည် ငါ၏ထိုင်နေရာဖြစ်သော ပျဉ်ချပ်ကိုနို့ရေဖြင့် ဆေးကြောသည်ကား ဆေးကြောစေနှင့်ဦး၊ ငါသည်မင်းအဖြစ်၌ တည်ခဲ့သော် ထိုသူတို့၏လည်ချောင်းသွေးကိုယူပြီး ငါထိုင်နေရာကို တစ်ဖန်ပွတ်သပ်ဆေးကြောအံ့"
ဟူသော စိတ်အကြံကိုဖြစ်လေသည်။

ဝိဋူဋဘ သာဝတ္ထိသို့ပြန်ရောက်သော် အမတ်တို့သည် အလုံးစုံသော အကြောင်းကို မင်းကြီးအားကြား လျှောက်ကြသည်။

"ငါ့ကို ကျွန်မကိုပေးဘိ၏။"
ဟု ကောသလမင်းကြီးသည် အမျက်ထွက်၍ ဝါသဘခတ္တိယမိဖုရားနှင့် သားတော်ဝိဋူဋဘတို့အား ပေးအပ်သောအဆောင်အယောင် အခြံအရံတို့ကိုပယ်ဖျက်၍ ကျွန်ယောက်ျား-ကျွန်မိန်းမတို့ ခံစားရအပ်သောစည်းစိမ်မျှကိုသာလျှင် ပေးလေသည်။

ထိုမှနှစ်ရက်သုံးရက်လွန်မြောက်သော် ဘုရားရှင်သည်မင်းကြီး၏ နန်းတော်အိမ်သို့ကြွတော်မူ၍ ခင်းထားအပ်သောနေရာ၌ထိုင်၍ သီတင်းသုံးနေသည်။ မင်းကြီးသည်ဘုရားရှင်ထံ လာရောက်ရှိခိုးပြီး သင့်ရာနေရာ၌ထိုင်ကာ-

"မြတ်စွာဘုရား. . . အရှင်ဘုရားတို့၏ ဆွေတော်မျိုးတော်တို့သည် ဒကာတော်အား ကျွန်မသမီးကိုပေးကုန်ဘိ၏။ ထို့ကြောင့်ဒကာတော်သည် မိဖုရားအား သားတော်နှင့်တကွ ရာထူးမှနုတ်ချပြီး အစောင့်အရှောက်အခြံအရံကို ဖျက်သိမ်းပြီး ကျွန်ယောက်ျား-ကျွန်မိန်းမတို့ခံစားရသော စည်းစိမ်ချမ်းသာမျှလောက်ကိုသာ ပေးသနားထားပါသည်ဘုရား"
ဟု လျှောက်ထားသည်။

"ဒကာတော်မင်းကြီး. . . သာကီဝင်တို့ပြုအပ်သောအမှုသည် မသင့်တင့်၊

မလျောက်ပတ်ချေ။ မြင့်မြတ်သောအမျိုးအနွယ်ရှိကုန်သော မင်းကြီးတို့အားမြင့်မြတ်သောအမျိုးအနွယ်မှ တူမျှသောသတို့သမီးကိုသာ ပေးအပ်ကုန်ရာ၏။

ဒကာတော်မင်းကြီး. . . ငါဘုရားရှင်သည် တစ်ခုသောတရားစကားကိုဟောကြားဆုံးမတော်မူအံ့၊ ငါ၏စကားကိုမှတ်သားနာယူဘိလော၊ ဝါသဘခတ္တိယမင်းသမီးသည် ခတ္တိယစစ်စစ်ဖြစ်လေသော မင်း၏နန်းတော်၌ အဘိသိက်သွန်းခြင်းကို ရပေ၏။ ဝိဋဋူဘသည်လည်း ခတ္တိယ၏မင်းမျိုးဖြစ်သော အသင်မင်းကြီးကြီးသာလျှင် အစွဲပြု၍ဖြစ်ပေ၏။

ဒကာတော်မင်းကြီး. . . အမိအမျိုးဟူသည် အသို့ပြုလတ့်နည်း။ ဖခင်၏မျိုးနွယ်သည်သာအဓိကပမာဏ ဖြစ်ပါသည်။ ရှေးပညာရှိတို့သည် သူဆင်းရဲဖြစ်သောထင်းခွေသည် မိန်းမကိုအဂ္ဂမဟေသီမိဖုရားကြီးအရာကို ကောင်းစွာပေးသနားတော်မူကုန်ပြီ။

ထိုထင်းခွေသည်မိန်းမ၏ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေနေပြီး ဖွားမြင်လာသော မင်းသားငယ်သည်လည်း (၁၂)ယူဇနာကျယ်ပြန့်သော ဗာရာဏသီပြည်ကြီး၌ ဘုန်းမီးနေလ တောက်ပထွန်းလင်းသောမင်းအဖြစ်သို့ရောက်၍ ကဋ္ဌဝါဟနအမည်ရသောမင်းအဖြစ်ဖြင့် ဖြစ်ဖူးခဲ့လေပြီ။

"အရှင်ဘုရား. . . ထိုအတိတ်ဘဝအကြောင်းကို သိခွင့်ရက သိပါရစေဘုရား"

"မင်းကြီး. . . နားဆင်ပါလော"

ဗုဒ္ဓသည် ဤသို့လျှင် ကဋ္ဌဝါဟနဇာတ်ကို အတိတ်ဆောင်၍ ဟောကြားတော်မူသည်။

* * * * *

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည်မင်းပြုသည်ရှိသော် တစ်နေ့သောအချိန်တွင် ကြီးကျယ်များပြားသော အခြံအရံဖြင့် ဥယျဉ်တော်သို့ ထွက်တော်မူသည်။

ဥယျာဉ်ထဲ၌ အထပ်ထပ်သောအပွင့်၊ အဆင့်ဆင့်သောအသီးတို့ဖြင့်ကြည့်ရှု၍မငြီးအောင် အပင်ကြီးအပင်ငယ်အသွယ်သွယ်၌ တပ်မက်လှသောစိတ်

ဖြင့်ဝင်ချိန်ဆဲ့ပြု ကြည့်ရှုလှည့်လည်တော်မူသည်ရှိသော် ဉယျာဉ်တောအုပ်အတွင်း၌ သီချင်းဆို၍အလိုရှိသော ထင်းတို့ကိုထုတ်ဆောင်ယူနေသော ဆင်းရဲသူထင်းခွေသည် မိန်းမပျိုတစ်ယောက်ကို တွေ့မြင်လေသည်။

မင်းကြီးသည် ထိုထင်းခွေသည် သမီးပျို၌ချစ်ခင်နှစ်သက်စုံမက်နှောင်ဖွဲ့သောစိတ်ရှိသည်ဖြစ်၍ ပေါင်းဖော်ခြင်းအမှုကို ပြုမိလေသည်။

ထိုခဏမှာပင် ယခုဂေါတမဂေါတမဘုရားအလောင်းတော်သည် ထိုထင်းခွေသည်မိန်းမ၏ကိုယ်ဝန်တည်သောအဖြစ်သည် ခဏချင်းသိလေသည်။

ထင်းခွေသည်မိန်းမသည် မိမိ၌ကိုယ်ဝန်တည်ကြောင်းကိုသိ၍-

"အရှင်. . . ကျွန်ုပ်အားကိုယ်ဝန်သည် ဖြစ်ပေါ်လာခဲ့ပါပြီ။"

ဟု ပြောပြသည်။

မင်းကြီးသည် မိမိဝတ်ထားသော နဝရတ်လက်စွပ်ကိုချွတ်၍ပေးပြီးလျှင်

"အသင်နှမအား. . . အကယ်၍သမီးမွေးဖွားအံ့၊ ဤလက်စွပ်ကိုရောင်းချ၍သမီးကိုကောင်းစွာ မွေးမြူပါလေ။ အကယ်၍သားတော်ရတနာမွေးခဲ့ပါအံ့၊ ဤလက်စွပ်ရတနာနှင့်အတူ ငါထံသို့ဆောင်ယူလာခဲ့လော့။"

ဟု မှာကြားပြီးဖဲ့ခွါလေသည်။

မင်းကြီးသည်ဉယျာဉ်၌ ပျော်သရွှေကစားပြီးနောက် နန်းတော်သို့ပြန်ကြွသွားတော်မူသည်။ ထင်းခွေသည်မိန်းမငယ်သည်လည်း ကိုးလလွယ်ဆယ်လစေ့သောအခါ ဘုရားလောင်းသားတော်ငယ်ကို မွေးဖွားလေသည်။

ထိုသူငယ်ပြေးလွှားကစားသောအချိန်၌ ကလေးအပေါင်းနှင့် ကစားစဉ်ကျန်ကလေးများကို ဘုရားလောင်းကလေးက ထိုကလေးများနှင့်ရန်ဖြစ်၍ ပုတ်ခတ်မိကြသော်-

"အားကိုးရာမဲ့၊ အဖမဲ့သားသည် ငါတို့ကိုနိုင်ထက်စီးနင်း ပုတ်ခတ်ပြစ်မှားသည်"

ဟု ပြောဆိုကြကုန်သည်။

ထိုစကားကိုကြား၍ ဘုရားလောင်းကလေးသည် မိခင်ထံသို့သွား၍-

"မိခင်. . . ကျွန်ုပ်၏ဖခင်သည် အဘယ်သူနည်း။"

ဟု မေးမြန်းလေသည်။

"ချစ်သား. . . သင်၏ဖခင်သည် ဗာရာဏသီပြည့်ရှင် မင်းကြီးဖြစ်ပါ၏"

"မိခင်. . . ဗာရာဏသီမင်း၏သားဖြစ်ကြောင်း သက်သေအထောက်အထား ရှိပါသလော။"

ထိုအခါ မိခင်ကြီး၏နဝရတ်လက်စွပ်ပေးထားခဲ့ပုံနှင့် မှာကြားသောစကား အလုံးစုံကိုပြောပြသည်။

"မိခင်. . . ထိုသို့ဖြစ်လျှင် အဘယ်ကြောင့်ကျွန်ုပ်ကို ဖခင်ထံသို့မဆောင်မပို့ပါသနည်း။"

ဟုမေးသည်။

ထိုအခါကျမှ ထင်းခွေသည်မိန်းမသည် သား၏သဘောဆန္ဒကို လိုက်လျော၍ သားငယ်ကိုခေါ်ကာ ဗာရာဏသီမင်း၏ နန်းတော်တံခါးသို့သွား၍ မင်းကြီးအား ကြားလျှောက်စေသည်။

မင်းကြီးသည်လည်း အမိန့်တော်ဖြင့် ခေါ်စေသည်ဖြစ်သောကြောင့် ထိုထင်းခွေသည် မိန်းမနန်းတော်အတွင်းသို့သွားပြီးသော် ဗြဟ္မဒတ်မင်းကြီးကို ရှိခိုးဦးတင်၍-

"အရှင်မင်းမြတ်. . . လျှောက်ပတ်တင့်တယ် ဤသူငယ်ကား အရှင်မင်းမြတ်၏ သားတော်ပါတည်း။"

ဟု လျှောက်ထားလေသည်။

ဗြဟ္မဒတ်မင်းကြီးသည် တတ်အပ်သေချာစွာ သိထားသော်လည်း-

"ပရိတ်သတ်အလယ်၌ ရှက်ဖွယ်လိလိရှိအံ့"

ဟု မှတ်ထင်သောကြောင့်-

"ငါ၏သားတော်မဟုတ်ပါ"

ဟု မိန့်ကြားသည်။

"အရှင်မင်းမြတ်. . . ဤလက်စွပ်တော်ရတနာသည် အရှင်မင်းမြတ်၏ လက်စွပ်တော်ရတနာမဟုတ်ပါလော၊ ဤလက်စွပ်တော်ရတနာကို ကောင်းစွာသိသည် မဟုတ်ပါလော။"

"ဤလက်စွပ်ရတနာသည် ငါ၏လက်စွပ်ရတနာ မဟုတ်ပါ။"

"အရှင်မင်းမြတ်. . . အရှင်က ဤသို့ဆိုငြင်းသည်ရှိသော် ကျွန်တော်မျိုးမှာ သစ္စာဆိုခြင်းမှတစ်ပါး အခြားကိုးကွယ်ရာမရှိတော့ပါ။ ဤသူငယ်ကား အရှင်မင်းကြီးကိုစွဲ၍ မွေးဖွားသောသား အကယ်၍ဖြစ်ခဲ့သည်မှန်ငြားအံ့၊ ကောင်းကင်ထက်၌ တည်နေပါစေ၊ အရှင်မိခင်ကြီးစွဲ၍ မွေးဖွားသောသားမဟုတ်ခဲ့သော် မြေကြီးထက်၌ ကျရောက်၍သေပါစေ။"

ဘုရားလောင်းကလေးငယ်သည် ကောင်းကင်ထက်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေ, နေလျက် သာယာသောအသံဖြင့် မင်းကြီးအားဂါထာဖြင့်-

"ဖခင်မင်းမြတ်. . . အကျွန်ုပ်သည် အရှင်မင်းကြီး၏ သားတော်ပါတည်း၊ လူအပေါင်းကို အစိုးရတော်မူသောမင်းမြတ်. . . အရှင်မင်းမြတ်သည် ကိုယ်သွေးသားဖြစ်သော ကျွန်ုပ်ကိုသိမ်းယူပိုက်ထွေးမွေးမြူတော်မူပါလော့၊ လူတို့၏အရှင်ဖြစ်သောမင်းမြတ်သည် အမျိုးမစပ်ခင် ကင်းပြတ်ဝေးငြား သူတစ်ပါးတို့ကိုသော်လည်း သင့်လျော်မွေးကျွေးပေးကမ်းသမှု ကြည့်ရှုတော်မူချေသေးသည်။ မိမိမှဖြစ်သောသားကို အဘယ်သို့သောအကြောင်းကြောင့် ကောင်းစွာပြုပြင်သုတ်သင်ပေးကျွေးမမွေးမြူလိုပါသနည်း"

ဟု ပြောကြားသည်။

မင်းကြီးသည် အံ့ဩဖွယ်အဖြစ်ကိုလည်းကောင်း၊ သားတော်၏တရားစကားကိုကြားရပြီးသောအခါ၌လည်းကောင်း၊ အလွန်နှစ်သက်၍-

"ချစ်သား. . . လာပါလှည့်"

ဟုခေါ်၍ လက်ကိုဖြန့်တော်မူသည်။

"ချစ်သား. . . ချစ်သားကိုငါသည်သာလျှင် မွေးမြူပါအံ့၊ ငါသည်သာလျှင် မွေးမြူပါအံ့"

ဟုပြောဆိုကုန်လျက် တစ်ထောင်မျှလောက်သော စစ်သူကြီးတို့ကလည်း လက်အသီးသီးဖြန့်ကြသည်။

ဘုရားလောင်းသည် တစ်ပါးသောသူ၏လက်၌ မသက်ဆင်းဘဲမင်းကြီး၏လက်၌သာလျှင် သက်ဆင်းပြီးသော် မင်းကြီး၏ရင်ခွင်၌ထိုင်နေလေသည်။

ထိုအခါမင်းကြီးသည် သားတော်ကိုအိမ်ရှေ့အရာ၌ပေး၍ မိခင်ကိုမြတ်သော မိဖုရားကြီးအဖြစ်ကို ပေးသနားချီးမြှောက်လေသည်။

ထိုဘုရားလောင်းမင်းသားသည် ခမည်းတော်ကွယ်လွန်သော် ကဋ္ဌဝါဟန မင်းအမည်ဖြင့် မင်းပြုသည်ဖြစ်၍ တရားသဖြင့်မင်းအဖြစ်ပြုကာ ကံအားလျော်စွာ သွားရလေသည်။

* * * * *

မြတ်စွာဘုရားသည် ကောသလမင်းကြီးအား ဤဇာတ်တော်ကို ဟောတော်မူ၍ အနုသန္ဓေစပ်ပြီးပြီးသော်-

"ဒကာတော်မင်းကြီး. . . ထိုအချိန်၌ထင်းခွေသည်မ ဖြစ်ခဲ့ဖူးသော မယ်တော်သည် ယခုမဟာမာယာမိဖုရားကြီး ဖြစ်လာသည်။ ထိုအခါခမည်းတော် ဗြဟ္မဒတ်မင်းကြီးသည် ယခုအခါသုဒ္ဓေါဒနမင်းကြီး ဖြစ်လာသည်။ ထိုအချိန်က ကဋ္ဌဝါဟနမင်းသားသည် ယခုငါဘုရား ဖြစ်ခဲ့ရလေပြီ။"

ဟု ဇာတ်တော်ကိုပေါင်းတော်မူသည်။

"ဒကာတော်မင်းမြတ်. . ရှေးပညာရှိတို့သည် ဆင်းရဲပင်ပန်းလှသော ထင်းခွေသည်မအား မြတ်သောမိဖုရားကို ပေးတုံသေး၏။ ထိုထင်းခွေသည်မိန်းမငယ်၏ဝမ်း၌ ကိန်းပိုက်မွေးဖွားသော မင်းသားသည်(၁၂)ယူဇနာရှိသော ဗာရာဏသီပြည်ကြီး၌ မင်းအဖြစ်သို့ရောက်၍ ကဋ္ဌဝါဟနမင်း အမည်ဖြစ်ပေ၏။"

ဟု မိန့်ကြားတော်မူရာ ကောသလမင်းကြီးသည် မြတ်စွာဘုရားဟောစေအပ်သော တရားကို ကြားနာရ၍ မိမိ၏မျိုးနွယ်သည်သာ ပဏာမဖြစ်ပေသတတ်"

ဟု နှစ်သက်၍ ဝါသဘခတ္တိယမိဖုရားအားလည်းကောင်း၊ သားတော်ဝိဋ္ဋူဘအားလည်းကောင်း၊ ရှေးနည်းအတိုင်းအဆောင်အယောင်၊ အခြံအရံစည်းစိမ်တို့ကို ပြန်ပေးလေသည်။ ဝိဋ္ဋူဘကို စစ်သူကြီးရာထူးကိုပါထပ်မံ၍ ပေးကမ်းချီးမြှင့်လိုက်သည်။

## တရား၌ရှိသေမြတ်နိုးမှုသည်အကျိုးစီးပွားနှင့်စပ်သည်

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်းဗေဒါဠုပမည်သော သာကီဝင်မင်းတို့၏ နိဂုံး၌သီတင်းသုံးနေချိန်ဖြစ်သည်။

ထိုအခါ ပသေနဒီကောသလမင်းသည် တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စဖြင့် မြို့ငယ်များသို့လှည့်လျက်ရှိနေသည်။ ဤသို့လှည့်လည်စဉ် မင်းကြီးသည်သာယာလှပသော ရှုခင်းများကိုကြည့်လိုသဖြင့် ဒီဃကာရာယန စစ်သူကြီးကိုခေါ်၍ ကြီးကျယ်သောမင်း၏ကျက်သရေဖြင့် ဥယျာဉ်မြေသို့ ထွက်ခဲ့လေသည်။

ဥယျာဉ်မြေသို့ရောက်၍ တိတ်ဆိတ်ငြိမ်သက်၍ နှစ်သက်ကြည်နူးဖွယ်ကောင်းသောသစ်ပင်တောတောင်များကို မြင်ရလေသော်-

"ငါသည် ဤကဲ့သို့သောနေရာ၌ မြတ်စွာဘုရားကို ဆည်းကပ်ခဲ့ဖူးပေ၏"

ဟု သတိရမိလေသည်။

"ယခုအချိန်ဘုရားရှင် ဘယ်အရပ်၌သီတင်းသုံးနေပါသနည်း။"

ဟု စစ်သူကြီးကိုမေးသည်။

"မင်းကြီး. . . ဤနေရာမှသုံးယူဇနာဝေးသော ဗေဒါဠုပနိဂုံး၌ သီတင်းသုံးနေပါသည်။"

ဟု လျှောက်ထားသည်။

ထိုအခါ ကောသလမင်းကြီးသည် ကောင်းမြတ်သောယဉ်ရထားများကို ချက်ချင်းပြင်ဆင်စေပြီး ထိုမြို့ငယ်မှထွက်ခဲ့ရာ ဗေဒါဠုပနိဂုံးသို့နေ့ချင်းပေါက်ဆိုက်ရောက်လေသည်။

မင်းကြီးသည်ရောက်လျှင် ရောက်လျှင်ရောက်ချင်း ကျောင်းတိုက်သို့ဝင်၍ စကြံ့န်လျှောက်နေသော ရဟန်းတို့ကား-

"ဘုရားရှင် ဘယ်နေရာမှာ သီတင်းသုံးနေပါသလဲ၊"

ဟုမေးလျှောက်သည်။ ရဟန်းတို့က တံခါးပိတ်ထားသော ကျောင်းတစ်ဆောင်ကို ညွှန်ပြတော်မူရာ မင်းကြီးသည်သန်လျက်နှင့် သင်းကျစ်တို့ကိုဒီဃကာရာယန စစ်သူကြီးအားအပ်နှံပြီး ထိုကျောင်းတော်အတွင်းသို့ တစ်ဦးတည်းဝင်သွားသည်၊

ဘုရားရှင်အားတွေ့မြင်လျှင် ခြေတော်စုံပါးစပ်ဖြင့်စုပ်၍ လက်နှစ်ဘက် လက်နှစ်ဘက်ဖြင့် ကြိမ်ဖန်များစွာဆုပ်နယ်ပြီး-

"အရှင်ဘုရား. . . တပည့်တော်သည် ပသေနဒီကောသလမင်းပါတည်း"

ဟု မိမိ၏အမည်ကို လျှောက်ကြားလေသည်။

"မင်းကြီး. . . သင်သည်မည်ကဲ့သို့သော အကျိုးထူးကိုမြင်၍ ငါ၏ခန္ဓာကိုယ်၌ အလွန်အကြူးရိုသေမြတ်နိုးခြင်းကို ပြုဘိသနည်း။"

ဟု ဗုဒ္ဓကမေးသည်။

"အရှင်ဘုရား. . . တပည့်တော်သည် ဆယ်နှစ်၊ အနှစ်နှစ်ဆယ်ပင်သော ကာလပတ်လုံး ဗြဟ္မစရိယအကျင့်ကျင့်ပြီး နောက်ကာလ၌ ကာမဂုဏ်ငါးပါးဖြင့် ပျော်ပါးနေကြသောရဟန်း၊ ပုဏ္ဏား၊ အချို့ကိုတွေ့မြင်ရပါသည်။ ဤသာသနာ၌ကား အသက်ထက်ဆုံး စင်ကြယ်သောအကျင့်ကို ကျင့်သုံးနေကြသော ရဟန်း၊ ပုဏ္ဏားများကို တွေ့မြင်ရပါသည်။ ဤသာသနာမှအပ၌ ဤမျှပြည့်စုံစင်ကြယ်သော အကျင့်မြတ်ကိုမတွေ့မြင်ရပါ။ ဤအကြောင်းကြောင့် မြတ်စွာဘုရားသည် ကိုယ်တိုင်မှန်စွာသိမြင်သောပုဂ္ဂိုလ်ဖြစ်၏။ တရားတော်သည် ကောင်းစွာဟောကြားသောတရားတော်ဖြစ်၏။ တပည့်သံဃာတော်များသည် ကောင်းစွာကျင့်သော သံဃာဖြစ်၏။ဟူ၍ တပည့်တော်အနုမာနဉာဏ်ဖြစ်ပေါ်ခဲ့ပါ၏

အရှင်ဘုရား. . . ဤလောက၌ မင်း၊ ပုဏ္ဏား အစရှိသောအမျိုးလေးပါး တို့သည်လည်းကောင်း၊ သားသမီးမိဘစသော ဆွေမျိုးသားချင်းတို့သည်လည်း ကောင်း၊ အဆွေခင်ပွန်းတို့သည်လည်းကောင်း အချင်းချင်းငြင်းခုန်မှုပြုကြပါသည်။

ဤသာသနာ၌ကား ညီညွတ်ဝမ်းမြောက်စွာဖြင့် နို့နှင့်ရေကဲ့သို့ တစ်သားတည်းဖြစ်လျက် အချင်းချင်းချစ်ခင်သော မျက်စိဖြင့်ကြည့်ရှုနေသော ရဟန်းများကို

တပည့်တော်တွေမြင်ရပါသည်။ ဤသာသနာမှအပ၌ ဤမျှညီညွတ်သော ပရိတ်သတ်ကိုမတွေ့မြင်ရပါ။

"အရှင်ဘုရား. . . ထိုမှတစ်ပါးလည်း တပည့်တော်သည်ဥယျာဉ်ခြံမြေအတွင်း၌လှည့်လည်စဉ် ကြုံလှီဖျော့တော့၍ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသော ရဟန်း၊ ပုဏ္ဏားအချို့ကို တွေ့မြင်ရပါသည်။

ထိုရဟန်း၊ ပုဏ္ဏားတို့သည် မိမိတို့၏အကျင့်မြတ်၌ ပျော်မွေ့ခြင်းရှိကြဟန်မတူပါ၊ ဖုံးကွယ်ထားသောမကောင်းမှုများလည်းရှိကြဟန်တူပါသည်။ သို့သော်လည်း ယင်းတို့အားတပည့်တော်က မေးမြန်းသည့်အခါတွင်မူ မျိုးရိုးလိုက်သော ရောဂါရှိခြင်းကြောင့် ယင်းသို့ဖြစ်နေကြောင်းဖြေဆိုကြပါသည်။

"အရှင်ဘုရား. . . ဤသာသနာတော်၌ကား ရွှင်လန်းတက်ကြွလျက် အလွန်ပျော်မွေ့ကာ ပြည့်ဖြိုးသောက္ကန္ဒြေရှိကုန်သည်ဖြစ်၍ ကြောင့်ကြမဲ့ကင်းစွာနေထိုင်ကြသော ရဟန်းတို့ကိုတပည့်တော်တွေ့မြင်ရပါသည်။ ထိုရဟန်းတို့သည် တရားထူး၊ တရားမြတ်ကိုတဆင့်ပြီးတစ်ဆင့်တိုးတက်သိမြင်ကြကုန်သောကြောင့်သာ ယင်းသို့ပျော်မွေ့စွာနေထိုင်ကြခြင်းဖြစ်သည်ဟု ထင်ပါသည်ဘုရား။"

"အရှင်ဘုရား. . . ထိုမှတစ်ပါးလည်း ရာဇဘိသိက်ခံထားသော မင်းမျိုးစင်စစ်ဖြစ်သည့် တပည့်တော်သည် သတ်ထိုက်သူတို့ကိုသတ်ရန်လည်းကောင်း၊ ပစ္စည်းဆုံးရှုံးစေသူတို့ကို ပစ္စည်းဆုံးရှုံးစေရန်လည်းကောင်း၊ နှင်ထုတ်ထိုက်သူတို့ကို နှင်ထုတ်ရန်လည်းကောင်း၊ စွမ်းနိုင်၏။

ထိုကဲ့သို့စွမ်းနိုင်သော တပည့်တော်သည်တရားဆုံးဖြတ်ရာရုံး၌ ထိုင်နေစဉ် ပရိတ်သတ်သည် အကြားအကြား၌စကားပြောဆိုကြပါသည်။ တပည့်တော်ကား တားမြစ်သော်လည်းမရပါ။

အရှင်ဘုရား. . . အရာမကများစွာသောပရိတ်သတ်၌ မြတ်စွာဘုရားတရားဟောတော်မူသောအခါ၌ကား ချေဆတ်သံ၊ ချောင်းဟန့်သံပင်မရှိသော ရဟန်းပရိသတ်ကို တပည့်တော်တွေ့မြင်ရပါသည်။

အရှင်ဘုရား. . . ဤသာသနာတော်မှအပ၌ ဤမျှလိမ္မာယဉ်ကျေးသော ပရိတ်သတ်ကို တပည့်တော်မတွေ့ရပါ။

အရှင်ဘုရား. . . ထိုမှတစ်ပါးလည်း ပညာနှင့်ပြည့်စုံသော အချို့သော မင်း, ပုဏ္ဏား, သူကြွယ်, ရဟန်းတို့သည် ဘုရားရှင်အား ဝါဒတင်ခြင်းပြုရန်ရည် ရွယ်ကြကုန်လျက် ပြဿနာမေးခွန်းများကို ကြိုတင်၍ပြင်ဆင်ပြုလုပ်ထားကြပါ သည်။

ရဟန်းဂေါတမ. . . ဤသို့ပြောလျှင် ငါတို့ကဤသို့ဝါဒတင်ကြကုန်အံ့ဟူ၍ စီမံထားကြပါသည်။ သို့သော်လည်း ထိုပညာရှိသောမင်း, ပုဏ္ဏားတို့သည် မြတ်စွာဘုရားထံရောက်၍ ဘုရားရှင်ကတရားကို ဟောကြားလိုက်သောအခါ ကျေနပ်နှစ်သက်မှု ရရှိသွားကြသဖြင့် ဝါဒတင်ရန်မဆိုထားဘိ၊ ကြိုတင်ပြင်ဆင်ထားသော ပြဿနာကိုပင် မမေးကြတော့ပါ။

စင်စစ်အားဖြင့် ဘုရားရှင်၏တပည့်သာဝကများသာ ဖြစ်သွားကြသည်က များပါသည်။

"အရှင်ဘုရား. . . ထိုမှတစ်ပါးလည်း ဣသိဒတ္တနှင့် ပုရာဏအမည်ရှိသော လက်သမားနှစ်ယောက်တို့သည် တပည့်တော်ပေးသော ထမင်းရိက္ခာကို စား၍ တပည့်တော်ပေးသောယာဉ်ကို စီးနေသူများဖြစ်ပါသည်။ သို့သော်လည်း ထိုသူနှစ်ဦးသည်မြတ်စွာဘုရားအား ရိုသေတုပ်ဝပ်ခြင်းပြုကြသကဲ့သို့ တပည့်တော်အား ရိုသေတုပ်ဝပ်ခြင်းမပြုကြပါ။"

တစ်ခါက တပည့်တော်သည် စစ်ထွက်သွားစဉ် ထိုလက်သမားနှစ်ယောက်နှင့်အတူ ကျင်းကျပ်သောနေရာ၌ နေထိုင်ရပါသည်။ ထိုအခါလက်သမားနှစ်ယောက်တို့သည် ညဉ့်ဦးယံပတ်လုံးတရားစကားကို ပြောဆိုနေကြပြီး မြတ်စွာဘုရားရှိရာအရပ်သို့ ဦးခေါင်းပြု၍တပည့်တော်ကို ခြေရင်းပြုကာ အိပ်ခဲ့ကြပါသည်။ သို့အတွက် တပည့်တော်အား လွန်စွာအံ့ဩခြင်း ဖြစ်ခဲ့ရပါသည်။

မြတ်စွာဘုရားကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော ပုဂ္ဂိုလ်ဖြစ်၏။ တရားတော်သည်ကောင်းစွာ ဟောကြားအပ်သော တရားတော်ဖြစ်၏။ တပည့်သံဃာအပေါင်းသည် ကောင်းစွာကျင့်ကြံသော သံဃာဖြစ်၏ဟူ၍တပည့်တော်အား အနုမာနဉာဏ်ဖြစ်ပေါ်ခဲ့ပါသည်။

"အရှင်ဘုရား. . . ထိုမှတစ်ပါးလည်း အရှင်ဘုရားသည် မင်းမျိုးဖြစ်၍ တပည့်တော်သည်လည်း မင်းမျိုးဖြစ်ကြပါ၏။ အရှင်ဘုရားသည် ကောသလတိုင်း

သားဖြစ်၍ တပည့်တော်သည်လည်း ကောသလတိုင်းသား ဖြစ်ပါ၏။ မြတ်စွာဘုရားသည်လည်း သက်တော်(၈၀)ရှိပြီး တပည့်တော်သည်လည်း အသက်(၈၀)ရှိပါပြီ၊

အရှင်ဘုရား. . . ဤသို့သောအကြောင်းကြောင့်လည်း တပည့်တော်သည် မြတ်စွာဘုရား၌ အလွန်အကြူးရှိသေခြင်းကို ပြုခြင်းဖြစ်ပါသည်။

ပသေနဒီကောသလမင်းကြီးသည် ဤသို့လျှောက်ကြားပြီး ဘုရားရှင်အား ရှိခိုး၍ထိုနေရာမှ ထွက်ခွါသွားလေသည်။

ထိုအခါဘုရားရှင်က ရဟန်းတို့ကို-

"ရဟန်းတို့. . . ဤပသေနဒီကောသလမင်းသည် တရား၌ရိုသေမြတ်နိုးမှုများကိုပြောကြား၍ ဤနေရာမှထွက်ခွါသွား၏။ ရဟန်းတို့ သင်တို့သည်တရား၌ ရိုသေမြတ်နိုးမှုများကို သင်ယူကြကုန်လော့၊ အဖန်တလဲလဲလေ့လာကြကုန်လော၊ ဆောင်ထားကြကုန်လော၊

ရဟန်းတို့. . . တရား၌ရိုသေမြတ်နိုးမှုတို့သည် အကျိုးစီးပွားနှင့်စပ်ကုန်၏၊ မြတ်သောအကျင့်၏ အဦးအစဖြစ်ကုန်၏။"

ဟူ၍ ဟောကြားလေသည်။

**(မဇ္ဈိမပဏ္ဏာသ၊ ရာဇဝဂ်၊ ဓမ္မစေတိယသုတ်)**

## အပြစ်တင်ထိုက်သော အမှုအကျင့်

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဖြစ်သည်။ တစ်နေ့၌ ရှင်အာနန္ဒာသည် မြို့တွင်းဆွမ်းခံပြီး ဆွမ်းကိစ္စပြီးသောအခါ ပုဗ္ဗာရုံကျောင်းတွင် နေ့သန့်စင်ရန်ရည်ရွယ်လျက် မြို့တွင်းမှထွက်လာခဲ့သည်။

ထိုအချိန်တွင် ဧကပုဏ္ဍရိကမည်သောဆင်ကိုစီးလျက် မြို့တွင်းမှထွက်လာသော ပသေနဒီကောသလမင်းသည် ရှင်အာနန္ဒာကိုလှမ်းမြင်သဖြင့် သီရိဝဍ္ဎန အမတ်ကိုစေလွှတ်၍ ရှင်အာနန္ဒာကိုခေတ္တစောင့်ဆိုင်းပေးရန် တောင်းပန်စေသည်။

ထို့နောက်မင်းကြီးသည် ဆင်ပေါ်မှဆင်းပြီး မိမိအားရပ်တန့်စောင့်နေသော ရှင်အာနန္ဒာထံသို့ချဉ်းကပ်ရှိခိုးကာ-

"အရှင်ဘုရား. . . အကယ်၍ အရှင်အားအရေးတကြီးပြုဖွယ်ကိစ္စမရှိပါမူ တပည့်တော်ကို သနားငဲ့ညှာသောအားဖြင့် အစိရဝတီမြစ်ကမ်းပါးကြွပေးစေချင်ပါ၏။"

ဟု တောင်းပန်လျှောက်ထားလေသည်။

ရှင်အာနန္ဒာသည် မင်းကြီး၏တောင်းပန်ချက်ကို လက်ခံပြီးအစိရဝတီမြစ်ကမ်းနားသို့ကြွ၍ သစ်ပင်တစ်ပင်ရင်း၌ ခင်းထားအပ်သောနေရာ၌ထိုင်နေတော်မူသည်။

ကောသလမင်းကြီးသည် ဆင်စီးလိုက်လာပြီး ဆင်ပေါ်မှဆင်းသင့်သော နေရာ၌ဆင်း၍ ရှင်အာနန္ဒာထံသို့ချဉ်းကပ်ကာရှိခိုးပြီး ခင်းထားသောနေရာ၌ ထိုင်နေသည်။

"အရှင်ဘုရား. . . မြတ်စွာဘုရားသည်ရဟန်း၊ ပုဏ္ဏားတို့ကို အပြစ်တင်ဖွယ်ဖြစ်သော ကိုယ်အမူအကျင့်၊ နှုတ်အမူအကျင့်၊ စိတ်အမူအကျင့်တို့ကို ပြုကျင့်ပါသေးသလော။"

"မင်းကြီး. . . မြတ်စွာဘုရားသည် ပညာရှိသောရဟန်း၊ ပုဏ္ဏားတို့အပြစ်တင်ဖွယ်ဖြစ်သော ကိုယ်, နှုတ်, စိတ်အမူအကျင့်မျိုးတို့ကို မပြုကျင့်တော့ပါ။"

"အရှင်ဘုရား. . . အံ့ဖွယ်ကောင်းလှပါ၏။ မဖြစ်ဖူးမြဲထူးကဲလှပါ၏။ အမေးစကားဖြင့် ကျွန်ုပ်တို့ပြည့်စုံစေရန် မစွမ်းဆောင်နိုင်သောအကြောင်းတရားကို ရှင်အာနန္ဒာကအဖြေစကားဖြင့် ပြည့်စုံစေခဲ့ပါ၏။ မိုက်မဲသူ၊ မလိမ္မာသူတို့သည် မစူးစမ်းမဆင်ခြင်ဘဲ သူတစ်ပါး၏ဂုဏ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း၊ ပြောဆိုတတ်ကြပါ၏။ ထိုသူတို့၏စကားကိုအနှစ်သာရအားဖြင့် မယုံကြည်ကြပါ။

ပညာရှိသူ၊ လိမ္မာသူတို့ကား စူးစမ်းဆင်ခြင်၍ သူတစ်ပါး၏ဂုဏ်ကိုလည်းကောင်း အပြစ်ကိုလည်းကောင်း ပြောဆိုတတ်ကြပါသည်။

ကျွန်ုပ်တို့သည် ထိုသူတို့၏စကားကိုအနှစ်သာရအားဖြင့် ယုံကြည်ကြပါသည်။

"အရှင်ဘုရား. . . ပညာရှိသောရဟန်း၊ ပုဏ္ဏားတို့အပြစ်တင်ဖွယ်ဖြစ်သော ကိုယ်, နှုတ်, စိတ် အမူအကျင့်မျိုးဟူသည် အဘယ်နည်း။"

"မင်းကြီး. . . အပြစ်ရှိသောအမူအကျင့်မျိုးဖြစ်၏။"

"အရှင်ဘုရား. . . အပြစ်ရှိသောအမူအကျင့်မျိုးဟူသည် အဘယ်နည်း"

"မင်းကြီး. . . ဆင်းရဲနှင့်တကွဖြစ်သော အမူအကျင့်မျိုးဖြစ်၏။"

"အရှင်ဘုရား. . . ဆင်းရဲနှင့်တကွဖြစ်သော အမူအကျင့်မျိုးဟူသည် အဘယ်နည်း။"

"မင်းကြီး. . . ဆင်းရဲသောအကျိုးကို ဖြစ်စေတတ်သောအမူအကျင့်မျိုးဖြစ်၏။"

"အရှင်ဘုရား. . . ဆင်းရဲသောအကျိုးကို ဖြစ်စေတတ်သောအမူအကျင့်မျိုးဟူသည် အဘယ်နည်း။"

"မင်းကြီး. . . မိမိဆင်းရဲစေရန်၊ သူတစ်ပါးဆင်းရဲစေရန်၊ နှစ်ဦးစလုံးဆင်း

ရဲစေရန်ဖြစ်သည့်ပြင် ထိုပုဂ္ဂိုလ်အား အကုသိုလ်တရားတို့တိုးပွား၍ ကုသိုလ်တရားတို့အပြစ်တင်ဖွယ်ဖြစ်သော အမူအကျင့်ဖြစ်စေ၏။"

"အရှင်ဘုရား. . . မြတ်စွာဘုရားသည် အလုံးစုံသော အကုသိုလ်တရားတို့ကို ပယ်ခြင်းကိုသာလျှင် ချီးမွမ်းတော်မူပါသလော။"

"မင်းကြီး. . . မြတ်စွာဘုရားသည် အလုံးစုံသော အကုသိုလ်တရားတို့ကို ပယ်တော်မူ၏။ ကုသိုလ်တရားတို့နှင့်လည်း ပြည့်စုံတော်မူ၏။"

"အရှင်ဘုရား. . . ပညာရှိသောရဟန်း၊ ပုဏ္ဏားတို့ အပြစ်တင်ဖွယ်မရှိသော ကိုယ်အမူအကျင့်၊ နှုတ်အမူအကျင့်၊ စိတ်အမူအကျင့်သည်အဘယ်နည်း"

"မင်းကြီး. . . ကောင်းသောအမူအကျင့်မျိုး ဖြစ်ပေ၏။"

"အရှင်ဘုရား. . . ကောင်းသောအမူအကျင့်ဟူသည် အဘယ်နည်း။"

"မင်းကြီး. . . အပြစ်မရှိသော အမူအကျင့်မျိုးဖြစ်ပေ၏။"

"အရှင်ဘုရား. . . အပြစ်မရှိသော အမူအကျင့်မျိုးဟူသည် အဘယ်နည်း"

"မင်းကြီး. . . မိမိဆင်းရဲရန်၊ သူတစ်ပါးဆင်းရဲရန်၊ နှစ်ဦးစလုံးဆင်းရဲစေရန်မဖြစ်သည့်ပြင် ထိုပုဂ္ဂိုလ်အားအကုသိုလ်တရားတို့ ဆုတ်ယုတ်၍ကုသိုလ်တရားတို့တိုးပွားခြင်းသဘောရှိသည့် အမူအကျင့်မျိုးသည် ပညာရှိသောပုဏ္ဏားတို့ အပြစ်တင်ဖွယ်မရှိသော အမူအကျင့်ဖြစ်ပေ၏။"

"အရှင်ဘုရား. . . မြတ်စွာဘုရားသည် အလုံးစုံသောကုသိုလ်တရားတို့၏ ပြည့်စုံခြင်းကိုသာလျှင် ချီးမွမ်းတော်မူပါသလော။"

"မင်းကြီး. . . မြတ်စွာဘုရားသည် အလုံးစုံသောကုသိုလ်တရားတို့ကို ပယ်တော်မူ၏။ ကုသိုလ်တရားတို့နှင့် ပြည့်စုံတော်မူ၏။"

ထိုသို့သော ရှင်အာနန္ဒာ၏အဖြေစကားကို ကြားသောအခါ ပသေနဒီကောသလမင်းကြီးသည် လွန်စွာကျေနပ်နှစ်သက်၍ မာဂဓတိုင်းရှင် အဇာတသတ်ထံမှ မိမိလက်ဆောင်ရထားသော ကာသိတိုင်းဖြစ် အဝတ်အထည်တို့ကို ရှင်အာနန္ဒာအားလှူဒါန်းလေသည်။

ရှင်အာနန္ဒာက မိမိ၌သင်္ကန်းသုံးထည်ပြည့်စုံပြီးဖြစ်၍ အလှူမခံလိုကြောင်း ငြင်းပယ်သောအခါ-

"အရှင်ဘုရား. . . တောင်ထိပ်၌မိုးသည်းထန်စွာ ရွာသောအခါ ဤအစီရဝတီမြစ်သည် ကမ်းနှစ်ဘက်ပြည့်လျှံအောင် စီးသွားသကဲ့သို့ ထို့အတူရှင်အာနန္ဒာသည် ဤဗာဟိတိုင်းဖြစ်သောအဝတ်ကို တိစိဝရိတ်ပြု၍ သင်္ကန်းဟောင်းများကို သီတင်းသုံးဖော်တို့အား ဝေမျှပေးခဲ့သော် ဤအလှူသည်ပြည့်လျှံအောင် စီးသွားသကဲ့သို့ဖြစ်သွားပါလိမ့်မည်။ အရှင်အာနန္ဒာသည် ဤအဝတ်ကိုအလှူခံတော်မူပါ" ဟု မင်းကြီးက ထပ်မံလျှောက်ထားသည်။ ထိုအခါ ရှင်အာနန္ဒာမထေရ်က လက်ခံတော်မူသည်။ မင်းကြီးသည် ရှင်အာနန္ဒာကိုရှိခိုး၍ ထိုနေရာမှထွက်ခွါသွားလေသည်။

ရှင်အာနန္ဒာသည် ဘုရားရှင်ထံချဉ်းကပ်၍ ကောသလမင်းကြီးနှင့် တွေ့ဆုံပုံအကြောင်းစုံ၍ လျှောက်ကြားပြီးအဝတ်တို့ကိုလည်း ဘုရားရှင်အားလှူဒါန်းလေသည်။

**(မဇ္ဈိမပဏ္ဏာသ၊ ရာဇဝဂ်၊ ဗာဟိတိကသုတ်)**

# သတ္တဝါသေသည်နောက်ဖြစ်-မဖြစ်ပြဿနာ

ဂေါတမဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန် ဖြစ်သည်။ ကောသလမင်းသည်လည်း သာကေတမြို့မှ သာဝတ္ထိမြို့သို့ ပြန်အလာ တောရဏမည်သော တောအုပ်၌တစ်ညဉ့်မျှ နားနေချိန်ဖြစ်သည်။

ခေမာထေရီဘိက္ခုနီမသည် ထိုအချိန်၌ကောသလတိုင်းအတွင်း ဒေသ စာရီလှည့်လည်ရင်း၊ ထိုတောရ၊ တောအုပ်၊ ဇရပ်၌သီတင်းသုံးနေချိန်ဖြစ်သည်။

ထိုအခါ ကောသလမင်းကြီးသည် မိမိမင်းချင်းကို-

"အမောင်ယောကျ်ား၊ သွားစုံစမ်းပါချေ၊ ဤတောရဏအရပ်၌ ယနေ့ ငါဆည်းကပ်အံ့သော သမဏဖြစ်စေ၊ ဗြာဟ္မဏဖြစ်စေ သိအောင်စုံစမ်းပါလော့" ဟု မိန့်ကြားကာစေခိုင်းသည်။

မင်းအမတ်သည် မင်းကြီး၏အမိန့်အရ တောရဏအရပ်၌ စုံစမ်းလေ့လာ ရာ မင်းကြီးဆည်းကပ်သင့်သော သမဏ၊ ဗြာဟ္မဏပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ မတွေ့ရဘဲ ထိုတောအရပ်၌နေသော ခေမာထေရီကိုသာ စုံစမ်းတွေ့မြင်ရ၍ မင်းကြီးထံပြန်လာပြီးလျှင်-

"အရှင်မင်းမြတ်. . . ဤတောအရပ်၌ အရှင်မင်းမြတ်ဆည်းကပ်သင့်သော သမဏ၊ ဗြာဟ္မဏပုဂ္ဂိုလ်တစ်ပါးမျှမတွေ့ရပါ။ သို့ရာတွင် ဂေါတမဗုဒ္ဓဘုရားရှင်၏ တပည့်မသည်ပညာရှိ၏။ လိမ္မာ၏၊ အကြားအမြင်များ၏။ ဆန်းကြယ်သောတရား စကားကို ပြောဟောတတ်ပါ၏။ ကောင်းသောထိုးထွင်းဉာဏ်ရှိ၏ဟူသော ကောင်းသောသတင်း ကျော်စောခြင်းသည် ပျံ့နှံ့လွှမ်းတက်ပါ၏။ အရှင်မင်းမြတ်

ထိုမေတာထေရီမထံ ဆည်းကပ်စေလိုပါ၏။"
ဟု လျှောက်ထားလေသည်။

ကောသလမင်းကြီးသည်လည်း မင်းချင်းအမတ်လျှောက်ထားချက်ကို သဘောကျပြီး ခေမာထေရီ၊ ဘိက္ခုနီမထံသို့ သွားရောက်သည်။ အပြစ်လွတ်ရာ အရပ်၌ထိုင်ပြီး ရှိခိုးသည်။ ထို့နောက်ကောသလမင်းကြီးက မေးခွန်းပြဿနာမေး လျှောက်သည်။

"အရှင်မ. . . သတ္တဝါသည် သေသည်နောက်၌ ဖြစ်ပါသလော"

"မင်းမြတ်. . . သတ္တဝါသည်သေသည်မှ နောက်၌ဖြစ်၏ဟူသော ဤစကားကိုမြတ်စွာဘုရား မဟောပါ။"

"အရှင်မ. . . ထိုသို့ဖြစ်လျှင် သတ္တဝါသည်သေသည်မှနောက်မဖြစ်ဘူးလော"

"မင်းမြတ်. . . သတ္တဝါသည် သေသည်မှနောက်၌မဖြစ်-ဟူသော ဤစကားကို မြတ်စွာဘုရားမဟောကြားပါ။"

"အရှင်မ. . . သတ္တဝါတို့သည် သေသည်မှနောက်၌ ဖြစ်သည်လည်းရှိ မဖြစ်သည်လည်းရှိသလော။"

"မင်းမြတ်. . . သတ္တဝါတို့သည် သေသည်မှနောက်၌ ဖြစ်သည်လည်းရှိ မဖြစ်သည်လည်းရှိဟူသော ဤစကားကိုလည်း မြတ်စွာဘုရားမဟောပါ။"

"အရှင်မ. . . ထိုသို့ဖြစ်လျှင် သတ္တဝါသည်သေသည်မှနောက်၌ ဖြစ်သည် လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်ပါသလော။"

"မင်းမြတ်. . . သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်ဟူသော ဤစကားကိုမြတ်စွာဘုရား မဟောကြားပါ"

"အရှင်မ. . . ဤစကားလေးရပ်ကို မြတ်စွာဘုရားအဘယ်အကြောင်း ကြောင့် မဟောကြားပါသနည်း။"

"မင်းမြတ်. . . ထိုသို့ဖြစ်လျှင် ဤအရာ၌သင့်ကို ပင်ပြန်၍မေးဦးအံ့၊ သင်နှစ်သက်သလိုဖြေဆိုပါလေ၊ မင်းမြတ်. . . ဂင်္ဂါမြစ်၌သဲမှုန့်များ ဤမျှလောက် ရှိ၏ဟူ၍လည်းကောင်း၊ သဲမှုန့်ရာပေါင်း ဤမျှထောင်ပေါင်းဤမျှ သိန်းပေါင်းဤမျှ ရှိ၏ဟူ၍လည်းကောင်း၊ သဲမှုန့်များကိုရေတွက်ခြင်းငှါ စွမ်းနိုင်သောတစ်စုံတစ်

ယောက်သော ရေတွက်သမားဖြစ်စေ၊ လက်ချိုးရသမားဖြစ်စေ၊ အပေါင်းလိုက်ရေတွက်သမားဖြစ်စေ၊ သင်မင်းမြတ်မှာရှိပါသလော"

"မရှိပါ. . . အရှင်မ"

"မင်းမြတ်. . . မဟာသမုဒ္ဒရာ၌ ရေပေါက်များကွမ်းစား (ပြည်)ဤမျှပမာဏရှိ၏ဟူ၍လည်းကောင်း၊ ရေပေါက်ကွမ်းစားပမာဏအားဖြင့် ရာပေါင်းဤမျှ ထောင်ပေါင်းဤမျှ၊ သိန်းပေါင်းဤမျှရှိ၏ဟူ၍လည်းကောင်း ရေပေါက်များကို ရေတွက်ခြင်းငှါ စွမ်းနိုင်သောတစ်စုံတစ်ယောက်သော ရေတွက်သမားဖြစ်စေ၊ လက်ချိုးရေတွက်သမားဖြစ်စေ၊ အပေါင်းလိုက်ရေသမားဖြစ်စေ၊ သင်မင်းမြတ်မှာရှိပါသလော"

"မရှိပါအရှင်မ. . . မဟာသမုဒ္ဒရာသည် နက်လှပါ၏။ မနှိုင်းယှဉ်နိုင်ပါ၊ သက်ဝင်ရန်ခဲယဉ်းပါ၏။"

"မင်းမြတ်. . . ဤအတူပင်လျှင် သတ္တဝါဟုပညတ်နိုင်လျှင် ပညတ်နိုင်ရာသောရုပ်ကို မြတ်စွာဘုရားသည် ပယ်အပ်ပြီးပြီ၊ အရင်းအမြစ်မှပယ်ဖြတ်၊ နုတ်ပယ်ပြီးပြီ၊ ထန်းပင်ရာကဲ့သို့ပြုပြီးပြီ။ နောက်ထပ်မဖြစ်အောင်ပြုပြီးပြီ နောက်ထပ်တစ်ဖန်ဖြစ်ခြင်းသဘောမရှိ၊ ရုပ်အစုရုပ်ဟူသောခေါ်ဝေါ်ခြင်းမှ လွတ်ပြီးပြီ။"

မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ ဂုဏ်တော်နှင့်အဗ္ဗာသယနက်နဲလှ၏။ မနှိုင်းယှဉ်နိုင်၊ သက်ဝင်ရန်ခဲယဉ်း၏။ မြတ်စွာဘုရားအဖို့ သေသည်မှနောက်၌ဖြစ်၏-မဖြစ်၏ ဖြစ်မဖြစ်၊ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်ဟူ၍ မဆိုးသင့်တော့ပြီ၊

သတ္တဝါဟုပညတ်လျှင် ပညတ်နိုင်ရာသော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ကိုဘုရားရှင်သည် ပယ်အပ်ပြီးပြီ၊ ထိုဝေဒနာစသော ခေါ်ဝေါ်ပညတ်ခြင်းမှ လွတ်တော်မူပြီးသော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ ဂုဏ်တော်နှင့် အဗ္ဗာသယနက်နဲလှ၏။ မနှိုင်းယှဉ်နိုင်ပါ၊ သက်ဝင်ရန်ခဲယဉ်းလှ၏။"

ထိုမြတ်စွာဘုရားအဖို့ရာ သတ္တဝါသည်သေသည်မှနောက်၌ဖြစ်၏စသော စကားသည်မသင့်တော့ပါချေ။"

ဟု ခေမာထေရီမက ကောသလမင်းကြီးကို ရှင်းလင်းဟောကြားပြရာ ကောသလ

မင်းကြီးသည် နှစ်သက်ဝမ်းမြောက်၍နေရာမှထ,ကာ ရှိခိုးပြီးလျှင် အရိုသေပြု၍ ဖယ်ခွာသွားလေသည်။

ထို့နောက် ကောသလမင်းကြီးသည် အခါတစ်ပါး၌ဘုရားရှင်ထံချဉ်းကပ်ပြီးလျှင် ခေမာထေရီကိုမေးသကဲ့သို့ ဘုရားရှင်ကိုမေးမြန်းရာ ဘုရားရှင်ကလည်း ခေမာထေရီမဖြေဆိုသည့်အတိုင်း ဖြေဆိုတော်မူသည်။

ထိုသို့ ခေမာထေရီမနှင့် မြတ်စွာဘုရားရှင် ဖြေဆိုပုံကိုသဝေ-ပိုဒ်မမျှမကွဲ တစ်ထပ်တည်းတူညီနေသောအခါ ကောသလမင်းကြီးသည် အလွန်အံ့ဩသွားပြီးလျှင်-

"မြတ်စွာဘုရား. . . အံ့ဩဖွယ်ရှိပေစွ၊ မဖြစ်ဖူးမြဲဖြစ်ပေစွ၊ မြတ်စွာဘုရားနှင့် အရှင်ဘုရား၏တပည့်တော်မ,၏တရားဟောရာ၌ အနက်အချင်းချင်း သဒ္ဒါအချင်းချင်း တစ်ထပ်တည်းတူလှပါ၏။ ညီညွတ်လှပါ၏။ မဆန့်ကျင်ပါ။

မြတ်စွာဘုရား. . . တပည့်တော်တစ်ချိန်က ခေမာထေရီဘိက္ခုနီမထံသို့ ချဉ်းကပ်ပြီးလျှင် ဤအကြောင်းအရာကို မေးဖူးပါ၏။ ထိုအရှင်မသည်လည်း ဤပုဒ် ဤသဒ္ဒါတို့ဖြင့်ပင် ယခုအရှင်ဘုရား ဖြေကြားတော်မူသကဲ့သို့ ဖြေကြားခဲ့ပါပြီ။"

မြတ်စွာဘုရား. . . အလွန်အံ့ဩဖွယ် ရှိလှပါပေ၏။ မဖြစ်ဖူးမြဲ ဖြစ်လှပေ၏"

ဟု လျှောက်ထားပြီး ဘုရားရှင်၌အလွန်နှစ်သက် ကြည်ညိုဝမ်းမြောက်စွာပင်ရှိခိုးကာ ခွင့်ပန်လျှောက်ထားပြီး ပြန်ခဲ့လေသည်။

**(အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာ၊ ထေရီဂါထာ-ခေမာထေရီဝတ္ထု)**

## နောက်မှမိန်းမရိုပ်လိုက်နေသောရဟန်းအား ကောသလမင်းကိုယ်တိုင်ဖမ်းပုံ

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန် ဖြစ်သည်။ သာဝတ္ထိပြည်သား ရဟန်းတစ်ပါးသည် ရဟန်းပြုသောနေ့မှစ၍ အဆင်းရုပ်ရည်လွန်စွာလှပသော မိန်းမရုပ်အသွင်တစ်ခုသည် ထိုရဟန်းနောက်မှ အရိပ်သဖွယ်လိုက်နေသည်ကို လူအများရဟန်းများက မြင်တွေ့ကြသည်။ ရဟန်းကမူ မမြင်တွေ့ပါချေ။

ထိုရဟန်း ရွာထဲ၊ မြို့ထဲသို့ဆွမ်းခံကြွဝင်သောအခါ ဆွမ်းလောင်းလှူသောသူတို့က မထေရ်အား-

"အရှင်ဘုရား. . . ဤဆွမ်းသည် အရှင်အတွက်ဖြစ်ပါစေ၊ ဤဆွမ်းသည် အရှင်ဘုရား၏အဖော် ခင်ပွန်းမအားဖြစ်ပါစေ။"

ဟု ပြောဆို၍ နှစ်ဖို့သောဆွမ်းကို ပေးလှူလေ့ကြလေ့ရှိသည်။

ထိုမိန်းမမျိုးအသွင်နောက်က လိုက်နေသည်ကို အကြောင်းပြု၍မထေရ်ကို ကောဏ္ဍဓာနမထေရ်ဟူသော အမည်ပြုခေါ်ကြကုန်သည်။

ထိုသို့အခြင်းအရာဖြင့် လှည့်လည်သွားနေသော ထိုကောဏ္ဍဓာနမထေရ်ကို ရဟန်းတို့သည် မလိုလားကြ၍ အနာထပိဏ်သူဌေးကြီးထံသို့သွားကြကာ-

"ဒါယကာ. . . သူဌေးကြီး ဤဒုဿီလရဟန်းကို အသင်ကျောင်းမှာ နှင်ထုတ်ပေးပေါလော၊ ဤဒုဿီလရဟန်းကိုမှီ၍ ကျန်ကုန်သောရဟန်းတို့အား အရှိန်အစော်မဲ့ခြင်း ဖြစ်ပါသည်။"

ဟု ပြောဆိုတိုင်ကြားကြသည်။

"အရှင်ဘုရားတို့. . . အသို့ပေနည်း၊ ကျောင်း၌ဘုရားရှင်မရှိပါလော"

"ဒါယကာ. . . ရှိပါ၏"

"အရှင်ဘုရားတို့ ထိုသို့ဖြစ်လျှင် ဘုရားရှင်သည်ပင် သိတော်မူလတ့်"

"ရဟန်းတို့သည် အနာထပိဏ်ကျောင်းဒါယကာထံ၌ ပြောမရသောအခါ ဝိသာခါဒါယိကာမကြီးထံသို့ သွားရောက်ပြောကြပြန်သည်။

ဝိသာခါဒါယိကာမကြီးကလည်း အနာထပိဏ်သူဌေးကြီးကဲ့သို့ပင် ပြန်ပြောလိုက်၍ ရဟန်းတို့သည်ကောသလမင်းကြီးထံသို့ သွားရောက်ပြောကြားကြပြန်သည်။

"ဒကာတော်မင်းမြတ်. . . ကောဏ္ဍဓာနမထေရ်သည် မိန်းမတစ်ယောက်ကို ယူဆောင်လှည့်လည်လျက် အလုံးစုံသောရဟန်းတို့အား အရှိန်အစော်အကျော်အစောကဲ့သို့ ဖြစ်စေ၏။ ထိုမထေရ်ကိုတိုင်းပြည်မှ နှင်ထုတ်ပေးပါလော့" ဟု ပြောကြားကြကုန်သည်။

"အရှင်ဘုရားတို့ ထိုမထေရ်သည် အဘယ်အရပ်မှာနေပါသနည်း။"

"ဒကာတော်မင်းမြတ်. . . ဇေတဝန်ကျောင်း၌ နေပါ၏။"

"အဘယ်မည်သောကျောင်း၌ နေပါသလဲ"

"ဤအမည်ရှိသော ကျောင်း၌နေပါ၏"

"ဤသို့ဆိုက အရှင်ဘုရားတို့ ကြွနှင့်ပါလော့၊ ဒကာတော်ကိုယ်တိုင် ထိုမိန်းမကို ဖမ်းဆီးပါမည်။"

ကောသလမင်းသည် ညချမ်းအချိန် မြတ်စွာဘုရားထံသို့သွား၍ ကောဏ္ဍဓာနမထေရ် သီတင်းသုံးသောကျောင်းသို့သွားကာ မင်းချင်းယောကျ်ားတို့ဖြင့် ဝန်းရံ၍မထေရ်နေရာသို့ ရှေ့ရှုသွားလေသည်။

မထေရ်သည် များစွာသောအသံကိုကြား၍ ကျောင်းမှထွက်ပြီးမုခ်ဦး၌ ရပ်တည်၏။ ထိုမိန်းမရုပ်အသွင်သည် မထေရ်၏နောက်အဖို့၌ ရပ်တည်နေသည်ကို ကောသလမင်းကြီးမြင်တွေ့ရသည်။

မထေရ်သည် မင်းကြီးလာသည်ကိုသိ၍ ကျောင်းပေါ်သို့တက်ပြီးလျှင် ထိုင်နေသည်။ မင်းကြီးသည်မထေရ်ကိုရှိမခိုး၊ ထိုမိန်းမရုပ်ကိုလည်းမမြင်ရတော့ပေ၊

ထိုအခါမင်းကြီးသည် တံခါးကြား၊ ညောင်စောင်းအောက်စသည်တို့၌ နေရာအနှံ့ရှာစေသော်လည်း ထိုမိန်းမကိုမတွေ့မြင်ရပေ။

"အရှင်ဘုရား. . . ဤအရပ်၌ မိန်းမတစ်ယောက်ကို မြင်ရပါသည်။ ထိုမိန်းမသည် အဘယ်မှာပါနည်း။"

"ဒကာတော်မင်းကြီး. . . ငါသည်မိန်းမကို မမြင်မိပေ။"

"အရှင်ဘုရား. . . ယခုခဏ၌ပင် အရှင်ဘုရားနောက်၌ မိန်းမရပ်တည်နေသည်ကို တပည့်တော်မြင်တွေ့ခဲ့ရပါသည်။"

"ဒကာတော်မင်းကြီး. . . ငါကမူ မမြင်မိပေ။"

ဤအမှုကား အကြောင်းအသို့နည်းဟု မင်းကြီးသည်ကြံစည်ပြီးလျှင် -

"အရှင်ဘုရား. . . ဤအရပ်မှ ထွက်ကြွတော်မူပါဦး"

ဟု လျှောက်ထားရာ မထေရ်သည်ထွက်သွား၍ မုခ်ဦး၌တည်ပြန်သည်ရှိသော် တစ်ဖန်ထိုမိန်းမရုပ်အသွင်သည် မထေရ်၏နောက်၌ တည်နေပြန်သည်ကို တွေ့မြင်ရလေသည်။ မင်းကြီးသည်အထက်အပြင်ဘက်သို့တက်၍ ကြည့်ရှုရှာဖွေသည်။ ထိုမိန်းမကို လုံးဝရှာမတွေ့ချေ။

"ဒကာတော်မင်းကြီး. . . မိန်းမကိုငါသည် မမြင်ပါ။"

"အရှင်ဘုရား. . . အသို့ပြောဆိုပါသနည်း။ ယခုပင် တပည့်တော် ထိုမိန်းမကို အရှင်ဘုရားနောက်မှ မြင်တွေ့စေပါသည်။"

"ဒကာတော်မင်းကြီး. . . လူများအပေါင်းလည်း ငါ၏နောက်မှမိန်းမတစ်ယောက်လိုက်လာပါသည်ဟု ပြောကြလေ့ရှိပါ၏။ ငါမူကား မမြင်ရပါချေ။"

"ဤမထေရ်ပြောသောစကားသည် သင့်လျော်လျှောက်ပတ်ခြင်း ဖြစ်ပေလိမ့်မည်။"

ဟု မင်းကြီးသည်မှတ်ထင်၍မထေရ်ကို-

"အရှင်ဘုရား. . . ဤအရပ်မှထ၍ ကြွတော်မူပါဦး"

ဟုလျှောက်ထားသည်။

မထေရ်သည်သက်ဆင်း၍ မုခ်ဦး၌တည်ပြန်သည်။ ထိုအခါ ထိုမိန်းမရုပ်အသွင်သည်မထေရ်၏နောက်၌ တွေ့မြင်ရပြန်သည်။ အထက်သို့ပြန်တက်ကြည့်

ပြန်သော် မိန်းမရုပ်သွင်ကိုမမြင်ရပြန်ချေ။ မင်းကြီးက မထေရ်ကိုယခင်အတိုင်း မေးပြန်သော် မထေရ်ကလည်း ငါသည်မမြင်ဟူ၍သာ အဖြေပေးလေသည်။

"ဤမထေရ်ပြောသောစကားသည် သင့်လျော်မှန်ကန်သည်။"
ဟု သံသယကင်းရှင်းဆုံးဖြတ်ပြီး မထေရ်ထံသို့ ချဉ်းကပ်ကာ-

"အရှင်ဘုရား. . . ဤသို့သဘောရှိသော သီလညစ်နွမ်းဖွယ်အကြောင်း မကောင်းသော ဝိသဘာဝပုဂ္ဂိုလ်သည် အရှင်ဘုရား၏နောက်၌ လိုက်ပါလှည့် လည်သည်ကို မြင်ကြရသည်ရှိသော် အရှင်ဘုရားအား မည်သူကမျှဆွမ်းကိုမပေး လှူပါလတ့်၊ အမြဲမပြတ်ဒကာတော်၏ နန်းတော်သို့ကြွတော်မူပါကုန်လော၊ ဒကာ တော်ကသာလျှင် ပစ္စည်းလေးပါးကိုချီးမြှင့်၍ လုပ်ကျွေးပြုစုပါအံ့။"
ဟု မထေရ်ကိုလျှောက်ထားပြီး ပြန်လာခဲ့လေသည်။

"ငါရှင်တို့. . . ယုတ်မာသောမင်းကြီး၏ ပြုလုပ်သောအမူအရာကို ကြည့် ရှုကြပါကုန်လော၊ ထိုရဟန်းကို ကျောင်းမှနှင်ထုတ်ပါဟု ပြောဆိုသည်ကိုလာ ရောက်ပြီး ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်ကြား၍သွားလေဘိသည်။"
ဟု ရဟန်းတို့သည် မကျေမနပ်ဖြစ်ကြပြန်ကာ မင်းကြီးကိုကဲ့ရဲ့ရှုတ်ချကြပြန်သည်။ ထိုကောဏ္ဍမာနမထေရ်ကိုလည်း-

"အို. . . အချင်းဒုဿီလ ယခုအခါ၌မင်းကြီးသည် လူတုန်၊ လူချီးဟုပြော ဆိုနိုင်သည့်အဖြစ်ကို ဖြစ်စေအပ်ပေသည်။"
ဟု ပြောဆိုကြကုန်သည်။

ထိုမထေရ်သည် ရဟန်းတို့က မိမိအားဤကဲ့သို့ပြောဆိုပါက ရှေးအခါက ဆိုလျှင် တစ်စုံတစ်ခုကိုမျှပြန်၍ ပြောဆိုခြင်းငှါ မစွမ်းဆောင်နိုင်သောကြောင့် ငြိမ်နေ၏။

"အသင်တို့သည်သာ သီလမရှိသော ဒုဿီလ၊ အသင်တို့သည်သာ လူတုန် လူချီး၊ အသင်တို့သည်သာ မိန်းမကိုယူ၍လှည့်လည်ကုန်ဘိ၏။"
ဟု ယခုမူပြန်လှန်နှုတ်ထိုးလေသည်။

ရဟန်းတို့သည် ပိုမို၍မကျေမနပ်ဖြစ်ကြကာ မြတ်စွာဘုရားထံသို့ သွား ရောက်၍-

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . ကောဏ္ဍဓာနမထေရ်ကို တပည့်တော်တို့သည် ပြောဆိုဆုံးမအပ်သည်ရှိသော် တပည့်တော်တို့ကို ဒုဿီလ အစရှိသည်တို့ကိုပြောဆို၍ ဆဲရေးပါသည်ဘုရား"

ဟု လျှောက်ထားကြသည်။

ဗုဒ္ဓသည် ကောဏ္ဍဓာနမထေရ်ကို ချက် ချင်းခေါ် စေ၍ ရောက်လာသောအခါ

"ချစ်သားရဟန်း. . . သင်သည် ဤသို့ဆဲရေးပြောဆိုသော ဟူသည်မှန်ပါသလော။"

ဟုမေးသည်။

"မြတ်စွာဘုရား. . . မှန်ပါ၏။"

"ချစ်သား. . . အကြောင်းကား အဘယ်နည်း။"

"တပည့်တော်နှင့် အတူတကွတပည့်တော်ကို ထိပါးပုတ်ခတ်၍ ပြောဆိုသောကြောင့် ဆဲရေးမိပါသည်။"

"ချစ်သားရဟန်းတို့. . . အသင်တို့သည် ဤရဟန်းနှင့်အတူတကွ အဘယ်ကြောင့် ထိပါးပုတ်ခတ်၍ ပြောဆိုကြကုန်သနည်း။"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . ဤရဟန်း၏နောက်မှ မိန်းမ တစ်ယောက်လိုက်ပါလှည့်လည်သည်ကို မြင်ရသောကြောင့် ပြောကြားကြပါသည်"

"ချစ်သားရဟန်း. . . ဤရဟန်းတို့က အသင်သည်မိန်းမတစ်ယောက်နှင့် အတူတကွလှည့်လည်သည်ကို မြင်ရသောကြောင့် ပြောဆိုကြကုန်သည်။ အသင် သည် မမြင်ရဘဲသာလျှင် ရဟန်းတို့ကိုအဘယ်ကြောင့် ဆဲရေးပုတ်ခတ်၍ပြောဆို ဘိသနည်း။ ရှေး၌အသင်သည် ယုတ်မာသောသဘောရှိသော အမှုကိုအမှီပြုပြီး အသင့်အားဤသို့ မြင်ရသည်မဟုတ်ပါလော၊ ဤယခုအခါ၌လည်း အဘယ်ကြောင့် ယုတ်မာသောမကောင်းမှုကံကို စွဲယူပြုလုပ်နေဘိသနည်း။"

ဟု ဘုရားရှင်ကမိန့်ကြားသည်။

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ဤရဟန်း၏ရှေးကပြုခဲ့ဘူး သော မကောင်းမှုကံဟူသည်ကား အဘယ်နည်း။"

ဟု မေးလျှောက်ကြသည်။

"ချစ်သားရဟန်းတို့. . . ကဿပဘုရားရှင် လူ့တွင်ထင်ရှားပွင့်တော်မူလာသောအခါ မိတ်ဆွေရဟန်းနှစ်ပါးတို့ရှိသည်။ သူတို့နှစ်ဦးသည် တစ်မိထဲကမွေးသောသူတို့ကဲ့သို့ တစ်ဦးကိုတစ်ဦး ညီအစ်ကိုတမျှ အလွန်ချစ်ကြသည်။

သက်တော်ရှည်ဘုရားရှင်တို့၏ လက်ထက်၌တစ်နှစ်ကို တစ်ကြိမ်တစ်ကြိမ်သော်လည်းကောင်း၊ ခြောက်လကိုတစ်ကြိမ်စီသော်လည်းကောင်း၊ ရဟန်းတို့သည်သာ ဥပုသ်ပြုကြသည်။

ထိုမိတ်ဆွေရဟန်းနှစ်ပါးတို့သည် ဥပုသ်အိမ်သို့သွားကြကုန်အံ့ဟု ပြောဆိုတိုင်ပင်ပြီး နေရာအရပ်မှထွက်လာကြကုန်သည်။

တာဝတိံသာနတ်ပြည်၌ဖြစ်သော နတ်သားတစ်ပါးသည် ထိုရဟန်းနှစ်ပါးကိုမြင်၍-

"ဤရဟန်းနှစ်ပါးသည် အလွန်လျှင်အကျွမ်းတဝင် ညီညွတ်ကြကုန်၏။ အသို့နည်း။ ငါသည်ဤရဟန်းနှစ်ပါးကွဲပြားအောင် ခွဲခြင်းငှါစွမ်းနိုင်ပါအံ့လော" ဟု မိမိသည်မိုက်မဲသည့်အလျောက် ကြံစည်ပြီးနောက် ထိုရဟန်းနှစ်ပါး၏ခရီးသွားရာသို့ ဆင်းလာခဲ့သည်။

ရဟန်းနှစ်ပါးတို့တွင်တစ်ပါးက-

"ငါ့ရှင်တစ်ခဏမျှ စောင့်လင့်ပါဦး၊ ငါသည်ကိုယ်လက်သန့်စင်ခြင်းကိစ္စအလိုရှိပါသည်။"

ဟုပြောပြီး ချုံတစ်ခုထဲသို့ သွားသည်ရှိသော် ထိုနတ်သည်လည်း မိန်းမတစ်ယောက်အသွင်ဖန်ဆင်း၍ မထေရ်ဝင်သွားသောချုံအတွင်းသို့ လိုက်ပါဝင်သွားပြီး မထေရ်ထွက်လာသောအခါ၌လည်း လက်တစ်ဘက်ဖြင့်ဆံထုံးကို ပွတ်သပ်ကိုင်မ၍ လက်တစ်ဘက်ဖြင့်အဝတ်ကို ကိုင်ဆွဲပြင်ဝတ်ပြီး မထေရ်၏နောက်မှထွက်၍ လိုက်လာသည်။ မထေရ်သည် ထိုမိန်းမကို မမြင်ချေ။

စောင့်နေသောအဖော်ရဟန်းသည် ထိုရဟန်းနှင့်ထိုမိန်းမ၏အမူအရာတို့ကိုတွေ့မြင်၍ နတ်သည်ကွယ်သွားလေသည်။ အဖော်ရဟန်းသည် မိမိထံအနီးသို့ရောက်လာသောကိုယ်လက်သန့်စင်သောရဟန်းကို-

"ငါ့ရှင်. . . သင်အားသီလပျက်စီးလေပြီ"

ဟုဆို၍ အပြစ်ပြောဆိုလေသည်။

"ငါ့ရှင်. . . ငါအားဤသို့သဘောရှိသော အမှုသည်မရှိပါ။"

"ယခုပင်လျှင်. . . သင်နှင့်အတူပျိုမျစ်နုနယ်သော မိန်းမတစ်ယောက် သင်နှင့်အတူ ချုံထဲမှထွက်လာသည်ကို ငါဒိဋ္ဌမြင်ခဲ့ရပြီ။ အသင်ကငါ့အား ဤသို့ သဘောရှိသော အမှုသည်မရှိပါဟု အဘယ့်ကြောင့်ပြောဆိုပါသနည်း။"

ထိုရဟန်းသည် ဦးထိပ်၌မိုးကြိုးစက်ကဲ့သို့ တုန်လှုပ်ချောက်ချားသွားကာ-

"ငါ့ရှင်. . . ငါ့ကိုမဖျက်ဆီးပါလင့်၊ ငါအား ဤသို့သဘောရှိသောအမှု သည် မရှိပါ။"

ဟု တောင်းပန်ပြောဆိုသည်။

"ငါသည် ကိုယ်တိုင်မျက်စိဖြင့် မြင်ရ၏။ အသင်၏စကားကိုအဘယ်သို့ ယုံရမည်နည်း။"

ဟု ပြောဆိုပြီး အတူတကွမသွားတော့ဘဲ တောင်ဝှေးတုတ်တံကို တစ်ပြန်လောက် ခွဲပြီးလျှင် သွားလေသည်။

ဥပုသ်အိမ်၌လည်း ငါသည် ဤရဟန်းနှင့် အတူတကွဥပုသ်ကို မပြုအံ့' ဟုဆိုကာ ထိုင်နေသည်။

"အရှင်ဘုရားတို့. . . တပည့်တော်၏သီလ၌ အနုမြူခန့်မျှလည်းဖြစ်သော ငြိစွန်းခြင်း မည်းညစ်ခြင်းမရှိပါ။"

ဟု ရဟန်းတို့ကို ပန်ကြားပြောသည်။

"အရှင်ဘုရားတို့. . . တပည့်တော်မျက်စိဖြင့် ကိုယ်တိုင်ပင်အမျိုးသမီးနှင့် ဤရဟန်းအတူ ချုံထဲကထွက်လာသည်ကို မြင်ပါ၏။"

ဟု အဖော်ရဟန်းကလည်း ပြောပြသည်။

နတ်သားသည် ထိုရဟန်းနှင့်အတူတကွ ဥပုသ်ပြုခြင်းငှါ အလိုမရှိသည်ကို မြင်ရသဖြင့်

"ငါသည် ဝန်လေးသောအမှုကို ပြုအပ်၏။"

ဟု ကြံစည်မိပြီးလျှင် လူ့ပြည်ထိုနေရာသို့ သက်ဆင်းကာ-

"အရှင်ဘုရားတို့. . . ဤအရှင်ကား သီလပျက်စီးခြင်းမရှိပါ။ တပည့်တော် သည် စုံစမ်းသည်အစွမ်းဖြင့် ဤအမှုကိုပြုအပ်ပါသည်။ အရှင်ဘုရားတို့သည် ဤ ရဟန်းနှင့်အတူတကွ ဥပုသ်ပြုတော်မူပါဘုရား။"

ဟု နတ်သားကကောင်းကင်၌ ရပ်တည်လျက်ပြောဆိုသည်။ ထိုအခါကျမှ ရဟန်းများက ယုံကြည်ကြပြီး ထိုရဟန်းနှင့်အတူ ဥပုသ်ကံပြုကြသည်။

သူငယ်ချင်းမိတ်ဆွေနှစ်ပါးမှာမှ ရှေးကဲ့သို့မချစ်ခင်ကြတော့ဘဲ စိတ်ဝမ်းကွဲသွားကြလေသည်။

ထိုနတ်သားသည် ဤမျှလောက်သော မကောင်းမှုကိုပြုခဲ့သဖြင့် အသက်၏အဆုံး၌ အဝိစိငရဲ၌ဖြစ်၍ ဘုရားတစ်ဆူအကြားကာလပတ်လုံးခံရပြီး ယခုငါဘုရားလက်ထက်ဝယ် သာဝတ္ထိပြည်၌လူလာဖြစ်ပြီး ယခုရဟန်းပြုခဲ့သည်။ ထိုရဟန်း၏ ရဟန်းပြုသောနေ့မှစ၍ ထိုအကုသိုလ်အကျိုးဆက်သည်လိုက်၍ ယခုကဲ့သို့မိန်းမအသွင်သဏ္ဍာန် အလိုက်ခံရသောဝဋ်ကို ခံနေရသည်။

"ချစ်သားရဟန်း. . . ဤသို့သော မကောင်းမှုကံကိုမှီ၍ အသင်သည် ဤမျှလောက်ဖောက်ပြန် ပျက်စီးခြင်းသို့ရောက်ရ၏။ ဤယခုတစ်ဖန် ဤသို့သဘောရှိသော မကောင်းမှုကိုပြုစုစီရင် ယူငင်ခြင်းငှါမသင့်လျော်ပါချေ။ နောင်ကာလ၌ ရဟန်းတို့နှင့်အတူတကွ စကားပြောဆိုခြင်းကိုမပြုလင့်၊ အနားမျက်နှာရေးဝ၌ ပြတ်သောကြေးခွက်နှင့်တူစွာ အသံဆိတ်သည်ဖြစ်လေလော၊ ဤသို့ပြုအပ်သည်ရှိသော် နိဗ္ဗာန်သို့ရောက်သည်မည်သည် ဖြစ်ပေလိမ့်မည်။"

ဟု မိန့်ကြားပြီးဆက်လက်၍-

"ပုဂ္ဂိုလ်တစ်စုံတစ်ယောက်ကိုလည်း ကြမ်းကြုတ်သောစကားကို မဆိုပါလင့်၊ သင်ဆိုအပ်သောသူတို့သည် သင့်ကိုတစ်ဖန်ပြန်၍ဆိုကုန်၏။ ချုပ်ချယ်သောစကားမည်သည် ဆင်းရဲ၏။ သင့်ကိုတစ်ဖန်ဒဏ်ပြန်မှုသည် ရောက်လာပေကုန်၏၊

အနားပြတ်သောကြေးခွက်သည် အသံမထွက်သကဲ့သို့ မိမိကိုယ်ကိုမတုန်လှုပ်အောင်အကယ်၍နေခြင်းငှါ စွမ်းနိုင်သည်ဖြစ်အံ့၊ ဤသို့စွမ်းနိုင်သည်ရှိသော် နိဗ္ဗာန်ရောက်ရ၏။ သင့်အားချုပ်ချယ်ခြင်းမည်သည်မရှိ။"

ဟူ၍ ဟောကြားတော်မူသည်။

"ဘုရားရှင်ဒေသနာတော်အဆုံး၀ယ် များစွာသောသူတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကုန်၏။"

ကောကဏ္ဍဓာနမထေရ်သည် ဘုရားရှင်ပေးအပ်သော အဆုံးအမ၌တည်၍ အရဟတ္တဖိုလ်သို့ဆိုက်ရောက်ခဲ့သည်။ မကြာခင်ကောင်းကင်ပျံတက်၍ ပထမဆုံးစာရေးတံမဲကိုရာယူလေသည်။

(ဓမ္မပဒ၊ ဒဏ္ဍဝဂ်၊ ကောဏ္ဍဓာနမထေရ်)

# ကောသလမင်း၏ ဒု-သ-နာ-သော- အိပ်မက်ပြဿနာ

ဗုဒ္ဓဂေါတမသည် သာဝတ္တိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ကောသလမင်းကြီးသည် ပွဲသဘင်ကြုံသောနေ့တစ်နေ့၌ တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူသော ပုဏ္ဍရိကနမည်သောဆင်ဖြူကိုစီး၍ မင်း၏တင့်တယ်ခြင်းဖြင့်မြို့သို့လှည့်လည်သည်။

ထိုအချိန်တွင် မထင်ရှားသောအမျိုးသားတစ်ဦး၏မယားသည် ပြဿာဒ်အထက်ပြင်လေသာဆောင်မှထွက်၍ မင်း၏တင့်တယ်သော လှည့်လည်ခြင်းကိုခေတ္တခဏသာကြည့်ရှုပြီး အိမ်ခန်းအတွင်းသို့ဝင်သွားသည်။

ကောသလမင်းသည် ထိုမိန်းမကိုမြင်၍ ပြန်ဝင်သွားသည်ကို ကောင်းကင်ထက်၌တက်ထွန်းသော လပြည့်ဝန်းကိုတိမ်တိုက်ထဲသို့ ဝင်သွားသကဲ့သို့အောက်မေ့မှတ်ထင်ကာ ထိုအမျိုးသမီး၌စွဲလန်းသော စိတ်ဖြစ်ကာဆင်ပေါ်မှပင် ကျလုမတတ်ဖြစ်ခဲ့ရသည်။

သို့အတွက် မင်းကြီးသည်မြို့ကိုမြန်မြန်လှည့်လည်ပြီး နန်းတော်သို့ပြန်လာကာ မိမိ၏အတွင်းလူအမတ်တစ်ဦးကိုခေါ်ကာ-

“အချင်းအမတ်. . . ဤမည်သောအရပ်သို့သွားသည်ရှိသော် ငါစူးစိုက်စွာကြည့်မိသော ပြဿဒ်တစ်ခုကိုအသင်မြင်ပါ၏လော”

ဟုမေးသည်။

"အရှင်မင်းမြတ်. . . ဩော်. . . မြင်မိပါ၏။"

"ထိုပြဿာဒ်ထက်မှ မိန်းမတစ်ယောက် ထွက်ကြည့်သည်ကိုမြင်မိပါ၏လော။"

"အရှင်မင်းမြတ်. . . ထိုပြဿဒ်ထက်၌ နှစ်လိုဖွယ်အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံသောမိန်းမငယ်တစ်ယောက်ကို မြင်ခဲ့ရပါ၏။"

"အချင်းအမတ်သွားလော၊ ထိုမိန်းမငယ်၌ အရှင်သခင်လင်ရှိ-မရှိစုံစမ်းပါလော့"

ထိုအမတ်သည် ထိုအရပ်သို့လျင်စွာသွားလတ်၍ စုံစမ်းသည်ရှိသော် ထိုအမျိုးသမီး၌ အရှင်သခင်လင်ရှိသည်ကိုသိ၍ ပြန်လာပြီးလျှင် မင်းကြီးအား အရှင်သခင်လင်ရှိကြောင်း လျှောက်ထားသည်။

"အချင်းအမတ်. . . ထိုသို့ဖြစ်လျှင် ထိုမိန်းမ၏လင်ကို ငါ့ထံခေါ်လာခဲ့လော့"

ဟု စေလွှတ်ခေါ်ခိုင်းသည်။

အမတ်သည်လည်း မင်း၏အမိန့်အရ ထိုမိန်းမ၏ယောကျ်ားထံသွား၍-

"အိုအချင်း. . . သင့်ကိုမင်းကြီးခေါ်စေတော်မူ၏။"

ဟု ပြောကြားသည်။

"ငါ့အား မင်းကြီးခေါ်စရာအကြောင်းမရှိပါချေ။ ငါအားမယားကိုအမှီပြု၍ ဘေးသည်ဖြစ်ဖွယ်ရှိပေ၏။"

ဟု ကြံစည်စဉ်းစားမိကာ မင်း၏အမိန့်ကိုမလွှန်ဆန်ဝံ့၍ မင်းထံလိုက်ပါသွားရသည်။

မင်းကြီးသည် မိမိအားရှိခိုး၍ ရပ်တည်နေသော အမျိုးသားကို-

"ယနေ့မှစ၍ သင်သည်ငါအား ခ,စားလုပ်ကျွေးလေလော။"

ဟု အမိန့်ပေးသည်။

"အရှင်မင်းမြတ်. . . ကျွန်ုပ်အား မင်းမှုထမ်းအဖြစ် အလိုဆန္ဒမရှိပါ။ မိမိ၏အမှုကိုပြုပြီး အရှင်မင်းကြီးတို့အား အခွန်ဘဏ္ဍာကိုဆက်သွင်းပါအံ့၊ အိမ်၌သာလျှင် အသက်ရှည်ကာ ချမ်းသာစွာနေလိုပါသည်။"

"အသင်၏အခွန်ဘဏ္ဍာဖြင့် ငါအလိုမရှိ၊ ယနေ့မှစ၍ ငါအားခ,စားလုပ်ကျွေးခြင်းကို ပြုဘိလော။"

ဟု မိန့်ကြားပြီး ထိုယောက်ျား၏ရာထူးကိုလည်းကောင်း၊ လက်နက်ကိုလည်းကောင်း၊ ဆောင်နှင်းပေးအပ်လေသည်။

မင်းကြီး၏အကြံမှာ တစ်စုံတစ်ခုသောအပြစ်ကိုရှာပြီး ထိုအပြစ်ဒဏ်ကိုပြကာ သတ်ပြီးလျှင်မယားကိုသိမ်းပိုက်ရန် အကြံဖြစ်လေသည်။

ထိုယောက်ျားသည်လည်း သေအံ့သောဘေးမှ တွေးတောကြောက်ရွံ့သည်ဖြစ်၍ မမေ့မလျော့သာလျှင် ခ,စားလုပ်ကျွေးလေသည်။

ကောသလမင်းကြီးသည် ထိုယောက်ျားအားတစ်ခုသော အပြစ်အခွင့်ကိုကြည့်ရှု၍မမြင်ဘဲ ကာမဂုဏ်တည်းဟူသော ပူပန်နှိပ်စက်ခြင်းကလည်း ပြင်းပြစွာပူလောင်လာ၍လာသောကြောင့် ထိုယောက်ျားအားတစ်ခုသောအပြစ်ကို မင်း၏အာဏာဖြင့်ပြုအံ့ဟု ကြံကာထိုယောက်ျားကိုခေါ်ယူပြီး-

"အို. . . အချင်းယောက်ျား၊ ဤသာဝတ္ထိပြည်မှ တစ်ယူဇနာမျှလောက်ဝေးသောမြစ်၌ ဤအမည်ရှိသောအရပ်သို့သွားရောက်ပြီးလျှင် ညချမ်းသောအခါငါသည်ရေသုံးသပ်သောအခါ၌သုံးရန် ကုမုဒြာကြာကိုလည်းကောင်း၊ အရုဏဝတီမြေညက်ကိုလည်းကောင်း၊ ယူဆောင်လာခဲ့လော့၊ အကယ်၍ငါရေသုံးသပ်ချိန်ကာလ၌ သင်မရောက်သော်သင့်အား မင်း၏အာဏာကိုပြုအံ့"

ဟု မိန့်ကြားစေခိုင်းသည်။

ထိုမင်းခ,စားယောက်ျားဟူသည် ကျွန်လေးမျိုးတို့တွင် အောက်တန်းအကျဆုံးသောအလွန်တစ်ရာ ယုတ်မာညစ်ပတ်သော ကျွန်မျိုးဖြစ်ရသည်။

ပစ္စည်းဥစ္စာများစွာပေးဝယ် လဲလှယ်ယူထားသော ကျွန်တို့ကားမှကျွန်နိုပ်ခေါင်းကိုက်၍ ဗိုက်ထဲဖထိုးကျင်၍နေပါသည်ဟု အနားယူခွင့်ရသော်လည်း မင်းခ,စားယောက်ျားတို့အတွက်မူ ထိုကဲ့သို့မဖြစ်ချေ။ မပြုနိုင်၊ မစွမ်းနိုင်သော အမှုကိုစပင်ဖြစ်စေကာမူ မင်း၏အာဏာဖြင့်စေခိုင်းက ပြုရတော့သည်သာ-

ထို့ကြောင့် မင်း,ခစားယောက်ျားသည် မင်း၏အာဏာကို မလွန်ဆန်နိုင်သောကြောင့် ဧကန်မချွတ်ငါသွားရတော့မည်။ ကုမုဒြာကြာနှင့်အရုဏဝတီမြေညက်မည်သည်ကား နဂါးတို့၏နေရာအရပ်ထံ၌သာလျှင် ရှိသည်ဖြစ်၏။ ငါသည်အဘယ်သို့ရနိုင်ပါအံ့နည်း။"

ဟု ကြံစည်လျက်သေအံ့သောဘေးမှ ကြောက်သည်ဖြစ်၍ လျင်စွာအိမ်သို့ပြန်သွားပြီး-

"ချစ်နှမ. . . ထမင်းကိုစီရင်ချက်ပြုတ်ပြီးပါပြီလော"

ဟုမေးသည်။

"အရှင်. . . ထမင်းအိုးစီရင်၍ မပြီးသေးပါ၊ မီးဖိုပေါ်၌သာ ရှိပါသေးသည်"

ထိုအခါ ယောက်ျားသည် ထမင်းကျက်သည်အထိမစောင့်နိုင်ဘဲ ပအုန်းရည်ဟင်းနှင့် စိုစွတ်သည်သာလျှင်ဖြစ်သော ထမင်းကိုခြင်း၌ သိပ်ထည့်ပြီးသော် တစ်ယူဇနာခရီးကို အပြင်းပြေးသွားလေသည်။ လမ်းခရီး၌ပင် ထမင်းသည်အပူဖြင့် ကျက်လေသည်။

မင်းချင်းယောက်ျားသည် မိမိယူဆောင်လာသော ထမင်းတောင်းခြင်းမှ စားကြွင်းမဖြစ်စေခြင်းငှါ အဦးဖြစ်သောထမင်းအနည်းငယ်ကို ချန်ထားလျက်စားသောက်သည်။ ထိုစဉ်ခရီးသွားယောက်ျားတစ်ယောက်ကိုတွေ့မြင်၍-

"ငါသည် ချန်ထားအပ်သောစားကြွင်းမဟုတ်သော ထမင်းဦးသည်ရှိ၏။ ထိုထမင်းဦးကို စားပါမည်လော။"

ဟု မေးမြန်းသည်။

ခရီးသွားယောက်ျားသည် ထိုထမင်းကိုအားရဝမ်းသာစွာလက်ခံရယူ၍ စားသောက်သည်။

မင်းခစားယောက်ျားသည် မိမိစားပြီး၍ ထမင်းတစ်ထုပ်ကိုရေ၌ စွန့်ကြဲပြီးလျှင် ခံတွင်းကိုဆေးကြောပြီးလျှင် ကျယ်စွာသောအသံဖြင့် ဟစ်အော်လျက်-

"ဤမြစ်အရပ်၌ စောညင့်ရှောက်ကြကုန်သော နဂါး, ဂဠုန်အစရှိကုန်သော နတ်များအပေါင်းတို့သည် ငါ၏စကားကိုနားထောင်တော်မူကြပါကုန်လော၊ ဘုရင်ကောသလမင်းသည် ငါအားမင်းအာဏာကိုပြုလိုသောကြောင့် ကုမုဒြာကြာပန်းနှင့်အတူ အရုဏဝတီမြေညက်ကို ဆောင်ယူ၍ဆက်ရမည်ဟု မိန့်မြွက်စေလွှတ်တော်မူ၏။

ငါသည် ခရီးသွားယောက်ျားဧည့်သည်အား ထမင်းကိုပေးလှူ၏။ ထိုအလှူသည် တစ်ထောင်သောအကျိုးပေး၏။ ရေ၌တည်သောငါးတို့အားလည်း ပေးလှူ

အပ်၏။ ထိုအလှူသည် တစ်ရာသောအကျိုးရှိ၏။ ဤမျှလောက်သော ကောင်းမှုကိုပြုပြီး သင်တို့အားကောင်းမှု၏ အဖို့ဘာဂကို အမျှပေးဝေပါ၏။ ငါ့အားကုမုဒြာကြာနှင့် အရုဏဝတီမြေညက်ကို ဆောင်ယူ၍ သနားကြပါကုန်လော။”
ဟု သုံးကြိမ်တိုင်တိုင် ဟစ်အော်ကြွေးကြော်လေသည်။

ထိုမြစ်၌စောင့်ရှောက်သော နဂါးမင်းသည်မင်းခ,စား၏ ကြွေးကြော်သံကို ကြား၍ သူ့အိုအသွင်ဖြင့် ဖန်ဆင်း၍လာပြီး-

“အသင်သည် အဘယ်ကိုဟစ်အော်၍ ပြောဆိုနေပါသနည်း။”
ဟု မေးသည်။

မင်းခ,စားယောကျ်ားသည် မိမိ၏ဘဝဖြစ်စုံအကြောင်းစုံကိုပြောပြသည်။

“အသင်ယောကျ်ား. . . ဤသို့ဆိုက အသင်ပြုခဲ့သောကုသိုလ်အဖို့ကို ငါ့အားလည်းပေးပါလော့။”

“အရှင်အားကျွန်ုပ်ပြုသော ကုသိုလ်၏အဖို့ကို ပေးဝေပါ၏။”
ဟု သုံးကြိမ်တိုင်တိုင်ပေးဝေရာ အဖိုးအိုယောင်နဂါးမင်းသည် ကုမုဒြာကြာနှင့် အရုဏဝတီမြေညက်ကို ယူဆောင်၍ပေးလေသည်။

မင်းခစားယောကျ်ားသည် ထိုအရာများကိုယူ၍လျှင်မြန်စွာပြန်လာခဲ့သည်။ ထိုအချိန်တွင် ကောသလမင်းကြီးက-

“လူတို့မည်သည် များသောမန္တန်မန္တရားရှိကြသည်။ တစ်စုံတစ်ခုသော ဥပါယ်တစ်မျိုး အခြင်းအရာအားဖြင့် ထိုယောကျ်ားသည် အကယ်၍ကုမုဒြာကြာနှင့် အရုဏဝတီမြေညက်ကို ရခဲ့သည်ဖြစ်ငြားအံ့၊ ငါ့အားငါလိုလားသောကိစ္စမပြီးစီးရာ”
ဟု တွေးတောကြံဆပြီး မင်းကြီးသည်အလုံးစုံသော မြို့တံခါးကိုဆောလျင်စွာပိတ်စေလေသည်။ ကမ္ဗည်းတံဆိပ်ကိုလည်း မိမိထံသို့ယူဆောင်ထားလေသည်။

မင်းခ,စားယောကျ်ားသည် လုံ့လဖြင့်ပြန်လာခဲ့ရာ မင်းကြီးရေသပ္ပါယ်ချိန်ကို မှီသော်လည်းမြို့တံခါးပိတ်ထား၍ ဝင်မရဖြစ်သောကြောင့် တံခါးစောင့်ထံ သွားရောက်ပြီး-

“တံခါးကိုဖွင့်ပေးကြလော။”
ဟု ပြောသည်။

"ငါတို့သည် ဖွင့်ခြင်းငှါမဝံ့ချေ၊ မင်းကြီးသည်စောစောကပင် တံဆိပ်ကို ခပ်နှိပ်၍ မင်း၏အိမ်တော်သို့ ဆောင်စေပါသည်။"

"အချင်းတို့. . . ငါသည် မင်းကြီးစေလွှတ်အပ်သော တမန်တော်ဖြစ်ပါသည်။ တံခါးကိုဖွင့်ပေးပါလော။"

ဟု အတန်တန်တောင်းပန်ပြောကြားသည်။ တံခါးစောင့်တို့က လုံးဝဖွင့်မပေးပါချေ။

"ဤယခုအခါ၌ ငါ၏အသက်သည်တည်ရှိတော့မည်မဟုတ်၊ အဘယ်သို့ပြုရပါမည်နည်း။"

ဟု ကြောင့်ကြပူပန်ပြီးလျှင် မြို့တံခါးထက်၌ မြေစိုင်ခဲကိုတင်ထားပြီး ကုမုဒြာကြာကို ဖုံးလွှမ်းတင်ပြီးလျှင် ကျယ်လောင်သောအသံဖြင့်-

"အို. . . မြို့၏အတွင်းနေ လူများအပေါင်းတို့ ငါသည်မင်းကြီးစေခိုင်းသော အတိုင်းအားဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့သည်ကို သင်တို့သိကြပါကုန်လော၊ မင်းကြီးသည်ငါအား အကြောင်းမဟုတ်သဖြင့် ဖျက်ဆီးခြင်းငှါအလိုရှိနေပါ၏။"

ဟု သုံးကြိမ်တိုင်တိုင် အော်ဟစ်ပြောဆိုသည်။

"ငါအဘယ်အရပ်သို့ သွားရပါမည်နည်း။"

ဟု ကြံစည်စဉ်းစားပြန်သည်။

"ရဟန်းတို့မည်သည်ကား နူးညံ့သိမ်မွေ့သောနှလုံးရှိကြ၏။ ငါသည် ကျောင်းသို့သွား၍ အိပ်တော့မည်။"

ဟု ကြံစည်ဆုံးဖြတ်ခြင်းကို ပြုလေသည်။

"သတ္တဝါတို့မည်သည်ကား ချမ်းသာသောအခါ၌ ရဟန်းတို့၏ရှိသည် အဖြစ်ကိုလည်းမသိမူ၍ ဆင်းရဲနှိပ်စက်သောအခါ၌မူကား ရဟန်းတို့ကိန်းအောင်းသောကျောင်းကို သတိရမိကြသည်သာ ဓမ္မတာတည်း။"

"ငါအားတစ်ပါးသော ထောက်တည်ရာ၊ မှီခိုရာ၊ ကိုးကွယ်ရာမည်သည် မရှိလေပြီ"

ဟု ကြံစည်၍ကျောင်းသို့သွားပြီးလျှင် ချမ်းသာအေးငြိမ်းသော နေရာတစ်ခု၌ အိပ်နေလေသည်။

ကောသလမင်းကြီးသည်လည်း မိန်းမငယ်ကိုအောက်မေ့ကြံစည်၍ ကာမဂုဏ်တည်းဟူသော ပြင်းစွာသောပူလောင်ခြင်းသည်ဖြစ်နေ၍ ထိုည၌အိပ်ပျော်ခြင်းကိုမရ။

'မိုးစင်လင်းသောခဏ၌သာလျှင် ထိုယောကျ်ားကို သတ်ဖြတ်ပယ်ဖျောက်၍ ထိုမိန်းမငယ်ကိုနန်းတော်သို့ လျှင်မြန်စွာဆောင်ယူသိမ်းပိုက်အံ့"
ဟု ကြံစည်အောက်မေ့၍နေလေသည်။

ထိုခဏမှာပင် ယူဇနာ(၆၀)ရှိသော လောဟကုမ္ဘိငရဲ၌ ခံနေကြရသော ယောကျ်ားလေးယောက်တို့သည် ခုံလောက်၌တင်အပ်သော ကျိုက်ကျိုက်ဆူနေသောအိုး၌ အောက်ထက်ပြောင်းပြန်လှန်၍ ကျက်ရသဖြင့် အနှစ်သုံးသောင်းတို့ဖြင့် အောင်အပြင်သို့ရောက်၍ အနှစ်သုံးသောင်းဖြင့် တစ်ဖန်အထက်သို့ ဆန်တက်ပေါ်လာ၍ အထက်မျက်နှာဝသို့ရောက်လာကြသည်။

ထိုယောကျ်ားလေးယောက်တို့သည် ငရဲအိုးသံရေထဲမှ ပေါ်လာသည်နှင့် တပြိုင်နက်ဦးခေါင်းကို ပင့်မြှောက်အချင်းချင်းကို ကြည့်ရှုပြီးလျှင် ဂါထာတစ်ပိုဒ်ကို ရွတ်ဆိုပြောဆိုလိုပါလျက် တစ်ဂါထာလုံးရွတ်ဆိုခြင်းငှါ မစွမ်းနိုင်မူ၍ တစ်ပုဒ်တစ်လုံးသော အစအက္ခရာကိုရွတ်မိရုံကာမျှဖြင့် လောဟကုမ္ဘိငရဲအိုးသို့သာ နစ်မြုပ်ပြန်ဝင်ရလေသည်။

ကောသလမင်းကြီးသည် အိပ်ရာညောင်စောင်းထက်၌ လျောင်းလျက်ညှိုးလျော် စက်တော်ခေါ်ခြင်းငှါ မရသည်ဖြစ်၍ ညဥ့်၏မဇ္ဈိမယံအခြားမဲ့၌ ထိုအသံကိုကြားရပြီး ကြောက်ရွံ့တုန်လှုပ်ထိတ်လန့်သောစိတ် ဖြစ်ပေါ်ခံစားမိကာ-

"အသို့နည်း. . . ငါ၏အသက်အန္တရာယ်ပင် ဖြစ်လတ့်လော၊ သို့တည်းမဟုတ်၊ ငါ၏လက်ျာတောင်ညာဒေဝီမဟေသီမိဖုရားကြီး၏ အန္တရာယ်ပင်ဖြစ်လတ့်လော၊ သို့တည်းမဟုတ်မင်းအဖြစ်သည်ပင် ကွဲနစ်ဖောက်ထွက်ပျက်စီးလတ့်လေလော။"
ဟု စိုးရိမ်ပူပန်စိတ်များဖြစ်ကာ တစ်ညဥ့်လုံးစက်တော်ခေါ်မရ စိတ်သောကဖြစ်မိုးလင်းခဲ့ရလေသည်။

နံနက်လင်းသော် ပုရောဟိတ်ကို အားချင်းခေါ်ပြီး-

"ဆရာပုဏ္ဏား. . . ညဥ့်၏မဇ္ဈိမယံ၏ အခြားမဲ့၌ အကြီးအကျယ်ကြောက်မက်ဖွယ်သောအသံကို ကြားအပ်၏။ တိုင်းပြည်၏လည်းကောင်း၊ မိဖုရား၏လည်းကောင်း၊ ငါမင်းမြတ်၏လည်းကောင်း၊ တစ်စုံတစ်ခုသောအန္တရာယ်အမှုသည် ကပ်ရောက်ပေါ်ပေါက်ဖြစ်ပေါ်လတံ့လော၊ ငါမင်းမြတ်တတ်အပ်သေချာစွာ မသိနိုင်သောကြောင့် အသင်ဆရာပုဏ္ဏားအား ခေါ်၍မေးပါသည်။
ဟု မိန့်ကြားသည်။

"အရှင်မင်းမြတ်. . . အဘယ်သို့သောအသံကို ကြားဘိပါသနည်း။"

"ပုဏ္ဏား. . . ငါမင်းမြတ် ပထမ-ဒု ဟူသောအသံကိုကြားရသည်။ ထို့နောက် သ-ဟူသောအသံကိုကြားရသည်။ ထို့နောက် န-ဟူသောအသံကိုကြားရသည်။ ထို့နောက် သော-ဟူသောအသံကိုကြားရသည်။ ဤအသံလေးမျိုး၏ဖြစ်ရန်ကြောင်းဟိတ်နိမိတ်အထူးကို စူးစမ်းဆင်ခြင်ပါလော၊"
ဟု မိန့်ကြားသည်။

ပုရောဟိတ်ပုဏ္ဏားအား ကြီးစွာသောအမိုက်တိုက်သို့ ဝင်ရသကဲ့သို့ တစ်စုံတစ်ခုသောအကြောင်းကိုမျှ စူးစမ်းဆင်ခြင်မထင်မြင်နိုင်ပါချေ။

"ငါသည် မသိမမြင်နိုင်သော အတိုင်းကျွန်ုပ်မသိဟု အကယ်၍လျှောက်ကြားမိသော် ငါအားလာဘသက္ကာရသည် ဆုတ်ယုတ်ခြင်းဖြစ်ပေလိမ့်မည်။"
ဟု စဉ်းစားမိပြီး လာဘ်ဆုတ်ယုတ်မှာ ကြောက်သဖြင့်

"အရှင်မင်းမြတ်. . . ဤအသံတို့သည် ဝန်လေးလှ၏။"
ဟု လျှောက်တင်သည်။

"ဆရာ. . . အသို့ ဝန်လေးဘိသနည်း။"

"အရှင်မင်းမြတ်. . . အသက်အန္တရာယ် ငြိတွယ်ကပ်ရောက်အံ့သည်ထင်ပါသည်။"
ဟု လျှောက်သည်။ မင်းကြီးသည် ပုရောဟိတ်ပုဏ္ဏား၏ လျှောက်တင်သံကိုကြားရသော် ရှေးကထက်ပင် နှစ်ဆမျှကြောက်ရွံ့တုန်လှုပ်မိပြီး-

"ဆရာ. . . ပယ်ဖျောက်နိုင်အံ့သော တစ်စုံတစ်ရာသောအကြောင်း ရှိပါသလော။"
ဟု မေးသည်။

"အရှင်မင်းမြတ်. . . လွတ်အံ့သောအကြောင်းကို သိပါ၏။ အရှင်မင်းမြတ်သည် ရွှံကြောက်တော်မမူလင့်၊ ကျွန်ုပ်သည် သုံးပုံသောဗေဒင်ဝယ် ကုန်စင်မျှ လောက်ပေါက်ရောက်သိစွမ်းနိုင်ပါသည်။"

"ဆရာ. . . အဘယ်သို့ရခြင်းငှာ အပ်သနည်း"

"အရှင်မင်းမြတ်. . . သဗ္ဗသတအမည်ရသော ယာဇ်ကြီးကိုပူဇော်ချီးမြှင့်သဖြင့် အသက်ကိုရတော်မူလတ့်"

"အဘယ်သို့သော်ဝတ္ထုကို ရှာဖွေယူဆောင်ရအောင်ပြုခြင်းငှာ အပ်ပါသနည်း"

"အရှင်မင်းမြတ်. . . ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ နွားလားဥဿဘတစ်ရာ၊ အာဇာနည်မြင်းတစ်ရာ၊ ကြက်တစ်ရာ၊ ဝက်တစ်ရာ၊ သတို့သားငယ်တစ်ရာ၊ သတို့သမီးငယ်တစ်ရာအားဖြင့် တစ်ဦးတစ်ဦးသောသတ္တဝါ၌ တစ်ရာ တစ်ရာတို့ကို ဖမ်းယူခြင်းငှာအပ်ပါသည်"

(ဤသို့လျှောက်ထားခြင်းကား အကယ်၍ဆိတ်မြန်မာ၊ ဆိတ်ကုလားစသော သားမျိုးအပေါင်းကိုသာ ညွှန်ပြပြောဆိုဖမ်းယူစေသည်ဖြစ်ငြားအံ့၊ မိမိစားသောက်ရန်အလို့ငှာ ခဲဖွယ်စားသောက်ဖွယ်ကိုသာ ဖမ်းယူစေဘိသည်ဟု ဆိုကုန်လတ့်၊ ထို့ကြောင့် ဆင်၊ မြင်းတို့ကို ဖမ်းယူစေဘိသည်)

"ငါ၏အသက်ကိုသာ မပျက်မပျောက်စောင့်ရှောက်၍ရခြင်းငှာ အပ်၏" ဟု မင်းကြီးသည် ကြံစည်၍ အလုံးစုံသောသတ္တဝါတို့ကို လျင်မြန်စွာဖမ်းဆီးစေရန် အမိန့်ပေးလေသည်။

မင်းကြီးစေခိုင်းသောသူတို့သည် မင်းကြီးစေခိုင်းသောပမာဏထက် ပိုလွန်၍ဖမ်းဆီးကြလေသည်၊ များစွာသောလူအပေါင်းတို့သည် မိမိတို့၏သားသမီးဆွေမျိုးဉာတိတို့ကို ဖမ်းဆီးချုပ်နှောင်ယူဆောင်ခြင်းဟူသောအကြောင်းကြောင့် ဟစ်အော်ငိုကြွေးကြလျက် ကြီးစွာသောအသံကိုပြုကြကုန်၏၊ ထိုအသံသည် မဟာပထဝီမြေကြီးပဲ့တင်သံထပ်သကဲ့သို့ သာဝတ္ထိတစ်မြို့လုံး ဆူညံပွက်လောရိုက်ခတ်စေသည်။

မလ္လိကာမိဖုရားသည် ထိုသို့ပြည်သူအများ၏ဟစ်အော်ငိုကြွေးသံကို ကြားရ၍ မင်းကြီးထံသို့လျင်မြန်စွာသွားရောက်ပြီးသော်-

"အရှင်မင်းကြီး. . . အကြောင်းအဘယ်သို့နည်း၊ အရှင်မင်းမြတ်၏ ဣန္ဒြေတော်သည်လည်း မချမ်းမသာဖြစ်ဘိယောင်တကား၊ နွမ်းနယ်ပင်ပန်းဘိသကဲ့သို့ ထင်မြင်ရချေသည်တကား"
ဟု မေးလျှောက်သည်။

"မလ္လိကာ. . . ငါ၏နားရင်း၌ လျှင်မြန်သောအဆိပ်ကဲ့သို့ ပြေးသွားသည်ကို မသိပါသလော"

"ရေမြေသနင်း အရှင်မင်းကြီး. . . မိန့်ကြားသောအကြောင်းကား အဘယ်သို့နည်း"

ထိုအခါ ကောသလမင်းကြီးက ညက မိမိကြားရသောအသံလေးမျိုးအကြောင်းနှင့်ပုရောဟိတ်ကိုမေးသော် သဗ္ဗသတယဇ်မှ မိမိအသက်ရှင်မည်ဆို၍ ယဇ်ပူဇော်ရန် စေခိုင်းပုံအကြောင်းစုံကို ပြောပြသည်။

"အရှင်မင်းမြတ်. . . အလွန်မိုက်မဲသည်သာလျှင်ဖြစ်၏၊ များစွာကုန်သော မွန်မြတ်သော ဟင်းခဲဖွယ်အထူးတို့ဖြင့်စီရင်အပ်သော တစ်ဒေါဏချက်မျှလောက်သောထမင်းပွဲတော်ကိုစားသုံးသည်ဖြစ်၍ အလွန်အစားကြီးသည်ကား တကယ်စစ်မှန်၏၊ တိုင်းကြီးနှစ်တိုင်းတို့၌ မင်းအဖြစ်ကို အကယ်၍ကား ပြုအပ်၏၊ ယင်းသို့ပင် အစားအသောက်ကြီး၍ တိုင်းကြီးနှစ်တိုင်းတို့ကို အစိုးရသော်လည်း အသိအမြင်ဆင်ခြင်တတ်သောပညာသည်ကား အလွန်နည်းလှပေ၏။"

"ချစ်နှမ. . . သင်သည် အဘယ်ကြောင့် ဤသို့ပြောဆိုဘိသနည်း"

"မင်းကြီး. . . အသို့နည်းတစ်ပါးသောသတ္တဝါသေသဖြင့် တစ်ပါးသော သတ္တဝါ၏အသက်ကိုရအပ်သည်ကို မြင်ဖူးပါသလော၊ မိုက်မဲလှစွာသောသူမိုက်ပုဏ္ဏား၏စကားကိုအယူမှားပြီး အဘယ်ကြောင့်များစွာသောလူများအပေါင်း၏အထက်၌ ဆင်းရဲကိုပစ်ချ၍ရောက်စေဘိသနည်း"

ဤလောက၌ အလုံးစုံကိုသိတော်မူသော အတုမရှိမြတ်သောဘုရားရှင်သည် မိမိအနီးအနားမှာရှိနေသည်မဟုတ်ပါလော၊ ထိုဘုရားရှင်ထံသွားရောက်လျှောက်ထားပြီး ထိုဘုရားရှင်ဆုံးမဟောကြားသည့်အတိုင်းသာ လိုက်နာကျင့်ဆောင်ပြုသင့်သည် မဟုတ်ပါလော"

ထိုသို့ မလ္လိကာမိဖုရားက လျှောက်ထားရှင်းပြသောအခါ ကောသလမင်းကြီးသည် ချက်ချင်းပင် ပေါ့လျော့လျင်မြန်သောယာဉ်ဖြင့် မလ္လိကာနှင့်အတူ ဇေတဝန်ကျောင်းသို့လာခဲ့သည်။

ဘုရားရှင်ထံသို့ရောက်သော သေဘေးဖြင့်တွေးတောကြောက်ရွံ့တုန်လှုပ်နေသဖြင့် စကားတစ်ခွန်းမှမလျှောက်နိုင်ဘဲ ရှိနေလေသည်။

"ဒကာတော်မင်းမြတ်. . . ပူရှိန်းပြင်းပြနေမွန်းတည့်အခါ၌ အဘယ်အရပ်မှ လာခဲ့သနည်း"

ဟု ဘုရားရှင်က နှုတ်ခွန်းဆက်စတင်မေးသည်။

ကောသလမင်းကြီးသည် ဘုရားရှင်မေးသည်ကိုပင် မဖြေနိုင်ပဲ တုန်လှုပ်ကြောက်ရွံ့ကာ အသံမထွက်ရှိလေသည်။

ထိုအခါကျမှ မလ္လိကာမိဖုရားက အကြောင်းအကျိုးလျှောက်ထားပြီး မင်းကြီးကို ဘုရားရှင်ထံသို့ခေါ်ခဲ့ရပုံအကြောင်းစုံကို လျှောက်ထားပြသည်။

"ဒကာတော်မင်းကြီး. . . မလ္လိကာမိဖုရားလျှောက်ထားသည့်အတိုင်း မှန်ပါသလော"

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . မှန်ပါ၏"

"မင်းကြီး. . . သင့်အား အဘယ်သို့သောအသံကို ကြားအပ်ပါသနည်း"

ထိုအခါ မင်းကြီးသည် မိမိကြားအပ်သောအသံကို အကြောင်းကို လျှောက်ထားပြသည်။

ဘုရားရှင်သည် မင်းကြီး၏လျှောက်ထားချက်ကို ကြားတော်မူ၍-

"ဒကာတော်မင်းကြီး. . . မကြောက်မရွံ့ပါလင့်၊ အသင်ဒကာတော်မင်းကြီးအား အန္တရာယ်မရှိ မကောင်းမှုကိုပြုကုန်သောသတ္တဝါတို့သည် မိမိ၏ဆင်းရဲကို သည်းခံခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ ဖြေကြားလိုသောကြောင့် ရွတ်ဆိုသောအသံတို့ဖြစ်ကုန်၏"

"မြတ်စွာဘုရား. . . ထိုသူတို့ပြုခဲ့သော မကောင်းမှုသည်ကား အဘယ်နည်း"

"ဒကာတော်မင်းမြတ်. . . နာကြားပါလော့၊ ထိုသူတို့၏အတိတ်အကြောင်းကိုဟောပေအံ့"

ဟု ဘုရားရှင်ကမိန့်ကြားပြီး အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းဟောပြပေးတော်မူသည်။

* * * * *

ရှေးလွန်လေပြီးသောအခါ လူတို့၏အသက်(နှစ်သောင်း)ရှည်သောအခါ၌ ကဿပဘုရားရှင်ပွင့်တော်မူသည်၊ ဘုရားရှင်သည် နှစ်သောင်းမျှသော ရဟန္တာတို့နှင့်ဒေသစာရီလှည့်လည်သည်ရှိသော် ဗာရဏသီပြည်သို့ ရောက်ရှိသီတင်းသုံးနေတော်မူသည်။

ထိုအခါ ဗာရဏသီပြည်နေဦးဆောင်ပုဂ္ဂိုလ်သုံးလေးဦးနှင့်ပြည်သူအများတို့သည် တစ်ပေါင်းတစ်စုတည်းပြု စည်းဝေးတိုင်ပင်ဆုံးဖြတ်ကြကာ အာဂန္တုကဒါနကိုပြုကြလေသည်။

ထိုအချိန်ဝယ် ဗာရဏသီပြည်၌ ကုဋေ(၄၀)ကြွယ်ဝချမ်းသာသော သူဌေးသားလေးယောက်တို့သည် အပေါင်းအဖော်အဆွေခင်ပွန်းများဖြစ်ကြပြီး စည်းဝေးတိုင်ပင်မိကြသည်။

"အဆွေတို့. . . အသင်တို့ ငါတို့၏အိမ်၌ ရွှေ၊ ငွေ၊ ဥစ္စာရတနာများစွာရှိနေပါ၏"

"အဘယ်သို့ပြုကြလျှင် ကောင်းမည်နည်း"

ဟု တစ်ယောက်သောသူဌေးသားက ညှိနှိုင်းတိုင်ပင်သည်။

"ယခု ဘုရားရှင်ကြွလာနေသည်၊ ဘုရားအမှူးရှိသော ရဟန္တာတို့၌ ဒါနကိုပေးလှူကြကုန်အံ့၊ ပူဇော်ခြင်းကိုပြုကြကုန်အံ့၊ သီလကိုစောင့်ရှောက်ကြကုန်အံ့"

ဟု တစ်ယောက်သောသူဌေးသားကဆိုသည်။

"ငါတို့သည် ထက်မြက်စူးရှသောသေရည်ကိုသောက်စားကာ ကောင်းမွန်အရသာရှိသော သား၊ ငါးတို့ကိုစားသောက်ပြီး လှည့်လည်ကုန်ကြအံ့၊ ဤသို့လှည့်လည်ခြင်းသည် ငါတို့အတွက် အသက်ရှည်ခြင်း ဖြစ်ပေလိမ့်မည်"

ဟု သူဌေးသားတစ်ယောက်က ဆိုသည်။

"အဆွေတို့. . . နေ့စဉ်နေ့တိုင်း ကောင်းမွန်သောအဝတ်ကိုဝတ်ဆင်၍ နံ့သာမွှေးကြိုင်သောသလေးထမင်းကို အထူးထူးသောအရသာတို့ဖြင့် သုံးဆောင်

လျက် လှည့်လည်ကုန်အံ့၊ ဤသို့လှည့်လည်ခြင်းသည် ငါတို့အတွက် အသက်ရှည်ခြင်းဖြစ်ပေလိမ့်မည်"
ဟု သူဌေးသားတစ်ယောက်က ပြောဆိုသည်။

"အဆွေတို့. . . တစ်ပါးသောကိစ္စကိုမပြုကြကုန်အံ့၊ ပစ္စည်းဥစ္စာကိုပေးအံ့ ဟု ဆိုသည်ရှိသော် အလိုမရှိသောမိန်းမတို့မည်သည်မရှိ၊ ထို့ကြောင့် ပစ္စည်းဥစ္စာတို့ကို ပေးကမ်းဖြားယောင်းပြီး သူတစ်ပါး၏သားမယားတို့နှင့်ပျော်ပါးမွေ့လျော်မှုကို ပြုကြကုန်အံ့"
ဟု တစ်ယောက်သောသူဌေးသားက ဆိုသည်။

ထိုအဆိုကို သူဌေးသားလေးယောက်တို့သည် သဘောတူကြပြီး အဆင်းသဏ္ဍာန်၊ ကြာအင်လက္ခဏာကောင်းစွာပြည့်စုံလှပချောမောကုန်သောမိန်းမတို့ကို ပစ္စည်းဥစ္စာဖြင့်ဖြားယောင်းဖျောင်းဖျ၍ အသက်ရှင်သမျှကာလပတ်လုံး ပရဒါရိကကံကိုပြုလုပ်ပျော်မွေ့နေကြလေသည်။

ထိုသူဌေးသားတို့သေသော် အဝီစိငရဲ၌ဖြစ်ကုန်ကြ၍ တစ်ဆူသောဘုရားရှင်တို့၏ကြားကာလပတ်လုံး ငရဲ၌ကျက်ရပြီးလျှင် ထိုအဝီစိငရဲမှလွတ်သော် ပြုလုပ်ခဲ့သောအကုသိုလ်ကံအကျိုးအကြွင်းအစွမ်းဖြင့် ယူဇနာ(၆၀)ရှိသော လောဟကုမ္ဘီငရဲအိုး၌နစ်ပြန်၍ အနှစ်သုံးသောင်းတို့ဖြင့် ငရဲအိုး၏အထက်မျက်နှာဝသို့ရောက်လာမည့်အခါ ဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုသည်ဖြစ်၍ ရွတ်ဆိုလိုသည်ရှိသော် အစအဆုံးဆိုခြင်းငှာ မစွမ်းနိုင်၍ တစ်လုံးသောအက္ခရာကိုသာ ရွတ်ဆိုမိပြီးကာမျှဖြင့် တစ်ဖန်ငရဲအိုးသို့ဇောက်ထိုးနစ်မြုပ်ဝင်သွားရပြန်သည်။
ဟု ဘုရားရှင်က အတိတ်ဇာတ်လမ်းသူဌေးသားတို့၏ ပရဒါရိကကံကို ပြုမှုကြောင့်ခံရသော ငရဲဆင်းရဲကိုရှင်းပြတော်မူသည်။

* * * * *

"ဒကာတော်မင်းကြီး. . . အသင် ရှေးဦးစွာကြားရသောအသံကို လျှောက်ပါလော"

"မြတ်စွာဘုရား. . . ဒု-ဟူသောအသံကို ကြားရပါသည်ဘုရား"

"မင်းမြတ်. . . ဒု-ဆိုသောစကား၏အလုံးစုံအဓိပ္ပာယ်မှာ-

"ဒုဇ္ဇီဝိတမဇီဝိမှ ယေသန္တေန ဒဒမှယေ
ဝိဇ္ဇမာနေသု ဘောဂေသု ဒီပံ နကမှအတ္တနော"

"အို-အဆွေတို့. . . ငါတို့အား စည်းစိမ်ဥစ္စာတို့သည် ထင်ရှားရှိပါကုန်လျက် မပေးမလှူမိကြကုန်၊ မိမိ၏ထောက်တည်ရာ မှီခိုရာ ကျွန်းကြီးသဖွယ်ဖြစ်သောပုညကြိယာဝတ္ထုဆယ်ပါးကို မပြုမိကြကုန်၊ ထိုငါတို့သည် ဤမကောင်းသောအသက်ရှည်ခြင်းဖြင့် အသက်ရှည်ကြရလေကုန်ပြီ ဟု ပြောဆိုခြင်းမျှသာ ဖြစ်ပါ၏"

ဤအသံဟူသောအကြောင်းကြောင့် ဒကာတော်မင်းကြီးအား အန္တရာယ်တစ်စုံတစ်စိ ငြိတွယ်ရန်မရှိပါ။ ဒကာတော်မင်းမြတ်. . . နောက်အသံတစ်ခုကို ဆိုဦးလော့"

"အရှင်ဘုရား. . . သ-ဟူသောအသံကို ကြားရပါသည်"

"မင်းမြတ်. . . သ-ဆိုသောစကား၏ အလုံးစုံအဓိပ္ပာယ်မှာ-

သဋ္ဌိဝဿ သဟဿာနိ ပရိပုဏ္ဏာနိသဗ္ဗသော
နိရယေ ပစ္စမာနာနံ ကဒါ အန္တော ဘဝိဿတိ

"လောဟကုမ္ဘီငရဲ၌ကျခံနေရသော ငါတို့အား အနှစ်ခြောက်သောင်းတို့သည် ဖြည့်၍ရှိလေပြီ၊ အဘယ်အခါမှအဆုံးသည်ဖြစ်လတ့်နည်းဟု ဆိုလိုသောစကားမျှသာ ဖြစ်သည်။

ဤအသံကိုကြားရသောကြောင့် အသင်မင်းကြီးအပေါ်၌ အန္တရာယ်တစ်စုံတစ်ရာမျှ မရှိပါချေ၊ မင်းကြီး နောက်တစ်သံကိုဆိုပါလော"

"အရှင်ဘုရား. . . န-ဟူသောအသံကို ကြားရပါသည်"

"မင်းမြတ်. . . န-ဆိုသောစကား၏ အလုံးစုံအဓိပ္ပာယ်မှာ-

နတ္ထိအန္တော ကုတောအန္တော၊ န အန္တောပဋိဒိဿတိ
တဒါ ဟိမကတံပါပံ၊ မမတုယှဉ္စမာရိသာ

"အို-အဆွေတို့. . . ထိုသူဌေးသာဖြစ်စဉ်တုန်းက ပြုမိခဲ့ကြသော သူ့သားမယားကျူးလွန်မှု၊ မကောင်းမှုအကုသိုလ်ကံသည် ငါ့အားလည်းကောင်း၊ အသင့်အားလည်းကောင်း အဆုံးမရှိ၊ အဆုံးဘယ်မှာရှိအံ့နည်း၊ အဆုံးမထင်နိုင်ပါချေ၊ ဟု ဆိုသောစကားဖြစ်ပါသည်၊ မင်းမြတ် ဤအသံကြောင့် သင့်မှာ အန္တရာယ်အစွန်းငြိတွယ်ရန်မရှိပါ၊ နောက်တစ်သံကိုဆိုပါလော"

"အရှင်ဘုရား. . . သော-ဟူသောအသံကို ကြားရပါသည်"

"မင်းမြတ်. . . သော-ဆိုသောစကား၏ အလုံးစုံအဓိပ္ပာယ်မှာ-

သောဟံ နူန ဣတောဂန္တွာ၊ ယောနိံလဒ္ဓါနမာနုသိံ

ဝဒည္ဉူသီလသမ္ပန္နော၊ ကာဟာမိကုသလံဗဟုံ

"ငါသည် ဤသံသရာထဲမှ လွတ်မြောက်ပြီး လူ့ဘဝကို အကယ်၍ရအပ်သည်ဖြစ်ခဲ့အံ့၊ ထိုထိုသို့သော ပညာရှိတို့၏ပြောဆိုဆုံးမသောစကားကို မှတ်သားနာယူပြီး သီလနှင့်ပြည့်စုံသည်ဖြစ်၍ များစွာသောကုသိုလ်ကို စီမံအားထုတ်ပြုလုပ်၍သာနေပါတော့မည် ဟု ပြောဆိုငြီးတွားသောစကားမျှသာ ဖြစ်ပါသည်၊ ဒကာတော်မင်းကြီးအား တစ်စုံတစ်ခုသော အန္တရာယ်ငြိတွယ်ရန်မရှိ။

ဒကာတော်မင်းမြတ်. . . ထိုလေးယောက်သောသူတို့သည် ယခုဆိုခဲ့သောဂါထာအစဉ်ကို အစအဆုံး ရွတ်ဆိုခြင်းငှာအလိုရှိပါလျက် ရွတ်ဆိုခြင်းငှာမစွမ်းနိုင်ဘဲ တစ်လုံးတစ်လုံးသောအက္ခရာကို ရွတ်ဆိုမိကာမျှဖြင့် လောဟကုမ္ဘီငရဲအိုးအတွင်း ပြန်နစ်ဆင်းဝင်ရတော့သည်"

မင်းကြီး. . . ယခုအခါ သင်သည်သာလျှင် ဤအသံကိုကြားအပ်သည်မဟုတ်သေး၊ ရှေးမင်းတို့သည်လည်း ကြားအပ်ကုန်သည်သာတည်း၊ ထိုရှေးမင်းတို့သည်လည်း ပုဏ္ဏားတို့ကိုမေး၍ သတ္တဝါတို့ကိုသတ်သောယဇ်ပူဇော်ခြင်းကို ပြုလိုကုန်သည်ဖြစ်၍ ပညာရှိတို့၏စကားကိုကြားရသောအခါ ယဇ်ပူဇော်ခြင်းကို မပြုကုန်၊ ပညာရှိတို့သည် ထိုအသံတို့၏အကြောင်းကို ဆို၍များစွာသောသတ္တဝါတို့ကိုလွတ်စေ၍ ချမ်းသာခြင်းကိုပြုဖူးကုန်ပြီ"

ဟု ဗုဒ္ဓကမိန့်ကြားသည်။

"အရှင်ဘုရား. . . အတိတ်ဖုံးလွှမ်း၍မသိနိုင်သော ထိုအကြောင်းကိုလည်း သိပါရစေဘုရား"

"မင်းကြီး. . . ရှေးလွန်လေပြီးသောအခါ ဗာရဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မထင်ရှားသောကာသိရွာဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်၍ ပညာစုံတတ်မြောက်ပြီးသောအခါ ကာမဂုဏ်တို့၏အပြစ်ကိုဖြစ်၍ ရသေ့ရဟန်းပြု၍နေသည်၊ အဘိညာဉ်စျာန်သမာပါတ်ချမ်းသာဖြင့်ဟိမဝန္တာတောဝယ် ပျော်မွေ့လျက်နေသည်။

ထိုအခါ ဗာရဏသီမင်းသည် ငရဲသား(၄)ယောက်တို့၏ အသံကိုကြား၍ ကြောက်လန့်ရကား ပုဏ္ဏားတို့သည်-

"သုံးပါးသောအန္တရာယ်တို့တွင် တစ်ပါးပါးသောအန္တရာယ်သည် ဖြစ်လတ့ံ ထိုအန္တရာယ်ကို သဗ္ဗစတုက္ကယာဇ်ဖြင့် ငြိမ်းစေအံ့"

ဟုဆိုကြသော် မင်းကြီးက ဝန်ခံပြုလုပ်စေသဖြင့် ပုရောဟိတ်သည် ပုဏ္ဏားတို့နှင့် တကွ ယဇ်တွင်းကိုပြုစေ၏၊ များစွာသောသတ္တဝါအပေါင်းတို့ကို ယဇ်တိုင်၌ ဆောင် ထားကြသည်။

ထိုအခါ ဘုရားလောင်းသည် မေတ္တာဘာဝနာကိုပွား၍ ဒိဗ္ဗစက္ခုအဘိ ညာဉ်ဖြင့်လောကကိုကြည့်သော် ဤအကြောင်းကိုသိသည်။

"ယနေ့ ငါသည် သွားခြင်းငှာ သင်၏များစွာသောသတ္တဝါတို့အား ချမ်းသာ ခြင်းသည် ဖြစ်လတ့ံ"

ဟု တန်ခိုးအစွမ်းဖြင့် ကောင်းကင်ခရီးဖြင့် မာကာမင်း၏မင်္ဂလာဥယျာဉ်၌သက် ဆင်း၍ ကျောက်ဖျာထက်၌ ရွှေဆင်းတုကဲ့သို့ထိုင်နေသည်။

ထိုအခါ ပုရောဟိတ်တပည့်ကြီးသည် ဆရာထံဆည်းကပ်၍-

"ဆရာ. . . ကျွန်တော်တို့၏ဗေဒင်အတတ်ပညာ၌ သူတစ်ပါးကိုသတ်၍ ချမ်းသာခြင်းပြုခြင်းမည်သည်မရှိသည်မဟုတ်တုံလော"

"သင့်ကား မင်း၏ဥစ္စာကိုစောင့်၏၊ များစွာသောငါး၊ အမဲတို့ကို စားရ ကုန်အံ့၊ ဥစ္စာကိုရကုန်အံ့၊ ဆိတ်ဆိတ်နေလော့"

တပည့်သည် ဤအမှု၌ ငါ့အဖော်မပြုဟုထွက်၍ မင်း၏ဥယျာဉ်သို့သွား၍ ဘုရားလောင်းကိုမြင်၍ ပုဏ္ဏားသည်ရှိခိုး၍ ပဋိသန္ထာရပြုလျက် တင့်တယ်လျောက် ပတ်စွာနေသည်။

ဘုရားလောင်းသည်-

"လုလင်. . . မင်းသည် တရားသဖြင့် မင်းပြု၏လော"

ဟု မေး၏။

"အရှင်ဘုရား. . . မင်းသည် တရားသဖြင့် မင်းပြုပါ၏၊ ညဉ့်အဖို့၌ အသံ ကြီးလေးခုကိုကြား၍ ပုဏ္ဏားတို့ကိုမေးရာ ပုဏ္ဏားတို့က သဗ္ဗစတုက္ကယဇ်ကို

ပူဇော်က ချမ်းသာခြင်းကိုပြုအံ့ ဟုဆိုကုန်၏၊ မင်းသည် သတ္တဝါသတ်သောအမှုကို ပြု၍ကိုယ်ချမ်းသာသောအဖြစ်ကိုပြုလိုရကား များစွာသောသတ္တဝါကို ယဇ်ပူဇော်ရန် ဆောင်ထားပါ၏၊

အရှင်ဘုရား. . . အရှင်ဘုရားတို့ကဲ့သို့ သီလရှိကုန်သောအရှင်တို့အား ထိုအသံတို့၏ဖြစ်ခြင်းကိုဆို၍ သတ္တဝါအများကိုသေခြင်းမှလွတ်စေခြင်းငှာ သင့်ပါ၏"

"လုလင်. . . မင်းသည် ငါ့ကိုမသိ၊ ငါတို့သည်လည်း မင်းကိုမသိ၊ ဤအသံတို့၏ဖြစ်ခြင်းကိုကား ငါတို့သိကုန်၏၊ မင်းသည် ငါတို့ကိုအကယ်၍မေးငြားအံ့၊ မင်းကိုယုံမှားမှုမရှိအောင်ပြု၍ ပြောဆိုနိုင်ပါ၏"

"အရှင်ဘုရား. . . ထိုသို့ဆိုက မင်းကိုတပည့်တော်ဆောင်ခဲ့ပါအံ့၊ တစ်ခဏမျှ ဤနေရာ၌ နေပါကုန်လော"

"လုလင်. . . ကောင်းပါပြီ"

ပုရောဟိတ်၏တပည့်လုလင်သည် ထိုအကြောင်းကို မင်းထံသို့သွားရောက်၍ ပြောကြားကာ မင်းကိုပင့်ဆောင်၍ ရသေ့ထံသို့ပို့ပေးလေသည်။

မင်းသည် ရသေ့ကိုရှိခိုး၍ သင့်သောနေရာ၌ထိုင်ပြီး-

"အရှင်ဘုရား. . . အရှင်သည် ကျွန်ုပ်ကြားအပ်သောအသံတို့၏ဖြစ်ခြင်းကိုသိကုန်၏ ဟူသည် မှန်ပါသလော"

"မြတ်သောမင်းကြီး. . . သိ၏၊ မှန်ပါ၏"

"အရှင်ဘုရား. . . ဆိုတော်မူပါကုန်လော"

"မြတ်သောမင်းကြီး. . . ထိုသူတို့သည် ရှေးဘဝ၌ သူတစ်ပါးတို့သည် စောင့်ရှောက်ထိန်းသိမ်းသောမိန်းမတို့၌ ကျူးလွန်သွားလာကြကုန်၍ ဗာရာဏသီ၏ အနီးလေးခုကုန်သောလောဟကုမ္ဘီငရဲအိုး၌ဖြစ်ကုန်၍ ကျိုက်ကျိုက်ဆူသော သားရေဖြင့်အမြှုပ်ထ,လျက် ကျက်ကုန်၍အနှစ်သုံးသောင်းတို့ပတ်လုံး အောက်သို့ သွား၍ ကျက်ခံရသည်၊ အနှစ်သုံးသောင်းပြည့်၍ အပေါ်မျက်နှာဝသို့ ခဏတက်၍ ငရဲအိုး၏မျက်နှာဝကိုမြင်၍ လေးယောက်သောသူတို့သည် လေးဂါထာကိုပြည့်စုံစွာဆိုလိုကုန်လျက်ဆိုအံ့သောငှာ မတတ်နိုင်ကုန်၍ တစ်လုံးတစ်လုံးသောအက္ခရာ

ကိုသာလျှင် ဆိုကုန်၍ တစ်ဖန်လောဟကုမ္ဘီငရဲသို့ ပြန်နစ်ရသည်၊ သူတို့ဆိုသော ဒု-သ-န-သော လေးဂါထာသည် မင်းကြီးအားအထက်၌ ငါဘုရားရှင်ဟောကြားခဲ့သောအနက်အဓိပ္ပာယ်ဖြစ်ပေ၏။

မင်းကြီး. . . ဘုရားလောင်းသည် တစ်ခုစီ တစ်ခုစီဖြစ်သောဂါထာကို ဆိုပြ၍ မြတ်သောမင်းကြီး ထိုငရဲသတ္တဝါတို့သည် ဤဂါထာများကို ပြည့်စုံစွာပြ၍ ဆိုလိုသော်လည်း မိမိတို့၏မကောင်းမှုအားကြီးသည်၏အဖြစ်ကြောင့် ပြည့်စုံစွာ မဆိုနိုင်၊ ထိုငရဲသူသတ္တဝါသည် မိမိ၏ကံအကျိုးကိုခံစားလျက် မြည်တမ်းခြင်းဖြစ်၏၊ သင် မင်းကြီးတို့သည် မကြောက်ကုန်လင့်"

ဟု ဆိုဆုံးမပြောသောအခါ မင်းကြီးသည် ရသေ့၏စကားကိုသဘောကျနှစ်သက်၍ သတ္တဝါတို့ကိုလွှတ်စေသည်၊ ရွှေစည်ကိုလည်စေ၍ ယဇ်တွင်းကိုဖျက်စေ၏။

ဘုရားလောင်းသည် များစွာသောသတ္တဝါတို့၏ချမ်းသာခြင်းကိုပြု၍ ထိုဥယျာဉ်၌ နှစ်ရက်သုံးရက်နေပြီး ဟိမဝန္တာသို့ပြန်လေသည်။

မင်းကြီး. . . ထိုအခါ ပုရောဟိတ်၏တပည့်သည် ယခု သာရိပုတ္တရာဖြစ်ပြီး ယခုအခါ ငါဘုရားသည်သာ ထိုအခါရသေ့ဖြစ်ခဲ့သည်။

ဟု ဇာတ်တော်ကိုပေါင်း၍ ဟောပြတော်မူသည်။

**(ပုစိမန္ဒဝဂ်လောဟကုမ္ဘီဇာတ်)**

* * * * *

ဗုဒ္ဓ၏တရားတော်အဆုံးဝယ် ကောသလမင်းကြီးအား-

"ထိုသတ္တဝါတို့သည်ကား ပျက်စီးလေစွတကား၊ ဤမျှလောက်သော အတိုင်းအရှည်ကြာလျက် ယနေ့ထက်တိုင်အောင် လင်ရှိသော်လည်း အနှစ်တစ်ထောင်မျှကိုသော်လည်း မလွန်မြောက်နိုင်ချေတကား"

ဟု စဉ်းစားမိပြီး ကြီးစွာသောတုန်လှုပ်ထိတ်လန့်ခြင်းတို့သည် ဖြစ်ပေါ်ခံစားရကုန်လေသည်။

"သူတစ်ပါးတို့၏မယား၌ ပြစ်မှားကျူးလွန်ခြင်းကံသည်ကား အလွန်ဝန်လေးစွတကား၊ တစ်ဆူသောဘုရားရှင်၏အကြားကာလပတ်လုံး ငရဲ၌ကျက်ခံစားရပြီ၊ ထိုငရဲမှလွတ်ပြန်သော်လည်း လောဟကုမ္ဘီငရဲ၌ဖြစ်ရ၍ ထိုငရဲ၌အနှစ်ခြောက်

သောင်းတို့ပတ်လုံးကျက်၍ ခံစားနေရပါလျက်ပင်သော်လည်း ဆင်းရဲမှလွတ်မြောက်သောအခြင်းအရာသည် မထင်သေးချေ။

အော်. . . ဝန်လေးစွတကား၊ ငါသည်လည်း သူတစ်ပါး၏မယား၌ ချစ်ခြင်းနှောင်ဖွဲ့ခြင်းကိုပြု၍ အလုံးစုံသောညဉ့်ပတ်လုံး အိပ်ပျော်ခြင်းကို မရပေ၊ ယခုအခါ ဤနေ့မှစ၍ သူတစ်ပါးမယား၌ ပြစ်မှားတပ်ညွတ်နှောင်ဖွဲ့ခြင်းကို မဖြစ်တော့အံ့"

ဟု ကြံစည်မိပြီး ဘုရားရှင်ကို-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ဒကာတော်သည် ယနေ့၌ ညဉ့်ရှည်သည်၏အဖြစ်ကို သိရပါသည်ဘုရား"

ဟု လျှောက်ထားလေသည်။

မင်းကြီးစေခိုင်းထားသော မင်းခစားသောယောကျ်ားသည် ထိုနေရာ၏အနီးအနား၌သာထိုင်နေလျက်ရှိသောကြောင့် မင်းကြီး၏လျှောက်ထားသောစကားကို ကြားလတ်သော်-

"ငါ့အား အားကြီးသောအထောက်အပံ့သည်ရအပ်ပေပြီ"

ဟု ကြံစည်မိလျက် ဘုရားရှင်ကို-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ပြည့်ရှင်မင်းမြတ်သည် ယနေ့ညဉ့်၌ ရှည်ဝေးသည်အဖြစ်ကိုသိပါသည်၊ တပည့်တော်သည်လည်း ယမန်နေ့ကတပည့်တော်ကိုယ်တိုင်တစ်ယူဇနာမျှသောခရီးကို သွားရောက်ရသည်ဖြစ်၍ ထိုခရီးကိုရှည်ဝေးသည်ဟု သိပါသည်ဘုရား"

ဟု လျှောက်ထားသည်။

ဘုရားရှင်သည် နှစ်ဦးသောသူတို့၏လျှောက်ထားအပ်သောစကားကိုနှီးနှော၍-

"အချို့သောသူအား ညဉ့်သည်ရှည်ဝေးသည်ဖြစ်၍၊အချို့သောသူအား ယူဇနာမျှသောခရီးသည် ရှည်ဝေးသည်ဖြစ်၏၊ မိုက်မဲတွေဝေသောသတ္တဝါအားပြေးသွားကျင်လည်ရာသံသရာသည် ရှည်ဝေး၏"

ဟု ဗုဒ္ဓကမိန့်ကြားပြီး ဆက်လက်၍ဂါထာဖြင့်-

"အိပ်မပျော်နိုးကြားသူအား ညဉ့်သုံးယံသည် ရှည်ကြာသကဲ့သို့ဖြစ်၏၊ ခရီးပန်းသူအား တစ်ယူဇနာခရီးသည် ရှည်လျားသကဲ့သို့ဖြစ်၏၊ သူတော်ကောင်းတရားကို ပညာမျက်စိဖြင့် မသိမမြင်ကုန်သောလူမိုက်တို့အား သံသရာသည် အလွန်ရှည်ဝေးလှပါ၏"

ဟူ၍ ဟောကြားတော်မူရာ ဒေသနာတော်၏အဆုံး၌ ဝယ် မင်းခစားယောကျ်ားသည် သောတာပတ္တိဖိုလ်၌တည်လေသည်၊ အခြားများစွာကုန်သောသူတို့သည်လည်း သောတာပတ္တိဖိုလ်သို့ရောက်ကုန်သည်။

ကောသလမင်းကြီးသည် ဘုရားရှင်ကိုရှိခိုးလျက် နန်းတော်သို့ပြန်ရောက်သော် ချုပ်နှောင်ဖမ်းဆီးထားသူအားလုံးကို လွတ်စေသည်။

ချုပ်နှောင်ဖမ်းဆီးခံထားရသောအမျိုးသား၊ အမျိုးသမီးငယ်အပေါင်းတို့သည် အနှောင်အဖွဲ့မှလွတ်ကုန်သောအခါ ဦးခေါင်းကိုရေဖြင့်ဆေးကြောသုတ်သင်ပြီးသော် မိမိတို့အိမ်သို့သွားရောက်ကြကုန်လျက်-

"အရှင်မ မလ္လိကာမိဖုရားကြီး. . . ကြာမြင့်စွာ အသက်ရှည်ပါစေသတည်း၊ ငါတို့သည် အရှင်မ မလ္လိကာမိဖုရားကြီးကိုအမှီပြုပြီး အသက်ကိုရကြပါကုန်၏"

ဟု မလ္လိကာမိဖုရားကြီး၏ဂုဏ်ကျေးဇူးကို ပြောဆိုကြကုန်သည်။

ရဟန်းသံဃာတော်တို့သည်လည်း ညချမ်းသောအခါ၌ဖြစ်သောတရားသဘင်၌-

"ငါရှင်တို့. . . အံ့ဩဖွယ်ရှိလေစွတကား၊ မလ္လိကာမိဖုရားကြီးသည် ပညာရှိပေစွတကား၊ မိမိ၏ပညာကိုမှီ၍ ဤမျှအတိုင်းအရှည်ရှိသောသတ္တဝါများအား ဇီဝိတဒါနကိုပေးလေဘိသည်တကား"

ဟု ချီးမွမ်းသောစကားကို ဖြစ်စေကုန်၏။

ထိုအခါ ဘုရားရှင်သည် ဂန္ဓကုဋိတိုက်၌ထိုင်နေစဉ် ထိုရဟန်းတို့၏ ချီးမွမ်းကြသောစကားကိုကြားသိတော်မူ၍ ဂန္ဓကုဋိတိုက်မှကြွလာပြီးလျှင် တရားသဘင်၌ ထိုင်တော်မူကာ-

"ချစ်သားရဟန်းတို့. . . ငါဘုရားကြွမလာခင် အဘယ်စကားကို ပြောကြား၍ စည်းဝေးနေကြပါသနည်း"

ဟု မေးသည်။

ရဟန်းတော်တို့က မလ္လိကာမိဖုရားကြီး၏ပညာရှိပုံအကြောင်းကို ချီးမွမ်းဆွေးနွေးနေကြကြောင်း လျှောက်ထားကြသည်ရှိသော်-

"ချစ်သားရဟန်းတို့. . . မလ္လိကာမိဖုရားကြီးသည် ဤယခုဘဝ၌သာလျှင် မိမိ၏ပညာကိုမှီ၍ များစွာသောလူအပေါင်းအား ဇီဝိတဒါနကိုပေးသည်မဟုတ်သေး၊ ရှေးဖြစ်သောဘဝ၌လည်း ပေးခဲ့ဖူးသည်သာတည်း"
ဟု မိန့်ကြားပြီးလျှင် အတိတ်ကိုဆောင်၍ ဟောတော်မူလေသည်။

* * * * *

ရှေးလွန်လေပြီးသောအခါ ဗာရဏသီပြည်၌ ပြည့်ရှင်မင်းကြီး၏သားတော်မင်းသားတစ်ပါးည် ညောင်ပင်တစ်ပင်သို့ချဉ်းကပ်၍ ညောင်ပင်၌စောင့်ရှောက်နေထိုင်သောနတ်မင်းကို-

"အရှင်နတ်မင်း. . . ဤဇမ္ဗူဒိပ်ကျွန်း၌ အကျွန်ုပ်၏ခမည်းတော်သည်ကွယ်လွန်သောအခါ၌ အကယ်၍မင်းအဖြစ်ကိုရသည်ဖြစ်အံ့၊ မင်းတစ်ရာတစ်ပါးတို့ကိုလည်းကောင်း၊ အဂ္ဂမဟေသီမိဖုရားတစ်ရာတစ်ပါးကိုလည်းကောင်း ဆောင်ယူခဲ့ပါအံ့၊ ဆောင်ယူခဲ့ပြီး ထိုမင်း မိဖုရားတို့၏လည်ချောင်းသွေးတို့ဖြင့် ပူဇော်ခြင်းအမှုကိုပြုပါအံ့"
ဟု တောင်းပန်လေသည်။

ထိုမင်းသားသည် ခမည်းတော်နတ်ရွာစံသော် မင်းအဖြစ်ကိုရ၍-

"နတ်မင်း၏အာနုဘော်ကြောင့် ငါ့အား မင်းအဖြစ်ကိုရောက်ရပေသည်"
ဟု အောက်မေ့မှတ်ထင်သဖြင့်-

"ထိုနတ်မင်းကိုပူဇော်ခြင်းအမှုကိုပြုအံ့"
ဟု ကြံ၍ များပြားကြီးကျယ်သောစစ်သည်ဗိုလ်ပါခြံ့စည်းပြီးလျှင် မင်းတစ်ပါးကိုမိမိအလိုသို့လိုက်ပါစေပြီးလျှင် ထိုမင်းနှင့်တကွပေါင်းသင်း၍ အခြားမင်းတို့ကိုဖမ်းယူလေသည်။

အဂ္ဂမဟေသီမိဖုရားကြီးအပါအဝင် မင်းအပေါင်းကိုဖမ်းယူပြီးလျှင် မိမိ၏နိုင်ငံသို့ပြန်လာခဲ့သည်။

အလုံးစုံသောမင်းတို့အောက်ငယ်သောအရွယ်ရှိသော ဓမ္မဒိန္နာအမည်ရှိသောအဂ္ဂမဟေသီမိဖုရားသည်သာ လေးသောကိုယ်ဝန်နှင့်ပါလာသည်။

ထိုမိဖုရားကို ခြွင်းချန်၍ကျန်သောမင်းနှင့်မိဖုရားတို့ကို အဆိပ်ဆေးဖြင့် ရောသောအဖျော်ကိုတိုက်ကျွေး၍သတ်အံ့ ဟု ကြံ၍ ညောင်ပင်ရင်းကိုသုတ်သင် ရှင်းလင်းစေသည်။

"ဤမင်းကြီးသည်ကား ဤမျှအတိုင်းအရှည်ရှိကုန်သော မင်းအပေါင်းတို့ကို အောင်မြင်ဖမ်းယူနိုင်ခြင်းသည် ငါ့ကိုအမှီပြု၍ဖမ်းယူအောင်မြင်နိုင်သည်ဟု မှတ်ထင်ကြံစည်၍ ထိုမင်းတို့၏လည်ချောင်းသွေးဖြင့် ငါ့အားပူဇော်လိုသည်ဖြစ်ဘိ၏။

ဤမင်းသည် ထိုမင်းအပေါင်းတို့ကို အကယ်၍သတ်ဖြတ်သည် ဖြစ်ငြားအံ့၊ ဤဇမ္ဗူဒိပ်ကျွန်း၌ မင်းဆက်၊ မင်းနွယ်ပြတ်သည်ဖြစ်လတ့်၊ ငါစံရာသန့်ရှင်းသော ဤညောင်ပင်ရင်းသည်လည်း မသန့်ရှင်း မစင်ကြယ်၊ စက်ဆုပ်ရွံရှာဖွယ်ဖြစ်လတ့်"

"ထိုအမှုကို ငါသည်ကား တားမြစ်ခြင်းငှာ စွမ်းနိုင်လတ့်လော"

ဟု စူးစမ်းဆင်ခြင်သည်ရှိသော် မစွမ်းနိုင်လတ့်သည်ကိုသိ၍ တစ်ပါးသောနတ်မင်းတို့ထံသွားရောက်ချဉ်းကပ်ပြီးလျှင် ထိုအကြောင်းအလုံးစုံကိုပြောပြအကူအညီတောင်းသည်၊ ထိုနတ်မင်းကလည်း-

"ငါသည် တားမြစ်ခြင်းငှာ မစွမ်းနိုင်ပါ"

ဟု ငြင်းပယ်သဖြင့် တစ်ပါးသောနတ်မင်းထံသို့သွားရောက်တောင်းပန်ပြန်သည်၊ ထိုနတ်မင်းကလည်း ငြင်းပယ်ပြန်လေသည်။

ဤသို့သောနည်းဖြင့် စကြဝဠာတိုက်အလုံး၌တည်ရှိသောနတ်မင်းတို့အား ချဉ်းကပ်၍လည်းကောင်း၊ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးထံချဉ်းကပ်၍လည်းကောင်း တောင်းပန်ပြောဆိုပါသော်လည်း ငြင်းပယ်ခံရသည်သာဖြစ်သည်။

သို့အတွက် တာဝတိံသာနတ်ပြည်သို့တက်၍ သိကြားမင်းထံသို့သွား၍ ထိုအကြောင်းအလုံးစုံကိုပြောပြပြီး-

"နတ်အပေါင်းတို့ကို အစိုးရသောအရှင်သိကြားမင်း. . . အရှင်တို့သည် ကြောင့်ကြမဲ့နေကုန်သည်ရှိသော် ဇမ္ဗူဒိပ်ကျွန်း၌ မင်းမျိုးမင်းနွယ်ပြတ်ပါလိမ့်မည်၊ အရှင်သိကြားမင်းသည် ထိုမင်းအပေါင်း၏ကိုးကွယ်ရာမှီခိုရာဖြစ်ပါကုန်လော"

ဟု လျှောက်ထားသည်။

"အချင်းနတ်သား. . . ငါသည်လည်း တားမြစ်ပိတ်ပင်ခြင်းငှာ မစွမ်းနိုင်၊ တားမြစ်ပိတ်ပင်နိုင်သောအကြောင်းကိုမူကား ငါသည် ညွှန်ကြားပြသလိုက်ပေအံ့၊

အသင်သည်သွားပြီး မင်းကြီးသည်ကြည့်ရှုထင်ထင်မြင်စဉ်လျှင်ပင် နီမြန်းသော အဝတ်ကိုဝတ်ရုံလျက် မိမိ၏သစ်ပင်မှထွက်ပြီးသော် သွားအံ့သောအခြင်းအရာကို ပြပါလေလော့"

ထိုအခါ မင်းကြီးသည် ညောင်ပင်စောင့်နတ်မင်းသည် ထွက်သွားချေပြီး ထိုနတ်မင်းကိုပြန်လာစေအံ့ ဟုဆိုပြီး အထူးထူးအပြားပြား များစွာသောအခြင်းအရာဖြင့် အသင့်ကိုတောင်းပန်လတ့်၊ ထိုသို့တောင်းပန်သောအခါ အသင်ကလည်း-

"အရှင်မင်းကြီး. . . အသင်သည် အဂ္ဂမဟေသီမဖုရားတို့နှင့်တကွ တစ်ရာတစ်ပါးသောမင်းတို့ကိုဖမ်းယူ၍ ထိုမင်း၊ မိဖုရားတို့၏လည်ချောင်းသွေးဖြင့် ပူဇော်ခြင်းအမှုကိုပြုအံ့ ဟု တောင်းပန်ဝန်ခံပါလျက် ဥဂ္ဂသေနမင်း၏မိဖုရားကိုချန်ထားလျက် လာရောက်ပေ၏။

ငါသည် ထိုသို့သဘောရှိသောမဟုတ်မမှန် ချွတ်ယွင်းသောစကားကို ပြောဆိုလေ့ရှိသော သူ၏ပူဇော်မှုကိုမခံပေတော့အံ့ဟု ပြောဆိုလေလော့၊ ဤသို့ အသင်က ပြောဆိုသည်ရှိသော် မင်းကြီးသည် ဓမ္မဒိန္နာမိဖုရားကို အာဏာဖြင့်စေလွှတ်၍ ခေါ်ဆောင်စေလတ့်။

ထိုမိဖုရားသည် မင်းကြီးအား တရားဟော၍ ဤမျှလောက်အတိုင်းအရှည်ရှိကုန်သောလူတို့အား အသက်ရှည်ကာနေရခြင်းဟူသော ဇီဝိတဒါနကိုပေးလတ့် ဟု သိကြားမင်းက အကြံပြုပြောဆိုလေသည်။

ညောင်ပင်စောင့်နတ်သည်လည်း သိကြားမင်းမှာကြားသည့်အတိုင်း ပြုလုပ်သည်၊ မင်းကြီးသည် မိဖုရားကိုခေါ်ဆောင်ရန် စေလွှတ်လိုက်လေသည်။

ဓမ္မဒိန္နာမိဖုရားသည် လာရောက်ပြီး ထိုမင်းအားလုံးတို့အောက် အငယ်ဆုံးဖြစ်ပြီး အစွန်းဆုံးနေရာ၌ထိုင်နေသောမိမိ၏အရှင်သခင်မင်းကိုသာ ရှိခိုး၍ထိုင်နေသည်။

"ငါသည် အလုံးစုံသောမင်းတို့၏အကြီးအမှူးအရာ၌တည်နေပါလျက် ငါ့အားရှိခိုးခြင်းကိုမပြု၊ အလုံးစုံသောမင်းတို့အောက် ငယ်သောအရွယ်ရှိသော မိမိ၏ခင်ပွန်းအရှင်ဖြစ်သော ဥဂ္ဂသေနမင်းကိုသာ ရှိခိုးလေဘိ၏"

ဟု ဗာရဏသီမင်းသည် ဓမ္မဒိန္နမိဖုရားအပေါ်၌ အမျက်ဒေါသထွက်လေသည်။

ထိုသို့ဒေါသထွက်သည့်အတွက် ဓမ္မဒိန္နမိဖုရားကို အဘယ်ကြောင့် ရှိခိုးရပုံကိုမေးမြန်းလေသည်။

"အရှင်မင်းကြီး. . . အရှင်မင်းကြီးသည် ကျွန်တော်မတို့အား နှောင်ဖွဲ့ဖမ်းဆီးအပ်ပေ၏၊ ကျွန်တော်မ၏အရှင်ဖြစ်သော ဤဥဂ္ဂသေနမင်းမြတ်သည်ကား ကျွန်တော်မအား အစိုးရခြင်းနှင့်တကွ စည်းစိမ်ချမ်းသာအခြံအရံတို့ကို ပေးသနားတော်မူပေ၏။

ထိုကဲ့သို့ အစိုးရခြင်းစည်းစိမ်ချမ်းသာအခြံအရံကို ပေးသနားခြင်းဖြင့် ချီးမြှင့်သော ဤအရှင်မင်းမြတ်ကိုရှိမခိုးမူ၍ စည်းစိမ်ချမ်းသာအသက်ကို ပျက်စီးအောင်ဖျက်ဆီးခြင်းကို ပြုတတ်သောအရှင်မင်းမြတ်ကို အဘယ်သို့ရှိခိုးအံ့နည်း" ဟု တင်လျှောက်သည်။

ထိုအခါ ညောင်ပင်စောင့်နတ်သည် များစွာသောမင်းပရိသတ်၊ လူပရိသတ်မြင်စေပြီး-

"ချစ်နှမ. . . အသင်ပြောကြားအပ်သောစကားသည် ဖြောင့်မှန်သင့်လျော်လှပေ၏"

ဟု ပြောဆိုချီးမွမ်း၍ ဓမ္မဒိန္နမိဖုရားကို ပန်းဆုပ်တို့ဖြင့် ပူဇော်လေသည်။

"အသင်မိဖုရား. . . အသင်သည် ငါ့အား အကယ်၍ရှိမခိုးလိုမူ ရှိစေဦးတော့၊ ငါ့အား မင်း၏စည်းစိမ်ချမ်းသာကို ပေးတော်မူသော ကြီးမြတ်သောတန်ခိုးအာနုဘော်ရှိသော ဤညောင်ပင်စောင့်နတ်ကြီးကို အဘယ်ကြောင့်ရှိခိုးခြင်းမပြုပါသနည်း"

ဟု ဗာရဏသီမင်းက ဆက်မေးသည်။

"အရှင်မင်းမြတ်. . . အရှင်မင်းမြတ်သည် အတိတ်ဘဝကပြုစု ဆည်းပူးခဲ့သောကောင်းမှုဘုန်းကံ၌တည်သည်ဖြစ်၍ သာလျှင် ဤမင်းအဖြစ်ကို ရအပ်ပေ၏၊ နတ်မင်းကယူပေး၍ ရသည်မဟုတ်ပါ"

ဟု တင်လျှောက်ပြသောအခါ ညောင်ပင်စောင့်က ရွှေနည်းတူသာလျှင်-

"ချစ်နှမ. . . အသင်ပြောဆိုအပ်သောစကားအတိုင်း မှန်ပါပေ၏"

ဟု ချီးမွမ်းပြောဆို၍ ရွှေနည်းတူ ပန်းတို့ဖြင့်ပူဇော်ပြန်လေသည်။

"အရှင်မင်းကြီး. . . အရှင်မင်းကြီးက ဤညောင်ပင်စောင့်နတ်မင်းသည် ဤမျှလောက်သောမင်းတို့ကိုဖမ်းဆီး၍ ပေးအပ်၏၊ နတ်မင်းအာနုဘော်ကြောင့် အောင်နိုင်အပ်၏၊ တန်ခိုးအာနုဘော်ကြီး၏ ဟု ပြောဆိုချီးမွမ်းတော်မူအပ်၏။

အရှင်မင်းမြတ်. . . အရှင်မင်းမြတ်ချီးမွမ်းအပ်သည့်အတိုင်း တန်ခိုးအာနုဘော်ကြီးသည်ဖြစ်ခဲ့ပါအံ့၊ ဤနတ်မင်းစံရာဖြစ်သော ညောင်ပင်၏အထက်ဖြစ်သော လက်ဝဲဘက်နံပါးကိုမီးလောင်မြိုက်ကျွမ်းခြင်း ဖြစ်ခဲ့သည်၊ ထိုသို့မီးလောင်မြိုက်သည်ကို အဘယ်ကြောင့် ကြည့်ရှုနေဘိသနည်း၊ မိမိ၏တန်ခိုးအာနုဘော်ဖြင့် အဘယ်ကြောင့် မီးကိုမငြိမ်းစေဘိသနည်း"
ဟု လျှောက်ထားသည်။

ညောင်ပင်စောင့်နတ်မင်းသည် ရှေးနည်းတူချီးမွမ်း၍ ပန်းဆုပ်တို့ဖြင့် ပူဇော်ပြန်သည်။

ဓမ္မဒိန္နာမိဖုရားသည် ထိုစကားကိုပြောဆိုနေစဉ် ငိုလည်းငိုသည်၊ ရယ်လည်း ရယ်လေသည်။

"အရှင်မိဖုရား. . . အသို့နည်း၊ စိတ်ဖောက်ပြန်ခြင်း၊ ရူးသွပ်သွားခြင်း ဖြစ်ပါသလော"
ဟု ဗာရဏသီမင်းက ဆက်မေးသည်။

"အရှင်မင်းမြတ်. . . ဤသို့ တမိန့်တော်မရှိပါလင့်၊ ကျွန်တော်မကဲ့သို့ သတိ၊ ပညာရှိသောသူတို့ကား ရူးသွပ်ခြင်းမဖြစ်နိုင်ပါ"

"အရှင်မိဖုရား. . . ထိုသို့ မရူးသွပ်ဘဲ အဘယ်ကြောင့်ငိုကြွေးခြင်း၊ ရယ်ရွှင်ခြင်းကို ပြုဘိသနည်း"

"အရှင်မင်းမြတ်. . . နားထောင်တော်မူပါလော၊ ကျွန်တော်မသည် ရှေးလွန်လေပြီးသောအခါ၌ အမျိုးသမီးတစ်ဦးဖြစ်၍ အရွယ်ရောက်သောအခါ မေတ္တာသက်ဝင်အစိုးရသောအရှင်ခင်ပွန်းနောက်သို့ လိုက်ပါသွားရသည်ဖြစ်၍ ခင်ပွန်းအိမ်၌နေရပါသည်။

တစ်နေ့တွင် အရှင်လင်၏ အဆွေခင်ပွန်းညှေ့သည်ရောက်လာ၍ ဧည့်သည်အား ထမင်းချက်ပြုတ်ကျွေးရန် အိမ်ဖော်မအား ဈေးသို့သွား၍ အသားဝယ်

ခိုင်းရာ အိမ်ဖော်မသည် ဈေးမှအသားမဲဟင်းကိုမရ၍ပြန်လာစဉ် အိမ်၌မွေးထားသောသိုးမ၏ဦးခေါင်းကိုဖြတ်ပြီး ဟင်းအဖြစ်ချက်ပြုတ်ကာ ကျွေးမွေးခဲ့ပါသည်။

ထိုသိုးမကိုခေါင်းဖြတ်သတ်ခဲ့သော မကောင်းမှုကံကြောင့် ငရဲ၌ များစွာကျက်ရပါသည်၊ ငရဲမှလွတ်သော် ထိုမကောင်းမှုကံ၏အကြွင်းအကျန် အစွမ်းဖြင့် ထိုသိုးမ၏အမွေးအရေအတွက်အားဖြင့် ဦးခေါင်းဖြတ်ခံခဲ့ရပါသည်။

အရှင်မင်းမြတ်သည် ဤမျှအတိုင်းအတာရှိသော မင်းအပေါင်းကိုသတ်၍ အဘယ်အခါမှာ ဤသို့သော ဆင်းရဲမှလွတ်ရပေလတ့်နည်း၊ ဤသို့လျှင် အလွန်ကြီးကျယ်သောဆင်းရဲကို အောက်မေ့မိ၍ စိုးရိမ်ပူဆွေးငိုကြွေးမိပါသည်” ဟုပြောပြီး ဂါထာဖြင့်-

“ရေမြေသနင်း ပြည့်ရှင်မင်းမြတ်. . . ကျွန်တော်မသည် တစ်ကောင်သော သိုး၏လည်ပင်းကိုဖြတ်မိသောကြောင့် အမွေးအရေအတွက်အားဖြင့် လည်ဖြတ်ခံရခြင်းကိုရောက်၍ ခံစားရလေပြီ၊ များစွာသောမင်း၊ မိဖုရားတို့၏လည်ပင်းကို ဖြတ်ခဲ့သည်ရှိသော် လွတ်မြောက်ခြင်းကို အဘယ်သို့ပြုနိုင်ပါတော့မည်နည်း” ဟု ပြောပြသည်။

“ရှင်မိဖုရား. . . အဘယ်ကြောင့် ပြုံးရယ်ခြင်းကို ဖြစ်စေဘိသနည်း” ဟု ဗာရဏသီက ဆက်မေးသည်။

“အရှင်မင်းမြတ်. . . ကျွန်တော်မသည် ထိုဆင်းရဲမှလွတ်မြောက်ရန် အခွင့်ရလာပေပြီ၊ သို့ဖြစ်၍ နှစ်သက်ဝမ်းမြောက်သောကြောင့် ရယ်ရွှင်မိပါသည်” ဟု လျှောက်ထားသည်။

ထိုအခါ ညောင်ပင်စောင့်နတ်သည် ရှေးနည်းတူ ချီးမွမ်း၍ ပန်းဆုပ်တို့ဖြင့် ပူဇော်ပြန်လေသည်။

“အော်. . . ငါသည် ဝန်လေးသောအမှုကို ပြုမိလေစွတကား၊ ဤဓမ္မဒိန္န မိဖုရားသည် သိုးမတစ်ကောင်ကိုသတ်ဖြတ်မိခြင်းကြောင့် ငရဲ၌ကျက်၍ခံစားရပြီးမှ အကျိုးအကြွင်း အကျန်အားဖြင့် ထိုသိုး၏အမွေးအရေအတွက်အားဖြင့် ဦးခေါင်းပြတ်ခြင်းသို့ရောက်ရ၏၊ ငါသည် ဤမျှလောက်သောမင်းတို့ကို သတ်ခဲ့မိက အဘယ်အခါ၌ချမ်းသာခြင်းသို့ ရောက်နိုင်လတ့်နည်း”
ဟု စဉ်းစားဆင်ခြင်မိပြီးလျှင် မင်းနှင့်မိဖုရားအားလုံးတို့ကို လွှတ်စေသည်။

မိမိထက်အသက်အရွယ်ကြီးကုန်သော မင်းတို့၏ခြေရင်း၌ရှိခိုးကာ မိမိထက်ငယ်သောမင်းတို့ကိုလက်အုပ်ချီလျက် အလုံးစုံသောမင်းတို့အား မိမိ၏အဖြစ်ကိုသည်းခံစေရန် တောင်းပန်သည်။

ထို့နောက် မင်းနှင့်မိဖုရားအပေါင်းတို့အား မိမိတို့၏တိုင်းပြည်အသီးသီးသို့ ပြန်လွှတ်ပေးလေသည်။

* * * * *

"ချစ်သားရဟန်းတို့. . . မလ္လိကာမိဖုရားသည် ဤယခုအခါ၌သာလျှင် မိမိ၏ပညာကိုမှီ၍ များစွာသောလူအပေါင်းတို့အား ဇီဝိတဒါနကိုပေးသည်မဟုတ်၊ ရှေးအခါကလည်း ပေးဖူးသည်သာတည်း၊

ရဟန်းတို့. . . ထိုအခါက ဗာရဏသီမင်းသည် ယခု ကောသလမင်းကြီး ဖြစ်သည်၊ ထိုအခါက ဓမ္မဒိန္နာမိဖုရားသည် ယခု မလ္လိကာဖြစ်သည်၊ ထိုအခါက ညောင်ပင်စောင့်နတ်သည် ယခု ငါဘုရားဖြစ်တော်မူသည်"
ဟု ဘုရားရှင်က ဤသို့သော မလ္လိကာမိဖုရား၏အတိတ်ဘဝဇာတ်ကို ပြန်လည် ဟောပြပြီး ဇာတ်ကိုပေါင်းပြလေသည်။

တစ်ဖန် ဘုရားရှင်က-

"ချစ်သားရဟန်းတို့. . . သူတစ်ပါးအသက်ကိုပယ်ဖျက်ချ သတ်ခြင်း မည်သည်ကားပြုခြင်းငှာ မသင့်တင့် မလျောက်ပတ်သောအမှုပေတည်း၊ သူတစ်ပါး၏အသက်ကိုသတ်ခြင်းမည်သည်ကား ရှည်စွာသောနေ့ညကာလပတ်လုံး စိုးရိမ် ပူပန်ရသည်သာတည်း"
ဟု မိန့်ကြားပြီး ဂါထာကိုဆက်လက်ဟောကြားတော်မူသည်။

မကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ပူပန်ဆင်းရဲရ၏။ နောင်ဘဝ၌လည်း ပူပန်ဆင်းရဲရ၏၊ ပစ္စုပ္ပန်-တမလွန်နှစ်တန်သောဘဝတို့၌ ပူပန်ဆင်းရဲရ၏။

ငါသည် ယုတ်မာသောမကောင်းမှုကိုပြုချေပြီး နှလုံးမသာမယာ ပူပန် ဆင်းရဲရ၏၊ ထိုသူသည် အပါယ်လေးပါးသို့သွားရသည့်အခါ ပို၍ပင် ပူပင်ဆင်းရဲ ရ၏"

ထိုသို့ ဆင်းရဲငြိုငြင်ပင်ပန်းသော ဤသို့သောပဋိသန္ဓေ၏ဖြစ်ခြင်းကို(ဝါ) ဘဝသစ်ဖြစ်ခြင်းကို သတ္တဝါအပေါင်းတို့သည် အကယ်၍ သိကုန်သည်ဖြစ်ငြားအံ့၊ သတ္တဝါသည် သတ္တဝါတို့အား မသတ်ဖြတ်ပေရာ၊ သတ္တဝါတို့ကို သတ်ဖြတ်လေ့ ရှိသောသတ္တဝါသည် နှစ်ဘဝလုံးဆုံးရှုံးကြိမ်ကြိမ် စိုးရိမ်ရ၏”

ဟူ၍ ဟောကြားတော်မူသည်။

မြတ်စွာဘုရားရှင်သည် ကောသလမင်း၏ သူတစ်ပါးသားမယားအပေါ် ပရဒါရိကကံ ကျူးလွန်မည့်ပြဿနာကို မကျူးလွန်မိစေရန်နှင့်သူတစ်ပါးအသက်ကို သတ်သူတို့ခံစားရသောဆင်းရဲပြဿနာတို့ကို ဖြေရှင်းပြတော်မူသည်။

(ဓမ္မပဒဝတ္ထု၊ ဗာလဝဂ်၊ အညတရပုရိသဝတ္ထု)

## ချစ်ခြင်းကြောင့် ဆင်းရဲမှုဖြစ်ပေါ်သည်

ဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေချိန်ဖြစ်သည်။

သာဝတ္ထိမှ သူကြွယ်တစ်ယောက်သည် အလွန်ချစ်လှစွာသော သားသေဆုံးသွားသဖြင့် အလုပ်လည်းမလုပ်နိုင်၊ ထမင်းလည်းမစားနိုင်ဘဲ နေ့စဉ် သုသာန်သို့သွားကာ ငိုကြွေးနေလေသည်။

တစ်နေ့သ၌ ထိုသူကြွယ်သည် ဘုရားရှင်ထံသို့ သွားရောက်လေရာ အမူအရာပျက်ပြားနေသော ထိုသူကြွယ်ကိုမြင်၍ ဘုရားရှင်က အကြောင်းကိုမေးမြန်းတော်မူသည်။

ထိုသူကြွယ်က သားသေ၍ပူဆွေးသောကရောက်နေကြောင်း လျှောက်ကြားသောအခါ ဘုရားရှင်က-

"ချစ်ခြင်းကြောင့် ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းများ ဖြစ်ပေါ်လာခြင်းမှာ ဖြစ်မြဲသဘောဖြစ်ပေ၏။"
ဟု မိန့်ကြားတော်မူသည်။

သူကြွယ်သည် ထိုစကားကိုကျေနပ်နှစ်သက်ခြင်းမရှိချေ။

"အရှင်ဘုရား. . . ချစ်ခြင်းကြောင့်နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းများသာဖြစ်ပေါ်ပါကုန်၏။"
ဟုလျှောက်ထား၍နေရာမှ ထ,သွားလေသည်။

ထိုသူကြွယ်သည် ဘုရားရှင်သီတင်းသုံးရာအရပ်မှ မနီးမဝေးတွင် ကြွေအန်ကစားနေကြသော ကစားသမားများကိုတွေ့မြင်လျှင် မိမိနှင့်တွေ့ဆုံပြောကြားခဲ့ပုံအလုံးစုံကို ထိုသူတို့အား တဆင့်ပြောကြားလေသည်။

ကစားသမားများကလည်း သူကြွယ်၏စကားသည် မှန်ကန်ကြောင်း ထောက်ခံပြောဆိုရာ သူကြွယ်သည်လွန်စွာ ကျေနပ်သွားလေသည်။

ဤအကြောင်းအရာသည် သာဝတ္ထိပြည်၌ အဆင့်ဆင့်ပျံ့နှံ့၍ ကောသလမင်းကြီး၏ နန်းတော်အတွင်းသို့ ဝင်ရောက်သွားလေသည်။

ကောသလမင်းကြီးသည် ထိုအကြောင်းကိုကြားသိ၍ မလ္လိကာမိဖုရားကြီးအား တဆင့်ပြောကြားရာမိဖုရားကြီးက-

"ဘုရားရှင်ဟောကြားသည်သာမှန်ကန်ကြောင်း"

ထောက်ခံပြောဆိုလေသည်။

မင်းကြီးကထိုစကားကို မကျေနပ်သဖြင့်-

"ဟယ်မလ္လိကာ. . . သင်ကားရဟန်းဂေါတမပြောသမျှစကားတိုင်းကိုပင် ထောက်ခံဘိ၏။"

ဟူ၍ ကြိမ်းမောင်းသည်။

ထိုအခါ မလ္လိကာမိဖုရားသည် နာဠိဇင်္ဃမည်သောပုဏ္ဏားကိုခေါ်၍-

"ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့်ဖြစ်ပေါ်လာသည် ဟူသောစကားဘုရားရှင်ဟောမဟော မေးလျှောက်ရန် သွားရောက်ပါလေ။"

ဘုရားရှင်ထံသို့စေလွှတ်လေသည်။

မလ္လိကာမိဖုရားစေခိုင်းသည့်အတိုင်း နာဠိဇင်္ဃပုဏ္ဏားသည် ဘုရားရှင်ထံသို့သွားရောက်၍ ထိုအကြောင်းကိုမေးလျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က ထိုစကားသည် မိမိဟောသောစကားမှန်ကန်ကြောင်း မိဘဆွေမျိုးတစ်ယောက်သေဆုံး၍ ဆောက်တည်ရာမရဖြစ်ခဲ့ရသူတို့၏ အဖြစ်အပျက်များဖြင့် သာဓကပြ၍ဟောကြားပြတော်မူသည်။

နာဠိဇင်္ဃပုဏ္ဏားသည် ဘုရားရှင်၏ဟောကြားချက်ကို နှစ်သက်စွာနာယူ၍ မလ္လိကာမိဖုရားကြီးသည် ကောသလမင်းကြီးထံသွား၍-

"မင်းကြီး. . . သင်မင်းကြီးသည် ဝဇိရိမင်းသမီးကိုချစ်ပါသလော။"

"မလ္လိကာ. . . ငါသည် ဝဇိရိမင်းသမီးကိုချစ်ပေ၏။"

"မင်းကြီး. . . အကယ်၍ဝဇိရိမင်းသမီးသေဆုံးသွားခဲ့သော် သင်မင်းကြီးအားပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းဖြစ်မည်မဟုတ်ပါလော။"

"မလ္လိကာ. . . အကယ်၍ ဝဇိရိမင်းသမီးသေးဆုံးက ငါ့အား ဤကဲ့သို့သော ခံစားမှုမလွဲမသွေ ဖြစ်ရာ၏။"

"မင်းကြီး. . . အလုံးစုံသိတော်မြင်တော်မူသော မြတ်စွာဘုရားသည် ဤအကြောင်းကို ရည်ရွယ်၍ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်းပြင်းစွာပူပန်ခြင်းတို့သည် ချစ်ခြင်းကြောင့်ဖြစ်ကုန်၏။ ချစ်ခြင်းကြောင့်လျှင် အမွန်အစရှိကုန်၏ဟု ဟောကြားခြင်းဖြစ်ပါ၏။"

ဝါသဘခတ္တိယမင်းသမီး၊ ဝိဋူဍဘစစ်သူကြီးနှင့် မိမိကိုယ်ကိုလည်း အထက်ပါအတိုင်း ဥပမာပြု၍မလ္လိကာမိဖုရားကြီးက မေးမြန်းရာမင်းကြီးသည် အလားတူပင်ဖြေကြားလေသည်။

"မင်းကြီး. . . သင်မင်းကြီးသည် ကာသိတိုင်း၊ ကောသလတိုင်းကိုချစ်ပါသလော၊"

"မလ္လိကာ. . . ငါသည် ထိုတိုင်းများကို ချစ်ပါ၏။"

"မင်းကြီး. . . အကယ်၍ ထိုတိုင်းများပျက်စီးသွားခဲ့သော် သင်မင်းကြီးအား ပူဆွေးခြင်း၊ ငိုကြွေးခြင်း စသည်မဖြစ်ပေလော။"

"မလ္လိကာ. . . ဖြစ်ပေရာ၏။"

"မင်းကြီး. . . အလုံးစုံကိုသိတော်မူသော မြတ်စွာဘုရားသည် ဤအကြောင်းကို ရည်ရွယ်၍ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ စသည်တို့သည် ချစ်ခြင်းကြောင့်ဖြစ်ပေ၏ကြောင်း ဟောကြားခြင်းဖြစ်ပါ၏။"

ဤကဲ့သို့ မလ္လိကာမိဖုရားက ပြောကြားသောအခါ ကောသလမင်းကြီးသည် လွန်စွာကျေနပ်နှစ်သက်၍ ပါးစပ်ကိုဆေးကြောပြီးလျှင် ဘုရားရှင်ရှိရာအရပ်သို့ လက်အုပ်ချီကာ-

"နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ"

ဟု သုံးကြိမ်မြွက်ဆို၍ ရှိခိုးလေသည်။

(မဇ္ဈိမပဏ္ဏာသ၊ ရာဇဝဂ်၊ ပိယဇာတိကသုတ်)

## မြတ်စွာဘုရား၌ ပျပ်ဝပ်မြတ်နိုးပူဇော်ရမှု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် အချိန်ကာလဖြစ်သည်။

ပသေနဒီကောသလမင်းသည် စစ်မြေပြင်၌ အောင်မြင်ခဲ့၍ အလိုပြည့်ခဲ့သဖြင့် စစ်တိုက်ရာမှ ပြန်လှည့်လာခဲ့ပြီးလျှင် ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းသို့ လာခဲ့သည်။ ယဉ်ဖြင့်သွားလာနိုင်သောအရပ်အထိသွားပြီး ယဉ်မှဆင်းကာ ဇေတဝန်ကျောင်းထဲသို့ ဝင်လာခဲ့သည်။

ထိုအချိန်တွင် ရဟန်းတော်တို့သည် လွင်တီးခေါင်၌ စင်္ကြံလျှောက်သွားနေကြချိန်ဖြစ်သည်။ မင်းကြီးသည် ထိုရဟန်းတို့ထံချဉ်းကပ်၍-

"အရှင်ဘုရားတို့. . . ပူဇော်အထူးကိုခံထိုက်ပြီး အလုံးစုံကိုသိတော်မူသောဘုရားရှင်သည် ယခုအဘယ်မှာသီတင်းသုံးနေပါသနည်း။ ကျွန်ုပ်သည်ဘုရားရှင်ကို ဖူးမြော်လိုပါ၏။"

ဟု လျှောက်ထားသည်။

"မင်းမြတ်. . . တံခါးပိတ်ထားသော ဤကျောင်းသို့တိတ်ဆိတ်စွာ ချဉ်းကပ်ပြီးနောက် မုခ်ဦးသို့ဖြည်းညှင်းစွာဝင်၍ ချောင်းဟန့်ပြီးလျှင် တံခါးကိုခေါက်လော၊ ဘုရားရှင်သည်သင့်အား တံခါးဖွင့်ပေးလိမ့်မည်။"

ကောသလမင်းကြီး ရဟန်းများလမ်းညွှန်သည့်အတိုင်းသွားပြီး တံခါးကိုခေါက်ရာဘုရားရှင်က တံခါးကိုဖွင့်ပေးတော်မူသည်။

ထို့နောက် ကောသလမင်းကြီးသည် ဘုရားရှင်၏ခြေတော်တို့ကိုဦးခိုက်၍ ဘုရားရှင့်၏ခြေတော်ကို ခံတွင်းဖြင့်စုပ်၏။ လက်တို့ဖြင့်အုပ်နယ်(ပွတ်သပ်)၏။

"အရှင်ဘုရား. . . ကျွန်ုပ်သည် ကောသလမင်းပါတည်း။ အရှင်ဘုရား ကျွန်ုပ်သည် ကောသလမင်းပါတည်း"

ဟု အမည်ကိုလည်းလျှောက်ကြားလေသည်။

"မင်းကြီး. . . သင်သည် အဘယ်အကြောင်းထူးကို မြော်မြင်၍ဤကိုယ် (ခန္ဓာ)၌ ဤသို့သဘောရှိသော အလွန်ပျပ်ဝပ်နှိမ့်ချမှုကို ပြုဘိသနည်း။ မေတ္တာဖြင့် ပူဇော်ခြင်းကိုပြုဘိသနည်း။"

"အရှင်ဘုရား. . . တပည့်တော်သည် ပြုဘူးသည့်ကျေးဇူးကိုသိမှု (ကတညုတ) နှင့် ပြုရမည်ကိုထင်ရှားစွာသိမှု (ကတဝေဒီ) ကိုမြော်မြင်၍ ဘုရားရှင်၌ ဤသို့သဘောရှိသော အလွန်ပျပ်ဝပ်နှိမ့်ချမှုကို ပြုပါ၏။ မေတ္တာဖြင့်ပူဇော်ခြင်းကို ပြုပါ၏။"

"အရှင်ဘုရား. . . မြတ်စွာဘုရားသည် လူအများ၏စီးပွားအလို့ငှါ ချမ်းသာအလို့ငှါ ကျင့်တော်မူပါ၏။ ကောင်းသောတရားရှိခြင်း၊ အပြစ်ကင်းသောတရားရှိခြင်းဖြင့် လူအများကိုမြတ်သောဉာဏ်၌ တည်စေတော်မူပါ၏။ ဤအကြောင်းထူးကို မြော်မြင်၍မြတ်စွာဘုရား၌ ဤသို့သဘောရှိသော အလွန်ပျပ်ဝပ်နှိမ့်ချခြင်းကို ပြုပါ၏။ မေတ္တာဖြင့်ပူဇော်ခြင်းကို ပြုပါ၏။

- အရှင်ဘုရား. . . မြတ်စွာဘုရားသည် သီလရှိတော်မူပါ၏။ ကြီးပွားသော သီလ၊ မြတ်သောသီလ၊ အပြစ်ကင်းသောသီလရှိတော်မူပါ၏။ အပြစ်ကင်းသော သီလနှင့်ပြည့်စုံတော်မူပါ၏။ ဤအကြောင်းထူးကိုလည်း မြော်မြင်၍မြတ်စွာဘုရား၌ အလွန်ပျပ်ဝပ်နှိမ့်ချခြင်းကိုပြုပါ၏။ မေတ္တာဖြင့်ပူဇော်ခြင်းကို ပြုပါ၏။

-အရှင်ဘုရား. . . မြတ်စွာဘုရားသည် ရှည်မြင့်စွာသောနေ့ညဉ့်ပတ်လုံး တောကျောင်း၌နေတော်မူပါ၏။ အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲတော်မူပါ၏။ ဤအကြောင်းထူးကို မြော်မြင်၍မြတ်စွာဘုရား၌ အလွန်ပျပ်ဝပ်နှိမ့်ချခြင်းကိုပြုပါ၏။ မေတ္တာဖြင့်ပူဇော်ခြင်းကိုပြုပါ၏။

- အရှင်ဘုရား. . . မြတ်စွာဘုရားသည် ရတတ်သမျှသောသင်္ကန်း, ဆွမ်း ကျောင်း၊ သူနာအထောက်အပံ့၊ ဆေးအသုံးအဆောင်ဖြင့် ရောင့်ရဲတော်မူ၏။

ဤအကြောင်းကြောင့်လည်း မြော်မြင်၍မြတ်စွာဘုရား၌ အလွန်ပျပ်ဝပ်နှိမ့်ချခြင်းကို ပြုပါ၏။ မေတ္တာဖြင့် ပူဇော်ခြင်းကိုပြုပါ၏။

- အရှင်ဘုရား. . . မြတ်စွာဘုရားသည် အရပ်ဝေးမှဆောင်၍ ပေးလှူသောအလှူကို ခံတော်မူထိုက်ပါ၏။ ဧည့်သည်အလို့ငှါ စီမံထားသောအလှူကိုလည်းခံယူတော်မူထိုက်ပါပေ၏။ တမလွန်အတွက် ရည်စူးသောအလှူကိုလည်း ခံတော်မူထိုက်ပါ၏။ လက်အုပ်ချီခြင်းငှါ ထိုက်တော်မူပါ၏။ သတ္တဝါအပေါင်းကို ကောင်းမှုပြုရန် အမြတ်ဆုံးလယ်ယာမြေဖြစ်တော်မူပါ၏။ ဤအကြောင်းကြောင့်လည်းမြတ်စွာဘုရား၌ အလွန်ပျပ်ဝပ်နှိမ့်ခြင်းကို ပြုပါ၏။ မေတ္တာဖြင့်ပူဇော်ခြင်းကို ပြုပါ၏။"

"အရှင်ဘုရား. . . မြတ်စွာဘုရားသည် ကိလေသာကိုအလွန်ခေါင်းပါးစေတတ်သော စိတ်ပွင့်လင်းခြင်းငှါ လျှောက်ပတ်သောသဘောရှိသော အလိုနည်းမှုရောင့်ရဲလွယ်မှု၊ ကင်းဆိတ်မှု၊ မရောနှောမှု၊ ဝီရိယကိုအားထုတ်မှု၊ သီလပြည့်စုံမှု၊ သမာဓိပြည့်စုံမှု၊ ပညာပြည့်စုံမှု၊ အရဟတ္တဖိုလ်နှင့်ပြည့်စုံမှု၊ ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံမှုတို့နှင့်စပ်သော စကားတို့ကိုအလိုရှိတိုင်း ရတော်မူ၏။ မငြိုမငြင်ရတော်မူ၏။ ဤအကြောင်းများကိုမြော်မြင်၍လည်း မြတ်စွာဘုရား၌ အလွန်ပျပ်ဝပ်နှိမ့်ခြင်းကို ပြုပါ၏။ မေတ္တာဖြင့်ပူဇော်ခြင်းကို ပြုပါ၏။

- အရှင်ဘုရား. . . မြတ်စွာဘုရားသည် မွန်မြတ်သောစိတ်၌ဖြစ်ကုန်သလော၊ မျက်မှောက်ဘဝ၌ ချမ်းသွာစွာနေကြောင်းဖြစ်သော ဈာန်အပေါင်းတို့ကိုအလိုရှိတိုင်းရတော်မူပါ၏။ မငြိုမငြင်ရတော်မူပါပေ၏။ မပင်မပန်းရတော်မူပါပေ၏။ ဤအကြောင်းထူးကိုလည်း မြော်မြင်၍မြတ်စွာဘုရား၌ အလွန်ပင်ပျပ်ဝပ်နှိမ့်ချခြင်းကိုပြုပါ၏။ မေတ္တာဖြင့်ပူဇော်ခြင်းကို ပြုပါ၏။

- အရှင်ဘုရား. . . မြတ်စွာဘုရားသည် များသောအပြားရှိသော ရှေး၌နေဖူးသောခန္ဓာအစဉ်ကို တစ်ဘဝမှသည် ဘဝတစ်သိန်းကိုလည်းကောင်း၊ များပြားသောပျက်ကပ်တို့ကိုလည်းကောင်း၊ များပြားသောဖြစ်ကပ်တို့ကိုလည်းကောင်း၊ များပြားသောပျက်ကပ်ဖြစ်ကပ်တို့ကိုလည်းကောင်း ဤမည်သောဘဝ၌ငါသည် ဤသို့သောအမည်ရှိ၏။ ဤသို့သောအနွယ်ရှိခဲ့၏။ ဤသို့သောအဆင်းရှိခဲ့၏။

ဤသို့သောအစာရှိခဲ့၏။ ဤသို့သော အသက်အပိုင်းအခြားရှိ၏။ ထိုငါသည် ထိုဘဝမှသေခဲ့၍ ဤမည်သောဘဝ၌ဖြစ်၏ဟု ဤသို့အခြင်းအရာနှင့်တကွ ညွှန်ပြဘွယ်အမည်အနွယ်နှင့်တကွ များပြားသောရှေး၌ နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။ ဤအကြောင်းထူးတို့ကိုလည်း မြော်မြင်၍မြတ်စွာဘုရား၌ ပျပ်ဝပ်နှိမ့်ချခြင်းကို ပြုပါ၏။ မေတ္တာဖြင့်ပူဇော်ခြင်းကိုပြုပါ၏။

အရှင်ဘုရား. . . မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော လူတို့ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော (ဒိဗ္ဗစက္ခုမျက်စိဖြင့်) သေဆဲသတ္တဝါ၊ ဖြစ်ပေါ်ဆဲသတ္တဝါ၊ ယုတ်သောသတ္တဝါ၊ မြတ်သောသတ္တဝါ၊ အဆင်းလှသောသတ္တဝါ၊ အဆင်းမလှသောသတ္တဝါ၊ ကောင်းသောလားရာရှိသောသတ္တဝါ၊ မကောင်းသောလားရာရှိသောသတ္တဝါတို့ကိုမြင်၏။

"အချင်းတို့. . . ဤသတ္တဝါတို့သည် ကိုယ်, နှုတ်, စိတ်တို့ဖြင့်ပြုလုပ်အပ်သော မကောင်းသောအကျင့်နှင့်ပြည့်စုံ၏။ အရိယာတို့ကို စွပ်စွဲကုန်၏။ မှားသောအယူရှိကုန်၏။ မှားသောအယူတို့ဖြင့်ပြုအပ်သော ကံရှိကုန်၏။ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီးသေပြီးနောက် ချမ်းသာကင်းသော မကောင်းသောလားရာပျက်စီး၍ကျရောက်ရာ ငရဲသို့ကျရောက်ကုန်၏။

အချင်းတို့. . . ဤသတ္တဝါတို့သည် ကိုယ်, နှုတ်, စိတ်တို့ဖြင့်ပြုအပ်သော သုစရိုက်နှင့်ပြည့်စုံကုန်၏။ အရိယာတို့ကိုမစွပ်စွဲကုန်၊ မှန်သောအယူရှိကုန်၏။ မှန်သောအယူဖြင့်ပြုသောကံရှိကုန်၏။ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီးသေပြီးနောက် ကောင်းသောလားရာ နတ်ပြည်၌ဖြစ်ကုန်၏။"

ဟု ကံအားလျော်စွာဖြစ်ပေါ်လာသော သတ္တဝါတို့ကိုသိတော်မူ၏။ ဤအကြောင်းထူးကိုလည်းမြော်မြင်၍ မြတ်စွာဘုရား၌ အလွန်ပျပ်ဝပ်နှိမ့်ချခြင်းကိုပြုပါ၏။ မေတ္တာဖြင့် ပူဇော်ခြင်းကိုပြုပါ၏။

"အရှင်ဘုရား. . . မြတ်စွာဘုရားသည် အာသဝေါတရားတို့၏ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ဟူသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက်ရောက်၍ နေပါ၏။ ဤအကြောင်းထူးကိုလည်းမြော်မြင်၍

မြတ်စွာဘုရား၌ အလွန်ပျပ်ဝပ်နှိမ့်ခြင်းကို ပြုပါ၏။ မေတ္တာဖြင့် ပူဇော်သက္ကာရမှုကို ပြုပါ၏။"

"အရှင်ဘုရား. . . ယခုတစ်ခါ တပည့်တော်တို့သည် သွားပါကုန်အံ့၊ တပည့်တော်တို့သည် ကိစ္စများပါကုန်၏။"

"မင်းကြီး. . . သင်သွားရန်အချိန်ကို သင်အလိုတိုင်းရှိပါစေ။"

ထို့နောက်ကောသလမင်းကြီးသည် ဘုရားရှင်ကိုရှိခိုး၍ ဖဲခွါသွားခဲ့လေသည်။

(အင်္ဂုတ္တရ၊ ပထမပဏ္ဏာသက၊ မဟာဝဂ်၊ )

## အခြေအနေ အချိန်အခါကို ကြည့်၍လုပ်သင့်ပုံ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။ တစ်ပါးသော မိုးကာလ၌ နယ်စပ်ပစ္စန္တရာဇ်အရပ်သည် သူပုန်-သူကန်ထ,ကြွမှုကြောင့် မငြိမ်မသက်ဖြစ်၍ ကောသလမင်း၏နယ်ခြားစောင့်တပ်တို့သည် နှစ်ကြိမ်တိုက်ခိုက်ခဲ့သော်လည်း မနိုင်ဖြစ်နေရသည်။

သို့အတွက် ကောသလမင်းကြီးအား အကြောင်းကြားသတင်းပို့ကြသည်။ ကောသလမင်းသည် မင်း၏မာန်ဖြင့်မိုးတွင်းကာလ စစ်မထိုးအပ်သည်ကိုသိလျက်စစ်ထိုးထွက်မည်ဟုဆိုကာ ထွက်၍ဇေတဝန်ကျောင်းအနီး၌ သစ်ခက်တဲနန်းကိုဖွဲ့၍ စစ်ရေးလေ့ကျင့်မှုပြုလုပ်စေသည်။

ထိုသို့သောအချိန်တွင် မင်းကြီးအားအမြင်မှန်မြင်စိတ် ဖြစ်ပေါ်လာသည်။

"ငါသည်ကား. . . စစ်တိုက်သင့်သောအခါမဟုတ်သည်၌ စစ်ထိုးခြင်းအံ့သောငှါထွက်၏။ ချောင်း၊ မြောင်း၊ ထုံ၊ အိုင်တို့သည် ရေဖြင့်ပြည့်ကုန်၏။ လမ်းခရီးသည်သွားရန် ခဲယဉ်း၏။ ငါသည် မြတ်စွာဘုရားအားဆည်းကပ်သင့်၏။ မြတ်စွာဘုရားသည် ငါ့ကို မင်းကြီး. . . ဘယ်အရပ်သွားအံ့နည်း-ဟု မေးလတ့်၊ ထိုအခါငါသည် ထိုးစစ်အံ့ထိုးအံ့သောအကြောင်းကို လျှောက်ထားအံ့။ ငါ့ကိုဘုရားရှင်သည် တမလွန်ဘဝ၌ဖြစ်သော အကျိုး၌သာလျှင်ချီးမြှောက်တော်မူသည်မဟုတ်ပစ္စုပ္ပန်မျက်မှောက်ဖြစ်သောကျိုး၌သာလျှင် ချီးမြှောက်တော်မူပေသာတည်း။ ထို့ကြောင့် စစ်ထိုးသွားခြင်းငှါ ငါ့အားအစီးအပွားမရှိသည် အကယ်၍ဖြစ်လေလတ့်

မြတ်သောမင်းကြီး. . . အခါမဟုတ်သေးဟု မိန့်တော်မူလတ့်၊ အစီးအပွားသည် အကယ်၍ ဖြစ်လတ့်၊ ဆိတ်ဆိတ်နေတော်မူသည်ဖြစ်လတ့်။"

ဤသို့သော အကြံအစည်သည် ဖြစ်ပေါ်လာပြီး မင်းကြီးသည်ဇေတဝန်ကျောင်းသို့သွားကာ ဘုရားရှင်ကိုရှိခိုး၍ သင့်ရာနေရာ၌ ထိုင်နေလေသည်။

"မြတ်သောမင်းကြီး. . . နေမွန်းတည့်နေသော ယခုအချိန်၌အဘယ်အရပ်မှ လာသနည်း"
ဟု ဘုရားရှင်ကမေးသည်။

"တပည့်တော်သည် ပစ္စန္တရာဇ်ကိုငြိမ်းစိမ့်သောငှါ စစ်ထွက်ရန်စီမံနေပါ၏။ အရှင်ဘုရားကို ရှိခိုးပြီးမှသွားရန် ဖြစ်၍လာပါသည်ဘုရား။"

"မြတ်သောမင်းကြီး. . . ရှေး၌လည်း မင်းတို့သည်စစ်သည်ဗိုလ်ပါဖြင့် စစ်ထိုးအံ့သောငှါ ထွက်သည်ရှိသော် ပညာရှိတို့၏စကားကို နာကုန်၍ စစ်ထိုးသင့်သောအခါ မဟုတ်သည်၌ စစ်ထိုးအံ့သောငှါ မသွားကြကုန်။"
ဟု မိန့်ကြားသည်။

"မြတ်စွာဘုရား. . . ရှေးပညာရှိတို့၏ အဆုံးအမစကားနှင့် အဖြစ်အပျက်ကို သိလိုပါသည်ဘုရား။"

"မြတ်သာမင်းကြီး. . . နာလော့၊ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်းကိုအကြောင်းအကျိုးကိုပြ၍ ဆုံးမတတ်သော အလုံးစုံအမှုကိစ္စကို ဆောင်ရွက်တတ်သော အမတ်တစ်ဦးဖြစ်လေသည်။

ထိုအခါ ပစ္စန္တရာဇ်သည် ပျက်လေသော် ပစ္စန္တရာဇ်နယ်ခြားစောင့်တပ်တို့က မင်းထံသို့အကြောင်းကြားကြသည်။

မင်းကြီးသည် မိုးတွင်းကာလ၌ထွက်၍ ဥယျာဉ်၌သစ်ခက်တဲကိုဆောက်ကာ စစ်ကိုလေ့ကျင့်ရန်စီမံသည်။ ဘုရားလောင်းအမတ်သည် မင်းထံ၌,စားနေသည်။

ထိုအချိန်တွင် မြင်းတို့ကိုကျွေးရန်အတွက် ကုလားပဲတို့ကိုပြုတ်ပြီး ဆောင်ယူခဲ့ပြီ စားခွက်၌ထည့်၌ထည့်ကြသည်။ ဥယျာဉ်ထဲရှိ မျောက်တစ်ကောင်သည် သစ်ပင်မှဆင်း၍ မြင်းစားခွက်ထဲမှ ကုလားပဲတို့ကိုယူ၍ ခံတွင်း၌အပြည့်ထည့်ပြီး

လက်ဖြင့်လည်း ခပြည့်ယူ၍ ခုန်တက်ကာသစ်ပင်ထက်၌စားရန် အားထုတ်၏။ ထိုသို့စားစဉ် မျောက်လက်ထဲမှကုလားပဲတစ်စေ့သည် မြေသို့ကျသည်။ မျောက်သည်ခံတွင်းနှင့်လက်ထဲရှိ ပဲတို့ကိုစွန့်၍ သစ်ပင်မှဆင်းသက်ကာ ထိုကျသောကုလားပဲစေ့ကိုသာလျှင် ရှာဖွေလေသည်။ ထိုကျသွားသောပဲစေ့ကို ရှာမတွေ့၍ သစ်ပင်ပေါ်သို့ပြန်တက်ပြီး တရားရုံး၌တစ်ထောင်သောဥစ္စာကို ဆုံးရှုံးရသူကဲ့သို့ စိုးရိမ်လျက်မျက်နှာမသာမယာသည်ဖြစ်၍ သစ်ခက်၌နေသည်။

မင်းသည် မျောက်၏အမူအရာကိုမြင်၍ ဘုရားလောင်းအမတ်ကိုခေါ်၍

"အိုအမတ် . . . မျောက်သည်ပြုအပ်သော ထိုအမူအရာကိုမြင်၏လော၊ အဘယ်မည်သောအမှုနည်း။"

"မင်းကြီး . . . များသည်ကိုမကြည့်ကုန်မူ၍ အနည်းငယ်ကိုကြည့်ကုန်သော ပညာမရှိကုန်သောသူမိုက်တို့သည် ဤသို့သဘောရှိသော အမှုကိုပြုမြဲကုန်သည်သာလျှင်တည်း။"

"မင်းမြတ် . . . မျောက်သည် ကုလားပဲစေ့တစ်စေ့ကို ရှာသည်ရှိသော် ကုလားပဲတစ်စေ့ကြောင့် အလုံးစုံသောကုလားပဲစေ့တို့မှ ယုတ်သကဲ့သို့ ဤအတူသာလျှင် အလွန်လောဘကြီးကြီးကုန်သော တစ်ပါးကုန်သော အကြင်သူတို့သည်လည်းကောင်း၊ ငါတို့သည်လည်းကောင်း၊ အနည်းငယ်သောအကျိုးကြောင့် များစွာသောအကျိုးကို ဖျက်ဆီးကုန်လတ့်"

ဟု လျှောက်ထားသည်။

ထိုအခါမင်းသည် ဘုရားအလောင်းအမတ်၏ စကားကိုကြား ထိုဥယျာဉ်မှ ပြန်ထွက်၍ဗာရာဏသီသို့ ပြန်ဝင်လေသည်။

"ခိုးသူတို့သည် မင်းသည်ဆုံးမခြင်းကိုပြုအံ့ဟု မြို့မှထွက်သတတ်"

ဟုကြားကုန်၍ ပစ္စန္တရာဇ်အရပ်မှ ပြေးကြကုန်သည်။

ယခုပစ္စုပ္ပန်တွင်လည်း ကောသလမင်းသည် ဆုံးမရန်ထွက်လာပြီဟု သတင်းကြားကြသဖြင့် ပစ္စန္တရာဇ်မှထွက်ပြေးကြလေသည်။

ကောသလမင်းသည် ဘုရားရှင်၏တရားကိုနာရ၍ များစွာနှစ်သက်ကာ ဘုရားရှင်ကိုရှိခိုးလျက် လက်ျာရစ်သည်ကိုပြုပြီး သာဝတ္ထိမြို့ထဲသို့ ပြန်ဝင်လေသည်။

**(ဇာတကနိပါတ်၊ ကလျာဏဝဂ်၊ ကဥာယမုဋ္ဌိဇာတက)**

## ကောသလမင်း၏ အခါမဟုတ် စစ်ထွက်မှု

မြတ်စွာဘုရားရှင်သည် ကောသလမင်းကြီးနှင့် အခါမဟုတ်စစ်ထွက်မှုနှင့် ပတ်သက်၍ အတိတ်ဆောင်ဇာတ်လမ်းဖြစ်စဉ်ကို ဆက်လက်ဟောပြပါသည်။

မင်းမြတ်. . . ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမင်းသည် ဥယျာဉ်သို့ထွက်၍ သစ်ခက်တပ်၌နေလေသည်။

ထိုကာလ၌ခင်ပုပ်ငှက်တစ်ကောင်သည် ဝါးရုံချုံသို့ဝင်၍ ပုန်းအောင်းနေသည်။ ကျီးအပေါင်းတို့သည် လာကုန်၍ထွက်လာသောခင်ပုပ်ငှက်ကို ဖမ်းကုန်အံ့ဟူ၍ ခြံရံ၍နေကြကုန်သည်။

ထိုခင်ပုပ်ငှက်သည် နေဝင်ခြင်းကိုမကြည့်မူ၍ အခါမဲ့၌သာလျှင်ထွက်၍ ပြေးအံ့သောငှါ အားထုတ်သည်။

ထိုအခါကျီးတို့သည် ခင်ပုပ်ငှက်ကိုခြံရံ၍ နှုတ်သီးဖြင့်ထိုးဆိတ်ကြ၍ မြေသို့ကျစေသည်။

မင်းသည် ဘုရားလောင်းကိုခေါ်၍-

"ပညာရှိ. . . ကျီးတို့သည် ခင်ပုပ်ငှက်ကို အဘယ်ကြောင့်လျှင် ကျစေဘိသနည်း။"

ဟုမေးသည်။

"မင်းမြတ်. . . အခါမဟုတ်သည်၌ မိမိနေရာအရပ်မှ ထွက်ကုန်သောသူတို့သည် ဤသို့သဘောရှိသော ဆင်းရဲကိုခံရကုန်မြဲသာလျှင်ဖြစ်ပေ၏။"

"မင်းမြတ်. . . အချိန်အခါမသင့်သောကာလ၌ထွက်ခြင်း၊ လှုံ့လပြုခြင်းသည်မကောင်း တစ်စုံတစ်ယောက်သောယောကျ်ားသည် အခါမဟုတ်သည်၌ထွက်၍ တစ်စုံတစ်ခုသောအကျိုးစီးပွားကို မထွန်းပစေနိုင်။ စင်စစ်သော်ကား တစ်ယောက်တည်းသောသူကိုလည်း များစွာသောရန်သူသည် အခါမဟုတ်သည်၌ထွက်သည်ရှိသော် ခြံရံ၍ကြီးစွာသော ပျက်စီးခြင်းသို့ရောက်စေတတ်ပါ၏။

ဥပမာသော်ကား. . . ကျီးအပေါင်းသည် ခင်ပုပ်ငှက်ကိုနှုတ်သီးဖြင့် ထိုးကုန်ဘိသကဲ့သို့တည်း။

မင်းမြတ်. . . အခါမဟုတ်သည်၌သာထွက်သော ခင်ပုပ်လိမ္မာသည် ချမ်းသာခြင်းရှိသည်ဖြစ်သကဲ့သို့ ထိုအတူရှေးပညာရှိတို့သည် ထားအပ်သောထုံးတမ်းစဥ်လာ အစီအရင်ကိုသိသော တစ်ပါးကုန်သောသူတို့၏ လစ်ဟင်းခြင်းကို သိသောပညာရှိသည် ခပ်သိမ်းသောရန်သူတို့ကို မိမိအလိုသို့လိုက်သည်ပြု၍ ချမ်းသာခြင်းနှင့်ပြည့်စုံသည်ဖြစ်ရာ၏။

ဘုရားလောင်းပညာရှိ၏စကားကို ကြားသောမင်းသည် စစ်ထွက်ခြင်းကို ရပ်တန့်၍နန်းတော်သို့ ပြန်ဝင်လေသည်။

မင်းမြတ်. . . ထိုအချိန်က အာနန္ဒာသည်မင်းဖြစ်ခဲ့ပြီး ငါသည်ပညာရှိအမတ်ဖြစ်ခဲ့ဘူးလေပြီ။"

ဟု ဟောကြားတော်မူရာ ကောသလမင်းသည် များစွာနှစ်သက်သဘောကျ၍ မိမိတပ်စခန်းကို ရုပ်သိမ်း၍နန်းတွင်းသို့ ပြန်ဝင်လေသည်။

**(ကာသာဝဝဂ်၊ ကောသိယဇာတ်)**

# အမျိုးလေးပါးထူးခြား-ခြားနားမှုရှိမှု

ဗုဒ္ဓသည် ဥရုညမြို့အနီး ကဏ္ဍကတ္တလမည်သောတောအုပ်၌ သီတင်းသုံး နေချိန်ဖြစ်သည်။

ပသေနဒီကောသလမင်းကြီးသည် တစ်စုံတစ်ခုသောပြုဖွယ်ကိစ္စဖြင့် ဥရုညမြို့သို့ ဆိုက်ရောက်လာသည်။

ဘုရားရှင်ရောက်နေမှန်း သိသောအခါ မင်းချင်းတစ်ယောက်ကိုခေါ်၍ နံနက်စာစားပြီးထချိန်တွင် ဗုဒ္ဓအားဖူးမြင်ရန် မိမိလာရောက်မည့်အကြောင်းကို ကြိုတင်လျှောက်ထားစေသည်။

ထိုအခါမင်းကြီးနှင့် အတူပါလာသော မင်းကြီး၏နှမ သောမနှင့်သကုလ အမည်ရှိညီအစ်မနှစ်ယောက်တို့သည် မင်းကြီးကဗုဒ္ဓအားဖူးမျှော်ရန်သွားမည့် အကြောင်းကြားသိရလျှင်

"မိမိတို့ညီအစ်မက ဗုဒ္ဓ၏ခြေတော်ရင်းအစုံကို ဦးခိုက်၍ကျန်းမာ-ချမ်းသာ ခြင်းကို မေးလျှောက်လိုက်ပါကြောင်း "
မင်းကြီးအား မှာကြားလိုက်လေသည်။

ကောသလမင်းကြီးသည် နံနက်စာစားပြီးသောအခါ ဗုဒ္ဓထံသို့သွားရောက်၍ ရှိခိုးကာတစ်နေရာ၌ထိုင်ပြီး မိမိနှမများ၏အမှာစကားကို ဦးစွာလျှောက်ထား လေသည်။

ထို့နောက်ဗုဒ္ဓအား-

"အရှင်ဘုရား တရားအလုံးစုံကိုသိမြင်၍ အကြွင်းမဲ့ဉာဏ်အမြင်ကို ဝန်ခံခိုင်းသောရဟန်း၊ ပုဏ္ဏားသည်မရှိ၊ ယင်းသို့ဝန်ခံနိုင်သောအကြောင်းသည်လည်း မရှိ"

ဟု ရဟန်းဂေါတမသည်ဆို၏ဟူ၍ တပည့်တော်ကြားရပါသည်။

အရှင်ဘုရား. . . ထိုသို့ပြောသူများသည် ဘုရားရှင်မိန့်ကြားသည့်အတိုင်း ပြောဆိုကြသူများ ဖြစ်ကြပါကုန်၏လော။"

"မင်းကြီး. . . ထိုသို့ပြောဆိုသူများသည် ငါဘုရားမိန့်ကြားသည့်အတိုင်း ပြောဆိုသူများမဟုတ်ကြပေ။ စင်စစ်မဟုတ်မမှန်သောစကားဖြင့် ငါဘုရားကိုစွပ်စွဲကြသူများသာ ဖြစ်ကြ၏။"

ထိုသို့ဘုရားရှင်ကပြောကြားသောအခါ ကောသလမင်းကြီးသည် ဝိဋူဍဘ စစ်သူကြီးအား-

"ထိုစကားကို နန်းတော်အတွင်းသို့ မည်သူကလာပြောပါသလဲ"

မေးမြန်းသည်။

"ဖခင်မင်းမြတ်. . . သဉ္စယပုဏ္ဏားလာပြောကြောင်း သိရပါသည်။"

ထိုအခါမင်းကြီးက ထိုပုဏ္ဏားကိုသွားရောက်ခေါ်ရန် မင်းချင်းတစ်ယောက်ကို စေခိုင်းလိုက်သည်။

"အရှင်ဘုရား. . . မြတ်စွာဘုရားသည် တစ်စုံတစ်ခုကိုရည်ရွယ်၍ မိန့်ကြားအပ်သောစကားရှိကောင်းရှိပါမည်။ ထိုစကားကိုပင် လူအများကအဓိပ္ပါယ်တစ်မျိုးဖြင့်မှတ်ထင်နေခြင်း ဖြစ်ပါလိမ့်မည်။

အရှင်ဘုရား. . . မြတ်စွာဘုရားသည် ထိုကဲ့သို့သောစကားကို မိန့်ဆိုဖူးကြောင်း မှတ်မိပါသလော"

ဟု ကောသလမင်းကြီးက ဆက်လျှောက်ထားလေသည်။

"မင်းကြီး. . . တစ်ကြိမ်တည်းဖြင့်သာလျှင် အလုံးစုံကိုသိမြင်နိုင်သော ရဟန်း၊ ပုဏ္ဏားသည်မရှိ၊ ယင်းသို့သိမြင်နိုင်သောအကြောင်း ယုတ္တိသည်လည်းမရှိ ဤသို့သောစကားကို ငါဘုရားပြောဆိုခဲ့ဖူးကြောင်း မှတ်မိပေ၏။"

"အရှင်ဘုရား. . . မြတ်စွာဘုရားသည် အကြောင်းအချက်ပြည့်စုံသော စကားကိုသာမိန့်ကြားတော်မူခဲ့ပါ၏။ အရှင်ဘုရားလောက၌မင်းမျိုး၊ ပုဏ္ဏားမျိုး၊

ကုန်သည်မျိုး၊ သူဆင်းရဲမျိုးဟူ၍ အမျိုးလေးပါးရှိရာတွင် ထိုအမျိုးတို့၏ထူးထွေခြားနားမှုသည်ဖြစ်နိုင်ပါသလော။"

"မင်းကြီး. . . ထိုအမျိုးလေးပါးတို့တွင် ရှိခိုးမှု၊ ခရီးဦးကြိုဆိုမှု၊ လက်အုပ်ချီမှု၊ အရိုအသေပေးမှုတို့ကိုထောက်၍ မင်းမျိုးနှင့်ပုဏ္ဏားမျိုးတို့ကို မြတ်၏ဟုဆိုကြကုန်၏။"

"အရှင်ဘုရား. . . တပည့်တော်သည် မျက်မှောက်ဖြစ်သော အကျိုးစီးပွားကိုမေးလျှောက်သည်မဟုတ်ပါ။ တမလွန်လောက၌ဖြစ်သော အကျိုးစီးပွားကိုသာ မေးလျှောက်ခြင်း ဖြစ်ပါသည်။

အရှင်ဘုရား. . . ထိုအမျိုးလေးပါးတို့၏ ထူးထွေခြားနားမှုသည် ဖြစ်နိုင်ပါသလော"

မင်းကြီး. . . ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်သူတို့၏အင်္ဂါတို့သည်

- မြတ်စွာဘုရား၏ဗောဓိဉာဏ်၌ သက်ဝင်ယုံကြည်ခြင်း
- အနာရောဂါကင်းခြင်း
- ကောက်ကျစ်လှည့်စားမှုမရှိခြင်း
- လုံ့လဝီရိယရှိခြင်း
- ပညာနှင့်ပြည့်စုံခြင်း-ဟူ၍ ငါးပါးရှိ၏။

ထိုအမျိုးလေးပါးတို့သည် ဤအင်္ဂါငါးပါးနှင့် ပြည့်စုံခဲ့သော် ဤအရာ၌ထိုသူတို့အားရှည်မြင့်စွာသော ကာလပတ်လုံးအကျိုးစီးပွားဖြစ်ခြင်း၊ ချမ်းသာခြင်းငှါဖြစ်လေရာ၏။

"အရှင်ဘုရား. . . ထိုအမျိုးလေးပါးတို့သည် ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်သူတို့၏ အင်္ဂါငါးပါးနှင့်ပြည့်စုံခဲ့သော် ဤအရာ၌ထိုသူတို့အား ထူးထွေခြားနားမှုသည် ရှိပါသလော။"

"မင်းကြီး. . . ဤအရာ၌ထိုသူတို့၏ အားထုတ်မှုကွဲပြားခြားနားခြင်းရှိနိုင်ကြောင်း ငါဆိုပါ၏။

ဥပမာအားဖြင့် ကောင်းစွာဆုံးမထားသဖြင့် ယဉ်ကျေးပြီးသောဆင်နှင့် မယဉ်ကျေးသောဆင်တို့တွင် ယဉ်ကျေးပြီးသောဆင်သည်သာလျှင် ယဉ်ကျေးသော

အရာဌာနသို့ ရောက်ရာ၏။ မယဉ်ကျေးသောဆင်သည် ယဉ်ကျေးသောအရာဌာန သို့မရောက်နိုင်ချေ။

မင်းကြီး. . . ထိုနည်းတူပင် ယုံကြည်ခြင်း၊ အနာရောဂါကင်းခြင်းစသော အင်္ဂါငါးပါးနှင့်ပြည့်စုံသူတို့ ရောက်သင့်သောအရာဌာနသို့ ထိုအင်္ဂါငါးပါးနှင့်မပြည့် စုံသူများသည် ရောက်ရန်အကြောင်းမရှိပေ။

"အရှင်ဘုရား. . . မြတ်စွာဘုရားသည် အကြောင်းအချက်နှင့်ညီသော ပြည့်စုံသောစကားကို မိန့်ကြားတော်မူပါ၏။ အရှင်ဘုရား အကယ်၍ထိုအမျိုးလေး ပါးတို့သည် ကမ္မဋ္ဌာန်းအားထုတ်သူတို့၏ အင်္ဂါငါးပါးနှင့်ပြည့်စုံ၍ ကောင်းစွာအား ထုတ်မှုရှိခဲ့သော် ထိုသူတို့အားထူးထွေခြားနားမှု ရှိပါသေးသလော။"

"မင်းကြီး. . . ဤအရာ၌ကား ထိုသူတို့၏လွတ်မြောက်မှုများသည် တစ်စုံ တစ်ရာခြားနားမှုရှိသည်ဟု ငါမဆိုပေ။

မင်းကြီး. . . ဥပမာအားဖြင့် ကျွန်းသားထင်းကိုဖြစ်စေ၊ အင်ကြင်းသား၊ သရက်သား၊ စသောထင်းများကိုဖြစ်စေ ယူ၍မီးမွှေးရာ၌ ထိုမီးသည်မီးတောက်မီး လျှံအားဖြင့်လည်းကောင်း၊ အရောင်အဆင်းအားဖြင့်လည်းကောင်း၊ တစ်စုံတစ်ရာ ခြားနားမှုမရှိသကဲ့သို့ဖြစ်၏။

"အရှင်ဘုရား. . . မြတ်စွာဘုရားသည်အကြောင်းအချက်နှင့် ပြည့်စုံသော စကားကိုမိန့်ကြားတော်မူပါ၏။

အရှင်ဘုရား. . . လောက၌နတ်တို့သည် ရှိကြပါကုန်လော။

"မင်းကြီး. . . သင်သည်အဘယ်ကြောင့် နတ်တို့သည်ရှိကြကုန်သလော ဟု မေးလျှောက်ဘိသနည်း။"

"အရှင်ဘုရား. . . ထိုနတ်တို့သည် ဤလူအဖြစ်သို့ပြန်လာကုန်သလော၊ မပြန်လာကုန်သလော။"

"မင်းကြီး. . . စေတသိကဒုက္ခရှိသောနတ်တို့သည် ဤလူ့အဖြစ်သို့ပြန် လာကုန်၏။ စေတသိကဒုက္ခမရှိသော နတ်တို့သည်ဤလူ့ပြည်သို့မပြန်လာကြပေ။ (ဒေါသကိုပယ်ပြီးသော အနာဂါမ်ဖြစ်လျှင် ပြန်မလာ၊ အနာဂါမ်မဖြစ်သေးလျှင် ပြန်လာ၏ဟု ဆိုလိုပါသည်။)

ထိုအခါ ဝိဋူဍူဘစစ်သူကြီးက-

"အရှင်ဘုရား. . . စေတသိကဒုက္ခရှိ၍ ဤလူ့ပြည်သို့ပြန်လာသော နတ်တို့သည် စေတသိကဒုက္ခမရှိ၍ ဤလူ့ပြည်သို့ပြန်မလာသော နတ်တို့ကိုနေရာမှ ရွှေ့စေနိုင်ကြပါသလော၊ သို့မဟုတ် နှင်ထုတ်နိုင်ကြပါသလော။"

ဟူ၍ မေးလျှောက်သည်။

ထိုအခါရှင်အာနန္ဒာသည်-

"ဝိဋူဍူဘသည် ကောသလမင်း၏သားဖြစ်၍ ငါ့ကားဘုရားရှင်၏သား တပည့်ဖြစ်၏။ ယခုအချိန်ကား သားအချင်းချင်းဆွေးနွေးတိုင်ပင်ရမည်တည်း" ကြံလျက် ဝိဋူဍူဘကို-

"စစ်သူကြီး. . . ဤအရာ၌သင့်ကိုငါ ပြန်မေးအံ့၊ သင်ကြိုက်သလိုဖြေ ကြားပါလော၊ ပသေနဒီကောသလမင်းကြီးသည် မိမိအုပ်စိုးသောနိုင်ငံအတွင်း၌ ရဟန်း၊ ပုဏ္ဏားကိုလည်းကောင်း ဘုန်းကံရှိသူ၊ ဘုန်းကံမရှိသူကိုလည်းကောင်း၊ မြတ်သောအကျင့်ရှိသူ၊ မြတ်သောအကျင့်မရှိသူကိုလည်းကောင်း၊ နေရာမှရွှေ့ လျော့စေရန်ဖြစ်စေ၊ နှင်ထုတ်ရန်ဖြစ်စေ၊ စွမ်းနိုင်ပါသလော။"

ဟုမေးသည်။

"အရှင်ရဟန်း. . . ပသေနဒီကောသလမင်းကြီးသည် မိမိနိုင်ငံအတွင်း၌ တစ်စုံတစ်ယောက်သောသူကို နေရာမှရွှေ့လျော့ရန်ဖြစ်စေ နှင်ထုတ်ရန်ဖြစ်စေ၊ စွမ်းနိုင်ပါသည်။

"စစ်သူကြီး. . . ပသေနဒီကောသလမင်းကြီး မပိုင်ဆိုင်သောနိုင်ငံရှိ လူကိုကော ထိုသို့ပြုလုပ်နိုင်ပါသလော"

"အရှင်ရဟန်း. . . ပသေနဒီကောသလမင်းကြီးသည် မိမိစိုးမိုးအုပ်ချုပ် ခြင်းမပြုရသေးသော တိုင်းနိုင်ငံအတွင်းမှ တစ်ယောက်သောပုဂ္ဂိုလ်ကိုကား ထိုသို့ ပြုလုပ်ရန်မစွမ်းနိုင်ပါ"

"စစ်သူကြီး. . . တာဝတိံသာနတ်တို့ကို ကြားဖူးပါသလော။"

"အရှင်ရဟန်း. . . ကျွန်ုပ်သည်လည်းကောင်း၊ ပသေနဒီကောသလမင်း ကြီးသည်လည်းကောင်း၊ တာဝတိံသာနတ်တို့ကို ကြားဖူးပါ၏။"

"စစ်သူကြီး. . . ပသေနဒီကောသလမင်းကြီးသည် ထိုတာဝတိံသာနတ်တို့ကိုနေရာမှ ရွေ့စေရန်လည်းကောင်း၊ နှင်ထုတ်ရန်လည်းကောင်း စွမ်းနိုင်ပါ၏လော'

"အရှင်ရဟန်း. . . ပသေနဒီကောသလမင်းကြီးသည် တာဝတိံသာနတ်တို့ကိုမြင်ခြင်းငှါ မစွမ်းနိုင်ပါ။ နေရာမှရွေ့လျောစေရန် နှင်ထုတ်ရန်မှာအဘယ်မှာ စွမ်းနိုင်ပါမည်နည်း။"

"စစ်သူကြီး. . . ဤအတူပင် စေတသိကဒုက္ခရှိသေး၍ ဤလူ့အဖြစ်သို့ ပြန်လာနိုင်သောနတ်တို့နှင့် စေတသိကဒုက္ခမရှိတော့၍ ဤလူ့အဖြစ်သို့ ပြန်မလာသောနတ်တို့ကို မြင်ခြင်းငှါမစွမ်းနိုင်ပေ။ နေရာရွေ့စေရန် နှင်ထုတ်ရန်အဘယ်မှ စွမ်းနိုင်ပါမည်နည်း။

"အရှင်ဘုရား. . . ဤရဟန်းသည် အဘယ်အမည်ရှိပါသနည်း"
ဟု ကောသလမင်းကြီးက မေးသည်။

"မင်းကြီး. . . အာနန္ဒာအမည်ရှိ၏။"
ထိုအခါ ကောသလမင်းကြီးသည် ရှင်အာနန္ဒာကို ချီးကျူးစကားပြောကြားပြီး-

"အရှင်ဘုရား. . . ဗြဟ္မာဟူသည်ရှိပါသလော"
ဟု ဆက်မေးသည်။

"မင်းကြီး. . . အဘယ်ကြောင့်သင်သည်ဤသို့မေးပါသနည်း။"

"အရှင်ဘုရား. . . ထိုဗြဟ္မသည် ဤလူအဖြစ်သို့ပြန်လာနိုင်ပါသလော၊ မပြန်လာနိုင်ပါသလော။'

"မင်းကြီး. . . စေတသိကဒုက္ခရှိသော ဗြဟ္မာသည်ဤလူ့ပြည်သို့ ပြန်လာနိုင်၏။ မရှိသောဗြဟ္မာသည် ပြန်မလာပါ။"

ဤသို့ဘုရားရှင်ဖြေကြားနေချိန်မှာပင် မင်းချင်းတစ်ယောက်က ကောသလမင်းကြီးအား-

"အရှင်မင်းကြီး. . . သဥ္စယပုဏ္ဏားရောက်လာပါပြီ"
ဟုလျှောက်ထားအကြောင်းကြားသည်။

ထိုအခါမင်းကြီးက ပုဏ္ဏားအား-

"သဗ္ဗညုတဉာဏ်နှင့်စပ်သော စကားကိုနန်းတော်အတွင်း၌မည်သူပြောသနည်း။"

ဟုမေးသည်။

"မင်းကြီး. . . ဝိဋ္ဋူဍဘစစ်သူကြီး ပြောကြားပါသည်။

ဟု ဖြေသောအခါ စစ်သူကြီးကလည်း မိမိမပြောသဥ္စယပုဏ္ဏားပြောကြောင်းငြင်းဆိုသည်။

ထိုသို့ အပြန်အလှန်ပြောဆိုနေကြစဉ်မှာပင် မင်းချင်းတစ်ယောက်က မင်းကြီးအားပြန်ရန် အချိန်တန်ပြီဖြစ်ကြောင်း လျှောက်ထားသည်။

ထိုအခါ မင်းကြီးသည် ဗုဒ္ဓ၏သဗ္ဗညုတဉာဏ်ဖြင့် ဟောကြားသော အမျိုးလေးပါးတို့၏စင်ကြယ်ခြင်း၊ လွန်မြတ်သောနတ်ပြဟ္မာနှင့်ပတ်သက်၍ ဗုဒ္ဓ၏ ဖြေကြားချက်ကို နှစ်သက်ကျေနပ်ပါကြောင်း လျှောက်ထားပြီး ထိုနေရာမှထွက်ခွာခဲ့သည်။

**(မဇ္ဈိမပဏ္ဏာသ၊ ရာဇဝဂ်၊ ကဏ္ဏကတ္ထလသုတ်)**

# ကောသလမင်း၏ လာဘ်စားမှုကိုဆုံးမခြင်း

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

သာဝတ္ထိပြည်တွက် မြတ်စွာဘုရားအားလည်းကောင်း၊ ရဟန်းအပေါင်းအားလည်းကောင်း၊ ပစ္စည်းလေးပါးတည်းဟူသော လာဘ်ပူဇော်မှုသက္ကာရတို့သည် ကောင်းစွာပြုအပ်သည်၏အဖြစ် အလေးအမြတ်ပြုအပ်သည်အဖြစ် မြတ်နိုးအပ်သည်၏အဖြစ်၊ ပူဇော်အပ်သည်၏အဖြစ်၊ အရိုအသေပြုအပ်သည်အဖြစ်၊ မြတ်နိုးအပ်သည်၏အဖြစ်၊ ပူဇော်အပ်သည်၏အဖြစ်ဖြင့် အရိုအသေပြုအပ်သည်၏အဖြစ်၊ အရိုအသေပြုအပ်သည့်သည်၏အဖြစ်ဖြင့် များစွာဖြစ်ပေါ်နေသည်။

အခြားတိတ္ထိ၊ ပရိဗိုလ်တို့မှာ ထိုသူကဲ့သို့မဖြစ်ဘဲ တဖြည်းဖြည်းလာဘ်လာဘရှားပါးလာသည်။

တိတ္ထိတို့သည် ဤသို့သောလာဘ်ပူဇော်သက္ကာရမှ ယုတ်ကုန်၍နေ့စဉ်မပြတ် စည်းဝေးတိုင်ပင်ကြကုန်သည်။

"အရှင်တို့. . . ရဟန်းဂေါတမပေါ်ထွန်းသောအချိန်မှစ၍ ငါတို့သည် ပြတ်သောလာဘနှင့်ပူဇော်သက္ကာရတို့ ဆုတ်ယုတ်ကုန်သည်ဖြစ်ကုန်၏။ ရဟန်းဂေါတမသည်ကား လာဘ်သက္ကာရရှိကုန်သည်ဖြစ်ကုန်၏။ ရဟန်းဂေါတမသည်ကား လာဘအစုံ၊ အကျော်အစော၊ အခြံအရံရသည်ဖြစ်၏။ အဘယ်အကြောင်းကြောင့်လျှင် ထိုရဟန်းဂေါတမအား ပြည့်စုံခြင်းသည် ဖြစ်ကုန်သနည်း။"
ဟု ဆွေးနွေးညှိနှိုင်းကြသည်။

ထိုအခါ အချို့သော တိတ္ထိဆရာတို့က-

"အရှင်တို့. . . ရဟန်းဂေါတမသည် ဇမ္ဗူဒိပ်၌ကျွန်းအားလုံး၏မြတ်သော ဌာနဖြစ်သော မြေတို့၏အထွတ်အထိပ်၌ နေရ၏။ ထို့ကြောင့်ရဟန်းဂေါတမအား လာဘသက္ကာရသည်ဖြစ်၏"

ဟုဆိုကြကုန်သည်။

အလုံးစုံသောတိတ္ထိဆရာတို့သည် ထိုကြံကိုအားလုံးသဘောတူကြလေသည်။

"ငါတို့သည် မင်းကိုမပန်ကြားဘဲ အရန်ကိုအကယ်၍ပြုကုန်အံ့၊ ရဟန်းတို့သည် တားမြစ်ကုန်လတ့်၊ တံစိုးလက်ဆောင်ကိုရ၍ မပျက်သောသူမည်သည်ကားမရှိ၊ ထို့ကြောင့်မင်းအားတံစိုးကိုပေးကုန်၍ အရံနေရာကိုယူကြကုန်အံ့"

ဟု တိုင်ပင်ကြပြီး အလုပ်အကျွေးတို့ထံ အသပြာကိုတောင်းခံယူကြကာ ကောသလမင်းအား တစ်သိန်းသောလက်ဆောင်ကို ပေးကြပြီ။

"မင်းမြတ်. . . ငါတို့သည်ဇေတဝန်ကျောင်းအပြင်၌ တိတ္ထိတို့၏အရံကို ပြုကုန်အံ့၊ ထိုရဟန်းတို့သည်ပြုစိမ့်သောငှါ မပေးကုန်အံ့ဟူ၍ အရှင်မင်းကြီးအား ကြားလာကုန်အံ့၊ ထိုရဟန်းတို့အား စကားကိုမပေးပါလင့်။"

ဟု ဆိုကြကုန်သည်။

ကောသလမင်းသည် တံစိုးလက်ဆောင်ကို တပ်မက်မောသဖြင့် ကောင်းပြီဟု ဝန်ခံကာလက်ခံထားလေသည်။

တိတ္ထိတို့သည် မင်း၏အမိန့်ကို ကောင်းစွာယူ၍ လက်သမားတို့ကိုခေါ်စေကာ ဆောက်လုပ်မှုကိုပြုစေကုန်သည်။ ကျယ်စွာသောအသံရှိသည်ဖြစ်၍ မြတ်စွာဘုရားသည် ရှင်အာနန္ဒာကို-

"အာနန္ဒာ. . . ကျယ်စွာသောအသံကိုပြုကြသည်။ ထိုသူတို့ကား အဘယ်သူတို့နည်း။"

"မြတ်စွာဘုရား. . . တိတ္ထိတို့သည် ဇေတဝန်အပြင်၌ တိတ္ထိတို့၏အာရာမ်ကိုပြုကုန်၏။ ထိုအသံသည်ကား ထိုအာရာမ်ပြုရာ၌ဖြစ်သောအသံတို့ ဖြစ်ပါသည်ဘုရား"

"အာနန္ဒာ. . . ထိုအရပ်သည်ကား တိတ္ထိတို့၏အာရာမ်အား မလျှောက်

ပတ်၊ တိတ္ထိတို့သည် ကျယ်သောအသံကိုအလိုရှိကုန်၏။ ထိုတိတ္ထိတို့နှင့်အတူတကွ နေအံ့သောငှါ မတတ်ကောင်း”

ဟု ဘုရားရှင်ကမိန့်ကြားပြီး ရဟန်းအပေါင်းကိုစည်းဝေးစေပြီး-

“ရဟန်းတို့. . . သင်တို့သည် သွားကြကုန်၍ မင်းအားကြားကုန်၍တိတ္ထိတို့၏ အာရာမ်ပြုခြင်းကိုတားမြစ်ကြကုန်လော့”

ဟု မိန့်ကြားသည်။

ရဟန်းအပေါင်းသည် မင်းနန်းတော်သို့သွား၍ မင်း၏တံခါး၌ရပ်တည် ရပ်တည်နေကြ၏။ ကောသလမင်းသည် သံဃာတော်များ ကြွလာသည်ကိုကြား၍ တိတ္ထိတို့၏အာရာမ်ကိစ္စနှင့် ပတ်သက်၍လာသည်ဖြစ်ရမည်ဟု နှလုံးသွင်းဆင်ခြင်မိကာ တံစိုးဟူကလည်း ယူထားမိပြီးဖြစ်သောကြောင့် မင်းသည်နန်းတော်၌မရှိ ဟု အကြောင်းကြားခိုင်းလေသည်။

ရဟန်းတို့သည် ပြန်လာကုန်၍ ထိုအကြောင်းကိုဘုရားရှင်အား လျှောက်ထားကြလေသည်။

“မင်းသည် တံစိုးကိုအမှီပြု၍ ဤသို့ပြုသည်။”

ဟု ဘုရားရှင်သည်သိတော်မူ၍ အဂ္ဂသာဝကနှစ်ပါးကို စေလွှတ်ပြန်သည်။

မင်းကြီးသည် အဂ္ဂသာဝကနှစ်ပါးကိုလည်း ရှေးနည်းအတိုင်းပင် မင်းကြီးမရှိ”

ဟု ပြောဆိုလေသည်။

အဂ္ဂသာဝနှစ်ပါးတို့သည် ဘုရားရှင်အားပြန်လည်လျှောက်ထားကြပြန် သည်။

“သာရိပုတ္တရာ. . . ယခုအခါ၌ မင်းသည်နန်းဘော်၌ နေအံ့သောငှါ ငါသည်မရရာဟု နှလုံးသွင်း၍ အပသို့ထုတ်၏။”

ဟု မိန့်တော်မူပြီး နောက်နေ့နံနက်တွင် ရဟန်းငါးရာခြံရံလျက် မင်း၏တံခါးသို့ ကြွရောက်လေသည်။

ကောသလမင်းသည် ဘုရားရှင်ကြွလာသည်ကိုကြား၍ နန်းပြဿာဒ်ထက်မှ ဆင်းသက်ကာဘုရားရှင်ကို သပိတ်ယူဆီးကြိုပြီး ဘုရားအမှူးရှိသောသံဃာများကို ယာဂုဆွမ်းဆက်ကပ်လေသည်။

ယာဂုဆွမ်းကိစ္စပြီးသောအခါ သင့်ရာနေရာ၌နေသော ကောသလမင်းကို ဘုရားရှင်က-

"မင်းမြတ်. . . ရှေးမင်းတို့သည် တံစိုးလက်ဆောင်တို့ကိုယူကုန်၍ သီလရှိကုန်သောသူမြတ်တို့ကို တစ်ယောက်သည်တစ်ယောက်အား အငြင်းအခုန်ကို ပြုစေကုန်၍ မိမိတိုင်းနိုင်ငံကို အစိုးမရသည်ဖြစ်ကုန်၍ ကြီးစွာသောပျက်ဆီးခြင်းသို့ရောက်ကုန်၏။"

ဟု မိန့်ကြားသည်။

"မြတ်စွာဘုရား. . . ထိုအကြောင်းစုံကို သိပါရစေဘုရား"

"မင်းမြတ်. . . ရှေးလွန်လေပြီးသောအခါ ဘရုတိုင်း၌ဘရုမည်သောမင်းသည် မင်းပြု၏။ ထိုအခါဘုရားလောင်းသည် ငါးပါးသောအဘိညာဉ်၊ သမာပါတ်ရှစ်ပါးရသောရသေ့အပေါင်းတို့၏ ဆရာဖြစ်သောရသေ့ဖြစ်၍ ဟိမဝန္တာအရပ်၌ ကြာမြင့်စွာနေပြီး ချဉ်ဆားမှီဝဲစိမ့်သောငှါ ရသေ့ငါးရာခြံရံလျက် ဘရုမြို့သို့ရောက်လာကြသည်။

ဘရုမြို့၌ဆွမ်းခံ၍ မြို့၏တောင်တံခါးအနီး၌ အခက်၊ အရွက်နှင့်ပြည့်စုံသောညောင်ပင်ကြီးတစ်ပင်အရင်း၌နေ၍ ဆွမ်းစားခြင်းကိစ္စပြုကြသည်။ ထိုညောင်ပင်ရင်း၌ပင် သီတင်းသုံးနေထိုင်ကြသည်။

နောက်လခွဲလွန်သော် တစ်ပါးသောငါးရာ အခြံအရံရှိသော ရသေ့အပေါင်းတို့၏ဆရာဖြစ်သောရသေ့သည်ရောက်လာပြီး ဘရုမြို့ထဲ၌ဆွမ်းခံကာ ထိုညောင်ပင်၌ပင် နေကြသည်။ ထိုဆရာရသေ့နှစ်ဦးနှင့် တပည့်တို့သည်ဘရုမြို့၌ မွေ့လျော်ပျော်ပိုက်သလောက်နေပြီးနောက် ဟိမဝန္တာသို့သာကြွကြကုန်သည်။

ထိုရသေ့တို့သွားသောကာလ တောင်တံခါး၌ပညောင်ပင်သည် ခြောက်၏။ နောက်တစ်ကြိမ်ထိုရသေ့တို့သည် ရှေးဦးစွာလာလတ်ကုန်၍ မိမိတို့၏ညောင်ပင်ခြောက်သည်ကိုမြင်၍ ဘရုမြို့မြောက်ဘက်မြို့တံခါးအနီးရှိ ညောင်ပင်၌နေကြကုန်သည်။

ထိုမှတစ်ပါးသောရသေ့တို့သည်ကား နောက်မှလာလတ်ကုန်၍ ထိုညောင်ပင်ရင်း၌ပင် နေခြင်းကိုပြုကြကုန်သည်။

ထိုအခါရသေ့နှစ်ဖွဲ့တို့သည်

"သင်တို့၏သစ်ပင်လော၊ ငါတို့၏သစ်ပင်လော၊"

ဟုဆိုကြကာ သစ်ပင်ကိုမှီကုန်၍ တစ်ယောက်ကိုတစ်ယောက်ခိုက်ရန်ပြုကုန်ကြသည်။ ထိုခိုက်ရန်သည် ကြီးသည်ဖြစ်၏။ အချို့ကုန်သောရသေ့တို့သည်

"ငါတို့၏ ရှေးဦးစွာနေသောအရပ်ကို သင်တို့သည်မရသင့်"

ဟု ဆိုကြ၏။

"ငါတို့သည်ရှေးဦးစွာ ဤအရပ်၌လာနေကြပါကုန်၏။ သင်တို့သည် မရလတ့်"

ဟုဆိုကြသည်။

ဤသို့လျှင် ရသေ့နှစ်ဖွဲ့တို့သည်-

"ငါတို့သည်သာ အရှင်ဖြစ်ကုန်၏။ ငါတို့သည်သာ အရှင်ဖြစ်ကုန်၏။"

ဟု ငြင်းခုန်ခြင်းကိုပြုလျက် ရက္ခမူအကျိုးငှါ မင်း,အိမ်သို့သွားရောက်ကြကုန်သည်။

မင်းသည် ရှေးဦးစွာနေဘူးသော ရသေ့အပေါင်းကိုသာလျှင် အရှင်သခင်အဖြစ်အသိအမှတ်ပြုလေသည်။

နောက်မှရသေ့တို့ကလည်း-

"ယခုအခါ၌ ငါတို့သည် ဤရသေ့ထံမှမရှုံးသင့်ချေ။ ငါတို့ကိုသာပေးစေကုန်ဦးအံ့"

ဟုဆိုပြီး ဒိဗ္ဗစက္ခုဖြင့်ကြည့်ကုန်သော် တစ်ခုသောမင်း၏ အသုံးအဆောင်ဖြစ်သော ရထားချိုင့်ကိုမြင်ကုန်သည်။

ထိုရထားချိုင့်ကို ယူဆောင်ပြီး မင်းကိုတံစိုးလက်ဆောင်ပေးပြီး

"မင်းမြတ်. . . ငါတို့ကိုလည်း အရှင်အဖြစ်အသိအမှတ်ပြုပါလော"

ဟုတောင်းဆိုကြသည်။

မင်းသည်တံစိုးကိုယူ၍-

"ရသေ့နှစ်ဦးတို့သည် အတူတူနေကြကုန်လော့"

ဟုဆိုကာ ရသေ့နှစ်ဦးကို အရှင်တို့ပြုလေသည်။

အခြားတစ်ပါးသော ရသေ့တို့က ထိုရထားချိုင့်၏ရထားလှည်းဘီးတို့ကို ထုတ်ကုန်၍ တံစိုးလက်ဆောင်ကိုမေးကြပြန်ကာ-

"မင်းမြတ်. . . ငါတို့ကိုသာလျှင် အရှင်တို့ကိုပြုပါလော"

ဟုတောင်းဆိုကြလေသည်။

မင်းသည်လည်း ထိုရသေ့တို့ဆိုတိုင်းပြုပေးလေသည်။

ရသေ့အပေါင်းတို့သည်-

"ဝတ္ထုကာမတို့ကိုလည်းကောင်း ကိလေသာကာမတို့ကိုလည်းကောင်း စွန့်၍ရဟန်းပြုသော ငါတို့သည်ရက္ခမူဟူသောအကြောင်းကြောင့် ငြင်းခုန်ခြင်းကို ပြုသဖြင့် တံစိုးလက်ဆောင်ကိုပေးလျက် မသင့်သည်ကိုပြုအပ်၏။"
ဟု နှလုံးမသာယာသည်ဖြစ်ကုန်၍ လျင်မြန်စွာဟိမဝန္တာသို့ပြန်ကြလေသည်။

အလုံးစုံသော ဘရုတိုင်း၌နေကုန်သောနတ်တို့သည် တစ်ပေါင်းတည်းဖြစ်ကာ-

"သီလရှိသော ရသေ့တို့ကိုငြင်းခုန်ခြင်းကို ပြုစေသဖြင့် မင်းသည်မသင့်သည်ကို ပြုအပ်၏။"
ဟု ဘရုမင်းအား အမျက်ထွက်ကုန်၍ ယူဇနာ(၃၀၀)ရှိသော ဘရုတိုင်းကိုသမုဒ္ဒရာအဖြစ်သို့ရောက်စေ၍ တိုင်းမဟုတ်တော့သည်အဖြစ်ကို ပြုကြလေသည်။

ဤသို့လျှင် တစ်ယောက်သောဘရုမင်းကို အမှီပြု၍ တိုင်းအားလုံး၌ နေကုန်သောသူတို့သည်လည်း ပျက်စီးခြင်းသို့ရောက်ရလေကုန်၏။

"မင်းမြတ်. . . ရှေးအခါ၌ ဘရုမင်းဟူ၍ ငါဘုရားသည် ဟောကြားဖူး၏။ ထိုဘရုမင်းသည် သီလရှိကုန်သော ရသေ့တို့ကို ငြင်းခုန်ခြင်းကိုပြုသဖြင့် တိုင်းနိုင်ငံသည် ပြည်သူတစ်ရပ်လုံးနှင့် အတူအဖြစ်အရင်းပါပြတ်၍ ပျက်စီးခြင်းသို့ရောက်ခဲ့ရသည်။

ထို့ကြောင့် ဆန္ဒဂတိအစရှိသည်လိုက်ခြင်းကို ပညာရှိတို့သည် မချီးမွမ်းကုန်၊ ကိလေသာတို့သည် မဖျက်ဆီးအပ်သော စိတ်ရှိသည်ဖြစ်၍ မှန်သောစကားကိုသာဆိုရာ၏။

မင်းမြတ်. . . ဆန္ဒဂတိအလိုသို့လိုက်သောသူ မဖြစ်သင့်ပါစေလင့်။ နှစ်ဦးသောရဟန်းတို့ည ငြင်းခုန်ခြင်းကို မပြုစိမ့်သောငှါမသင့်"
ဟု မိန့်တော်မူ၍-

ဘုရားရှင်ဆွမ်းဘုန်းပေးပြီး၍ ပြန်ကြွသောအခါ ကောသလမင်းကြီးသည် မင်းချင်းတို့ကိုစေလွှတ်၍ တိတ္ထိတို့၏အာရာမ်တို့ကို ဖျက်စေသည်။ တိတ္ထိတို့သည် ဘုရားရှင်အပေါ်မကောင်းကြံသော အကြံအစည်သည်လည်း ပျက်စီးရလေသည်

(တရဏသမ္ဘကဝဂ်-ဘရုဇာတ်)

## မင်းတို့ကျင့်အပ်သောတရားများ

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် အချိန်ဖြစ်သည်။ ထိုအချိန်တွင် ကောသလမင်းကြီးသည် တရားနာရန်အတွက် ဘုရားရှင်ထံသို့ လာရောက်ဆည်းကပ်သည်။

ထိုအခါ ဘုရားရှင်က

"မြတ်သောမင်းကြီး. . . မင်းမည်သည်ကား တရားနှင့်အညီမင်းပြုရာ၏။ ထိုစကားသည်မှန်၏။ အကြင်အခါ၌ မင်းတို့သည် တရားမစောင့်ကုန်။ ထိုသို့ မင်းတရားမစောင့်သောအခါ မင်း၏သားတော်၊ သမီးတော်တို့သည်လည်း တရားမစောင့်ကုန်သည်ဖြစ်ရာ၏။"

"မင်းကြီး. . . ကာမဂုဏ်တို့သည် အိပ်မက်နှင့်တူကုန်၏။"

ဤသို့အစရှိသောနည်းဖြင့် ကာမဂုဏ်တို့၏အပြစ်တို့ကို ချဲ့ပြတော်မူသည်။

မြတ်သောမင်းကြီး. . . ဤသတ္တဝါတို့အား သေမင်းနှင့်အချိန်းအချက်သည် မရှိ၊ လက်ဆောင်တံစိုးယူခြင်းသည်လည်းမရှိ၊ ခပ်သိမ်းသောသတ္တဝါတို့သည် သေမင်းနိုင်ငံသို့ သွားရကုန်ချည်းသာတည်း။

ထို့ကြောင့် ဘဝတစ်ပါးသို့ပြောင်းသွားရကုန်သော ထိုသတ္တဝါတို့အား မိမိ သည်ပြုအပ်သော ကောင်းမှုကံကိုထား၍ တစ်ပါးသောတည်ရာမည်သည်မရှိ၊ အကြင်အကြင်ဆိုအပ်ပြီးသောနည်းဖြင့် တစ်ခဏသာလျှင် ထင်ခြင်းရှိသောဘဝ တစ်ပါးသို့ ဆောင်ယူ၍မသွားနိုင်ချေရကား မစင်စွန့်ပစ်သော ဥစ္စာစည်းစိမ်အခြံရံ

ပရိသတ်၊ မှူးမှတ်၊ ဗိုလ်ပါအပေါင်းတို့ကို အမှီပြု၍မေ့လျော့ခြင်းကိုပြုခြင်းငှါ မသင့်၊ မမေ့မလျော့သည်ဖြစ်၍ တရားသဖြင့်မင်းပြုခြင်းငှါအပ်၏။

ထိုစကားသည် မှန်၏။ ရှေးမင်းတို့သည် ဘုရားပွင့်တော်မမူဘဲလျက်လည်း ပညာရှိအဆုံးအမ၌တည်၍ တရားသဖြင့် မင်းပြုခြင်းကြောင့် နတ်ပြည်သို့ ပြည့်စေကုန်ပြီး။

ဟု မိန့်ကြားတော်မူသည်။

"အရှင်ဘုရား. . . ရှေးပညာရှိတို့ဆို ဆိုဆုံးမအပ်သော မင်းကျင့်တရား ဟောကြားပုံအကြောင်းစုံကို သိပါရစေဘုရား"

"မင်းကြီး. . . ရှေးလွန်လေပြီးသောအခါဝယ် ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းကြီး မင်းပြုပြီး ထိုမင်းကြီး၌ သားသမီးရတနာများ မထွန်းကားမဖြစ်ပေါ်ချေ ဆုတောင်းအမျိုးမျိုးပြုလုပ်သော်လည်း သားသမီးကားမရချေ။

ထိုဗြဟ္မဒတ်မင်းသည် တစ်နေ့တွင်များစွာသော အခြံအရံဖြင့် ဥယျာဉ် တော်သို့သွားပြီး တစ်နေ့ပတ်လုံးဥယျာဉ်တော်၌ ကစားသည်။ နားချိန်တွင် မင်္ဂလာ အင်ကြင်းပင်၏အဦး၌နေ ရာတော်ဂိုဏ်းခင်စေပြီး နေရာတော်၌နှိုပ်စက်ခေါ်တော် မူသည်။

အတန်ငယ်စက်တော်ခေါ်၍ နိုးလျှင်အင်ကြင်းပင်အထက်ကို ကြည့်မိ သော် အင်ကြင်းပင်အထက်၌ ငှက်ကိုမြင်၍ ထိုငှက်သိုက်၌-. . . လိုချင်ခြင်း၊ ချစ်ခြင်းသည်၊ ဖြစ်ပေါ်လေသည်။

ဗြဟ္မဒတ်မင်းသည်ပင် မင်းချင်းတစ်ယောက်ကိုခေါ်၍-

"အချင်း. . . အင်ကြင်းပင်ထက်သို့တက်၍ ထိုအသိုက်၌တစ်စုံတစ်ခုရှိ သည်အဖြစ်ကိုလည်းကောင်း၊ မရှိသည်အဖြစ်ကိုလည်းကောင်း၊ သိအောင်လုပ်ပါ လော့"

ဟုစေခိုင်းသည်။

ထိုမင်းချင်း. . . ယောက်ျားသည် မင်းကြီးကိုဝန်ခံ၍ အပေါ်သို့တက်၍ ကြည့်လေသော် ငှက်ဥသုံးလုံးတို့ကိုမြင်၍ မင်းအားလျှောက်ထားပြသည်။

"အချင်း. . . ထိုသို့ဆိုက ထိုငှက်ဥတို့အပေါ်၌ နှာခေါင်းလေကို မလွှတ်

လင့်၊ ပန်းပုံတောင်း၌ ဝါဂွမ်းစုကိုခင်း၍ ထိုဝါဂွမ်းစု၌သာလျှင် ဥသုံးလုံးကိုထည့်၍ ဖြည်းညှင်းစွာဆင်းခဲ့ပါလော့"

ဟုပြောသည်။

မင်းချင်းသည် မင်းကြီးအမိန့်ပေးသည့်အတိုင်း ဆောင်ရွက်ပြီးမင်းကြီးအား ထိုဥတို့ကိုဆက်သသည်။

မင်းကြီးသည် ပန်းပုံတောင်းကိုလက်ဖြင့်ကိုင်၍-

"အမတ်များတို့. . . ဤငှက်ဥတို့ကား အဘယ်ဥတို့နည်း။"

ဟု အမတ်တို့ကို မေးမြန်းလေသည်။

"အရှင်မင်းကြီး. . . ကျွန်တော်မျိုးတို့မသိနိုင်ပါ။ မုဆိုးတို့သာသိနိုင်ပါမည်"

"အမတ်တို့. . . ဤသို့ဆိုက မုဆိုးတို့ကိုခေါ်ပါလေ"

မင်း၏အမိန့်အရ မုဆိုးတို့ကို မင်းကြီးထံခေါ်ဆောင်လာပြီး မင်းကြီးက မုဆိုးတို့ကို ထိုဥတို့ကို ထိုဥတို့၏အမျိုးအမည်ကို မေးလေသည်။

"မြတ်သောမင်းကြီး. . . ငှက်ဥသုံးလုံးတို့တွင် တစ်လုံးကား ခင်ပုပ်ဥ၊ တစ်လုံးကားဆက်ရက်ဥ၊ တစ်လုံးကကျေးဥဖြစ်ပါသည်။"

"အမောင်တို့. . . အသိုက်တစ်ခုတည်း၌ ငှက်မသုံးကောင်တို့၏ ဥတို့သည် ဖြစ်နိုင်ပါမည်လော။"

"အရှင်မင်းကြီး. . . ဖြစ်နိုင်ပါ၏။ ဘေးရန်မရှိသော် ကောင်းစွာထားအပ်ကုန်သောဥတို့သည် မပျက်စီးပါကုန်။"

မုဆိုးတို့က ထိုသို့လျှောက်သော် ပြဟ္မဒတ်မင်းကြီးသည် အလွန်နှစ်သက်၍ ထိုငှက်ဥသုံးလုံးကို အမတ်(၃)ဦးအား အသီးသီးအပ်နှံပြီး-

"ဤငှက်ဥတို့သည် ငါ၏သားတော်တို့သည် ဖြစ်ကုန်လတ့်၊ သင်တို့သည် ကောင်းစွာစောင့်ရှောက်၍ ဥခွံမှပေါက်သော ကာလ၌ငါအားလာရောက်လျှောက်ထားကြပါလော့"

ဟု အမိန့်ပေးစေခိုင်းသည်။

အမတ်တို့သည် ငှက်ဥတို့ကိုကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ထားပြီး လိုအပ်သည်တို့ကို ပြုလုပ်ဆောင်ရွက်ပေးကြသည်။

ငှက်ဥသုံးလုံးတွင် ခင်ပုပ်ဥသည် ရှေးဦးစွာပေါက်၊ အမတ်သည် မုဆိုးတစ်ဦးကိုခေါ်၍-

"သင်သည်. . . အထီး- အမကိုသိအောင်ပြုလော့"

ဟုစေခိုင်းသည်။ မုဆိုးသည်စုံစမ်း၍ဆင်ခြင်၍ -အဖိုးဟူ၍ အဖြေပေးလေသည်

ထိုအခါ မိမိစောင့်ရှောက်သောအမတ်သည် မင်းကြီးထံသို့သွား၍-

"အရှင်မင်းကြီး. . . အရှင်မင်းကြီးသားတော်သည် ဖွားတော်မူပါပြီ"

ဟု တင်လျှောက်သည်။

ပြဟ္မဒတ်မင်းသည် အလွန်နှစ်သက်တော်မူ၍ ထိုအမတ်များအားများစွာသော ဥစ္စာတို့ကိုပေးတော်မူ၍-

"ငါ၏သားတော်ကို ကောင်းစွာပြုစုမွေးမြူပါလော့"

ဟုမိန့်ကြားပြီး ထိုသားတော်ငှက်၏အမည်ကို ဝေဿန္တရာ-ဟု အမည်ကိုပေးလေသည်။

ထို့နောက်မှနှစ်ရက်လွန်သော် ဇရက်မဥသည် ပေါက်လေသည်။ ထိုဥကိုထိန်းသောအမတ်သည်လည်း မုဆိုးကိုခေါ်ကာ အထီး-အမ ခွဲစေသည်။ အမဟုသိသောအခါ မင်းကြီးထံသို့ သွားရောက်၍-

"အရှင်မင်းကြီး. . . အရှင်မင်းကြီး၏သမီးတော် ဖွားတော်မူပါပြီ။"

ဟု လျှောက်တင်သည်။

မင်းကြီးသည် အလွန်နှစ်သက်၍ ထိုအမတ်ကိုလည်း ဥစ္စာပစ္စည်းများစွာပေး၍ မွေးမြူစေသည်။သမီးတော်ကိုလည်း ကုဏ္ဍလီနိဟူ၍ အမည်ကိုပေးလေသည်။

တစ်ဖန်နှစ်ရက်လွန်သဖြင့် ကျေးဥသည် ပေါက်လေသည်။ ထိုအမတ်သည်လည်း မုဆိုးကိုခါ်၍ အထီး-အမခွဲခြားစေပြီးသော် အထီးမှန်းသိ၍ မင်းကြီးထံသို့ဝင်ကာ-

"အရှင်မင်းကြီး. . . အရှင်မင်းကြီး၏ သားတော်သည်ဖွားမြင်ပါပြီ။"

ဟု လျှောက်ထားလေသည်။

မင်းကြီးသည် အလွန်နှစ်သက်၍ ထိုအမတ်ကိုလည်း ဆုလာဘ်များစွာပေး၍-

"ငါ၏သားတော်အား များစွာသောအခြံအရံဖြင့် မင်္ဂလာပွဲခံ၍ ဇမ္ဗူခဟူဟူသောအမည်ကိုမှည့်၍ ကောင်းစွာလုပ်ကျွေးမွေးမြူပါလော့။"
ဟု အမိန့်ပေးသည်။

အမတ်(၃)ယောက်တို့သည် မိမိတို့အိမ်၌ ထိုင္ဝက်သုံးကောင်ကို မင်းသားမင်းသမီး၊ အဆောင်အယောင်သဖွယ်ထား၍ ကြီးပွားခြင်းကိုရောက်ကြရလေသည်။ ဗြဟ္မဒတ်မင်းကလည်း ထိုင္ဝက်များကို ငါ၏သားတော်၊ သမီးတော်ဟူ၍ ခေါ်ဝေါ်လေ့ရှိသည်။

ထိုအခါ အမတ်တို့သည်အချင်းချင်း-

"အချင်းတို့. . . ငါတို့အရှင်မင်းကြီး၏ အမူအရာကို သင်တို့သည်ကြည့်ကြကုန်လော့၊ တိရစ္ဆာန်တို့ကိုလျှင်လည်း ငါ၏သားတော် သမီးတော်ဟု ခေါ်ဝေါ်မူလျက် သွားတော်မူဘိ၏တကား"
ဟုပြက်ရယ်စကားပြုကြလေသည်။

ထိုစကားကို ဗြဟ္မဒတ်မင်းကြီးသည်ကြား၍ -

"ဤအမတ်တို့သည် ငါ၏သားတော်သမီးတော်များ၏ ပညာနှင့်ပြည့်စုံခြင်းကို မသိကြလေကုန်။ ထိုအမတ်တို့သိသာထင်ရှားအောင် ငါပြုအံ့"
ဟု ကြံစည်မိလေသည်။

ထိုသို့ကြံပြီး အမတ်တစ်ယောက်ကို ဝေဿန္တရာအမည်မှည့်ထားသော ခင်ပုပ်ငှက်ထံသို့ စေလွှတ်၍ သားတော်ဝေဿန္တရာကို-

"အရှင်သားတော် ဝေဿန္တရာ. . . အရှင်၏ခမည်းတော်မင်းမြတ်သည် ပြဿနာကို မေးလို၏။ ဘယ်အခါ၌လာ၍မေးစိမ့်သောငှါ အလိုရှိပါသနည်း။"
ဟု မေးလျှောက်ရန် စေခိုင်းလေသည်။

အမတ်သည် မင်းကြီးစေခိုင်းသည့်အတိုင်း ဝေဿန္တရာထံသို့သွား၍ ရှိခိုးကာ မင်းကြီးမှာကြားသောသတင်းကို ပြောပြလေသည်။

ထိုအခါဝေဿန္တရာခင်ပုပ်ငှက်သည် မိမိ၏အထိန်းတော်အမတ်ကိုခေါ်စေ၍

"အချင်းအထိန်းတော်. . . ငါ၏ခမည်းတော်မင်းကြီးသည် ငါ့အားပြဿနာကိုမေးလို၏။ ငါတို့၏အိမ်သို့ကြွလာတော်မူသောအခါ ငါ၏ခမည်းတော်မင်းမြတ်

အား ပူဇော်သက္ကာရကိုပြုခြင်းငှါသင့်၏။ ဘယ်အခါ၌ ကြွလာတော်မူလာစေရမည်နည်း”
ဟု မေးသည်။

အထိန်းတော်အမတ်သည်-

“အရှင်သား. . . ဤနေ့မှခုနှစ်ရက်မြောက်သောနေ့၌ ကြွလာတော်မူပါစေလော့”
ဟု ပြန်၍လျှောက်ထားသည်။

“ငါ၏ခမည်းတော်မင်းမြတ်သည် ဤနေ့မှခုနှစ်ရက်မြောက်သောနေ့၌ ကြွလာပါစေလော”
ဟု ဝေဿန္တရာက မင်းစေလွှတ်သောအမတ်ကို မှာကြားစေလွှတ်လိုက်လေသည်။

ထိုအမတ်သည် ဗြဟ္မဒတ်မင်းအား ထိုအကြောင်းကို လျှောက်ထားသည်။ ဗြဟ္မဒတ်မင်းသည် ခုနှစ်ရက်မြောက်သောနေ့၌ မြို့အားလုံးကိုစည်လည်စေ၍ သားတော်ဝေဿန္တရာရှိရာ အမတ်အိမ်သို့ကြွလေသည်။

သားတော်ဝေဿန္တရာသည် ခမည်းတော်ဗြဟ္မဒတ်မင်းအား များစွာသော ပူဇော်သက္ကာရကိုပြုစေ၏။ နောက်ပါကျေးတော်မျိုး၊ ကျွန်တော်မျိုးမင်းမှုထမ်းတို့ကိုလည်း ပူဇော်သက္ကာရကိုပြုစေ၏။

ဗြဟ္မဒတ်မင်းသည် သားတော်ဝေဿန္တရာခင်ပုပ်ငှက်အိမ်၌ စားတော်ခေါ်၍ များစွာသောစည်းစိမ်ကိုခံစားတော်မူပြီးလျှင် မိမိနေရာနန်းတော်သို့ပြန်လာကာ ညီလာခံရာမင်းရင်ပြင်၌ ကြီးစွာသောမဏ္ဍပ်ကို ဆောက်လုပ်စေ၍ ဗာရာဏသီ တစ်မြို့လုံးကိုစည်လည်စေ၍ တန်ဆာဆင်ယင်အပ်သောမဏ္ဍပ်အလယ်၌ လူအများအပေါင်းခြံရံလျက်နေတော်မူ၍-

“ဝေဿန္တရာ သားတော်ကိုဆောင်ခဲ့ကြလော့”
ဟု အမတ်တို့ကိုစေလွှတ်လိုက်လေသည်။

အထိန်းတော်အမတ်သည် ဝေဿန္တရာကို ရွှေအင်ပျဉ်၌နေစေ၍ ဆောင်ယူခဲ့ပြီး မင်းထံဆက်သရာ မင်းကြီးကရင်ခွင်၌နေစေကာ ကစားမြှူးတူးပြီး ရွှေအင်ပျဉ်၌သာလျှင် ထားစေ၏။

ဗြဟ္မဒတ်မင်းသည် သားတော်ဝေဿန္တရာကို လူအများ၏ရှေ့၌ မင်းကျင့်တရားကိုမေးတော်မူလို၍-

"သားလှဝေဿန္တရာ. . . သင်ချစ်သားအား ကောင်းမြတ်သောမင်္ဂလာသည် ဖြစ်ပါစေသတည်း။ သင်ချစ်သားကို မေးပါအံ့၊ မင်းအဖြစ်ကိုပြုလိုသောသူသည် အဘယ်အမှုကိုပြုရခြင်းသည် မြတ်သနည်း။ သင်ချစ်သားဖြေကြားပေးပါလော"

ထိုစကားကိုကြား၍ ဝေဿန္တရာသည် ပြဿနာကိုမဖြေသေးဘဲ ရှေးဦးစွာ ဗြဟ္မဒတ်မင်းကို မေ့လျော့ခြင်းကို အပြစ်တင်လိုရကား-

"ဗာရာဏသီပြည်သားလူအများကို သင်္ဂဟတရားလေးပါးဖြင့် ချီးမြှင့်သောကံသအမည်ရှိသောခမည်းတော်မင်းမြတ်သည် စင်စစ်ကျွန်ုပ်၏အထံ၌ နေတော်မူပါလျက် ကြာမြင့်စွာမေ့လျော့တော်မူလျက် မမေ့မလျော့သော သားတော်ဖြစ်သောကျွန်ုပ်တို့မေးမြန်းခမည်းတော်မင်းမြတ်သည် ယခုမှပင်မေးတော်မူပေ၏။"
ဟု ပြက်တင်စကား ဦးစွာမြွက်ဆိုလေသည်။

"မြတ်သောမင်းကြီး မင်းမည်သည်ကား သုံးပါးကုန်သော တရားတို့၌ တည်၍၊ တရားသဖြင့် မင်းပြုရာ၏။"
ဟု ပြောကြားပြီး ဂါထာဖြင့်မင်းကျင့်တရားကို ဆက်လက်ပြောပြသည်။

"ခမည်းတော်မင်းမြတ်. . . မင်းမည်သည်ကား ရှေးဦးမဆွကသာလျှင် မမှန်စကားဆိုခြင်းကိုလည်းကောင်း၊ အမျက်ထွက်ခြင်းကိုလည်းကောင်း၊ ပေါ်လွင်ရွှင်မြူးခြင်းကိုလည်းကောင်း၊ ကြည့်ရှောင်ရာ၏။"

ထိုနောက်မှ တိုင်းနိုင်ငံသူတို့၏ စီရင်ဖွယ်ကိစ္စများကို စီရင်ဆုံးဖြတ်ရာ၏။ မင်းမြတ်. . . အကြင်မမှန်စကား၊ အမျက်ထွက်မှု၊ ရယ်ရွှင်မြူးတီး ကြဉ်ရှောင်၍ တိုင်းရေးပြည်ရာကို စီရင်ရာ၏ဟူသောစကားကို ကျွန်ုပ်ဆိုအပ်ပါ၏။ ဤကျင့်ဝတ်တရားတို့ကို မင်းကျင့်တရားဟူ၍ ရှေးပညာရှိတို့သည် ဆိုကြပါကုန်၏။"

"ခမည်းတော်မင်းမြတ်. . . ခမည်းတော်သည် တပ်စွန်းတော်မူသည်ဖြစ်၍ ဖျက်တော်မူသည်ဖြစ်၍ အကြင်အမှုကိုပြု၏။ ရှေး၌ပြုအပ်သောအကြင်အမှုကို သင်ခမည်းတော်မင်းတရားသည် နောက်မှတစ်ဖန်မချွတ်စိုးရိမ်တော်မူရာ၏။ ထိုနောင်တဖန်ပူပန်ရသော အမှုအမျိုးမျိုးကိုပြုတော်မမူပါလင့်"

"နိုင်ငံသားလူအများကို ပွားစေတတ်သောမင်းမြတ်ဖခင် မေ့လျော့သော ပြည့်ရှင်မင်း၏ တိုင်းနိုင်ငံ၌ ခပ်သိမ်းသောစည်းစိမ်တို့သည် ပျက်စီးကုန်၏။ ထိုနိုင်ငံ၌ စည်းစိမ်ဥစ္စာပျက်စီးခြင်းကို ပြည့်ရှင်မင်း၏ ဆင်းရဲဟူ၍ ရှေးပညာရှိတို့က ဆိုကြပါကုန်၏။ ထို့ကြောင့် ဖခင်ဘုရင်မင်းမြတ် မေ့လျော့တော်မမူပါလင့်။"

"ရေမြေအပိုင်ဖခင်မင်း. . . သီရိနတ်သမီး အလက္ခီနတ်သမီးတို့ကို ဗာရာဏသီသူဌေး သုစိပရိဝါရကမေးဖူး၍ ထိုနတ်သမီးတို့တွင် သီရိနတ်သမီးက သုစိပရိဝါရသူဌေး ကျွန်ုပ်သည်ထကြွခြင်းရှိသော၊ လုံ့လရှိသော၊ သူတစ်ပါးစည်းစိမ်ကို မငြူစူတတ်သောယောကျ်ား၌ မွေ့လျော်ပါ၏ဟု အဖြေပေးပါ၏။"

"ဘခင်မင်းမြတ်. . . အလက္ခီနတ်သမီးကမူ အရှင်သူဌေးကျွန်ုပ်သည် သူတစ်ကပါးစည်းစိမ်ကို ငြူစူတတ်သော၊ မကောင်းသောစိတ်ရှိသော၊ ကုသိုလ်ကောင်းမှုကိုဖျက်ဆီးတတ်သော၊ ယောကျ်ား၌မွေ့လျော်၏-ဟု ဆိုပါ၏။"

"ခမည်းတော်မင်းမြတ်. . . ကုသိုလ်စက်ကိုဖျက်ဆီးတတ်သော အလက္ခီနတ်သမီးသည် ထိုတရားသုံးပါးတို့၌ မွေ့လျော်တတ်ပါ၏။"

"ဖခင်မင်းမြတ်. . . ရေမြေကိုအစိုးရသော တရားမင်းသည် တိုင်းနိုင်ငံသူအားလုံး၌ ကောင်းမြတ်သောရွှေနှလုံးတော်ရှိသည်ဖြစ်၍ အလုံးစုံကုန်သော တိုင်းသူပြည်သားတို့အား စောင့်ရှောက်မ,စတော်မူပါလော၊ အလက္ခီနတ်သမီးကို နှင်ထုတ်၍ သီရိနတ်သမီး၏တည်ရာသည်သာ ဖြစ်ပါလော။"

"ကာသိတိုင်းရှင်ဖခင်မင်းမြတ်. . . ပညာလုံ့လနှင့်ပြည့်စုံသော၊ မြတ်သော ဆန္ဒရှိသော ထိုယောကျ်ားသည် ရန်သူတို့၏အရင်းကိုလည်းကောင်း၊ အဖျားကိုလည်းကောင်း ဖြတ်ရာ၏။"

"လူများ၏အရှင် ဖခင်မင်းမြတ်. . . ဖခင်သည် လုံ့လပြုတော်မူသော၊ လုံ့လနှင့်ပြည့်စုံသောသူသည် ရန်သူတို့၏အမြစ်အညွန့်ကို ဖြတ်ရာ၏။ ဤသို့လျှင် သင်သားတော်ဝေဿန္တရာ ကျွန်ုပ်သည်ဆုံးမပါ၏။"

ငါသည်ရန်သူတို့၏အမြစ်အညွန့်ကို ဖြတ်တတ်သောရေမြေအစိုးရသော အရှင်မင်းသည် မဟုတ်တုံလော၊ သားတော်ဆုံးမသောစကားသည် အသို့ပင်မည်နည်းဟု သင်ဆိုငြားအံ့၊ သိကြားမင်းပင်လျှင် လုံ့လ၌မမေ့လျော့ရချေ။ သိကြားမင်း

သည် ကုသိုလ်ကောင်းမှု၌သာလျှင် လှို့လပြု၍အားထုတ်ခြင်း၌ စိတ်ကိုပြုပါသေး၏။ ထို့အတွက် အကြင်ငါဆုံးမထားသောစကားသည် သင့်ပါ၏။"

"ဂန္ဓဗ္ဗနတ်. . . ပြဟ္မာ၊ ကာမာဝစရ နတ်ပြည်ခြောက်ထပ်ရှိ နတ်များအားလုံးတို့သည် ကုသိုလ်ကောင်းမှု၌ လှို့လပြုသော ကုသိုလ်ကောင်းမှု၌မမေ့လျော့သော သူနှင့် တူသောအသက်မွေးခြင်းရှိကြကုန်၏။ ထိုနတ်၊ ပြဟ္မာတို့သည် ထိုသို့သဘော ရှိကုန်သောသူတို့ကို စောင့်ရှောက်ကုန်၏။"

"ဖခင်မင်းမြတ်. . . ပြည်ကြီးနတ်၊ မမေ့မလျော့၊ အမျက်မထွက်တော်မူဘဲ တိုင်းရေးပြည်ရာတို့ကို ကိုယ်တော်တိုင်ခန့်ထားစီရင်ပါလော။ လှို့လပြုတော်မူပါလော၊ မိမိအမှုကိစ္စ၌ပျင်းရိသောသူသည် ချမ်းသာကိုမရနိုင်ရာချေ။"

"ခမည်းတော်မင်းမြတ်. . . ကျွန်ုပ်ဆိုခဲ့သော ဤအဆုံးအမတို့သည် မင်းကျင့်တရားတို့ကပါတည်း။ ဖခင်သည် ဤတရား၌တည်၍ကျင့်ပါလော။"

ဖခင်မင်းမြတ်. . . ဤအဆုံးအမအတိုင်းကျင့်သောသူသည် ချစ်ခင်လေးစားကုန်သော မိဖုရား၊ သားတော်၊ သမီးတော် အစရှိကုန်သောသူတို့ကို ချမ်းသာ ချမ်းသာစေတော်မူခြင်းငှါ ရန်သူတို့ကို ဆင်းရဲစိမ့်သောငှါ စွမ်းနိုင်ပါ၏။

ဤသို့လျှင် သားတော်ဝေဿန္တရာခင်ပုပ်ငှက်က မင်းကျင့်တရားတို့ကို ကောင်းစွာဟောပြသည်ရှိသော် လူများအပေါင်းသည် အံ့ဖွယ်သူရဲမဖြစ်ဖူးမြဲဖြစ်သော စိတ်ရှိကြသည်ဖြစ်၍ သာခုခေါ်ကြသည်။

ထို့နောက်ပြဟ္မဒတ်မင်းက မှူးမတ်အပေါင်းတို့ကို-

"အမတ်တို့. . . ဤသို့မင်းကျင့်တရားကို ဟောပေးသောငါ၏သားတော် ဝေဿန္တရာကို အဘယ်သို့သောအမှုကိစ္စ၌ ပြုရန်ထားသင့်သနည်း။"

ဟုမေးသည်။

"အရှင်မင်းကြီး. . . သားတော်ဝေဿန္တရာကို စစ်ဗိုလ်ချုပ်ကြီးအရာကို ပေးတော်မူ၏။"

ဟု မိန့်ကြား၏။

ထို့နောက်သားတော်ဝေဿန္တရာသည် စစ်ဗိုလ်ချုပ်ကြီးအရာ၌တည်၍ ခမည်းတော် ပြဟ္မဒတ်မင်းကြီး၏ အမှုကိစ္စတို့ကို စီမံဆောက်ရွက်လေသည်။

တစ်ဖန် ပြဟ္မဒတ်မင်းသည် နှစ်ရက်လွန်သောအခါ ရှေ့နည်းတူကုဏ္ဍာလီနိထံသို့ တစ်ဖန်စေလွှတ်၍ ခုနှစ်ရက်မြောက်သောနေ့၌ ကုဏ္ဍာလီနိကို

"စစ်ဗိုလ်ချုပ်ကြီးနှမဖြစ်သော နားနှစ်ဖက်၌နားဋောင်းသဏ္ဍာန် အလျှံစွေးစွေးနှစ်ခုသောအရေအသားကြောင်း ကုဏ္ဍာလီနိမည်ရသော ချစ်သမီးသင့်အား ငါသည်မေးခွန်းပြဿနာတစ်ခုကို မေးလိုသည်။ သင်သည် ဖြေဆိုနိုင်အံ့ပါလော၊ သင်ဖြေစွမ်းနိုင်မည်ဆိုက မေးလိုပါသည်။ ငါမေးလိုသော မေးခွန်းသည်ကား-

"မင်းအဖြစ်ကိုသိလိုသောသူသည် အဘယ်အကျင့်ကိုကျင့်ခြင်းသည် မြတ်ပါသနည်း"

ဟုမေးလေသည်။

"ဖခင်မင်းမြတ်. . . သင်သည်ကား မိန်းမငယ်မည်သည်ကား၊ ဖြေဆိုနိုင်မည်မဟုတ်ဟု စုံစမ်းမှုပြုယောင်တကား၊ သင်မင်းမြတ်အား ကျွန်ုပ်သည်မင်းကျင့်တရားနှစ်ပါးကိုသာ ဟောကြားပြပါအံ့။"

ဟု ပြောဆိုပြီး ဆက်လက်၍ ဂါထာဖြင့်အလုံးစုံသော မင်းကျင့်တရားနှစ်ပါးကို ရှင်းပြလေသည်။

"ခမည်းတော်မင်းမြတ်. . . မရသေးသောစည်းစိမ်ကိုရအောင်ပြုခြင်းသည်လည်းကောင်း၊ ရပြီးသောစည်းစိမ်ကို အစဉ်စောင့်ရှောက်ခြင်းသည်လည်းကောင်း၊ မင်းတို့ကျင့်ရာအကြောင်းနှစ်ပါးတို့ဖြစ်ပါ၏။ ဤနှစ်ပါးသောအကြောင်း၌ အလုံးစုံသောအကျိုးသည်တည်ပါ၏။ မင်းမြတ်ဖခင်သည် ဤအကြောင်းနှစ်ပါး၌ တည်ပါလော။"

"ဖခင်မင်းမြတ်. . . တည်ကြည်ကုန်သော ဘဏ္ဍာစိုးအစရှိကုန်သော သူတို့ပြုအပ်သော အမှုအထူး၌လိမ္မာကုန်သော အမတ်တို့ကိုစုံစမ်းတော်မူပါလော"

ဖခင်မင်းမြတ်. . . ကြွေးလောင်း၊ အန်ခတ်၊ လှည့်ပတ်၊ စဉ်းလဲခြင်းကင်းကုန်သော မုန့်၊ သုရာနှံ့သာပန်းတို့ကို စားသောက်လိမ်းကျံ၊ ဆင်မြန်းကြူးခြင်းကင်းကုန်သော မင်း၏ဘဏ္ဍာတို့ကို မဖျက်ဆီးတတ်ကုန်သော အမတ်တို့ကိုစုံးစမ်းတော်မူပါလော့"

"ခမည်းတော်မင်းမြတ်. . . ရထားထိန်းသည် မိမိမောင်းနှင်ရသောရထားကို မညီမညွတ်သောခရီးသို့ မရောက်စေရအောင် မ,စ,စောင့်ရှောက်သကဲ့သို့

သင် ဖခင်မင်းမြတ်၏ ရွှေနန်းတော်၌ အကြင်ဘဏ္ဍာတော်သည်သာလျှင် ဖြစ်ရာ၏။ ထိုဘဏ္ဍာတော်ကို အမတ်သည်စောင့်ရှောက်ရာ၏။ ထိုအမတ်သည် သင်ဖခင်မင်းမြတ်၏ဘဏ္ဍာစိုးစသောအရာနှင့် သင့်လျော်သောအမတ်မည်ပါ၏။ ထိုသို့သဘောရှိသောသူကို ချီးမြှောက်၍ဘဏ္ဍာစိုးအရာတို့ကို ခန့်ထားပါလော့"

"ခမည်းတော်မင်းမြတ်. . . ကိုယ်တော်မြတ်အထံ၌ စွဲမြဲခံစားစေပါးသူကို ပေးကမ်းခြင်းအစရှိသည်ဖြင့် ကောင်းစွာချီးမြှင့်တော်မူ၍ ကိုယ်တော်တိုင်ဥစ္စာကို ရှုတော်မူ၍ ဥစ္စာမြှုပ်ခြင်းကိုလည်းကောင်း၊ ကြွေးမြီချပေးခြင်းကိုလည်းကောင်း၊ ကိုယ်တိုင်ဖျက်ခြင်းသာလျှင် ပြုတော်မူလော၊ တစ်ဘက်သားကိုယုံကြည်သဖြင့် ပြုတော်မမူပါလင့်။"

"ခမည်းတော်မင်းမြတ်. . . ဆက်သဝင်ရောက်လာသော အခွန်အထုပ်ကိုလည်းကောင်း၊ ပေးရသမျှသောမျိုးရိက္ခာကိုလည်းကောင်း၊ ကိုယ်တော်တိုင်သိတော်မူရာ၏။ ကျေးဇူးပြုဘူး-မပြုဘူးသောသူကိုလည်း ကိုယ်တော်တိုင်သိတော်မူရာ၏။ နှိပ်ကွပ်ထိုက်သောသူကို နှိပ်ကွပ်ရာ၏။ ချီးမြှောက်ထိုက်သောသူကိုချီးမြှောက်ရာ၏"

"ရထားစီးချင်း မင်းတကာတို့ထက်မြတ်သောဖခင်. . . ဇနပုဒ်သူတို့၏ စီရင်ဖွယ်အရေးကို ကိုယ်တော်တိုင်စီရင်တော်မူပါလော၊ မတရားသောအမှု၌ယှဉ်တတ်ကုန်သော တရားသူကြီးတို့သည် သင်ဖခင်မင်းမြတ်၏ဥစ္စာကိုလည်းကောင်း၊ တိုင်းနိုင်ငံသူတို့ကိုလည်းကောင်း၊ မဖျက်ဆီးစေကုန်လင့်"

အကြင်ကြောင့်မလိမ္မာသောသူသည် မဆင်မခြင်အဆောတလျင်ပြုအပ်သောအမှုကိုစွဲ၍ နောက်ကာလ၌ပူပန်တတ်ရ၏။ သို့အတွက် ဖခင်မင်းမြတ်သည် သင်သည်မဆင်မခြင် အဆောတလျင် အမှုတို့ကိုပြုတော်မမူပါလင့်၊ ဆင်ဆင်ခြင်ခြင်ဖြည်းဖြည်းညှင်းညှင်းပြုတော်မူပါလော"

"ခမည်းတော်မင်းမြတ်. . . အမျက်ထွက်ခြင်းကြောင့် ပွင့်လင်းစွာကုန်သော၊ များစွာကုန်သော မင်းမျိုးတို့သည် ကြီးစွာသောပျက်ဆီးခြင်းသို့ အကြင်ကြောင့်ရောက်ကုန်၏။ ထို့ကြောင့်ကောင်းမှုကိုလွန်၍ဖြစ်သော သူတစ်ပါးတို့၏ မကောင်းမှု၌ သင်ခမည်းတော်မင်းမြတ်၏စိတ်တော်သည် အလွန်ပြင်းပြစွာ အမျက်ကိုဖြစ်စေ၍ လွတ်တော်မမူပါလင့်"

"ခမည်းတော်မင်းမြတ်. . . သင်မင်းမြတ်သည် ငါသည်အစိုးရသောမင်းမြတ်တကားဟု တိုင်းနိုင်ငံသားလူများအပေါင်းကို အကျိုးမရှိသောအကျင့်ကိုကျင့်စိမ့်သောငှါ ပြုတော်မမူပါလင့်၊ သင်မင်းမြတ်၏နိုင်ငံတော်၌ မိန်းမ, ယောကျ်ားတို့အား ဆင်းရဲခြင်းအဖြစ်သည် မဖြစ်ပါစေလင့်။"

"ခမည်းတော်မင်းမြတ်. . . ပစ္စုပ္ပန်သံသရာနှစ်တန်သောဘေးမှ ကြောက်ခြင်းကင်းထသော မိမိအလိုသို့သာလိုက်လေ့ရှိသော မင်း၏ခပ်သိမ်းကုန်သောစည်းစိမ်တို့သည် ပျက်စီးကုန်၏။ ထိုစည်းစိမ်ပျက်စီးခြင်းကို မင်း၏ဆင်းရဲဟူ၍ဆိုအပ်ပါ၏။"

"ခမည်းတော်မင်းမြတ်. . . ဤကျွန်ုဆိုအပ်သောမင်းကျင့်တရားအစု၌ သင်မင်းမြတ်သည် ကျင့်တော်မူပါလော့၊ ဤစကားသည် ခမည်းတော်မင်းမြတ်အတွက် ကျွန်ုပ်၏ပေးအပ်သောအဆုံးအမပါတည်း"

ခမည်းတော်မင်းမြတ်. . . သင်မင်းမြတ်သည် ဤအဆုံးအမကို နာယူ၍ ယခုအခါ၌ မပျင်းမရိသည် ကောင်းမှုကိုပြုတတ်သည်၊ သူရာသောက်ကြူးခြင်းအစရှိသည်တို့မှကင်းသည်၊ ပစ္စုပ္ပန်သံသရာအကျိုးစီးပွား၊ မပျက်စီးတတ်သည်ဖြစ်စေပါလော့၊

မြတ်သောဖခင်မင်းမြတ်. . . သင်မင်းကြီးသည် အကျင့်သီလနှင့်ပြည့်စုံသည် ဖြစ်ပါစေလော့၊ သီလမရှိသောသူသည် ငရဲသို့ကျသည်မည်ပါ၏။

ဤသို့လျှင် ကုဏ္ဍလီနိအမည်ရသော ဆက်ရက်မသမီးသည် မင်းကြီးအားတစ်ဆယ်တစ်ဂါထာတို့ဖြင့် မင်းကျင့်တရားတို့ကိုဟောကြားတော်မူရာ ဗြဟ္မဒတ်မင်းသည်လည်း အလွန်နှစ်သက်သဘောကျ၍ မှူးမတ်တို့ကိုခေါ်ကာ-

"ဒါမောင်တို့. . သမီးတော်ကုဏ္ဍလီနိသည် ဤဆိုအပ်ခဲ့ပြီးသော မင်းကျင့်တရားတို့ကို ဟောကြားအပ်ပါ၏။ သမီးတော်ကို အဘယ်အမှုကိစ္စပြုလုပ်ရာ၌တာဝန်ပေးအပ်ပါသနည်း"
ဟုမေးသည်။

"အရှင်မင်းကြီး. . . ဘဏ္ဍာစိုးအမှုကိစ္စ၌ ပြုလုပ်ရန်သင့်တော်မူပါ၏။"
ဟု လျှောက်ထားကြသော်မင်းကြီးက-

"ထိုသို့သင်တို့က သမီးတော်ကို ဘဏ္ဍာစိုးအရာ၌ သင့်တော်သည်ဟု ဆိုက သမီးတော်ကုဏ္ဍလီနိကို ဘဏ္ဍာစိုးအရာ၌ ထားကြပါစေ"
ဟု မိန့်ကြားတာဝန်ပေးသည်။

ကုဏ္ဍလီနိမည်သော ဆရက်မသည် ထိုအချိန်မှစ၍ ဘဏ္ဍာစိုးရာထူး၌ တည်၍ ခမည်းတော်ဘဏ္ဍာတော်ကိစ္စဆိုင်ရာ၌ စီမံဆောင်ရွက်လေသည်။

တစ်ဖန် ပြဟ္မဒတ်မင်းသည် တစ်ရက်နှစ်ရက်လွန်သဖြင့် ရှေးနည်းအတူ သပြေသီးအဆင်းနှင့်တူသော နှုတ်သီးရှိ၍ ဇမ္ဗုက-ဟု အမည်ပေးထားခြင်းခံရသော ကျေးသား၊ သုခမိန်ထံသို့ တမန်စေလွှတ်၍ ခုနှစ်ရက်မြောက်သောနေ့၌ ကျေးသားသုခမိန်အိမ်သို့သွားပြီး စည်းစိမ်ကိုခံစား၍ တစ်ဖန်နန်းရင်ပြင်မဏ္ဍပ်၌ မြို့သူမြို့သားများကို စည်းဝေးစေသည်။

ငှက်တော်ထိန်းအမတ်သည် ဇမ္ဗုက ပညာရှိကိုရွှေနေရာ၌နေစေ၍ ရွှေနေရာကို ဦးခေါင်းဖြင့်ရွက်ဆောင်ပြီးလာသည်။ ဇမ္ဗုက သုခမိန်သည် ခမည်းတော်ပြဟ္မဒတ်ရင်ခွင်၌နေ၍ ကစားပြီးလျှင်ရွှေနေရာ၌ပြန်၍နေလေသည်။

"အမောင်ဇမ္ဗုက. . . ကောသိယအနွယ်ဖြစ်သော မောင်အစ်ကိုဝေဿန္တရာကိုလည်းကောင်း၊ ကုဏ္ဍလီနိအမည်ရှိမောင်နှမကိုလည်းကောင်း၊ ငါသည်မင်းကျင့်တရားတို့ကိုမေးခဲ့ပြီးပြီ၊ ယခုသားဇမ္ဗုကကိုလည်း မေးပါဦးအံ့၊ ယခုခါသင်ချစ်သားသည် အားတို့တွင်မြတ်သောအားကိုလည်းကောင်း၊ မင်းကျင့်တရားကိုလည်းကောင်း၊ ငါ့အားဖြေဆိုပေးပါလော့"

ပြဟ္မဒတ်မင်းသည် ဇမ္ဗုကကိုဤသို့အထူးပြု၍မေးလေရာ ဇမ္ဗုကပညာရှိက

"ဖခင်မင်းမြတ်. . . ရိုသေစွာနာကြားပါလော့၊ မေးသမျှကိုဖြေဆိုပါမည်"
ဟု ပြောကြားပြီး အဖြေကိုဤသို့ဟောကြားသည်။

"မြတ်သောမင်းကြီး. . . သတ္တလောက၌ မြတ်သောဆန္ဒရှိသော ယောကျ်ား၌အားသည် ကိုယ်အား၊ စည်းစိမ်အား၊ အမတ်အား၊ ဆွေမျိုးအား၊ ပညာအားဖြင့် အားငါးပါးရှိပါ၏။ ထိုအားငါးပါးတို့တွင် ကိုယ်ခွန်အားကို ယုတ်သောအားဟူ၍ ဆိုအပ်၏။"

"မင်းမြတ်. . . စည်းစိမ်အားကိုလည်းကောင်း၊ နှစ်ခုမြောက်သောကိုယ်အားထက်မြက်၍ အမတ်အားစသည်တို့အောက် ယုတ်သောအားဟူ၍ ဆိုအပ်၏"

"သုံးပါးသောအမျိုးတို့ထက်လွန်မြတ်သော မင်းမျိုးအားဟုဆိုအပ်သော ထိုအားသည်လည်းလေးခုမြောက်ဖြစ်သော ကိုယ်အားစည်းစိမ်အား၊ အမတ်အားတို့ထက်မြတ်သော ပညာအားအောက်ယုတ်သောအားဟူ၍ ဆိုအပ်၏။"

"အလုံးစုံကုန်သော အကြွင်လေးပါးကုန်သောအားတို့ကို ပညာအားရှိသော ပုဂ္ဂိုလ်သည်မချွတ်မယွင်း လွှမ်းမိုးနိုင်ပါ၏။"

"ထို့ကြောင့် ထိုလေးပါးကုန်သောအားတို့ထက် ပညာအားကို အားမြတ်ဟူ၍ အထွက်အဖျားဖြစ်သော အားဟူ၍ဆိုအပ်၏။"

"ပညာအားသည် ထောက်ပံ့အပ်သည်အဖြစ်ကြောင့် ပညာရှိသောပုဂ္ဂိုလ်သည် စီးပွားချမ်းသာခြင်းသို့ ရောက်ရလေ၏။ သို့တွက်ပညာအားကိုမြတ်သော အား အထွတ်အဖျားအားဟူ၍ ဆိုအပ်၏။

"မြတ်သောမင်းကြီး. . . ပညာနည်းသောသူသည် ရတနာခုနှစ်ပါးနှင့် ပြည့်စုံထသော မြတ်သောမြေပြင်ကိုရလင့်ကစား ထိုပညာမရှိသောသူအား အလိုမရှိဘဲလျက် အနိုင့်အထက်လုယက်ခြင်းကိုလည်းပြု၍ ပညာရှိတစ်ဦးတည်း ထိုမြေအပြင်ကိုစီရင်စိုးအုပ်တတ်၏။"

"ကာသိတိုင်းရှင်မင်းမြတ်. . . အမျိုးသုံးပါးတို့ထက်လွန်မြတ်သော မင်းသားသည်မူလည်းဖြစ်လင့်ကစား၊ မင်းအဖြစ်ကိုရ၍ ပညာနည်းချေက အလုံးစုံသော မင်းအဖြစ်ဖြင့်လည်း အသက်မမွေးနိုင်ချေသာလျှင်ကတည်း။

"မြတ်သောမင်းကြီး. . . ပညာသည်သာလျှင် အကြားအမြင် အသင်အတတ်နှင့်ပြည့်စုံသည်။ ထိုအဖြစ်ကိုပြုတတ်၏။ ပညာသည်အကျော်အစောလာဘ်ပူဇော်သက္ကာရကို ပွားစေတတ်၏။ ဤသတ္တလောက၌ ပညာရှိသောလူသည် စင်စစ်ချမ်းသာခြင်းကိုရရာ၏။"

"မြတ်သောမင်းကြီး. . . သဘောအကြောင်း၌တည်သော များသော အကြားအမြင်ရှိသောပုဂ္ဂိုလ်အထံသို့ မဆည်းကပ်မူ၍ နည်းနာနိဿယကိုမခံမစံရသောအကျိုးသည်မရှိသည့် အကြောင်းဟုတ်သည်မဟုတ်သည်ကို မဆင်ခြင်သော တစ်စုံတစ်ယောက်သောသူသည် ပညာကိုလည်းမရချေသာလျှင်ကတည်း။

"မြတ်သောမင်းကြီး. . . သီလမရှိသောသူတို့၏ အမှုကိုပြုလေ့မရှိထသော သီလမရှိသောသူကိုမှီဝဲဆည်းကပ်ထသော ကုသိုလ်ကောင်းမှုပြုသောကာလ၌

တဆန့်ကျင်ကျင် မရှင်ငြီးငွေ့၍ပြုလေ့ရှိသောသူအား လူပြည်နတ်အရပ်၌ဖြစ်သော မြတ်သောအကျိုးသည် မပြည့်စုံနိုင်ချေ။"

"မြတ်သောမင်းကြီး. . . မိမိ၏သန္တာန်၌လည်း အနိစ္စအစရှိသော ဘာဝနာတို့၏အစွမ်းအားဖြင့် ကုသိုလ်တရားတို့ကို အားထုတ်တတ်သော ထိုသို့သဘောရှိသည်သာလျှင်ဖြစ်သော သီလရှိသောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်လေ့ရှိထသော ကုသိုလ်ကောင်းမှုကိုပြုသော ကာလ၌တဆန့်ကျင်ကျင်၊ မရှင်ငြီးငွေ့ခြင်းကင်းသည်ဖြစ်၍ ပြုလေ့ရှိသောပညာရှိအား လူပြည်နတ်ပြည်၌ ကောင်းသောအကျိုးသည် ပြည့်စုံ၏။"

"မင်းမြတ်. . . အဖုံအစုပြုအပ်သော စည်းစိမ်ဥစ္စာကိုအစဉ်စောင့်ရှောက်ခြင်း၊ ယှဉ်သင့်သည်ကိုယှဉ်ခြင်းဟုဆိုအပ်သော ပညာ၊ ထိုနှစ်ပါးကုန်သောအကြောင်းတို့ကိုလည်း သင်မင်းမြတ်သည် မှီဝဲတော်မူသောပညာမရှိသောသူသည် မသင့်လျော်သောအကြောင်းတို့ဖြင့် ဥစ္စာကိုပျက်စီးစေ၍ ကျူးအိမ်ဆွေးသည် ပျက်စီးသကဲ့သို့ အကြွင်းကြောင့်ပျက်စီးတတ်၏။ ထို့ကြောင့် ခမည်းတော်မင်းမြတ်သည် မသင့်လျော်သောအကြောင်းဖြင့် ဥစ္စာကုန်စိမ့်သောငှါ လုံ့လမပြုတော်မူပါလင့်၊

ဤသို့လျှင် ဇမ္ဗူကကျေးသားသည် ဤမျှအတိုင်းအရှည်ရှိသောအကြောင်းဖြင့် ငါးပါးကုန်သောအားတို့ကိုဟော၍ ပညာအားကိုချီးမြှောက်တော်မူသဖြင့် လပြည့်ဝန်းကိုဆောင်ယူဘိသကဲ့သို့လည်းကောင်း၊ လက်ဝါးပြင်၌ဥစ္စာထောင်ထုပ်ကို တင်ထားပေးဘိသကဲ့သို့လည်းကောင်း ဟောကြားပြသည်။

ထို့နောက် ဖခင်မင်းကြီးအား အဆုံးအမကိုပေးလို၍-

"မြတ်သောမင်းကြီး. . . မယ်တော် ခမည်းတော်တို့၌လည်းကောင်း၊ သားတော် သမီးတော် မိဖုရားမောင်းမမိဿံတို့၌လည်းကောင်း၊ တရားကိုကျင့်တော်မူလော၊ ချစ်သောအဆွေခင်ပွန်း၊ မှူးတော်မတ်တော်တို့၌လည်းကောင်း၊ ဆင်၊ မြင်းစသောစီးတော်ယာဉ်၊ ရဲမက်ဗိုလ်ပါတို့၌လည်းကောင်း၊ ရွာ၊ နိဂုံးတို့၌လည်းကောင်း၊ တိုင်းနိုင်ငံသူတို့၌လည်းကောင်း၊ ဇနပုဒ်တို့၌လည်းကောင်း၊ ရဟန်း၊ ပုဏ္ဏားတို့၌လည်းကောင်း၊ သားငှက်တို့၌လည်းကောင်း၊ တရားကိုကောင်းစွာကျင့်ပါလော့ ဤလောက၌ တရားကိုကောင်းစွာကျင့်သောကြောင့် သင်ဖခင်မင်းမြတ်သည် နတ်ပြည်သို့ရောက်ရလတ့်"

"မြတ်သောမင်းကြီး. . . ကောင်းစွာကျင့်အပ်သော တရားသည်ချမ်းသာခြင်းသို့ ရောက်စေတတ်၏။"

"ဖခင်မင်းမြတ်. . . နတ်၊ သိကြား၊ ပြဟ္မာတို့သည် တရားကိုကောင်းစွာကျင့်ကြံခဲ့ကြသောကြောင့် နတ်ပြည်၊ ဗြဟ္မပြည်သို့ ရောက်ကြရကုန်၏။ ထို့ကြောင့် ဖခင်မင်းမြတ်သည် တရားကိုအသက်ကိုစွန့်ပစ်ရသော်လည်း မေ့တော်မမူပါလင့်" ဟု မင်းတို့ကျင့်အပ်သောတရားတို့ကို ဟောပြပြီးနောက် ထိုထက်အလွန်-

"ဖခင်မင်းမြတ်. . . ဖခင်မေးအပ်သောအမေးကို ကျွန်ုပ်သည်ဖြေဆိုအပ်ပြီး ထိုအဖြေတို့သည် မင်းကျင့်တရားကိုပြသောစကားတို့ဖြစ်ပါ၏။ ဤသည်ပင်လျှင် ဖခင်မင်းမြတ်အား ကျွန်ုပ်ပေးသောအဆုံးအမဖြစ်ပါ၏။"

ဖခင်မင်းမြတ်. . . ကျွန်ုပ်ပေးအပ်သော အပြည့်အစုံဖြစ်သော အဆုံးအမကို ကိုယ်တိုင်သိ၍ပညာရှိသောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်၍ ကောင်းမြတ်သောကျေးဇူးနှင့်ပြည့်စုံသည်ဖြစ်၍ ကျင့်တော်မူပါလော့"

ဤသို့လျှင် ဇမ္ဗူကကျေးသားသည် ကောင်းကင်ပြင်၌စီးသော မြစ်ကိုအောက်သို့ စီးစေဘိသကဲ့သို့ ဘုရားတို့၏တင့်တယ်စံပယ်ခြင်းကဲ့သို့ တရားကိုဟောတော်မူသည်။ လူများစွာသည် မဖြစ်ဖူးမြဲဖြစ်သော အံ့ဩမှုဖြင့်များစွာနှစ်သက်သဘောကျ၍ များစွာသောပူဇော်သက္ကာရကိုပြုကြ၏။ ကောင်းချီးကိုလည်း ပေးကြသည်။

ဗြဟ္မဒတ်မင်းသည် အလွန်နှစ်သက်၍မှူးမတ်တို့ကို-

"အမတ်တို့ အကြင်အကြင်ဆိုအပ်ခဲ့ကုန်ပြီးသောနည်းဖြင့် တရားဟောသော သပြေသီးနှင့်တူသောနှုတ်သီးရှိသော သားတော်ဇမ္ဗူကသုခမိန်ကို အဘယ်သို့ ပြုအပ်တာဝန်ပေးအပ်ပါသနည်း။"

"အရှင်မင်းကြီး. . . စစ်သူကြီးပြုအပ်သောအမှု၌ ခန့်ထားသင့်ပါသည်"

"ထိုသို့ဆိုက ဇမ္ဗူကအား စစ်သူကြီးအရာကို ငါပေး၏။"

ဇမ္ဗူကကျေးသည် ထိုအခါမှစ၍ စစ်သူကြီးအရာ၌တည်လျက် ခမည်းတော်မင်းကြီး၏ စစ်ရေးစစ်ရာကိစ္စတို့ကို ဆောင်ရွက်၏။

ငှက်သုံးကောင်တို့အား များစွာသောပူဇော်သက္ကာရသည် ဖြစ်လေသည်၊ ငှက်ပညာရှိသုံးပါးသည် ဗြဟ္မဒတ်မင်းကြီးအား အကျိုးအကြောင်းကိုဆုံးမကုန်၏။

ပြဟ္မဒတ်မင်းသည် ဇမ္ဗူကကျေးသား၏ အဆုံးအမဒ္ဒတည်၍ ဒါနအစရှိသော ကောင်းမှုတို့ကိုပြု၍ နတ်ပြည်သို့လားရောက်ရလေသည်။

ပြဟ္မဒတ်မင်းသည် နတ်ရွာစံသော်မှူးတော်မတ်တော်တို့သည် ပြဟ္မဒတ်မင်း၏ အလောင်းအားကောင်းစွာသဂြိုဟ်ပြီး ငှက်ပညာရှိသုံးပါးအားအကြောင်းကြား၍

"အရှင်ဇမ္ဗူက. . . အရှင်တို့အား ရွှေနန်းသိမ်း၍ ရွှေထီးဆောင်းအပ်သည် လူအများက လိုလားကြပါ၏။"

ဟု ပြောကြားကြသည်။

ဇမ္ဗူကကျေးမင်းက ငါသည်ရွှေထီးရွှေနန်းကိုအလိုမရှိ။ သင်တို့သည်မမေ့မလျော့ဖြစ်ကုန်၍ မင်းအသစ်ရွေး၍ မင်းပြုကြကုန်လော့"

ဟုဆို၍ လူအများကိုသီလတို့၌ တည်စေပြီးလျှင်-

"ဤသို့သော အဆုံးအဖြတ်ရစ်စေကုန်လော"

ဟုဆိုကာ အဆုံးအဖြတ်တရားတို့ကို ရွှေပြား၌ရေးစေ၍ တောသို့ဝင်လေသည်။

ထိုဇမ္ဗူက၏ အဆုံးအမသည် အနှစ်လေးထောင်တို့ပတ်လုံးတည်၏။

မြတ်စွာဘုရားသည် ကောသလမင်းကြီးအား ဆုံးမလိုသည်ဖြစ်၍ ဤတေသကုဏ (ငှက်သုံးကောင်) ဇာတ်ကိုဟော၍-

မြတ်သောမင်းကြီး. . . ယခုအာနန္ဒာသည် ထိုအခါပြဟ္မဒတ်ဆင်

ယခု ဥပလ္လဝဏ်သည် ထိုအခါ ကုဏ္ဍလီနိဆက်ရက်ဆရာမ

ယခုခါ သာရိပုတ္တရာသည် ထိုအခါဝေဿန္တရာခင်ပုပ်ငှက်

ယခု ငါဘုရားသည် ထိုအခါ ဇမ္ဗူကကျေးငှက်ဖြစ်ခဲ့ပြီး

ဟူ၍ ဇာတ်ပေါင်းကို ဟောပြတော်မူလေသည်။

**(စတ္တာလီသနိပါတ်၊ တေသကုဏဇာတ်)**

## မိမိအာဏာတန်ခိုး-မတရားမစိုးမိုးရပါ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ်အချိန်ဖြစ်သည်။

ကောသလမင်းကြီး၏ ပုရောဟိတ်သည် မိမိရထားဖြင့် မိမိစားရသောရွာသို့သွားသည်ရှိသော် ကျဉ်းမြောင်းသောခရီး၌ တစ်ဘက်ကလာသောလှည်းကုန်သည်နှင့် ဆုံစီးသည်။

ပုရောဟိတ်က လှည်းကုန်သည်ကို-

"သင်၏လှည်းကိုဖယ်လော"

ဟုဆိုကာ အတင်းမောင်းသွားသည်လှည်းမှူးသည်မရှောင်သာရှောင်ချိန်အခွင့်မရဖြစ်နေသော် ပုရောဟိတ်သည် စိတ်ဆိုးပြီးလျှင် နှင်တံဖြင့်ရှေ့ဦးလှည်း၏ လှည်းသမားကို လှမ်းရိုက်သည်။ ထိုနှင်တံသည် ပုရောဟိတ်၏ရထားဦးနှင့် ထိခိုက်ပြီးပြန်၍ ပုရောဟိတ်၏နဖူးကို ပြန်၍ထိ၏။

ထိုခဏ၌ပင် ပုရောဟိတ်နေ၏နဖူးသည် ဖူးဖူးရောင်၍ထ,သည်။ ပုရောဟိတ်သည် မိမိအိမ်သို့ပြန်၍ နန်းတော်သို့ဝင်ကာ မင်းအား

"လှည်းနှင့်ယောက်ျားကို မိမိကိုရိုက်၏။"

ဟု လျှောက်ထားလေသည်။

ကောသလမင်းသည် ထိုလှည်းသမားကိုခေါ်စေ၍ စစ်ဆေးမေးမြန်းသော် ပုရောဟိတ်၏စိတ်လိုက်မာန်ပါ အာဏာတန်ခိုးပြမှုအပြစ်ကိုသာ မြင်တွေ့ပြီးပုရောဟိတ်ကို နှစ်သိမ့်ပြီးပြန်လွှတ်သည်။

တစ်နေ့ညနေညချမ်းရဟန်းတို့၏ တရားသဘင်၌-

"ငါ့ရှင်တို့. . . မင်း၏ပုရောဟိတ်သည် လှည်းနှင့်ယောက်ျားကရိုက်သည်ဟုဆိုကာ မင်းကိုတိုင်၍ မင်းကစစ်ဆေးသော် ပုရောဟိတ်သာလျှင် အာဏာတန်ခိုးပြမှုနှင့် အပြစ်ကိုသာရှာဖွေတွေ့ရှိပြီး ပုရောဟိတ်တရား ရှုံးရသည်။ " ဟုစကားဖြစ်ပေါ်လေသည်။

ဘုရားရှင် တရားသဘင်သို့ကြွလာပြီး ရဟန်းအပေါင်းတို့ ဆွေးနွေးနေကြသော စကားကိုမေးမြန်းသော် ထိုပုရောဟိတ်အကြောင်းကို လျှောက်ထားကြသည်။

"ရဟန်းတို့. . . ပုရောဟိတ်သည် ယခုအခါ၌သာလျှင် ဤသို့သဘောရှိသောအမှုကို ပြုသည်မဟုတ်သေး။ ရှေး၌လည်း ဤသို့သဘောရှိသောအမှုကိုပြုခဲ့သည်သာလျှင်တည်း"

"မြတ်စွာဘုရား. . . အတိတ်ဖြင့်ဖုံးလွှမ်းအပ်သော ထိုအကြောင်းကိုသိပါရစေဘုရား။"

"ရဟန်းတို့. . . ရှေးလွန်လေပြီးသောခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းမင်းပြုသည်သည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏တရားဆုံးဖြတ်သောအမတ်ဖြစ်ခဲ့သည်။"

ပုရောဟိတ်သည် ယခုကဲ့သို့ပင်လှည့်သမားနှင့် ပြဿနာဖြစ်ပြီး မိမိ၏နဖူးကို မိမိနှင်တံဖြင့်ရိုက်မိကာ ဖူးဖူးရောင်ထ၍ မင်းထံသို့သွားရောက်တိုင်ကြားလေသည်။

မင်းသည်လှည်းစီးယောက်ျားကိုခေါ်စေ၍ ကိုယ်တိုင်တရားဆုံးဖြတ်သောအရာ၌နေပြီး အမှုကိုမစစ်ဆေးမမေးမြန်းဘဲ-

"သင်သည် ပုရောဟိတ်ကို ရိုက်၍နဖူး၌ ဖူးဖူးရောင်ရောင်ထစေ၏။" ဟုဆိုကာ ထိုလှည်းနှင့်ဥစ္စာပစ္စည်းတို့ကို သိမ်းယူစေပြီး ယောက်ျားကိုလည်း အပြစ်ပေးစေသည်။

ထိုအခါ ဘုရားလောင်း တရားဆုံဖြတ်သော အမတ်က-

"မြတ်သောမင်းကြီး. . . သင်မင်းကြီးသည် အမှုကိုမသုတ်သင်မစီမံမူ၍လှည်းနှင့်ယောက်ျားတို့၏အလုံးစုံသောဥစ္စာတို့ကို ယူစေကုန်သည်။ အချို့ချို့သော

သူတို့သည် မိမိသည်ပင်လျှင် မိမိကိုယ်ကိုသတ်၍ သူတစ်ပါးသတ်သည်ဟု ဆိုကြကုန်၏။ ထို့ကြောင့် မစီစစ်မူ၍ ပြုခြင်းငှါမသင့်။ မင်းပြုသောသူမည်သည်ကား သုတ်သင်စီစစ်၍ အမှုကိုပြုခြင်းငှါသင့်၏။”

ဟုဆို၍ ဂါထာဖြင့် လျှောက်ထားသည်။

“မြတ်သောမင်းကြီး. . . တစ်ယောက်သောသူသည် စင်စစ်မိမိကိုယ်ကို မိမိသတ်၍ သူတစ်ပါးသတ်သည်ဆို၏။ မိမိသည်သူတစ်ပါးကိုအောင်၍ သူတစ်ပါးသည် ငါကိုအောင်၏ဟုဆို၏။ ရှေးဦးစွာဆိုသောသူ၏စကားကို စင်စစ်သဖြင့် မယုံရပါ”

“သို့အတွက် ပညာရှိသောသူသည် တစ်ယောက်သောသူ၏လည်းစကားကို နားထောင်ပြီး၍ အကြင်အခြင်းအရာအားဖြင့် တရားသည်တည်သည်။ ထိုအခြင်း အရာအားဖြင့်ပြုရာ၏။ ”

“ပျင်းသောကာမစည်းစိမ်ကိုခံစားသောလူသည်မကောင်း၊ ကိုယ်နှုတ်နှလုံး မစောင့်ရှောက်သောရဟန်းသည်မကောင်း၊ မဆင်ခြင်မူ၍ပြုလေ့ရှိသောမင်းသည် မကောင်း၊ ပညာရှိသည်အကြင်အမျက်ထွက်ခြင်းကိုပြုတတ်၏။ ထိုအမျက်ထွက်ခြင်းသည်မကောင်း၊

မင်းသည် ဆင်ခြင်၍ပြုရာ၏။ မင်းသည်မဆင်ခြင်၍မပြုရာ၊ ဆင်ခြင်၍ ပြုလေ့ရှိသောမင်းအား စည်းစိမ်အခြံအရံသည်လည်းကောင်း၊ အကျော်အစောသည်လည်းကောင်း ပွား၏။”

ဟု လျှောက်ထားရာမင်းသည် ဘုရားလောင်းတရား အမတ်၏စကားကိုကြား၍ တရားသဖြင့်ဆုံးဖြတ်သည်ရှိသော် ပုရောဟိတ်ပုဏ္ဏားအားသာလျှင် အပြစ်ဖြစ်၏။

ရဟန်းတို့. . . ယခုပုရောဟိတ်သည် ထိုအခါပုရောဟိတ်ပုဏ္ဏားဖြစ်ပြီး ငါဘုရားသည် ထိုအခါ၌ တရားဆုံးဖြတ်သောအမတ်ဖြစ်ခဲ့ဖူးပြီ။”

ဟု ဇာတ်တော်ကိုပေါင်း၍ တရားဒေသနာများကို အဆုံးသတ်လေသည်။

**(စတုက္ကနိပါတ ကောလိကဝဂ် ရတလင်္ဂဇာတ်)**

## ပြည်ရှင်မင်းတို့ အဂတိလေးပါးလိုက်စားသောအပြစ်

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် အချိန်ဖြစ်သည်။

ပသေနဒီကောသလမင်းကြီး၏ အဂတိလေးပါးလိုက်စားမှုနှင့် ပတ်သက်၍ ဤဇာတ်အတိတ်ကိုဘုရားရှင်က ဆက်လက်၍ဟောပြတော်မူခြင်း ဖြစ်ပါသည်။

ရှေးလွန်လေပြီးသောအခါ ကပ္ပိလတိုင်း ဥတ္တရပဉ္စာလပြည်၌ ပဉ္စာလမည်သောမင်းသည် အဂတိလေးပါးလိုက်စားခြင်း၌ တည်လျက်အဓမ္မအမှုတို့ဖြင့် မွေ့လျော်ကာ ဓမ္မကိုမေ့လျော့ပြီး မင်းပြု၍နေသည်။

ထိုအခါမင်း၏မှူးမတ်အစရှိသော အလုံးစုံသူတို့သည် တရားမစောင့်ကုန်သည်သာလျှင် ဖြစ်ကုန်၏။ အခွန်အထုပ်တို့ဖြင့် နှိပ်စက်အပ်ကုန်သော တိုင်းသူပြည်သားတို့သည် သားမယားတို့ကိုခေါ်၍ တော၌သမင်ကဲ့သို့ သွားကြကုန်၏။ ရွာတည်ရာ၌ ရွာမည်သည်မဖြစ်၊ လူတို့သည်မင်း၏သံတမန်မှ ကြောက်ကုန်သောကြောင့် နေ့အခါအိမ်၌နေခြင်းငှါ မတတ်နိုင်ကုန်၊ အိမ်တို့ကိုဆူးခက်တို့ဖြင့် ခြံရံ၍ ညဉ့်အခါ၌နေ၍ အာရုဏ်တက်သောအခါ၌ တောသို့ပြေးဝင်ကြရလေသည်။

နေ့၌မင်းသံတမန်တို့သည် လုယက်ကုန်၏။ ညဉ့်၌ခိုးသူတို့သည် လုယက်ကုန်၏။ ထိုအခါဘုရားလောင်းသည် မြို့ပ၌တည်ပင်စောင့်နတ်ဖြစ်၏။ နှစ်တိုင်းနှစ်တိုင်းမင်း၏အထံမှ အဖိုးတစ်ထောင်ထိုက်သော ပူဇော်သက္ကာရကိုရ၏။

ထိုဘုရားလောင်း တည်ပင်စောင့်နတ်သည်-

"ဤမင်းသည်မေ့လျော့သည်ဖြစ်၍ မင်းပြု၏။ အလုံးစုံသောတိုင်းပြည်ကို ဖျက်ဆီး၏။ ငါကိုထား၍ငါမှတစ်ပါးသောမင်းကို သင့်တင့်သောအကျင့်၌ ယှဉ်စေခြင်းငှါ စွမ်းနိုင်သောသူမည်သည်မရှိ ငါ့အားလည်းကျေးဇူးများပေ၏။ ထိုမင်းကို ငါဆုံးမအံ့"

ဟု ကြံစည်မိလေသည်။

ထိုတည်ပင်စောင့်နတ်သည် ညဉ့်အဖို့၌မင်း၏ကြွက်သရေရှိသော တိုက်ခန်းသို့ဝင်၍ ဦးခေါင်းရင်နံပါးအထက်၌ရပ်လျက် အရောင်ကိုလွှတ်သည်။

မင်းသည်တက်သစ်စနေလုလင်ကဲ့သို့ ထွန်းလင်းတောက်ပနေသော ဘုရားလောင်းတည်ပင်စောင့်နတ်ကိုမြင်၍ မေး၏။

"သင်သည် အဘယ်သူနည်း။ အဘယ်အကြောင်းကြောင့် ဤအရပ်သို့ လာပါသနည်း။"

"မင်းကြီး. . . ငါသည်တည်ပင်စောင့်နတ်တည်း။ မင်းကြီးအား အဆုံးပေးအံ့ဟု ကြံ၍လာပါ၏။

"အဘယ်အဆုံးအမကို ငါ့အားပေးလိုသနည်း။"

"မြတ်သောမင်းကြီး. . . ရှင်မင်းကြီးသည် မေ့လျော့သည်ဖြစ်၍ မင်းပြု၏။ ထို့ကြောင့် ရှင်မင်းကြီး၏အလုံးစုံသောတိုင်းပြည်သည် လုယက်ဖျက်သည်ဆီးသည်ဖြစ်၍ ပျက်စီး၏။ ပြည့်ရှင်မင်းမည်သည်ကား မမေ့မလျော့ကုန်သည်ရှိသော် အလုံးစုံသော တိုင်းပြည်၏အရှင်မဖြစ်ရာ ပစ္စုပ္ပန်မျက်မှောက်၌လည်း ပျက်စီးခြင်းသို့ရောက်၍ တမလွန်မူကား ငရဲကြီး၌ဖြစ်ကုန်၏။ ထိုပြည့်ရှင်မင်းသည် အမေ့မလျော့ကုန်သည်ရှိသော် ထိုမင်း၏တိုင်းပြည်အတွင်း၌ နေကုန်သောသူတို့သည်လည်းကောင်း၊ ပြည်ပ၌နေကုန်သောသူတို့သည်လည်းကောင်း မမေ့မလျော့ကုန်သည်သာလျှင် ဖြစ်ကုန်၏။ထို့ကြောင့်ပြည့်ရှင်မင်းသည် အတိုင်းထက်အလွန် မမေ့လျော့သည်ဖြစ်ရာ၏။"

"မြတ်သောမင်းကြီး. . . မမေ့မလျော့ခြင်းသည် သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်၏အကြောင်းတည်း။ မေ့လျော့ခြင်းသည် အဖန်တလဲလဲသေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သောသူတို့သည် မသေသူ မည်ကုန်၏။ အကြင်

သူတို့သည် မေ့လျော့ကုန်၏။ ထိုမေ့လျော့သောသူတို့သည် သေသည်နှင့်တူကုန်၏

"မြတ်သောမင်းကြီး. . . အနာကင်းသောမာန်၊ အရွယ်ကောင်းသောမာန်၊ အသက်ရှည်စေသောမန်ယစ်ခြင်းကြောင်း၊ မေ့လျော့ခြင်းသည်ဖြစ်ရာ၏။ ဥစ္စာအခြံအရံကုန်ခြင်းကြောင့် အပြစ်တို့သည်ဖြစ်ကုန်၏။ ဘရတအမည်ရှိသောမင်းမြတ်တို့ကြောင့် မမေ့မလျော့လင့်။"

"မြတ်သောမင်းကြီး. . . မှန်၏။ များစွာကုန်သော မေ့လျော့ခြင်းရှိကုန်သော မင်းတို့သည်အစီးအပွားကိုလည်းကောင်း၊ တိုင်းပြည်ကိုလည်းကောင်း၊ ဖျက်ဆီးသည်မည်ကုန်၏။ ထိုမြို့ရွာစားတို့သည်လည်းကောင်း ရွာ၌နေကုန်သောသူတို့သည်လည်းကောင်း၊ ယုတ်ကုန်၏။ လူတို့သည်စည်းစိမ်ဥစ္စာမှ ယုတ်ကုန်၏။

"ပြည်တိုင်း၏အစီးအပွားကို ဆောင်ရွက်သောမင်းမြတ်. . . မေ့လျော့သောပြည်ရှင်မင်း၏ တိုင်းပြည်၌အလုံးစုံသေဃ စည်းစိမ်တို့သည် ပျက်စီးကုန်၏။ ထိုမေ့လျော့ခြင်းကို မင်း၏ဆင်းရဲခြင်းအကြောင်းဟူ၍ ဆိုအပ်၏။"

"မြတ်သောမင်းကြီး. . . အပိုင်းအခြားကိုလလွန်၍ သင်မင်းကြီးသည် အကြင်မေ့လျော့၏။ ဤသို့မေ့လျော့ခြင်းသည် ရှေးမင်းမြတ်တို့၏ အကျင့်မဟုတ်၊ မင်းမြတ်၏ထမ်း၊ အဖျော် စသည်နှင့်ပြည့်စုံသော ရွှေ ငွေစသည်နှင့်ပြည့်စုံကြွယ်ဝသော ထိုဇနပုဒ်ကို ခိုးသူတို့သည် လုယက်ဖျက်ဆီးကုန်၏။"

"မြတ်သောမင်းကြီး. . . သင်မင်းကြီး၏သားတို့သည် အစဉ်အဆက်ကိုစောင့်နိုင်ကုန်သည် မဖြစ်ကုန်လတ့်၊ ရွှေတိုက်တို့သည် မဖြစ်ကုန်လတ့်၊ တိုင်းပြည်၌မူလည်း လုယက်ဖျက်ဆီးသည်ရှိသော် အလုံးစုံသောစည်းစိမ်ဥစ္စာတို့မှ ရှင်မင်းကြီးသည် ယုတ်၏။"

"ရေမြေအရှင်. . . အလုံးစုံသောစည်းစိမ်မှယုတ်သောသူကို မင်းပင်ဖြစ်ငြားသော်လည်း အဆွေအမျိုး၊ အဆွေခင်ပွန်းတို့သည်လည်းကောင်း၊ ချစ်သောသူတို့သည်လည်းကောင်း၊ ထိုစည်းစိမ်ဥစ္စာပျက်ဆီးသောမင်းကို သိအပ်၏ဟူ၍ မအောက်မေ့ကုန်။"

"မြတ်သောမင်းကြီး. . . ထိုမင်းကိုလျှင်မှီ၍ အသက်မွေးကုန်သော ဆင်စီးသူရဲတို့သည်လည်းကောင်း၊ မင်းကြီး၏သက်တော်စောင့်တို့သည်လည်း

ရထားစီးသူရဲတို့သည်လည်းကောင်း၊ ခြေလျင်သူရဲတို့သည်လည်းကောင်း၊ ထိုမင်း၏ ဆင်းရဲကိုသိအပ်၏ဟူ၍ မအောက်မေ့ကုန်”

“မြတ်သောမင်းကြီး. . . မစုံစမ်း၊ မဆင်ခြင်ဘဲအမှုကိုပြုတတ်သော မိုက်မဲစွာသောအလွန်မသိသော၊ မိုက်မဲသောမင်းကို ဘုန်းကြက်သရေသည်စွန့်၏။ ဥပမာကား မြွေသည်ဟောင်းလေပြီးသောအရကို စွန့်သကဲ့သို့တည်း။

“မြတ်သောမင်းကြီး. . . မကောင်းမှုကိုမပြုသော သင့်သောအခါလုံ့လပြုလေ့ရှိသော မပျင်းမရိသောမင်းတို့အား ဥဿဘနှင့်တကွကုန်သော နွားတို့သည် ပွားကုန်သကဲ့သို့ အလုံးစုံကုန်သော စည်းစိမ်ဥစ္စာတို့သည် ပွားများကုန်၏။”

မြတ်သောမင်းကြီး. . . ပြည်သူတို့၏ အနီးသို့ကပ်၍ နားထောင်လျက် တိုင်းပြည်၌လည်းကောင်း၊ ဇနပုဒ်၌လည်းကောင်း၊ ကြွတော်မူလော့၊ ထိုပြည်ရွာဇနပုဒ်၌မြင်၍လည်းကောင်း၊ ကြား၍လည်းကောင်း၊ ထိုမြင်ရာကြားရာမှရှင်မင်းကြီးသည် ကျင့်ပါရလတ့်”

ဘုရားလောင်း တည်ပင်စောင့်နတ်သည် မင်းကြီးကိုဆုံးမ၍-

“မင်းကြီး. . . သွားချေ။ ကြာမြင့်ခြင်းကိုမပြုမူ၍ စုံစမ်းလော၊ တိုင်းပြည်ကိုမဖျက်ဆီးပါလင့်။”

ဟု တိုက်တွန်းပြီးလျှင် မိမိနေရာ ဗိမ္မာန်သို့ပြန်လေသည်။

ထိုမင်းသည် တည်ပင်စောင့်နတ်ဆုံးမစကားကို ကြားရလျှင်ထိတ်လန့်ခြင်းသို့ရောက်သည်ဖြစ်၍ မိုးလင်းသောအခါ တိုင်းပြည်ကိုမှူးမတ်တို့အားအပ်နှင်း၍ ပုရောဟိတ်နှင့်တကွစောစော အရှေ့တံခါးမဖြင့် မြို့မှထွက်၍ တစ်ယူဇနာရှိသော ခရီးသို့ရောက်ကြသည်။

ထိုအရပ်ရှိ ရွာတစ်ရွာနေသောသူတို့သည် တောအုပ်မှဆူးခက်ကို ယူဆောင်၍ အိမ်တံခါးကို ပိတ်ဆို့ပြီးလျှင် သား,မယားတို့ကိုခေါ်၍ တောသို့ဝင်၍ ညဥ့်အခါမင်းချင်းတမန်တို့သည် သွားကုန်သည်ရှိသော် မိမိအိမ်သို့ပြန်လာခဲ့၍ အိမ်တံခါး၌ ဆူးစူးသည်ဖြစ်၍ ဆောင့်ကြောင့်ထိုင်၍ ဆူးကိုနုတ်လျက်-

“ယခုအခါ၌ငါသည် ဆူးဖြင့်နှိပ်စက်အပ်သည်ဖြစ်၍ ဆင်းရဲခံရသကဲ့သို့ ဤအတူစစ်မြေအရပ်၌ မြားစူးသည်ဖြစ်၍ ပဥ္စာလမင်းသည် ဆင်းရဲခံရပါစေသတည်း’

ထိုအခါ၌ မင်းသည်လည်းကောင်း၊ ပုရောဟိတ်သည်လည်းကောင်း၊ မထင်ရှားသောအသွင်ဖြင့် ထိုသူတို့၏အနီး၌ရပ်ကုန်၏။

ပုရောဟိတ်က-

"အဘိုးအို. . . သင်သည်အိုသည်ဖြစ်၍ မျက်စိအမြင်နည်းသည်ဖြစ်၏။ အဆင်းကိုကောင်းစွာသင်မမြင် ထိုသို့သင်မမြင်သောကြောင့် သင့်ကိုဆူးသည် စူးရာ၏။ ထိုသို့စူးရာ၌ မင်းအားအဘယ်ကြောင့် အပြစ်တင်ပါသနည်း။"

"ပုဏ္ဏား. . . ငါသည်ဆူးရှိသောခရီး၌ တည်နေရ၏။ ငါ့ကိုဆူးစူးရာ၌ ပြဟ္မဒတ်မင်းအား အပြစ်များစွာရှိ၏။ ဇနပုဒ်ပြည်ရွာတို့ကို မစောင့်ရှောက်ပါကုန်၊ မတရားသောအခွန်အထုပ်ဖြင့် နှိပ်စက်ညှဉ်းဆဲ၏။"

"ထိုစကားအမှန်ပါ။ ညဉ့်၌ခိုးသူတို့သည် လုယက်ကုန်၏။ နေ့၌အခွန်ကောက်သောမင်းချင်းတို့သည် လုယက်ဖျက်ဆီးကုန်၏။ ကောက်ကျစ်စဉ်းလဲယုတ်မာသောမင်း၏ တိုင်းနိုင်ငံ၌တရားမစောင့်သောလူများသည် များစွာရှိ၏။

"ချစ်သားပုဏ္ဏား. . . ဤသို့သဘောရှိသော ဘေးသည်ဖြစ်လတ်သောကြောင့် ကြောက်ခြင်းဖြင့်နှိပ်စက်အပ်ကုန်သော လူတို့သည်တော၌ဆူးကိုဆောင်ယူကုန်၍ ပုန်းအောင်းရာတို့ကို ပြုလုပ်ကြရကုန်၏။"

ထိုအဘိုးအို၏စကားကို ကြားရသောမင်းသည် ပုရောဟိတ်ကိုခေါ်က-

"ဆရာ. . . လူအိုသည်သင့်သောစကားကို ဆိုပေ၏။ ငါတို့၏အပြစ်သာလျှင်တည်း လာလှည့်ပြန်ကြကုန်အံ့"

ဟု ဆိုသည်။

ထိုအခါ တည်ပင်စောင့်နတ်သည် ပုရောဟိတ်ကိုယ်၌ ပူးဝင်၍-

"မြတ်သောမင်းကြီး. . . ရှေ့သို့သွား၍ စုံစမ်းကုန်ဦးအံ့"

ဟုဆိုလေသည်။

မင်းနှင့်ပုရောဟိတ်တို့သည် ထိုရွာမှတစ်ပါးသောရွာသို့သွားကုန်သည်ရှိသော် ခရီးလမ်းကြားရှိ တစ်ယောက်သောမိန်းမအို၏အသံကိုကြားရသည်။

ထိုမိန်းမအိုသည် အရွယ်ရောက်သော သမီးနှစ်ယောက်တို့ကို စောင့်ရှောက်လျက် ထိုသမီးတို့ကိုတောသို့ မသွားစေမူ၍ မိမိကိုယ်တိုင်တောသို့သွား၍ တောမှ

ထင်းတို့ကိုလည်းကောင်း၊ ဟင်းသီး,ဟင်းရွက်တို့ကိုလည်းကောင်းယူ၍ သမီးများကို လုပ်ကျွေးနေသူဖြစ်သည်။

ထိုမိန်းမအိုသည် ထိုနေ့၌ချုံတစ်ခုသို့တက်၍ ဟင်းရွက်ကိုခူးသည်ရှိသော် သစ်ပင်မှလိမ့်ကျလျှင် မင်းကိုသေခြင်းဖြင့် ဆဲရေးလိုရကား-

"ဤ ဗြဟ္မဒတ်မင်း၏ နိုင်ငံ၌သတို့သမီးတို့သည် လင်မရှိကုန်သည်ဖြစ်၍ အိုရကုန်၏။ ငါ၏သမီးနှစ်ယောက်တို့သည် လင်ရှိကုန်သည်အကယ်၍ ဖြစ်ကုန်ငြားအံ့၊ ငါ့ကိုမွေးမြူကုန်ရာ၏။ ဗြဟ္မဒတ်မင်းဆိုသော ဤမင်းသည်အဘယ်အခါ၌ သေပါလတံ့နည်း"

ဟု ဆဲရေးသည်။

ထိုအဖွားအို၏ဆဲရေးခြင်းကို ပုရောဟိတ်က တားလိုရကား-

"အကြောင်းအရာမဟုတ်သည်၌ လိမ်မာသောသူယုတ်မ၊ သင်သည်မကောင်းသောစကားကိုဆိုဘိ၏။ မင်းသည်သတို့သမီးတို့၏လင်ကို အဘယ်အရပ်၌ရှာ၍ ပေးရမည်နည်း။"

ဟု ပြောဆိုသည်။

"ပုဏ္ဏား. . . ငါသည်မကောင်းသောစကားကို မဆိုပါ။ ငါသည်အကြောင်းအရာ၌ လိမ္မာပါ၏။ ထိုမင်းသည် ဇနပုဒ်ပြည်ရွာတို့ကို မစောင့်ရှောက်ကုန် အဓမ္မဖြစ်သောအခွန်အထုပ်ဖြင့် နှိပ်စက်ညှင်းဆဲ၏။"

"ထိုစကားအမှန်ပါ။ ညဉ့်ခိုးသူတို့သည် လုယက်ဖျက်ဆီးကုန်၏။ နေ့အခါ၌ အခွန်တောင်းသော မင်းချင်းတို့သည် လုယက်ဖျက်ဆီးကုန်၏။ ကောက်ကျစ်စဉ်းလဲသော ယုတ်မာသောမင်း၏ တိုင်းပြည်ရွာ၌ တရားမစောင့်သော လူသည်များစွာရှိနေပါ၏။ မကောင်းသဖြင့် အသက်မွေးခြင်းရှိသော တိုင်းပြည်ရွာ၌ သားမယားတို့ကို မွေးနိုင်ခဲသည်ရှိသော် သတို့သမီးတို့သည် လင်ကိုအဘယ်မှာ ရနိုင်ကုန်အံ့နည်း"

မင်းပုရောဟိတ်တို့သည် အဖွားအို၏စကားကိုကြားကုန်၍

"ဤမိန်းမအိုသည် သင့်သောစကားကိုဆိုပေ၏။"

ဟုဆိုကာ ထိုအရပ်မှဆက်လက်ထွက်ခွာခဲ့ပြီး တစ်ပါးသောအရပ်သို့သွားကုန်သည်ရှိသော် တစ်ယောက်သောလယ်ထွန်သောသူ၏အသံကို ကြားရပြန်သည်။

လယ်ကိုထွန်နေသောထိုသူ၏ သာလိယမည်သောနွားကြီးသည် ထွန်သွားဖြင့် ခတ်မိသည်ဖြစ်၍လဲကျသည့်ထိုလယ်ထွန်ယောက်ျားသည် မင်းကိုဆဲရေးလိုရကား -

"သာလိယမည်သောနွားသည် ထွန်သွားဖြင့်ခတ်မိသည်ဖြစ်၍ ဆင်းရဲစွာလည်ကျသကဲ့သို့ ဤအတူပဉ္စာလမင်းသည် စစ်မြေ၌လှံမဖြင့် ထိုးမိသည်ဖြစ်၍ လဲကျပါစေသတည်း"
ကျိန်ဆဲသည်။

ထိုသို့ကျိန်ဆဲသော လယ်သမားကို ပုရောဟိတ်သည် တားမြစ်လိုရကား

"လူယုတ်. . . သင်သည် မိမိအားမပြစ်မှားဘဲလျက် မင်းကိုကျိန်ဆဲ၏၊ သင်သည်အကြောင်းမဟုတ်သဖြင့် ဗြဟ္မဒတ်မင်းအား အမျက်ထွက်၏။"
ဟု ပြောဆိုတားမြစ်သည်။

"ပုဏ္ဏား. . . ငါသည်ဟုတ်မှန်သောသဘောဖြင့် ဗြဟ္မဒတ်မင်းအား အမျက်ထွက်၏။ ထိုမင်းသည် ဇနပုဒ်ရွာတို့ကို မစောင့်ရှောက်ကုန်၊ အဓမ္မဖြစ်သော အခွန်အထုပ်ဖြင့် နှိပ်စက်ညှဉ်းဆဲ၏၊"

ထိုမင်းတရားမစောင့်ဟု ငါဆိုသောစကားသည် မှန်ပါ၏။ ညဉ့်ခိုးမှုတို့သည် လုယက်ဖျက်ဆီး၏။ နေ့အခါ၌အခွန်ကောက်သော မင်းချင်းတို့သည် လုယက်ဖျက်ဆီးကုန်၏။ ယုတ်မာသောမင်း၏ တိုင်းပြည်၌တရားမစောင့်သော လူသည်များစွာရှိနေပါ၏။"

"ဟယ်ပုဏ္ဏား. . ထမင်းပို့သောမိန်းမသည် တစ်ဖန်ထမင်းချက်ရပြန်သည်ထင်၏။ အခါမဟုတ်သည်၌ ထမင်းကိုပို့လာ၏။ ထမင်းပို့လာသောသူကို ကြည့်မျှော်သည်ဖြစ်၍ ငါ၏နွားသာလိယကို ထွန်သွားဖြင့်ခတ်မိ၏"
ဟု ဆိုလေသည်။

"ဤလယ်ထွန်ယောက်ျားသည် သင့်သောစကားကိုဆိုသည်။"
ဟုဆိုကာ မင်းနှင့်ပုဏ္ဏားတို့သည် ရှေ့သို့ဆက်သွားပြီး ရွာတစ်ရွာ၌ဝင်နားပြီး တစ်ညဉ့်အိပ်သည်။

မိုးသောက်သောအခါ စောစောထ၍ နို့ညှစ်သောသူကို နွားမစဉ်းလဲသည် ခြေဖြင့်ကန်ကျောက်၍ နို့ရည်အိုးနှင့်တကွ လိမ့်၍လဲကျလေသည်။

ထိုနို့ညှစ်သောသူသည် မင်းကိုဆဲလိုရကား-

"ယနေ့ငါသည် နွားမကန်ခံရသကဲ့သို့လည်းကောင်း၊ နို့ရည်အိုးသည်လိုမ့် သကဲ့သို့လည်းကောင်း၊ ဤအတူစစ်မြေ၌ သန်လျက်ဖြင့်ခုတ်ဖြတ်အပ်သည်ဖြစ်၍ ပဉ္စာလမင်းသည်သေပါစေ"

ဟု ကျိန်ဆဲလေသည်။

ပုရောဟိတ်သည် နို့ညှစ်သောသူ၏ ကျိန်ဆဲစကားကို တားလိုရကာ-

"အိုယောက်ျား. . . နွားမသည် နို့ရည်ကိုအကြွင်းစွန့်၏။ နွားကျောင်းသား ကိုလည်း ကန်ကျောက်၏။ ထိုနို့ရည်စွန့်ရာ နွားကန်ရာ၌ ပြဗ္ဗဒတ်မင်းအား အဘယ် အပြစ်ရှိပါသနည်း။ သင်သည်အကြွင်းကဲ့ရဲ့၏။ ထိုသို့ကဲ့ရဲ့ခြင်းသည်မသင့်"

ဟု ပြောဆိုတားမြစ်သည်။

"ပုဏ္ဏား. . . ပဉ္စာလမင်းကို ကဲ့ရဲ့အပ်၏။ ဤမင်းသည် ဇနပုဒ်ရွာတို့ကို မစောင့်ရှောက် မတရားသောအခွန်အထုပ်ဖြင့် ညှင်းဆဲကုန်၏။

ညဉ့်အခါ၌ ခိုးသူတို့ကလုယက်ခိုး၏။ နေ့အခါ၌ အခွန်တောင်းသောမင်း ချင်းတို့က လုယက်ဖျက်ဆီး၏။ ယုတ်မာသောမင်း၏ပြည်၌ တရားမစောင့်သော လူသည်များစွာရှိ၏။

"အကြင်နွားမသည် ကြမ်းကြုတ်၏။ ပြေးတတ်သောအလေ့ရှိ၏။ ထိုနွား မကိုရှေး၌ ငါတို့သည်နို့မညှစ်ကုန်၊ ယခုအခါ၌ နို့ရည်ကိုအလိုရှိကုန်သော အခွန် တောင်းမင်းချင်းတို့သည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ နို့ညှစ်ရကုန်၏။"

ဟုဆိုသည်။

မင်းနှင့်ပုဏ္ဏားတို့သည်

"ဤနို့ညှစ်ယောက်ျားသည် အသင့်ကိုသာဆိုသည်။"

ဟုဆိုပြီး ထိုရွာမှထွက်ခဲ့၍ မြို့သို့ပြန်လာခဲ့ကြသည်။

ရွာတစ်ရွာအရောက်တွင် အခွန်တောင်းသောမင်းသံတမန်တို့သည် သံလျက်အိမ်အလို့ငှါ တစ်ယောက်သောပြောက်ကျားသော အမွေးအရေရှိသော နွားငယ်ကိုသတ်၍ ရေကိုယူနေကြသည်။ နွားငယ်၏အမိဖြစ်သော နွားမသည် သား၌စိုးရိမ်သဖြင့် မြက်, ရေ, မစားမသောက်ဘဲ ငိုမြည်တမ်းလျက် လှည့်လည် သည်။ ထိုနွားမကိုမြင်၍ ရွာသူသားငယ်တို့သည် မင်းကိုကျိန်ဆဲလိုရကား-

"ဤနွားမငယ်သည် ဆင်းရဲသည်ဖြစ်၍ သားငယ်မှုကင်းသည်ဖြစ်၍ ထိုမှ ဤမှငိုမြည်တမ်းလျက် ပြေးသွားနေရသကဲ့သို့ ဤအတူပဥ္စာလမင်းသည် သားနှင့် ကင်းသည်ဖြစ်၍ ငိုရပါစေသတည်း။ သားနှင့်ကင်း၍ ခြောက်ကပ်ပါစေသတည်း" ဟု ကျိန်ဆဲဆိုသည်။

ပုရောဟိတ်သည် သူငယ်တို့ကို ကျိန်ဆိုရာ၌ အကြောင်းကိုမေးလို့ရကား

"အမောင်တို့. . . နွားမသည် နွားကျောင်းသားသည် ကျောင်းစဉ်ပင်လျှင် အကြွင်ပြေးမှုလည်း ပြေးရာ၏။ အကြွင်မြည်တမ်းမှုလည်း မြည်တမ်းရာ၏။ ဤသို့ နွားမမြည်တမ်းရာ၌ ဗြဟ္မဒတ်အမည်ရှိသော ပဥ္စာလမင်းအား အဘယ်အပြစ်သည် ရှိပါအံ့နည်း။"

"ပုဏ္ဏားကြီး. . . ဗြဟ္မဒတ်မင်းအား အပြစ်သည်များစွာ၏။ မင်းသည် ပြည့်ရွာဇနပုဒ်တို့ကို မစောင့်ရှောက်ကုန် မဟုတ်မမှန်အဓမ္မဖြစ်သော အခွန်အထုပ် ဖြင့် နှိပ်စက်ညှင်းဆဲကုန်၏။"

"ထိုမင်းတရားစောင့်ဟု ငါတို့ဆိုသောစကားသည်မှန်၏။ ညဥ့်၌ခိုးသူတို့ သည် လုယက်ဖျက်ဆီးကုန်၏။ နေ့အခါ၌ အခွန်တောင်းသောမင်းချင်းတို့သည် လုယက်ဖျက်ဆီးကုန်၏။ ကောက်ကျစ်စဉ်းလဲယုတ်မာသောမင်းသည် တိုင်းပြည်၌ တရားမစောင့်သောလူသည် များစွာရှိပါ၏။ အဘယ်ကြောင့် သန်လျက်အိမ်အလို့ ငှါ နို့စို့သားဖြစ်သော နွားသားငယ်ကို သူယုတ်တို့၏အကျင့်ကို မှီဝဲလေ့ရှိကုန်သော မင်းချင်းတို့သည် သတ်အပ်လေသနည်း။"

"အမောင်တို့သည် ကောင်းစွာလျှင် အကြောင်းကိုဆိုပေကုန်၏။" ဟုဆို၍ ဆက်လက်ထွက်ခွာခဲ့သည်။

ထိုသို့သွားသောအခါ ခရီးအကြား၌ တစ်ခုသောခြောက်ကပ်သော ရေ ကန်၌ ကျီးတို့သည်နှုတ်သီးတို့ဖြင့် ဆိတ်ကုန်လျက် ဘားတို့ကိုစားကုန်၏။

ဘုရားလောင်းတည်ပင်စောင့်နတ်သည် ထိုမင်းနှင့်ပုရောဟိတ်တို့သည် ထိုအရပ်သို့ရောက်ကုန်သည်ရှိသော် မိမိ၏အာနုဘော်ဖြင့် သားကို-

"ရွာ၌နေကုန်သော ကျီးတို့သည်တော၌ဖြစ်သော ငါကိုယခုအခါ၌ခဲအပ် သည် ဖြစ်သကဲ့သို့ ဤအတူစစ်ထိုးရာ၌ သတ်အပ်သည်ဖြစ်၍ သားနှင့်တစ်ကွ သော ပဥ္စာလမင်းကို ကျီး, လင်းတ, တို့သည် ခဲပါစေသတည်း။"

ဟု ကျိန်ဆဲဆိုလေသည်။

ထိုဘား၏ကျိန်ဆဲသံကိုကြား၍ ပုရောဟိတ်သည်သားနှင့်စကားပြောဆိုလိုရကား-

"အိုဘား. . . မင်းတို့သည်လူ့ပြည်၌ အလုံးစုံသော သတ္တဝါတို့၌အစောင့်အရှောက်ကို မစီရင်ကုန်၊ အကြွင်သင်ကဲ့သို့သော ဘားကိုအရှင်ပင်လျှင် ကျီးတို့သည် စားကုန်ရာ၏။ ဤသို့သင်ကဲ့သို့သော သားကိုကျီးစားကာမျှဖြင့် မင်းကိုတရားမကျင့်ဟု မဆိုသာပါချေ။"

"မြတ်သောအကျင့်ရှိသောပုဏ္ဏား. . . သင်သည် မင်းယုတ်၏ချစ်ဖွယ်သောစကားပြောဆိုဘိ၏။ တရားမစောင့်သည်နှင့်တူစွတကား၊ များစွာသောသတ္တဝါတို့လုယက်ဖျက်ဆီးသည်ဖြစ်၍ အလွန်မေ့လျော့သောမင်းကို ချီးမွမ်းဘိ၏။"

"ပုဏ္ဏား. . . ဤတိုင်းပြည်သည် ဝပြောသာယာသောပြည်သည် အကယ်၍ဖြစ်ငြားအံ့၊ ဤတိုင်းသည် ဝပြောစည်ပင်သည်။ ပြည့်စုံသောကောက်ရှိသည်။ အထူးသဖြင့် ကြည်ညိုဖွယ်ရှိသည်။ အကယ်၍ဖြစ်ငြားအံ့၊ ဤသို့ဖြစ်သည်ရှိသော် မနှစ်သက်ဖွယ်သောအသံကို ပြုတတ်ကုန်သောကျီးတို့သည် ပူဇော်ပသရာ၌ မြတ်သောထမင်းစိုင်ကို စားရသည်ရှိကုန်သော် ငါကဲ့သို့သောဘားကို အရှင်လတ်လတ်မစားကုန်ရာ"

ဤသို့လျှင် ခြောက်ပါးသောဌာနတို့၌ ကျိန်ဆိုဆဲရေးခြင်းသည် ဘုရားလောင်း၏အာနုဘော်ကြောင့်သာလျှင် ဖြစ်သည်။

ထိုဘား၏စကားကိုကြား၍ မင်းနှင့်ပုရောဟိတ်တို့သည် တော၌နေသောတိရစ္ဆာန်ဖြစ်သော သားကိုအစပြု၍ အလုံးစုံသောသူတို့သည် ငါတို့ကိုသာလျှင် ကျိန်ဆိုဆဲရေးကုန်၏ဟုဆိုကုန်၍ ထိုအရပ်မှမြို့နန်းသို့လာလတ်ကုန်ပြီးလျှင် တရားနှင့်အညီမင်းပြု၍ ဘုရားလောင်းအဆုံးအမ၌ တည်ကုန်လျက် ဒါနအစရှိသောကောင်းမှုတို့ကိုပြုကုန်သည်။

ဘုရားရှင်သည် ကောသလမင်းကြီးအား ဤတရားဒေသနာကို ဆောင်တော်မူ၍-

"မြတ်သောမင်းကြီး. . . ပြည့်ရှင်မင်းတို့မည်သည်ကား အဂတိလေးပါးသို့ လိုက်ခြင်းကိုစွန့်၍ တရားနှင့်အညီမင်းပြုရာ၏။"

ဟု မိန့်တော်မူ၍-

"မြတ်သောမင်းကြီး. . . ယခုခါ ငါဘုရားသည်လျှင် ထိုအခါတည်ပင် စောင့်နတ် ဖြစ်ခဲ့ဖူးပြီ"

ဇာတ်ကိုပေါင်းတော်မူသည်။

(တိတ္တိရဇာတ် ဘလ္လာတိဇ္ဇနကဇာတ်)

## အုပ်ချုပ်သူတို့တရားပျက်က သစ်သီးဩဇာအဆီအပျက်၏

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးချိန် ဖြစ်သည်။

မြတ်စွာဘုရားသည် ကောသလမင်းကြီး၏ အဂတိလိုက်စားမှုနှင့် ပတ်သက်၍ဟောကြားရာ၌-

"မြတ်သောမင်းကြီး. . . ရှေးမင်းတို့သည်လည်း ပညာရှိ၏စကားကိုကြား၍ တရားသဖြင့်မင်းပြုကုန်လျက် နတ်ပြည်သို့ပြည့်စေကုန်၏။"

ဟူ၍ ဆက်လက်ဟောကြားရာ ကောသလမင်းက-

"အတိတ်ဖြင့် ဖုံးလွှမ်းအပ်သော ထိုအကြောင်းကို သိပါရစေဘုရား"

"မင်းကြီး. . . ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ ခပ်သိမ်းသောအတတ်တို့ ကို သင်ယူပြီးနောက်ရသေ့ရဟန်းပြုသွားသည်၊ အဘိညာဏ်သမာပတ်ဖြင့် ဟိမဝန္တာ တောအရပ်၌ သစ်သီးအာဟာရဖြင့်သာ နေလေသည်။

ထိုအချိန်အခါ၌ မင်းသည်ကျေးဇူးမဲ့ကိုရှာတတ်သောသဘောရှိသည်ဖြစ်၍ သဘောရှိသည်ဖြစ်၍-

"ငါ၏ကျေးဇူးမဲ့ကို ပြောဆိုတတ်သော တစ်စုံတစ်ယောက်သောသူ ရှိသလော"

ဟု ရှာသည်ရှိသော် အတွင်းလူများ၌လည်းကောင်း၊ အပြင်လူများ၌လည်းကောင်း၊

မြို့တွင်း၌လည်းကောင်း မြို့ပြင်ပ၌လည်းကောင်း၊ မိမိ၏ကျေးဇူးမဲ့ကိုဆိုသောသူကို မမြင်ပေ။

ဇနပုဒ်သားတို့ထံသို့ မထင်ရှားသောအသွင်ဖြင့် သွားရောက်စုံစမ်းသော်လည်း ကျေးဇူးမဲ့ကိုဆိုသူကိုမတွေ့မြင်မိချေ။ မိမိ၏ကျေးဇူးစကားကိုသာ ပြောဆိုသူများသာ တွေ့နေရသည်။

သို့အတွက် ဟိမဝန္တာရှိ ရသေ့များထံ ဆက်လက်သွား၍ စုံစမ်းရန်ဘုရားလောင်းရသေ့ကျောင်းသို့ရောက်၍ ဘုရားလောင်းကိုရှိခိုးပြီး နှုတ်ဆက်စကားပြောကြားပြီး သင့်တင့်သောနေရာ၌နေသည်။

ထိုအခါဘုရားလောင်းသည် တောမှပညောင်ပင်သီးမှည့်ကိုဆောင်၍ သုံးဆောင်စေ၏။ ထိုပညောင်ပင်သီးမှည့်တို့သည် ချိုကုန်၏။ ဩဇာရှိကုန်၏။ သကြားမှုန့်နှင့်တူကုန်၏။

ဘုရားလောင်းရသေ့သည် မင်းကြီးကိုခေါ်၍-

"ဘုန်းကြီးသောဒါယကာ. . . ဤပညောင်ပင်သီးကိုစား၍ ရေကိုသောက်ပါလား"

ဟုဆိုသည်။

မင်းကြီးသည် ဘုရားလောင်းရသေ့ဆိုတိုင်း ညောင်သီးကိုစားသည်။

"အရှင်ဘုရား. . . ဤပညောင်သီးမှည့်သည် အဘယ်ကြောင့်အလွန်ချိုသနည်း"

"ဘုန်းကြီးသောဒါယကာ. . . တရားသဖြင့် မင်းပြု၏။ ထို့ကြောင့် ထိုပညောင်ပင်သီးမှည့်သည် ချို၏။"

"အရှင်ဘုရား. . . မင်း တရားမစောင့်သောကာလ၌ မချိုခြင်းသည်ဖြစ်သလော"

"ဘုန်းကြီးသောဒါယကာ. . . ဆိုတိုင်းဟုတ်မှန်၏။ မင်းတို့သည်တရားမစောင့်ကုန်သည်ရှိသော် ဆီပျားတင်လဲအစရှိသည်လည်းကောင်း၊ တောသစ်မြစ်သစ်သီးတို့သည်လည်းကောင်း မချိုကုန်၊ ဩဇာမရှိကုန်အလုံးစုံသော တိုင်းသည်လည်းဩဇာမရှိသည်ဖြစ်၏။ မင်းတို့သည် တရားစောင့်ကုန်သည်ရှိသော် ခပ်သိမ်း

သောအာဟာရတို့သည် ချိုကုန်၏။ ဩဇာရှိကုန်၏။ အလုံးစုံသောတိုင်းသည်လည်း ဩဇာရှိသည်ဖြစ်၏။”

“အရှင်ဘုရား. . . အမိန့်တော်ရှိသည့်အတိုင်းဖြစ်လတ့်”

မင်းသည်မိမိ၏မင်းအဖြစ်ကို မသိစေမူ၍သာလျှင် ဘုရားလောင်းကိုရှိခိုး၍ ဟာရာဏသီတိုင်းသို့သွား၍-

“ရသေ့၏စကားကိုစုံစမ်းအံ့၊ ယခုသိစေအံ့”

ဟုကြံပြီး အမှုအမှုတို့ကို ပြုလုပ်စေပြီး မင်းပြုလုပ်သည်။

အမှုမှု လာဘ်ပေးလာဘ်ယူမှု၊ ဝိသမလောဘမှု၊ အာဂတိလေးပါးအမှုတို့ဖြင့် တိုင်းပြည်ကိုတစ်လနှစ်လမှ (၆)လအထိ အုပ်ချုပ်ပြီးသော် ရသေ့ထံသို့တစ်ဖန်သွားလေသည်။

ရသေ့သည် ရှေးအတူသာလျှင် နှုတ်ဆက်စကားပြော၍ ပညောင်သီးမှည့်ကို ပေးစားစေသည်။

ထိုအခါ ပညောင်သီးမှည့်သည် ခါးသောအရသာရှိသည်။ မင်းသည် မချိုအရသာမရှိဟု တံတွေးနှင့်တကွ ထွေးထုတ်၍-

“အရှင်ဘုရား. . . ခါး၏”

ဟု လျှောက်သည်။

“ဘုန်းကြီးသောဒါယကာ. . . မင်းသည် တရားမစောင့်သည်ဖြစ်လတ့်၊ မင်းတို့တရားမစောင့်သောကာလ၌ တော, သစ်သီး, ကြီးငယ်ကိုအစပြု၍ အလုံးစုံသည်မချို၊ ဩဇာမရှိသည်သာတည်း”

ဟုဆို၍ ဤသို့ဆက်၍ပြောပြသည်။

“ဘုန်းကြီးသောဒါယကာ. . . မြစ်ကိုကူးကုန်သောနွားတို့တွင် ရှေ့ဆောင်နွားလားသည် ကောင်းစွာအကယ်၍သွားအံ့၊ ရှေ့ဆောင်နွားလားသည် ကောင်းစွာသွားသည်ရှိသော် ခပ်သိမ်းသောနွားမတို့သည် သွားကုန်၏။”

“ဤအတူသာလျှင် လူတို့တွင်အကြင်မင်းသည် အမြတ်ဟူ၍ သမုတ်အပ်ထားသည်။ ထိုမင်းသည်အမှုကိုအကယ်၍ ကျင့်ငြားအံ့၊ ဤမှတစ်ပါးသော သတ္တဝါတို့သည် အဘယ်ဆိုဖွယ်ရာရှိပါတော့အံ့နည်း၊ မင်းသည်တရားမစောင့်သည်

အကယ်၍ဖြစ်ငြားအံ့၊ အလုံးစုံသောတိုင်းသည် ဆင်းရဲစွာအိပ်ရ၏။"

"မြစ်ကိုကူးကုန်သော နွားတို့တွင်ရှေ့ဆောင်နွားလားသည် ဖြောင့်စွာအကယ်၍သွားအံ့၊ ရှေ့ဆောင်နွားလားဖြောင့်စွာသွားသည်ရှိသော် ခပ်သိမ်းသောနွားမတို့သည် ဖြောင့်စွာသွားကုန်၏။"

"ဤအတူ လူတို့တွင် အကြင်မင်းသည်အမြတ်ဟူ၍ သမုတ်အပ်သည်ဖြစ်၏။ ထိုမင်းသည် တရားကိုအကယ်၍ကျင့်အံ့၊ မင်းမှတစ်ပါးကုန်သော သတ္တဝါတို့သည် အဘယ်ဆိုဖွယ်ရာရှိပါသနည်း။ မင်းသည်တရားစောင့်သည် အကယ်၍ဖြစ်အံ့၊ အလုံးစုံသောတိုင်းပြည်သည် ချမ်းသာစွာအိပ်ရ၏။

မင်းသည် ရသေ့၏စကားကိုကြား၍ မိမိ၏မင်းအဖြစ်ကိုသိစေ၍

"အရှင်ဘုရား. . . ရှေး၌ပညောင်သီးမှည့်ကို ကျွန်ုပ်သည်သာလျှင် ချိုအောင်ပြု၍ ယခုတစ်ဖန်ခါးအောင်ပြုမိပါပြီ။ ယခုချိုအောင်ပြန်ပြုပါအံ့"

ဟုဆိုပြီး ဘုရားလောင်းကို ရှိခိုး၍ပြန်ကာ တိုင်းပြည်ကိုတရားသဖြင့် မင်းပြုသည်ရှိသော် ပညောင်သီးမှည့်သည် အတိုင်းမသိပြန်၍ချိုလေသည်။

မင်းကြီး. . . ထိုအခါ မင်းသည်ယခုအာနန္ဒာဖြစ်ပြီး ယခုအခါငါဘုရားသည်သာလျှင် ထိုအခါက ရသေ့ဖြစ်ခဲ့ဖူးပြီ"

ဟု ဇာတ်တော်ကိုပေါင်း၍ ဓမ္မဒေသနာကို အဆုံးသတ်တော်မူသည်။

(စတုက္ကနိပါတ်၊ ကောကိလဝဂ်၊ ရာဇောဝါဒ)

# အစိုးရသောမင်းသည် အမျက်ကိုထိန်းသင့်သည်

မြတ်စွာဘုရားရှင်သည် ကောသလမင်းကြီး၏ တောင်းပန်ချက်အရ ဤမင်းကိုဆုံးမသော အတိတ်ဘဝဇာတ်ကြောင်းကို ဟောကြားတော်မူလေသည်။

မြတ်သောမင်းကြီး. . . ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်းကြီး၏ သားဖြစ်၍ အရွယ်ရောက်သော် အဖကွယ်လွန်သဖြင့် မင်းအဖြစ်ပြုသည်။ အလှူကြီးကိုဖြစ်စေသည်။

ထိုဗြဟ္မဒတ်မင်းအား သုမင်္ဂလမည်သော ဥယျာဉ်စောင့်သည်ရှိသည်။

တစ်နေ့တွင် ပစ္စေကဗုဒ္ဓါတစ်ပါးသည် နန္ဒမူလိုဏ်ဂူမှကြွလာပြီး ဗာရာဏသီမင်း၏ဥယျာဉ်၌နေ၍ မြို့ထဲသို့ဆွမ်းခံဝင်ကြွသည်။

ပစ္စေကဗုဒ္ဓါကို မင်းသည်မြင်၍ ကြည်ညိုလှသောကြောင့် ပြာသာဒ်သို့ ပင့်၍ ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးသည်။ မင်းသည် အလွန်ကြည်ညိုလှသဖြင့် ဥယျာဉ်၌သီတင်းသုံးရန် လျှောက်ထားပြီး ကျောင်းကိုဆောက်လုပ်ကာ သုမင်္ဂလ ဥယျာဉ်စောင့်ကို အမှုကြီးငယ်တို့ကို ပြုစုစောင့်ရှောက်စေသည်။

အရှင်ပစ္စေကဗုဒ္ဓါသည် ထိုအခါမှစ၍မပြတ် မင်းအိမ်၌ဆွမ်းဘုဉ်းပေးလျက် ဥယျာဉ်၌ကြာမြင့်စွာနေသည်။ သုမင်္ဂလသည်လည်း အရှင်ပစ္စေကဗုဒ္ဓါကို ရိုသေစွာ ပြုစုလုပ်ကျွေး၍နေသည်။

တစ်နေ့အရှင်ပစ္စေကဗုဒ္ဓါသည် သုမင်္ဂလကိုခေါ်၍-

"ငါသည် နှစ်ရက်သုံးရက် ဤမည်သောရွာကို အမှီပြု၍ပြန်လာလတ့်၊ မင်းအားကြားလျှောက်ပါလော့"
ဟု မိန့်ကြားပြီးကြွသွားလေသည်။

သုမင်္ဂလဥယျာဉ်စောင့်သည် ထိုအကြောင်းကိုမင်းအားလျှောက်ထားသည်။

ပစ္စေကဗုဒ္ဓါသည် နှစ်ရက်သုံးရက်ထိုရွာ၌နေ၍ ညချမ်းအခါနေဝင်လတ် သော် ထိုဥယျာဉ်သို့တစ်ဖန် ပြန်ကြွလာခဲ့သည်။

သုမင်္ဂလသည် အရှင်ပစ္စေကဗုဒ္ဓါ၏ လာသောအဖြစ်ကိုမသိသည်ဖြစ်၍ မိမိအိမ်သို့သွားသည်။

အရှင်ပစ္စေကဗုဒ္ဓါသည် သင်္ကန်းကိုသိမ်း၍ အတန်ငယ်စင်္ကြံသွား၍ ကျောက်ဖျာ၌ထိုင်နေသည်၊ ထိုနေ့၌ ဥယျာဉ်စောင့်သုမင်္ဂလအိမ်သို့ ဧည့်သည်များ ရောက်လာ၍-

"ဧည့်သည်တို့အလို့ငှါဥယျာဉ်၌ ဘေးမဲ့လွှတ်သောသမင်ကိုပစ်အံ့"
ဟု လေးကိုယူ၍ ဥယျာဉ်သို့ထွက်ခဲ့သည်။

သမင်ကိုကြည့်လတ်သော် ပစ္စေကဗုဒ္ဓါကိုမြင်၍-

"သမင်ကြီး ဖြစ်လတ့်။"
ဟူသောအမှတ်ဖြင့် မြားဖြင့်ပစ်ခတ်လိုက်သည်။

အရှင်ပစ္စေကဗုဒ္ဓါသည် ဦးခေါင်းကိုဖွင့်၍ သုမင်္ဂလ-ဟုခေါ်လိုက်သည်။ သုမင်္ဂလသည် ကြောက်လန့်ထိတ်လန့်ထိတ်ရှိ့ကာ အရှင်ပစ္စေကဗုဒ္ဓကိုရှိခိုး၍-

"အရှင်ဘုရား. . . တပည့်တော်သည် အရှင်ဘုရား၏ပြန်လာသောအဖြစ်ကို မသိရကား သမင်ဟူသောအမှတ်ဖြင့် ပစ်မိပါ၏။ အရှင်ဘုရားတို့သည် တပည့် တော်အား သည်းခံတော်မူပါလော။"
ဟု တောင်းပန်လျှောက်ထားသည်။

"သုမင်္ဂလ. . . ပစ်မိသည်ဖြစ်စေ၊ ယခုအဘယ်သို့ ပြုနိုင်အံ့နည်းလာ၍ မြားကိုနုတ်ယူပါလော့"

သုမင်္ဂလသည် ရှိသေစွာရှိခိုး၍မြားကို နုတ်ယူသည်။ အရှင်ပစ္စေကဗုဒ္ဓါ က အားကြီးသောအနာသည်ဖြစ်၍ မကြာခင်ထိုဒဏ်ရာဖြင့်ပင်ကို အရပ်၌ပရိနိဗ္ဗာန် စံဝင်လေသည်။"

"အကယ်၍ မင်းကြီးသိငြားအံ့၊ ငါသည်ပျက်စီးလတံ့"

ဟု စဉ်းစားပြီး သုမင်္ဂလသည် သားမယားတို့ကိုခေါ်၍ ထိုအရပ်မှထွက်ပြေးလေသည်။

"အရှင်ပစ္စေကဗုဒ္ဓါသည် ပရိနိဗ္ဗာန်ပြုလေပြီ"

ဟု နတ်တို့၏အာနုဘော်ဖြင့် မြို့အားလုံးသည် တပြိုင်နက်ထဲအုတ်အုတ်ကျက်ကျက်ဖြစ်လေသည်။

လူတို့သည် ဥယျာဉ်တော်သို့သွား၍ ပစ္စေကဗုဒ္ဓါ၏အလောင်း၌ မြားမှန်သည်ကိုမြင်ကြ၍-

"ဥယျာဉ်စောင့်သည် ပစ္စေကဗုဒ္ဓါကိုသတ်၍ပြေး၏။"

ဟု မင်းကြီးအားကြားလျှောက်ကြသည်။

မင်းကြီးသည် များစွာသောအခြံအရံဖြင့် ဥယျာဉ်သို့သွား၍ (၇)ရက်ပတ်လုံး အလောင်းအားပူဇော်ခြင်းကိုပြု၍ ကြီးစွာသောပူဇော်သက္ကာရဖြင့် မီးသဂြိုဟ်သည် ဓာတ်တော်တို့ကိုယူ၍ စေတီတည်ကာ ပူဇော်ပြီးလျှင်တရားသဖြင့် မင်းပြုသည်။

သုမင်္ဂလသည် တစ်နှစ်ကိုလွန်စေ၍-

"မင်း၏စိတ်ကိုသိအံ့"

ဟု လာလတ်၍အမတ်တစ်ယောက်ကို မင်းထံသတင်းပို့ရန် အကူအညီတောင်းသည်။

အမတ်သည်မင်း၏အထံ၌ သုမင်္ဂလ၏ကျေးဇူးကိုဆိုသည်။ မင်းသည် မကြားသကဲ့သို့နေ၏။ အမတ်သည်တစ်စုံတစ်ခုသောစကားကို မဆိုမူ၍ မင်း၏မနှစ်သက်သောအဖြစ်ကိုသုမင်္ဂလအား ပြောပြသည်။

သုမင်္ဂလသည် တစ်ဖန်(၂)နှစ်မြောက်သောနေ့၌ လာရောက်စုံစမ်းပြန်သည်။ မင်းကဆိတ်ဆိတ်ပင်နေလေသည်။

သုံးနှစ်မြောက်၌ လာလတ်သော်သားမယားကိုခေါ်၍ လာခဲ့သည်။

အမတ်သည် မင်း၏စိတ်နူးညံ့သောအဖြစ်ကိုသိ၍ သုမင်္ဂလကိုမင်းအိမ်တံခါး၌ထားခဲ့ပြီး သုမင်္ဂလလာသောအဖြစ်ကို မင်းအားကြားလျှောက်သည်။

မင်းသည်သုမင်္ဂလကို ခေါ်စေ၍နှုတ်ဆက်စကားပြုသည်။

"သုမင်္ဂလ. . . သင်သည် အဘယ်ကြောင့် ငါ၏ကောင်းမှုစိုက်ပျိုးရာ လယ်ယာမြေဖြစ်သော အရှင်ပစ္စေကဗုဒ္ဓါကို သတ်ဘိသနည်း"
ဟုမေးသည်။

"အရှင်မင်းမြတ်. . . ကျွန်ုပ်သည် အရှင်ပစ္စေကဗုဒ္ဓါကို သတ်လိုသော စေတနာဖြင့်သတ်သည်မဟုတ်ပါ။"
ဟု လျှောက်ထားပြီး အကြောင်းစုံကို လျှောက်ထားပြသည်။

"သုမင်္ဂလ. . . ထိုသို့ဆိုက သင်သည်မကြောက်လင့်၊ ဥယျာဉ်ပြန်နေ၍ ဥယျာဉ်ကိုစောင့်ရှောက်ပါလော"
ဟု မိန့်ကြားကာ ဥယျာဉ်မှူးပြန်လုပ်စေသည်။

"မြတ်သောမင်းကြီး. . . အဘယ်အကြောင်းကြောင့် သင်မင်းကြီးတို့သည် နှစ်ကြိမ်တိုင်တိုင် သုမင်္ဂလ၏သတင်းစကားကိုကြား၍ တစ်စုံတစ်ခုသောစကားကို မဆိုပါသနည်း။ ယခုသုံးကြိမ်မြောက်၌ကား အဘယ်ကြောင့်ခေါ်စေပြီး ဥယျာဉ်မှူးတာဝန်ကို ပြန်ပေးရပါသနည်း။"

"အမောင်. . . မင်းမည်သည်ကား အမျက်ထွက်သဖြင့် အဆောတလျင် တစ်စုံတစ်ခုသောအမှုကိုပြုခြင်းငှါမသင့်။ ထို့ကြောင့် ငါသည်ရှေး၌ဆိတ်ဆိတ်နေ၍ သုံးကြိမ်မြောက်၌သုမင်္ဂလအား ငါ၏စိတ်နူးညံ့သည်၏အဖြစ်ကိုသိ၍ သုမင်္ဂလကို ခေါ်စေပါ၏။"

"အမောင်. . . မင်းမည်သည် ငါကားမင်းတည်ဟု ပြင်းစွာလည်းအမျက် သည်ဖြစ်၏။ ဤသို့သိ၍ ရှေးဦးစွာဒဏ်ကို မဖြစ်စေရာအကြောင်းမဟုတ်သော အားဖြင့် မိမိအားမလျှောက်ပတ်သောဒဏ်ကို ပြုကြကုန်လော့၊ ဤသို့သူတစ်ပါး၏ ပြင်းပြစွာဆင်းရဲခြင်းတို့ကို ဆိုရာ၏။"

"အကြင်အခါ၌လည်း မိမိ၏ကြည်ခြင်းကိုသိရာ၏။ သူတစ်ပါး၏အဖြစ်ကို လည်းကောင်း၊ အကျိုးကိုလည်းကောင်း၊ ဆင်ခြင်ရာ၏။ ထိုအခါ၌ ဤမည်သော အကျိုးတည်း၊ ဤမည်သောအပြစ်တည်း၊ ဤသို့ကိုယ်တိုင်ရှု၍ ထိုမှနောက်ထိုအပြစ် ကိုပြုသောသူအား အပြစ်အားလျော်သောဒဏ်ကို ဖြစ်စေရာ၏။"

"ဤလောက၌ အကြင်မင်းသည် ဆန္ဒဂတိစသော ကိလေသာတို့သည် မနှိပ်စက်အပ်သည်ဖြစ်၍ သင့်-မသင့်ကိုဆင်ခြင်၏။ ထိုမင်းသည် သူတစ်ပါးကို

လည်းကောင်း၊ မိမိကိုယ်တိုင်ကိုလည်းကောင်း မလောင်စေ၊ အကြင်မင်းသည် အပြစ်အားလျော်သောဒဏ်ကိုဆောင်သည်ဖြစ်၏။ ထိုမင်းသည်ကျေးဇူးအခြံအရံ အကျော်အစောသည်စောင့်ရှောက်အပ်သည်ဖြစ်၍ အသရေမှမယုတ်။"

"အကြင်မင်းတို့သည် မဆင်မခြင်ပြုလေ့ရှိကုန်၏။ ဆန္ဒဂတိအစရှိသော ကိလေသာတို့သည်နှိပ်စက်အပ်ကုန်သည်ဖြစ်၍ အဆောတလျင်ဒဏ်ကိုဖြစ်စေကုန်၏။ ထိုမင်းတို့သည် ကျေးဇူးမဲ့နှင့်ယှဉ်ကုန်သည်ဖြစ်၍ အသက်ကိုစွန့်ရကုန်၏။ ဤပစ္စုပ္ပန်ဘဝမှ လွတ်ကင်းကုန်သော်လည်း အပါယ်ဆင်းရဲဘဝသို့လားရကုန်၏"

"အကြင်မင်းတို့သည် ကောင်းသောအကျင့်ရှိသော ရှေးမင်းတို့သည်သိအပ်သော ဆယ်ပါးအပြားရှိသော မင်းကျင့်တရား၌မွေ့လျော်ကုန်၏။ ထိုမင်းတို့သည် ဝစီဒွါရဖြင့်လည်းကောင်း၊ မနောဒွါရဖြင့်လည်းကောင်း၊ ကာယဒွါရဖြင့်လည်းကောင်း၊ ကြီးမြတ်ကုန်၏။ ငြိမ်းချမ်းခြင်းသီလ၊ သမာဓိ၌တည်ကုန်သော ထိုသို့သဘောရှိကုန်သော ထိုမင်းတို့သည် နှစ်ပါးသောလူ့ပြည်နတ်ပြည်သို့ ရောက်ကုန်၏။"

"ငါသည်ယောကျာ်း မိန်းမတို့ကို အစိုးရသောမင်းသည်ဖြစ်၏။ အကယ်၍ တစ်စိုးတစ်စိ အမျက်ထွက်မိငြားအံ့၊ ကိုယ်ကိုမြစ်လျက်ထားအံ့၊ အသင်အားဖြင့် ထိုသို့သဘောရှိသော လူအပေါင်းကိုသနား၍ဒဏ်ကိုဖြစ်စေ၏။"

ဤစကားတို့ဖြင့် မင်းသည်မိမိ၏ကျေးဇူးကို ဆိုလတ်သော်ခပ်သိမ်းသော မင်း၏ပရိတ်သတ်သည် နှစ်သက်သည်ဖြစ်၍-

"သီလကျင့်ဝတ်နှင့် ပြည့်စုံခြင်းသည် မင်းကြီးတို့အားသာလျှင် လျှောက်ပတ်၏။"

ဟု မင်းကြီး၏ကျေးဇူးကိုဆိုကြလေသည်။

သုမင်္ဂလသည် မင်း၏ကျေးဇူးတို့ကို ဆိုသည်၏အဆုံး၌ မင်းကိုရှိခိုး၍ လက်အုပ်ချီကာ မင်းကိုချီးမွမ်းလို၍-

"လူတို့ကိုအစိုးရသောမင်းမြတ်. . . သင်မင်းကြီးကိုသာလျှင် ကြက်သရေ အခြံအရံပြည့်စုံခြင်းသည်လည်းကောင်း၊ ဘုန်းပညာသည်လည်းကောင်း၊ တစ်ရံ တစ်ဆန် မစွန့်ပါစေသတည်း။"

"သင်မင်းကြီးသည် အမျက်မထွက်သည်ဖြစ်၍ အမြဲကြည်ညိုနိုင်သော စိတ်ရှိသည်ဖြစ်၍ ဆင်းရဲမရှိသည်ဖြစ်၍ အနှစ်တစ်ရာတို့ပတ်လုံး အသက်ရှည်ပါစေသတည်း။"

"မင်းမြတ်. . . သင်မင်းမြတ်သည် ထိုအထူးထူးသော ကျေးဇူးတို့နှင့်ပြည့်စုံသည်ဖြစ်၍ တည်သောမင်းကျင့်တရားရှိသည်ဖြစ်၍ ဆိုလွယ်သည်ဖြစ်၍ အမျက်မထွက်သည်ဖြစ်၍ ချမ်းသာသည်ဖြစ်၍ မိမိ၏ဥစ္စာဖြစ်သောမြေနှင့်တကွသော သတ္တဝါတို့ကို မနှိပ်စက်မူ၍ ဤဘဝမှလွတ်ကင်းသော်လည်း သုဂတိသို့လားပါစေ၊"

"ကြီးစွာသောမိုးသည် ရေဖြင့်မြေကိုငြိမ်းစေသကဲ့သို့ ထိုအတူကောင်းစွာဆောင်အပ်သောအကြောင်းဖြင့် ကောင်းစွာဆိုအပ်သောစကားဖြင့် ဆယ်ပါးသောကုသလကမ္မပထတရားဖြင့် အသင့်အားဖြင့်အကြောင်း၌ လိမ္မာသဖြင့်ဆုံးမလျက် ကာယိကဒုက္ခ၊ စေတသိကဒုက္ခဖြင့် ချောက်ချားလောက်သည်ဖြစ်သောလူများကို ငြိမ်းစေပါလော"

ဟု ချီးမွမ်းစကားကိုလျှောက်ထားသည်။

မြတ်စွာဘုရားသည် ကောသလမင်းအား ဆုံးမသည်၏အစွမ်းအားဖြင့် ဤဓမ္မဒေသနာကို ဟောတော်မူလေသည်။

ထိုအခါ ပစ္စေကဗုဒ္ဓါသည် ပရိနိဗ္ဗာန်ပြုလေပြီ၊ ယခုအခါအာနန္ဒာသည် ထိုအခါကသုမင်္ဂလဖြစ်သည်။ ယခုအခါငါဘုရားသည် ထိုအခါမင်းဖြစ်ခဲ့ဖူးပြီဟု ဇာတ်တော်ကိုအဆုံးသတ်၍ ဟောကြားတော်မူသည်။

**(အဋ္ဌကနိပါတ်၊ ကစ္စာနိဝဂ်၊ သုမင်္ဂလဇာတ်)**

# သတ္တဝါတို့၏ဆင်းရဲမှုကိုဖြစ်စေသောတရား

ဂေါတမဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

တစ်နေ့တွင် ကောသလမင်းကြီးသည် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ ရိုသေစွာရှိခိုးပြီး သင့်ရာတစ်နေရာ၌ ထိုင်ပြီးလျှင်-

"အရှင်ဘုရား. . . အဘယ်မျှကုန်သောတရားတို့သည် သတ္တဝါတို့၏ကိုယ်တွင်း၌ ဖြစ်ကုန်သည်ရှိသော် အသီးအပွားမရှိခြင်းငှါလည်းကောင်း၊ ဆင်းရဲခြင်းငှါလည်းကောင်း၊ ချမ်းသာစွာမနေရခြင်းငှါလည်းကောင်း ဖြစ်ကုန်ပါသနည်း"
ဟုမေးလျှောက်သည်။

"မင်းကြီး. . . လောဘ, ဒေါသ, မောဟဟူသော သုံးပါးသောတရားတို့တွင် တစ်ပါးပါးသောတရားသည် သတ္တဝါတို့၏ကိုယ်တွင်း၌ ဖြစ်ကုန်သည်ရှိသော် အစီးအပွားမရှိခြင်းငှါ၊ ဆင်းရဲခြင်းငှါ၊ ချမ်းသာစွာမနေရခြင်းငှါ ဖြစ်ကုန်၏။ အခွံလျှင်အနှစ်ရှိသော ဝါးပင်ကျူပင်စသောအပင်ကို မိမိ၏အသီးသည်ညှဉ်းဆဲဖျက်ဆီးသကဲ့သို့မိမိကိုယ်တွင်း၌ဖြစ်ကုန်သော လောဘ, ဒေါသ, မောဟတရားတို့သည် မကောင်းသောစိတ်ရှိသော သတ္တဝါတို့ကိုညှဉ်းဆဲဖျက်ဆီးကုန်၏။"
ဟု ဗုဒ္ဓကအဖြေပေးတော်မူသည်။

(ကောသလသံယုတ်ပုရိသသုတ်)

## ပင်ိုသနွေ့နေသောသူတို့ အိုခြင်း, သေခြင်းမှလွတ်-မလွတ်

အခါတစ်ပါး၌ ကောသလမင်းကြီးက ဘုရားရှင်ကို-

"အရှင်ဘုရား. . . ပင်ိုသနွေ့နေသောသူအား အိုခြင်း, သေခြင်းမှလွတ်ခြင်းမည်သည် ရှိပါသလော"

ဟုမေးလျှောက်သည်။

"မင်းကြီး. . . များစွာဥစ္စာပစ္စည်းတို့ဖြင့် ကြွယ်ဝကုန်သော အကြင်ခတ္တိယမဟာသာလမင်းမျိုး၊ ဗြဟ္မဏမဟာသာလမျိုး၊ သူကြွယ်မျိုးတို့သော်မှ ပင်ိုသနွေ့နေမှုရှိလာ အို၊ နာ၊ သေခြင်းသဘော မလွန်မြောက်နိုင်ပါ။

မင်းကြီး. . . ကိလေသာတို့မှ ဝေးကုန်ပြီးသော အာသဝေါကုန်ပြီးသော ကျင့်သုံးပြီးသောမဂ်အကျင့်ရှိကုန်သော ချအပ်ပြီးသောခန္ဓာဝန်ရှိသော အရဟတ္တဖိုလ်သို့ရောက်ရှိပြီးသော ရဟန္တာတို့သော်မှ ဤခန္ဓာကိုယ်သည် ပျက်ခြင်းသဘောရှိ၏။ ပစ်ချခြင်းခံရခြင်းသဘောရှိ၏။"

"ရွှေ၊ ငွေအစရှိသည်ဖြင့် ကောင်းစွာဆန်းကြယ်ကုန်သော မင်း၏ရထားသည် ဆွေးမြေ့တတ်ကုန်၏။ ထိုမှတစ်ပါးခန္ဓာကိုယ်သည်လည်း ဆွေးမြေ့ခြင်းသို့မရောက်နိုင် သူတော်ကောင်းတို့သည် စင်စစ်နိဗ္ဗာန်ကိုပြောကြားကုန်၏။"

**(ကောသလသံယုတ် ဇရာမရဏသုတ်)**

## အဘယ်သူသည် မိမိကိုယ်ကိုချစ်အပ်၊ မချစ်အပ်ပါသနည်း

အခါတစ်ပါး၌ ကောသလမင်းကြီးသည် ဘုရားရှင်ကို-

"အရှင်ဘုရား. . . ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ တစ်ယောက်တည်းနေသောတပည့်တော်အား အဘယ်သူတို့သည် မိမိကိုယ်ကိုချစ်အပ်သည်မည်သနည်း၊ အဘယ်သူတို့သည် မိမိကိုယ်ကိုမချစ်အပ်သည်မည်သနည်း"

ဟု စိတ်အကြံသည်ထင်ရှားဖြစ်ပေါ်ပါ၏။

အရှင်ဘုရား. . . တပည့်တော်အား ထိုအကြံသည်ဖြစ်ပေါ်ပြန်ပါ၏။ အကြင်သူတို့သည် ကိုယ်ဖြင့်မကောင်းသောအကျင့်သုံးပါးကိုကျင့်ကုန်၏။ နှုတ်ဖြင့်မကောင်းသောအကျင့်လေးပါးကိုကျင့်ကုန်၏။ စိတ်ဖြင့်မကောင်းသောအကျင့်သုံးပါးကိုကျင့်ကုန်၏။ ထိုသူတို့သည် မိမိကိုယ်ကိုချစ်အပ်သည်မမည်။ ငါတို့သည် မိမိကိုယ်ကိုချစ်အပ်သည်ဟု အကယ်၍ဆိုငြားအံ့၊ ထိုသို့ပင်ဆိုစေကာမူ ထိုသို့ပင်ဆိုသော်လည်း ထိုသူတို့သည် မိမိကိုယ်ကိုမချစ်အပ်သည်မည်ပါ၏။

ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း။ မချစ်သောသူသည် မချစ်အပ်သောသူ၏ အကျိုးငှါပြုလုပ်အပ်သော အမှုမျိုးကိုမိမိအကျိုးငှါ ကိုယ်တိုင်ပင်ပြုလုပ်ကြကုန်သောကြောင့် ထိုသူတို့သည် မိမိကိုယ်ကိုမချစ်အပ်သည်မည်ပါ၏။

အကြင်သူတို့သည် ကိုယ်ဖြင့်, နှုတ်ဖြင့်, စိတ်ဖြင့်ကောင်းသောအကျင့်ကိုကျင့်ကုန်၏။ ထိုသူတို့သည် မိမိကိုယ်ကိုချစ်အပ်သည်မည်ပါ၏။ ငါတို့သည် မိမိကိုယ်ကိုမချစ်အပ်ဟု အကယ်၍ဆိုစေကာမူ ထိုသို့ပင်ဆိုသော်လည်း ထိုသူတို့သည် မိမိကိုယ်ကိုချစ်အပ်သည်မည်၏။

ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း။ ချစ်သောသူသည် ချစ်အပ်သောသူ၏အကျိုးငှါ ပြုလုပ်အပ်သောအမှုမျိုးကို မိမိအကျိုးငှါပင်ပြုလုပ်ကြသောကြောင့် ထိုသူတို့သည် မိမိကိုယ်ကိုချစ်အပ်သည်မည်၏ဟု အကြံဖြစ်ပါသည်ဘုရား”

ဟုလျှောက်ထားသည်။

“မင်းကြီး. . . ဤအကြံသည် ဤအတိုင်းမှန်ပါ၏။ မိမိကိုယ်ကိုချစ်အပ်၏ဟူ၍ အကယ်၍သိငြားအံ့၊ မကောင်းမှုနှင့်မယှဉ်စေရာ၊ မကောင်းမှုကိုပြုလေ့ရှိသောသူသည် ထိုချမ်းသာကိုရလွယ်သည်မဖြစ်။”

သေမင်းနှိပ်စက်သည်ဖြစ်၍ လူ့ဘဝကိုစွန့်ရသောသူအား အဘယ်သည်လျှင် ထိုသူ၏ဥစ္စာဖြစ်သနည်း။ အဘယ်ကိုယူသွားရသနည်း။ ထိုသူအား အရိပ်သည် အစဉ်လိုက်သကဲ့သို့ အဘယ်သည်လျှင်အစဉ်လိုက်သနည်း။

ဤလောက၌ သတ္တဝါသည်နှစ်ပါးကုန်သော အကြင်ကောင်းမှု၊ မကောင်းမှုကိုပြုရ၏။ ထိုကောင်းမှု-မကောင်းမှုသည်သာလျှင် ထိုသူ၏ဥစ္စာဖြစ်၏။ ထိုဥစ္စာ

ကိုသာလျှင် ယူ၍သွားအပ်၏။ အရိပ်သည်အစဉ်လိုက်သကဲ့သို့ထိုကောင်းမှု-မကောင်းမှုနှစ်ပါးသည်သာလျှင် အစဉ်လိုက်၏။

ထို့ကြောင့် တမလွန်၌အကျိုးရှိသော ဆည်းပူးအပ်သော ကောင်းမှုကိုပြုရာ၏။ ကောင်းမှုတို့သည် တမလွန်လောက၌သတ္တဝါတို့၏ တည်ရာဖြစ်ကုန်၏ဟု ဗုဒ္ဓကမိန့်ကြားဖြေရှင်းပေးတော်မူသည်။

(ကောသလသံယုတ်၊ ပိယသုတ်)

## မိမိကိုယ်ကိုစောင့်ရှောက်သူ-မစောင့်ရှောက်သူ

အခါတစ်ပါး၌ ကောသလမင်းကြီးသည် ဗုဒ္ဓထံမှောက်ရောက်လာပြီး ဘုရားရှင်ကို-

"အရှင်ဘုရား. . . ဤအရပ်၌ ဆိတ်ငြိမ်ရာသို့ကပ်၍ တစ်ယောက်တည်းနေသာ ကျွန်ုပ်အား အဘယ်သူတို့သည် မိမိကိုယ်ကိုစောင့်ရှောက်အပ်သနည်း။ အဘယ်သူတို့သည် မိမိကိုယ်ကိုမစောင့်ရှောက်အပ်သည်မည်သနည်းဟူသော စိတ်အကြံသည်ဖြစ်မိပါ၏။

အရှင်ဘုရား. . . ကျွန်ုပ်အား ဤသို့သောအကြံသည် ဖြစ်ပြန်ပါ၏။ အကြင်သူတို့သည် ကိုယ်, နှုတ်, စိတ်တို့ဖြင့် မကောင်းသောမကျင့်ကို ကျင့်ကုန်၏။ ထိုသူတို့သည် မိမိကိုယ်ကိုစောင့်ရှောက်အပ်သည်မမည်။ ထိုသူတို့ကို ဆင်အပေါင်း မြင်းအပေါင်း၊ ရထားအပေါင်း၊ ခြေသည်သူရဲအပေါင်း၊ အကယ်၍စောင့်ရှောက်ထားငြားအံ့၊ ထိုသို့ပင်စောင့်ရှောက်ထားသော်လည်း ထိုသူသည် မိမိကိုယ်ကိုစောင့်ရှောက်သည်မမည်ပါ။

ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟု ဆိုပါကအကြင်အစောင့်ရှောက်တို့သည် အပဖြစ်သော အစောင့်အရှောက်တို့တည်း၊ ဤအစောင့်အရှောက်များသည် အတွင်း၌ဖြစ်သော အစောင့်အရှောက်မဟုတ်။ ထို့ကြောင့် ထိုသူတို့သည် မိမိကိုယ်ကိုစောင့်ရှောက်အပ်သည်မမည်။

စိတ်တို့ဖြင့် ကောင်းသောအကျင့်ကိုကျင့် ကုန်၏။ ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက်အပ်သည်မည်၏။ ထိုသူတို့ကို ဆင်, မြင်း, ရထား, စစ်သူရဲတို့ မစောင့်ရှောက်သော်လည်း ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက်သည် မည်ပါ၏။

ထိုသို့ဖြစ်ခြင်းကား အဘယ်အကြောင်းကြောင့်နည်းဟုဆိုက ဤအစောင့် အရှောက်သည်အတွင်း၌ဖြစ်သော အစောင့်အရှောက်တည်း။ အပ၌ဖြစ်သော အစောင့်အရှောက်မဟုတ်၊ ထို့ကြောင့် ထိုသူတို့သည် မိမိကိုယ်ကိုစောင့်ရှောက် အပ်သည်မည်၏ဟူသော အကြံသည်ဖြစ်မိပါ၏။

"မင်းကြီး. . . ဤအကြံသည် ဤအတိုင်းမှန်၏။ ကိုယ်, နှုတ်, စိတ်တို့တွင် တစ်ပါးပါးခြင့် စောင့်စည်းခြင်းသည်ကောင်းလှ၏။ အလုံးစုံစောင့်စည်းခြင်းသည် ကောင်း၏။ အလုံးစုံတို့၌စောင့်စည်းသော ရှက်ခြင်းရှိသောသူကို မိမိကိုယ်ကိုစောင့် ရှောက်သောသူ ဟုသိအပ်၏။

## ဤလောက၌ ကာမဂုဏ်မမက်သောသူတို့ နည်းလှပုံ

တစ်နေ့သောအခါ ကောသလမင်းကြီးသည် ဗုဒ္ဓထံသို့ကပ်ရောက်၍-

"အရှင်ဘုရား. . . ဤအရပ်၌ ဆိတ်ငြိမ်ရာသို့ကပ်၍ တစ်ယောက်တည်း နေသော ကျွန်ုပ်အားဤသို့သော စိတ်အကြံသည်ဖြစ်ပေါ်ပါ၏။ အကြင်သတ္တဝါ တို့သည် မြတ်ကုန်၊ များကုန်သော စည်းစိမ်ဥစ္စာတို့ကိုရကုန်၍ ယစ်လည်းမယစ် ကုန်၊ မေ့လျော့လည်းမမေ့လျော့ကုန်၊ ကာမဂုဏ်၌တပ်မက်ခြင်းသို့လည်းမရောက် ကုန်၊ ထိုသတ္တဝါတို့သည် လောက၌နည်းကုန်၏။

စင်စစ်သော်ကား မြတ်ကုန်၊ များကုန်သောစည်းစိမ်ဥစ္စာတို့ကို ရကုန်၍ ယစ်လည်းယစ်ကုန်၏။ မေ့လျော့လည်းမေ့လျော့ကုန်၏။ ကာမဂုဏ်တို့၌တပ်မက် ခြင်းသို့လည်း ရောက်ကုန်၏။ သတ္တဝါတို့၌ဖောက်ပြန်၍ ကျင့်ကုန်၏။ ထိုသတ္တ ဝါတို့သည်သာလျှင် လောက၌အလွန်များကုန်၏ဟူသော အကြံသည်ဖြစ်ပေါ်ပါ၏" ဟု လျှောက်ထားသည်။

"မင်းကြီး. . . သင်၏ဤအကြံသည် ဤအတိုင်းမှန်ပါ၏။ အကြင်သူတို့သည် ကာမဂုဏ်စည်းစိမ်တို့၌ အလွန်တပ်မက်ကုန်သည်။ ကာမဂုဏ်တို့၌ မက်မောကုန်သည်။ တွေဝေမိန်းမောကုန်သည်ဖြစ်၍ သားသမင်တို့သည် ထောင်ထားသောထောင်ချောက်ကျော့ကွင်းကို မသိကုန်သကဲ့သို့ မိမိလွန်ကျူးမှုကိုမသိကုန်၊ ထိုသူတို့အား နောင်အခါ၌ခါးစပ်သော အကျိုးဖြစ်၏။ မှန်၏။ ထိုသူအားယုတ်ညံ့သောအကျိုးသာဖြစ်ကုန်၏။"

ဟု ဗုဒ္ဓကမိန့်ကြားဖြေရှင်းပေးလေသည်။

**(ကောသလသံယုတ်၊ အပ္ပကသုတ်)**

## သိလျက်နှင့်စစ်မှန်သောစကားဆိုကြသော အကျိုးကြီးသူများ

တစ်နေ့သောအချိန် ကောသလမင်းကြီးသည် ဘုရားရှင်ထံရောက်ပြီး-

"အရှင်ဘုရား. . . တရားဆုံးဖြတ်ရာ ဤအရပ်၌နေသော ကျွန်ုပ်သည် ကြွယ်ဝကုန်သော များစွာကုန်သော ဉစ္စာရှိကုန်သော များစွာသောရွှေ ငွေအသုံးအဆောင်၊ အဆောက်အဦးနှင့် ဆန်စပါးရှိကုန်သော ကာမဟူသောအကြောင်းရင်းကြောင့် ကာမဟူသောအထောက်အပံ့ကြောင့် ကာမဟူသောအကြောင်းခံကြောင့် သိလျက်နှင့်မမှန်သောစကားကို ဆိုကုန်သောခတ္တိယမဟာသာလမျိုး၊ ပြဟ္မဏလမျိုး၊ ဂဟပတိမဟာသာလမျိုးတို့ကို တွေ့မြင်နေရပါ၏။

အရှင်ဘုရား. . . ကျွန်ုပ်အား ငါသည်ယခုအခါ၌ တရားဆုံးဖြတ်သဖြင့် အကျိုးမရှိ ကောင်းသောမျက်နှာရှိသော ဝိဋူဍဘသည်ယခုအခါ၌ တရားဆုံးဖြတ်ခြင်းဖြင့် ထင်ရှားလတ့်ဟု အကြံဖြစ်ပါ၏။"

ဟုလျှောက်ထားသည်။

"မင်းကြီး. . . ဤအကြံသည် ဤအတိုင်းမှန်၏။ အကြင်သူတို့သည် ကာမဂုဏ်စည်းစိမ်တို့၌ အလွန်တပ်မက်ကုန်သည်။ မက်မောကုန်သည်ဖြစ်၍ တွေဝေမိန်းမောကုန်သည်ဖြစ်၍ ငါးတို့သည်ထောင်ထားသောမြှုံးကို မသိကုန်သကဲ့သို့ မိမိလွန်ကျူးမှုကိုမသိကုန်၊ ထိုသူတို့သည် ခါးစပ်သောအကျိုးဖြစ်၏။ မှန်၏။ ထိုသူတို့အား ယုတ်ညံ့သောအကျိုးသာဖြစ်၏"

ဟု ဗုဒ္ဓကမိန့်ကြားဖြေရှင်းပေးသည်။

**(ကောသလသံယုတ် အဍ္ဍကရဏသုတ်)**

## မိမိထက်ပိုချစ်သောသူ ဤလောက၌မရှိပါ

တစ်နေ့တွင် ကောသလမင်းကြီးသည် မလ္လိကာမိဖုရားနှင့်အတူ မြတ်သော ပြာသာဒ်ထက်၌နေစဉ် မင်းကြီးကမလ္လိကာမိဖုရားကို-

"မလ္လိကာ. . . သင့်အား မိမိထက်ပို၍ချစ်အပ်သော အခြားတစ်စုံတစ် ယောက်သောသူသည် ရှိသလော"

ဟုမေးသည်။

"မင်းကြီး. . . ကျွန်ုပ်အား မိမိထက်ပို၍ ချစ်အပ်သောအခြားတစ်စုံတစ် ယောက်သောသူသည်မရှိပါ။ မင်းကြီးရော မိမိထက်ချစ်အပ်သော အခြားတစ်စုံ တစ်ယောက်သောသူသည် ရှိပါသေးသလော။"

ဟု ပြန်မေးသည်။

"မလ္လိကာ. . . ငါ့အားလည်း မိမိထိထက်ပို၍ချစ်အပ်သော အခြားတစ်စုံ တစ်ယောက်သူသည် မရှိပါ။

ကောသလမင်းကြီး ထိုသို့အဖြေပေးပြီးပြာသာဒ်မှ ဆင်းသက်ကာ မြတ်စွာ ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းသို့သွား၍ ဘုရားရှင်အားရှိခိုးကာ မိမိနှင့်မိဖုရား တို့ မိမိထက်ပို၍ ချစ်သူရှိ-မရှိမေးမြန်းကြပုံအကြောင်းစုံကို လျှောက်ထားပြသည်။

ထိုအခါ ဘုရားရှင်ကဂါထာဖြင့်-

"အလုံးစုံသော အရပ်မျက်နှာတို့သို့ စိတ်ဖြင့်အစဉ်လှည့်လည်ရှာဖွေသွား လာသော်လည်း တစ်စုံတစ်ခုသောအရပ်၌ မိမိထက်ပို၍ ချစ်အပ်သောသူကိုမရ နိုင်၊ ဤအတူပင် များစွာကုန်သောအခြားသူတို့သည်လည်း မိမိကိုယ်ကိုသာချစ် အပ်၏။ ထို့ကြောင့် အကျိုးစီးပွားကို အလိုရှိသောသူသည် သူတစ်ပါးကိုမညှဉ်း ဆဲရာ"

ဟု ဖြေကြားပေးတော်မူသည်။

**(ကောသလသံယုတ်၊ မလ္လိကသုတ်)**

## ကောသလမင်းကြီး၏ သားကောင်းများနှင့်ယာဇ်စီရင်မှု

တစ်နေ့သောအခါ ကောသလမင်းကြီးသည် ကြီးစွာသောယာဇ်ပူဇော်ပသ,မှုကိုပြုလုပ်ရန် ဥသဘနွားငါးရာ၊ နွားထီးငါးရာ၊ နွားမငယ်ငါးရာ၊ ဆိတ်ငါးရာ၊ သိုးငါးရာတို့ကို ယာဇ်တိုင်၌ဖွဲ့ချည်ထားသည်။

မင်းကြီး၏ ကျွန်ယောကျာ်း ကျွန်မိန်းမ အစေအပါးတို့သည် ဒဏ်ဖြင့်ခြိမ်းခြောက်အပ်ကုန်သည်၊ ဘေးဖြင့်ခြိမ်းခြောက်အပ်ကုန်သည်ဖြစ်၍ မျက်ရည်ဖြင့်ပြည့်သော မျက်နှာရှိကုန်လျက် ငိုကြွေးကြကာ ယာဇ်အမှုတို့ကို ပြုလုပ်ဆောင်ရွက်နေကြရသည်။

ထိုအကြောင်းကို သာဝတ္ထိမြို့ထဲသို့ ဆွမ်းခံဝင်ကြသော များစွာသောရဟန်းတို့က ကြား၊ မြင်၊ တွေ့သိ၍ ဘုရားရှင်အား လျှောက်ထားပြုလုပ်ထားကြလေသည်၊

ထိုအခါ ဘုရားရှင်က ဂါထာဖြင့်-

"အဿမေဓယာဇ်၊ ပုရိသမေဓယာဇ်၊ သမ္မာပါသယာဇ်၊ ဝါဇပေယျယာဇ်၊ နိရဂ္ဂလယာဇ် ဟူသောများသောပြုဖွယ်ရှိကုန်သော ထိုယာဇ်ကြီးတို့သည် အကျိုးမကြီးကုန်။

ယင်းယာဇ်ကြီးတို့၌ အထူးထူးအပြားပြားသောဆိတ်နှင့် သိုးတို့ကိုလည်းကောင်း၊ နွားတို့ကိုလည်းကောင်း သတ်ရကုန်၏။ ညီညွတ်ခြင်းကိုသို့ရောက်ကုန်သော အမြတ်-သီလစသောဂုဏ်အထူးကို ရှာမှီးလေ့ရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည် ထိုယာဇ်သို့မချဉ်းကပ်ကုန်။

အကြင်ယာဇ်တို့သည်ကား သူတစ်ပါးတို့ကို သတ်ဖြင့်ညှဉ်းဆဲခြင်းမရှိကုန်၊ အခါခပ်သိမ်းမျိုးရိုးစဉ်ဆက်အလှူကိုပူဇော်ကုန်၏။ ဤသို့ အထူးထူးအပြားပြားသောဆိတ်၊ သိုး၊ နွားတို့ကို မသတ်ဖြတ်ကုန်၊ ညီညွတ်ခြင်းသို့ရောက်ကုန်သော အမြတ်(သီလ)စသောဂုဏ်ထူးကို ရှာမှီးလေ့ရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့လည်း ထိုယာဇ်ကိုချဉ်းကပ်ကုန်၏။

ပညာရှိတို့သည် ထိုယာဇ်ကိုပူဇော်ကုန်၏။ ထိုယာဇ်သည်ကြီးမြတ်သော အကျိုးရှိ၏။ ထိုယာဇ်ကိုပူဇော်သူအား မြင့်မြတ်သည်သာဖြစ်၏။ ယုတ်ညံ့မှုမဖြစ်

ယာဇ်သည်လည်းပြန့်ပြော၏။ နတ်တို့သည်လည်း ကြည်ညိုကြကုန်၏။"
ဟူ၍ ဗုဒ္ဓက မိန့်ကြားအဖြေပေးခဲ့သည်။

(ကောသလသံယုတ်၊ ယညသုတ်)

## နှောင်ဖွဲ့မှုအစစ်အမှန်ဟူသည်

အခါတစ်ပါး၌ ကောသလမင်းသည် လူများအပေါင်းတို့တွင် အချို့ကိုကြိုးတို့ဖြင့် အချို့ကိုလက်ထိပ်တို့ဖြင့်၊ အချို့ကိုသံခြေကျင်းတို့ဖြင့် နှောင်ဖွဲ့ထားကုန်သည်။

ထိုသည်ကို သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်ကြသော ရဟန်းတို့ကတွေ့မြင်ကြ၍ ဆွမ်းကိစ္စပြီးသော် ထိုအကြောင်းကို ဘုရားရှင်အားလျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က ရဟန်းများကိုဂါထာဖြင့်-

"သံ၊ သစ်သား၊ လျှော်တို့ဖြင့်ပြုအပ်သော အဖွဲ့ကိုခိုင်မြဲသောအနှောင်အဖွဲ့ဟူ၍ ပညာရှိတို့မဆိုကုန်၊ ကျောက်မျက်ရတနာ၊ နားတောင်းတို့၌လည်းကောင်း၊ သားသမီးတို့၌လည်းကောင်း၊ မယားတို့၌လည်းကောင်း၊ အလွန်အမင်းနှစ်သက်သည်ဖြစ်၍ အကြင်ငဲ့ကွက်ခြင်းရှိကုန်၏။

အပါယ်သို့ဆောင်တတ်သော လျော့သောအဖြေခက်သော ထိုငဲ့ကွက်ခြင်းအနှောင်အဖွဲ့ကိုမြဲသော အနှောင်အဖွဲ့ဟူ၍ ပညာရှိတို့သည် ဆိုကြကုန်၏။ ထိုပညာရှိတို့သည် ထိုအနှောင်အဖွဲ့ကို ဖြတ်ကုန်၍ ကာမဂုဏ်ချမ်းသာကို ပယ်ဖျက်ငဲ့ကွက်ခြင်းမရှိကုန်ပဲ ထွက်မြောက်ကုန်၏။"
ဟူရွတ်ဆိုဟောတော်မူသည်။

(ကောသလသံယုတ်၊ ဗန္ဓသုတ်)

## အချို့သောမိန်းမပြတ်၏ သားကောင်းမိခင်ဖြစ်၍ နိုင်ငံတော်အတွက်အကျိုးရှိစေ၏

တစ်နေ့သောအခါ ကောသလမင်းကြီးသည် ဘုရားရှင်ထံချဉ်းကပ်၍ တရားစကားဆွေးနွေးနေသည်။

ထိုအချိန်တွင် မင်းချင်းတစ်ယောက်သည် လာရောက်၍ ကောသလမင်းကြီးနားသို့ကပ်ပြီး-

"အရှင်မင်းကြီးမလ္လိကာမိဖုရားသည် သမီးတော်ကို ဖွားမြင်ပါ၏။" လျှောက်ထားသည်။

ဤစကားကိုကြားသော် ကောသလမင်းကြီးသည် နှလုံးမသာမယာဖြစ်မိလေသည်။ ဘုရားရှင်သည်ကောသလမင်း၏ နှလုံးမသာမယာဖြစ်သည်ကိုသိ၍

"လူတို့ကိုအစိုးရသောမင်း သမီးတော်ကိုကျွေးမွေးသုတ်သင်လော၊ ပညာရှိသော အကျင့်သီလရှိသော ယောက္ခမကို နတ်ကဲ့ရိုသေသော လင်ကိုကျွေးသော အချို့သောအမျိုးသမီးသည်ဖြစ်၏။

အရပ်မျက်နှာတို့၏ အရှင်ဖြစ်သောမင်း ထိုမိန်းမအားအကြင်သားယောကျ်ားကို မွေးဖွား၏။ ထိုသို့သဘောရှိသော မိန်းမကောင်း၏သားသည် ရဲရင့်၏။ တိုင်းပြည်ကိုလည်း အုပ်ချုပ်ဆုံးမနိုင်၏။"

ဟု ဘုရားရှင်ကဂါထာဖြင့် ရွတ်ဆိုဟောပြတော်မူသည်။

**(ကောသလသံယုတ်၊ မလ္လိကာသုတ်)**

## အဆင်းမြင်ကာမျှ ရွှေမဟုတ် အမြင်ရွှေရောင်၊ အတွင်းအပုပ်( ကျီးအာသီးမှည့်ပမာ) ရှိသူ

အခါတစ်ပါးဘုရားရှင်သည် ဝိသာခါကျောင်း၊ ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။ တစ်နေ့သောညနေအချိန်ဝယ် တစ်ပါးတည်းကိန်းအောင်းရာမှ ထ,၍ တံခါးမုခ်အပြင်၌ ထိုင်တော်မူသည်။

ထိုအချိန်ဝယ် ကောသလမင်းသည် ရောက်လာပြီးဘုရားရှင်ကို ရှိခိုးကာ တစ်နေရာ၌ထိုင်နေစဉ်

- ရှည်သောလက်ကတီးမွေးရှည်၊ ခြေသည်းလက်သည်း၊ ရှည်သောအမွေး ရှိကုန်သော ဆံကျစ်ထုံးရသေ့ ခုနှစ်ယောက်
- နိဂဏ္ဌတကက္ကတွန်း၊ ခုနှစ်ယောက်
- အစေလကကတ္တန်း ခုနှစ်ယောက်
- တစ်ထည်တည်းဝတ်သော တိတ္ထိခုနှစ်ယောက်
- ပရဗိုက်ခုနှစ်ယောက် တို့သည်အထူးထူးအဖြာဖြာသောရသေ့အသုံး အဆောင်တို့ကိုယူကုန်၍ မြတ်စွာဘုရား၏ မနီးမဝေးမှနေ၍ လွန်၍လွန်၍ သွားကြလေသည်။

ထိုအခါ ပသေနဒီကောသမင်းသည် နေရာမှထ,ကာ ပခုံးတစ်ဖက်၌ ကိုယ်ဝတ်ကိုစံပယ်တင်၍ ပုဆစ်ဒူးဝတ်ကို မြေ၌ထောက်လျက်-

ထိုပုဂ္ဂိုလ်များ တစ်သုတ်နှင့်တစ်သုတ်ပြီးတစ်သုတ်သွားတိုင်း ထိုပုဂ္ဂိုလ်ရှိရာဘက်သို့ လက်အုပ်ချီလျက်-

"အရှင်ဘုရားတို့ ကျွန်ုပ်သည်ပသေနဒီကောသလမင်းတည်း။"
ဟု သုံးကြိမ်အမည်ပြောပြကာ လျှောက်ထားသည်။

ထိုပုဂ္ဂိုလ်တို့အားလုံး လွန်သွားသော် ကောသလမင်းကြီးသည် မြတ်စွာဘုရားထံ တစ်ဖန်ချဉ်းကပ်ရှိခိုး၍-

"အရှင်ဘုရား. . . လောက၌အကြင်ရဟန္တာပုရဂ္ဂိုလ်သည်လည်းကောင်း အရဟတ္တမဂ်ကိုရကုန်သောပုဂ္ဂိုလ်တို့သည်လည်းကောင်း ရှိပါကုန်၏။ ထိုရသေ့တက္ကတွန်းပရဗိုဇ်တို့သည်လည်းကောင်း၊ ထိုရဟန္တာမဂ်ရသူတို့တွင် တစ်ယောက်အပါအဝင်ဖြစ်ပါကုန်၏။"
လျှောက်ထားသည်။

"မင်းကြီး. . . ကာမဂုဏ်ကို ခံစားလေ့ရှိသော သားသမီးတို့ဖြင့် ကျဉ်းမြောင်းသောနေရာ၌ ကာသိတိုင်းဖြစ်ထွက် စန္ဒကူးကိုသုံးဆောင်သော ပန်းနံ့သာ နံ့သာပျောင်းကိုဆောင်လေ့ရှိသော ရွှေ ငွေကိုသာယာသော လူဖြစ်သောသင်

သည် ဤပုဂ္ဂိုလ်တို့သည် ရဟန္တာဖြစ်သည်။ ဤပုဂ္ဂိုလ်တို့သည် အရဟတ္တမဂ်သို့ ရောက်ကုန်သည်ဟူသော အကြောင်းကိုသိနိုင်ခဲကုန်သည်သာတည်း၊

မင်းကြီး. . . သီလကိုအတူတကွနေသဖြင့် သိနိုင်၏။ ထိုသို့သိခြင်းသည် လည်း ကာလကြာမြင့်မှသာ သိနိုင်ပါ၏။ တိုသောကာလဖြင့် မသိနိုင်၊ နှလုံးသွင်း သူသာသိနိုင်၏။ နှလုံးမသွင်းသူမသိနိုင်၊ ပညာရှိသာသိနိုင်၏။ ပညာမဲ့သူမသိနိုင်၊

မင်းကြီး. . . စင်ကြယ်သောအဖြစ်ကို နှီးနှောပြောဆိုသဖြင့် သိနိုင်၏။ ထိုသို့သိခြင်းသည် ကာလကြာမြင့်မှသာသိနိုင်၏။ တိုသောကာလဖြင့်မသိနိုင်။ နှလုံး သွင်းသူသာသိနိုင်၏။ ပညာရှိသာသိနိုင်၏။ ပညာမဲ့သူမသိနိုင်၊

မင်းကြီး. . . ဘေးရန်ရှိသောအခါတို့၌ ဉာဏ်စွမ်းကိုသိနိုင်၏။ ထိုဉာဏ် စွမ်းကိုလည်း ကာလကြာမြင့်မှသာသိနိုင်၏။ တိုသောကာလဖြင့် မသိနိုင်၊ နှလုံး သွင်းသူသာသိနိုင်၏။ နှလုံးမသွင်းသူမသိနိုင်၊ ပညာရှိသာသိနိုင်၏။ ပညာမဲ့သူ မသိနိုင်၊

မင်းကြီး. . . ပညာကိုဆွေးနွေးသဖြင့်သာသိနိုင်၏။ ထိုဆွေးနွေးခြင်းကို လည်း ကာလကြာမြင့်မှသိနိုင်၏။ တိုသောကာလဖြင့်မသိနိုင်။ နှလုံးသွင်းသူသာ သိနိုင်၏။ နှလုံးမသွင်းသူမသိနိုင်၊ ပညာရှိသာသိနိုင်၏။ ပညာမဲ့သူမသိနိုင်။” ဟု ဘုရားရှင်ကမိန့်ကြားသည်။

“အရှင်ဘုရား. . . အံ့ဖွယ်ဖြစ်ပါ၏။ မဖြစ်ဖူးမြဲဖြစ်ပါ၏။ အရှင်ဘုရားမိန့် ဆိုခဲ့သော ဤစကားတို့သည် အလွန်ကောင်းစွာစကားတို့ ဖြစ်ပါ၏။

“အရှင်ဘုရား. . . တပည့်တော်၏မင်းချင်းယောကျ်ားဖြစ်ကုန်သော လျှို့ဝှက်လှည့်လည်ကုန်သော ထိုသူလျှိုတို့သည် ဇနပုဒ်ကိုစူးစမ်း၍ လာကုန်၏။ ထိုသူလျှိုတို့သည် ရှေးဦးစွာစုံစမ်းအပ်ပြီးသည်တို့ကို ကျွန်ုပ်သည်နောက်မှဆုံးဖြတ် ပြီးစီးစေပါ၏။

အရှင်ဘုရား. . . ယခုအခါ၌ ထိုမင်းချင်းတို့သည် ထိုမြူအညစ်အကြေး ကိုမျှောကုန်၍ ကောင်းစွာလိမ်းကျံအပ်ကုန်သည်။ ပြုပြင်ပြီးသော ဆံမုတ်ဆိတ် ရှိသည်ဖြစ်၍ ဖြူစင်သောအဝတ်ကိုဝတ်လျက် ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့် စုံကုန်သည်ဖြစ်၍ မေ့လျော့ကုန်လတ့်”

ဟု လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က ဂါထာဖြင့်-

"အဆင်းသဏ္ဍာန်ဖြင့် လူကိုသိလွယ်သည်မဟုတ်၊ အခိုက်အတန့်ကာမျှဖြင့် အကျွမ်းမဝင်ရာ၊ ကိုယ်, နှုတ်, နှလုံး မစောင့်စည်းသောသူတို့သည် ကောင်းစွာကိုယ်, နှုတ်, နှလုံးစောင့်စည်းသူတို့၏ အသုံးအဆောင်ဖြင့် ဤလောကကိုလှည့်လည်ကုန်၏။

အတွင်း၌မစင်ကြယ်ကုန်သောသူတို့သည် အတုဖြစ်သောမြေနားတောင်းကဲ့သို့လည်းကောင်း၊ ကြေးပဲဝက်မျှထိုက်သော ရွှေရည်ပွက်ရာနားတောင်းကဲ့သို့ အပ၌တင့်တယ်ကုန်သည်ဖြစ်၍ အခြံအရံဖြင့်ဖုံးလွှမ်းကုန်သည်ဖြစ်၍ ဤလောက၌ လှည့်လည်ကုန်၏။"

ဟုရွတ်ဆိုဟောပြတော်မူသည်။

(ကောသလသံယုတ်၊ ဒုတိယဝဂ်၊ သတ္တဇဋိလသုတ်)

## အမြတ်ဆုံးသောအာရုံငါးပါးကာမဂုဏ်တရား

အခါတစ်ပါး၌ သာဝတ္ထိပြည် ကောသလမင်းကြီး၏ နန်းတော်ဝယ် ကာမဂုဏ်ငါးပါးခံစားမှုနှင့် ပြည့်စုံကြကုန်သောမင်းတို့သည် စုဝေးမိကြသည်။

အချို့သောမင်းတို့က. . . ကာမဂုဏ်တို့တွင် ရူပါရုံ (အဆင်း) သည် မြတ်ကုန်၏။

အချို့သောမင်းတို့က. . . ကာမဂုဏ်တို့တွင် သဒ္ဒါရုံ(အသံ)သည် မြတ်ကုန်၏။

အချို့သောမင်းတို့က. . . ကာမဂုဏ်တို့တွင် ဂန္ဓာရုံ(အနံ့) သည် မြတ်ကုန်၏။

အချို့သောမင်းတို့က. . . ကာမဂုဏ်တို့တွင် ရသာရုံ(အရသာ)သည် မြတ်ကုန်၏။

အချို့သောမင်းတို့က. . . ကာမဂုဏ်တို့တွင် ဖောဋ္ဌဗ္ဗာရုံ (အတွေ့အထိ)သည် မြတ်ကုန်၏။

ဟု အသီးသီးမိမိတို့စိတ်အာရုံ နှစ်သက်ရာတို့ကို မြတ်သည်ဟုပြောဆိုနေကြသည်။ မည်သူကမျှ မည်သူကိုအရှုံးအနိုင် အဆုံးအဖြတ်မပေးနိုင်ကြချေ။

ထိုအခါ ကောသလမင်းက ထိုမင်းတို့ကို

"အချင်းတို့လာသွားကြကုန်၊ မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာ

ဘုရားအား ထိုအကြောင်းကိုလျှောက်ထားပြီး မြတ်စွာဘုရားပြောဟောသည့် အတိုင်း ထိုအကြောင်းကိုမှတ်ကြကုန်အံ့”
ဟု ပြောပြသည်။

“အကြည်တော်ကောင်းပါပြီ”

ထိုမင်းတို့သည် ကောသလမင်းကြီး ပြောပြသည့်အတိုင်း သဘောတူ လက်ခံကြပြီး ဘုရားရှင်ထံသို့ သွားရောက်ကြပြီး ထိုအကြောင်း ထိုပြဿနာတို့ကို လျှောက်ထားပြကြလေသည်။ ထို့နောက် ကောသလမင်းကြီးက-

“အရှင်ဘုရား. . . ကာမဂုဏ်တို့တွင် အဘယ်သည်မြတ်ပါသနည်း” ဟု လျှောက်ထားသည်။

“မင်းကြီး. . . ကာမဂုဏ်ငါးပါးတို့၌ နှစ်သက်ခြင်းလျှင် အထွတ်အထိပ် ရှိသော ကာမဂုဏ်ကိုစစ်စစ်မြတ်၏ဟူ၍ ငါဘုရားဟောတော်မူ၏။ ရူပါရုံတို့သည် ပင် အချို့သောသူအား နှစ်သက်ဖွယ်ဖြစ်ကုန်၏။ အချို့သောသူတို့အား နှစ်သက် ဖွယ်မဖြစ်ကုန်။”

အကြင်သူတို့သည် အကြင်ရူပါရုံတို့ဖြင့် နှစ်လို၏။ ပြည့်စုံသောအကြံရှိ ၏။ ထိုသူသည် ထိုရူပါရုံတို့မှတစ်ပါးသော အထူးသဖြင့် လွန်သည်လည်းဖြစ်သော မြတ်သည်လည်းဖြစ်သော ရူပါရုံကိုမတောင့်တ၊ ထိုသူက ထိုရူပါရုံတို့သည် ပြတ် ကုန်၏။ ထိုသူအား ထိုရူပါရုံတို့သည် အတူမရှိကုန်။

ဗုဒ္ဓကဆက်လက်၍ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့နှင့်သက်သက် အထက်ပါ ရူပါရုံအတိုင်း ပြတ်ပုံ၊ အတူမရှိကုန်မှုအကြောင်းတို့ကို ဟောပြတော်မူ သည်။

ထိုအချိန်ဝယ် စန္ဒနင်္လိကဉပါသကာသည် ထိုပရိတ်သတ်အလယ်၌ရှိ နေရာ သူသည်နေရာမှထ,ကာ ပခုံးထက်၌ကိုယ်ဝတ်ကို စပ်ပါယ်တင်လျက် ဘုရား ရှင်ကို လက်အုပ်ချီကာ-

“ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . ကျွန်ုပ်အား တစ်ခုသော အကြောင်းသည် ထင်လာပါ၏။ ကောင်းသောစကားကိုဆိုတော်မူသော မြတ်စွာ ဘုရား ကျွန်ုပ်အားတစ်ခုသောအကြောင်းသည် ထင်လာပါ၏။”
ဟု လျှောက်ထားသည်။

"စနင်္ဂလိက သင်ထင်သောအကြောင်းသည် အဘယ်နည်းဆိုပါလော"

"ကောင်းသောအနံ့ရှိသော နံနက်အခါ၌ပွင့်သော ကောင်းသောအနံ့ရှိသော ကောလနဒအမည်ရှိသော ပဒုမာကြာကဲ့သို့လည်းကောင်း၊ ကောင်းကင်၌ ထွန်းတောက်ပသော နေမင်းကဲ့သို့လည်းကောင်း၊ တင့်တယ်တော်မူသော ကိုယ်တော်မှ ပြိုးပြိုးပြက်ပြက်ထွက်သော အရောင်ရှိတော်မူသော မြတ်စွာဘုရားကို ဖူးမြင်လော"

ဟု ဂါထာကိုချီးကျူးလျှောက်ထားလေသည်။

ထိုအခါ ထိုမင်းငါးပါးတို့သည် စနင်္ဂလိကဥပါသကာအား ငါးထည်သော စုလျားပုဆိုးတို့ကို ပေးကြကုန်သည်။ စနင်္ဂလိကဥပါသကာသည် ထိုပုဆိုးငါးထည်ကို ဘုရားရှင်အားသာ ပြန်လှူလေသည်။

(ကောသလသံယုတ်- ပဉ္စရာဇသုတ်)

## ကောသလမင်းအား ဘုရားရှင်ကဆုံးမသောမင်းကျင့်တရား

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် အချိန်ဖြစ်သည်။

တစ်နေ့တွင် ကောသလမင်းကြီးသည် အဂတိသို့လိုက်အပ်သောဆုံးဖြတ်ခက်ခဲသောအမှုတစ်ခုကို တရားသဖြင့်ဆုံးဖြတ်ပြီးလျှင် နံနက်စာစားပြီးသော် စွတ်စိုသောလက်ရှိလျက်သာလျှင် တန်ဆာဆင်အပ်သောရထားကိုစီး၍ ဘုရားရှင်၏အထံသို့သွားသည်။

ပွင့်သောပဒုမ္မာကြာကဲ့သို့ တင့်တယ်ခြင်းရှိသော ဘုရားရှင်၏ခြေတော်တို့၌ရှိခိုး၍ တင့်အပ်သောအရပ်၌ ထိုင်နေသည်။

"မြတ်သောမင်းကြီး သင်သည်အဘယ်အကြောင်းကြောင့် ယခုအလွန်နေမြင့်မှသာလျှင် လာခဲ့သနည်း။"
ဟု ဘုရားရှင်ကမေးသည်။

"မြတ်စွာဘုရား. . . ယနေ့တပည့်တော်သည် တစ်ခုသောအာဂတိလိုက်အပ်သော ဆုံးဖြတ်ရန်ခက်ခဲသောတရားကို တရားသဖြင့် ဆုံးဖြတ်ခြင်းကြောင့် ယခုမှအခွင့်ကိုရ၍ တရားကိုပြီးစေပြီးလျှင် နံနက်စာစား၍ စွတ်စိုသောလက်ရှိလျက်သာလျှင် အရှင်ဘုရားတို့အားခ,စား ပူဇော်ဖူးမြော်ရန်လာခြင်း ဖြစ်ပါသည်ဘုရား"

"မြတ်သောမင်းကြီး. . . တရားနှင့်ညီစွာ တရားကိုဆုံးဖြတ်ခြင်းမည်သည်ကား ကောင်း၏။ ဤတရားနှင့်ညီစွာ စီရင်ခြင်းသည် နတ်ရွာခရီးတည်း။ မြတ်သော

မင်းကြီး. . . ငါကဲ့သို့သော အလုံးစုံသိသောဘုရား၏အထံမှ အဆုံးအမကိုရကုန်၍ သင်မင်းကြီးသည် တရားနှင့်ညီစွာတရားကို အကြင်ကြောင့်ဆုံးဖြတ်ကုန်ရာ၏။ ထိုသို့ဆုံးဖြတ်ခြင်းသည် စင်စစ်အံ့ဘွယ်မရှိသေးပါ။ ရှေးမင်းတို့သည် အလုံးစုံသော တရားတို့ကိုမသိကုန်သော်လည်း ပညာရှိတို့၏စကားကို နာရကုန်၍ တရားနှင့်ညီစွာ တရားကိုဆုံးဖြတ်ကုန်လျက် လေးပါးသောကုန်သော မပေးအပ်သော ချစ်ခြင်းအစ ရှိသည်တို့သို့ လားခြင်းတို့ကိုကြဉ်ရှောင်ကုန်၍ မင်းကျင့်တရားတို့ကို မပျက်စေကုန်မူ၍ တရားသဖြင့်မင်းပြုကုန်၍ နတ်ပြည်၏ဖြစ်ခြင်းကိုပြုကုန်လျက် ဖြစ်ခဲ့ဖူးကြပြီး ထိုဖြစ်ဖူးခြင်းသည်သာ အံ့ဘွယ်ရှိပါ၏။"

"မြတ်စွာဘုရား. . . ရှေးပညာရှိတို့ ဆုံးမအပ်သောမင်းကျင့်တရားဆယ်ပါးအကြောင်းတို့ကို အကျယ်သိပါရစေဘုရား"

"မင်းကြီး. . . ကောင်းစွာနှလုံးသွင်းလော့၊ ဟောပြပေးမည်"

"ကောင်းလှပါပြီဘုရား"

"မြတ်သောမင်းကြီး. . . ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏မိဖုရားကြီး၌ သန္ဓေတည်ပြီး ချမ်းသာစွာမွေးဖွားခဲ့ရ၏။

ထိုမင်းသားအမည်မှည့်သောနေ့၌ကား ဗြဟ္မဒတ်သတို့သား ဟူသော အမည်ကိုသာလျှင် အမည်ပေးထားသည်။

ဗြဟ္မဒတ်သတို့သားသည် အစဉ်သဖြင့်အရွယ်သို့ရောက်၍ (၁၆)နှစ်ရှိသောကာလ တက္ကသိုလ်ပြည်သို့သွား၍ ခပ်သိမ်းသောအတတ်ပညာတို့ကို သင်ယူပြီး အဘကွယ်လွန်သော် မင်းအဖြစ်၌တရားနှင့်ညီစွာ မင်းပြုလေသည်။

ဆန္ဒ, ဘယ, စသောအာဂတိတရားလေးပါးအစွမ်းအားဖြင့် မလားအပ်သောအရာသို့ မလားမူ၍ အဆုံးအဖြတ်ကို စီရင်ဆုံးဖြတ်လေ့ရှိသည်။

ဘုရားလောင်းဗြဟ္မဒတ်မင်းသည် ဤသို့တရားသဖြင့် မင်းပြုသည်ရှိသော် အမတ်တို့သည်လည်း မှန်ကန်စွာသာလျှင် တရားကိုဆုံးဖြတ်ကုန်၏။ တရားတို့ကို မှန်ကန်စွာဆုံးဖြတ်စီရင်အပ်သည်ရှိသော် ကောက်ကျစ်တရား၊ ဖောက်ပြန်တရား ပြုလုပ်သူတို့မရှိကြသဖြင့် တရားရင်ဆိုင်သောမင်းရင်ပြင်၌ တရားဆုံးဖြတ်မှုတို့သည် ဆိတ်သုဉ်းကုန်သည်။

တရားအမတ်တို့သည် တစ်နေ့ပတ်လုံး တရားဆုံးဖြတ်ရမည်။တစ်နေ့ တရားဆုံးဖြတ်ရာအရပ်၌နေကုန်၍ တစ်စုံတစ်ယောက်သောသူကို တရားဆုံးဖြတ်စိမ့်သောငှါ လာလတ်သည်တို့ကိုမမြင်ကုန်၍ တရားရုံးမှထ,၍ ပြန်ကြရသည်သာများသည် နောက်ဆုံးတရားဆုံးဖြတ်ရာအရပ်သည် စွန့်အပ်သည်အဖြစ်သို့ရောက်ရလေသည်။

"ငါပြဟ္မဒတ်မင်းသည် တရားသဖြင့်မင်းပြုအပ်သည်ရှိသော် ဆုံးဖြတ်ရာအရပ်သို့လာကုန်သောသူတို့သည် မရှိကုန်။ ဘေးရန်သည်လည်းပြတ်၏။ ဆုံးဖြတ်ရာအရပ်သည် စွန်းအပ်သည်အဖြစ်သို့ရောက်၏။ ယခုအခါ၌ကား ငါသည်မိမိ၏ကျေးဇူးမဲ့ကိုပယ်၍ ဂုဏ်ကျေးဇူး၌သာလျှင် ကိုယ်ကိုဖြစ်စေအံ့"

ဟုကြံ၍ ထိုကာလမှစ၍-

"ငါ၏ကျေးဇူးမဲ့ကိုပြောဆိုသော တစ်စုံတစ်ယောက်သောသူတို့သည် ရှိသလော။"

ဟုစုံစမ်းသည်။နန်းတော်တွင်း၌ မိမိ၏ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုသူတစ်ဦးတစ်ယောက်မျှ မတွေ့၍ မိမိ၏ဂုဏ်ကျေးဇူးစကားပြောသည်ကိုသာ ကြားသည်။

"ထိုသူတို့သည် ငါကိုကြောက်ခြင်းကြောင့်လည်း ကျေးဇူးမဲ့ကိုမဆိုကုန်၍ ကျေးဇူးကိုသာလျှင် ဆိုကုန်၏။"

ဟု ကြံစည်မိပြန်ပြီး နန်းပြင်ပ၌သုံးဆောင်စေပါသော လူအပေါင်းကိုစုံစမ်းကြည့်ပြန်သည်။

မြို့ပ၌လည်းကောင်း၊ မြို့တံခါးစာမျက်နှာတို့၌လည်းကောင်း၊ မြို့လေးမျက်နှာ ရွာတို့၌လည်းကောင်း၊ စုံစမ်းကြည့်ပြန်သည်။ ထိုအရပ်တို့၌ မိမိ၏ကျေးဇူးမဲ့ကိုပြောဆိုသူတစ်ဦးမျှမတွေ့ပါချေ။ မိမိ၏ဂုဏ်ကျေးဇူးကိုသာ ပြောဆိုသည်ကိုကြားရလေသည်။

မင်းကြီးသည် တစ်ဖန်ဇနပုဒ်များသို့ စုံစမ်းရန်အတွက် နန်းတော်ကိုအမတ်တို့အားအပ်နှံ၍ ရထားထိန်းနှင့်အတူ ရထားစီး၍ မထင်ရှားသောအသွင်ဖြင့်မြို့မှထွက်ခဲ့ပြီး ဇနပုဒ်အသီးသီးတိုင်းပြည်အစွန်းအထိ ခရီးလှည့်လည်၍ စုံစမ်းခဲ့ကြသည်။

ထိုအရပ်တို့၌လည်းကောင်း မိမိ၏ကျေးဇူးမဲ့ကို ပြောဆိုသူတစ်ဦးတစ်ယောက်မျှမတွေ့၊ ကျေးဇူးတရားချီးမွမ်းသူတို့ကိုသာ တွေ့မြင်ကြားခဲ့ရသည်။

သို့အတွက် မိမိ၏နန်းတော်သို့ ပြန်လာခဲ့ရလေသည်။

ထိုအချိန်တွင် ဗိလ္လိကအမည်ရှိသော ကောသလမင်းသည်လည်း တရားသဖြင့် မင်းပြုသည်ရှိသော် ကျေးဇူးမဲ့ကိုပြောဆိုသောသူကိုရှာသည်ဖြစ်၍ ဇနပုဒ်တို့ကို လှည့်လည်သည်။

ထိုအချိန်တွင် လမ်းခရီး၌ ဗြဟ္မဒတ်မင်း၏ရထားနှင့် ဗလ္လိကာကောသလမင်း၏ရထားတို့သည် တစ်ခုသောချိုင့်ဝှမ်းရာ လှည်းကြောင်းခရီး၌ ရှေ့ရှုဆုံတွေ့ပါကြမိလေသည်။ ရထား၏ရှောင်လွှဲစရာအရပ်သည်လည်း မရှိပါချေ။

ထိုအခါ ဗိလ္လိကမင်း၏ရထားထိန်းသည် ဗာရာဏသီရထားထိန်းကို-

"အိုရထားထိန်း. . . သင်၏ရထားကိုနောက်ဆုတ် ရှောင်လွှဲလော" ဟု ဆိုသည်။

"အိုရထားထိန်း. . . သင့်ရထားသာ ဆုတ်ခွါဖယ်ရှားလော့၊ ငါ၏ရထားသည် ဗာရာဏသီပြည်ရှင် ဘုရင်ဗြဟ္မဒတ်မင်းစီးလာသောရထားဖြစ်၏။"

"အိုရထားထိန်း. . . ငါ၏ရထားသည်လည်း ကောသလပြည်ရှင် ဗလ္လိကာကောသလမင်းစီးလာသော ရထားဖြစ်ပါ၏။

ဗာရာဏသီမင်း၏ရထားထိန်းသည် -

"ဤအရှင်သည်လည်း မင်းလျှင်ဖြစ်ပေသတတ်၊ အသို့လျှင်ပြုအပ်သနည်း" ဟုကြံစည်သည်။

"အရွယ်ကိုမေး၍ ငယ်သောမင်း၏ရထားကို ရှောင်လွှဲစေ၍ ကြီးသောမင်းအား ဇခွင့်ကိုပေးစေအံ့၊ ဤအကြောင်းသည်သာရှိ၏။"

ဟု ဆုံးဖြတ်ခြင်းကိုပြု၍ ထိုကောသလမင်း၏ ရထားထိန်းကို ကောသလမင်း၏အသက်အရွယ်ကိုမေးမြန်းသော် နှစ်ပါးကုန်သောမင်းတို့၏ အသက်အရွယ်သည်လည်း တူညီနေသည်ကို တွေ့မြင်ရပြန်သည်။

ပြည်ပမာဏကိုလည်းကောင်းဗိုလ်ပါကိုလည်းကောင်း၊ စည်းစိမ်ဥစ္စာကိုလည်းကောင်း၊ အခြံအရံကိုလည်းကောင်း၊ ဇာတ်, အနွယ်, အမျိုးဟူသောဩန်ပြုအပ်သော ဂုဏ်ကိုလည်းကောင်း၊ အလုံးစုံကိုမေးစိစစ်ပြန်သည်။

မင်းနှစ်ပါးတို့သည် ယူဇနာ(၃၂၂)နှစ်ရှိသော ပြည်၏အရှင်ဖြစ်ကြကုန်သလို အလုံးစုံဂုဏ်အရည်အချင်း၊ ဥစ္စာပစ္စည်းကြွယ်ဝတို့သည်လည်း တူညီကြပြန်သည်။

"သီလရှိသောသူအား အခွင့်ကိုပေးအံ့။"

ဟုကြံစည်ပြီး-

"အိုရထားထိန်း. . . သင်တို့မင်း၏သီလ အကျင့်သည်အဘယ်သို့သဘော ရှိပါသနည်း။"

ဟု မေးလေသည်။

ဗိလ္လိကမင်း၏ရထားထိန်းသည် ဤကားငါတို့မင်း၏ အကျင့်သီလတည်း ဟု မိမိမင်း၏ကျေးဇူးကို ပြလို၍ဂါထာဖြင့်-

"အိုဗာရာဏသီရထားထိန်း. . . ငါတို့၏ဗိလ္လိကမင်းသည် ကြမ်းကြုတ်ခက်ထန်သောသူ၏အပေါ်၌ ကြမ်းကြုတ်ခက်ထန်သောဒဏ်ကို တင်၏။ နူးညံ့သောသူကို နူးညံ့သဖြင့်အောင်၏။ မကောင်းသောသူကိုလည်း မကောင်းသဖြင့် အောင်၏၊

ဗာရာဏသီရထားထိန်း. . . ငါတို့၏ဗိလ္လိကမင်းသည် ဤသဘောရှိ၏။ သို့အတွက် သင်၏ရထားကိုဖယ်ရှားပေးပါလော။"

"အိုရထားထိန်း. . . သင်သည်မိမိမင်း၏ ကျေးဇူးစကားကို ဆိုသလော"

"အိုရထားထိန်း. . . ဟုတ်ပါ၏။"

"အိုရထားထိန်း. . . ထိုအကျင့်တို့ကို ဂုဏ်ကျေးဇူးတို့ယူ၍ အကယ်၍ ဆိုတုံအံ့၊ ကျေးဇူးမဲ့တို့သည်ကား အသို့သဘောရှိလေတုံအံ့နည်း။"

"ထိုအကျင့်တို့သည် ကျေးဇူးမဲ့တို့သည်ဖြစ်စေဦး၊ သင်တို့ဗာရာဏသီ ဗြဟ္မဒတ်မင်း၏ ကျေးဇူးသည်ကား အဘယ်သို့သဘောရှိသနည်း။"

"ထိုသို့ဆိုက သင်နာလော။"

"အိုရထားထိန်း. . . ဗာရာဏသီပြည်ရှင် ဗြဟ္မဒတ်မင်းသည် အမျက်ထွက်တတ်သောသူကို မေတ္တာဖြင့်အောင်၏။

- မကောင်းသောသူကို ကောင်းသဖြင့်အောင်၏။

- စဉ်းလဲသောသူကို ပေးကမ်းသဖြင့် အောင်၏။
- မဟုတ်မမှန်ချတ်ယွင်းစွာဆိုသောသူကို အဟုတ်အမှန်ဆိုသဖြင့်အောင်၏။
- ငါတို့၏ဗာရာဏသီမင်းသည် ဤသို့သဘောရှိပါ၏။

ဤသို့ဆိုသည်ရှိသော် ဗလ္လိကမင်းနှင့် ရထားထိန်းတို့သည် ရထားမှဆင်း၍ မြင်းတို့ကိုချွတ်ပြီးလျှင် ရထားကိုရွှေ့ပေးကြသည်။ ဗာရာဏသီမင်းကိုခရီးဦးကြိုပြုကြသည်။

"အဆွေဗလ္လိက. . . မင်းမည်သည်ကား ဤမည်ဤမည်သောအမှုကို ပြုခြင်းငှါသင့်၏။"
ဟု အဆုံးအမကိုပေးလိုက်လေသည်။

ဗလ္လိကမင်းသည် ဗာရာဏသီမင်း၏ အဆုံးအမကိုခံယူ၍ မိမိမြို့သို့ပြန်ကာ ဒါနစသောကောင်းမှုတို့ကိုပြု၍ သေဆုံးသောအခါ နတ်ပြည်သို့ရောက်လေသည်။

မြတ်သောမင်းကြီး. . . ယခုအခါမောဂ္ဂလာန်သည် ထိုအခါက ဗလ္လိကမင်း၏ ရထားထိန်းဖြစ်ခဲ့ပြီး ယခုအခါအာနန္ဒာသည် ထိုအခါ ဗလ္လိကမင်းဖြစ်ခဲ့ပြီး ယခု အခါသာရိပုတ္တရာသည် ထိုအခါဗာရာဏသီမင်း၏ ရထားထိန်းဖြစ်ခဲ့သည်။ ယခု ငါဘုရားသည်ကား ထိုအခါက ဗာရာဏသီမင်းဖြစ်ခဲ့ဖူးလေပြီ။"
ဟု ဇာတ်တော်ပေါင်း၍ ဓမ္မဒေသနာကို အဆုံးသတ်လေသည်။

ကောသလမင်းကြီးသည် ဘုရားရှင်၏ဓမ္မဒေသနာကို များစွာနှစ်သက်၍ ဘုရားရှင်အားရှိခိုးကာ နန်းတော်သို့ပြန်လေသည်။

**(ဒုကနိပါတ် - ခဋဝဂ် - ရာဇောဝါဒဇာတ်)**

# ကျေးဇူးရှိသောအမတ်ကိုသူတစ်ပါး၏ဂုံးတိုက်စကားကို ယုံမိ၍ပျက်စီးစေခြင်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။ ကောသမင်းအား အမတ်တစ်ယောက်သည် များစွာကျေးဇူးပြု၏။ မင်း၏ခပ်သိမ်းသော အမှုတို့ကိုပြီးစေတတ်သည်။

"ဤအမတ်ကား. . . ငါအားများစွာကျေးဇူးပြု၏။"

ဟုဆိုကာ များစွာသောစည်းစိမ်ကိုပေးသည်။

ထိုသို့ ထိုအမတ်အား ကောသလမင်းကြီးက စည်းစိမ်ပေးသည်ကို မနာလိုဝန်တိုစိတ်ရှိကြသော အမတ်အချို့သည် မင်းအားထိုအမတ်နှင့် ပတ်သက်၍ဂုံးတိုက်စကားကို အခါအခွင့်သင့်သလို လျှောက်ထားကြသည်။

သင်သည် စူးစမ်းဆင်ခြင်မှုပညာ အားနည်းသည်ဖြစ်၍ ထိုအမတ်တို့၏စကားကိုနာခံကာ ကျေးဇူးရှိသော၊ သီလရှိသော၊ အပြစ်ရှိသောအမတ်၏ အပြစ်ကို မဆင်ခြင်ဟူ၍ သံခြေကျင်းအနှောင်အဖွဲ့ဖြင့်ဖွဲ့၍ နှောင်အိမ်သို့သွင်းစေသည်။

ထိုအမတ်သည် နှောင်အိမ်၌တစ်ယောက်တည်းသာလျှင် နေလတ်၍ မိမိ၏သီလပြည့်စုံခြင်းကိုမှီကာ စိတ်၏တည်ကြည်ခြင်းကိုရပြီး သင်္ခါရတို့ကိုသုံးသပ်ဆင်ခြင်၍ သောတာပတ္တိဖိုလ်သို့ရလေသည်။

ကောသလမင်းသည် နောင်အခါ၌ ထိုအမတ်၏အပြစ်မရှိသည်ကိုသိ၍ သံခြေကျင်းအနှောင်အဖွဲ့ကိုလွတ်စေ၍ ရှေးစည်းစိမ်ထက်အလွန်ကြီးမြတ်သော စည်းစိမ်ကိုထိုအမတ်အားပေးသည်။

ထိုအမတ်သည် ဘုရားရှင်ကိုရှိခိုးအံ့ဟု များစွာသောပန်းနံ့သာအစရှိသည် တို့ကိုယူ၍ ကျောင်းသို့သွားကာ ဘုရားရှင်အားပူဇော်ရှိခိုးပြီး သင့်တင့်သောနေရာ၌ နေထိုင်သည်။

ဘုရားရှင်သည် ထိုအမတ်နှင့်နှုတ်ဆက်စကားပြုတော်မူ၍ -

"ဒါယကာ. . . သင့်အားအကျိုးမဲ့ဖြစ်ကုန်သည်ဟု ကြားရ၏။"

ဟု မိန့်ကြားသည်။

"အရှင်ဘုရား. . . အကျိုးမဲ့ဖြစ်ချေပါ၏။ ထိုအကျိုးမဲ့ကား အကျိုးစီးပွား ကို ပြုပါ၏။ နှောင်အိမ်၌နေ၍ သောတာပတ္တိဖိုလ်သို့ ရစေပါ၏။"

"ဒါယကာ. . . သင်သည်သာလျှင် အကျိုးမဲ့ဖြင့် အကျိုးစီးပွားကိုဆောင် ယူခဲ့ဖူးသည် မဟုတ်သေး၊ ရှေးပညာရှိတို့သည်လည်း အကျိုးမဲ့ဖြင့်အကျိုးစီးပွားကို ဆောင်ခဲ့ဖူးသည်သာလျှင်တည်း"

"မြတ်စွာဘုရား. . . အတိတ်ဖုံးလွှမ်းအပ်သော ထိုအကြောင်းကို သိပါရ စေဘုရား"

"ဒါယကာ. . . လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း သည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏မိဖုရားဝမ်း၌ဖြစ်၍ မွေး ဖွားခဲ့၏။

အရွယ်ရောက်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသောအတတ်ပညာတို့ကို သင်ယူပြီး အဖလွန်သဖြင့် မင်းအဖြစ်၌တည်ကာ မင်းကျင့်တရားဆယ်ပါးနှင့်ညီ စွာမင်းပြုလျက် အလှူပေးသည်။ ငါးပါးသီလဆောက်တည်၏။ ဥပုသ်စောင့်သည်။

ထိုအခါဘုရားလောင်းမင်း၏ အမတ်တစ်ဦးသည် နန်းတွင်း၌ပြစ်မှား၏။ ခြေရင်း၌များစွာသောအမတ်အစရှိသည်တို့သည်သိ၍ -

"ဤအမည်ရှိသောအမတ်သည် နန်းတွင်း၌ပြစ်မှားပါ၏။"

ဟု မင်းအားလျှောက်ထားကြကုန်သည်။

မင်းသည် စုံစမ်းသည်ရှိသော် မှန်ကန်ကြောင်းသိ၍ ထိုအမတ်ကိုခေါ်စေကာ

"အလွန်မိုက်သောသူ သင်သည်မသင့်သည်ကိုပြု၏။ သင်သည် ငါ၏ နိုင်ငံ၌ နေခြင်းငှါမထိုက်။ ယနေ့မှစ၍ ငါ့ကိုမခစားလင့်။ သင်၏ဥစ္စာ၊ သားမယား

တို့ကိုယူ၍ တစ်ပါးသောအရပ်သို့သွားလော့”
ဟု မိန့်ကြားကာ နှင်ထုတ်ခြင်းအမှုကိုပြုသည်။

ထိုအမတ်သည် ဤပြည်မှထွက်၍ တစ်ပါးသောသော အိမ်နီးချင်းမင်း၏ အထံ၌သွားရောက်ခ,စားစေသည်။ အစဉ်သဖြင့် ထိုမင်း၏အတွင်းသား အကျွမ်းဝင်သူဖြစ်လာသည်။

ထိုအမတ်သည် တစ်နေ့တွင်ထိုမိမိခ,စား အကျွမ်းဝင်သောမင်းအား-

“အရှင်မင်းကြီး ဗာရာဏသီပြည်မည်သည်ကား ပျားကောင်မရှိသော ပျားလဘို့နှင့်တူ၏။ မင်းသည်လည်းအလွန်နူးညံ့၏။ အနည်းငယ်မျှသာလျှင်ဖြစ်သော ဗိုလ်ပါဆင်မြင်းဖြင့် ဗာရာဏသီပြည်ကို သိမ်းယူခြင်းငှါ တတ်နိုင်ပါ၏။”
ဟု ချောက်တွန်းလျှောက်ထားလေသည်။

“ဗာရာဏသီပြည်ကား အလွန်ကြီး၏။ ဤအမတ်သည်လည်း အနည်းငယ်မျှသာလျှင်ဖြစ်သော ဗိုလ်ပါဆင်မြင်းဖြင့်ယူခြင်းငှါ တတ်နိုင်၏ဟုဆို၏။ ဤအမတ်သည် သူလျှိုသူခိုးသည်ဖြစ်ရာ၏။”
ဟု အိမ်နီးချင်းမင်းသည် ကြံစည်မိပြီး-

“သင်သည် သူလျှိုပင်ဖြစ်ချေသည်တကား”
ဟု ဆိုမိန့်လေသည်။

“အရှင်မင်းကြီး. . . ကျွန်ုပ်သည် သူလျှိုမဟုတ်ပါ။ မှန်သည်ကိုသာလျှင် ဆိုပါ၏။ ကျွန်ုပ်၏စကားကို အကယ်၍ယုံကြည်ပါလျှင် လူတို့ကိုစေ၍ပစ္စန္တရာဇ်ကို ဖျက်ဆီးစေပါကုန်လော၊ ထိုသူတို့ကိုဖမ်း၍ မိမိအထံသို့ဆောင်ယူသည်ရှိသော် ထိုသူတို့ကိုဥစ္စာပေး၍ လွှတ်လိုက်လတ့်”
ဟု လျှောက်ထားသောအခါ အိမ်နီးချင်းမင်းသည်

“ဤအမတ်သည်ကား အလွန်ရဲရင့်သည်ဖြစ်၍ ထိုဗာရာဏသီမင်းကို ရှေးဦးစွာစုံစမ်းအံ့”
ဟုကြံ၍ မိမိ၏မင်းချင်းတို့ကိုစေ၍ ပစ္စန္တရာဇ်ကိုဖျက်ဆီးစေသည်။ ထိုပစ္စန္တရာဇ် ရွာသားတို့သည် ထိုသူခိုးတို့သည် ထိုခိုးသူတို့ကိုဖမ်းယူ၍ ဗာရာဏသီမင်းအား ပြသကြကုန်သည်။ ဗာရာဏသီမင်းက ခိုးသူများကို-

"အမောင်တို့. . . အဘယ်ကြောင့်ရွာကို ဖျက်ဆီးကုန်သနည်း။" ဟုမေးသည်။

"အရှင်မင်းကြီး. . . အသက်မွေးခြင်းငှါ မတတ်နိုင်သောကြောင့် ဖျက်ဆီးကုန်၏။"

"ထိုသို့အသက်မမွေးနိုင်သောကြသော် အဘယ်ကြောင့်ငါ၏အထံသို့ မလာကြသနည်း၊ ယနေ့မှစ၍ ဤသို့သဘောရှိသောအမှုကိုမပြုကုန်လင့်။" ဟု ဆိုဆုံးမ၍ ဥစ္စာကိုပေး၍ ခိုးသူတို့အား လွှတ်လိုက်လေသည်။

ထိုမင်းချင်းယောကျ်ားတို့သည် အိမ်နီးချင်းမင်းအား ထိုအကြောင်းကို လျှောက်ထားကြသည်။

အိမ်နီးချင်းမင်းသည် ထိုမျှဖြင့်လည်းသွားခြင်းငှါ မဝံ့သည်ဖြစ်၍ တစ်ဖန် မင်းချင်းတို့ကိုစေလွှတ်၍ တိုင်းပြည်အလယ်၌ဖြစ်သော ဇနပုဒ်တို့ကိုဖျက်ဆီးစေပြန်သည်။

ဗာရာဏသီမင်းသည် ရှေးနည်းတူဥစ္စာပေး၍ ပြန်လွှတ်လိုက်ပြန်သည်။ အိမ်နီးချင်းမင်းသည် ထိုမျှဖြင့်မသွားဝံ့၍ တစ်ဖန်မြို့လယ်ခရီးကို ဖျက်ဆီးစေပြန်သည်။ ဗာရာဏသီမင်းသည် ထိုခိုးသူတို့ကိုလည်း ထိုနည်းတူဥစ္စာပေး၍ ပြန်လွှတ်လိုက်လေသည်။

"ဤမင်းကားအလွန်လျှင် တရားစောင့်၏။ တရားသဖြင့် မင်းပြုသူဖြစ်၏" ဟုသိ၍ ဗာရာဏသီပြည်ကို သိမ်းယူပြီးမင်းပြုရန်သင့်သည်။
ဟု ဆုံးဖြတ်ပြီး ဗိုလ်ပါဆင်မြင်းတို့ကိုစီရင်ပြီး ဗာရာဏသီပြည်သို့ စစ်ချီတက်လေသည်။

ထိုအခါကား ဗာရာဏသီမင်းအား မုန်ယစ်သောဆင်ကဲ့သို့ ရှေ့ရှုလာကုန်သော်လည်း မဆုတ်မနစ်သော သဘောရှိကုန်သော မိုးကြိုးတို့သည် ဦးခေါင်း၌ ကျကုန်သော်လည်း မထိတ်မလန့်သော သဘောရှိကုန်သော ဗာရာဏသီမင်းက အလိုရှိသည်ရှိသော် အလုံးစုံသော ဇမ္ဗူဒိပ်၌ မင်းအဖြစ်ကိုယူခြင်းငှါ တတ်နိုင်ကုန်သော (၇၀၀)အတိုင်းအရှည်ရှိကုန်သော မဖျက်သောလုံ့လရှိသော စစ်သူရဲအမတ်တို့သည်ရှိကြသည်။

ထိုစစ်သူရဲတို့သည် အိမ်နီးချင်းမင်းသည် ဗာရာဏသီပြည်ကို သိမ်းယူရန် အလို့ငှါ စစ်ချီလာသတတ်။ ကျွန်ုပ်တို့သည် သွားကုန်ပါအံ့၊ ထိုမင်းကိုကျွန်ုပ်တို့ နိုင်ငံမဝင်မီသတ်၍ ယူကုန်အံ့”
ဟု လျှောက်ထားကြသည်။

“အမောင်တို့. . . ငါ့ကိုမှီ၍ တစ်ပါးကုန်သောသူတို့အား ပင်ပန်းခြင်းကိစ္စ မရှိပါစေလင့်၊ ငါအားသူတစ်ပါးတို့ညှင်းဆဲ၍ရအပ်သော မင်းအဖြစ်ကိုအလိုမရှိ တစ်စုံတစ်ခုကိုမပြုကြကုန်လင့်။ တိုင်းပြည်ကို အလိုရှိကြကုန်သောသူတို့သည် တိုင်းပြည်ကိုယူစေကုန်။ မသွားကြကုန်လင့်”
ဟု တားမြစ်လေသည်။

အိမ်နီးချင်းမင်းသည် နယ်စပ်ကိုကျော်လွန်လာ၍ ဇနပုဒ်အလယ်သို့ဝင်လာသည်ရှိသော် အမတ်စစ်သူရဲတို့က သွားရောက်လျှောက်ထားပြန်သည်။ မင်းကြီးက ရှေ့နည်းတူပင် တားမြစ်လေသည်။

အိမ်နီးချင်းမင်းက မြို့ရိုး၌ရပ်၍ ပြည်ကိုပေးမည်လော၊ စစ်ထိုးခြင်းကို ပြုမည်လောဟု တမန်စေသောအခါ အမတ်စစ်သူရဲတို့က မြို့ကိုအဝင်မခံတိုက်ပါမည်ဟု ပြောသည်ကိုလက်မခံ တားမြစ်ပြန်လေသည်။

“မြတ်သောမင်းကြီး. . . ဤသို့သည်းခံခြင်းကို မပြုလင့်။ ကျွန်ုပ်သည် ထိုမင်းကိုဖမ်းကြကုန်အံ့။”

“အမောင်တို့. . . တစ်စုံတစ်ခုမျှမပြုလင့်။ မြို့တံခါးကိုသာ ဖွင့်ပေးလိုက်ကြကုန်လော”
ဟု အမိန့်ပေးပြီး မိမိသည်အမတ်အပေါင်းခြံရံလျက် မြတ်သောပြဿာဒ်အပြင် ပလ္လင်ထက်၌ နေလေသည်။

ခိုးသူမင်းသည် တံခါးလေးမျက်နှာတို့၌ လူတို့ကိုရိုက်ပုတ်လျက် မြို့တွင်းသို့ဝင်၍ ပြဿာဒ်ထက်သို့တက်ကာ အမတ်စစ်သူရဲ (၅၀၀)ရံ၍နေသော မင်းကြီးကိုဖမ်း၍ သံခြေကျင်းတို့ဖြင့် နှောင်ဖွဲ့၍နှောင်အိမ်သို့ သွင်းစေသည်။

ဗာရာဏသီမင်းသည် နှောင်အိမ်၌နေလျက် ခိုးသူမင်းကိုမေတ္တာပြု၍ မေတ္တာစျာန်ကိုဖြစ်စေ၏။ ဗာရာဏသီမင်း၏ မေတ္တာအာနုဘော်ကြောင့် ခိုးသူမင်း၏ကိုယ်၌ ပူခြင်းသည်ဖြစ်၏။ အလုံးစုံသောကိုယ်သည် အလုံးစုံသောမီးရှူး

တို့ဖြင့် လောင်စေဘိသကဲ့သို့ဖြစ်၏။ ခိုးသူမင်းသည် ကြီးစွာသောဆင်းရဲဖြင့်နှိပ်စက်ရကား

"အကြောင်းအသို့တို့နည်း"

ဟု အမတ်တို့ကို မေးသည်။

"သင်မင်းကြီးသည် သီလရှိသောမင်းကို နှောင်အိမ်၌သွင်းကုန်၏။ ထို့ကြောင့် ထိုဆင်းရဲသည် ဖြစ်လတံ့ထင်ပါ၏။"

ထိုအခါ ခိုးသူမင်းသည် သွား၍ဘုရားလောင်းကို ကန့်တော့ကာ-

"အရှင်မင်းမြတ်. . . အရှင်မင်း၏တိုင်းပြည်သည် အရှင်မင်းအတွက်သာ ဖြစ်ပါစေ"

ဟု လျှောက်ထားပြီး ထီးနန်းကိုပြန်အပ်သည်။

"ယနေ့မှစ၍ ရှင်မင်းကြီးတို့၏ရန်သူသည် အကျွန်ုပ်အားတာဝန်ဖြစ်ပါစေ" ဟုလျှောက်ထားကာ ပြစ်မှားသောအမတ်အား မင်းအာဏာပြုစေ၍ မိမိ၏မြို့သို့ ပြန်လေသည်။

ဘုရားလောင်းဗာရာဏသီမင်းသည် တန်ဆာဆင်အပ်သော မြတ်သော ပြသာဒ်ထက်၌ ကောင်းစွာဆောက်အပ်သော ထီးဖြူရှိသောပလ္လင်၌နေလျက် အမတ်တို့အား-

"ကာသိတိုင်းသားအမတ်တို့ မြတ်သောကုသိုလ်တရားဟုဆိုအပ်သော အဖို့အစုရှိသော အကြင်သူသည်မြတ်သော ကုသိုလ်တရားပြုသောပုဂ္ဂိုလ်ကိုမှီဝဲ၏ ထိုသူသည် အလွန်မြတ်သည်ဖြစ်၏။ တစ်ယောက်သောခိုးသူနှင့် စေ့စပ်ခြင်းကို ပြု၍ သတ်ထိုက်ကုန်သော ခုနှစ်ရာကုန်သောအမတ်တို့ကို လွတ်စေပြီး"

ထို့ကြောင့် ခပ်သိမ်းသောလောကနှင့်တစ်ပေါင်းတည်း စေ့စပ်ခြင်းကိုပြု၍ တမလွန်ဘဝ၌ နတ်ပြည်၊ ဗြဟ္မာပြည်သို့လားရာ၏။ ဤစကားကို ကာသိတိုင်းသား ဖြစ်ကုန်သော သင်တို့သည်နာကြားကြကုန်လော"

ဤသို့ဘုရားလောင်းဗာရာဏသီမင်းသည် မေတ္တာဘာဝနာ၏ကျေးဇူးကို ချီးမွမ်း၍ (၁၂) ယူဇနာရှိသော ဗာရာဏသီပြည်၌ ထီးဖြူကိုစွန့်ပစ်၍ ဝိမဝန္တာသို့ သွားကာ ရသေ့ရဟန်းပြုလေသည်။

ရသေ့ပြုပြီးစျာန်အဘိညာဉ်ကိုရကာ စုတေသော်ဗြဟ္မာပြည်သို့ ဖြစ်ရလေသည်။

"ရဟန်းတို့. . . ထိုအခါအာနန္ဒာသည် ခိုးသူမင်းဖြစ်ခဲ့ပြီး ငါဘုရားသည်ကား ထိုအခါဗာရာဏသီမင်းဖြစ်ခဲ့ဖူးလေပြီ"
ဟု ဇာတ်ကိုပေါင်းတော်မူ၍ ဟောကြားတော်မူသည်။

(အဋ္ဌနိပါတ် သေယျဇာတ်)

## တရားစောင့်သူအား တရားကပြန်စောင့်၏

ကောသမင်း၏ တရားစောင့်သောအမတ်နှင့် ပတ်သက်၍ဘုရားရှင်က ပထမသေယျဇာတ်ကို ဟောကြားပြီးဆက်လက်၍ ဧကရာဇဇာတ်ကိုဆက်၍ ဟောသည်မှာ-

"ဒါယကာ. . . သင်သည်သာလျှင် အကျိုးမဲ့ဖြစ်ခြင်းဖြင့် အကျိုးကိုဆောင်သည်မဟုတ်သေး။ ရှေးပညာရှိတို့သည်လည်း မိမိ၏အကျိုးမဲ့ခြင်းဖြင့် အကျိုးကို ဆောင်ဖူးကုန်သည်သာလျှင်တည်း"
ဟု မိန့်ကြား၍ ဧကရာဇဇာတ်ကို ဆက်လက်ဟောကြားပါသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ မင်း၏အမတ်သည် နန်းတွင်း၌ဖြစ်ပွား၍ တိုင်းနိုင်ငံမှနှင်ထုတ်ခံရသည်။ ထိုအမတ်သည် တစ်ပါးသော ဒုဗ္ဗိသေနမင်းထံခ, စားပြီး ထိုမင်းကိုဂုံးတိုက်ကာ ဗာရာဏသီမင်း၏တိုင်းပြည်ကို သိမ်းယူစေသည်။

ဗာရာဏသီမင်းသည် မေတ္တာဖြင့်သည်းခံ၍ မြို့ကိုပွင့်စေသောအခါ ဒုဗ္ဗိသေနမင်းသည် ဗာရာဏသီမင်းကိုဖမ်းယူပြီး မြောက်ဘက်မြို့တံခါး၌ ဇောက်ထိုးဆွဲထားစေသည်။

ဗာရာဏသီမင်းသည် ဒုဗ္ဗိသေနမင်းကို မေတ္တာပို့၍ကသိုဏ်း၊ ပရိကံကို ပြုကာစျာန်ဖြင့် နေလေသည်။ အနှောင်အဖွဲ့သည် ပြတ်သည်။ ထို့နောက် ဗာရာဏသီမင်းသည် စျာန်ဖြင့်ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ၍ နေလေသည်။

ဒုဋ္ဌိသေနမင်း၏ တစ်ကိုယ်လုံးသည် ပူပြင်းခြင်းပြင်းစွာခံစားရ၍ ပူ၏-ပူ၏ဟုဆိုကာ လူးလှိမ့်နေရသည်။

အကြောင်းကိုစုံစမ်းသော် အပြစ်မရှိတရားစောင့်သောမင်းကြီးကို နှိပ်စက်စော်ကား၍ ဤသို့ခံစားရသည်ဟုဆိုသော်

"ထိုသို့ဆိုက လျင်စွာသွား၍ လွှတ်ကြကုန်လော"

ဟု စေခိုင်းသည်။

မင်းချင်းတို့သည် မြောက်တံခါးသို့ သွားကြသော် ကောင်းကင်၌ထက်ဝယ်ဖွဲ့ခွေနေသော မင်းကိုမြင်၍ ဒုဋ္ဌိသေနမင်းကိုပြန်၍ လျှောက်ထားကြသည်။

ဒုဋ္ဌိသေနမင်းသည် လျင်မြန်စွာသွား၍ ဗာရာဏသီမင်းကို ရှိခိုးကန်တော့သည်။

"ဧကရာဇ်မင်း. . . သင်သည် ရှေး၌အလွန်မြတ်ကုန်သော၊ ပြည့်စုံကုန်သောကာမဂုဏ်တို့ကို ခံစား၍နေခဲ့ပါ၏။ ယခုအခါ၌ မညီမညွတ်သောတွင်း၌ ဆွဲထားလျက်ရှေး၌ဖြစ်သော အဆင်းအားကိုအဘယ်ကြောင့် မစွန့်ပါသနည်း" ဟု ဒုဋ္ဌိသေနမင်းကဆိုသည်။

"ဒုဋ္ဌိသေနမင်း. . . ရှေး၌သာလျှင် ငါသည်သည်းခံခြင်းကိုလည်းကောင်း ခြိုးခြံခြင်းကိုလည်းကောင်းတောင့်တသည် ဖြစ်ရာ၏။ ယခုအခါ၌ ငါသည်ထိုတောင့်တအပ်သော သည်းခံခြင်း၊ ခြိုးခြံခြင်းကိုရ၍ ရှေး၌ဖြစ်သောအဆင်းအားကို အဘယ်အကြောင်းကြောင့်လျှင် စွန့်ရာအံ့နည်း"

"အလုံးစုံကုန်သော ဒါန, သီလ, ဘာဝနာ ဥပုသ်သုံးခြင်းကိစ္စတို့သည် ဤသို့ပြီးကုန်သည်သာလျှင် ဖြစ်သတတ်၊ အခြံအရံရှိသော၊ ပညာရှိသော၊ သည်းခံနိုင်ခက်သောအရာ၌ သည်းခံသော၊ စည်းစိမ်ရှိသောသူသည်လည်း ရှေး၌မရစဖူးသော မြတ်သောချမ်းသာကိုရ၍ ရှေး၌ဖြစ်သောအဆင်းအားကို မစွန့်ရာ။

ဒုဋ္ဌိသေနမင်း. . . သင်သည်ဖြစ်စေအပ်သောဆင်းရဲခြင်း၊ ချမ်းသာခြင်းကိုပယ်၍ စျာန်ချမ်းသာဖြင့်လည်း သင်သည်ဖြစ်စေအပ်သော ဆင်းရဲကိုပယ်၍ သည်းခံနိုင်ခက်သောအရာကို သည်းခံ၏။ သူတော်ကောင်းတို့သည် ငြိမ်းသောသဘောရှိကုန်သည်ဖြစ်၍ နှစ်ပါးစုံကုန်သောချမ်းသာ၊ ဆင်းရဲ၌တူကုန်သည်ဖြစ်ကုန်၏။"

ဟု ဗာရာဏသီမင်းကဆိုဆုံးမသောအခါ ဒဗ္ဗိသေနမင်းသည် ဘုရားလောင်း ဗာရာဏသီမင်းကို ကန့်တော့၍-

"သင်မင်းကြီး၏ပြည်ကို သင်မင်းကြီးသည်ပင်လျှင် မင်းပြုပါကုန်လော၊ ကျွန်ုပ်သည် သင်မင်းကြီး၏ခိုးသူကိုပယ်ဖျောက်ပေးပါအံ့"

ဟု လျှောက်ထားပြီး ပြစ်မှားသောအမတ်ကို မင်းအာဏာထားပြီး မိမိပြည်သို့ ပြန်လေသည်။

ဘုရားလောင်းဗာရာဏသီမင်းသည်လည်း မင်းအဖြစ်ကိုအမတ်တို့အား အပ်၍ ရသေ့ရဟန်းပြု၍ ဟိမဝန္တာ၌နေလေသည်။ ကွယ်လွန်သောအခါ ပြဟ္မာပြည်၌ ဖြစ်ရလေသည်။

ထိုအခါ ဒဗ္ဗိသေနမင်းသည် ယခုအာနန္ဒာဖြစ်ပြီး ထိုအခါကဗာရာဏသီမင်းသည် ငါဘုရားဖြစ်ခဲ့ပြီ"

ဟု ဇာတ်ကိုပေါင်းချုပ်၍ ဓမ္မဒေသနာကို အဆုံးသတ်လေသည်။

**(စတုက္ကနိပါတ ကလိင်္ဂဝဂ် ကေရာဇာဇာတ်)**

## ကောသလမင်းကြီးကနန်းတွင်း၌ မိဖုရားနှစ်ပါးကိုတရားစာသင်ခိုင်းမှု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်ပါသည်။

ကောသလမင်းကြီးသည် ဘုရားရှင်အားဆည်းကပ်ခြင်းငှါ ဇေတဝန်ကျောင်းသို့ လာခဲ့သည်။

ထိုအချိန်တွင် ဘုရားရှင်၏အနီး၌ ပိဏ္ဍကတ်သုံးပုံဆောင် အနာဂါမ်၊ အတ္တပါဏိ ဥပါသကာသည် နံနက်စောစောကပင်လျှင် ဥပုသ်သီတင်းစောင့်သုံးခြင်းဖြစ်၍ ဘုရားရှင်ထံမှောက်ရောက်နေသည်။

- အနာဂါမ်ဖြစ်သော အရိယာသာဝကတို့အား ဆောက်တည်ခံယူသည်၏ အစွမ်းဖြင့်ပြုအပ်သော ဥပုသ်ကိစ္စမည်သည်မရှိ၊
- မဂ်သို့ရောက်နှင့်တပြိုင်နက်သာလျှင် အပြဟ္မစရိယကိုပယ်ရှားခြင်းဟု

ဆိုအပ်သော ပြဟ္မာစရိယကို ဆောက်တည်၏။

- တစ်ထပ်တည်းဟူသော ထမင်းကိုစားသောက်ခြင်းသည်လည်းကောင်း လားစရာရှိ၏။ ဘုရားရှင်က မဇ္ဈိမပဏ္ဏာသပါဠိတော်၌-

"ဒကာတော် ကိကိမင်းကြီး. . . စင်စစ်ယင်္ဂိကာရဒ္ဒိုးထိန်းသည် တစ်ထပ် သာစား၏။ မြတ်သောအကျင့်ရှိ၏။ သီလရှိ၏။ ကောင်းသောတရားရှိ၏။" ဟူ၍ ဟောကြားတော်မူသည်။

အနာဂါမ်ဆတ္တပါဏိ ဥပါသကာသည် ဘုရားရှင်ထံတရားနာလျက်ရှိစဉ် ကောသလမင်းကြီး ရောက်လာခြင်းဖြစ်သည်။

ဆတ္တပါဏိဥပါသကာသည် ပသေနဒီကောသလမင်းကြီးလာသည်ကို မြင်လျှင်-

"ငါသည်ထ,၍ သွားရအံ့သော ထ၍မသွားမူ၍ပင် နေရအံ့လော့" ဟု ကြံစည်ဆင်ခြင်းသည်

"ငါသည် မြတ်သောမင်းဖြစ်သော ဘုရားရှင်၏အထံတော်၌နေလျက် တစ်စိတ်တစ်ဒေသအစိုးရသော ပဒေသရာဇ်မင်းလာသည်ကိုမြင်၍ ထ,သွားခြင်း ငှါ မသင့်လျော်ချေ။ မင်းကြီးသည် ထ,သွားပြီးမရှောင်ကြဉ်သော ငါ့အားအမျက် ထွက်လတံ့၊ ထိုမင်းကြီးအမျက်ထွက် ထွက်သော်လည်း ငါမထတော့အံ့၊ မင်းကြီးကို မြင်၍ ထ,သွားသည်ရှိသော် မင်းကြီးကိုအလေးပြုရာ ရောက်ပေလိမ့်မည်။ ဆရာ ဖြစ်သော ဘုရားရှင်ကိုမလေးစားရာ ရောက်တော့မည်။ ထို့ကြောင့်မထ,မရှောင် ဖယ်ဘဲသာလျှင် နေတော့အံ့"

ဟု ဆင်ခြင်၍မထဘဲသာလျှင် နေသည်။

(ပညာရှိယောက်ျားတို့မည်သည်ကား အလေးအမြတ်ပူအပ်သော ဆရာ တို့၏အထံ၌ ထိုင်နေလျက်မထ, မဖယ်ရှောင်သောသူကို မြင်သော်လည်း အမျက် မထွက်ကုန်)

ကောသလမင်းကြီးသည်ကား မထ,မရှောင်သော ဆတ္တပါဏိဥပါသကာ ကိုမြင်၍ အမျက်ထွက်သောစိတ်ရှိလျက် ဘုရားရှင်ကိုရှိခိုးပြီး သင့်တင့်သောနေရာ ၌ ထိုင်လေသည်။

ဘုရားရှင်သည် ကောသလမင်းကြီး ဆတ္တပါဏိဉပါသကာအပေါ်၌ အမျက်ထွက်သည်ကိုသိ၍-

"ဒကာတော်မင်းကြီး ဤဆတ္တပါဏိဉပါသကာသည် ပညာရှိ၏။ သိမြင်အပ်ပြီးသော တရားရှိ၏။ ပိဋကတ်သုံးပုံကိုဆောင်၏။ အကျိုးဟုတ်သည်-မဟုတ်သည်၌ လိမ္မာ၏။"

ဟူ၍ ဉပါသကာ၏ဂုဏ်ကျေးဇူးကို ချီးကျူးမိန့်ဆိုတော်မူသည်။

ကောသလမင်းကြီးအား ဆတ္တပါဏိဉပါသကာ၏ ဂုဏ်ကျေးဇူးစကားကို ကြားနာရစဉ်ပင် ဒေါသစိတ်ပျောက်ပြီး စိတ်သည်နူးညံ့ခြင်း ဖြစ်လေသည်။

ထို့နောက်တစ်နေ့သောအချိန်တွင် ကောသလမင်းကြီးသည် အထက်ဘုံနန်းပြဿာဒ်၌ စံနေစဉ်အချိန်ဖြစ်သည်။

ဆတ္တပါဏိဉပါသကာသည် ထမင်းစားပြီးသော် ဖိနပ်စီး၊ ထီးဆောင်းပြီး မင်းရင်ပြင်သို့ဖြတ်သွားနေစဉ် ကောသ လမင်းကြီးကမြင်၍ ခေါ်စေတော်မူသည်။ ဆတ္တပါဏိသည် ထီး, ဖိနပ်ကိုထားခဲ့ ပြီး မင်းကြီးထံသို့လာကာ ရိုသေစွာရှိခိုးပြီး သင့်ရာနေရာ၌ထိုင်သည်။

"အချင်းဉပါသကာ. . . အသင်၏ထီး-ဖိနပ်တို့ကို အဘယ်ကြောင့်ပယ်ချ စွန့်ပစ်၍ ထားဘိသနည်း"

"အရှင်မင်းမြတ်သည် ခေါ်တော်မူအပ်သည်ဟု ကြားသိရ၍ ထီး၊ဖိနပ်တို့ကို စွန့်ပယ်ပစ်ချထားပြီး လာပါသည်။

"ယနေ့သင်သည် ငါ၏ပြည်ရှင်မင်းဖြစ်သည်အဖြစ်ကို သိအပ်သည်ဖြစ်ပေလိမ့်မည်။"

"အရှင်မင်းမြတ်. . . အချင်းခပ်သိမ်းလည်း ကျွန်ုပ်သည်အရှင်တို့၏မင်းအဖြစ်ကို သိပါကုန်၏။ အချင်းခပ်သိမ်းလည်း သိပါ၏။"

"ငါ၏မင်းအဖြစ်ကို သိပါလျက် ရှေးကနေ့၌ထိုင်နေလျက် ငါကိုမြင်သည်ရှိသော် အဘယ်ကြောင့်ထ,သွား မဖယ်ရှောင်ပါသနည်း။"

"အရှင်မင်းမြတ်. . . မင်းတကာတို့ထက်မြတ်သော ဘုရားရှင်၏အထံ၌ နေပါလျက် တစ်နိုင်ငံ, တစ်ဒေသအစိုးရသော ပဒေသရာဇ်မင်းကိုမြင်၍ ဖယ်

ရှောင်ထ,သွားသည်ရှိသော် မြတ်စွာဘုရားရှင်ကို မရှိသေခြင်းသည်ဖြစ်ရာပေမည် ဖြစ်၍ ကျွန်ုပ်သည်မထသွား မဖယ်ရှောင်ပါ။"

"အချင်းဥပါသကာ. . . အသင်လျှောက်တင်သောအတိုင်းဖြစ်ပါစေလော၊ ဤစကားကိုတန့်ရပ်၍ထားပါဦးလော့၊ အသင်တို့သည် မျက်မှောက်ပစ္စုပ္ပန်အတ္တ ဘောအကျိုး တမလွန်လောက နောင်ဘဝ၌ဖြစ်လတ့်သော အကျိုးအားဖြင့် အကျိုး နှစ်ပါးတို့အား သိကျွမ်းလိမ္မာသည်ဖြစ်ကုန်ပေသတတ်၊ ပိဋကတ်သုံးပုံဆောင်ပေ သတတ်၊ အသင်သည်ငါ၏နန်းတော်အတွင်း၌ ဘုရားရှင်၏တရားတော်ကို ချပို့ သင်ကြားပေးပါလော"

"အရှင်မင်းမြတ်. . . မစွမ်းနိုင်ပါ။"

"အဘယ်အကြောင်းကြောင့်နည်း"

"အရှင်မင်းမြတ်. . . မင်းအိမ်နန်းတော်မည်သည်ကား များသောအပြစ် ရှိပါသည်။"

"အရှင်မင်းမြတ်. . . ဤနန်းတော်အိမ်၌ မကောင်းသောသူ၊ ကောင်းသော သူဟူသော များစွာသောသူတို့နှင့် ရောယှက်ထွေးယှဉ်သောအားဖြင့် အလွန်ပင် ဝန်လေးလှပါသည်။ "

"အချင်း. . . သင်သည် ဤသို့ကြောက်ရွံ့ပစ်ပယ်သောစကားကို မပြော ကြားပါကုန်လင့်၊ ရှေးဖြစ်သောနေ့၌ ငါကိုမြင်၍မထ, မဖယ်ရှောင်သောကြောင့် ရွံ့ကြောက်တွေးတောခြင်းဖြစ်သော အလိုကိုမဖြစ်ပါစေလင့်။"

"အရှင်မင်းမြတ်. . . လူတို့၏သွားလာလှည့်လည်သော အရပ်မည်သည် များသောအပြစ်ရှိပါသည်။ ရဟန်းတော်အရှင်မြတ်တစ်ပါးကို ပင့်ဖိတ်၍ ဘုရား ရှင်၏ တရားတော်များကိုချပို့စေကာ ပို၍သင့်လျော်ပါမည်။"

"အချင်းဥပါသကာ. . . ကောင်းလှ၏။"

ကောသလမင်းကြီးသည် ဆတ္တပါဏိဥပါသကာ၏လျှောက်ထားတင်ပြ အကြံပြုချက်ကို သဘောကျ၍ မြတ်စွာဘုရားရှင်ထံချက်ချင်းသွားရောက်ကာ ဘုရားရှင်ကို-

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . မလ္လိကာမိဖုရားနှင့် ဝါသဘခတ္တိ ယ မိဖုရားကြီးနှင့်နန်းတွင်းသူများသည် အရှင်ဘုရား၏တော်များကို သင်ယူပါကုန်

လတ့်၊ အရှင်ဘုရားသည် ငါးရာကုန်သောရဟန်းတို့နှင့် အတူတကွဒကာတော်၏ နန်းတော်သို့အမြဲကြွတော်မူ၍ ထိုမိဖုရားတို့အား တရားတော်ကိုသင်တော်မူစေကုန်ပါလော၊ တရားတော်ကိုဟောကြားပေးပါကုန်လော”
ဟု တောင်းပန်စကား လျှောက်ထားသည်။

“ဒကာတော်မင်းမြတ်. . . ငါဘုရားတို့မည်သည်ကား အမြဲမပြတ်တစ်ခုတည်းသောအရပ်သို့ သွားအပ်သည်မည်သည်မရှိချေ။”

“အရှင်ဘုရား. . . ထိုသို့မူကား သင့်တော်လျှောက်ပတ်သော ရဟန်းတစ်ပါးကို စေလွှတ်သနားတော်မူပါ။”
ဟုတောင်းပန်လျှောက်ထားသည်။

ဘုရားရှင်သည် ရှင်အာနန္ဒာကိုတာဝန်ပေးတော်မူလေသည်။
ရှင်အာနန္ဒာသည် အမြဲမပြတ်နန်းတော်သို့ကြွ၍ မိဖုရားတို့အား ဘုရားဟောတရားတော်များကို သင်ပေးသည်။

မိဖုရားနှစ်ပါးတွင် မလ္လိကာမိဖုရားသည်ကား တရားတော်ကို ရိုသေကောင်းမွန်စွာသင်ယူ၍ ကောင်းစွာသရဇ္ဈာယ်ပြီးလျှင် ပါဠိအရှည်ခံ့သည်ကို ပြုတော်မူသည်။

ဝါသဘခတ္တိယ မိဖုရားကမူ ကောင်းမွန်စွာမသင်ယူ၊ မသရဇ္ဈာယ်ပါချေ။
ထို့နောက်တစ်နေ့သောအခါ ဘုရားရှင်သည်-

“ချစ်သားအာနန္ဒာ. . . အသို့နည်း၊ ဒါယိကာမ မိဖုရားတို့သည်တရားကို သင်ယူကြပါကုန်လော”
ဟုမေးသည်။

“ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . မလ္လိကာမိဖုရားသည်ကား ကောင်းမွန်စွာသင်ယူသရဇ္ဈာယ်ပါ၏။ ဆွေတော်မျိုးတော်ဖြစ်သော ဝါသဘခတ္တိယမိဖုရားကမူ ထိုသို့မသင်ယူပါဘုရား”

“ချစ်သားအာနန္ဒာ. . . ငါဘုရားဟောကြားအပ်သော တရားတော်မည်သည် ရိုသေကောင်းမွန်စွာမနာခံ၊ မသရဇ္ဈာယ်မမှီဝဲသောသူကား အဆင်းသဏ္ဍာန်နှင့်သာပြည့်စုံ၍ အနံ့မရှိသောပန်းကဲ့သို့ အကျိုးမရှိသည်ဖြစ်ပေ၏။ ရိုသေကောင်း

မွန်စွာ တရားနာခြင်းစသည်ပြုသောသူအား ကြီးကျယ်ပြန့်ပြောများမြတ်သော အကျိုးအာနိသင်ရှိသည်ဖြစ်ပေမည်”

ဟု မိန့်ကြားပြီးလျှင်-

“တင့်တယ်သော အဆင်းရှိ၍ အနံ့မရှိသောပန်းသည် အကျိုးမရှိသကဲ့သို့ ထိုအတူကောင်းစွာ ဟောကြားအပ်သော ဘုရားရှင်၏တရားစကားတော်သည် ရိုသေကိုင်းညွတ်သောသူသည် မဂ်ဖိုလ်နိဗ္ဗာန်ရရန်အကျိုးရှိ၏။”

ဟု ဆက်လက်ဟောတော်မူရာ များစွာသောသူကို သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

**(ဓမ္မပဒ ပုပ္ဖဝဂ်၊ ဆတ္တပါဏိဥပါသကာဝတ္ထု)**

## ကောသလမင်းနှင့်ပြည်သူတို့၏အသဒိသဒါနပြိုင်ဆိုင်မှု

အခါတစ်ပါး၌ ဘုရားရှင်သည် ဒေသစာရီလှည့်လည်တော်မူပြီး၍ ရဟန်း -၅၀၀နှင့်အတူ ဇေတဝန်ကျောင်းသို့ဝင်ရောက် သီတင်းသုံးတော်မူသည်။

ထိုအခါ ကောသလမင်းကြီးသည် ကျောင်းတိုက်သို့သွား၍ ဘုရားရှင်ကို ပင့်ဖိတ်ပြီးလျှင် နောက်တစ်နေ့၌ အာဂန္တုကအလှူ (ခရီးရောက်စသံဃာအား လှူအပ်သောအလှူ ) ကိုကြီးကျယ်စွာစီရင်၍-

"ငါ၏အလှူကိုကြည့်လှည့်ကြ"

ဟု မြို့သူမြို့သားအများတို့ကို ဖိတ်ခေါ်လေသည်။

မြို့သူမြို့သားတို့သည်လာရောက်၍ မင်းကြီး၏အလှူဒါနကို မြင်ကြပြီးလျှင် အားကျမခံနောက်တစ်နေ့၌ ဘုရားရှင်ကိုပင့်ဖိတ်ကြပြီးလျှင် အလှူဝတ္ထုများကို ပြည့်စုံစွာစီမံကြပြီးနောက်-

"သမ္မာတိနတ်အရှင်မင်းမြတ်သည်လည်း ကျွန်ုပ်တို့၏အလှူဒါနကို ကြွရောက်ရှုစားတော်မူပါ။"

ဟု မင်းကြီးကဖိတ်မန္တကပြုကြသည်။

မင်းကြီးသည် ထိုမြို့သူမြို့သားတို့၏ အလှူဒါနကိုမြင်၍-

"ဤမြို့သူမြို့သား လူအများတို့သည် ငါ၏အလှူထက်ထူးကဲသာလွန်သော အလှူဒါနကိုပြုအပ်ကြလေပြီ။ ငါသည် တစ်ဖန်သူတို့ထက်သာလွန်သော အလှူဒါနပြုပေအံ့"

ဟု ကြံစည်၍ နောက်တစ်နေ့၌လည်း အလှူကြီးစွာစီမံ၍ မြို့သူမြို့သားများကို ဖိတ်ကြားပြီး လှူဒါန်းပြန်လေသည်။

မြို့သူမြို့သားလူအများတို့သည် မင်းကြီး၏ထိုအလှူဒါနကို မြင်ကြရ၍ အားကျမခံ ထိုထက်သာလွန်အောင် နောက်တစ်နေ့၌အလှူကြီးစွာ စီမံကြ၍ မင်းကြီးကိုဖိတ်ကြားပြီး လှူဒါန်းကြလေသည်။

ဤနည်းဖြင့် မင်းကြီးကလည်း မြို့သူမြို့သားတို့ကို ရှုံးစေရန်မတတ်နိုင်ချေ မြို့သူမြို့သားတို့ကလည်း မင်းကြီးကိုရှုံးစေရန် မတတ်နိုင်ချေ။

ထို့နောက် (၆)ကြိမ်မြောက် အလှူပွဲကြီး၌ မြို့သူမြို့သားတို့သည် အဆတစ်ရာ၊ အဆတစ်ထောင်တိုးတက်ကြ၍ -

"ဤမြို့သူမြို့သားတို့၏အလှူ၌ ဤမည်သောအလှူဝတ္ထုတစ်ခုဖြင့် မပါရှိချေ။ "

ဟု တစ်ဦးတစ်ယောက်မျှ မပြောဆိုနိုင်လောက်အောင် အလှူဝတ္ထုတို့ကို စီမံကြသည်။ မင်းကြီးသည် မြို့သူမြို့သားတို့၏အလှူဒါနကိုမြင်ရ၍ -

"ငါသည် အကယ်၍ ဤမြို့သူမြို့သားတို့၏ အလှူဒါနထက် ထူးချွန်သာလွန်အောင် မပြုလုပ်နိုင်လျှင် ငါအဖို့ရာအသက်ရှင်ခြင်းဖြင့် အဘယ်အကျိုးရှိတော့အံ့နည်း။"

ဟု မြို့သူမြို့သားတို့အလှူဒါနထက် သာလွန်ရန်နည်းလမ်းဥပါယ်ကို ကြံစည်လျက် သလွန်ထက်၌ လျောင်းနေလေသည်။

ထိုအခါ မလ္လိကာမိဖုရားကြီးသည် မင်းကြီးထံလာရောက်၍ -

"မြတ်သောမင်းကြီး. . . အဘယ်ကြောင့် ဤကဲ့သို့လျောင်းတော်မူပါသနည်း။ အဘယ်ကြောင့် မျက်စိစသောဣန္ဒြေတို့ ညှိုးနွမ်းသကဲ့သို့ ဖြစ်ရပါကုန်သနည်း။"

ဟု မေးမြန်းလေသည်။

"ရှင်မိဖုရား. . . အကြောင်းကိုသင်မသိဘူးလော"

"မသိပါ. . . အရှင်မင်းကြီး"

ထိုအခါကောသလမင်းကြီးက မိဖုရားအားမိမိနှင့်မြို့သူမြို့သားများက အလှူပြိုင်ပွဲကျင်းပနေပုံ အကြောင်းစုံကိုပြောပြတော်မူလေသည်။

"အရှင်မင်းကြီး. . . ထွေရာလေးပါးအကြံများမနေပါနှင့်၊ အရှင်မင်းကြီးသည် အဘယ်မှာရေမြေကို အစိုးရသောပြည့်ရှင်မင်းက မြို့သူမြို့သားတို့မှ ရှုံးရသည်ကိုမြင်ဖူး-ကြားဖူးပါသနည်း။ ကျွန်တော်မကိုယ်တိုင် အရှင်မင်းကြီး၏အလှူဒါနကို စီမံခန့်ခွဲပါမည်။"

ဟုအားပေးစကားလျှောက်ထားပြီး မလ္လိကာသည် အသဒိသဒါနအလှူအတွက်ကိုယ်တိုင်စီမံခန့်ခွဲတော်မူသည်။

"အရှင်မင်းကြီး. . . သာလကလျာဏီနံ့သာပျဉ်ချပ်တို့ဖြင့် ရဟန်း(၅၀၀)တို့အတွက် ရွှေနန်းတော်မြေအဝန်းအတွင်း၌ ထိုင်နေတော်မူကြရန် မဏ္ဍပ်ကိုဆောက်လုပ်စေပါ၊ ကျန်သောပရိသတ်တို့သည် ရွှေနန်းတော်မြေအဝန်း အပြင်ကနေကြပါလိမ့်မည်။

- ထီးဖြူတော် (၅၀၀)ကိုပြုလုပ်ပေးပါ။ ထိုထီးဖြူများကို နှာမောင်းဖြင့်ပွေ့ပိုက်၍ဆင် (၅၀၀)တို့သည် ရဟန်း(၅၀၀)တို့၏ ဦးထိပ်ပေါ်ဝယ် ရဟန်းတစ်ပါးလျှင် ဆင်တစ်ကောင်ကျ ဆောင်းမိုးကြလျက် ရပ်တည်နေကြရပါမည်။

- ရွှေနီဗလံဖြင့်ပြီးသော ရွှေလှေ့ရှစ်ဆင်းတို့ကို ပြုလုပ်စေတော်မူပါ။ ထိုရွှေလှေ့တို့သည် မဏ္ဍပ်၏အလယ်၌ နံ့သာရည်ထည့်ရန် ဖြစ်ပါသည်။

- ရဟန်း(၂)ပါး၊ (၂)ပါးတို့၏အကြား၌ မင်းသမီးတစ်ယောက်တစ်ယောက်ထိုင်နေကာ နံ့သာတို့ကိုကြိတ်ကြ၊ သွေးကြပါလိမ့်မည်။

မင်းသမီးတစ်ယောက်တစ်ယောက်သည် ရပ်ဝန်းကိုဆွဲကိုင်၍ ရဟန်းတော်(၂)ပါးတို့ကို မပြတ်မလပ်ယပ်ခတ်လျက် တည်နေကြပါလိမ့်မည်။ ကြွင်းကျန်သောမင်းသမီးများသည် ကြိတ်ပြီးကြိတ်ပြီးသောနံ့သာတို့ကိုယူဆောင်၍ ရွှေလှေ့တို့၌ ထည့်ကြရပါမည်။

ထိုမင်းသမီးများအနက် အချို့သောမင်းသမီးများက ကြာညိုပန်းစည်းတို့ကို စွဲကိုင်ကြကာ ထိုရွှေလှေ့များ၌ ထည့်ထားသောနံ့သာတို့ကို မွှေနှောက်ကြ၍ အထုံကိုယူစေကြရပါမည်။

မြို့သူမြို့သားတို့မှာ မင်းသမီးများလည်းမရှိကုန်၊ ထီးဖြူများလည်းမရှိကုန်၊ ဆင်များလည်းမရှိကုန်၊ ဤအကြောင်းများကြောင့် မြို့သူမြို့သားတို့သည် ရှုံးကြပါလိမ့်မည်။

အရှင်မင်းကြီး. . . ယခုကျွန်တော်မလျှောက်ထားသည့်အတိုင်း ဆောင်ရွက်စီမံတော်မူပါ။”

ဟု အကြံပေးလျှောက်ထားသည်။

“အရှင်မိဖုရား. . . ကောင်းပြီ။ သင်သည်ကောင်းမြတ်သော အကြံပေးစကားကိုပြောကြားအပ်လေသည်။”

ဟု ဝန်ခံကာ မလ္လိကာမိဖုရားပြောကြားသောနည်းအတိုင်း အလုံးစုံကိုပြုလုပ်စေလေသည်။

ထိုသို့ပြုလုပ်ရာတွင် ရဟန်းတစ်ပါးအတွက် ဆင်လိမ္မာတစ်ကောင်လိုနေသဖြင့် မင်းကြီးကမလ္လိကာမိဖုရားကို ထိုအကြောင်းပြောပြပြီး မည်သို့ပြုလုပ်မည်နည်းဟု မေးသည်။

“မင်းကြီး. . . အခြားဆင်များကော မရှိပါသလော”

“ရှင်မိဖုရား. . . ရှိပါ၏။ ကျန်သောဆင်များသည် ဆင်ကြမ်းများဖြစ်ကြပါမည်။ ထိုဆင်များသည် ရဟန်းတို့ကိုမြင်လျှင်ပင် ဝေရမ္ဘလေကဲ့သို့ အလွန်ကြမ်းတမ်းကုန်၏။”

“အရှင်မင်းကြီး. . . ကျွန်ုပ်သည် ဆင်ကြမ်းငယ်တစ်ကောင်၏ ထီးဖြူကို နှာမောင်းဖြင့်ပွေ့ပိုက်၍ ရပ်တည်နေရမည့်နေရာကို စဉ်းစားမိပါသည်။”

“ထိုဆင်ကြမ်းငယ်ကို ဘယ်နေရာ၌ထားမည်နည်း။”

“အရှင်အင်္ဂုလိမာလမထေရ်၏အနီး၌ ထားပါမည်။”

မင်းကြီးသည် မလ္လိကာမိဖုရားအကြံပြုသည့်အတိုင်း ပြုလုပ်စေလေသည်။ ဆင်ကြမ်းငယ်သည် မြီးထူးကိုပေါင်ကြား၌သွင်း၍ နားနှစ်ဘက်တို့ကိုချပြီးလျှင် မျက်စိများကိုမှိတ်လျက် ငြိမ်သက်စွာရပ်တည်နေလေသည်။

“ဤသို့ပင် ကြမ်းတမ်းလှသောဆင်၏သော်မှ ဤသို့ယဉ်ကျေးသိမ်မွေ့ငြိမ်သက်သောအခြင်းအရာဖြစ်ဘိ၏။”

ဟု မြို့သူမြို့သားတို့သည် ဆင်ကိုသာလျှင် တအံ့တသြကြည့်ရှုနေကြသည်။

မင်းကြီးသည် ဘုရားရှင်အမှူးပြုသော သံဃာတော် (၅၀၀)တို့ကို ဆွမ်းပြင်ပြုစုလုပ်ကျွေး၍ ရိုသေစွာရှိခိုးပြီးလျှင်-

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . ဤအလှူတင်းကုပ်၌ ရဟန်းတို့အား အပ်စပ်သောဘဏ္ဍာနှစ်မျိုးစလုံးကိုပင် အရှင်ဘုရားတို့အား လှူဒါန်းပါကုန်၏" ဟုလျှောက်ထားလေသည်။

ထိုနေ့ အသဒိသအလှူ၌ စွန့်ကြဲလှူဒါန်းသော ဥစ္စာသည်(၁၄)ကုဋေတန်ဖိုးရှိလေသည်။

ဘုရားရှင်အတွက်လှူဒါန်းသော ထီးဖြူ ပလ္လင်၊ သပိတ်ခြေ၊ ခြေတော်ဆေးပြီးလျှင် နင်းစရာအင်ပျဉ် ဤလေးမျိုးတို့သည် အဖိုးအနဂ္ဃထိုက်တန်ကုန်၏။ နောက်တစ်ဖန် ဤသို့သောအလှူဝတ်တို့ကို ပြုလုပ်စီမံ၍ ဘုရားရှင်အားအလှူဒါနမည်သည်ကို ပေးလှူခြင်းငှါမစွမ်းနိုင်ပါ။ ထို့ကြောင့်ကောသလမင်းကြီး၏အလှူသည် အတုမရှိသောအလှူ (အသဒိသဒါန)ဟူ၍ ထင်ရှားပါသည်။ ဤအလှူသည် ခပ်သိမ်းသောဘုရားရှင်တို့အား တစ်ကြိမ်သာလျှင် ဖြစ်မြဲဓမ္မတာဖြစ်ပါသည်။ ဤအလှူမျိုးကိုလည်း မင်း၏မိန်းမ၊ မာတုကာမပညာရှင်သာလျှင် စီမံခန့်ခွဲလေ့ရှိပါသည်။

ဤအသဒိသအလှူနှင့်ပတ်သက်၍ ကောသလမင်းကြီး၏ အတိုင်ပင်ခံအမတ်များဖြစ်ကြသော ဇုဏှအမတ်နှင့် ကာဠအမတ်တို့တွင် ကာဠအမတ်က-

"ဩော်. . . မင်းကြီးနန်းတော်၏ ဆုတ်ယုတ်ခြင်း၊ ဆုံးရှုံးခြင်းများသည် ဖြစ်ခဲ့ရလေပြီတကား။ တစ်နေ့တည်းတစ်ရက်တည်းပင် (၁၄)ကုဋေသောဥစ္စာတို့ကုန်ခမ်းခြင်းသို့ ရောက်ခဲ့ရသည်။ ဤရဟန်းတို့သည် မင်းကြီး၏အလှူကို ခံယူသုံးဆောင်ပြီး၍ ကျောင်းသို့ပြန်သွားကြပြီးလျှင် စင်းစင်းကြီးအိပ်ကြလေတော့သည်။ ဩော်. . . မင်း၏ရွှေနန်းတော်ကား ပျက်စီးခြင်းမက ပျက်စီးပါပကောလား။" ဟု ကြံစည်စဉ်းစားမိသည်။

ဇုဏှအမတ်ကမူ-

"ဩော်. . . မင်းကြီးသည် အလှူဒါနကို ကောင်းမွန်စွာပေးလှူအပ်လေပြီတကား။ မင်းမဟုတ်သောသူသည် ဤသို့သောအလှူကိုမပေးလှူနိုင်ရာ ခပ်သိမ်းသောသတ္တဝါတို့အား အလှူ၏အဖို့ဘာဂမျှကို မပေးသောအလှူရှင်မည်သည်မရှိ။ ငါသည်မင်းကြီး၏ အလွန်မွန်မြတ်သော အသဒိသအလှူဒါနကြီးကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါ၏။"

ဟု ဇုဏှအမတ်သည် ကြံစည်စဉ်းစားမိပြီး ဝမ်းမြောက်ဝမ်းသာသာဓု (၃)ကြိမ် ခေါ်သည်။

ဆွမ်းကိစ္စပြီး၍ ကောသလမင်းကြီးသည် အနုမောဒနာတရားနာယူရန် ရေစက်ခွက်ကိုကိုင်ယူပြင်ဆင်လေသည်။ ဘုရားရှင်သည်-

"မင်းကြီးအား ကြီးစွာသောရေအယဉ်ကို လိမ့်၍လိမ့်၍စီးစေသကဲ့သို့ ကြီးစွာသောအလှူဒါကို ပေးလှူအပ်လေပြီ။ လူများအပေါင်းသည် စိတ်ကိုကြည် လင်စေခြင်းငှါ စွမ်းနိုင်၏လော၊ မစွမ်းနိုင်လော။"

ဟု ဆင်ခြင်တော်မူလတ်သော် ထိုအမတ်(၂)ဦး၏ စိတ်ဖြစ်ပုံကိုသိတော်မူ၍-

"အကယ်၍ ငါဘုရားသည် မင်းကြီး၏အလှူနှင့်လိုက်လျော်အောင် အနု မောဒနာတရားအကျယ်အားဖြင့် ဟောကြားခဲ့လျှင် ကာဠအမတ်၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲပေလိမ့်မည်။ ဇုဏှအမတ်ကမူ သောတာပတ္တိဖိုလ်၌ တည်ပေလိမ့်မည်" ဟု ဆက်၍သိတော်မူပြီးလျှင် ကာဠအမတ်၌ သနားသမှုအကြောင်းပြု၍ ကြီးစွာ သောအလှူကိုပေးလှူသော မင်းကြီးအားလေးပါဒမျှသာ ရှိသောဂါထာတစ်ပုဒ်ကို သာဟော၍ နေရာမှထ,ကာ ကြွသွားတော်မူသည်။

ကောသလမင်းကြီးသည် ဘုရားရှင်ဤမျှသာဟောပြီး ကြွသွား၍နှလုံးမသာ မယာခြင်း ဖြစ်ပေါ်ခံစားရကာ-

"ဤသို့သဘောရှိသော ပရိတ်သတ်ကြီးစွာသောအလှူဒါနကို ပေးလှူ တည်သောငါအား အလှူကြီးနှင့်လိုက်လျော်အောင် အနုမောဒနာတရားမဟော ကြားပဲ ဂါထာလေးတစ်ပုဒ်မျှသာ ဟောကြားပြီး ဘုရားရှင်သည် နေရာမှထ,၍ ကြွတော်မူလေပြီ။ ငါသည်ဘုရားရှင်အား လျှောက်ပတ်သောအလှူကိုမပြုမူ၍ မလျှောက်ပတ်သောအလှူဒါနကို ပြုအပ်သည်ဖြစ်လိမ့်မည်။

ဘုရားရှင်သည် ငါအားအမျက်ထွက်သည်ဖြစ်ရာ၏။ ဤသည်ငါယခုလှူ သောအလှူသည် အသဒိသဒါနမည်ပေသည်။ သို့ဖြစ်၍ အသဒိသဒါနနှင့်သင့် လျော်လျှောက်ပတ်သော အနုမောဒနာတရားကိုဟောကြားပေးသင့်ပါ၏။"

ဟု ကြံစည်ကာဘုရားရှင်ရှိရာ ကျောင်းတော်သို့လိုက်သွားလေသည်။

ထိုအချိန်တွင် ရဟန်းတော်များက အရှင်အင်္ဂုလိမာလမထေရ်ကို-

"ငါရှင်. . . သင်သည် ထီးဆောင်းပေးသော ဆင်ကြမ်းကိုမြင်ရတော့ မကြောက်ဘူးလော၊"

ဟု မေးကြ၍ အရှင်အင်္ဂုလိမာလက မကြောက်ဟုဖြေသည်ကို ရဟန်းတို့က အင်္ဂုလိမာလကို ရဟန္တာဖြစ်နေသည်ကို မသိကြ၍ ဘုရားထံသို့သွားကြကာ-

"မြတ်စွာဘုရား. . . အရှင်အင်္ဂုလိမာလသည် အရဟတ္တဖိုလ်ကိုဝန်ခံပြောကြားဘိ၏။"

ဟု ကဲ့ရဲ့ရှုတ်ချလျှောက်ထားကြစဉ် ဘုရားရှင်က-

"ရဟန်းတို့. . . အင်္ဂုလိမာလသည် တကယ်ပင်မကြောက်ချေ။ ရဟန္တာတို့ပုဂ္ဂိုလ်မြတ်တို့၏အလယ်တွင် ကြီးကဲလွန်မြတ်သောပုဂ္ဂိုလ်များ ဖြစ်ကြသော ငါ၏သားတော်နှင့်တူသော ရဟန်းတို့သည် မကြောက်ကြကုန်"

ဟူ၍ မိန့်ကြားပြီး-

"ရဟန်းတို့. . . တုန်လှုပ်ခြင်းကင်းမဲ့လှစွာသော ဥသဘန္ဒွားမင်းနှင့်တူသော မြတ်သောလုံ့လနှင့်ပြည့်စုံသော သီလစသောဂုဏ်ကျေးဇူးတို့ကို ရှာမှီးလေ့ကျက်ပြီးသော ဒေဝပုတ္တ, ကိလေသနှင့်အဘိသင်္ခါရမာရ် ဤသုံးတန်ကိုတွန်းလှန်ပယ်ပြီး အောင်ပွဲပြင်ဆင်ပြီးသော ဘဝတဏှာဇောခပ်သိမ်းငြိမ်းပြီးသော ကိလေသာအညစ်အကြေးကိုမဂ်ရေစင်ဖြင့် စစ်ကြောပြီးသော သစ္စာလေးပါးကိုသိမြင်ပြီးသော အာသဝေါကုန်ခမ်း ရဟန္တာပုဂ္ဂိုလ်ကို ငါဘုရားသည် မြတ်သောပြဟ္မဏဟူ၍ ဟုတ်မှန်သောသဘောဖြင့် ဟောကြားအပ်ပေပြီ။"

ဟူ၍ ဟောနေသောအချိန်ဖြစ်သည်။

ကောသလမင်းသည် ဘုရားရှင်ကို အင်္ဂုလိမာလနှင့်ပတ်သက်၍ ရဟန်းများကို ဟောကြားပြီးသောအချိန်တွင် ဘုရားရှင်အား-

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . ကျွန်ုပ်သည် လှူသင့်သော အလှူကိုမလှူအပ်ပါသလော၊ သို့မဟုတ် အလှူအားလျော်သော သင့်လျော်သော အလှူဝတ္ထုကို မပေးလှူမိဘဲ မသင့်လျော်သောအလှူဝတ္ထုကိုသာ လှူမိပါသလော"

ဟု မေးလျှောက်သည်။

"မြတ်သောမင်းကြီး. . . ဤသို့လျှောက်တင်ခြင်းသည် အဘယ်ကြောင့်နည်း"

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . အရှင်ဘုရားတို့သည် ကျွန်ုပ်၏ အသဒိသအလှူနှင့်လိုက်လျော်လျောက်ပတ်သော အနုမောဒနာတရားမဟော ကြားပါကုန်။"

"မြတ်သောမင်းကြီး. . . သင်သည် လှူဖို့ရန်သင့်လျော်သော အလှူကို လှူအပ်ပေပြီ။ ယခုသင်လှူသောအလှူသည် အသဒိသဒါနမည်၏။ ဤအသဒိသ အလှူကိုတစ်ဆူတစ်ဆူသော ဘုရားရှင်အားတစ်ကြိမ်တစ်ကြိမ်သာ လှူဒါန်းနိုင် ၏။ နောက်တစ်ဖန် ဤသို့သော အသဒိသဒါနကိုလှူရန် လွယ်ကူသည်မဟုတ်ပါချေ။

"မြတ်စွာဘုရား. . . ဤသို့ဖြစ်ပါလျှင် အရှင်ဘုရားတို့သည် အဘယ်ကြောင့် တပည့်တော်အား အသဒိသအလှူကြီးနှင့် လိုက်လျော်အောင်အနုမောဒနာတရား ကို တပည့်တော်အား အဘယ်ကြောင့်မဟောကြားပါသနည်း။"

"မြတ်သောမင်းကြီး. . . ပရိတ်သတ် မစင်ကြယ်သောကြောင့် မဟောပါ"

"မြတ်စွာဘုရား. . . ပရိတ်သတ်၏အပြစ်ကား အဘယ်နည်း။"

ထိုအခါ မြတ်စွာဘုရားက အမတ်(၂)ဦး၏စိတ်ဖြစ်ပုံအကြောင်းကို မိန့် ကြားပြီးလျှင် ကာဠအမတ်၌သနားသမှုအကြောင်းပြု၍ အနုမောဒနာတရား အကျယ်မဟောကြားသော အဖြစ်ကိုမိန့်ဆိုရှင်းပြသည်။

ထိုအခါမင်းကြီးက ချက်ချင်းပင်နောက်မှပါလာသော ကာဠအမတ်ကို

"ကာဠ. . . သင်ဤကဲ့သို့ ကြံစည်အပ်သည်မှန်သလော"

ဟုမေးသည်။ ကာဠအမတ်ကလည်း မှန်ကြောင်းလျှောက်ထားသည်။

"သင်၏ဥစ္စာကို ငါသည်တစ်ပြားတစ်ချပ်မျှမယူဘဲ ငါ၏သားမယားတို့နှင့် အတူတကွငါသည် မိမိ၏ဥစ္စာကိုပေးလှူသည့်အတွက် သင့်အားဘာမျှနှိပ်စက်မှု ရှိပါသနည်း။ အမောင်ကာဠအမတ်. . . သွားလော့၊ သင့်အားငါပေးအပ်ပြီးသော စည်းစိမ်ကိုပြန်မသိမ်းပါ။ စင်စစ်သင်သည် ငါ၏နိုင်ငံအတွင်းမှ ယနေ့ပင်ထွက်ခွါ ပါလော"

ဟု ပြည်နှင်ဒဏ်ခတ်လေသည်။

"ဇုဏှ. . . သင်ကော ဤသို့ကြံသည် မှန်သလော"

"မင်းမြတ်. . . မှန်ပါ၏။"

"သာဓု၊ သာဓု၊ သာဓု ကျွန်ုပ်သည်သင့်ကို ကြည်ညိုပါ၏။ ကျွန်ုပ်၏အခြံအရံလူများကိုယူပြီးလျှင် ကျွန်ုပ်လှူသောနည်းအတိုင်းပင် ခုနစ်ရက်ပတ်လုံးအလှူပေးပါလော။"

ဟု ဇုဏှအမတ်ကို ခုနစ်ရက်မင်းစည်းစိမ်ကို အပ်နှင်းပြီးနောက် ဘုရားရှင်ကို-

"မြတ်စွာဘုရား. . . လူမိုက်၏ပြုပုံကို ရှုတော်မူပါကုန်လော၊ သူကားတပည့်တော် ဤကဲ့သို့လှူအပ်သောအလှူ၌ ထိပါးပုတ်ခတ်မှုကိုပေးသောသူဖြစ်ချေသည်။"

ဟုလျှောက်ထားသည်။

"မင်းကြီး. . . ဟုတ်ပေ၏။ လူမိုက်တို့သည် သူတစ်ပါးတို့၏အလှူဒါနကို မနှစ်သက်နိုင်ကြ။ ကဲ့ရဲ့ရှုတ်ချသောကြောင့် အပါယ်ဘုံသို့သာ နောက်ဆုံလားရာရှိကြကုန်၏။ ပညာရှိသူတော်ကောင်းတို့သည်ကား သူတစ်ပါးတို့၏အလှူဒါနကို ဝမ်းမြောက်ဝမ်းသာ အနုမောဒနာကုသိုလ်ပွားများ၍ လူ့ရပ်လူ့ရွာနတ်ရွာကောင်းရာသုဂတိလျှင် နောက်ဆုံးလားရာရှိကုန်၏။"

ဟုမိန့်ကြားပြီးလျှင်-

"မြတ်သောမင်းကြီး. . . စင်စစ်ကြမ်းခက်လှပြား၊ မစ္ဆရိယသမားတို့သည် နတ်ပြည်လောကသို့ မလားရောက်ရကုန်။ ပစ္စုပ္ပန်-တမလွန်နှစ်တန်သော လောကကိုမသိကြကုန်သော လူမိုက်တို့သည် အလှူကိုမချီးမွမ်း၊ ဝမ်းမမြောက်နိုင်ကုန်၊ ရှေ့နောက်အရေးထောက်တွေးမြော်မြင် ပညာရှင်သည်သာ အလှူကိုနှစ်လိုအားရဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာပြုနိုင်၏။ ထိုပညာရှင်သည် ထိုသူတစ်ပါးလှူအပ်သောအလှူကို အားရဝမ်းသာသာဓုအနုမောဒနာပြုရသော ကောင်းမှုကြောင့်ပင်လျှင် သေသည့်အခါ နတ်ရွာ၌ နတ်စည်းစိမ်ကိုခံစားကာ လွန်စွာချမ်းသာရှိလှပေ၏။"

ဟု ဟောကြားရာ တရားတော်၏အဆုံး၌ ဇုဏှအမတ်သောတာပန်တည်လေသည်။

ကောသလမင်းကြီးသည် အလွန်ကြည်ညိုလှပဖြင့် အဖိုးတစ်သိန်းထိုက်သော သီဝိတိုင်းဖြစ်အပေါ်ရုံအဝတ်ကို ဘုရားရှင်အားထပ်မံလှူပြန်လေသည်။

ထို့နောက် ဘုရားရှင်အားရိုသေစွာရှိခိုးပြီးလျှင် မိမိနန်းတော်သို့ပြန်ကြွသွားလေသည်။

ထိုကောသလမင်းကြီးက အပေါ်ဝတ်ရုံကိုလှူမှုနှင့်ပတ်သတ်၍ ရဟန်းတို့က

"ငါ့ရှင်တို့ မင်းကြီးသည်အလှူဒါနဖြင့် အလွန့်အလွန်မရောင့်ရဲပေစွတကား" ဟု ဆွေးနွေးစကားဖြစ်ကြသည်။

ထိုစကားကို ဘုရားရှင်သည် သိတော်မူ၍ ရဟန်းတို့ကို-

"ရဟန်းတို့. . . အပြင်အပ ဗာဟိရဥစ္စာပစ္စည်းမည်သည်ကို ပေးလှူအပ်လွယ်ပေ၏။ ရှေးပညာရှိ ဘုရားလောင်းသူတော်ကောင်းတို့သည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို ထွန်တုံးပိတ်အောင်ပြုကာ နေ့စဉ်နေ့စဉ်ခြောက်သိန်းခြောက်သိန်းသောဥစ္စာတို့ကိုစွန့်သဖြင့် အလှူကိုပေးလှူရသော်လည်း အပြင်အပအလှူဖြင့် မရောင့်ရဲ၍ မိမိနှစ်သက်အပ်သောဝတ္ထုကို ပေးလှူအပ်သောသူသည် မိမိနှစ်သက်အပ်သောအကျိုးထူးကိုရနိုင်၏ဟု မမှိတ်မသုန်ယုံကြည်တော်မူကြကာ မိမိထံမှောက်ရောက်လာသောအလှူခံပုဂ္ဂိုလ်ဟု မိန့်ကြား၍ သီဝိဇာတ်ကိုအတိတ်ဆောင်၍ ဟောပြတော်မူသည် (ဝီသတိနိပါတ်)

"ရဟန်းတို့. . . ယခုအခါကောသလမင်းကြီး၏ ရွေးချယ်စီစစ်ပြီးမှ အတုမရှိ လွန်မြတ်သောကောင်းမှုမျိုးကို စိုက်ပျိုးကြချရာ သာသနာလယ်မြေကောင်း၌ အသဒိသအလှူမျိုးစေ့ကို တည်ထားကြချခြင်းကာ မအံ့သြလောက်ပေ။ ရှေးပညာရှိသူတော်ကောင်းဘုရားလောင်းတို့သည်လည်း ရွေးချယ်စီစစ်ပြီးမှသာလျှင် ကြီးစွာသောအလှူကို ပေးလှူခဲ့ဖူးလေပြီ။

ဟု မိန့်ကြားပြီး အာဒိတ္တဇာတ်ကို အတိတ်ပြန်၍ ဟောကြားတော်မူသည်။ (အဋ္ဌကနိပါတ်)

ဤသို့လျှင် ဂေါတမဗုဒ္ဓသည် လောကလူသားများ၏ အလှူဒါနနှင့်ပတ်သက်သောစိတ်သဘာဝ၊ လောကသဘာဝကို ရှင်းလင်းဟောကြားပြသခဲ့ပါသည်။

## အလှူခံပုဂ္ဂိုလ်ကိုရွေးချယ်စီစစ်၍ လှူဒါန်းသင့်ပုံ

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် အချိန်ဖြစ်သည်။

ပသေနဒီကောသလမင်းသည် မလ္လိကာမိဖုရားကြီးနှင့် တိုင်ပင်၍အသဒိသဒါနကိုပေးလှူခဲ့သည်ရှိသော် ဘုရားအမှူးရှိသော ရဟန်းငါးရာကိုရွေးချယ်ရာ၌ ရဟန်းကြီးတို့အားသာလျှင် ရွေးချယ်၍လှူသည်။

ထိုအခါကောသလမင်း၏ကျေးဇူးစကားကို ပြောဆိုကြကုန်သောရဟန်းတို့သည်-

"ငါ့ရှင်တို့ ကောသလမင်းကြီးသည် အသဒိသဒါနကိုလှူသည်ရှိသော် ရွေးချယ်၍အကျိုးကြီးသောအရာ၌သာလျှင် လှူ၏။"

ဟုတရားသဘင်၌ စကားကိုဖြစ်စေကုန်သည်။

ထိုအချိန် ဘုရားရှင်ကြွလာ၍ အဘယ်မည်သောစကားကို ဆွေးနွေးနေကြသနည်း-ဟုမေးသော် ထိုကောသလမင်းကြီး၏ အသဒိသဒါနနှင့် ပတ်သက်၍ ရွေးချယ်လှူသောအကြောင်းကို ဆွေးနွေးနေကြောင်း လျှောက်ထားကြသည်။

"ရဟန်းတို့. . . ကောသလမင်းသည် ငါကဲ့သို့သောဘုရား၏ အလုပ်အကျွေးဖြစ်၍ ရွေးချယ်စီစစ်၍ အလှူကိုပေးသည်ကား အံ့ဖွယ်မရှိသေး။ ရှေးပညာရှိတို့သည် ဘုရားရှင်မပွင့်ထွန်းမပေါ်သေးခင်သော်လည်း ရွေးချယ်စီစစ်၍အလှူကို ပေးဖူးကုန်ပြီ။"

"အရှင်ဘုရား. . . အတိတ်ဖြင့်ဖုံးလွှမ်းအပ်သော ထိုအကြောင်းကိုအကျယ် သိပါရစေဘုရား။"

"ရဟန်းတို့. . . လွန်လေပြီးသောအခါ ကုရုတိုင်း၊ ဣန္ဒပတ္တနဂိုရ်ပြည်၌ ယုဓိဋ္ဌိလအနွယ်ဖြစ်သော ကောရဗျမည်သောမင်းသည် မင်းပြုပါသည်။

ထိုကောရဗျမင်းအား ဝိဓုရမည်သောအမတ်သည် အကျိုးအကြောင်းကို ဆုံးမ၏။ ကောရဗျမင်းသည် အလုံးစုံသောဇမ္ဗူဒိပ်ကျွန်းကို ချောင်ချားစေ၍ အလှူကြီးကိုလှူသည်။ ထိုအလှူကိုယူ၍ စားကုန်သောသူတို့တွင် တစ်ယောက်သောသူမျှလည်း ငါးပါးသောသီလကိုစောင့်သောသူမည်သည်မရှိ၊ အလုံးစုံသောအလှူခံတို့သည် သီလမရှိကုန်သည်သာလျှင်တည်း။

ထိုအလှူသည် မင်းကိုမနှစ်သက်စေနိုင်၊ ကောရဗျမင်းသည်

"အဘယ်မည်သောအလှူသည် အကျိုးကြီးသနည်း။"

ဟု စူးစမ်းဆင်ခြင်ကြည့်သည်။

သီလရှိသောသူတို့အား လှူလိုသည်ဝိဓူရပညာရှိနှင့် တိုင်ပင်အံ့"

ဟုကြံပြီး၍ မိမိထံခ,စားလာသော ဝိဓုရပညာရှိကို

"ဝိဓုရသုခမိန်. . . အကြင်ပုဏ္ဏားတို့သည် ငါ၏ဘောဇဉ်ကို စားကုန်ရာ၏ မေထုန်ဟူသောရွာသူတို့၏အကျင့်မှ ကြဉ်ရှောင်ကုန်၏။ များသောအကြားအမြင်ရှိကုန်သော၊ သီလရှိကုန်သော၊ ထိုပုဏ္ဏားတို့ကိုရှာပါလော၊ အကြင်ပုဂ္ဂိုလ်၌လှူအပ်သောအလှူသည် အကျိုးကြီးမြတ်၏။ အဆွေ. . . ထိုပုဏ္ဏားတို့အား မြတ်သော အလှူကိုငါတို့သည် ပေးလှူပါအံ့"

"အရှင်မင်းကြီး. . . အရှင်မင်းကြီးဆိုခဲ့သော သီလရှိ၊ မေထုန်ရှောင်၊ များသောအကြားအမြင်ရှိ ပုဏ္ဏားတို့ကို ရခဲပါကုန်၏။"

"မြတ်သောမင်းကြီး. . . ဟစ်ကျိပ်ကုန်သော အကြင်ပုဏ္ဏားမျိုးတို့သည် ရှိကုန်သတတ်၊ ထိုတစ်ကျိပ်သောပုဏ္ဏားမျိုးတို့၏ ခွဲဝေခြင်းကိုစုံစမ်းဆင်ခြင်၍ ကျွန်ုပ်၏ထံမှ အကျယ်အားဖြင့် နာကြားပါလော။"

"မြတ်သောမင်းကြီး. . . ဆေးမြစ်ဖြင့်ပြည့်ကုန်သော ဖွဲ့အပ်သောအစရှိကုန်သော ဆေးအိပ်ကိုယူ၍ အကြင်ပုဏ္ဏားတို့သည် ဆေးကုကုန်သည်ဖြစ်၍

ဤဆေးသည် ဤရောဂါကိုပယ်နိုင်၏-စသည်ဖြင့် ဆေးကျမ်းဂါထာကိုဖွဲ့ကုန်၏။ ရေလည်းချိုးကုန်၏။ ဘူတဝိဇ္ဇာမန္တန်ကိုလည်း ရွတ်ကုန်၏။”

“မင်းမြတ်. . . ထိုပုဏ္ဏားတို့ကို ဆေးသမားနှင့်တူကုန်၏-ဟူ၍ ဆိုအပ်ကုန်၏။ ထိုပုဏ္ဏားတို့ကို ဆေးသမားပုဏ္ဏားဟု ဆိုအပ်ကုန်၏။ ထိုသို့သဘောရှိကုန်သော ပုဏ္ဏားတို့ကိုဆည်းကပ်ကုန်အံ့”

“ဝိဓုရသုခမိန်. . . ထိုပုဏ္ဏားတို့သည် ပုဏ္ဏားအကျင့်မှတစ်ပါးသော အကျင့်ရှိကုန်၏။ ထိုပုဏ္ဏားအကျင့်မရှိသောသူတို့ကို ပုဏ္ဏားတို့ဟူ၍ မဆိုအပ်ကုန်၊ ဟု ကောရဗျမင်းကဆိုသည်။

“ဝိဓုရသုခမိန်. . . တစ်ပါးလည်းဖြစ်ကုန်သော များသောအကြားအမြင်ရှိကုန်သော သီလရှိကုန်သော ပုဂ္ဂိုလ်တို့ကို ရှာပါလော”

“ဝိဓုရသုခမိန်. . . မေထုန်အကျင့်မှကြဉ်ကုန်သော အကြွင်ပုဂ္ဂိုလ်တို့သည် ငါ၏ဘောဇဉ်ကိုစားကုန်၏။ အကြွင်ပုဂ္ဂိုလ်၌ လှူအပ်သောအလှူသည် အကျိုးကြီး၏။ ထိုသီလရှိသောပုဂ္ဂိုလ်အားမြတ်သော အလှူကိုပေးပါအံ့”

“မြတ်သောမင်းကြီး. . အကြွင်ပုဏ္ဏားတို့သည် ကြေးစည်တို့ကိုယူ၍ တီးကုန်လျက် ရှေ့မှလည်းကြွေးကြော်ကုန်၏။ ထိုပုဏ္ဏားတို့သည် စေပါးရာသို့လည်း သွားကုန်၏။ ရထားအတတ်တို့၌ သင်ကုန်၏။

“မြတ်သောမင်းကြီး. . . ထိုပုဏ္ဏားတို့ကို ကျွန်အမှုလုပ်နှင့်တူကုန်၏ဟူ၍ ဆိုအပ်ကုန်၏။ ထိုပုဏ္ဏားတို့ကို ကျွန်အမှုလုပ်နှင့်တူကုန်၏ဟူ၍ ကြားအပ်ကုန်၏။ ထိုသို့သဘောရှိသောပုဏ္ဏားတို့ကို ဆည်းကပ်ကုန်အံ့။

မင်းကြီးသည် ထိုပုဏ္ဏားများကိုပုဏ္ဏားနှင့်တူကုန်၍ မဆည်းကပ်လိုကြောင်း မိန့်ကြားသည်။

“မြတ်သောမင်းကြီး. . . အကြွင်ပုဏ္ဏားတို့သည် တရားကိုလည်းကောင်း၊ တုတ်ကောက်ကိုလည်းကောင်းယူကုန်၍ ရွာတို့၌လည်းကောင်း၊ နိဂုံးတို့၌လည်းကောင်း၊ မင်းတို့သို့ပို့ဆောင်ကုန်၏။ ရွာမှလည်းကောင်း၊ နိဂုံးမှလည်းကောင်း၊ မပေးသည်ရှိသော် မထကုန်အံ့၊ ဤသို့ကပ်၍နေကုန်၏။ ထိုပုဏ္ဏားတို့ကိုလည်း နှိပ်စက်၍အခွန်တောင်းသောသူတို့နှင့် တူကုန်၏ဟူ၍ ဆိုကုန်၏။ ထိုသို့သဘောရှိကုန်သော ပုဏ္ဏားတို့ကိုဆည်းကပ်ကုန်အံ့၊”

မင်းကြီးသည် ထိုပုဂ္ဂိုလ်များသည် ပုဏ္ဏားအကျင့်မရှိ၍ မဆည်းကပ်လိုဟု ဆိုပြန်သည်။

"မြတ်သောမင်းကြီး. . . အကြင်ပုဏ္ဏားတို့အား တောချုံကဲ့သို့စည်ပင်သော လက်ကတီးမွေးတို့သည်လည်းကောင်း၊ ခြေသည်းလက်သည်းတို့သည်လည်းကောင်း၊ အမွေးတို့သည်လည်းကောင်း၊ အညစ်အကြေးထပ်သော သွားတို့သည်လည်းကောင်း၊ မြူနှင့်လိမ်းကျံအပ်သောဦးခေါင်းတို့သည်လည်းကောင်း၊ ရှိကုန်၏။ မြူမှုန်တို့ဖြင့်ပြွမ်းကုန်သော ထိုပုဏ္ဏားတို့သည် ဥဉ္စာကိုတောင်းကုန်သည်ဖြစ်၍ သွားကုန်၏။"

"မင်းမြတ်. . . ထိုပုဏ္ဏားတို့သည် စိုက်မြှုပ်၍ထားအပ်သော သစ်ငုတ်နှင့်တူကုန်၏ဟူ၍ ဆိုအပ်ကုန်၏။ ထိုသို့သဘောရှိကုန်သော ပုဏ္ဏားတို့ကိုဆည်းကပ်ကုန်အံ့၊"

- မင်းကြီးသည် ထိုပုဏ္ဏားတို့၌ ပုဏ္ဏားအကျင့်မှကင်း၍ မလှူလိုဟုဆိုကာ အခြားကိုရှာခိုင်းပြောခိုင်းပြန်ပါသည်။

"လူတို့ကိုအစိုးရသောမင်းကြီး. . . အကြင်ပုဏ္ဏားတို့သည် သဖန်းခါးသီးကိုလည်းကောင်း၊ ရှစ်ရှားသီးကိုလည်းကောင်း၊ သရက်သီးကိုလည်းကောင်း၊ ဇမ္ဗူသပြေသီးကိုလည်းကောင်း၊ သစ်ဆိမ့်သီးကိုလည်းကောင်း၊ တောင်ပိန္နဲသီးကိုလည်းကောင်း၊ ဒန်ပူကိုလည်းကောင်း၊ ဥသျှစ်သီးတို့ကိုလည်းကောင်း၊ ဇီးသီးတို့ကိုလည်းကောင်း၊ လင်းလွန်းသီးတို့ကိုလည်းကောင်း၊ ကြံချောင်းတင်လဲထုပ်ကိုလည်းကောင်း၊ အခိုတံကိုလည်းကောင်း၊ ပျားရည်မျက်စဉ်းကိုလည်းကောင်း၊ ဤသို့များသောအဖိုးနည်းသော၊ အဖိုးထိုက်သောဥစ္စာတို့ကိုရောင်းကုန်၏။ ထိုပုဏ္ဏားတို့သည် ကုန်သည်နှင့်တူကုန်၏။ ထိုသူတို့သည် ဝေါဟာရအားဖြင့် ပုဏ္ဏားမည်ကုန်၏ဟူ၍ ဆိုအပ်ကုန်၏။ ထိုသို့သဘောရှိသော ပုဏ္ဏားတို့ကိုဆည်းကပ်ကုန်အံ့"

မင်းကြီးသည် ထိုပုဏ္ဏားတို့သည် ပုဏ္ဏားအကျင့်မရှိကုန်၍ မဆည်းကပ်လိုသီလရှိအကြားအမြင်များသောသူကို ရှာပါဦး။ မြတ်သောအလှူခံပုဂ္ဂိုလ်ကိုလှူလိုပါသည်ဟု ထပ်မံဆိုပြန်သည်။

"မြတ်သောမင်းကြီး. . . အကြင်ပုဏ္ဏားတို့သည် လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းကိုပြုကုန်၏။ ဆိတ်၊ သိုးတို့ကိုအရသာငါးပါးရောင်းစားခြင်းငှါ မွေးမြူကုန်၏။ သတို့သမီးငယ်တို့ကို ဥစ္စာဖြင့်ပေးကုန်၏။ သမီးပေး၍လည်း ထိမ်းမြားကုန်၏။ သမီးယူ၍လည်းထိမ်းမြားကုန်၏။ သူတို့သည် သူဌေးသူကြွယ်နှင့် တူကုန်၏။ ထိုသူတို့ကိုလည်း ဝေါဟာရအားဖြင့် ပုဏ္ဏားတို့ဟူ၍ ဆိုအပ်ကုန်၏။ ထိုပုဏ္ဏားတို့ကိုသူဌေး သူကြွယ်နှင့်တူကုန်၏ဟူ၍ ကြားအပ်ကုန်၏။ ထိုသို့သဘော ရှိကုန်သော ပုဏ္ဏား တို့ကိုဆည်းကပ်ကုန်အံ့၊

မင်းကြီးသည် ထိုပုဏ္ဏားတို့ကိုပုဏ္ဏားအကျင့်မရှိဟုဆိုကာမလျှုလို သီလရှိ သူကိုသာ ရှာပါဦးဟု ဆိုပြန်သည်။

"မြတ်သောမင်းကြီး. . . အချို့ကုန်သော ပုရောဟိတ်တို့သည် ရွာတို့၌ အမြဲတည်သော ဆွမ်းဝတ်ကိုစားကုန်၏။ များစွာသောသူတို့သည် ထိုပုရောဟိတ် တို့ကို နက္ခတ်၊ မဟုတ်မင်္ဂလာတို့ကိုမေးကုန်၏။ ထိုပုရောဟိတ်တို့သည်လည်း အခ ယူ၍ နွားသင်းကွပ်ခြင်း၊ နွားကိုတံဆိပ်အမှတ်ထင်ခြင်းကိုပြုတတ်ကုန်၏။

ထိုပုရောဟိတ်တို့၏အိမ်၌ နွားတို့ကိုလည်းကောင်း၊ ကျွဲတို့ကိုလည်းကောင်း ဝက်တို့ကိုလည်းကောင်း၊ ဆိတ်တို့ကိုလည်းကောင်း၊ သတ်ကုန်၏။ ထိုပုရောဟိတ် တို့သည် နွားသတ်နှင့်တူကုန်၏။ ထိုပုရောဟိတ်တို့ကိုလည်း ဝေါဟာရအားဖြင့် ပုဏ္ဏားတို့ဟူ၍ ဆိုအပ်ကုန်၏။ ထိုနွားသတ်နှင့်တူကုန်သောသူတို့ကို ဝေါဟာရအား ဖြင့် ပုဏ္ဏားဟူ၍ဆိုအပ်ကုန်၏။ ထိုသို့သဘောရှိကုန်သော ဆည်းကပ်ကုန်အံ့"

- မင်းကြီးသည် ထိုသူတို့သည်ပုဏ္ဏားမဟုတ်၊ ပုဏ္ဏားအကျင့်မရှိ၍ မလှူ လိုဟုဆိုပြီး သီလရှိသောသူကို ထပ်ရှာခိုင်းပြန်သည်။

"မြတ်သောမင်းကြီး. . . အကြင်ပုဏ္ဏားတို့သည် သန်လျက်ကာအတတ် ကိုသင်ပြီး၍ သန်လျက်ကိုကိုင်စွဲ၍ ကုန်သည်တို့၏ခရီးတို့၌ တည်ကုန်၏။ ကုန် သည်ကိုဥစ္စာအခယူ၍ ပို့ပေးကုန်၏။ နွားကျောင်းမုဆိုး၊ တံငါတို့နှင့်တူကုန်၏။ ထိုသူတို့လည်း ပုဏ္ဏားမည်ကုန်၏ဟူ၍ ဆိုကုန်၏။ ထိုသို့သဘောရှိသော သူတို့ကို ဆည်းကပ်ကုန်အံ့"

- မင်းကြီးသည် ထိုပုဏ္ဏားတို့ကိုပုဏ္ဏားမဟုတ်ဟုဆိုကာ ပယ်ပြန်သည်။

"မြတ်သောမင်းကြီး. . . အကြင်ပုဏ္ဏားတို့သည် တော၌တဲဘုံကိုဆောက်၍ စဉ်းလဲသောကျော့ကွင်းတို့ကို ထောင်ကုန်၏။ ထိုပုဏ္ဏားတို့သည် ယုန်ကိုလည်းကောင်း၊ ကြောင်ကိုလည်းကောင်း၊ ဖွတ်မှစ၍ ငါးလိပ်တို့ကိုလည်းကောင်း၊ သတ်ကုန်၏။ ထိုပုဏ္ဏားတို့သည် မုဆိုးနှင့်တူကုန်၏။ ထိုသူတို့သည်လည်း ဝေါဟာရအားဖြင့် ပုဏ္ဏားဟူ၍ ဆိုကုန်၏။ ထိုသို့သဘောရှိကုန်သောသူတို့ကို ဆည်းကပ်ကုန်အံ့။

- မင်းကြီးသည် ထိုသူများလည်းပုဏ္ဏားအကျင့်မရှိ၍ မဆည်းကပ်လိုကြောင်းပြောပြန်သည်။

"မြတ်သောမင်းကြီး. . . တစ်ပါးကုန်သောပုဏ္ဏားတို့သည် ဥစ္စာကိုအလိုရှိကုန်သည်ဖြစ်၍လျှင် ညောင်စောင်းအောက်၌ အိပ်နေကုန်သည်ဖြစ်၍ မကောင်းမှုကိုစင်စွာဆေးသောယာဇ်သည် ဖြစ်လာဘ်သော်မင်းတို့ကို ညောင်စောင်းအောက်၌ ခေါင်းဆေးကုန်၏။ ထိုပုဏ္ဏားတို့သည် မကောင်းမှုအညစ်အကြေးကို ဆေးလျှော် ဖွပ်တတ်သူနှင့် တူကုန်၏။ ထိုသူတို့ကိုလည်း ဝေါဟာရအားဖြင့် ပုဏ္ဏားမည်ကုန်၏၊ ထိုသို့သဘောရှိကုန်သောသူတို့ကို ဆည်းကပ်ကုန်အံ့"

- မင်းသည် ထိုသူတို့ကိုလည်း ပုဏ္ဏားအကျင့်မရှိ၍ မဆည်းကပ်လိုကြောင်း ပြောပြန်သည်။

"ဝိဓုရသုခမိန်ပြောပြသော ဝေါဟာရပုဏ္ဏားအမည်ခံ (၁၀)ဦးအချုပ်မှာ-

၁။ ဆေးသမားနှင့်တူသောပုဏ္ဏားတစ်ယောက်

၂။ ကျွန်အမှုလုပ်နှင့်တူသောပုဏ္ဏားတစ်ယောက်

၃။ အခွန်တောင်းသောသူနှင့်တူသောပုဏ္ဏားတစ်ယောက်

၄။ မပေးကမထ,ဟု ဆိုအပ်သောသစ်ငုတ်နှင့်တူသောပုဏ္ဏားတစ်ယောက်

၅။ ကုန်သည်နှင့်တူသောပုဏ္ဏားတစ်ယောက်

၆။ သူဌေး, သူကြွယ်နှင့်တူသောပုဏ္ဏားတစ်ယောက်

၇။ နွားသတ်နှင့်တူသောပုဏ္ဏားတစ်ယောက်

၈။ နွားကျောင်းသားမုဆိုး၊ တံငါနှင့်တူသောပုဏ္ဏားတစ်ယောက်

၉။ မုဆိုး၊ တံငါနှင့်တူသောပုဏ္ဏားတစ်ယောက်
၁၀။ အညစ်အကြေးမကောင်းမှုကို ဆေးကြောပေးသောပုဏ္ဏားတစ်ယောက်

ဤသို့အားဖြင့် ဝေါဟာရအားဖြင့် ပုဏ္ဏားအမည်ခံသော ပုဂ္ဂိုလ်တစ်ကျိပ်ကို ဝိဓုရသုခမိန်က ထုတ်ပြသည်။

"အရှင်မင်းကြီး. . . အကြင်ပုဏ္ဏားတို့သည် အရှင်မင်းကြီး၏ခဲဘွယ်သောဇဉ်တို့ကိုစားကုန်၏။ မေထုန်အကျင့်မှ ကြဉ်ရှောင်ကုန်သော သီလရှိပြီးများသောအကြားအမြင်ရှိကုန်သော ပုဏ္ဏားတို့သည်ရှိကုန်သည်သာလျှင်တည်း။"

"ထိုပုဏ္ဏားတို့သည် တစ်ထပ်တည်းသောဆွမ်းကိုစားကုန်၏။ ယာဇ်မျိုးတို့ကိုမသောက်ကုန်၊ ထိုပုဏ္ဏားတို့မြတ်သောပုဏ္ဏား ဆိုအပ်ကုန်၏။ ထိုသို့သဘောရှိကုန်သော ပုဏ္ဏားတို့ကိုဆည်းကပ်ကုန်အံ့။"

"သုခမိန်. . . သင်ပြောပြဘေ ဤကဲ့သို့သဘောရှိသောဂုဏ်နှင့် ပြည့်စုံသော မြတ်သောအလှူခံဖြစ်ကုန်သော ပုဏ္ဏားပုဂ္ဂိုလ်တို့သည် အဘယ်မှာရှိပါမည်နည်း။ အဘယ်အရပ်၌ နေကုန်သနည်း။"

"မြတ်သောမင်းကြီး. . . မြောက်ဟိမဝန္တာ နန္ဒမူလိုဏ်ဂူ၌နေကုန်၏။"

"သုခမိန်. . . ထိုသို့တ, ပြီးကာ သီလရှိကုန်သော များသောအကြားအမြင်ရှိကုန်သော ထိုပုဏ္ဏားတို့ကို သင်၏အစွမ်းဖြင့်ရှာ၍ ပေးပါလော။"

"မြတ်သောမင်းကြီး. . . ကောင်းပါပြီ။ မင်းကြီးမြို့တော်ကိုတန်ဆာဆင်စေပြီးလျှင် အလုံးစုံသောပြည်သူတို့ကို အလှူပေးစေ၍ ဥပုသ်ကိုဆောက်တည်စေလျက် ယူအပ်သောသီလရှိကုန်သည်ဖြစ်စေလော့ဟု စည်ကိုလည်စေတော်မူပြီးလျှင် အရှင်မင်းကြီးသည်လည်း အခြွေအရံပရိတ်သတ်မှူးမတ်နှင့်တကွ ဥပုသ်ဆောက်တည်တော်မူကုန်လော"

ဟု ပြောပြီးမိမိကိုယ်တိုင်လည်း နံနက်စောစောထမင်းစားပြီး ဥပုသ်ဆောက်တည်လျှင် ညချမ်းအခါမှလေးပန်းဖြင့်ပြည့်သော ရွှေပန်းတောင်းကိုဆောင်ခဲ့၍ မင်းနှင့်တကွငါးပါးသောတည်ခြင်းကိုတည်စေ၍ ရှင်ပစ္စေကာဗုဒ္ဓါတို့၏ဂုဏ်ကျေးဇူးကိုအောက်မေ့လျက်ရှိခိုးလျှက်-

"မြောက်ဟိမဝန္တာ၀ယ် နန္ဒမူလိုဏ်၌နေကုန်သော ငါးရာသောပစ္စေကဗုဒ္ဓါတို့သည် နက်ဖြန်အတွက်တပည့်တော်တို့၏ ဆွမ်းကိုခံယူတော်မူကြပါ။"
ဟု ပင့်ဖိတ်၍ကောင်းကင်သို့ပန်ရှစ်ဆုပ်ကို ပစ်တင်လွှတ်လိုက်လေသည်။

ထိုအချိန်ဝယ် နန္ဒမူလိုဏ်ဂူ၌ (၅၀၀)သော ပစ္စေကဗုဒ္ဓါတို့သည် သီတင်းသုံးနေကြသည်။ မုလေးပန်းရှစ်ဆုပ်တို့သည် ပျံတက်သွားကုန်၍ ထိုပစ္စေကဗုဒ္ဓါတို့၏အပေါ်၌ ကျရောက်ကုန်သည်။

အရှင်ပစ္စေကဗုဒ္ဓါတို့သည် ဆင်ခြင်ကုန်သည်ရှိသော် ထိုအကြောင်းကို သိ၍-

"အရှင်တို့. . . ဝိဓုရပညာရှိသည် ပင့်ဖိတ်အပ်၏။ စင်စစ်သော်ကား ဤဝိဓုရပညာရှိသည် ဟူးဟူးညားညားသတ္တဝါမဟုတ်၊ သူကားဘုရားလောင်းတည်း ဤဘဒ္ဒကမ္ဘာ၌ပင်လျှင် ဘုရားဖြစ်လတ့်၊ ဝိဓုရပညာရှိကိုချီးမြှောက်ခြင်းကို ပြုကုန်အံ့"
ဟု ပင့်ဖိတ်ခြင်းကို ဝန်ခံကြကုန်သည်။

ဝိဓုရသုခမိန်သည် ပန်းတို့ပြန်မလာသောအမှတ်ဖြင့် ပစ္စေကဗုဒ္ဓါတို့သည်းခံသောအဖြစ်ကိုသိ၍-

"မြတ်သောမင်းကြီး. . နက်ဖြန်အရှင်ပစ္စေကဗုဒ္ဓါတို့သည် ကြွတော်မူလာကုန်လတ့်၊ ပူဇော်သက္ကာမြတ်နိုးတနာကို ပြုတော်မူလော"
ဟု တင်လျှောက်လေသည်။

ကောရဗျမင်းသည် နက်ဖြန်နေ့၌ များမြတ်သောပူဇော်မှုကိုပြု၍ ပြသာဒ်အပြင်၌မြတ်သောသူတို့အားသာ ထိုက်သောနေရာတို့ကိုခင်းစေ၏။

အရှင်ပစ္စေကဗုဒ္ဓါတို့သည် အနဝတတ်အိုင်၌ ကိုယ်လက်သုတ်သင်ခြင်းကို ပြုကုန်၍ အခါကိုမှတ်ပြီးလျှင် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူကြ၍ မင်း၏ရင်ပြင်၌သက်ဆင်းကြကုန်သည်။

ကောရဗျမင်းနှင့် ဝိဓုရပညာရှိအမတ်တို့သည် အလွန်ကြည်ညိုသောစိတ်ဖြင့် ပစ္စေကဗုဒ္ဓါတို့၏လက်မှ သပိတ်တို့ကိုယူ၍.ပြသာဒ်ထက်သို့ပင့်ဆောင်ကာ အလျှုရေစက်ချကာ မွန်မြတ်သောခဲဘွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေးကြကုန်သည်။

ဆွမ်းဘုဉ်းပေးသောကိစ္စအပြီး၌လည်း ခုနှစ်ရက်ပင့်ဖိတ်၍ အလှူကြီးကို ပင့်ဖိတ်လှူပြီး (၇)ရက်မြောက်သောနေ့ဝယ် အလုံးစုံသောပရိက္ခရာတို့ကို လှူကုန်သည်။

ကောရေဗျမင်းကြီးသည် ဤသို့လျှင်ရွေးချယ်၍သီလရှိ အကြားအမြင်များသော ပုဂ္ဂိုလ်တို့ကို အသက်ထက်ဆုံးလှူခဲ့ပြီး သေဆုံးသောအခါ နတ်ပြည်သို့ ရောက်ရလေသည်။

"ရဟန်းတို့ . . ကောသလမင်းကြီးသည် ငါဘုရား၏အလုပ်အကျွေးဖြစ်လျက် ရွေးချယ်စီစစ်၍ အလှူကိုလှူခြင်းသည် အံ့ဘွယ်မဟုတ်သေး။ ရှေးပညာရှိတို့သည် ဘုရားမဖြစ်မီက ရွေးချယ်စီစစ်၍အလှူကို လှူဘူးကုန်သည်တည်း။"

ရဟန်းတို့ . . ယခုအခါ အာနန္ဒာသည်ထိုအခါက ကောရဗျမင်းဖြစ်၍ ယခုငါဘုရားသည်ကား ထိုအခါဝိဓုရပညာရှိအမတ်ဖြစ်ခဲ့လေပြီ။"

ဟု ဇာတ်တော်ကိုပေါင်း၍ ဓမ္မဒေသနာကိုနိဂုံးချုပ်လေသည်။

**(ဒွါဒသကနိပါတ- ဒသဗြာဟ္မဏဇာတက)**

## ကောသလမင်းကြီး၏စစ်သူကြီးအမတ်နှစ်ဦး ခိုက်ရန်ဖြစ်မှုပြဿနာဖြေရှင်းခြင်းနှင့်မေတ္တာအကျိုး

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။ ကောသလမင်း၏ခြေရင်း၌ ခ,စားအမှုထမ်းနေကြသော စစ်သူကြီးအမတ်နှစ်ဦးတို့သည် အချင်းချင်းတွေ့မြင်ရာအရပ်၌ ငြင်းခုံခိုက်ရန်ဖြစ်ကြသည်။

ထိုအမတ်စစ်သူကြီးနှစ်ဦး၏ ခိုက်ရန်ဖြစ်ခြင်းသည် သာဝတ္ထိတစ်မြို့လုံး၌ ထင်ရှားလေသည်။

ထိုအမတ်စစ်သူကြီးနှစ်ဦး၏ ရန်ငြိမ်းမှုကိုကောသလမင်းသည်လည်းကောင်း၊ အဆွေခင်ပွန်းမိတ်ဆွေတို့သည်လည်းကောင်း၊ ညီညွတ်သင့်တင့်အောင်ပြုအံ့သော်ငါ မစွမ်းနိုင်ကြချေ။

တစ်နေ့သ၌ မြတ်စွာဘုရားရှင်သည် မိုးသောက်ထသောအခါ ကျွတ်ထိုက်သောသတ္တဝါ၊ အဆွေအမျိုးကိုကြည့်သော် ထိုစစ်သူကြီးနှစ်ယောက်၏ သောတာပတ္တိမဂ်ရောက်မည့်အကြောင်း ဥပနိဿယဖြစ်သော ကုသိုလ်ကံကိုမြင်တော်မူ၍ မိုးသောက်သောနေ့၌ကိုယ်တော်တစ်ပါးတည်းသာလျှင် သာဝတ္ထိမြို့သို့ ဆွမ်းအလို့ငှါ ဝင်တော်မူလျက် အမတ်စစ်သူကြီးတစ်ဦး၏ အိမ်တံခါးဝ၌ရပ်လေသည်။

စစ်သူကြီးသည် ဘုရားရှင်မြင်၍ ထွက်လာကာသပိတ်ကိုယူပြီးအိမ်တွင်းသို့ပင့်ကာနေရာကိုခင်း၍ နေစေသည်။ ဘုရားရှင်သည်ထိုစစ်သူကြီးကို မေတ္တာဘာဝနာ၏အကျိုးကို ဟောတော်မူသည်။ ခံ့သောစိတ်ရှိသည်အဖြစ်ကိုသိလျှင် သစ္စာ

တရားကိုပြတော်မူသည်။ သစ္စာကိုပြပြီးသည်၏အဆုံး၌ စစ်သူကြီးစည် သောတာ ပတ္တိဖိုလ်၌ ဌာည်လေသည်။

မြတ်စွာဘုရားသည် ထိုစစ်သူကြီး၏သောတာပတ္တိပန်တည်သည်အဖြစ်ကို သိ၍ ထိုစစ်သူကြီးကို သပိတ်ကိုယူစေလျက် နောက်ကလိုက်စေပြီးလျှင် တစ် ယောက်သောစစ်သူကြီး၏ အိမ်တံခါးဝ၌ရပ်လေသည်။

ထိုစစ်သူကြီးသည် ဘုရားရှင်ကိုမြင်၍ ထွက်ကြိုကာသပိတ်ကိုဘုရားရှင် နှင့်အတူ အိမ်ထဲသို့ဝင်လေသည်။ ဘုရားရှင်သည် ထိုစစ်သူကြီးအားလည်း မေတ္တာ အကျိုး (၁၁)ပါးကို ဟောတော်မူသည်။ စစ်သူကြီးခံ့သောစိတ်ရှိသည်အဖြစ်ကိုသိ လျှင် သစ္စာတရားကိုဆက်ပြဟောတော်မူရာ ထိုစစ်သူကြီးသည်လည်း သောတာ ပတ္တိဖိုလ်၌ တည်လေသည်။

ထိုစစ်သူကြီးနှစ်ယောက်တို့သည် သောတာပန်ချည်းဖြစ်ကြ၍ အချင်းချင်း အပြစ်ကိုဖြေ၍ ကန်တော့ကြသည်။ ညီညွတ်ကြကုန်သည်။ ဝမ်းမြောက်ဝမ်းသာ ဆန္ဒတူကြကုန်သည်ဖြစ်ကြကုန်၏။

ထိုနေ့၌သာလျှင် ဘုရားရှင်၏ရှေ့၌ အတူတကွစားသောက်ကြကုန်သည်။ ဘုရားရှင်သည် ဆွမ်းကိစ္စပြီးသောအခါ ကျောင်းသို့ပြန်ကြွတော်မူသည်။ စစ်သူကြီး နှစ်သီးတို့သည် များစွာကုန်သောပန်းနံ့သာ, နံ့သာပျောင်း၊ တင်လဲ, ထောပတ် ပျားအစရှိသည်တို့ကိုယူ၍ ဘုရားရှင်နောက်လိုက်ပြီး ကျောင်းအထိပို့ကြသည်။

ရဟန်းအပေါင်းသည် မြတ်စွာဘုရားအား ဝတ်ပြုသည်ရှိသော် ဘုရားတို့၏ အဆုံးအမကိုပေးတော်မူ၍ ဂန္ဓကုဋီတိုက်သို့ဝင်တော်မူသည်။

ရဟန်းတို့သည် ညချမ်းအချိန်တရားသဘင်၌ ထိုအမတ်စစ်သူကြီးနှစ်ဦး အကြောင်းနှင့်ပတ်သက်၍ ဘုရားရှင်၏ဂုဏ်ကျေးဇူးကို ချီးမွမ်းစကားပြောဆိုနေ ကြသည်။

ထိုအချိန်တွင် ဘုရားရှင်သည်ကြွလာတော်မူပြီး အကြောင်းကိုမေးသော အခါ ရဟန်းတို့ကထိုအကြောင်းကိုလျှောက်ထားကြသည်။

"ရဟန်းတို့. . . ယခုအခါ၌သာလျှင် ထိုနှစ်ယောက်ကုန်သောသူတို့ကို ညီညွတ်သင့်တင့်သည်ကို ပြုတော်မူသည်မဟုတ်ပေ။ ရှေးကလည်းထိုနှစ်ယောက်

ကုန်သောသူတို့ကို ငါသည်ညီညွတ်သင့်တင့်သည်ကို ပြုအပ်ကုန်သည်သာလျှင်တည်း"

"မြတ်စွာဘုရား. . . အတိတ်ဖုံးလွှမ်းအပ်သော ထိုအကြောင်းကိုသိပါရစေဘုရား"

"ရဟန်းတို့. . ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ကာလဖြစ်သည်။ ထိုဗာရာဏသီ၌ ပွဲလမ်းသဘင်ကိုကြွေးကြော်သည် ရှိသော် ကြီးစွာသောပွဲလမ်းသဘင်သည် ဖြစ်သည်။

များစွာသောလူတို့သည်လည်းကောင်း၊ နဂါး၊ ဂဠုန်၊ နတ်အစရှိသည်တို့ သည်လည်းကောင်း ပွဲလမ်းသဘင်ကိုကြည့်အံ့သောငှါ စုဝေးရောက်လာကြသည်။

ထိုသဘင်ဝယ် ဂဠုန်တစ်ကောင်နှင့် နဂါးတစ်ကောင်တို့သည် တစ်ဦး၏ ဘဝအမှန်ကို တစ်ဦးမသိဘဲအတူတူရပ်လျက် နဂါးကဂဠုန်၏ပုခုံးထက်၌ လက် တင်ပြီးပွဲကိုကြည့်သည်။

"ငါ၏ပခုံးထက်၌ ဘယ်သူလက်တင်သနည်း။"

ဟု ဂဠုန်ကလှေ့လာကြည့်သော် နဂါးမှန်းသိလေသည်။ နဂါးကလည်းပြန်လှည့် ကြည့်လတ်သော် ဂဠုန်အဖြစ်ကိုသိ၍ သေဘေးမှအလွန်ကြောက်ရကား မြို့မှ ထွက်၍ မြစ်ဆိပ်သို့ပြေးလေသည်။

ဂဠုန်သည်လည်း နဂါးကိုဖမ်းအံ့ဟူ၍ လိုက်လေသည်။

ထိုအချိန်တွင် ဘုရားလောင်းသည် ရသေ့ဘဝ၌ဖြစ်၍ ထိုမြစ်၏နံဘေးသစ်ရွက် သက်န်းကျောင်း၌နေလျက် နေပူခြင်းကိုငြိမ်းစိမ့်သောငှါ ရေသနုပ်ကိုဝတ်ကို လျှော် သောသက်န်းကိုထားပြီးလျှင် မြစ်တွင်းသို့သက်၍ ရေချိုးနေသည်။

နဂါးသည်. . . ငါသည်ဤရဟန်းကိုမှီ၍ အသက်ကိုရပါအံ့"

ဟု ပကတိအသွင်ကိုစွန့်ပြီးလျှင် ပတ္တမြားတုံးအသွင်ကို ဖန်ဆင်းလျက် လျှော်သော သက်န်းကြားသို့ဝင်၍နေသည်။

ဂဠုန်သည်လိုက်လာ၍ နဂါးလျှော်သောသက်န်းကြားဝင်သည်ကိုမြင်၍ သက်န်းကိုရိုသေလေးမြတ်သည်အဖြစ်ကြောင့် နဂါးကိုမဖမ်းယူဘဲ ဘုရားလောင်း ရသေ့ကိုခေါ်ပြီးလျှင်-

"အရှင်ဘုရား. . . ကျွန်ုပ်သည် ဆာမွတ်၏။ အရှင်ဘုရား၏သက်န်းကို ယူပါလော။ ဤနဂါးကိုစားပါအံ့။"

အရှင်ဘုရား. . . နဂါးတို့၏အထွတ်အမြတ်ဖြစ်သော နဂါးမင်းသည် ကျွန်ုပ်မှလွတ်ခြင်းကို ရှိသည်ဖြစ်၍ ပတ္တမြားတုံး၏အသွင်ဖြင့် ဤအရှင်ဘုရား၏ သက်န်းတော်အတွင်းသို့ဝင်၏။ ကျွန်ုပ်သည် အရှင်ဘုရား၏မြတ်သည်ဖြစ်သော လျှော်တေသင်္ကန်းအသွင်ကို အလေးဂရုပြုသည်ဖြစ်၍ အလွန်စားလိုလျက် ထိုနဂါး ကိုစားလိုလျက် မစားဘဲရှိနေရပါသည်။

ထိုအခါ ဘုရားလောင်းရသေ့သည် ရေ၌တည်လျက် ဂဠုန်မင်းကို-

"ဂဠုန်မင်း. . . သင်သည် မြတ်သောလျှော်တေသင်္ကန်းအသွင်ကိုအလေး ပြုသည်ဖြစ်၍ စားလိုလျက်လည်း ထိုနဂါးကိုစားခြင်းငှါမဝံ့၊ သင်သည်မြတ်သော လျှော်တေသင်္ကန်းကို စောင့်ရှောက်သည်ဖြစ်၍ အခါဖြင့်သာလျှင် အသက်ရှည် စေလော့၊ သင်အားနတ်၌ဖြစ်သော အစာအာဟာရတို့သည် ထင်ရှားဖြစ်စေကုန် သတည်း။"

ဟု အနုမောဒနာပြု၍ ရေမှတက်ကာ လျှော်တေသင်္ကန်းကိုဝတ်၍ ထိုနဂါးဂဠုန် နှစ်ယောက်ကိုခေါ်၍ ကျောင်းသို့သွားပြီးလျှင် မေတ္တာနှင့်မေတ္တာဘာဝနာအကျိုး တို့ကို ဟောကြားတော်မူသည်။

ထိုအခါ နဂါး-ဂဠုန်နှစ်ဦးတို့သည် တစ်ဦးပေါ်တစ်ဦးမေတ္တာဓာတ်ဝင်ကြ ကာ သင့်တင့်ညီညွတ်သွားကြလေသည်။ ထို့နောက်ဝမ်းမြောက်ဝမ်းသာနေကြကုန် သည်။ ရဟန်းတို့ ထိုအခါက နဂါး-ဂဠုန်တို့သည် ယခုစစ်သူကြီးအမတ်နှစ်ဦးတို့ ဖြစ်ကြ၏။ ငါဘုရားသည်ကား ရသေ့ဖြစ်လေသည်။

ဟု ဇာတ်တော်ကိုပေါင်း၍ တရားကိုအဆုံးသတ်လေသည်။

**(ဒုကနိပါတ်၊ ဒဠှဝဂ်၊ ဥရဂဇာတက)**

## ညီညွတ်သင့်တင့်ဘေးမဆင့်၊ အေးခွင့်လွန်သာယာ

မြတ်စွာဘုရားရှင်သည် ထိုအမတ်စစ်သူကြီးနှစ်ဦး၏ ညီညွတ်သင့်တင့်မှုနှင့်ပတ်သက်၍ အတိတ်ဘဝဇာတ်ကြောင်းတစ်ခုကို ထပ်မံ၍ဟောပြတော်မူသည်မှာ-

"ရဟန်းတို့. . . ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ရွာငယ်တစ်ခု၌ ပုဏ္ဏားမျိုးဖြစ်၍ အရွယ်ရောက်သည်ရှိသော် တက္ကသိုလ်၌ပညာစုံတတ်မြောက်အောင်သင်ယူခဲ့သည်။

ပညာတတ်မြောက်ပြီးသော် အိမ်ယာမတည်ထောင်ရဘဲ ရသေ့ရဟန်းပြုပြီး တရားအားထုတ်ရာအဘိညာဉ်၊ သမာပတ်တို့ကိုဖြစ်စေပြီး ဟိမဝန္တာတောင်၌ သစ်သီးလျှင်အာဟာရပြု၍ နေလေသည်။

ထိုဘုရားလောင်း၏ စင်္ကြံအနီးဝယ် အခါခပ်သိမ်းခိုက်ရန်ပြုကြကုန်သည်။ ဘုရားလောင်းရသေ့သည် ထိုမြွေ၊ မြွေပါတို့အားခိုက်ရန်ဖြစ်ခြင်း၌ အပြစ်ကိုလည်းကောင်း၊ မေတ္တာပွားခြင်းအကျိုးကိုလည်းကောင်းဟောကြား၍ ခိုက်ရန်မည်သည်ကိုမပြုမူ၍ ညီညွတ်သင့်တင့်စွာနေခြင်းကို နေအပ်သောငှါသင့်၏ဟုဆုံးမ၍ ထိုမြွေနှင့်မြွေပါတို့သင့်တင့်ညီညွတ်သည်ကို ပြုပေသည်။

ထိုအခါ၌ မြွေအပသို့ထွက်သောကာလ၌ မြွေပါသည်စင်္ကြံနီးတောင်ပို့၏ တွင်းပေါက်ဝ၌ ဦးခေါင်းကိုထုတ်၍ ခံတွင်းကိုဖွင့်ကာဝင်လျက် ထွက်သက်ဝင်သက်ကိုဖြစ်စေလျက် အိပ်ပျော်ခြင်းသို့ရောက်လေသည်။

ဘုရားလောင်းသည် ထိုမြွေပါကို ထိုအခြင်းအရာဖြင့်ဝပ်၍ အိပ်သည်ကိုမြင်၍-

"မြွေပါ. . . သင်သည် ရန်သူဖြစ်သောမြွေနှင့် ချစ်ခင်ကြသည်အဖြစ်ကို ပြု၍ အစွယ်ကိုဖော်၍အိပ်၏။ သင်အား. . . အဘယ်မှဘေးသည်လာသနည်း" ဟုမေးသည်။

"အရှင်ရသေ့. . . ရန်သူ၌လည်းကောင်း၊ မိတ်ဆွေခင်ပွန်း၌လည်းကောင်း၊ ရွံရှာအပ်သည်သာလျှင်တည်း။ အကျွမ်းတဝင်မပြုရာ၊ အဆွေခင်ပွန်းမှဖြစ်သော ဘေးသည်လည်း အမြစ်အရင်းတို့ကိုဖြစ်တတ်၏။"

"မြွေပါ. . . သင်သည်မကြောက်လင့်။ အကြင်သို့သော အခြင်းအရာဖြင့် မြွေသည်သင်၌မပြစ်မှား၊ ထို့သောအခြင်းအရာဖြင့် ငါပြုပေးအံ့၊ သင်သည်လျှင် ဤနေ့မှစ၍ ထိုမြွေကိုရွံရှာခြင်းမပြုလင့်။"

ဟုဆုံးမ၍ ဗြဟ္မဝိဟာရတရားလေးပါးကို ပွားစေခဲ့သည်။

ထိုအချိန်မှစ၍ မြွေနှင့်မြွေပါတို့သည် ရန်အေးငြိမ်းချမ်းကြပြီး အသက်ဆုံးသော် ဘုရားလောင်းသည် ဗြဟ္မပြည်၌ဖြစ်ပြီး မြွေ၊ မြွေပါတို့သည် ကံအားလျော်စွာ သွားကြကုန်သည်။ ရဟန်းတို့. . . ထိုအခါကလည်း ဤအမတ်စစ်သူကြီးနှစ်ဦးတို့သည် မြွေနှင့်မြွေပါဖြစ်ခဲ့ကြပြီး ငါဘုရားကားရသေ့ဖြစ်ခဲ့သည်။

ဟု ဟောကြားဆုံးမတော်မူသည်။

(ဒုကနိပါတ်၊ သန္ထဝဝဂ်၊ နကုလဇာတက)

## ကာမဂုဏ်သော့သွမ်းသောမျောက်

မြတ်စွာဘုရားသည် ထိုအမတ်စစ်သူကြီး (၂) ဦးနှင့်ပတ်သက်၍ အတိတ်ဇာတ်ကြောင်းတစ်ခုကို ထပ်မံ၍ဟောပြသည်မှာ-

"ရဟန်းတို့. . . လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းမင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်းဝယ်ပုဏ္ဏားမျိုး၌ဖြစ်သည်။ အရွယ်ရောက်၍ အတတ်ပညာများသင်ပြီးသော် ကာမတို့ကိုပယ်၍ ရသေ့ရဟန်းပြုကာ ဟိမဝန္တာ၌နေလေသည်။ ဈာန်အဘိညာဉ်သမာပတ်တို့ကိုရပြီး ဥပေက္ခာပါရမီကိုဖြည့်၍ နေလေသည်။

ဘုရားလောင်းရသေ့သည် ကျောင်းတံခါး၌နေစဉ် သီလမရှိ ပြစ်မှားတတ်သောမျောက်သည်လာလတ်၍ နားပေါက်တို့၌အင်္ဂါဇာတ်ကို သွင်းသောအမှုကိုပြု၏။ ဘုရားလောင်းသည် မတားမြစ်မူ၍ လျစ်လျူရှု၍နေသည်။

ထိုအခါတစ်နေ့တွင် လိပ်တစ်ကောင်သည် ရေမှတက်၍ဂင်္ဂါမြစ်နား၌ ခံတွင်းကိုဖွင့်၍ နေပူခံလျက်အိပ်၏။ ထိုလိပ်ကိုမြင်၍ လျှပ်ပေါ်သောမျောက်သည် လိပ်ခံတွင်း၌ အင်္ဂါဇာတ်ကိုသွင်းပြန်၏။

ထိုအခါလိပ်သည်နိုးရာ မျောက်၏အင်္ဂါဇာတ်ကိုညှပ်၍ထည့်သကဲ့သို့ကိုက်သည်။ မျောက်၌ပြင်းစွာသောဝေဒနာသည်ဖြစ်၏။ ထိုဝေဒနာကို သည်းခံသော ငှါမတတ်နိုင်ရကား-

"အဘယ်သူသည်သာလျှင် ဤဆင်းရဲမှငါ့ကို လွတ်မြောက်ပေးနိုင်ပါအံ့နည်း။ အဘယ်သူထံသို့ သွားရပါအံ့နည်း။ ရှင်ရသေ့ကိုထား၍ ငါ့ကိုဆင်းရဲမှလွတ်

စေနိုင်သောတစ်ပါးသောသူသည်မရှိ၊ ငါသည်ရသေ့ထံသွားခြင်းငှါ သင့်၏။”
ဟုကြံ၍လိပ်ကို လက်နှစ်ဘက်တို့ဖြင့် ချီမယူ၍ ဘုရားလောင်းရသေ့ထံသို့ သွားသည်။ ဘုရားလောင်းသည်သီလမရှိသော မျောက်ကိုပြက်ရယ်ပြုလိုရကား-

“အကြင်သူသည် တန်ဆောင်မုန်းလ၌ အဘိဓမ္မာရွတ်ရာမှ ဆွမ်းကိုရ၍ ပြည့်သောလက်ရှိသော ပုဏ္ဏားကဲ့သို့ သပိတ်၌ဒူးလောင်းအပ်သော ပွားများသော ဆွမ်းရှိသကဲ့သို့ဖြစ်၍လာ၏။ ဤသူသည် အဘယ်သူနည်း။ သင်သည်အဘယ်၌ လျှင် ဆွမ်းကိုခံချေသနည်း။ သဒ္ဓါတရားနှင့်ပြည့်စုံသော အဘယ်အမျိုးသို့ ချဉ်းကပ်ချေသနည်း။”
ဟုမေးသည်။

“အရှင်ဘုရား. . . ကောင်းခြင်းသည်ဖြစ်ပါစေသတည်း။ ကျွန်ုပ်သည် ပညာမရှိသောမျောက်သည် ဖြစ်ပါ၏။ ကျွန်ုပ်သည်မသုံးသပ်အပ်သောအရာတို့ကို သုံးသပ်မိ၏။ အရှင်သည်ကျွန်ုပ်ကို ဤဆင်းရဲမှုလွတ်ပါစေလော၊ လွတ်သည်ရှိသော် ကျွန်ုပ်သည်တောင်သို့သွားပါအံ့၊ ”

ဘုရားလောင်းသည် ထိုမျောက်ကိုသနားသဖြင့်လိပ်ကို-

“လိပ်တို့သည် ကဿပအနွယ်တို့သည် ဖြစ်ကုန်၏။ မျောက်တို့သည် ကောဏ္ဍညအနွယ်တို့ဖြစ်ကုန်၏။ ထို့ကြောင့် ကဿပအနွယ်ဖြစ်သောလိပ် သင်နှင့် မေထုန်ပြုသော ကောဏ္ဍညအနွယ်ဖြစ်သောလိပ်ကို လွှတ်ပါလော”
ဟု မိန့်ကြားသည်။

လိပ်သည် ဘုရားလောင်း၏စကားကိုကြား၍ အကြောင်းအားဖြင့်ကြည်ညိုသည်ဖြစ်၍ မျောက်၏အင်္ဂါဇာတ်ကိုလွှတ်ပေး၏။

မျောက်သည်လွှတ်သည်နှင့် တပြိုင်နက် ဘုရားလောင်းကိုရှိခိုး၍ ထွက်ပြေးလေသည်။ ထိုအရပ်သို့ပြန်၍ပင်လှည့်မကြည့်တော့ချေ။ လိပ်သည်ဘုရားလောင်းကိုရှိခိုးပြီး မိမိနေရာသို့သာလျှင် သွားလေသည်။

ရဟန်းတို့. . . ယခုအခါ အမတ်နှစ်ယောက်တို့သည် ထိုအခါကမျောက်နှင့်လိပ်ဖြစ်ခဲ့ကြပြီ။ ငါဘုရားသည်ကား ရသေ့ဖြစ်ခဲ့လေပြီ။”
ဟု မိန့်ကြားကာ ဇာတ်ကိုပေါင်း၍ ဟောကြားပေးတော်မူသည်။

**(ဒုတနိပါတ်၊ ဥဒပါနဝဂ်၊ ကစ္ဆပဇာတ်)**

## ကောသလမင်းနှင့်မိဖုရားများ ရှင်အာနန္ဒာအား ပုဆိုးတစ်ထောင်လှူဒါန်းမှုနှင့် ကျေးဇူးတရားသိမှု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ်အခါဖြစ်သည်။

ရှင်အာနန္ဒာသည် ဘုရားရှင်၏တာဝန်ပေးချက်အရ ကောသလမင်း၏နန်းတော်၌ မိဖုရားတို့ကိုတရားစာသင်ပေးခဲ့သည်။

တစ်နေ့တွင် ကောသလမင်းအား တစ်ထည်လျှင်အဖိုးတစ်သိန်းထိုက်သော ပုဆိုးတစ်ထောင်ဆက်သလာသည်။ ကောသလမင်းသည် ထို (၁၀၀၀)သောပုဆိုးမှ (၅၀၀)သောပုဆိုးတို့ကို မိဖုရားတို့အား တစ်ထည်စီပေးသည်။

မိဖုရား (၅၀၀)တို့သည် ပုဆိုးတို့ကိုပေးကုန်၍ နောက်နေ့၌ထိုပုဆိုးသစ်တို့ကို ရှင်အာနန္ဒာအားသာပေးလှူကြပြီး မိမိတို့ကမူ ပုဆိုးအဟောင်းတို့ကိုသာ ဝတ်ဆင်လျက် ကောသလမင်း၏နံနက်စာစားရာ အရပ်သို့လာကြသည်။

"မိဖုရားတို့. . . ငါသည် သင်တို့အားအဖိုးတစ်ထောင်ထိုက်တန်သော ပုဆိုးတို့ကိုပေးအပ်ကုန်၏။ အဘယ်ကြောင့် ထိုပုဂ္ဂိုလ်တို့ကို မရုံကုန်မူ၍ သာလျှင် လာကြသနည်း။"

ဟု ကောသလမင်းကမေးသည်။

"မင်းကြီး. . . ထိုပုဆိုးတို့ကိုကျွန်ုပ်တို့သည် ရှင်အာနန္ဒာအား ဓမ္မပူဇာကျေးဇူးအဖြစ်လှူအပ်ပါကုန်၏။"

"ရှင်အာနန္ဒာသည် အလုံးစုံသောပုဆိုးတို့ကို ယူအပ်ကုန်သလော"

"မင်းကြီး. . . လက်ခံ၍ယူပါ၏"

"မြတ်စွာဘုရားသည် သင်္ကန်းသုံးထည်သာ ခွင့်ပြုတော်မူ၏။ ရှင်အာနန္ဒာသည် ပုဆိုးကုန်သွယ်ခြင်းကိုပြုလတ့်-ဟု ငါထင်ပါ၏။ ထိုသို့ပုဆိုးကုန်သွယ်ခြင်းကို ပြုလတ့်သည်၏အဖြစ်ကြောင့် အလွန်များပြားသောပုဆိုးတို့ကို ယူအပ်ကုန်၏" ဟု ရှင်အာနန္ဒာမထေရ်အပေါ်၌ အမျက်ထွက်၍ နံနက်စာစားပြီးလျှင် စားပြီးချင်း ဇေတဝန်ကျောင်းသို့သွား၍ ရှင်အာနန္ဒာနေထိုင်သီတင်းသုံးရာ ကျောင်းသို့ဝင်ကာ ရှင်အာနန္ဒာကိုရှိခိုး၍ တစ်နေရာတွင်ထိုင်သည်။

"အရှင်ဘုရား. . . ကျွန်ုပ်၏နန်းတော်၌ မိဖုရားတို့သည်အရှင်ဘုရားတို့၏ အထံ၌တရားတော်ကို သင်မူလည်းသင်ကုန်သလော၊ နာမူလည်းနာကုန်သလော"

"မြတ်သောမင်းကြီး. . . သင်အပ်သည့်အားလျော်သော တရားကိုနာစေကုန်၏။"

"အရှင်ဘုရား. . . တရားနာသည်သာလျှင်ဖြစ်သော ထိုမိန်းမတို့သည် အဝတ်ကိုလည်းကောင်း၊ အရုံကိုလည်းကောင်း၊ လှူကုန်ပါသလော၊ မလှူကုန်သလော"

"မြတ်သောမင်းကြီး. . . ထိုမိန်းမတို့သည် ယနေ့ငါအားအဖိုးတစ်ထောင်ထိုက်ကုန်သော ငါးရာကုန်သောပုဆိုးတို့ကို လှူကုန်၏။"

"အရှင်ဘုရားတို့သည် ယူအပ်ကုန်သလော။"

"မြတ်သောမင်းကြီး. . . ယူအပ်ကုန်၏။"

"အရှင်ဘုရား. . . မြတ်စွာဘုရားသည် သင်္ကန်းသုံးထည်ကိုသာလျှင် သုံးဆောင်ခြင်းငှါ ခွင့်ပြုထားသည်မဟုတ်ပါလော။"

"မြတ်သောမင်းကြီး. . . မြတ်စွာဘုရားသည် တစ်ပါးတစ်ပါးသောရဟန်းအား သင်္ကန်းသုံးထည်ကိုသာလျှင် သုံးဆောင်ခြင်းကိုခွင့်ပြုသည်မှာ မှန်ပါ၏။ အလှူခံခြင်းကို အရေအတွက်သတ်မှတ်တော်မမူပါ။ ထို့ကြောင့် ကျွန်ုပ်သည်လည်း တစ်ပါးကုန်သောသင်္ကန်း၊ ဟောင်းနွမ်းရှိသောရဟန်းတို့အား ပေးအံ့သောငှါပုဆိုးတို့ကို အလှူခံပါ၏။"

"အရှင်ဘုရား. . . ရဟန်းတို့သည် အရှင်ဘုရားထံမှ ပုဆိုးသင်္ကန်းသစ်ကို ရကုန်၍ သင်္ကန်းဟောင်းသုံးထည်တို့ကို မည်သို့ပြုလုပ်ကြပါသနည်း။"

"မြတ်သောမင်းကြီး. . . ဒုကုဋ္ဋ်ဟောင်းဖြစ်သောသင်္ကန်းကို ကိုယ်ဝတ်ပြုကုန်လတ့်"

"အရှင်ဘုရား. . . ကိုယ်ဝတ်ဟောင်းကို အသို့ပြုကုန်လတ့်နည်း။"

"မြတ်သောမင်းကြီး. . . သင်းပိုင်ပြုကုန်လတ့်။"

"အရှင်ဘုရား. . . သင်းပိုင်ဟောင်းကို အသို့ပြုကုန်လတ့်နည်း"

"မြတ်သောမင်းကြီး. . . အိပ်ရာလွှမ်းပြုကုန်လတ့်"

"အရှင်ဘုရား. . . အိပ်ရာလွှမ်းဟောင်းကို အသို့ပြုလတ့်နည်း။"

"မြတ်သောမင်းကြီး. . . မြေအခင်းပြုကုန်လတ့်"

"အရှင်ဘုရား. . . မြေအခင်းဟောင်းကို မည်သို့ပြုလုပ်လတ့်နည်း။"

"မြတ်သောမင်းကြီး. . . ခြေသုတ်ပြုကုန်လတ့်"

"အရှင်ဘုရား. . . ခြေသုတ်ဟောင်းကို မည်သို့ပြုလုပ်လတ့်နည်း၊

"မြတ်သောမင်းကြီး. . . သဒ္ဓါလှူအပ်သော ပစ္စည်းမည်သည်ကို ပျက်စီးစိမ့်သောငှါမအပ်၊ ထို့ကြောင့် ခြေသုတ်ဟောင်းကို ပဲခွပ်နှင့်ခင်း၍ မြေဖြင့်နယ်ကာ ကျောင်းတို့၌မြေကျန်လိမ်းကျံခြင်းကို ပြုကုန်လတ့်"

"အရှင်ဘုရား. . . အရှင်ဘုရားတို့အား လှူအပ်သောသင်္ကန်းသည် ခြေသုတ်ဖြစ်သည်တိုင်အောင်လည်း ပျက်စီးအံ့သောငှါ မရပါချေတကား။"

"မြတ်သောမင်းကြီး. . . ငါတို့အားလှူသော သင်္ကန်းသည်ပျက်စီးအံ့သောငှါ မရသည်ဟုတ်၏။ အသုံးအဆောင်သည်သာလျှင် ဖြစ်၏။"

ထိုအခါ ကောသလမင်းကြီးသည် အလွန်နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်၍ နန်းတော်၌ထားအပ်သောကျန် (၅၀၀)သောပုဆိုးတို့ကို ဆောင်ယူစေ၍ ရှင်အာနန္ဒာအားလှူ၍ တရားအနုမောဒနာကိုပြုပြီးလျှင် ရှင်အာနန္ဒာကိုရှိခိုး၍ လက်ျာရစ်ကာ ပြန်လေသည်။

ရှင်အာနန္ဒာသည် ရှေးဦးစွာရအပ်သော (၅၀၀)သောပုဆိုးတို့ကို သင်္ကန်းနွမ်းကုန်သောရဟန်းတို့အား ပေးလှူသည်။ ရှင်အာနန္ဒာမထေရ်၌ အတူနေတပည့် မထေရ် (၅၀၀)ရှိသည်။

ထိုအတူနေ တပည့် (၅၀၀)တွင် တစ်ပါးသောရဟန်းငယ်သည် ရှင်အာနန္ဒာအား ကျေးဇူးများ၏။ ပရဝုဏ်ကိုတံမြက်လှည်း၏။ သောက်ရေသုံးရေကို တည်ထား၏။ ဒန်ပူ-မျက်နှာသစ်ရေ၊ ချိုးရေကိုပေး၏။ ဝစ္စကုဋီ-ဇရုံအိမ် (မီးဖိုအိမ်) ကျောင်းတို့ကိုသုတ်သင်၏။ မထေရ်အား ခြေလက်တို့ကို ဆုပ်နယ်ခြင်း၊ နင်းနှိပ်ခြင်းပြု၏။

ရှင်အာနန္ဒာသည် ကောသလမင်းလှူသော ငါးရာသောပုဆိုးတို့ကို ထိုရဟန်းတို့ကို ထိုရဟန်းငယ်သည် ကျေးဇူးများသည်ဟု နှလုံးပိုက်၍ထိုက်လျှော်သည် အစွမ်းဖြင့်ပေးလေသည်။

ထိုရဟန်းငယ်သည် အလုံးစုံသောပုဆိုးတို့ကိုဝေ၍ မိမိနှင့်ဥပဇ္ဈာယ်တူဖြစ်ကုန်သော ရဟန်းတို့အားပေးလေသည်။

ဤသို့လျှင် ပုဆိုးကိုရကုန်သော ထိုရဟန်းအားလုံးတို့သည် ပုဆိုးကိုဖြတ်တောက်၊ ချုပ်တိုကြပြီး မဟာလှေကားပန်းနှင့်တူကုန်သော သင်္ကန်းတို့ကိုဝတ်ရုံကုန်ပြီး မြတ်စွာဘုရားထံသွားရောက်ကာ ရှိခိုးကြပြီး သင့်ရာနေရာ၌ထိုင်ကြသည်။

"အရှင်ဘုရား. . . သောတာပန်ဖြစ်သော ဘုရားတပည့်အား မျက်နှာကြည့်၍ ပေးခြင်းမည်သည် ရှိပါသလော။"

"ရဟန်းတို့. . . ဘုရားတပည့်တို့အား မျက်နှာကြည့်၍ ပေးခြင်းမည်သည် မရှိပါ။"

"အရှင်ဘုရား. . . တပည့်တော်တို့၏ ဥပဇ္ဈာယ်ဆရာ တရားဘဏ္ဍာစိုးဖြစ်သော ရှင်အာနန္ဒာသည် အဖိုးတစ်သိန်းထိုက်ကုန်သော ငါးရာသောပုဆိုးတို့ကို ဝေ၍ တပည့်တော်တို့အား ပေးပါ၏။"

"ရဟန်းတို့. . . အာနန္ဒာသည် မျက်နှာကိုကြည့်၍ ထိုရဟန်းအားမပေး ထိုရဟန်းငယ်သည်ကား၊ အာနန္ဒာအား ကျေးဇူးများ၏။ ထို့ကြောင့် မိမိအားကျေးဇူးများသူအား ကျေးဇူးပြုသည်၏အစွမ်းဖြင့် ထိုက်သည်၏အစွမ်းဖြင့် ကျေးဇူးပြုခြင်းမည်သည်ကိုပြုခြင်းငှါသင့်၏ဟု နှလုံးသွင်းခြင်းကိုပြု၍ သူပြုအပ်သောကျေးဇူးကို အောက်မေ့သည်၏အစွမ်းဖြင့် သိခြင်း၊ သူပြုအပ်သောကျေးဇူးကိုဆပ်သောအားဖြင့် သိခြင်းရှိသည်၏အဖြစ်ဖြင့် ပေး၏။

ရဟန်းတို့. . . ထိုစကားသည်မှန်၏။ ရှေးပညာရှိတို့သည်လည်း မိမိအား ကျေးဇူးပြုကုန်သော သူတို့အားသာလျှင် ကျေးဇူးတုံ့ကို ပြုကုန်၏။”

ဟု ဘုရားရှင်က ရှင်းပြသည်။

“မြတ်စွာဘုရား. . . အတိတ်အကြောင်းကို အကျယ်သိပါရစေဘုရား”

“ရဟန်းတို့. . . လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သောမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ခြင်္သေ့ဖြစ်၍ တောင်၏ ဂူ၌နေသည်။ တောင်ခြေရင်းကိုကြည့်သည်။ ထိုတောင်ခြေရင်းကိုပတ်ရစ်၍ အိုင်ကြီးသည်ရှိ၏။ ထိုအိုင်ကြီး၏မြင့်ရာ အရပ်တစ်ခု၌ အထက်တွင်မာသောညွန်အပြင် ဝယ် နုကုန်စိမ်းကုန်သောမြက်တို့သည် ပေါက်ရောက်ကုန်၏။ ယုန်၊ သမင်၊ မြေခွေး ကြောင်အစရှိကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ ညွန်ထိပ်အပြင်၌လှည့်လည်လျက် ကျက်စားကုန်၏။

ထိုနေ့၌ သမင်တစ်ကောင်သည် ထိုစိမ်းစိုသောမြက်ကိုစားလျက် သွား၏။ ခြင်္သေ့သည် ထိုသမင်ကိုဖမ်းအံ့ဟု တောင်ထိပ်မှခုန်ဆင်း၍ ခြင်္သေ့၏လျင်မြန်သော အဟုန်ဖြင့်ပြေးလိုက်၏။ သမင်လည်းသေဘေးမှ ကြောက်သည်ဖြစ်၍ အသံအော် ဟစ်မြည်လျက်ပြေး၏။

ခြင်္သေ့သည်လည်း အဟုန်ကိုတန့်စိမ့်သောငှါ မတတ်နိုင်သည်ဖြစ်၍ ညွန် အပြင်၌ကျ၍နစ်သည်။ တက်အံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ခြေလေးချောင်း တို့ကို တိုင်ကဲ့သို့ထောက်၍ ခုနစ်ရက်ပတ်လုံး အစာမစားရဘဲ တည်နေရသည်။

ထိုအခါအစာရှာထွက်လာသော မြေခွေးသည် ထိုခြင်္သေ့ကိုမြင်၍ ကြောက် ခြင်းကြောင့် ထွက်ပြေးရန်ဟန်ပြင်သည်။ ခြင်္သေ့သည်မြေခွေးကိုခေါ်၍-

“အိုမြေခွေးမပြေးလင့်၊ ငါသည်ညွန်၌နစ်၍နေသည်။ ငါအားအသက်ကို ပေးလှည့်ပါလော။”

မြေခွေးသည် ခြင်္သေ့ထံအနီးသို့သွား၍-

“အိုခြင်္သေ့. . . ငါသည် သင့်ကိုညွန်မှထုတ်လိုပါ၏။ သို့သော် ထုတ်ပြီး ကသင်သည် ငါ့ကိုသတ်စားရာ၏။ ထို့ကြောင့် မထုတ်ဝံ့ပါ။”

“အချင်းမြေခွေး. . . မကြောက်ပါလင့်။ သင့်ကိုငါမစားပါအံ့၊ စင်စစ်လျှင်

သင်အားငါသည် များစွာသော ကျေးဇူးကိုပြုပေးပါအံ့၊ တစ်ခုသောအကြောင်းဖြင့် ငါ့အားညွှန်မှ ထုတ်ပေးပါလော။"

မြေခွေးသည် ခြင်္သေ့၏ဝန်ခံခြင်းကိုယူ၍ အခြေလေးချောင်းတို့၏ ထက်ဝန်းကျင်မှ ညွှန်တို့ကိုယက်ထုတ်၍ အခြေလေးချောင်းတို့၏တည်ရာ အရပ်မှမြောင်းလေးခုတို့ကို ယက်ထုတ်ပြုလုပ်ပြီး မိမိကိုယ်တိုင်ခြင်္သေ့၏ဗိုက်အောက်သို့ဝင်ကာ-

"သခင်. . . လုံ့လကိုပြုလော"

ဟု ကျယ်သောအသံဖြင့် ဟစ်အော်လျက် ဦးခေါင်းဖြင့်ခြင်္သေ့၏ကိုယ်ဝမ်းဗိုက်ကို ရွက်သည်။ ခြင်္သေ့သည် အဟုန်ကိုဖြစ်စေ၍ ညွှန်မှတက်ပြီးလျှင်ပြေး၍ ကုန်း၌ တည်လေသည်။

ခြင်္သေ့သည် အတန်ငယ်အပန်းဖြေ၍ အိုင်သို့သက်ဆင်း၍ ညွှန်တို့ကို ဆေးကြောရေချိုးသည် ပူပန်ခြင်းငြိမ်းသောအခါ ကျွဲတစ်ကောင်ကိုဖမ်းယူပြီး အစွယ်တို့ဖြင့်ထွင်း၍ အသားကိုထုတ်ကာ-

"ကောင်းသောအဆွေ. . . မြေခွေးစားလော့။"

ဟုဆိုကာ မြေခွေး၏ရှေ့၌ချထားပေးပြီး စားစေသည်။ မြေခွေးစားပြီးမှ မိမိစားသည်။

တစ်ဖန်မြေခွေးသည် သားတုံးတစ်တုံးကိုကိုက်ချီယူသည်။

"အဆွေမြေခွေး. . . အသားတုံးကို အဘယ်အကျိုးငှါ ချီယူပါသနည်း"

"သခင်. . . အရှင်တို့၏ကျွန်မသည်ရှိ၏။ ထိုကျွန်မအတွက် ချီယူပါ၏"

"အဆွေမြေခွေး. . . ချီယူလေလော"

ဟုဆိုကာ မိမိသည်လည်း ခြင်္သေ့မအကျိုးငှါ အမဲတို့ကိုချီကာ-

"အဆွေမြေခွေး. . . လာလော့၊ ငါတို့၏တောင်ထိပ်၌ ပင်တည်၍အဆွေ ခင်ပွန်းမ၏ နေရာအရပ်သို့သွားကြကုန်အံ့။"

ဟုဆိုကာ ထိုအရပ်သို့သွားပြီးလျှင် အမဲကိုစားစေ၍ မြေခွေးဖိုနှင့်မြေခွေးမကို-

"ဤနေ့မှစ၍ သင်တို့ကိုငါပြုစုလုပ်ကျွေးဇူးဆပ်ပါအံ့။"

ဟု နှစ်သိမ့်စေပြီး မိမိနေရာတောင်ထိပ်သို့ ဆောင်ယူ၍မိမိနေရာဂူ၏ တံခါးအနီးရှိ ဂူ၌နေစေသည်။

ထိုခြင်္သေ့ မြေခွေးတို့သည် အစာရှာအံ့သောငှါသွားကုန်သော် ခြင်္သေ့မနှင့် မြေခွေးမတို့ကိုထားခဲ့ကုန်၍ မြေခွေးနှင့်အတူတူသွားကြကုန်သည်။ အထူးထူး

သောဆတ်တို့ကို သတ်၍ခြင်္သေ့၊ မြေခွေးနှစ်ဦးတို့သည်လည်း ထိုအရပ်၌ပင် အသားကိုစားကုန်၍ ခြင်္သေ့မနှင့်မြေခွေးမတို့အတွက်သာ အသားတို့ကိုဆောင်ယူပြီး ပေးကြကုန်သည်။

ဤသို့ကာလရှည်စွာချစ်ခင်လျက်နေကြပြီးနောက်တွင် ခြင်္သေ့မသည် သားနှစ်ကောင်ကိုဖွားသလို မြေခွေးမသည်လည်း သားနှစ်ကောင်ကိုမွေးဖွားကြသည်။ အလုံးစုံသောခြင်္သေ့နှင့် မြေခွေးတို့သည် အညီအညွတ်ချစ်ချစ်ခင်ခင်နှင့် နေလာခဲ့ကြသည်။

တစ်နေ့တွင် ခြင်္သေ့မသည်-

"ဤခြင်္သေ့သည် မြေခွေးဖိုကိုလည်းကောင်း၊ မြေခွေးမကိုလည်းကောင်း၊ မြေခွေးငယ်ကလေးတို့ကိုလည်းကောင်း၊ အလွန်လျှင်ချစ်ခင်မြတ်နိုး၏။ ဤမြေခွေးမနှင့်တကွ စပ်ရှက်ရခြင်းသည်ရှိသည်ဖြစ်ရမည်။ ထိုသို့စပ်ရှက်ရခြင်းကြောင့်သာ ဤသို့သောချစ်ခြင်းကို ပြုသည်ဖြစ်ရမည်။ အကယ်၍ငါသည် ဤမြေခွေးမကို နှိပ်စက်ခြိမ်းခြောက်၍ ဤအရပ်မှပြေးစေရပါမူ ကောင်းပေမည်။"
ဟု အကြံအစည်ဖြစ်လေသည်။

ထို့နောက် ခြင်္သေ့မသည် ခြင်္သေ့နှင့်မြေခွေးတို့အစာရှာထွက်ခွာသွားသည်ရှိသော်

"မြေခွေးမ. . . အဘယ်ကြောင့် ဤအရပ်၌လာနေဘိသနည်း။ အဘယ်ကြောင့် ဤအရပ်မှ မသွားသနည်း။"
ဟု မြေခွေးမကိုနှိပ်စက်ညှင်းဆဲသည်။ ခြိမ်းခြောက်မောင်းမဲသည်။

မြေခွေးမ၏သားတို့ကိုလည်း ခြင်္သေ့မ၏သားတို့က မိခင်ကဲ့သို့ပင် ခြိမ်းခြောက်မောင်းမဲကုန်၏။

မြေခွေးမသည် မြေခွေးဖိုပြန်လာသောအခါ ထိုအကြောင်းစုံကို ပြောပြသည်။

"ခြင်္သေ့မင်း၏စကားဖြင့် ထိုခြင်္သေ့မ၏ ဤသို့ပြုသည်ကအဖြစ်ကိုလည်း ငါတို့မသိကုန်၊ ငါတို့သည် ကြာမြင့်စွာနေခဲ့ကြပြီးဖြစ်၍ ထိုခြင်္သေ့သည် ငါတို့ကို မချစ်အပ်ကုန်သည်ဖြစ်မည်။ ငါတို့၏နေရာအရပ်သို့သာလျှင် သွားကြကုန်အံ့"
ဟု မြေခွေးမကိုဆိုလေသည်။

မြေခွေးဖိုသည် မြေခွေးမစကားကိုကြား၍ ခြသေ့်မင်းထံသို့ကပ်၍-

"သခင်. . . ကျွန်ုပ်တို့သည် သင်တို့ထံ၌ကြာမြင့်စွာနေပြီး အလွန်ကြာမြင့်စွာနေကုန်သူတို့မည်သည်ကို မုန်းကုန်သည်ဖြစ်တတ်ကုန်၏။ ကျွန်ုပ်တို့သည် အစာရှာသွားသောကာလ၌ ခြသေ့်မသည် မြေခွေးမကိုညှင်းဆဲပါ၏။ ဤအရပ်၌ မနေရန်ပြောပါ၏။ ခြသေ့်ငယ်တို့ကလည်း မြေခွေးငယ်တို့ကို ခြိမ်းခြောက်နှိပ်စက်ပါ၏။

အကြင်သူသည် မိမိအထံ၌ အကြင်သူ၏မြေခြင်းကိုမနှစ်သက်၊ ထိုသူသည် ထိုမနှစ်သက်သောသူကို သွားလေလောဟူ၍ မနှင်ထုတ်ကောင်းသလော၊ ညှင်းဆဲခြင်းမည်သည် အဘယ်အကျိုးရှိပါအံ့နည်း။

"အထက်သို့ကော့ညွတ်သောအစွယ်ရှိသော သားများသနင်းခြသေ့်မင်း အစိုးရသောသူသည် မိမိကိုမှီဝဲဆည်းကပ်သောသူအား အကြင်အရပ်မျက်နှာသို့ သွားခြင်းငှါ အကျိုးရှိ၏။ ထိုအရပ်မျက်နှာသို့နှင်လိုက်၏။

ဤသို့အလိုရှိရာ နှင်လိုက်ခြင်းသည် အစိုးရကုန်သောသူတို့၏ ဓမ္မတာသဘောပါတည်း။ ဤသို့သင်သိပါသလော၊ ကျွန်ုပ်တို့အားကိုးကွယ်ရာမှ အကြင်ကြောင့် ဘေးသည်ဖြစ်၏။ ထို့ကြောင့် မိမိ၏နေရာအရပ်သို့သာလျှင် ငါတို့သည် သွားကြပါကုန်အံ့။"

ဟုဆိုလေသည်။

ခြသေ့်မင်းသည် မြေခွေးဖို၏စကားကိုကြားသော် ခြသေ့်မကိုခေါ်၍-

"ခြသေ့်မ. . . ဤမည်သောကာလ၌ ငါသည်အစာရှာအံ့သောငှါသွား၍ ခုနှစ်ရက်မြောက်သောနေ့၌ ဤမြေခွေးမြေခွေးမနှင့် လာသည်၏အဖြစ်ကိုအောက်မေ့မိပါ၏လော။"

ဟုမေးသည်။

"အရှင်. . . အောက်မေ့မိပါ၏။"

"ခုနှစ်ရက်ပတ်လုံး ငါပြန်မလာခြင်း၏အကြောင်းကိုရော သိပါသလော"

"အရှင်. . . မသိပါ"

"ခြသေ့်မ. . . ငါသည်သားတစ်ကောင်ကိုဖမ်းအံ့ဟု သွားရာအားလွန်၍ ညွန်၌နစ်နေရ၏။ ညွန်မှမထွက်နိုင်၊ ခုနှစ်ရပ်ပတ်လုံးအစာမစားရဘဲနေရ၏။

ဤမြေခွေးလာရောက်ကယ်၍ ဤအသက်ကိုပြန်ရခဲ့၏။ ဤမြေခွေးသည် ငါ၏အသက်သခင်ကျေးဇူးရှင်ဖြစ်၏။ အဆွေခင်ပွန်းကောင်းတို့၏တရား၌ ကောင်းစွာတည့်တံ့သောငှါ စွမ်းနိုင်သောမြေခွေးတည်း။ အဆွေခင်ပွန်းသည် အားနည်းသောမည်သည်မရှိ ဤနေ့မှစ၍ ငါ၏အဆွေခင်ပွန်းကောင်းဖြစ်သော မြေခွေးဖို မြေခွေးမနှင့်သားငယ်တို့၌ မထေမဲ့မြင်အမှုကို မပြုပါလင့်။"

ခြင်္သေ့မ. . . အကယ်၍အားနည်းငြားသော်လည်း အဆွေခင်ပွန်းသည် အဆွေခင်ပွန်းတို့၏ တရားတို့၌တည်ပေအံ့၊ ထိုသူသည် ငါ၏ဆွေမျိုးတော်၏။ အဆွေခင်ပွန်းလည်းဖြစ်၏။ ထိုသူသည် မိတ်လည်းဖြစ်၏။ အပေါင်းဖော်လည်းဖြစ်၏။ အကြင်ကြောင့် မြေခွေးသည် ငါ့အားအသက်ကိုပေး၏။ ထို့ကြောင့်အပေါင်းအဖော်ဖြစ်သော မြေခွေးနှင့်မြေခွေးမကို မထေမဲ့မြင်မပြုပါလင့်။"

ခြင်္သေ့မသည် ခြင်္သေ့၏စကားကိုကြားသော် မြေခွေးမကိုတောင်းပန်ပြီးသည်းခံစေသည်။

မိဘတို့ကာလ၌လည်း ထိုခြင်္သေ့၊ မြေခွေးမတို့သည် အမျိုးဆက်(၇)ဆက်တိုင်အောင် မပျက်သောချစ်ခြင်းမေတ္တာဖြင့် နေကြသည်။

ဘုရားရှင်၏ ဤတရားအဆုံး၀ယ် အချို့သောရဟန်းတို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ကြကုန်သည်။

"ရဟန်းတို့. . . ထိုအခါ အာနန္ဒာသည် မြေခွေးဖြစ်၍ ငါဘုရားသည် ခြင်္သေ့မင်းဖြစ်ခဲ့ပေ၏။"

ဟူ၍ ဇာတ်ကိုပေါင်း၍ဟောကြားတော်မူသည်။

**(၁၅၇၊ ဂုဏဇာတ်)**

ရှင်အာနန္ဒာအပေါ်၌ ကောသလမင်းနှင့် မိဖုရားတို့က ပုဆိုးတစ်ထောင်လှူမှုနှင့်ပတ်သက်၍ ဘုရားရှင်က ဤတိရိဋ္ဌ၀စ္ဆဇာတ်ကို ဆက်လက်ဟောကြားခဲ့ပါသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းမင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်း၌ ပုဏ္ဏားမျိုး၌ဖြစ်ပြီး တိရိဋ္ဌ၀စ္ဆအမည်ရှိသော အမည်ရှိသည်။

အရွယ်ရောက်လာသော် တက္ကသိုလ်ပြည်သို့သွားပြီး ခပ်သိမ်းသော အတတ်ပညာတို့ကို သင်ယူတတ်မြောက်ပြီး အိမ်၌ပင်နေလေသည်။

မိဘတို့ကွယ်လွန်သော် သံဝေဂရသောစိတ်ရှိရကား တောထွက်၍ရသေ့ ရဟန်းပြုပြီးလျှင် တောသစ်မြစ်၊ သစ်သီးတို့ကိုအာဟာရပြု၍နေသည်။ တိရိစ္ဆာနဝစ္ဆ ရသေ့တောမှာနေစဉ် ဗာရာဏသီမင်း၏ပစ္စန္တရာဇ်ကို ခိုးသူတို့ဖျက်ဆီးသည်။

ဗာရာဏသီမင်းသည် ပစ္စန္တရာဇ်ကိုစစ်ထိုးလတ်သော် ရှုံးသည်။ သေဘေးမှ ကြောက်ရကား ဆင်ကျောက်ကုန်း၌စီးလျက် အရပ်မျက်နှာတစ်ခုဆီသို့ ရှေးရှုပြေး သည်။ တောတစ်ခုသို့ရောက်၍ တိရိစ္ဆာနဝစ္ဆရသေ့တောသို့ဝင်၍ သစ်သီးရှာထွက်စဉ် ထိုရသေ့ကျောင်းသခ်န်းသို့ရောက်သွား၍ ကျောင်းသို့ဝင်၍နေသည်။

မင်းကြီးသည် ဤနေရာသည်ရသေ့တို့၏နေရာတည်းဟုသိ၍ ဆင်မှဆင်း သက်၍ လေ, နေတို့ဖြင့် ပင်ပန်းရကား ရေငတ်သည်ဖြစ်၍ သောက်ရေအိုးကို ကြည့်သော်မမြင်၍ စင်္ကြံဦး၌ရေတွင်းကို မြင်လေသည်။ ရေခတ်အံ့သော်ငါ့ ကြိုး ပုံးတို့ကိုမမြင်၍ ရေငတ်ခြင်းကိုသည်းမခံနိုင်၍ ဆင်၏ဝမ်း၌ပတ်သောကြိုးကိုယူပြီး ဆင်ကိုရေတွင်းနား၌ နေစေသည်။ ထိုဆင်၏ခြေ၌ ကြိုးကိုဖွဲ့၍ ကြိုးဖြင့်ရေတွင်း ထဲသို့ သက်ဆင်းသည်။ ကြိုးမမှီလတ်သော် ပြန်တက်၍ အပေါ်ရုံကိုကြိုးစွန်းဖြင့် ဆက်၍တစ်ဖန်တက်လေသည်။ ထိုသို့ပြုသြားသော်လည်း မမှီပြန်ဖြစ်နေသည်။ သို့တွက် ခြေဖျားတို့ဖြင့် ရေကိုထိသဖြင့် ရေအလွန်မွတ်သိပ်ဆာလောင်မှုဖြစ်ရကား

"ရေငတ်ခြင်းကိုဖျောက်၍ သေခြင်းသည် ကောင်းသောသေခြင်းဖြစ်၏"

ဟုကြံဆ၍ ရေတွင်းသို့သက်ဆင်းကာ အလိုရှိတိုင်းသောက်လေသည်။

တစ်ဖန်တက်အံ့သော်ငါ့ မတတ်နိုင်ရကား ထိုရေတွင်း၌ပင် ရပ်တည်နေ ရသည်။ ဆင်ကလည်းကောင်းစွာသင်ကြားထားသော ဆင်ဖြစ်၍သခင်တက်မလာ မချင်း တစ်ပါးသို့ထွက်မသွားဘဲ မင်းကိုကြည့်လျက်နေသည်။

ညချမ်းအချိန်သို့ရောက်သော် ဘုရားလောင်းသည် သစ်သီးကြီးငယ်တို့ကို ဆောင်ခဲ့၍ ပြန်လာလတ်သော် ဆင်ကိုမြင်၍-

"မင်းလာသည်ဖြစ်လတ့်၊ ချပ်မိန်ညိဝတ်သောဆင်သည်သာလျှင်ထင်၏။ အကြောင်းအသို့နည်း။"

ဟု ဆင်၏အနီးသို့သွားလေသည်။

ဆင်သည်လည်း ဘုရားလောင်းရသေ့လာသည်ကိုမြင်၍ တင်လျှောက် အပ်သောအရပ်၌ တည်သည်။ ဘုရားလောင်းသည် ရေတွင်းကမ်းနားသို့သွား၍ ရေတွင်းကိုငုံ့ကြည့်သော် မင်းကိုမြင်တွေ့သည်။

"မြတ်သောမင်းကြီး. . . မကြောင်လင့်။"

ဟုဆိုကာ လှေကားကိုဖွဲ့၍ ချပေးကာမင်းကိုတက်စေသည်။

မင်းကိုယ်ကိုဆုပ်နယ်၍ ဆီဖြင့်လိမ့်ကျံပေးကာ သစ်သီးကြီးငယ်တို့ဖြင့် စားစေသည်။ ဆင်၏ချပ်တန်ဆာကို ဖြေပေးသည်။ မင်းသည်နှစ်ရက်သုံးရက်အပန်း ဖြေ၍ ဘုရားလောင်းကိုမိမိအထံသို့ ကြွလာရန်ဖိတ်ကြားဝန်ခံစေပြီး ပြန်သွားလေ သည်။

မင်း၏ဗိုလ်ပါတို့သည် မြို့၏အနီးစစ်တပ်တည်၍ နေကုန်လျက်မင်းလာ သည်ကိုမြင်သောအခါ ကောင်းစွာဆီးကြိုခြံရံပြီး မြို့တွင်းသို့ဝင်ကြလေသည်။

ဘုရားလောင်းရသေ့သည် လခွဲလွန်သဖြင့် ဗာရာဏသီပြည်သို့ရောက်၍ ဥယျာဉ်သို့ဝင်၍နေသည်။ နောက်နေ့နံနက်ဆွမ်းအတွက် မင်းအိမ်တံခါးသို့ ကြွ ရောက်သည်။

မင်းသည် လေသွန်းတံခါးကိုဖွင့်၍ မင်းရင်ပြင်သို့ကြည့်သော် ဘုရားလောင်း ရသေ့ကိုမြင်၍သိရှိကာ ပြာသာဒ်မှအားချင်းဆင်းချက်သွားရောက်ကြိုဆိုကာ ထီးဖြူ ဆောင်းသောပလ္လင်ထက်၌ သီတင်းသုံးစေသည်။ ထို့နောက် ဆွမ်းအာဟာရကို ဆက်ကပ်သည်။

ထို့နောက် ဥယျာဉ်သို့ပင့်၍ ကျောင်း, စင်္ကြံနေသန့်ရာ၊ ညဥ့်သန့်ရာအရပ် တို့ကို ပြုလုပ်စေ၍ ခပ်သိမ်းသောအသုံးအဆောင် ပရိက္ခရာတို့ကို စီမံပေးသည်။ ထို့နောက်ဥယျာဉ်စောင့်ကို ဝေယျာဝစ္စအမှုကိုပြုစေသည်။

ဘုရားလောင်းသည် မင်းအိမ်၌ပင် ဆွမ်းကိုစားသည်။ များစွာသောလာဘ် သပ္ပါယ်ရှိလေသည်။

မင်းကြီးကရသေ့ကို ဤမျှဂရုတစိုက်ပြုစုလုပ်ကျွေးနေသည်ကို မကျေမနပ် ဖြစ်ကြကာ အမတ်အချို့က-

"ဤသို့သဘောရှိသော ပူဇော်သက္ကာရကို ရသည်ရှိသော် အဘယ်မည်သော တစ်ယောက်သောသူရဲကောင်းသည်လည်း အဘယ်မည်သောအမှုကို မပြုဘဲရှိပါအံ့နည်း။"

ဟုဆို၍ အိမ်ရှေ့မင်းထံသို့ကပ်ရောက်ကာ-

"အရှင်မင်းသား. . . ကျွန်ုပ်တို့၏မင်းသည် တစ်ပါးသောရသေ့ကို အလွန်လျှင် မြတ်နိုးပေ၏။ ထိုရသေ့၌မင်းသည် အဘယ်မည်သောအမှုကိုပြုသနည်း။ အရှင်တို့သည် မင်းနှင့်စကားစပ် ဆွေးနွေးပြောဆိုသင့်ပါ၏။"

ပြောဆိုကြသည်။

အိမ်ရှေ့မင်းကလည်း ကောင်းပြီဟုဝန်ခံ၍ အမတ်တို့နှင့်အတူ မင်းထံသို့သွားရောက်ကြသည်။

"မြတ်သောမင်းကြီး. . . ဤတိရိစ္ဆာနဝစ္ဆရသေ့အား တစ်စုံတစ်ခုသော အတတ်ဖြင့်ပြီးသောအမှုသည်မရှိ၊ တောင်ဝှေးသုံးခွကိုင်၍သွားသော တိရိစ္ဆာနဝစ္ဆရသေ့သည် သင်မင်းကြီး၏အဆွေအမျိုးလည်းမဟုတ်၊ ကစားဘက်အဆွေခင်ပွန်းလည်းမဟုတ်၊ ထိုသို့ဖြစ်လျက် အဘယ်အကြောင်းကြောင့် ထမင်းဦးကိုစားရသနည်း"

"ချစ်သား. . . ပစ္စန္တရာဇ်သို့သွား၍ စစ်ထိုးရာမှရှုံးသောငါ၏နှစ်ရက်သုံးရက်မလာသောအဖြစ်ကို အောက်မေ့မိပါ၏လော။"

"ဖခင်မင်းမြတ်. . . အောက်မေ့မိပါ၏။"

"ထိုအခါ ငါသည်ဤရသေ့ကိုမှီ၍ အသက်ကိုရအပ်၏။ အမောင်ငါ၏ အသက်ကိုပေးသောသူသည် ငါ၏အထံသို့ရောက်သည်ရှိသော် မင်းအဖြစ်ကိုပေးငြားသော်လည်း ထိုရသေ့ပြုသောကျေးဇူးအားလျှော်စွာပေးခြင်းငှါ မတတ်နိုင်သေးပါ"

"ချစ်သား. . . ဘေးရန်တို့ကြောင့် စစ်ထိုးခြင်းမှရှုံးသော အဖော်မရှိတစ်ယောက်တည်းသော ရေတွင်းသို့ကျ၍ ပင်ပန်းခြင်းသို့ရောက်သောငါအား ဤရသေ့သည် ကြမ်းကြုတ်သောရေမရှိသောတော၌ သနားခြင်းကိုပြု၍ ရေတွင်းမှဆယ်အံ့သောငှါ လှံ့လနှင့်ယှဉ်သောလက်ကို ကောင်းစွာဖြန့်ကမ်းပါ၏။ ထိုရသေ့လက်လှမ်းခြင်းဟူသောအကြောင်းကြောင့် ငါသည်ဆင်းရဲဝန်းရံလျက်လည်း အထက်သို့တက်နိုင်ခဲ့၏။

"ထိုတိရိဋ္ဌဝစ္ဆရသေ့၏ ထုတ်ဆယ်သောကိစ္စအာနုဘော်ဖြင့် ယမမင်း၏ နိုင်ငံမှဤလူ့ပြည်သို့ တစ်ဖန်ရောက်လာပြန်ရသည်ဖြစ်၏။ တိရိဋ္ဌဝစ္ဆရသေ့သည် ပစ္စည်းလေးပါးဟူသော လာဘ်ကိုခံယူထိုက်ပါ၏။ သင်တို့သည် အသုံးအဆောင် ကိုလှူကြပါလော၊ ပူဇော်ကြပါကုန်လော။"

ဤသို့မင်းသည် ကောင်းကင်ပြင်၌လပြည့်ဝန်းကို ထင်စေဘိသကဲ့သို့ ဘုရားလောင်း၏ဂုဏ်ကျေးဇူးကိုပြသည်ရှိသော် ဘုရားလောင်း၏ဂုဏ်ကျေးဇူး သည် အလုံးစုံသောသူ၌ ထင်ရှားဖြစ်ပေါ်လေ၏။

ထိုအခါမှစ၍ အိမ်ရှေ့မင်း၊ အမတ်နှင့်အားလုံးသော နန်းတွင်းသူနန်း တွင်းသားတို့သည် မင်းကိုအပြစ်မမြင်နိုင်ကြတော့ပဲ ဘုရားလောင်းရသေ့၏ အဆုံး အမ၌တည်၍ အလှူပေးခြင်းအစရှိသော ကောင်းမှုတို့ကိုပြုလုပ်စေပြီး နောက်ဆုံး သေလွန်သော် နတ်ပြည်သို့ရောက်ကြရသည်။

ဘုရားလောင်းသည်ကား သူ၏အဘိညာဉ်တန်ခိုးဖြင့် သေသော်ဗြဟ္မာ ပြည်သို့ လားရလေသည်။

ချစ်သားတို့. . . ထိုအခါတိရိဋ္ဌဝစ္ဆရသေ့သည် ယခုခါ ငါဘုရားဖြစ်ပြီး ယခု အာနန္ဒာသည် ထိုအခါက မင်းဖြစ်ခဲ့ပြီ"

ဟု ဘုရားရှင်က ဟောပြတော်မူသည်။

(သက်ပွတ်၊ တိရိဋ္ဌဝစ္ဆဇာတက)

## မိမိအားအကျိုးပြုသူကို သည်းခံရသည်

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဖြစ်သည်။

ကောသလမင်း၏ အမတ်တစ်ယောက်သည် နန်းတွင်းသူတစ်ယောက် နှင့်မှားယွင်းဖောက်ပြန်မှုပြုသည်။ ထိုသည်ကို ကောသလမင်းကြား၍ စုံစမ်းကြည့်သော် မှန်ကန်နေသည်ကိုတွေ့ရသည်။

ကောသလမင်းသည် ထိုအမှုကိုမိမိကိုယ်တိုင်မဆုံးဖြတ်သေးခင် ဘုရားရှင် ထံသွားရောက်ပြီး ထိုအကြောင်းကို လျှောက်ထားပြီးမည်သို့မည်ပုံပြုလုပ်ဆောင် ရွက်သင့်ကြောင်း လျှောက်ထားသည်။

"မင်းမြတ်. . . ထိုအမတ်သည် သင့်အားကျေးဇူးပြုသောအမတ်လော၊ ထိုမိန်းမသည် သင်ချစ်မြတ်နိုးသော မိန်းမလော၊"

"မြတ်စွာဘုရား. . . မှန်ပါ၏။ ထိုအမတ်သည် အလွန်လျှင်ကျေးဇူးပြု၏။ အလုံးစုံသောမင်းမှုကို ကောင်းစွာဆောင်ပါ၏။ ထိုမိန်းမသည်လည်း တပည့်တော် ချစ်မြတ်နိုးသော မိန်းမပါတည်း။"

"မင်းမြတ်. . . မိမိအား ကျေးဇူးပြုကုန်သော မှိဝဲခ,စားအပ်ကုန်သော သူတို့၌လည်းကောင်း၊ ထိုသို့သဘောရှိကုန်သော မှိဝဲခ,စားအပ်ကုန်သော ချစ်အပ် ကုန်သောမိန်းမတို့၌လည်းကောင်း၊ မတတ်ကောင်းချေ။ ရှေးအခါကလည်း မင်း တို့သည်ပညာရှိ၏။ စကားကိုနာယူ၍ လျစ်လျူရှုကုန်သည်သာလျှင် ဖြစ်ကုန်၏"

"မြတ်စွာဘုရား. . . ထိုပညာရှိ၏စကား အကြောင်းစုံကို အကျယ်သိပါ ရစေဘုရား။"

"မင်းမြတ်. . . ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ဗြဟ္မဒတ် မင်း, မင်းပြုသည်ရှိသော် ဘုရားလောင်းအမတ်မျိုး၌ဖြစ်၍ အရွယ်ရောက်လတ် သော် ထိုမင်းအားအကျိုးအကြောင်းပြ၍ ဆုံးမတတ်သောအမတ်ဖြစ်လာသည်။

ထိုဗြဟ္မဒတ်မင်း၏ အမတ်တစ်ယောက်သည် ယခုကဲ့သို့ပင်နန်းတွင်းသူ တစ်ယောက်နှင့် မှားယွင်းမှုပြုရလေသည်။ မင်းသည်ကြားသိပြီး စုံစမ်းသော်မှန် ကန်ကြောင်း တွေ့ရှိရသည်။

"ဤအမတ်သည်လည်း ငါအားကျေးဇူးများ၏။ ဤမိန်းမသည်လည်း ငါချစ်ခင်မြတ်နိုးအပ်သော မိန်းမတည်း၊ နှစ်ယောက်ကုန်သော ဤသူတို့အား ဖျက် ဆီးအံ့သောငှါ မတတ်ကောင်း၊ ပညာရှိအမတ်ကိုပြဿနာတင်ပြ၍ အကယ်၍ သည်းခံအပ်သည်ဖြစ်လတ်သော် သည်းခံအံ့၊ သည်းခံအပ်သည် အကယ်၍မဖြစ် လတ်သော် သည်းမခံအံ့"

ဟု နှလုံးသွင်းခြင်းကိုပြုပြီး ပညာရှိအမတ်ကိုခေါ်ကာ-

"ပညာရှိ. . . ငါသည်သင့်အား ပြဿနာပေးအံ့"

"အရှင်မင်းကြီး. . . ပေးတော်မူပါလော။"

"ပညာရှိ. . . မွေ့လျော်ဖွယ်ရှိသော ဟိမဝန္တာတောင်ခြေရင်း၌ ပြန့်၍ တည်သောမြေပြင်၌ ချမ်းအေးချိုမြိန်သော ရေနှင့်ပြည့်စုံသောရေကန်သည် ဖြစ်၏။ သို့မဟုတ် ကြာတို့ဖြင့်ပြည့်သော မြစ်သည်ဖြစ်၏။ ထိုရေကန်၊ ထိုမြစ်ကိုခြသေ့်မင်း သည် စောင့်ရှောက်အပ်သည်ဟုသိလျက် မြေခွေးသည် သောက်ကောင်းပါသလော"

ဘုရားလောင်းသည် မင်းကြီး၏ထိုအမေးကို ဆင်ခြင်သုံးသပ်ကြည့်သော်-

"မချွတ်ကေန် နန်းတွင်း၌ မင်း၏အနီးကပ်ဆုံးအကျိုးပြုအမတ်တစ်ဦး သည် မင်းကြီး၏ချစ်မြတ်နိုးအပ်သောမိန်းမတစ်ဦးနှင့်မှားယွင်းသည် ဖြစ်လတ့်"

ဟု နှလုံးသွင်းဆင်ခြင်မိသည်။

"မင်းမြတ်. . . ကြာတို့ဖြင့် ဖုံးလွှမ်းအပ်သည်၏အဖြစ်ကြောင့် ပေါက္ခရဏီ ဟု ဆိုအပ်သောမြစ်ကြီးကို ငှက်, ခွေး, ယုန်, ကြောင်, သမင်အစရှိကုန်သော

သားမျိုးတို့သည် သောက်စေကာမူ ထိုသောက်ခြင်းဟူသောအကြောင်းကြောင့် ထိုမြစ်သည်မြစ်မဟုတ်သည်မဖြစ်၊ ထိုအမတ်သည် အရှင်မင်းမြတ်၌ အကျိုးပြုအပ်သည်၊ ချစ်မြတ်နိုးအပ်သည်၊ ထိုမိန်းမကိုလည်း ချစ်မြတ်နိုးအပ်သည် မှန်ပါက အရှင်မင်းမြတ်သည် သည်းခံတော်မူပါလော့။"

ဟု ဘုရားလောင်းအမတ်က အဆုံးအမကိုပေးသည်။

ဗြဟ္မဒတ်မင်းသည် ဘုရားလောင်းပညာရှိအမတ်၏ အဆုံးအမ၌တည်၍ အမတ်နှင့်ထိုမိန်းမကိုခေါ်ယူကာ-

"သင်တို့သည် ဤသို့သောအမှုကို မပြုကုန်လင့်။"

ဟု ဆိုဆုံးမကာသည်းခံလေသည်။

ထိုအခါမှစ၍ ထိုသူတို့သည် ကြဉ်ရှောင်ကြကုန်သည်။ ဗြဟ္မဒတ်မင်းသည် ဒါနစသောကောင်းမှုကိုပြု၍ အသက်၏အဆုံး၌ နတ်ပြည်ရောက်ရလေသည်။

မင်းမြတ်. . . ထိုအချိန်က အာနန္ဒာသည်ဗြဟ္မဒတ်မင်းဖြစ်ပြီး ငါဘုရားသည်ကား ပညာရှိဖြစ်ခဲ့လေသည်။"

ဟူ၍ ဟောကြားဆုံးမရာ ကောသလမင်းကြီးသည် နှစ်သက်လက်ခံ၍ ထိုအမတ်နှင့် မိန်းမအမှုကိုသည်းခံပြီး အဆုံးအမသာပေးလေသည်။

(ရှာကဝဂ် ပဗ္ဗတူပတ္ထရဇာတက)

# ကောသလမင်းကြီးအား
# မိတ်ဆွေနှင့်ရန်သူလက္ခဏာကိုခွဲခြားပြခြင်း

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ကောသလမင်း၏ အကျိုးစီးပွားကို များစွာပြုတတ်သော အမတ်တစ်ယောက်ရှိသည်။ ထိုအမတ်ကိုကောသလမင်းကြီးသည် အလွန်မြတ်နိုးချစ်ခင်သည်။ ဤသည်ကို ကျန်အမတ်တို့က မကျေနပ်ကြသဖြင့်-

"အရှင်မင်းကြီး. . . ဤမည်သောအမတ်သည် အရှင်မင်းကြီးတို့၏ အကျိုးမဲ့ကိုပြု၏။"

ဟု မင်းကြီးအား ချောပစ်ဂုံးတိုက်စကားကို ဆိုကြသည်။

မင်းကြီးက စုံစမ်းသည်ရှိသော် တစ်စုံတစ်ခုသောအပြစ်ကို မမြင်၍

"ငါသည် ဤအမတ်၏ အဆွေခင်ပွန်းအဖြစ်ကိုလည်းကောင်း၊ ရန်သူအဖြစ်ကိုလည်းကောင်း၊ သိခြင်းငှါတတ်နိုင်မည်နည်း"

ဟုကြံ၍-

"ဤဒေသနာကို ဘုရားရှင်မှတစ်ပါး အခြားသိနိုင်သောသူမည်သည်မရှိနိုင်၊ မတတ်နိုင်လတ့်၊ ထို့ကြောင့်သွား၍ မေးလျှောက်အံ့"

ဟုဆုံးဖြတ်ပြီး နံနက်စာစားပြီးသော် ဘုရားရှင်ထံသို့ သွားရောက်၍ ရှိခိုးကာ သင့်ရာနေရာ၌ထိုင်ပြီး-

"အရှင်ဘုရား. . . လူဖြစ်သောသူသည် မိမိအဆွေခင်ပွန်းကိုလည်းကောင်း၊ ရန်သူကိုလည်းကောင်း၊ အသို့လျှင်သိခြင်းငှါ တတ်နိုင်ပါအံ့နည်း"

"မြတ်သောမင်းကြီး. . . ရှေး၌လည်းပညာရှိတို့သည် ဤပြဿနာကြံ၍ ပညာရှိတို့ကိုမေးလျှင် ထိုပညာရှိတို့သည် ဖြေဆိုသည်၏အစွမ်းဖြင့်သိ၍ ရန်သူကို ကြဉ်ရှောင်လျက် အဆွေခင်ပွန်းတို့ကို မှီဝဲဖူးကုန်ပြီ"

"အရှင်ဘုရား. . . ထိုအကြောင်းအကျယ်သိပါရစေဘုရား"

"မြတ်သောမင်းကြီး. . . လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏အကျိုး အကြောင်းကို ဆုံးမတတ်သောအမတ်တစ်ဦးဖြစ်ခဲ့သည်၊ ထိုအချိန်ဝယ် ဗာရဏသီ မင်း၏အကျိုးစီးပွားကိုကျင့်သောအမတ်တစ်ဦးကို ကျန်သောအမတ်တို့သည် ဂုံးတိုက်ဖျက်ဆီးကြသည်။

ဗြဟ္မဒတ်မင်းသည် ထိုအမတ်၏အပြစ်ကိုမမြင်၍ -

"အသို့လျှင် ထိုအဆွေခင်ပွန်းအဖြစ် ရန်သူအဖြစ်ကိုသိခြင်းငှါ တတ်နိုင် အံ့နည်း။"

ဟုကြံ၍ ဘုရားဒလောင်းအမတ်ကို-

"သုခမိန်. . . ပြုအပ်ကုန်သောသူတို့၏ အဘယ်အမှုတို့ကိုမြင်၍လည်း ကောင်း၊ ကြား၍လည်းကောင်း၊ ထုံးထွင်း၍သိသော ပညာရှိသည်ရန်သူကို သိရာ သနည်း။ ပညာရှိတို့သည် အသို့လျှင်လုံ့လပြုရာသနည်း။"

ဟုမေးလေသည်။

"မြတ်သောမင်းကြီး. . . ရန်ဘက်ဖြစ်သောသူကိုမြင်၍ မပြုံးမရွှင်၊ ထိုရန် သူဖြစ်သောသူကိုမနှစ်သက်၊ ထိုရန်ဘက်ဖြစ်သောသူအား မျက်စိလွှဲ၏၊ ဆန့်ကျင် ဘက်ကိုလည်းကျင့်၏။"

"ထိုရန်ဘက်ဖြစ်သောသူ၊ ရန်သူတို့ကို မမှီဝဲ မဆည်းကပ်၊ ထိုရန်ဘက်ဖြစ် သောသူ၏ အဆွေခင်ပွန်းတို့ကို မမှီဝဲမဆည်းကပ်၊ ချီးမွမ်းလိုသောသူတို့ကို တား မြစ်၏၊ ဆဲရေးလိုသောသူတို့ကို ချီးမွမ်း၏။"

"ထိုရန်ဘက်ဖြစ်သောသူအား လျှို့ဝှက်အပ်သောမိမိစကားကိုမကြား၊

ထိုရန်ဘက်ဖြစ်သောသူ၏ လျှို့ဝှက်အပ်သောစကားကိုမလျှို့ဝှက်၊ ထိုရန်ဘက်ဖြစ်သောသူ၏ အမှုကိုမချီးမွမ်း၊ ထိုရန်ဘက်ဖြစ်သောသူ၏ပညာကို မချီးမွမ်း"

"ထိုရန်ဘက်ဖြစ်သောသူ၏ စီးပွားချမ်းသာ မပွားစီးခြင်း၌နှစ်သက်၏ ထိုရန်သူ၏စီးပွားချမ်းသာပွားစီးခြင်း၌မနှစ်သက်၊ ကောင်းမြတ်သောဘောဇဉ်ကို ရသည်ရှိသော် ထိုရန်ဘက်ဖြစ်သောသူအား ပေးအံ့ဟူသောအောက်မေ့ခြင်းသည် မဖြစ်၊ ဤအကြောင်းကြောင့် မရှင်ပျသည်ဖြစ်၍လည်း ဆင်းရဲကိုရရာ၏။ ထိုအကြောင်းမှ ထိုရန်ဘက်ဖြစ်သောသူကို မစောင့်ရှောက်၊

"ဤ (၁၆)ပါးသောအကြောင်းတို့သည် ရန်သူဖြစ်သောပုဂ္ဂိုလ်၌ တည်ကုန်၏။ ဤ (၁၆)ပါးသောအကြောင်းတို့ဖြင့် ပညာရှိသည်မြင်၍လည်းကောင်း၊ ကြား၍လည်းကောင်း၊ ရန်သူကိုသိရာ၏။"

"သုခမိန် . . . ပြုအပ်ကုန်သောသူတို့၏ အဘယ်အမှုတို့ကိုမြင်၍လည်းကောင်း၊ ကြား၍လည်းကောင်း၊ ထိုးထွင်း၍သိသောပညာရှိသည် အဆွေခင်ပွန်း၏အဖြစ်ကိုသိရာသနည်း၊ အဘယ်သို့လျှင် ပညာရှိသည်လုံ့လပြုရာသနည်း" ဟု မင်းကြီးကဆက်မေးသည်။

"မြတ်သောမင်းကြီး. . . ကွေကွင်းလတ်သော် ထိုအဆွေခင်ပွန်းအား အောက်မေ့၏။ လာလတ်သောအဆွေခင်ပွန်းကိုအလွန်နှစ်သက်၏။ ထိုအဆွေခင်ပွန်းမှ ရှင်လန်းသဖြင့် အလိုရှိသည်ဖြစ်၏။ စကားဖြင့် နှစ်သက်၏။"

"ထိုအဆွေခင်ပွန်း၏ အဆွေခင်ပွန်းတို့ကိုသာလျှင် မှီဝဲဆည်းကပ်၏။ ထိုအဆွေခင်ပွန်း၏ရန်သူတို့ကို မမှီဝဲမဆည်းကပ်၊ အဆွေခင်ပွန်းအားဆဲရေးသောသူတို့ကို တားမြစ်၏။ အဆွေခင်ပွန်း၏ ကျေးဇူးကိုဆိုသောသူတို့ကို ချီးမွမ်း၏"

"ထိုအဆွေခင်ပွန်းအား မိမိလျှို့ဝှက်အပ်သောစကားကိုလည်း ကြားလာ၏။ ထိုအဆွေခင်ပွန်း၏ လျှို့ဝှက်အပ်သောစကားကိုလည်း လျှို့ဝှက်ပေး၏။ ထိုအဆွေခင်ပွန်း၏ အမှုကိုလည်းချီးမွမ်း၏။ ထိုအဆွေခင်ပွန်း၏ ဉာဏ်ပညာကို ချီးမွမ်း၏။ "

"ထိုအဆွေခင်ပွန်း၏ ကြီးပွားခြင်း၌လည်း နှစ်သက်၏။ ထိုအဆွေခင်ပွန်း၏ အစီးအပွားမဲ့ပျက်စီးခြင်း၌ မနှစ်သက်၊ ကောင်းမြတ်သောဘောဇဉ်ကိုရသည်

ရှိသော် ထိုအဆွေခင်ပွန်းအားပေးအံ့ဟု အောက်မေ့ခြင်းဖြစ်၏။ ဤအကြောင်းကြောင့် ရွှင်ခြင်းကိုလည်းရရာ၏။ ထိုအကြောင်းမှ ထိုအဆွေခင်ပွန်းကို စောင့်ရှောက်ရာ၏။"

"ဤ (၁၆)ပါးသော အကြောင်းတို့သည် အဆွေခင်ပွန်းကောင်း၌ ကောင်းစွာတည်ကုန်၏။ ဤ (၁၆)ပါးသောအကြောင်းတို့ဖြင့် ပညာရှိသည်မြင်၍လည်းကောင်း၊ ကြား၍လည်းကောင်း အဆွေခင်ပွန်းကောင်းကို ကောင်းစွာသိရာ၏" ဟု သုခမိန်ကအဖြေပေးသည်။

မင်းသည် သုခမိန်ဘုရားလောင်း၏ စကားကိုအလွန်နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ များစွာသောဥစ္စာစည်းစိမ်တို့ကို ပေးလေသည်။

"မြတ်သောမင်းကြီး. . . ဤသို့လျှင် ရှေး၌လည်းဤပြဿနာသည်ဖြစ်ဖူး၏။ ပညာရှိတို့သည်လည်း ဤပြဿနာကိုဖြေဖူးကုန်ပြီ။ ဤနှစ်ပါးသောအကြောင်းတို့ဖြင့် အဆွေခင်ပွန်းဖြစ်သောသူ ရန်သူဖြစ်သောသူတို့ကို သိအပ်၏။" ဟု မိန့်ကြားသည်။

ထို့နောက် ဘုရားရှင်ကဆက်လက်၍-

"မြတ်သောမင်းကြီး. . . ယခုအခါအာနန္ဒာသည် ထိုအခါ ဗာရာဏသီမင်းကြီးဖြစ်ဖူးပြီး ယခုအခါငါဘုရားသည်လျှင် ထိုအခါဗာရာဏသီမင်း၏ ပညာရှိအမတ်ဖြစ်ဖူးခဲ့ပြီ။"

ဟု ဇာတ်တော်ကိုပေါင်း၍ ဓမ္မဒေသနာကို နိဂုံးချုပ်လေသည်။

**(ဒွါသကနိပါတ၊ မိတ္တာမိတ္တဇာတ်)**

## စည်းစိမ်မာန်ယစ် ဘဝဟောင်းမေ့သူ၏အပြစ်

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေ ချိန်ဖြစ်သည်။

တစ်နေ့တွင် ကောသလမင်းသည် မလ္လိကာမိဖုရားနှင့်အတူတကွ မိမိတို့ အိပ်ရာ၌နေစဉ် ကြက်သရေအရာနှင့်ပတ်သက်၍ အငြင်းအခုန်ဖြစ်ကြလေသည်။

ကောသလမင်းသည် အမျက်ထွက်၍ မလ္လိကာ၏ရှိသည်အဖြစ်ကို မသိ ကျိုးကျွံပြုနေသည်။ မလ္လိကာမိဖုရားသည်လည်း ငါ၌မင်း၏အမျက်ထွက်သည်၏ အဖြစ်ကို ဘုရားရှင်မသိပါလေဟု ကြံစည်မှုဖြစ်နေသည်။

ဘုရားရှင်သည် သိတော်မူ၍-

"ဤသူတို့၏ သင့်တင့်ညီညွတ်သောအဖြစ်ကိုပြုအံ့ဟု နံနက်အခါ၌ဆွမ်း အလို့ငှါသာဝတ္ထိမြို့ထဲသို့ ရဟန်းငါးရာခြံရံလျက်ဝင်ပြီး မင်းအိမ်တံခါးသို့ကြွတော် မူသည်။

ကောသလမင်းသည် မြတ်စွာဘုရားကြွလာသည်ကိုသိ၍ ထွက်ကြိုကာ ကိုယ်တိုင်သပိတ်ယူကာ ခင်းထားသောနေရာ၌ သီတင်းသုံးစေပြီး ယာဂုခဲဘွယ် တို့ကို ဆက်ကပ်ရန်ပြုစဉ် ဘုရားရှင်ကလက်ဖြင့်တားမြစ်၍-

"မြတ်သောမင်းကြီး. . . မိဖုရားကား အဘယ်မှာနည်း"

ဟုမေးသည်။

"မြတ်စွာဘုရား. . . မိမိ၏စည်းစိမ်အခြံအရံဖြင့် မာန်ထောင်မူးယစ်သော ထိုမိန်းမဖြင့် အဘယ်သို့ပြုပါရအံ့နည်း။"

"မြတ်သောမင်းကြီး. . . သင်မင်းကြီးသည်ပင်လျှင် စည်းစိမ်ကိုပေး၍ မာတုကာမကိုချီးမြှောက်ကာ ထိုမာတုကာမပြုအပ်သော အပြစ်ကိုသည်းမခံခြင်းသည် မသင့်"

ဟု မိန့်ကြားပြီး မလ္လိကာမိဖုရားကိုခေါ်စေသည်။

မလ္လိကာမိဖုရားသည် ရောက်ရှိလာပြီး မင်းကြီးနှင့်အတူ ဘုရားရှင်ကို ယာဂုခဲဘွယ်တို့ဖြင့် ပြုစုလုပ်ကျွေးသည်။

မြတ်စွာဘုရားသည် ဆွမ်းကိစ္စပြီးသောအခါ မင်းနှင့်မိဖုရားတို့ကို

"သင်တို့သည် အချင်းချင်းဦးညွတ်သည်ဖြစ်ရာ၏။"

ဟုဟောပြီး သင့်တင့်ဦးညွတ်ခြင်း၏အကျိုးကျေးဇူးတို့ကိုဟောကြားတော်မူသည်။

ထိုအချိန်မှစ၍ မင်းနှင့်မိဖုရားတို့သည် သင့်တင့်ညီညွတ်ပြီး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဖြင့် နေကြလေသည်။

ထိုမင်း-မိဖုရားတို့ ဘုရားရှင်၏စကားဖြင့် သင့်တင့်ညီညွတ်ချစ်ခင်မှုရသွားသည်ကို ရဟန်းတို့သည် ညနေခင်းဓမ္မသဘင်၌ ဘုရားရှင်ကြွမလာခင် ဘုရားရှင်ကို ချီးမွမ်းစကား ပြောဆိုနေကြသည်။

ဘုရားရှင်ကြွလာ၍ ဘုရားရှင်က အဘယ်စကားဖြင့် ဆွေးနွေးနေကြသနည်းဟု မေးသောအခါ ရဟန်းတို့က ထိုအကြောင်းကို လျှောက်ထားကြသည်။

ထိုအခါဘုရားရှင်က-

"ရဟန်းတို့. . . ယခုအခါ၌သာလျှင် ငါဘုရားသည် မင်း, မိဖုရားတို့ကို တစ်ကြိမ်တည်းသော အဆုံးအမဖြင့်ပင်လျှင် သင့်တင့်ညီညွတ်အောင်ပြုသည် မဟုတ်သေး၊ ရှေး၌လည်းတစ်ကြိမ်တည်းသော အဆုံးမဖြင့်ပင်လျှင် သင့်တင့်ညီညွတ်အောင်ပြုဘူးပြီ"

ဟု မိန့်ကြားသည်။

"မြတ်စွာဘုရား. . . အတိတ်ဖြင့်ဖုံးလွှမ်းအပ်သော ထိုအကြောင်းကိုသိပါရစေဘုရား။"

"ရဟန်းတို့. . . လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည်မင်း၏ အကျိုးအကြောင်းကို ဆုံးမသော အမတ်ဖြစ်၏။

တစ်နေ့သ၌မင်းသည် လေသာပြတင်းပေါက်ကိုဖွင့်၍ မင်းရင်ပြင်ကိုကြည့်လျက် ရပ်နေ၏။ ထိုအခါ အဆင်းလှပြီး တင့်တယ်သောအရွယ်ရှိ သုဇာတအမည်ရှိ ဟင်းရွက်သည်၏သမီးသည် ဇီးသီးတောင်းကိုရွက်၍-

"ဇီးသီးဝယ်ကြကုန်၊ ဇီးသီးဝယ်ကြကုန်"

ဟု ဆိုလျက်မင်းရင်ပြင်ကို ဖြတ်သွား၏။

မင်းသည် သုဇာတ၏အသံကိုကြား၍ တပ်စွန်းသောစိတ်ရှိကာ မင်းချင်းတစ်ယောက်ကိုစေလွှတ်ပြီး အရှင်သခင်ရှိ-မရှိ စုံစမ်းခိုင်းသည်။

အရှင်သခင်မရှိမှန်းသိသောအခါ သုဇာတကိုတော်ကောက်ပြီး မိဖုရားကြီးအရာ၌ထားကာ ကြီးစွာသောစည်းစိမ်ကိုပေးသည်။

သုဇာတာကိုမင်းသည် အလွန်ချစ်မြတ်နိုး၏။ တစ်နေ့သ၌ မင်းသည်ရွှေခွက်၌ထည့်၍ ဇီးသီးတို့ကိုစားလျက်နေ၏။ ထိုအခါ သုဇာတမိဖုရားကြီးသည် မင်းကြီးဇီးသီးစားသည်ကို မြင်၍-

"မြတ်သောမင်းကြီး. . . နီသောအဆင်းရှိကုန်သော၊ အညစ်အကြေးမရှိသော ဤအသီးတို့ကိုရွှေခွက်၌ထည့်အပ်ကုန်၏။ ဥကဲ့သို့လုံးသော ဤအသီးတို့သည် အဘယ်အသီးတို့ ခေါ်ပါသနည်း။"

ဟု မေးသည်။

ထိုအခါ မင်းသည်ဟင်းရွက်သည်အိမ်ရှင်သမီး ဇီးသီးသည်မက မာန်တက်သည်ဟု ထင်မှတ်အမျက်ထွက်ကာ-

"မိဖုရား. . . သင်သည် ရှေး၌ဇီးသီးတို့ကို ဆံပင်ကိုဖားလျားချပြီး ဦးခေါင်းဖြင့်ရွက်သည်ဖြစ်၍ အဝတ်နွမ်းကိုဝတ်လျက် ခါးပိုက်၌ထားသော လက်ရှိသည်ဖြစ်၍ ဆွတ်ခဲ့၏။ ယခုငါစားအပ်သော အသီးသည်ကား သင်၏အမျိုးတို့ကပေးသောအသီးတည်း။"

"ဤမိန်းမယုတ်သည် မင်းအိမ်၌နေသည်ရှိသော် ပူ၏။ မမွေ့လျော် မင်း၏စည်းစိမ်တို့သည် ထိုမိန်းမယုတ်ကို စွန့်ကုန်၏။ အကြင်အိမ်၌ ဇီးသီးကိုရောင်းလျက်အသက်မွေးလတံ့၊ ထိုအိမ်သို့သာလျှင် ဤမိန်းမယုတ်ကိုပို့ဆောင်ကြစေကုန်လော'

ဟု အမိန့်ချမှတ်လေသည်။

ထိုအခါ ဘုရားလောင်းအမတ်သည်-

"ငါ့ကိုထား၍ ငါမှတစ်ပါးသောသူသည် ဤမင်း၊ မိဖုရားတို့ကို သင့်တင့်ညီညွတ်အောင်ပြုခြင်းငှါ မတတ်နိုင်လတ့်၊ မင်းကိုနှစ်သိမ့်စေ၍ ထိုမိဖုရားအား မနှင်ထုတ်အောင် ငါပြုအံ့။"

ဟု ကြံစည်ပြီးလျှင် မင်းကြီးကို-

"မြတ်သောမင်းကြီး. . . အခြံအရံကျော်စောခြင်းသို့ ရောက်ကုန်သော မိန်းမ၏ထိုမေလျော့ခြင်းအပြစ်တို့သည် ဖြစ်ကြကုန်သည်သာလျှင်တည်း၊

"မြတ်သောမင်းကြီး. . . သုဇာတမိဖုရားအားသည်းခံပါလော့၊ အမျက်မထွက်ပါလင့်။"

ဟု လျှောက်ထားသည်။

မင်းသည် ဘုရားလောင်း၏စကားဖြင့် မိဖုရား၏အပြစ်ကိုသည်းခံ၍ မိဖုရားကို ထားမြဲထားသောနေရာ၌ထား၏။ ထိုအခါမှစ၍ နှစ်ယောက်ကုန်သော မင်း, မိဖုရားတို့သည် ညီညွတ်စွာနေကြလေသည်။

ရဟန်းတို့. . . ယခုအခါ ကောသလမင်းသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ခဲ့ပြီး ယခုခါ မလ္လိကာမိဖုရားသည် ထိုအခါသုဇာတမိဖုရားဖြစ်ခဲ့သည်။ ယခု ငါဘုရားသည်ကား ထိုအခါ အမတ်ဖြစ်ခဲ့ဖူးပြီ"

ဟု ဇာတ်တော်ကိုပေါင်း၍ ဓမ္မဒေသနာကို နိဂုံးချုပ်လေသည်။

**(တိကနိပါတ်၊ ကလိင်္ဂဝဂ်၊ သုဇာတဇာတ်)**

## မလ္လိကာမိဖုရားအား အမျက်ထွက်မှုနှင့်ပတ်သက်၍ တစ်ညဥ့်မျှကင်း၍ အနှစ်ခုနှစ်ရာ ငိုကြွေးရပုံ

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။ ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားတို့သည် အိပ်ရာညောင် စောင်းကိုမှီ၍ ငြင်းခုန်ခြင်းဖြစ်ကြရာ ကောသလမင်းက အမျက်ထွက်၍ မလ္လိကာ ကို မကြည့်တော့ချေ။

" ငါနှင့်မင်းကြီး အမျက်ထွက်သောအဖြစ်ကို ဘုရားသခင်သိတော်မမူလေ ယောင်တကား"

ဟု မလ္လိကာမိဖုရားသည် စဉ်းစားပြီးနောက်နေ့ဘုရားရှင် နန်းတော်သို့ကြွလာသော အခါ ယခင်ကအမြဲအတူတကွ မင်းကြီးနှင့်အတူကြိုဆိုခြင်း ပြုစုလုပ်ကျွေးခြင်းဖြစ် လျက် ယခုမူလုံးဝထွက်မတွေ့ချေ။ ဘုရားရှင်ကမူသိတော်မူသည်။

ကောသလမင်းကြီးသည် ထုံးစံအတိုင်းဘုရားရှင်ကိုကြိုဆိုပြီး အလှူရေ စက်သွန်းချပြီး မွန်မြတ်သောဆွမ်းအာဟာရဖြင့် လုပ်ကျွေးပြုစုလေသည်။ ဆွမ်း ကိစ္စပြီးသောအခါ ဘုရားရှင်က-

"မြတ်သောမင်းကြီး. . . မလ္လိကာမိဖုရားကြီး အဘယ်ကြောင့် မမြင်ရပါ သနည်း"

ဟုမေးသည်။

"အရှင်ဘုရား. . . မိမိ၏စည်းစိမ်ချမ်းသာဖြင့် ယစ်နေသောကြောင့် မမြင် ရခြင်း ဖြစ်ပါသည်ဘုရား။"

"မြတ်သောမင်းကြီး. . . သင်မင်းကြီးသည် ရှေးသောအခါ ကိန္နရာအမျိုး၌ဖြစ်၍ တစ်ညဥ့်မျှကိန္နရာမနှင့် ကင်းသည်ဖြစ်၍ အနှစ်ခုနှစ်ရာတို့ပတ်လုံး ငိုကြွေးလျက် သွားခဲ့ဖူးသည်မဟုတ်ပါလော"
ဟု ဘုရားရှင်ကမိန့်ကြားပြီး ဆိတ်ဆိတ်နေတော်မူသည်။

"အရှင်ဘုရား. . . ထိုအကြောင်းကို အကျယ်သိပါရစေဘုရား"

"မြတ်သောမင်းကြီး. . . လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဘလ္လာတိယမည်သောမင်းသည် မင်းပြုသည်ရှိသော်-

"မီးကျီးဖြင့်ကင်းသော သမင်သားကိုစားအံ့"
ဟုကြံ၍ တိုင်းပြည်ကိုမှူးမတ်တို့ကို အပ်နှင်းခဲ့ပြီးလျှင် လက်နက်ငါးပါးကိုယူကာ မင်းအိမ်၌ ကောင်းစွာသင်ကြားထားသော ကြီးသောခွေးအပေါင်းခြံရံလျက် ဟိမဝန္တာ ဂင်္ဂါမြစ်ကြောအတိုင်းသွားလေသည်။

တောင်ဘက်သို့ရောက်သော် မတက်နိုင်၍ ဂင်္ဂါမြစ်ထဲသို့စီးဝင်သော မြစ်တစ်ခုကိုမြင်၍ ထိုမြစ်ကိုအစဉ်လျှောက်၍သွားသည်။ သမင်, ဝက်ပေါများသော အရပ်ကိုတွေ့၍ ထိုအရပ်၌ရပ်တန့်ကာ သမင်, ဝက်တို့ကိုသတ်လျက် မီးကျီးဖြင့် ကင်စားနေလေသည်။

ထို့နောက် မြင့်ရာအရပ်သို့တက်၍ ထိုအရပ်၌မွေ့လျော်ဘွယ်ရှိသော မြစ်တစ်ခုသည်ရေပြည့်သောအခါ လည်တိုင်အတိုင်းအရှည်ရှိသော ရေရှိသည်ဖြစ်၍ စီးဆင်း၏။ ရေမပြည့်သောအခါ ပုဆစ်ဒူးဝန်းအတိုင်းအရှည်ရှိ၏။

ထိုမြစ်ငယ်၌ အထူးထူးအပြားပြားရှိကုန်သော ငါးလိပ်တို့သည် သွားလာကုန်၏။ ရေအဆုံး၌ ငွေပြားအဆင်းနှင့်တူကုန်သော သဲအပြင်ရှိသည်ဖြစ်၍ ညွတ်သောသစ်ပင်တို့သည် အပွင့်ရည်, အသီးရည်တို့ဖြင့် ယစ်ကုန်သောငှက်အပေါင်း ပိတုန်းအပေါင်းတို့ဖြင့် ထက်ဝန်းကျင်ပြွမ်းနေပါ၏။ အထူးထူးသော သားအပေါင်းတို့၏ မှီရာဖြစ်လေသည်။

ထိုဟိမဝန္တာမြစ်ကမ်းနားဝယ် ကိန္နရာဖို-မနှစ်ကောင်တို့သည် အချင်းချင်း လည်ဖက်နမ်းရှုတ်၍ အထူးထူးသောအခြင်းအရာဖြင့် မြည်တမ်းလျက် ငိုကြွေးနေကြသည်။

ဘလ္လာတိယမင်းသည် ထိုမြစ်မှဂန္ဓမာဒနတောင်သို့ တက်လတ်သော် ထိုကိန္နရာတို့ကိုမြင်၍

"အဘယ်ကြောင့် ဤကိန္နရာတို့သည် ဤသို့ငိုကြွေးနေကြသနည်း။ ကောင်းစွာသင်ထားအပ်သော ခွေးတို့သည်လက်ဖျစ်တီးကာမျှဖြင့် ချုံတောသို့ဝင်၍ဝပ်၍နေကြသည်။ ခွေးကိုငြိမ်သက်စွာနေသည်ကို မြင်သောအခါ မင်းကြီးသည် လက်နက်တို့ကိုသစ်ပင်၌ မှီ၍ထားခဲ့ပြီး ခြေသံမကြားစေမူ၍ အသာအယာ ထိုကိန္နရာတို့ထံသွား၍-

"အဘယ်ကြောင့် လူအဆင်းနှင့်တူကုန်သော သင်တို့သည် ငိုကြွေးနေကြကုန်သနည်း။ သင်တို့သည် မည်သူတို့နည်း။ သင်တို့ကို လူတို့ကမည်သို့ သိထားကြသနည်း။"

ထိုအခါ ကိန္နရာဖိုသည် ဆိတ်ဆိတ်နေပြီး ကိန္နရာမက-

"အမောင်မုဆိုး. . . မလ္လဂီရိမြစ်၊ ပဏ္ဍုရကမြစ်၊ တိကူဋမြစ်တို့သည် အလွန်ချမ်းအေးကုန်၏။ ထိုမြစ်တို့၌ ငါတို့လှည့်လည်သွားလာကုန်၏။ သားမျိုးဖြစ်သော်လည်း လူတို့ကဲ့သို့လွန်စွာထင်သောကိုယ်သဏ္ဌာန်ရှိကုန်သော ငါတို့ကိုကိန္နရာတို့ဟူ၍ လူတို့သည်သိကုန်၏။

"အလွန်ဆင်းရဲ ငြိုငြင်သောသဘောရှိသည်ဖြစ်၍ သင်တို့သည်ငိုကြွေးကြကုန်၏။ မယားဖြစ်သောကိန္နရာသည် လင်ဖြစ်သောကိန္နရာဖိုကိုဖက်ထား၏။ လူ၏ကိုယ်နှင့်တူကုန်သည်ဖြစ်၍ ပြန်တက်နေကြကုန်သနည်း။

"အမောင်မုဆိုး. . . ငါတို့သည်တစ်ညဥ့်မျှ အချင်းချင်းအလိုမရှိကုန်ဘဲ စိုးရိမ်ကြကုန်လျက်ကင်း၍ နေရကုန်၏။ ထိုတစ်ညဥ့်မျှကင်း၍ နေရသည်ကိုအဖန်တလဲလဲ ကြံအောက်မေ့ကုန်လျက်(ဝါ) တအုံနွေးနွေးပူဆွေးကုန်လျက် ထိုကင်း၍ နေရသောညဥ့်သည် တစ်ဖန်မဖြစ်ဘဲရှိပါအံ့လော့-ဟု နှလုံးသွင်းမိ၍ စိုးရိမ်ကြပါကုန်၏။"

" ကိန္နရီမ. . . သင်တို့တစ်ညဥ့်ကင်း၍ နေရခြင်းသည်ရှိ၏။ ထိုတစ်ညဥ့်သည်ပျောက်လေပြီး ဥစ္စာကိုအဖန်တလဲလဲအောက်မေ့ကုန်သကဲ့သို့လည်းကောင်း၊ သေလွန်ပြီးသောမိဘကို အဖန်တလဲလဲနှမြောစုံမက်ကုန်သကဲ့သို့လည်းကောင်း၊

သင်တို့သည်အဖန်တလဲလဲ စိုးရိမ်ကြကုန်၏။ လူတို့၏အဆင်းနှင့်တူကုန်သော သင်တို့ကိုငါမေးပါ၏။ အဘယ်ကြောင့်ကင်း၍နေခြင်းကို ပြုကုန်ကြကုန်သနည်း"

"အမောင်မုဆိုး. . . လျှင်သောအယဉ်ရှိသော အထူးထူးသောသစ်ပင်တို့ဖြင့် ဖုံးလွှမ်းသောတောင်နှစ်လုံးတို့၏အကြား၌ စီးဆင်းနေသောဤမြစ်ကို မြင်ပါ၏လော၊ ဤမြစ်ကိုငါ၏လင်သည် ငါ့ကိုလည်းနောက်၌လိုက်၏-ဟု ထင်မှတ်၍ မိုးရွာသောအခါ၌ ကူး၏။"

"ငါသည်ကား မှန်ကူပွင့်ကိုလည်းကောင်း၊ ကင်ပွန်းပွင့်ကိုလည်းကောင်း၊ မိုးစွေပွင့်၊ ရွှေစံပယ်ပွင့်ကိုလည်းကောင်း၊ ဆွတ်ခူးနေပါ၏။ ငါ၏လင်သည် ပင်ပန်းရသည်ဖြစ်လတ့်၊ ပန်းပန်ရသည်ဖြစ်လတ့်၊ ငါသည်လည်းပန်းပန်လျက် ငါ၏လင်သို့ ချဉ်းကပ်ပါအံ့၊ ဤအကြောင်းဖြင့် ငါသည်ပန်းကိုဆွတ်ခူးနေပါ၏။"

"အမောင်မုဆိုး. . . ငါသည်လည်း ဤဇလပ်ပန်း၊ ငုရွှေဝါပန်း၊ တောင်ကသစ်ပန်း၊ ကြောင်ပန်းပွင့်၊ အင်ကြင်းပွင့်တို့ကိုဆွတ်ခူး၍ ပန်းမွေ့ယာကိုပြုပြီး ငါ၏လင်နှင့် ဤတစ်ညပန်းမွေ့ယာ၌ အိပ်အံ့ဟုကြံ၍ ပန်းမွေ့ယာပြုလုပ်နေပါ၏။

"အမောင်မုဆိုး. . . ငါသည်အကျော်နက်၊ စန္ဒကူးနီတို့ကို ကျောက်ပြင်၌ သွေး၍ ငါ့လင်၏ကိုယ်ကိုလိမ်းပေး၍ မွှေးစေအံ့၊ ငါသည်လည်းလိမ်းကျံ၍ တစ်ကိုယ်လုံးမွှေးစေအံ့ဟုကြံစည်၍ ပြုလုပ်ဆောင်ရွက်နေစဉ်လျှင်သောအဟုန်ရှိသော ရေသည်မြစ်ထဲသို့စီးဝင်လာလေသည်။ ငါသည်ပန်းခူးနေစဉ် မြစ်ရေသည်ပြည့်လျှံလာသည်။ ငါသည်ထိုမြစ်ကိုမကူးဖြတ်နိုင်တော့ပါ။"

အမောင်မုဆိုး. . . ငါတို့သည် ကမ်းနားနှစ်ဘက်၏ တစ်ဘက်စီ၌ဖြစ်ကုန်လျက် လျှပ်ပြတ်သောအခါ မြင်ရပြီးငိုကြွေးနေကြရပါ၏။ ဆင်းရဲငြိုငြင်စွာ တစ်ညကိုကုန်ခဲ့ရပါ၏။

"အမောင်မုဆိုး. . . စင်စစ်နံနက်ကလျှင်နေသည် ထွက်သည်ရှိသော် ရေနည်းသောမြစ်ကို ကူးကြ၍နှစ်ယောက်ကုန်သော ငါတို့သည်အချင်းချင်းလည်ဖက်ကုန်၍ ငိုကြွေးကြကုန်၏။ ရံခါလည်းငိုကြွေး ရံခါလည်းရယ်ကြပြုမိကြ၏။"

"အမောင်မုဆိုး. . . အကြင်အခါ၌ ဤအရပ်၌ငါတို့သည် ရှေး၌ကင်း၍နေရကုန်၏။ ထိုအခါသည် ဤနေ့မှသုံးရက်ဖြင့်ယုတ်သော အနှစ်ခုနှစ်ရာရောက်သည်ဖြစ်ကုန်၏။"

ရေမြေရှင်. . . သင်တို့၏အသက်သည် အနှစ်တစ်ရာသာရှိ၏။ အဘယ်ကြောင့်လျှင် နှစ်သက်ဖွယ်သောမာယာနှင့်ကင်း၍ နေဘိသနည်း။"
ဟု ကိန္နရာမကအကြောင်းစုံပြောပြသည်။

"အဆွေကိန္နရီမ. . . သင်တို့၏အသက်သည်ကား အဘယ်မျှရှည်သနည်း၊ အကယ်၍လည်း တဆင့်ကြား၍လည်းကောင်း၊ မိဘရှိသောသူတို့၏ထံမှလာသော စကားဖြင့်လည်းကောင်း၊ သင်တို့၏အသက်ကိုသိကြကုန်အံ့၊ သင်တို့၏အသက်ကို ပြောပါကုန်လော၊ သင်တို့၏အသက်အပိုင်းအခြားကို မကြောက်မရွံ့ဘဲပြောကြားပေးပါလော၊"

"အမောင်မုဆိုး. . . ငါတို့၏အသက်သည်ကား အနှစ်တစ်ထောင်တည်း၊ အနှစ်တစ်ထောင်ကြား၌ မကောင်းသောအနာရောဂါသည် မရှိသည်သာလျှင်တည်း၊ ဆင်းရဲသည်နည်း၏။ ချမ်းသာသည်များ၏။ ငါတို့သည်ချစ်နှစ်သက်ခြင်း မပြတ်ကုန်သည်ဖြစ်၍ အသက်ကိုစွန့်ရကုန်အံ့။"

ကိန္နရာမ၏ထိုစကားကိုကြား၍ ဘလ္လာတိယမင်းသည် တိရစ္ဆာန်ဖြစ်ကုန်သော ဤကိန္နရာတို့သည်လျှင် တစ်ညဉ့်မျှကင်း၍နေရသဖြင့် အနှစ်ခုနှစ်ရာတို့ပတ်လုံးလည်ဖက်ကာ ငိုကြွေးလျက်သွားကြကုန်၏။ ငါသည်မူကား ယူဇနာသုံးရာရှိသော ကာသိတိုင်း၌ကြီးစွာသောစည်းစိမ်ကိုစွန့်၍ တော၌ကျက်စားလျက် အလွန်ဆင်းရဲငြိုငြင်သောအမှုကို ပြုမိစွတကား။"
ဟု ကြံ၍ ထိုအရပ်မှနေ၍ နေပြည်တော်သို့ပြန်လာခဲ့သည်။

"မြတ်သောမင်းကြီး. . . အရှင်မင်းကြီးသည် ဟိမဝန္တာအရပ်၌ အဘယ်မည်သောအံ့ဘွယ်သရဲကို မြင်တော်မူခဲ့ပါသနည်း"
ဟု မှူးမတ်တို့က မေးကုန်သော် မိမိတွေ့ကြုံခဲ့သမျှ အလုံးစုံတို့ကိုပြန်လည် မိန့်ကြားပြောဆိုပြသည်။

ထိုအချိန်မှစ၍ မင်းကြီးသည်အလှူကိုပေးလှူလျက် မင်း၏စည်းစိမ်ချမ်းသာကို ခံစား၍နေတော်မူသည်။

"မြတ်သောမင်းကြီး. . . ထိုအခါ၌ ဘလ္လိတိယမင်းသည် ကိန္နရာတို့၏ ဤစကားကိုလျှင်ကြား၍ လူတို့၏အသက်သည်နည်းစွာ၏။ ဤသို့နှလုံးသွင်း၍ ပြန်လာခဲ့သည်။ သမင်တောသို့မသွားပြီ။ အလှူတို့ကိုပေးလှူပြီး မင်းစည်းစိမ်ကို ခံစား၍နေ၏။

"မြတ်သောမင်းကြီး. . . သင်မင်းကြီးသည် ကိန္နရာတို့၏ ဤစကားကို ကြားကုန်၍ ဝမ်းမြောက်ကြကုန်လော၊ ခိုက်ရန်ကိုမပြုကြကုန်လင့်။ တစ်ညဉ့်မျှ ကွေကွင်း၍နေခြင်းဟူသော မိမိတို့၏အမူအရာအပြစ်သည် ထိုကိန္နရာတို့ကို ပူပန်စေသကဲ့သို့ ထို့အတူမိမိပြုခြင်းအပြစ်သည် အရှင်မင်းကြီးတို့ကို မပူပန်ပါစေလင့်"

"မြတ်သောမင်းကြီး. . . သင်မင်းကြီးတို့သည် ကိန္နရာတို့၏ဤစကားကို ကြား၍လျှင် ဝမ်းမြောက်ကြကုန်လော၊ ငြင်းခုံခြင်းကိုမပြုကြကုန်လင့်။ တစ်ညဉ့်မျှ ကွေကွင်း၍နေရသော မိမိတို့ပြုခြင်းအပြစ်သည် ထိုကိန္နရာတို့ကိုပူပန်စေသကဲ့သို့ ဤအတူမိမိတို့၏အမူအရာအပြစ်သည် သင်မင်းကြီးတို့ကို မပူပန်ပါစေလင့်။"
ဟု ဘုရားရှင်က ဆုံးမစကားကိုမိန့်ကြားတော်မူသည်။

မလ္လိကာမိဖုရားသည် ဘုရားရှင်၏ဒေသနာတော်ကို ကြားနာရလျှင် နေရာမှထ၍ လက်အုပ်ချီလျက်ဘုရားရှင်အား ချီးမွမ်းခြင်းကိုပြုလို၍-

"အရှင်ဘုရား. . . တပည့်တော်မသည် အထူးထူးအပြားပြားသော အကြောင်းတို့ဖြင့် တန်ဆာဆင်၍ဟောကြားတော်မူအပ်သော နာခြင်း၏အကြောင်း ဖြစ်သော ပူပန်ခြင်းကို ဖျောက်ပေးတော်မူပါပေ၏။ ချမ်းသာသုံးပါးကို ဆောင်တော်မူတတ်သော တပည့်တော်မ၏ အရှင်ဖြစ်တော်မူသော ကိလေသာကိုငြိမ်းစေတတ်သောအရှင်ဘုရား၊ အရှင်ဘုရားသည် ကြာမြင့်စွာသက်တော်ရှည်ပါစေသတည်း။"
ဟု လျှောက်ထားသည်။

ကောသလမင်းကြီးသည် ထိုအခါမှစ၍ မလ္လိကာမိဖုရားကြီးနှင့် သင့်တင့်ညီညွတ်သွားလေသည်။

"မြတ်သောမင်းကြီး. . . ယခုခါသင်ကောသလမင်းကြီးသည် ထိုအခါ ကိန္နရာဖိုဖြစ်ပြီး၊ ယခုခါမလ္လိကာသည် ကိန္နရီမဖြစ်ခဲ့ဖူးပြီ၊ ငါဘုရားသည် ထိုအခါ ဘလ္လိတိယမင်းဖြစ်ခဲ့ဖူးပြီ"
ဟု ဇာတ်တော်ကိုပေါင်းပြတော်မူပြီး တရားတော်ကိုအဆုံးသတ်လေသည်။

**(ဝိသတိနိပါတ၊ ဘလ္လာတိယဇာတ်)**

## မလ္လိကာမိဖုရား၏လားရာဘဝပြဿနာ

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ကောသလမင်းကြီး၏ အချစ်မြတ်နိုးဆုံးဖြစ်သော မိဖုရားခေါင်ကြီး မလ္လိကာသည် တစ်နေ့သောအခါ ရေချိုးတိုက်ခန်းသို့ဝင်၍ ဆေးကြောပြီးသော် ညွတ်ကိုင်းသောကိုယ်ရှိသည်ဖြစ်၍ သလုံးဖြင့်ခေါင်းကိုဆေးကြောရန် အားထုတ်သည်။

မိဖုရားကြီးနှင့်အတူဝင်၍ လိုက်လာသောမင်းအိမ်၌ မွေးထားသော အကျွမ်းဝင်သောခွေးသည် မိဖုရားကြီး၏ထိုအခြေအနေအမူအရာကိုမြင်သော် မသူတော်တို့၏ပေါင်းဖော်ခြင်းဖြင့် ပေါင်ဖေါ်ခြင်းကိုပြုအံ့သောငှါ အားထုတ်လေသည်။

မိဖုရားသည်အတွေ့ကိုသာယာသောအားဖြင့် ရပ်တည်၍နေလေသည်။ ထိုအခြင်းအရာကို ကောသလမင်းကြီးသည် အထက်ပြဿာဒ်လေသာပြတင်းမှ အမှတ်တမဲ့ကြည့်မိရာမှ မြင်တွေ့မိသည်။

ထို့နောက် မိမိထံမှောက်သို့ မိဖုရားကြီးရောက်လာသောအခါ

"သူယုတ်မ. . . ပျက်လေလော၊ အဘယ်ကြောင့် ဤသို့သဘောအပြုအမူကို ပြုဘိသနည်း။"

ဟု စိတ်မာန်ဆိုးလျက် ပြောဆိုသည်။

"မင်းကြီး. . . ကျွန်တော်မသည် အဘယ်ကိုပြုအပ်ပါသနည်း။"

"သူယုတ်မ. . . သင်သည် ခွေးနှင့်အတူနှိုးနှောစပ်ယှက်သည် မဟုတ်လော"

"အရှင်မင်းမြတ်. . . ကျွန်တော်မအား ဤသို့သောအမှုသည် မရှိပါ။"

"သူယုတ်မ. . . ငါသည်ကိုယ်တိုင်မြင်၏။ အသင်၏စကားဖြင့် အဘယ်သို့ယုံကြည်နိုင်မည်နည်း၊ သူယုတ်မ ပျက်လေလော။"

"အရှင်မင်းကြီးသည်. . . အမှတ်မထင် အကြြင်တစ်စုံတစ်ယောက်သော သူသည် ဤရေချိုးအိမ်သို့ဝင်သည်ရှိသော် ဤလေသာပြတင်းဖြင့် ကြည့်ရှုသော သူအား တစ်ယောက်သာလျှင်ဖြစ်သောသူကို နှစ်ယောက်နှစ်ဖြာအားဖြင့် မြင်တတ်ပါသည်။ အရှင်မင်းမြတ်. . . ကျွန်တော်မကို အယုံကြည်လျှင် အရှင်မင်းမြတ်ကိုယ်တိုင် ရေချိုးအိမ်သို့ဝင်ကြည့်ပါ။ ကျွန်တော်မျိုးမ ဤလေသာပြတင်းကနေ ကြည့်နေပါမည်။"

ဟု မလ္လိကာသည် မဟုတ်မမှန်လိမ်ညာ လှည့်ပတ်ပြောဆိုသည်။ မင်းကြီးသည် အသိပညာထုံထိုင်းမှုစဉ်းစားဆင်ခြင်ဉာဏ်အားနည်းမှုတို့ကြောင့် မိဖုရားလှည့်ပတ်ပြောသည်ကို ယုံကြည်၍ရေချိုးအိမ်သို့ ဝင်လေသည်။

မလ္လိကာသည် လေသာပြတင်း၌ရပ်တည်ကြည့်ရှုလျက်

"မိုက်မဲသောမင်းကြီး. . . အသင့်အားဆိတ်မနှင့် အတူတကွပေါင်းဖော်ရောယှက်ခြင်းကို အဘယ်ကြောင့်ပြုဘိသနည်း။"

ဟု လှမ်းပြောသည်။

"ချစ်နှမ. . . ငါသည် ဤသို့သဘောရှိသော အမှုကိုမပြုလုပ်ပါ"

"မင်းကြီး. . . ကျွန်တော်မျိုးမကိုယ်တိုင် မြင်အပ်ပါ၏။ အရှင်မင်းကြီး၏ စကားဖြင့် အဘယ်မှာယုံနိုင်ပါမည်နည်း။"

"စင်စစ် ဤရေချိုးအိမ်သို့ ဝင်ရောက်သည်ရှိသော် တစ်ယောက်သောသူကိုပင်နှစ်ယောက်သောအဖြစ် ထင်မြင်လေသည်။"

ဟု မင်းကြီးသည်ယုံကြည်သွားလေသည်။

"ဤမင်းကြီးကား. . . မိုက်မဲတွေဝေသည်အဖြစ်ကြောင့် ငါလှည့်ပတ်သည်ကို ယုံကြည်ပေသည်။ ငါသည် မကောင်းမှုကိုပြုအပ်ပေပြီ၊ ခင်ပွန်းသခင်အရှင်ဖြစ်သော ဤမင်းကြီးကိုလည်း မဟုတ်မမှန်သောအားဖြင့် စွပ်စွဲခဲ့၏။ ငါပြုအပ်သောအမှုကို မြတ်စွာဘုရားရှင်သည်လည်း သိတော်မူလတ့ံ၊ နှစ်ပါးကုန်သော

အဂ္ဂမဟာသာဝကတို့သည်လည်းကောင်း သိတော်မူကြလတံ့၊ ငါအားဝန်လေး သောအမှုကိုပြုမိလေစွ”
ဟု ကြံစည်မိလေသည်။

မလ္လိကာမိဖုရားကြီးသည် မင်း၏အချစ်ဆုံးဖြစ်သော မင်းကြီး၏အသဒိသ အလှူပေးလှူရာ၌ အပေါင်းအဖော်လည်းဖြစ်သည်။ ထိုအသဒိသအလှူ၌လည်း တစ်ရက်သောနေ့၌ စွန့်ကြဲလှူဒါန်းသောအလှူသည် တစ်ဆယ်လေးကုဋေအဖိုး ထိုက်သည်။ ဘုရားရှင်အား ပေးလှူအပ်သော ထီးဖြူ ထိုင်ပလ္လင်၊ သပိတ်ခြေ၊ ခြေဆေးအင်ပျဉ်၊ ဤလေးအင်သည် ဤရွေ့ဤမျှအဖိုးထိုက်သည်ဟု ရေတွက်၍ မပြနိုင်။ နေ့စဉ်ထာဝရလည်း ဘုရားရှင်ကိုဘာလှူရမည်နည်း။ ရှင်မောဂ္ဂလာန်၊ ရှင်သာရိပုတ္တရာတို့ကို မည်သို့သောပစ္စည်းလှူရမည်နည်း။ သာဝကမထေရ်တို့ကို မည်သည့်အရာ လှူရမည်နည်းဟု နေ့စဉ်ထာဝရစဉ်းစားဆင်ခြင်ပြီး လှူနေသူ မိဖုရားကြီးတစ်ပါးဖြစ်သည်။

မလ္လိကာမိဖုရားကြီးသည် မင်းကြီးအပေါ်မိမိလိမ်ညာ မိမိပြုမိခဲ့သော အကုသိုလ်သောကကြောင့် မကျန်းမမာဖြစ်ကာ စိတ်သောကဖြစ်ပြီး မကြာခင်ကွယ် လွန်ခဲ့လေသည်။ ကွယ်လွန်ခါနီးကာလဝယ် မိမိလှူခဲ့သောများစွာသောအလှူတို့ကို သတိမရနိုင်ဘဲ မင်းကြီးအပေါ်မိမိလိမ်ညာ စွပ်စွဲခဲ့သည်ကိုသာ အောက်မေ့နှလုံး သွင်းလျက် သေခြင်းကိုပြုခဲ့သည့်အတွက် အဝိစိငရဲ၌ဖြစ်ရလေသည်။

ကောသလမင်းကြီးသည် မိဖုရားများစွာတို့အနက် ထိုမလ္လိကာအားထူးကဲ ပိုမိုချစ်ခင်မြတ်နိုးသူဖြစ်၍ မလ္လိကာသေဆုံးသောအခါ အလွန်ပင်စိတ်ထိခိုက် ကြေ ကွဲခံစားရသည်။

မိဖုရားကြီးအလောင်းကို ကောင်းမွန်စွာသင်္ဂြိုဟ်ပြီးနောက် ထိုမိဖုရားကြီး ၏ လားရောက်ရာဘုရားရှင်ထံ မေးလျှောက်အံ့ဟု ကြံစည်ပြီးဘုရားရှင်ထံသို့ လာခဲ့သည်။

ဘုရားရှင်သည် မင်းကြီး၏မေးလျှောက်ချက်ကို မမေးမိစေရန် အဓိဋ္ဌာန် ခြင်းကို ပြုထားလေသည်။

မင်းကြီးသည် ဘုရားရှင်ထံ၌ မိမိပေးလိုသောပြဿနာကို မမေးမိဘဲ ဘုရားရှင်ထံမှ တရားနာပြီး၍သာလျှင် ပြန်လေသည်။

"အချင်းတို့. . . ငါသည် မလ္လိကာမိဖုရား၏ ဖြစ်ရာအရပ်ကိုသိလို၍ မေးလျှောက်ရန် သွားခဲ့သည်။ ဘုရားရှင်ထံမှောက်ရောက်က မေ့လျော့၍မမေးမိဖြစ်ခဲ့သည်။ နောက်နေ့မေးလျှောက်အံ့"

ဟု ပြောပြီး နောက်တစ်နေ့သွားပြန်သည်။

ဘုရားရှင်သည် မင်းကြီးအားခုနှစ်ရက်ပတ်လုံး မေ့လျော့စေရန် အဓိဋ္ဌာန်ထားသဖြင့် မင်းကြီးသည်ခုနှစ်ရက်ပတ်လုံး ထိုအကြောင်းအရာကို မမေးမိဘဲ တရားနာပြီး ပြန်ခဲ့ရသည်သာဖြစ်သည်။

ဘုရားရှင်က အဘယ်ကြောင့်မေ့လျော့အောင် လုပ်ထားရပါသနည်းဆိုသော် မင်းကြီးသည်မလ္လိကာကို အလွန်လျှင်ချစ်မြတ်နိုးခြင်း၊ နှစ်သက်ခြင်းဖြစ်သည်။ မင်းကြီး၏နှလုံးကိုပွားစေသော မိဖုရားကြီးငရဲ၌ ကျခံရသည်ဟုကြားပါက ဤသို့သဘောရှိသော သဒ္ဓါတရားနှင့်ပြည့်စုံသော မိဖုရားသည် ငရဲ၌ဖြစ်ရချေသေးသည်။ အလှူကိုပေးလှူသည်က အဘယ်အကျိုးရှိအံ့နည်း။ မိစ္ဆာဒိဋ္ဌိအယူကိုယူပြီးလျှင် ငါးရာကုန်သော ရဟန်းတို့အားနန်းတော်၌ အမြဲမပြတ်ပေးကမ်းလှူဒါန်းခြင်းကိုဖြစ်စေသော နိစ္စဝတ်ကိုဖျက်ဆီးစေ၍ ငရဲ၌ဖြစ်စေရာ၏။ ထို့ကြောင့် မင်းကြီးအားခုနှစ်ရက်ပတ်လုံး မအောက်မေ့နိုင်သည်အဖြစ်ကိုပြုတော်မူခြင်းဖြစ်သည်။

မလ္လိကာသည် ခုနှစ်ရက်မျှသော အဝိစိငရဲ၌ခံရပြီး ရှစ်ရက်မြောက်နေ့တွင်မှ ငရဲမှလွတ်၍ တုသိတာနတ်ပြည်၌ ဖြစ်ရလေသည်။

ထိုရှစ်ရက်မြောက်သောနေ့၌ ဘုရားရှင်သည်ဆွမ်းအလို့ငှါ လှည့်လည်သည်ရှိသော် မင်းကြီး၏နန်းတံခါးဝသို့ ကိုယ်တိုင်ကြွတော်မူလေသည်။

မင်းကြီးသည် ဘုရားရှင်ကြွလာသည်ကိုကြား၍ ချက်ချင်းထလာပြီး ဘုရားရှင်ကိုရှိခိုးကာ သပိတ်ကိုဆီးယူသည်။ ပြဿာဒ်ထက်သို့တက်၍ ကြွရန်လျှောက်ထားသည်။ ဘုရားရှင်မူ ရထားတင်းကုပ်၌ ထိုင်အံ့သောအမူအရာကို ပြတော်မူသည်။

မင်းကြီးသည် ဘုရားရှင်ကို ထိုရထားတင်းကုပ်၌ပင် နေရာပြင်ဆင်ပေးပြီး ယာဂု-ခဲဘွယ်တို့ဖြင့် ပြုစုလုပ်ကျွေးပြီးလျှင် သင့်ရာနေရာ၌ထိုင်ကာ-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ဒကာတော်သည် မလ္လိကာမိဖု ရား၏ဖြစ်ရာအရပ်ကို မေးလျှောက်အံ့ဟူ၍ လာရောက်သည်သော် မေ့လျော့၍ သာနေပါသည်။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . ထိုမလ္လိကာမိဖုရားကြီး သည် အဘယ်အရပ်၌ ဖြစ်ရပါသနည်းဘုရား။"

ဟု မေးလျှောက်သည်။

"ဒကာတော်မင်းမြတ်. . . တုသိတာနတ်ပြည်၌ ဖြစ်လေ၏။"

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . ထိုမလ္လိကာမိဖုရားနှင့်တူသော တစ်စုံတစ်ယောက်သောမိန်းမသည် မရှိပါ၊ ထိုမလ္လိကာသည် ထိုင်နေရာစသည် တို့၌ နတ်ဖြန်ခါ မြတ်စွာဘုရားရှင်အား ဤသို့-ဤသို့သောအလှူကိုပေးလှူအံ့၊ ဤမည်သောအလှူကိုပြုလုပ်အံ့ ဟု ဤသို့သောအခြင်းအရာဖြင့် အလှူစီရင်ခြင်း ကိုထား၍ တစ်ပါးသောကိစ္စသည် တစ်စုံတစ်ခုမျှမရှိပါ။

ထိုမိဖုရား၏တမလွန်လောကသို့ပြောင်းသွား သေလွန်သောကာလမှစ၍ ဒကာတော်အား မိမိကိုယ်ကို ကောင်းစွာရွက်ဆောင်နိုင်ခြင်းမည်သည်မရှိခဲ့ပါ"

"ဒကာတော်မင်းကြီး. . . မကြံစည် မစိုးရိမ်လင့်၊ ဤသေခြင်းတရား မည်သည် အလုံးစုံသောသတ္တဝါတို့အား မြဲသောသဘောတရားပေတည်း"

ဟု မိန့်ကြားပြီး ဆက်လက်၍-

"ဒကာတော်မင်းကြီး. . . ဤရထားသည် အဘယ်သူ၏ရထားနည်း"

ဟု ဆက်လက်မေးသည်။

"မြတ်စွာဘုရား. . . ဒကာတော်၏ဘိုးတော်ဖြစ်သောမင်းကြီး၏ရထား ပါတည်း"

"ဒကာတော်မင်းကြီး. . . ဤရထားကကော အဘယ်သူ၏ရထားပါနည်း"

ဟု တစ်ပါးသောရထားကိုညွှန်း၍မေးမြန်းသည်။

"မြတ်စွာဘုရား. . . . ဒကာတော်၏ခမည်းတော်ဖြစ်သောမင်းကြီး၏ ရထားပါတည်း"

"ဒကာတော်မင်းကြီး. . . ဤရထားကကော အဘယ်သူ၏ရထားပါနည်း"

ဟု တစ်ပါးသောရထားကိုညွှန်း၍မေးမြန်းသည်။

"မြတ်စွာဘုရား. . . ဒကာတော်၏ရထားဖြစ်ပါသည်"

"ဒကာတော်မင်းကြီး. . . အသင့်ဘိုးတော်မင်းကြီး၏ရထားသည် အသင်မင်းကြီး၏ခမည်းတော်ရထားသို့ အဘယ်အကြောင်းကြောင့် မမှီနိုင်ပါသနည်း၊ အသင်ခမည်းတော်၏ရထားသည် အသင်မင်းကြီး၏ရထားကို အဘယ်ကြောင့် မမှီနိုင်ပါသနည်း"

ဟု မေးတော်မူပြီးမှ တစ်ဖန်. . .

"ဒကာတော်မင်းကြီး. . . ဤသို့သဘောရှိသော ထင်းသစ်သားကိုပြုလုပ်စီမံ၍ ထားအပ်သောရထားအားသော်လည်း ဆေးမြည့်ဟောင်းနွမ်းအိုမင်းခြင်းသို့ ရောက်ရသေး၏၊ အတ္တဘောရှိသောသတ္တဝါအား အဘယ်မှာဆိုဖွယ်ရာရှိပါအံ့နည်း။

သူတော်ကောင်းတရားအားသာလျှင် ယိုယွင်းဟောင်းနွမ်းသောသဘော မရှိလေသည်၊ သတ္တဝါတို့အား အိုမင်းခြင်းရှိသော မည်သည့်တစ်စုံတစ်ယောက်မျှ မရှိ"

ဟု မိန့်ကြားပြီးလျှင်-

"ရတနာတို့ဖြင့် ကောင်းစွာဆန်းကြယ်သောမင်း၏ရထားတို့သည် ဆွေးမြည့်အိုမင်းကြကုန်သေး၏၊ ခန္ဓာကိုယ်သည်လည်း ထိုအတူပင် ဆွေးမြေ့အိုမင်းခြင်းသို့ရောက်ရ၏၊ သူတော်ကောင်းတရားတော်သည်ကား ဆွေးမြေ့အိုမင်းခြင်းသို့မရောက်နိုင်ဟု သူတော်ကောင်းတို့သည် သူတော်ကောင်းတို့နှင့် အချင်းချင်းဆွေးနွေးပြောကြားကြကုန်၏"

ဘုရားရှင်၏တရားတော်အဆုံးဝယ် များစွာသောပုဂ္ဂိုလ်တို့သည် သောတာပတ္တိဖိုလ်အစရှိသည်တို့သို့ ဆိုက်ရောက်ကြကုန်သည်။

(ဓမ္မပဒ၊ ရာဇဝဂ်၊ မလ္လိကာဝတ္ထု)

ကောသလမင်းကြီးသည် မိမိနှင့်ကျောင်းနေဘက်သူငယ်ချင်း ဗန္ဓုလတို့ မိမိထံ၌ စစ်သူကြီးအရာခန့်ထားပေးပြီးနောက်တွင် ဗန္ဓုလစစ်သူကြီးအပေါ်၌ ယုံမှားသံသယဝင်ကာ ဗန္ဓုလစစ်သူကြီးနှင့်သားတော် ၃၃ ယောက်တို့ကို လုပ်ကြံသတ်ဖြတ်စေခဲ့သည်။

ဗန္ဓကောသလမင်းကြီးသည် ဗန္ဓုလစစ်သူကြီးနှင့်သားများကိုသတ်မိပြီးနောက် အလွန်ပင်စိတ်မချမ်းမသာ ခံစားနေရသည်။

သို့အတွက် စိတ်ဖြေသောအားဖြင့် ဗန္ဓုလစစ်သူကြီး၏တူဖြစ်သူ ဒီဃကာရာယနအား စစ်သူကြီးအရာကိုပေးထားချီးမြှင့်သည်။

"ဤမင်းကြီးသည် ငါ၏ဦးရီးတော်နှင့်ညီအစ်ကိုများကို အပြစ်မရှိဘဲလျက် လုပ်ကြံသတ်ဖြတ်ခဲ့သူဖြစ်သည်"

ဟု အမြဲစဉ်းစားဆင်ခြင်နေပြီး မင်းကြီးသတိမေ့သောအခွင့်ကိုစောင့်နေလေသည်။

တစ်နေ့တွင် မင်းကြီးသည် ဗန္ဓုလစစ်သူကြီးကိုသတ်ဖြတ်မိသောစိတ်သောကသက်သာရာသက်သာကြောင်းရစေခြင်းငှာ မြတ်စွာဘုရားရှင်သီတင်းသုံးရာ သာကီဝင်မင်းတို့၏ရွာဖြစ်သော မေဒါဠုပနိဂုံးသို့လိုက်သွားသည်။

မင်းကြီးသည် မြတ်စွာဘုရားသီတင်းသုံးရာအရပ်သို့ရောက်သော် ဘုရားရှင်သီတင်းသုံးရာနှင့်မနီးမဝေး၌ သစ်ခက်တဲနန်းဆောက်လုပ်ကာ နေသည်။

ထို့နောက် အခြံအရံနှင့်တကွ ဘုရားရှင်ထံသို့သွားရန်ပြင်ဆင်သည်၊ မင်းကြီးသည် မင်းမြောက်တန်ဆာငါးပါးကို ဒီဃကာရာယနစစ်သူကြီးအား အပ်နှံ၍တစ်ယောက်တည်းသာ ဘုရားရှင်ရှိရာကျောင်းသို့ ဝင်ရောက်လေသည်။

မင်းကြီး ဂန္ဓကုတိုက်ဝင်သည်နှင့်တစ်ပြိုင်နက်ထဲ ဒီဃကာရာယာနစစ်သူကြီးသည် မိမိအားအပ်နှံ၍ထားသော မင်းမြောက်တန်ဆာငါးပါးကိုယူ၍ ဝိဍူဍဘမင်းသားထံသွားပြီး မင်းမြောက်လေသည်။

မင်းကြီးအတွက် မြင်းတစ်ကောင်နှင့်ခြေရင်းအလုပ်အကျွေး မိန်းမတစ်ယောက်ကိုထားခဲ့၍ အခြံအရံတို့ကိုခေါ်ကာ သာဝတ္ထိပြည်သို့ပြန်ကြလေသည်။

ကောသလမင်းကြီးသည် ဘုရားရှင်နှင့်အတူတကွ ချင်ခင်နှစ်သက်ဖွယ်ရာသောစကားတို့ကို ပြောဆိုလျှောက်ထားပြီး ဘုရားရှင်ကိုရှိခိုးပြီးထွက်လာခဲ့သည် ရှိသော် စစ်သည်အပေါင်းနှင့်အခြံအရံများကိုမတွေ့ရတော့ဘဲ အလုပ်အကျွေးမိန်းမတစ်ယောက်သာ တွေ့ရတော့သည်။

အလုပ်အကျွေးမိန်းမသည် မင်းကြီးကိုအကြောင်းစုံလျှောက်ထားပြောကြားသော်-

“ငါသည် တူတော်ဖြစ်သော အဇာတသတ်မင်းကို သွားရောက်ခေါ်ယူပြီး တူတော်အဇာတသတ်မင်းနှင့်အတူ သာဝတ္ထိမြို့ကို သွားရောက်တိုက်၍ ဝိဍူဍဘကို ဖမ်းယူအံ့”

ဟု ကြံစည်ပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ရှေ့ရှုထွက်ခဲ့သည်။

ရာဇဂြိုဟ်သို့ ညချမ်းအချိန်ရောက်၍ မြို့တံခါးများပိတ်ထားပြီးဖြစ်သဖြင့် မြို့တံခါးအနီး ဇရပ်တစ်ခု၌ အိပ်စက်တော်မူသည်။

စိတ်ဆင်းရဲမှု ခရီးပင်ပန်းမှုတို့ကြောင့် မင်းကြီးသည် ထိုဇရပ်၌ပင်လျှင် နတ်ရွာစံလေသည်။

မိုးသောက်ယံ၌ အလုပ်အကျွေးမိန်းမသည် မင်းကြီးကိုသွားရောက်ကြည့်သော် သေနေသည်ကိုတွေ့၍-

“ကောသလတိုင်းကြီးရှင် ဘုရင်နရိန္ဒရာဇာသည် ဤဒေသ ဤအရပ်၌ ဆည်းကပ်မည့်သူ ပါးရှားလျက် ကိုးကွယ်ရာမဲ့သောအားဖြင့် ဖြစ်ခဲ့ရလေပြီတကား” ဟု ဟစ်အော်ငိုကြွေးလေသည်။

ထိုမိန်းမ၏အော်ဟစ်ငိုကြွေးသံကိုကြားကြ၍ အဇာတသတ်မင်းကြီးထံသို့ သွားရောက်လျှောက်ထားကြသော် အဇာတသတ်မင်းသည် ဦးရီးတော်၏ အလောင်းတော်ကို ကြီးကျယ်စွာသောပူဇော်သက္ကာရဖြင့် ဖုတ်ကြည်းသင်္ဂြိုဟ်ခြင်းကို ပြုလေသည်။

## ဝိဋ္ဋူဘမင်း၏
## ဆွေတော်မျိုးတော်များအား ဂလဲ့စားချေသောအရေးအခင်း

ကောသလမင်းကြီးသည် ဗန္ဓုလစစ်သူကြီးနှင့်သားတော်များကို သံသယစိတ်ဖြင့်သတ်မိ၍ စိတ်မချမ်းမြေ့စွာခံစားနေ၍ ဗုဒ္ဓသီတင်းသုံးရာ သကျသာကီဝင်မင်းတို့၏ရွာဖြစ်သော ဗေဒါဠုဝနိဂုံးသို့လိုက်သွားပြီး ဗုဒ္ဓထံတရားနာနေစဉ် ဗန္ဓုလစစ်သူကြီး၏တူဖြစ်သော ဒီဃကာရာယနသည် မိမိ၏ဦးကြီးကိုသတ်သော မင်းကြီးဟု အမျက်ထွက်ပြီး မင်းကြီးကယုံကြည်စွာအပ်နှံထားခဲ့သော မင်းမြောက်တန်ဆာငါးပါးကိုယူပြီး ဝိဋ္ဋူဘကို အာဏာသိမ်းခိုင်းသည်။

ဝိဋ္ဋူဘသည် ထီးနန်းစည်းစိမ်ကိုရလာသောအခါ ရှေးက သကျမင်းတို့ပြုခဲ့သောစော်ကားမှုကို ဂလဲ့စားပြန်ချေလိုသောစိတ်ချက်ချင်းပေါ်လာပြီးလျှင်-

"အလုံးစုံသောသာကီဝင်တို့အားသတ်အံ့"

ဟု ဆုံးဖြတ်ကာ များစွာသောစစ်သည်အင်အားဖြင့် ကပိလဝတ်ပြည်သို့ ချီတက်ခဲ့လေသည်။

ထိုနေ့၌ မြတ်စွာဘုရားသည် မိုးသောက်ယံလောကကိုကြည့်သည်ရှိသော်-

"ဆွေတော်မျိုးတော်အပေါင်း ပျက်စီးအံ့သည်ကို မြင်တော်မူသောကြောင့် ဆွေတော်မျိုးတော်တို့ကို ကယ်တင်ချီးမြှင့်ခြင်းငှာ သင့်လျော်လျောက်ပတ်၏"

ဟု ကြံစည်တော်မူမိ၍ နံနက်အခါ၌ ဆွမ်းအလို့ငှာ လှည့်လည်တော်မူပြီး ဆွမ်းကိစ္စပြီးသော် ဂန္ဓကုဋိတိုက်၌ ခေတ္တခဏလဲလျောင်းပြီးလျှင် ညချမ်းသောအခါ၌

ကောင်းကင်ခရီးဖြင့်ကြွတော်မူပြီးလျှင် ကပိလဝတ်ပြည်သို့ကြွတော်မူ၍ ကပ္ပိလဝတ်ပြည်အနီး၌ရှိသော ပြောက်ကျားကျဲတဲသောအရိပ်ရှိသောသစ်ပင်ရင်းထက်၌ သီတင်းသုံးနေထိုင်နေတော်မူသည်။

ဝိဋူဍဘပိုင်ဆိုင်သော နိုင်ငံအတွင်းဝယ် စည်ကားခက်လက်အေးမြဝေဆာသောအရိပ်ရှိသော ပညောင်ပင်ကြီးရှိလေသည်။

ဝိဋူဍဘမင်းသည် ခရီးစဉ်အတိုင်းလာခဲ့၍ မြတ်စွာဘုရားကိုမြင်လျှင် ကြည်လင်ညွတ်ကျိုးရှိခိုးချဉ်းကပ်ပြီး-

"ဘုန်းတော်ကြီးလှသောမြတ်စွာဘုရား. . . ဤသို့သဘောရှိသော ပူပြင်းလှသောအခါ၌ ပျောက်ကြားကျဲတဲသောအရိပ်ရှိသော ဤသစ်ပင်ရင်း၌ အဘယ်အကြောင်းကြောင့် အရှင်ဘုရားသည် သီတင်းသုံးနေထိုင်ပါသနည်း။

ထူထဲခက်လက်အေးမြဝေဆာသောအရိပ်နေရာရှိသော ထိုညောင်ပင်ကြီးသည် ရှိပါ၏၊ ထိုညောင်ပင်၌ အရှင်ဘုရားသီတင်းသုံးတော်မူပါကုန်လော" ဟု လျှောက်ထားသည်။

"ဒကာတော်မင်းမြတ်. . . ရှိပါစေတော့၊ ဆွေမျိုးတို့၏အရိပ်မည်သည်ကား အလွန်ပင်ချမ်းအေးလှပေသည်"

ဟု ဘုရားရှင်က ဤသို့မိန့်ကြားသော် ဝိဋူဍဘမင်းသည်-

"ဘုရားရှင်သည် ဆွေတော်မျိုးတော်များအား စောင့်ရှောက်ခြင်းငှာ ကြွလာတော်မူသည် ဖြစ်ပေမည်"

ဟု စဉ်းစားမိပြီး ဘုရားရှင်ကိုရှိခိုးပြီး တပ်ကိုပြန်ဆုတ်ခဲ့လေသည်။

မြတ်စွာဘုရားရှင်သည်လည်း ကောင်းကင်သို့ပျံတက်၍ ဇေတဝန်ကျောင်းသို့ပြန်ကြွလေသည်။

ဝိဋူဍဘသည် သာကီဝင်မင်းတို့၏ မိမိအပေါ် စော်ကားချက်ကို စဉ်းစားမိတိုင်း သာကီဝင်မင်းတို့ကိုချေဖျက် ပျက်စီးစေရန် နောက်ထပ်(၂)ကြိမ်တိုင်တိုင် ချီတက်ပြန်ရာ အကြိမ်တိုင်း အကြိမ်တိုင်း ဘုရားရှင်နှင့်တွေ့ပြီး ပြန်၍-ပြန်၍ ဆုတ်လာခဲ့ရလေသည်။

စတုတ္ထအကြိမ်မြောက်၌ ဝိဋ္ဋျူဘမင်းသည် စစ်သည်အင်အားနှင့်ချီတက်ပြန်သော် ဘုရားရှင်သည် သာကီဝင်မင်းတို့၏ရှေးကပြုခဲ့ဖူးသော မကောင်းမှုကံကိုကြည့်ရှုဆင်ခြင်မိသည်။

"ထိုသာကီဝင်မင်းတို့သည် တစ်ချိန်သောအခါ၌ မြစ်၌ ငါးတို့ကိုအဆိပ်ခတ်မိသောမကောင်းမှုကံ၏ ပြင်းထန်ယုက်ထွေးဝန်လေးလှသောသဘောရှိသည့် မတားမြစ်ကောင်းသည့်အဖြစ်ကို သိမြင်တော်မူ၍ လေးကြိမ်မြောက်၌ ဘုရားရှင်သည် မကြွတော့ပေ"

ဝိဋ္ဋျူဘမင်းသည် သာကီဝင်မင်းတို့ကိုသတ်အံ့ဟု ချီတက်လာသောသတင်းကိုကြားသိကြ၍ စည်းဝေးကြသည်။

"သာကီဝင်မင်းတို့မည်သည် သူတစ်ပါး၏အသက်ကိုပယ်ဖျက်ချတတ်ခြင်းသဘောမရှိသော (အသတ္တဃာတက)မည်ကုန်ရကား မိမိ၏အသက်ပင် သေလွန်သော်လည်း သူတစ်ပါး၏အသက်ကို မသတ်ကြကုန်"

"ငါတို့သည် သင်ကြားတတ်မြောက်ပြီး ကျွမ်းကျင်လိမ္မာသော လေးအတတ်ပညာတို့ကား ရှိကြလေသည်၊ ယင်းသို့ရှိပါသော်လည်း သူတစ်ပါး၏အသက်ကိုမသတ်ကောင်း၊ မိမိ၏အတတ်ပညာကိုပြသလျက် ထွက်ပြေးစေခြင်းငှာသာပြုကြကုန်အံ့"

ဟု တိုင်ပင်ကြံစည်ကြပြီးလျှင် သာကီဝင်မင်းအပေါင်းသည် စုရုံးစည်းဝေးလျက်ထွက်လာပြီးသော် စစ်ထိုးခြင်းငှာ အားထုတ်ကြကုန်သည်။

ထိုသာကီဝင်မင်းတို့ ပစ်လွှတ်အပ်သောမြားတို့သည် ဝိဋ္ဋျူဘမင်းပရိသတ်စစ်သည်ဗိုလ်ထုအကြား အကြားဖြင့်ချားကုန်သည်၊ ပျဉ်ချပ်အကြားတို့၌လည်းကောင်း၊ နားပေါက်အကြားတို့၌လည်းကောင်း ထွက်သွားကုန်၏၊ ဝိဋ္ဋျူဘမင်းသားသည် ထိုအခြင်းအရာကိုမြင်သည်ရှိသော်-

"အို-အချင်းတို့. . . သာကီဝင်မင်းတို့သည် သတ္တဝါတို့ကို မသတ်ပုတ်၊ မညှင်းဆဲကုန်ကြသည်မဟုတ်လော၊ ယခုအခါ ငါ၏စစ်သည်တော်များကို အဘယ်ကြောင့် ထိပါးပုတ်ခတ်ကြဘိသနည်း"

ဟု ဝိဋ္ဋျူဘကဆိုသည်။

"အချင်းမင်းမြတ်. . . အသို့နည်း နောက်ပြန်ဆုတ်၍ ကြည့်လှည့်ပါဦး၊ သာကီဝင်မင်းတို့သည် သင်မင်းကြီး၏ စစ်သည်တစ်ယောက်ကိုမျှ မသတ်ဖြတ်ပါ" ဟု မင်းချင်းစစ်သည်တစ်ဦးက ဆိုသည်။

"အချင်းတို့. . . ထိုသို့ဖြစ်လျှင် ငါတိုက်တွန်း၏၊ ရေတွက်ကြည့်ကြကုန်လော့"

ဟု ပြောဆို၍ စစ်သည်များကိုရေတွက်သော် တစ်ဦးတစ်ယောက်မျှကျဆုံးခြင်းကို မမြင်ပေ"

ဝိဋူဍဘသည် ထိုအရပ်မှပြန်ဆုတ်နစ်၍ -

"အချင်းတို့. . . အကြြင်သူတို့သည် သာကီဝင်ဟူ၍ဆိုကုန်၏၊ အလုံးစုံကုန်သော ထိုသူတို့ကိုသတ်ဖြတ်ပါလော့၊ ငါ၏ဘိုးတော်ဖြစ်သော မဟာနာမ်သာကီဝင်မင်းထံ၌တည်ကုန်သောသူတို့ကိုသာ အသက်ကိုပေးကုန်လော့"

ဟု စေလွှတ်၍ သတ်စေသည်။

သာကီဝင်မျိုးတို့သည် ဆွဲငင်ယူလှမ်းမှီရမ်းခိုကိုးရာ တစ်စုံတစ်ခုကိုမျှ မမြင်ကုန်သည်ဖြစ်၍ အချို့ကုန်သောသာကီဝင်မင်းတို့သည် မြက်ကိုကိုက်ခဲပြီး ရပ်တည်ကုန်၏။

"အသင်တို့သည် သာကီဝင်တို့ပင်ဖြစ်လေသလော၊ သာကီဝင် မဟုတ်ပဲ ဖြစ်လေသလော"

ဟု မေးက ထိုသာကီဝင်တို့သည် အသက်ပင်သေစေကာမူ ချွတ်ယွင်းသောစကားတို့ကို မပြောဆိုကြကုန်၊ ထို့ကြောင့် မြက်တို့ကိုကိုက်ခဲ၍ တည်ကုန်သောသာကီဝင်မင်းတို့သည် ငါတို့သည် တိဏသာကီဝင်မဟုတ်ကုန်ဟု ဆိုကုန်၏။

ကျူပင်ကိုဆွဲကိုင်ယူ၍တည်ကုန်သော သာကီဝင်တို့သည် "ငါတို့သည် နဠ သာကီဝင်" ဟု ဆိုကြကုန်သည်။

အကြင်သာကီဝင်တို့သည် မဟာနာမသာကီဝင်မင်း၏အထံ၌ တည်ကုန်၏၊ ထိုသူတို့သည်သာ အသက်ကိုရကုန်၏။

ထိုမှကြွင်းကျန်ရစ်ကုန်သော သာကီဝင်အပေါင်းတို့တွင် မြက်ကိုကိုက်ခဲကုန်သော တိဏသာကီဝင်တို့သည် တိဏသာကီဝင်မည်ကုန်၏။

ကျူပင်ကိုဆွဲကိုင်ငင်၍ တည်ကုန်သောသာကီဝင်တို့သည် နဋသာကီဝင်တို့မည်ကုန်၏။

ဝိဋူဍဘသည် ကြွင်းကုန်သော နို့စို့ကလေးငယ်မျှသော်မှ မလွတ်စေဘဲ အလုံးစုံကုန်သောသာကီဝင်မင်းမျိုးတို့ကို ဆက်၍သွေးချောင်းစီးသည်ကိုပြုလျက် ထိုသာကီဝင်မင်းတို့၏ လည်ချောင်းသွေးဖြင့် ပျဉ်ချပ်ကိုဆေးကြောစေသည်။

ဤသို့သောအခြင်းအရာအားဖြင့်သာ သာကီဝင်အဆက်အနွယ်သည် ဝိဋူဍဘ၏ဘေးဖြင့် အဆက်ပြတ်ခြင်း ဖြစ်ရလေသည်။

ဝိဋူဍဘသည် ဘိုးတော်ဖြစ်သော မဟာနာမ်မင်းကြီးကိုခေါ် ဆောင်ပြီး ပြန်လည်ဆုတ်နစ်ခဲ့ရာ နံနက်စာ စားချိန်သို့ရောက်သောအခါ၌-

"နံနက်စာကိုစားကုန်အံ့"

ဟု တစ်ခုသောနေရာ၌ ချဉ်းကပ်သက်ဆင်း၍ထိုင်ကြသည်၊ ဘောဇဉ်ကိုလည်း ဆောင်ယူအပ်သည်ရှိသော် ဝိဋူဍဘသည်-

"ငါသည် ဘိုးတော်နှင့်အတူတကွ ပွဲတော်တည်အံ့"

ဟု ဘိုးတော်မဟာနာမ်ကို ခေါ်စေသည်။

မင်းမျိုးတို့သည်ကား မိမိ၏အသက်ကို စွန့်လွှတ်ရသော်လည်း ကျွန်မ၏ သားနှင့်အတူတကွ ပွဲတော်သုံးဆောင်ခြင်းကို မပြုကြကုန်။

ထို့ကြောင့် မဟာနာမ်မင်းကြီးသည် ရေတို့ဖြင့်ပြည့်နေသော အိုင်တစ်အိုင်ကိုကြည့်၍-

"ချစ်သား. . . ဘိုးတော်သည် ပင်ပန်းနွမ်းနယ်သောကိုယ်ရှိ၏၊ ရေသုံးသပ်ဦးအံ့"

ဟု ပြောဆိုသည်။

"ဘိုးတော်. . . ကောင်းပါပြီ၊ ရေသုံးသပ်ပါဦး"

"ဤငါ၏မြေးတော်သည် တစ်ခုသောဘောဇဉ်ပွဲတော်အုပ်၌ ညီမျှရွှင်ပြုး မစားသုံးချေက နှလုံးမသာ ပြင်းစွာအမျက်ထွက်၍ ငါ့အားသတ်ဖြတ်လတံ့၊ ငါသည် သူတစ်ပါးသတ်ဖြတ်သည်ကို ခံရသည်ထက် မိမိအလိုလိုသေရခြင်းက မြတ်ပေ၏"

ဟု ကြံစည်၍ ဆံပင်ကိုဖြေပြု..သာအခါ အများ၌ အထုံအစုကိုဖွဲ့ချည်ပြီး ဆံပင်တို့၌ ခြေမတို့ကို သွတ်သွင်းပြီး ရေ၏အတွင်းသို့ခုန်ဆင်းငုပ်လျှိုးလေသည်။

ထိုအခါ မဟာနာမ်သာကီဝင်မင်း၏ဂုဏ်သတင်းအာနုဘော်ကြောင့် နဂါးတို့၏စံနေရာပြည်၌ မရပ်မတည်နိုင်သော ပူလောင်သောအခြင်းအရာကို ပြလေသည်။

နဂါးမင်းသည် အကြောင်းကိုစုံစမ်းဆင်ခြင်ကြည့်သော် အကြောင်းစုံကို အလုံးစုံသိမြင်သဖြင့် မဟာနာမ်မင်းကြီးထံသို့ လျင်မြန်စွာလာရောက်ပြီးလျှင် ထို မဟာနာမ်မင်းကြီးကို မိမိ၏ပါးပြင်ထက်၌ ထိုင်နေစေ၍ နဂါးပြည်သို့ ပင့်ဆောင်ခဲ့လေသည်။

မဟာနာမ်မင်းကြီးသည် (၁၂)နှစ်ပတ်လုံး နဂါးပြည်၌သာ စံနေလေသည်။

"ငါ၏ဘိုးတော် ယခုပင် လာလတ့်"

ဟု ဝိဋူဍဘသည် မျှော်လင့်စောင့်ဆိုင်း၍ နေလေသည်။

အလွန်ကြာမြင့်စွာကြာသည့်တိုင်အောင် မလာသည်ရှိသော် ရေအိုင်သို့ သွားရောက်ကြည့်ရှုခိုင်းသည်၊ မီးရှူးမီးတိုင်များထွန်း၍ မဟာနာမ်၏အဝတ်အစား အသုံးအဆောင်တို့ကို ပတ်ဝန်းကျင်၌ရှာဖွေခိုင်းသည်၊ ဘာတစ်ခုမျှ မတွေ့ရ၍-

"ဘိုးတော်သည် အရပ်တစ်ပါးသို့ ထွက်ခွာသွားသည် ဖြစ်လိမ့်မည်"

ဟု ဆုံးဖြတ်ကာ ဝိဋူဍဘသည် ထိုအရပ်မှခရီးဆက်လက်ထွက်ခွာခဲ့ရာ အစီရဝတီ မြစ်သို့ရောက်၍ သစ်ခက်တဲနန်းကိုဖွဲ့ပြီးနေလေသည်။

ဝိဋူဍဘ၏ စစ်သည်ဗိုလ်ပါပရိသတ်ထွင်အချို့သည် မြစ်၏အတွင်းရှိ သဲသောင်စု၌အိပ်ကြသည်၊ အချို့သည် ကုန်းပြင်ထက်၌ အိပ်ကြသည်။

မြစ်ထဲ၌အိပ်ကြသောသူတို့သည် ရှေးလွန်လေသောဘဝကာလတို့၌ မကောင်းမှုကံကို မပြုဘူးသောသူတို့သည်လည်း ရှိကြသလို ကုန်းထက်၌အိပ်သော သူတို့၌ ရှေးရှေးဘဝများစွာကပြုခဲ့ဘူးသော အကုသိုလ်မကောင်းကံရှိကြသောသူ တို့လည်း ရှိကြကုန်သည်။

ထိုသူတို့ အိပ်ရာနေရာတို့၌ ပိုး၍ ခြမ္မားတို့ထကုန်သဖြင့်-

"ငါတို့အိပ်ရာနေရာ၌ ပိုး၍ ခြမ္မားတို့ ရှိကုန်၏"

ဟု ထကြွကာ ပြုခဲ့ဘူးသောမကောင်းမှုရှိသူတို့က မြစ်အတွင်းမှတက်၍ ကုန်းပေါ် သို့တက်ကာ အိပ်ကြသည်၊ မကောင်းမှုအကုသိုလ်ကံရှိသူတို့အား မြစ်အတွင်း သက်၍ အိပ်ကြလေသည်။

ထိုခဏ၌ ကြီးစွာသောမိုးကြီးသည် ရွာချ၍ တခဲနက်သောအလျှင်ရှိသော မိုးကြီးရွာချပြီးလျှင် မြစ်ရေအလျှင်သည် လျှင်မြန်စွာစီးလာပြီး ပရိသတ်နှင့်တကွ ဝိဋူဋဘမင်းကို သမုဒ္ဒရာသို့မျောကျရောက်စေသဖြင့် မြစ်ထဲ၌နစ်မွန်းမျောပါကုန်သောအလုံးစုံသောသတ္တဝါတို့သည် ငါးလိပ်တို့၏အစာဖြစ်ကုန်ကြသည်။

လူများအပေါင်းသည်-

"သာကီဝင်မင်းအပေါင်းတို့အား သေလွန်ရခြင်းသည် မသင့်လျော်ပါချေ၊ ဝိဋူဋဘသည် ဤမျှလောက်သောအခြင်းအရာဖြင့် အမျက်ထွက်ပြီး သာကီဝင်မင်းတို့အား သတ်ဖြတ်လေသည်၊ ဤအကြောင်းသည် မသင့်လျော်ပါချေတကား" ဟု လူအများက ပြောဆိုကြသလို ရဟန်းသံဃာ လောက၌လည်း ထိုစကားသည် ဖြစ်ပေါ် ပြောကြားကြသည်။

ထိုအခါ ဘုရားရှင်က-

"ချစ်သားရဟန်းတို့. . . ဤယခုဘဝ အတ္တဘော၌ကား သာကီဝင်မင်းတို့အား မသင့်လျော် မလျောက်ပတ်သဖြင့် သေလွန်ရခြင်းသည် အကယ်၍ကား ဟုတ်မှန်ပေ၏၊ လွန်လေပြီးသောရှေးဘဝက ပြုခဲ့သောအကုသိုလ်အကျိုးဆက်၏ အစွမ်းအားဖြင့်ကား သင့်လျော်လျောက်ပတ်သောအကျိုးကို ခံစားရကုန်သည်သာ" ဟု မိန့်ကြားပြီး သာကီဝင်မင်းတို့အတိတ်ဘဝတစ်ခုက သဘောတူညီညွတ်စွာ မြစ်တစ်ခု၌ ငါးများကိုအဆိပ်ခတ်ခဲ့သော အကုသိုလ်ဝဋ်ကြွေးကြောင့် ယခု အစုလိုက်အပြုံလိုက် အသတ်ခံရခြင်းဖြစ်သည်ဟု ရှင်းပြတော်မူသည်။

နောက်တစ်နေ့မိုးသောက်၌ ရဟန်းတို့သည် စုဝေးမိကြ၍-

"ငါ့ရှင်တို့. . . ဝိဋူဋဘသည် ဤမျှအတိုင်းအရှည်ရှိကုန်သော သာကီဝင်မင်းတို့ကို သတ်ဖြတ်ပြီးလာခဲ့သည်ရှိသော် မိမိ၏စိတ်နှလုံးအလို နှစ်မျို့ပြီးဆုံးခြင်းသို့မရောက်မီသာလျှင် လူအပေါင်းတို့ကိုယူပြီး အပြောကျယ်စွာ မဟာသမုဒ္ဒရာ၌ ငါးလိပ်တို့၏အစာ ဖြစ်ရလေသည်"

ဟူ၍ စကားဖြစ်ကြလေသည်။

ထိုအခါ ဘုရားရှင်သည် ကြွလာပြီးလျှင် ထိုစကားနှင့်ပတ်သက်၍-

"ချစ်သားရဟန်းတို့. . . ဤသတ္တဝါတို့အား စိတ်နှလုံးအလို နှစ်မျိုးပြီးဆုံးခြင်းသို့မရောက်မီသာလျှင် သေမင်းတည်းဟူသော မရဏသည် အိပ်ပျော်နေသော လူမိုက်ရွာကို လွှမ်းမိုးဖိစီးတိုက်ယူသောရေအလျဉ်ကဲ့သို့ ဇီဝိတိန္ဒြေအသက်ကို ပယ်ဖျက်ဖြတ်တောက်ပြီး အပါယ်လေးပါးတည်းဟူသော သမုဒ္ဒရာတို့၌ မျောပါ နစ်မွန်းငုပ်လျှိုးစေ၏"

ဟူ၍ ဟောကြားပြီး ဂါထာကိုဆက်ဟောတော်မူပါသည်။

"ပန်းတို့ကို ကောင်းနိုးရာရာ ရွေးချယ်သူကဲ့သို့ ကာမဂုဏ်ကို ကောင်းနိုးရာရာရွေးချယ်ထသောရောက်ပြီးရောက်တုံ ကာမဂုဏ်ဟု အာရုံငါးပါးလိုက်စားပြီး လွှန်စွာကပ်ငြိသောစိတ်ရှိသောရဟန်းရှင်လူသတ္တဝါကို ကြီးစွာသောရေအလျဉ်သည် အိပ်မောကျသောသူကို ယူဆောင်ကာသွားလေဘိသကဲ့သို့ ရှင်သေမင်းသည် ယူဆောင်သွားပါ၏"

(ဓမ္မပဒ၊ ပုပ္ဖဝဂ်၊ ဝိဋူဋဘမင်းသားဝတ္ထု)

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ(မွှာစရိယ ဘီ.အေ)

# ဧရကပတ္တ

နှင့်

# ကောသလမင်း

တို့၏

# လောကဓမ္မသဘာဝပြဿနာများဖြေရှင်းမှု

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယဘီ.အေ)

